ဗြဟ္မာ့နိမ္မိတာရုံဆရာတော်
သီရိသဟံပတိမထေရ်

# ဃဋ္ဌကာရ
# မဟာဗျူဟာကျမ်း



ဗြဟ္မနိမ္မိတာရုံဆရာတော်
သိရီသဟာမွတိမထေရ်

# ဗြဟ္မနိမ္မိတာရုံဆရာတော်

သိရိသဟမ္ပတိမထေရ်

ပြုစုတော်မူသော

# သစ္စကာရမဟာဗျူဟာကျမ်း

ရတနာ့ဂုဏ်တော်ဖြင့် သစ္စာပြုကာ

ကပ်ဘေးဆိုးကို တိုက်ဖျက်ကြကုန်စို့။

ဆရာတော် အရှင်သောမာနံကမထေရ်

တည်းဖြတ်သည်။

နှစ်ဘက်လှ-ဦးကျော်လွင် ထပ်ဆင့်တည်းဖြတ်

ပြင်ဆင်သည်။ (သ၊စ၊အာ-ဓမ္မာစရိယ၊ B.A.,H.S.P.)

**ဓမ္မဒါန**

---

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်

သာသနာ့ရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၀၉ ကောဇာ ၁၃၂၇ အောက်တိုဘာ ၁၉၆၅

ထုတ်ဝေသူ။ ။ဦးသဟာမ္ပတိ(၂၂)ဝင်ဒါမိယာလမ်း၊ ရန်ကုန်။
မှတ်ပုံတင်ကင်းလွတ်ခွင့်အမှတ် (၀၂၉၁၆)။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၈၀၇၈)

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် သာသနာရေး
ဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် ညွှန်ကြားရေးမှူး
ဦးလှမောင် M.A.,M.S.,B.L ( မှတ်ပုံတင်အမှတ် ၀၈၇၉ )က
ပုံနှိပ်သည်။

# ဥယျောဇဉ်

အားမတန်လျှင် ကံပုံချတတ်သည်။
အမြင်မထက်လျှင် ဝိပါက်ပုံချတတ်သည်။

ဤလူ့ဘဝကို ရတောင့်ရခဲ ရရှိကြတဲ့ ကျွန်ုပ်တို့သည် မိမိတို့၏ ရုပ်ဓာတ်နာမ်ဓာတ်၌ ရှိသင့်ရှိထိုက်သော ကာယစွမ်းအားနှင့် ဉာဏစွမ်းအားတို့ကို ဆတက်ထမ်းပိုး တိုးအောင်ပွါးအောင်သာ ဇွဲနှင့်လုံ့လ ဝီရိယတို့ကို အားထုတ်ကြရပေမည်။ ထိုသို့ အားထုတ်သင့်ပါလျက် အားမထုတ်ဘဲ စိတ်ဓာတ်ပျက်ယွင်း ကျဆင်းမည့်စကားမျိုးကိုသာ လက်ခံထားပြီး ကျင့်သုံး နေထိုင်သွားကြရမည့် အချိန်အခါ မဟုတ်တော့ပေ။ “အားမတန်လို့ မာန်လျှော့လိုက်ရသည်”ဆိုတဲ့စကားအသုံးကို ယခုအချိန်မျိုး၌ အလုံးအရင်းနှင့် သုံးစွဲနေကြရမည် မဟုတ်တော့ပေ။ “လှေခွက်ချည်းကျန်ပါစေ အလံမလှဲဘူး” ဆိုဒါလို ဗမာ့မာန် ဗမာ့အားကို ထားရမည်။

“အားမတန်လျှင် ကံပုံချတတ်သည်”ဆိုတဲ့အသုံးစကားနှင့် “အမြင်မထက်လျှင် ဝိပါက်ပုံချတတ်သည်”ဆိုတဲ့ အသုံးစကားမျိုးကို သုံးနေဘို့ အချိန်အခါ မဟုတ်တော့ပေ၊ ‘အားခဲလို့ ကြံလျှင် ခံနိုင်ရိုးလား’ဆိုတဲ့ ကိုယ့်အစွမ်း ကိုယ့်သတ္တိကို ဗမာ့သားကောင်းရတနာတိုင်း သမီးကောင်းရတနာတိုင်း ဖန်ဂူ

[ကာ] သစ္စာကာရ မဟာဗျူဟာကျမ်း

မွန်ရှူ ပတ္တမြားဂူအတွင်း ကိန်းအောင်းနေတဲ့ ကေသရာ ခြင်္သေ့မင်းကဲ့သို့ သူ့ရဲကောင်းအစစ်ဖြစ်အောင် ထားရှိကြရမည့် အချိန်အခါဘဲ ဖြစ်သည်။ ကိုယ့်တိုင်းပြည် ကောင်းစားရေးကို ရှေးရှုရပ်တည်ကာ အသက်ကိုပမာမထားဘဲ ဇွဲခေတ်ကောင်းရမည်၊ ရန်သူမှန်သမျှ တိုက်ခိုက်ချေမှုန်းပစ်ရမည်။ တိုက်ခိုက်ရာ၌ သစ္စာကာရ မဟာဗျူဟာ လက်နက်ထူး လက်နက်မြတ်ကို သတိပြုရမည်ဖြစ်ကြောင်း တိုက်တွန်းအပ်ပါသည်။

သိရိသဟာမွတိမထေရ်
ကျမ်းပြုဆရာတော်။

# သစ္စာကာရမဟာဗျူဟာ တည်းဖြတ်သူ၏အမြင်

ဗြဟ္မနိမ္မိတာရုံဆရာတော် သိရီသဟမ္ပတိမထေရ်မြတ် ပြုစုစီရင်တော်မူအပ်သော ဤကျမ်းစာ၏အမည်သည် **'သစ္စာကာရမဟာဗျူဟာ'** ဖြစ်ပေ၏။ 'သစ္စာကာရမဟာဗျူဟာ' ဟူသောနာမည်တွင် မွန်, မြန်မာ, အင်္ဂလိပ်စသော ဝေါဟာရ တလုံးတလေမျှ မပါမရှိ ပါဠိစကားလုံး စစ်စစ်ကလေးများသာ ပါရှိပေသည်။ သို့သော် ကျစ်လစ်သိပ်သည်းသော ပါဠိစကားလုံးများကို စံနစ်တကျ လှပစွာ တွဲစပ်ဖွဲ့စည်းပေးထားသည်ဖြစ်သောကြောင့် နားဝင်ပီယံချိုလှသော ဝေါဟာရတခုဖြစ်လာပေသည်၊ ထို့ပြင် 'မဟာဗျူဟာ'ဟူသော ဝေါဟာရသည် အလွန်ခေတ်မှီသော ဝေါဟာရဖြစ်နေပြန်သည်။သို့ဖြစ်၍ 'ဤသစ္စာကာရမဟာဗျူဟာ'ဟူသော အမည်သည် အဓိပ္ပါယ်ကျယ်ပြန့်လေးနက်ခြင်း၊တိုတုတ်ထိမိ ဩဇာဂုဏ်ရှိခြင်း၊ ခေါ်ရလွယ်ခြင်း၊နားထောင်လို့ကောင်းမှု ကဏ္ဏသုခဖြစ်ခြင်း၊ခေတ်မှီခြင်းဟူသော ဂုဏ်အင်္ဂါငါးရပ်နှင့်ပြည့်စုံကုံလုံလျက်ရှိကြောင်း တွေ့ရပါသည်။

'သစ္စ သစ္စာ'ဟူသောဝေါဟာရသည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများ၌သာမက မဟာယာန ဗုဒ္ဓဘာသာ တိုင်းပြည်များ၌ပါ အလွန်ထင်ရှား လူသိများသော ဝေါဟာရဖြစ်၏၊ကမ္ဘာ့ဒေသများသို့ ဗုဒ္ဓသာသနာနှင့်အတူ ရောက်ရှိထင်ရှားသော ဝေါဟာရဖြစ်ပေ၏၊ သစ္စဝိဘင်းအဋ္ဌကထာ နှာ-၈၀၊ သုတ္တ

နိပါတ် အဋ္ဌကထာ ပ-တွဲ အာဋ္ဌဝကသုတ် နှာ-၂၂၅ တို့၌ ဖွင့်ပြသည့်အတိုင်း 'သစ္စ' သဒ္ဒါ၏ အနက်သည် ရှစ်ချက် ရှိကြောင်း တွေ့ရှိရ၏။

ငင်းသစ္စသဒ္ဒါ၏ အနက်တို့မှာ——

၁။ နိဗ္ဗာန်ဟူသောအနက်၊

၂။ အရိယမဂ်ဟူသောအနက်၊

၃။ ဝိရတိသစ္စာဟူသောအနက်၊

၄။ ကျိန်သစ္စာဟူသောအနက်၊

၅။ မှန်ကန်စွာ ပြောဆိုခြင်း (ဝစီသစ္စာ) ဟူသော အနက်၊

၆။ မဖောက်မပြန် ကေန်မှန်သောအနက်၊

၇။ အရိယသစ္စာဟူသောအနက်၊

၈။ ဒိဋ္ဌိသစ္စာ (အယူမှန်) ဟူသောအနက်တို့ဖြစ်သည်။

ဤစကားအရ နိဗ္ဗာန်ကိုလည်း သစ္စာဟု ဆိုနိုင်၏၊ အရိယ မဂ်ကိုလည်း သစ္စာဟု ဆိုနိုင်၏၊ မကောင်းမှုမှရှောင်ကြဉ်ခြင်း (ဝိရတိ)ကိုလည်း သစ္စာဟု ဆိုနိုင်၏၊ ကျိန်ဆိုခြင်းကိုလည်း သစ္စာဟု ဆိုနိုင်၏၊ မှန်ကန်သော စကားကိုလည်း သစ္စာဟု ဆိုနိုင်၏၊ မလွဲကေန် မှန်ကန်မှုကိုလည်း သစ္စာဟု ဆိုနိုင်၏၊ အရိယသစ္စာကိုလည်း သစ္စာဟု ဆိုနိုင်၏၊ ဒိဋ္ဌိသစ္စာကိုလည်း သစ္စာဟု ဆိုနိုင်၏၊ သစ္စ (သစ္စာ) ဟူသော ဝေါဟာရသည် သူနေ ရာနှင့်သူ ဖော်ပြပါအနက်တမျိုးမျိုးကို ပြ၏၊ ဤ 'သစ္စာကာရ မဟာဗျူဟာ' ဟူသော ကျမ်းအမည်၌ ပါရှိသော 'သစ္စ' ဟူသော

ဝေါဟာရသည် မှန်ကန်စွာ ပြောဆိုခြင်း (ဝစီသစ္စာ)ဟူသော အနက်, မဖောက်မပြန် ကေန်မှန်ခြင်း အနက်တို့ကို ညွှန်းဆို ပေသည်။

'ကာရ'ဟူသည်၊ 'ပြုခြင်း'ပင် ဖြစ်၏၊ ထို့ကြောင့် 'သစ္စာကာရ'ဟူသည် 'သစ္စာပြုခြင်း'ဟု အဓိပ္ပါယ်ရ၏၊ 'မှန်ကန်စွာ ပြောဆိုသမှု ပြုခြင်း'ပင်တည်း။

'မဟာဗျူဟာ' ဟူသော စကား၌ 'မဟာ' သည် 'ကြီးကျယ်သော မွန်မြတ်သော'အနက်ကို ဖော်ဆောင်၏။ 'ဗျူဟာ' ဟူသော စကားသည် 'စုရုံးခြင်း, စစ်ဆင်ခြင်း, စစ်ရေးပြခြင်း' အဓိပ္ပါယ်ကို ပြ၏၊ 'သေနာဗျူဟာ' ဟူသော ပုဒ်ကိုဖွင့်သော ကင်္ခါဝိတရဏီအဋ္ဌကထာ နှာ-၂၃၇၊ ပါစိတျာဒိ အဋ္ဌကထာ နှာ ၁၂၆-တို့အရ 'ဗျူဟ 'ပုဒ်၏ရင်းမြစ်အနက်သည် 'စုရုံးခြင်း' သာ ဖြစ်ကြောင်း သိရ၏၊ 'စစ်ဆင်ခြင်း'၊ 'စစ်ရေးပြခြင်း' အနက်မှာ ဆင့်ပွါးအနက် ဖြစ်၏။ ထို့ကြောင့် 'မဟာဗျူဟာ' ဟူသော ဝေါဟာရ၏ အနက်မှာ 'ကြီးကျယ်သော စုရုံးခြင်း' သို့မဟုတ် 'ကြီးကျယ်သော စစ်ဆင်ခြင်း' ဖြစ်ပေသည်။

ပြန်လည်ရုံးစုရသည်ရှိသော် သစ္စ=မဖောက်မပြန် ကေန်မှန်ခြင်း၊ ကာရ=ပြုခြင်း၊ မဟာ=ကြီးကျယ်သော၊ဗျူဟာ= စုရုံးခြင်း၊ စစ်ဆင်ခြင်းဖြစ်၍ 'သစ္စကာရမဟာဗျူဟာ'ဟူသော ဤကျမ်း၏ အနက်မှာ သစ္စာပြု၍ အကြီးအကျယ် 'စစ်ဆင်ခြင်း' ဖြစ်ကြောင်း သိရပေသည်။ ဤကျမ်း၌ ခေါ်ဝေါ် လွယ်စေရန် မြန်မာမှုသို့လိုက်၍ သစ္စကာရ မဟာဗျူဟာ-ကို သစ္စာကာရ မဟာဗျူဟာဟု သုံးစွဲထားပေသည်။

မြန်မာ့သာသနာ့သမိုင်းတွင် အစဉ်အလာကောင်းတရပ် ရှိခဲ့သည်၊ ဒကာ-ဒကာမများ၌ ဘေးအန္တရာယ် တမျိုးမျိုး ကျရောက်ဖွယ်ရှိသည်ဟု ယူဆသော အခါမျိုး၌ ဆရာတော် သံဃာတော်တို့က ဥပေက္ခာမပြုရက်ကြ၊ တတ်နိုင်သည့်ဘက် က ဦးဆောင်လမ်းပြ ဖေးမကူညီကြမြဲ ဖြစ်၏။

ယခုအခါ၌လည်း ကမ္ဘာတဝှန်းလုံး၌ ရောဂါဘယကပ်ဘေး၊ အနုမြူလက်နက် စသော လက်နက်ကပ်ဘေး၊ စာရေရိက္ခာ ရှားပါးငတ်မွတ်လာသည့် အငတ်ကပ်ဘေးကြီးတို့က ရုန်းကန် လှုပ်ရှား ကြိုးစားနေသော လူသားတို့ကို ပြက်ရယ်ပြုလျက် ရှိကြ၏။ ထို့ပြင် မီးဘေး၊ ရေဘေး၊ လေဘေးစသော သဘာဝ ဘေးဒုက္ခ အနန္တတို့ကလည်း ဝိုင်းဝိုင်းလည် ခြိမ်းခြောက်နေ ကြပြန်သည်။

ဤကဲ့သို့သော အခြေအနေမျိုး အချိန်အခါ မျိုးတွင် ဆုကြီးပန် ဖြစ်တော်မူသော ဗြဟ္မနိမ္မိတာရုံ ဆရာတော် ဘုရားက ထိုဘေး ထိုအန္တရာယ် ထိုကပ်တို့ကို ကာကွယ် တိုက်ဖျက်နိုင်ရန် အလို့ငှါ ဒကာ-ဒကာမတို့အား သစ္စာတည်း ဟူသော မဟာဗျူဟာ လက်နက်ကို အချိန်မှီ တပ်ဆင်ပေး တော်မူခြင်း ဖြစ်သည်။ ဆရာတော်၏ အာဘော်အရ 'သစ္စာ' သည် သာမန်လက်နက်မျှမဟုတ်၊ မဟာဗျူဟာ လက်နက်ပင် ဖြစ်သည်၊ မှန်လည်း မှန်ပေသည်၊ ရှေးသူတော်ကောင်းတို့က 'သစ္စာနတ်သီး၊ မန္တန်ကြီး'ဟု ဆိုခဲ့၏။ သစ္စာသည် သာမည မန္တန်မဟုတ်၊ မဟာမန္တန် ဖြစ်သည်ဟု ဆိုလိုသည်၊ ဆရာ တော်က သစ္စာကို မဟာဗျူဟာလက်နက်ဟု သိလွယ် မြင် လွယ်အောင် ခေတ်မှီမှီ ထင်ဟပ် ဖော်ပြခြင်း ဖြစ်ပေသည်။

ဤကျမ်းက ဖော်ပြသော 'သစ္စာပြုခြင်း' သည် ဘုရားအလောင်း လူတော် လူကောင်း တို့၏ ကျင့်စဉ်ဖြစ်သော ပါရမီဆယ်ပါး၌ ပါရှိသည့် သစ္စာပါရမီမျိုး ဖြစ်၏။ ပါရမီမြောက်သော သစ္စာပြုပုံကို ပို၍ ရှင်းလင်းစွာ သဘောပေါက်စေရန် ဘုရားအလောင်း ငုံးမင်း၏ သစ္စာကို ထုတ်ဖော် ကြည့်သင့်၏။

တောမီးအဝိုင်းခံနေရသော မိဘမဲ့ဘုရားအလောင်းငုံးမင်းကလေးက—

"ငါ့မှာ အတောင်တော့ ရှိပါရဲ့၊ ဒါပေမဲ့ မပျံသန်းနိုင်သေး၊

ခြေထောက်လဲ ရှိပါတယ်၊ မသွား မလာတတ်သေး၊

ငါ့မိဘနှစ်ပါးလဲ သေဘေးကို ကြောက်လို့ မီးလွတ်ရာ ပြေးကြပြီ၊ ထို့ကြောင့် အိုတောမီး ငါ့ကို မလောင်ပါနှင့်၊

ကွင်းရှောင်သွားပါလော့"။

ဤကဲ့သို့ ဖြစ်ရပ်ကို အမှန်အတိုင်း မြွက်ဆိုလိုက်သည်၊ တောမီးလည်း ကွင်းရှောင်သွားလေ၏[၁]။

ငုံးမင်းသစ္စာပြုရာ၌ အပိုင်းသုံးပိုင်း ပါရှိသည်။

**ပထမ**—သစ္စာမပြုခင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့၏ ကျေးဇူးတော် ဂုဏ်တော်တို့ကို ဆင်ခြင်အောက်မေ့လိုက်သည်၊

---

၁။ စရိယာပိဋကပါဠိတော်၊နှာ-၄၁၅။ ဇာတကပါဠိတော်၊ ပ-တွဲ၊ နှာ-၉။ ဇာတ်အဋ္ဌကထာ၊ပ-တွဲ၊ နှာ-၂၂၈။

**ဒုတိယ** – မိမိ၏ လက်ရှိဖြစ်ရပ်အမှန်ကို မြွက်ဆိုလိုက်သည်၊

**တတိယ** – မိမိဖြစ်ချင်တာကို ပန်ဆိုလိုက်သည်။

ထိုနည်းတူ သုတ္တနိပါတ်ပါဠိတော်၊ ရတနသုတ်လာ သစ္စာခန်းကို ကြည့်လျှင်လည်း ဖော်ပြပါအတိုင်း သုံးပိုင်း သုံးကဏ္ဍပါရှိသည်ကို တွေ့ရလိမ့်မည်။

**ပထမ** – ဘုရားဆုကို တောင်းသည်မှစ၍ ပါရမီသုံးဆယ်စွန့်ခြင်းကြီးငါးပါး၊ စရိယာသုံးပါးတို့ကို ဖြည့်ကျင့်ခဲ့ရပုံ၊ ဘုရားဖြစ်ဘို့ တရားအားထုတ်ပုံ၊ ဘုရားဖြစ်လာပုံ၊ မာရ်ငါးပါးအောင်မြင်တော်မူပုံနှင့် လောကုတ္တရာတရား ကိုးပါး၏ ဂုဏ်ကျေးဇူးတော်တို့ကို သစ္စာမပြုခင် သစ္စာပြုမည့် ရှင်အာနန္ဒာကကြိုတင်၍ ဆင်ခြင်ပွါးများလိုက်သည်။

**ဒုတိယ** – လူ့ပြည်၌ရှင်း၊ နတ်ပြည်၌ရှင်း၊ နဂါး, ဂဠုန်ပြည်တို့၌ရှင်း ရှိရှိသမျှ ရတနာတို့အနက် ဘုရားတည်းဟူသောရတနာသည်သာလျှင် အမြတ်ဆုံးဖြစ်ပါပေ၏။

ဤကဲ့သို့ ဟုတ်မှန်သော သစ္စာစကားကို မြွက်ဆိုလိုက်သည်။

**တတိယ** – ဤသို့ မှန်ကန်သော သစ္စာစကား စွမ်းပကားကြောင့် ရောဂါကပ်ဘေး ကျရောက်ခံစားနေရရှာသော လူအပေါင်း သတ္တဝါအပေါင်း ဘေးရန်ကင်းကွာ ချမ်းသာပါစေ–ဟူ၍ ဖြစ်စေချင်သည်ကို ပန်ဆိုလေသည်၊ သစ္စာပြုရာဌာနဖြစ်သော ဝေသာလီပြည်သည်လည်း ရောဂါကပ်ဘေးမှကင်းဝေးလေ၏။

မဟာဇနကဇာတ်တော်[၁]လာ ပေါလဇနကမင်း၏ သစ္စာပြုခန်း၌မူ အဓိဋ္ဌာန်သဘောကိုပါ တွေ့ရသည်။ နောင်တော်ဘုရင်က သူ့ကို ရန်ပြုလိမ့်မည်ဟု အထင်မှား၍ ညီတော်အိမ်ရှေ့စံ ပေါလဇနကမင်းသားလေးကို ဖမ်းဆီးပြီး ထောင်သွင်းအကျဉ်းချထားခဲ့၏။ ဤတွင် မင်းသားလေးက သစ္စာဓိဋ္ဌာန်ပြု၏။

'ငါသည် နောင်တော်၏ ရန်သူဖြစ်ပါက လက်ထိတ်ခြေထိတ်နှင့် နှောင်အိမ်တံခါးတို့သည် ယခုအတိုင်း တည်နေပါစေ၊ နောင်တော်၏ ရန်သူမဟုတ်ပါက လက်ထိတ်ခြေထိတ်တို့ အလိုလိုပြုတ်ပြီး နှောင်အိမ်တံခါးလည်း ပွင့်ပါစေ'။

ဤသို့ သစ္စာဓိဋ္ဌာန် ပြုလိုက်၏၊ ချက်ခြင်းပင် မင်းသားလေးလည်း နှောင်အိမ်မှ လွတ်မြောက်သွားရ၏။

မင်းသားသည် သူ၏ သန့်ရှင်းမှုအပေါ် ယုံကြည် စိတ်ချသည်၊ သူ့စိတ်ကို သူ သိသယကင်းသည်၊ သူ့စိတ်ကို သူ ပိုင်းဖြတ်သည်၊ သူက နောင်တော်ကို ရန်သူကျင့် မကျင့်သည်လည်း မှန်သည်၊ ဤသို့သော မှန်ကန်မှုနှင့် ဤသို့သော စိတ်ပိုင်းဖြတ်ပြဋ္ဌာန်းမှု ဆောက်တည်နိုင်မှု စွမ်းအားတို့က သူ၏ ဆန္ဒကို ဖြည့်စွက်ပေးခြင်း ဖြစ်လေသည်။

မဟာသုတသောမဇာတ်[၂]၌ မဟာသုတသောမ မင်းက လူသားစားဘီလူး ပေါရိသာဒထံ၌ သစ္စာပြုမှုမှာမူ ကျိန်ဆို

---

၁။ ဇာတ်အဋ္ဌကထာ၊ ဆဋ္ဌတွဲ၊ မဟာဇနကဇာတ်၊ နှာ-၃၉။

၂။ ဇာတ်အဋ္ဌကထာ၊ ပဥ္စမတွဲ၊ နှာ ၅၂၁။

သည့်သဘော သက်ရောက်သည်၊ ကျိန်သစ္စာဖြစ်သည်၊ "သူ တရားနာပြီး ပြန်လာ အသတ်ခံပါမည်၊ ပျက်ကွက်လျှင် မင်းမျိုး၌ မင်းမဖြစ်ပါစေနှင့်"ဟု ကတိပြုသည်၊ သူ့ကတိ သူ့သစ္စာကို အသက်နှင့်လဲပြီး စောင့်ထိန်းသည်၊ တိုင်းပြည်သို့ ပြန်၍ တရားနာပြီးနောက် သေမင်းရှိရာသို့ ပြန်ဖြစ်အောင် ပြန်လာခဲ့သည်၊ ဤသည်မှာ အသက်နှင့်ထပ်တူ အမြတ်ဆုံး သစ္စာပါရမီကို ဖြည့်ဆည်းပူးခြင်း ဖြစ်၏။

သမ္ဗုလာမင်းသမီးက "သူသည် အခြား ယောကျ်ား တဦးဦးနှင့် ဖောက်ပြားခြင်း မရှိပါ၊ ဤအတိုင်း မှန်ပါလျှင် မောင်တော် သောတ္ထိသေန မင်းသား၏ ကုဋ္ဌနူနာရောဂါ တခဏချင်း ပျောက်ကင်းပါစေ"ဟု သစ္စာဆိုသည်၊ ပျောက်လည်း ပျောက်ကင်းသည်၊ မပျောက်မကင်းလျှင် သူ့အကျင့် ပျက်ကြောင်း ထင်ရှားမည် ဖြစ်သည်[၁]၊ ဤကိစ္စမျိုးသည် ယုံကြည်စေလို၍ ကျိန်ဆိုသည့်သဘောပါတည်း။

"ကျိန်သည်"ဟူသောဝေါဟာရနှင့် ပတ်သက်၍ ကျော်အောင်စံထားဆရာတော်ဘုရားကြီးက ဝေါဟာရတ္ထပကာသနီကျမ်း နှာ ၇၀၁-တွင် ဤသို့ ဖွင့်ဆိုခဲ့၏။

> "ကျိန်သည်"ဟူသော ဝေါဟာရသည် ယုံစေခြင်းငှါ သစ္စာမူခြင်း၊ ဒေါသအလျောက် အပြစ်ရောက်စေလို၍ ပွက်ဆိုခြင်းအနက် ထင်၏၊ သပ-ဓာတ်အယှဉ် သမ္ဗဒါန်ကိုထုတ်သည်၌"သပတိ သစ္စကိရိယံ ကရောတိ"ဆိုသည်နှင့်အညီ ယုံစေခြင်းငှါ သစ္စာမူခြင်းအနက်

---

၁။ ဇာတ်အဋ္ဌကထာ၊ ပဥ္စမတွဲ၊ နှာ ၉၉။

ကို "ကျိန်သည်"ဆိုသော ဝေါဟာရ ထင်၏၊ ဤကား သူ၏မျက်မှောက် ဆိုခြင်း၊ ထိုသူကို ရိုသေခြင်း၊ မိမိ ကိုယ်ကို အပြစ်လွတ်လိုခြင်း အမူအရာကဲ့သို့ ရှိ၏။ ဤကား သစ္စာမူခြင်း အနက်တည်း။

ဒေါသအလျောက် အပြစ်ရောက်စေလို၍ ပွက်ဆိုခြင်းကို ကျိန်၏-ဟူသော ဝေါဟာရကား—

"ကြေကွဲ, ပူလော၊ ဖြစ်စေသောဟု၊ သဘော ပန်နက်၊ ကျိန်စာရွက်သည်၊ မည်၏လည်းကောင်း"–

စသည်ဖြင့် စပ်ဆိုသောအရာတို့၌ ထင်၏၊ ဤကား ယခင်ကဲ့သို့ သူ၏မျက်မှောက်သာလည်း မဟူရ၊ ရိုသေခြင်း အနက်လည်း မဟူရ၊ မရိုသေခြင်းအနက်သာ ထင်၏၊ မိမိကို အပြစ်လွတ်လို ချင်သောနှလုံးသွင်းလည်း မဟူရ၊ ကိုယ်အပြစ် မလွတ်ကောင်း သောအရာသာလည်း ထင်၏၊ ဤကား ဒေါသအလျောက် အပြစ်ရောက်စိမ့်ဟု ဆိုခြင်းတည်း၊ ယင်းသို့လျှင် ကျိန်သည် ဟူသော ဆိုမိန့်ခြင်း၌ အရကွဲဟန်ကို နှလုံးသွင်းရာ၏။

အထက်ပါ ဖွင့်ဆိုချက်အရ ယုံစေခြင်းငှါ သစ္စာပြုခြင်း၌ မိမိယုံစေချင်သူ၏ မျက်မှောက်၌ ဖြစ်ရမည်၊ သူ့ကို ရိုသေလေး စားမှု ရှိရမည်၊ မိမိလည်း အပြစ်မှ လွတ်ရန် ရည်ရွယ်ချက် ပါရမည် ဖြစ်သည်၊ သမ္ဘုလာမင်းသမီးက မိမိ မဖောက်ပြန် ပါကြောင်း သစ္စာပြုခြင်းသည် ယုံစေခြင်းငှါ သစ္စာပြုခြင်းပင် ဖြစ်၏။

ဤကျမ်းက ဖော်ပြသော သစ္စာလက်နက်များမှာ ရတနာ သုံးပါး ဂုဏ်ကျေးဇူးတို့ကိုဖော်ထုတ်၍ သစ္စာပြုခြင်းနှင့် မုချ

ဆတ်ဆတ် မှန်ကန်သော အချက်တို့ကို သစ္စာပြုခြင်းများ
ဖြစ်၏။ ဤသစ္စာလက်နက်ဖြင့် ဘေးအန္တရာယ်တို့ကို ကာကွယ်
တားဆီးရန် ဖြစ်ပေသည်။

ဤကျမ်းသည် လေးနက်သော အကြောင်းအရာ, လေး
နက်သောသစ္စာပြုခန်းတို့ကို ဖော်ပြသောကျမ်းဖြစ်၍ လေး
နက်သောပါဠိအများအပြားကို ဖော်ပြထားရသည်၊ သို့သော်
ပါဠိမတတ်သူများ နားလည်အောင် မြန်မာလိုလည်း တွဲပေး
ထား၏၊ ရှင်းပေးထား၏၊ ထို့ကြောင့် လူတိုင်း ကိုင်နိုင်သည့်
ကျမ်းဖြစ်၏။

ဤကျမ်းတွင်ပါရှိသော ပါဠိများနှင့် ပတ်သက်၍မူ အရှိကို
အရှိအတိုင်း မြင်တတ်၍ လေးလေးနက်နက် သဘောထား
ခံယူရန် လိုပါသည်၊ သို့မှသာ သစ္စာတန်းခိုးရှိမည်၊ စင်စစ်
ပါဠိဘာသာသည် သိပ္ပံနည်းအလွန်ကျ၍ အလွန်တည်ငြိမ်
သော ဘာသာတရပ် ဖြစ်ပါသည်၊ နက်ရှိုင်းလှသော ဗုဒ္ဓ
အဘိဓမ္မာသဘောတရားများကို မတိမ်းမစောင်း မဖိတ်မစင်
ရအောင် ရေရှည်ခံဆောင်လာနိုင်သော ဂုဏ်ထူးဝိသေသရှိ
သည့် ဘာသာတရပ်လည်း ဖြစ်သည်၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာ
ဘုရားကိုယ်တိုင် အသုံးပြုခဲ့သော ဘုရားဘာသာလည်း ဖြစ်ပါ
သည်၊ ထိုတွင်မျှမက နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ် ရစေနိုင်သည့်
အကြောင်းလည်း ဖြစ်ပါသည်၊ ဆိုလိုသည်မှာ ပါဠိကို ရ-
ထား, သိထား, တတ်ထားသူသည် ရဟန္တာဖြစ်သောအခါ
ဘာသာစကားများကို မသင်ရဘဲ အလိုလို တတ်သိနားလည်
နိုင်သည့် ဉာဏ်အထူးကို တပါတည်း ရရှိစေနိုင်ပါသည်။

နိုင်ငံခြားသားများနှင့် ဘာသာမဲ့များ၏ ပါဠိတော်ကို မလိုလားသည့်ရောဂါ မိမိမှာ စွဲကပ်မလာဘို့ အရေးကြီးပါသည်။ ပါဠိတော်ကို ပုတ်ခတ်မိလျှင် မိမိနေ့စဉ် ရှိခိုးနေသည့် မြတ်စွာဘုရားကို ပုတ်ခတ်နေခြင်းနှင့် အတူတူသာဖြစ်ကြောင်း သတိချပ်မိရန် လိုပါသည်၊ ပါဠိသည် ဓမ္မရတနာတည်းဟူသော ခြင်္သေ့ဆီကို ခံဆောင်ထားသည့် သိင်္ဂီရွှေခွက်ဖြစ်ပါသည်။

ဘုရား တရားကို ပါဠိပါမှ လေ့လာလို့ရသလား၊ မြန်မာလို သက်သက် လေ့လာလို့လဲ ရတာဘဲ၊ ခုခေတ်မှာ မြန်မာပြန် တွေ ပေါ်နေပြီဘဲဟု တချို့ထင်တတ်ကြပါသည် မမှန်ပါ။ ပါဠိလွတ်ရာ ပြေးလိုသော်လည်း မလွတ်နိုင်ပါ။

မြန်မာစာထဲ၌ ပါဠိဝေါဟာရတွေ ပါဠိသက်ဝေါဟာရတွေ အဘယ်မျှပါရှိနေကြောင်း လေ့လာလျှင် တွေ့သိနိုင်ပါသည်၊ ပါဠိတော် မြန်မာပြန်များကို တကယ်ဖတ်ဖြစ်သောအခါ မြန်မာပြန်ထဲမှာ မသုံးမဖြစ် မရှိမဖြစ်ပါနေရသည့် ပါဠိတွေကို အမြောက်အမြားတွေ့ရပါလိမ့်မည်။

ပုဂံခေတ်ထဲက အနိစ္စ၊ ဒုက္ခ၊ အနတ္တစသော ပါဠိတို့ကို မြန်မာပြန်စမ်းခဲ့ကြသည်၊ သို့သော် ပါဠိစကားလုံး၏ အဓိပ္ပါယ် နှင့် မြန်မာစကားလုံး၏ အဓိပ္ပါယ် ကွာနေ၍ (ဝါ) မိအောင် ပြည့်အောင် ဘာသာမပြန်နိုင်ကြ၍ ယနေ့အထိ ပါဠိအတိုင်း အများအပြား သုံးစွဲနေကြရသည်။ 'အနတ္တ'ကို အနှစ်မဲ့သော, ကိုယ်မဟုတ်သော, အစိုးမရသောဟု ဘာသာပြန်ရာတွင် ပါဠိ နှင့် မြန်မာ ဘယ်လောက် ကွာနေသလဲဟု ပါဠိဘာသာရေး၊ ပါဠိကျမ်းဂန်ရေး၊ မြန်မာဘာသာကိုပါ စွယ်စုံတတ်သိသူတို့က သိမြင်နေကြလေ၏။ ကောက်ချက်ချလျှင် မြန်မာပြန် ဖြစ်ပါ

စေ ပါဠိပါသည်ပင် ဖြစ်၏၊ ထို့ကြောင့် ပါဠိမပါဘဲ ဗုဒ္ဓဘာသာကို လေ့လာ၍မရ၊ ဗုဒ္ဓယဉ်ကျေးမှုကို နားမလည်နိုင်ဟု သတိပြုမိကြရန် ဖြစ်ပါသည်။

ထို့ပြင် ဗုဒ္ဓဓမ္မများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရာ၌လည်း အဓိပ္ပါယ် မတိမ်းမစောင်းရအောင် အချို့ကို ပါဠိအတိုင်း ထည့်သွင်း ပြန်ဆိုကြရသည်သာဖြစ်ပါသည်၊ စင်စစ် ဘုရားဟော ပါဠိသည် စည်းကမ်းတကျ စံနစ်တကျ ကျစ်လစ် သိပ်သည်းစွာတည်ရှိနေသော ခေတ်အမှီဆုံး အခိုင်မာဆုံး အမျိုးအစားဖြစ်ကြောင်း ကမ္ဘာသိပင် ဖြစ်လေသည်။ ထို့ကြောင့် ဤကျမ်း၌ ပါရှိသော ပါဠိတော်တို့ကို ရိုသေလေးမြတ်စွာ ကျက်မှတ်ပြီး သစ္စာလက်နက်တပ်ဆင်၍ အသုံးပြုကြရန် ဖြစ်ပါသည်။ ထို့ပြင်—

'အတ္ထိ လောကေ သီလဂုဏော'
သစ္စံ သောစေယျ နုဒ္ဒယာ။

ဤလောကကြီး၌ သီလ၏ အကျိုးကျေးဇူးသည် ရှိ၏၊

သစ္စာ၏ စွမ်းအားသည် ရှိ၏။

ကိုယ်နှုတ်နှလုံး သန့်စင်ခြင်းအတွက် အကျိုး ရှိ၏၊

သတ္တဝါများ အပေါ် ကြင်နာ သနားတတ်မှု အတွက် အကျိုးရှိ၏။

ဤကဲ့သို့ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ သူတော်ကောင်း အလောင်းအလျာ အပေါင်းတို့က တညီတညွတ်တည်း သတ်မှတ်ညွှန်ကြားတော်မူခဲ့ကြ၏။

ကျွန်တော်တို့သည် ဘုရားစကားကိုသာ လိုက်နာကြရန် ဖြစ်၏၊ 'သစ္စာပြုလို့ ဒီလိုဖြစ်နိုင်တယ်ဆိုတာ ဟုတ်ပါ့မလား' စသည်ဖြင့် သံသယဖြစ်အောင် ပစ်သွင်းနေသော သံသယ ဗုံးသံများကြောင့် တုန်လှုပ်စရာ မလိုပါချေ၊ ကြားစကားကို သတိထား၍ ရှောင်ရပေမည်။

ယခုအခါ၌ ဘာသာရေး ကောလာဟလတွေ၊ ဘာသာရေး လှုံ့လုံးတွေ၊ မဟုတ်မမှန်လုပ်ကြံ၍ ဘာသာရေး တီးတိုးဝါဒ ဖြန့်မှုတွေ အတော်ကလေး များနေပါသည်။ အဌကထာ ဆရာကြီးတွေထက် တတ်သယောင်ယောင်၊ လွတ် လွတ် လပ်လပ် တွေးခေါ် တတ်သယောင်ယောင်ဖြင့် အပြောသမား အရေးသမားတွေ များနေပါသည်၊ အသိသမား အကျင့် သမား နည်းနေပါသည်၊ အခြေမခိုင်သူအချို့သည် သံသယ လှိုင်းလုံးတွေကြားမှာ မြုပ်ချည် ပေါ် ချည်ဖြစ်လျက် အချိန် ကုန်နေကြရရှာသည်၊ မသမာသူတို့၏ ဉာဏ်နီ ဉာဏ်နက် ကွင်း လယ်၌ ဘောလုံးပမာ ကန်သမျှ ပို့သမျှ လိမ်သမျှ ဆွဲသမျှ ခံနေကြရရှာသည်။

ဤသို့ မဖြစ်ရလေအောင် 'ဘယ်သူ့စကားမှ ငါ နားမ ထောင်၊ မြတ်စွာဘုရားစကားကိုသာ ငါ နားထောင်မည်' ဟူ သော သံမဏိအဓိဋ္ဌာန် စိတ်ထားဖြင့် သစ္စာတရားကို စွဲကိုင် ဖြစ်ကြလျှင် လက်တွေ့ အကျိုးရှိကြမည် ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် ဤကျမ်းကို ထပ်မံ တည်းဖြတ်သည် ဆိုသော်လည်း ကျမ်းပြုဆရာတော် ရေးသားချက်ကို များ များ မပြုမပြင်ရပါ၊ ဆရာတော်ဘုရား၏ အမိန့်အရ အချို့ ပေါ် သကာလောင်း ကောင်းသထက် ကောင်းရုံလောက်သာ

အနည်းငယ် ကူညီခြင်း ဖြစ်ပါသည်။ ဤသို့ ဆရာတော်၏ မေတ္တာစစ်စစ် အနှစ်ပြည့်စွာ သဒ္ဓါရင့်ကျွေး ခွင့်ပေးခိုင်းစေ ခြင်းကို ခံယူရသည့်အတွက်လည်း လွန်စွာ နှစ်ထောင်းအားရ ရှိမိပါသည်။ ဆရာတော် ပေးအပ်သည့် **သစ္စာ**တည်းဟူသော မဟာဗျူဟာလက်နက်ကို စာရှုသူများထက် ဦးစွာလက်ခံ ရရှိသဖြင့်လည်း ဆရာတော်ဘုရားအား အထူးပင် ကျေးဇူးတင်မိပါသည်။

နှစ်ဘက်လှ-ဦးကျော်လွင်

၂၀-၇-၇၅။

## မုသားနှိမ်နင်းရေးနှင့် သစ္စာထွန်းကားရေး

သစ္စာဟူသည် မုသား၏ ဆန့်ကျင်ဘက် ဖြစ်သည်။

ထို့ကြောင့် သစ္စာ၏ အကျိုးရှိ မြင့်မြတ်ပုံကို တကယ် သဘောပေါက်လိုလျှင် မုသား၏ အကျိုးမဲ့ ယုတ်ညံ့သေးသိမ်လှပုံကို တကယ်ပင် သဘောပေါက်ရန် လိုအပ်ပေလိမ့်မည်။ မုသား၏ အကျိုးမဲ့ပုံကို သိလေလေ သစ္စာအကျိုးရှိပုံကို သိနိုင်လေလေ ဖြစ်သည်။ ထို့ကြောင့် သစ္စာ၏သဘောကို မပြဆိုမီ မုသား၏သဘောကို အတန်ငယ် ပြဆိုချင်ပါသည်။

အပေါ်ယံ တွေးတော ထင်မြင်တတ်သူများအဖို့ ကံငါးပါးအနက် မုသာဝါဒသည် အပေါစား အကုသိုလ်မျိုးကလေး-ဟု ထင်မှားတတ်ကြဘွယ် ဖြစ်သည်။ သေးသိမ်သည့် အကုသိုလ်မျိုးကလေးဟု ထင်မှားတတ်ကြဘွယ် ဖြစ်သည်။ စင်စစ်ကား မှိန်မှိန်နှင့်ဆိုးသူကဲ့သို့ ယုတ်ညံ့လှသည့် အကုသိုလ်တရားဆိုးကြီးသာ ဖြစ်သည်။

စိတ်ထား သဘောထား ကြီးမား မြင့်မြတ်သူ တို့သည် စိတ်ထား သဘောထား ယုတ်ညံ့ သေးသိမ် သူများလောက် မုသားကို မသုံးစွဲတတ်ကြပေ။ ထို့ကြောင့် မည်သူပင် မုန်းမုန်း မည်သူပင် ကဲ့ရဲ့ ကဲ့ရဲ့ စိတ်ထား သဘောထား ကြီးမား မြင့်မြတ်သူတို့သည် မှန်ရာ ကန်ရာကိုသာ ပြောဆိုတတ်ကြလေသည်။

စိတ်သဘောထား ယုတ်ညံ့သေးသိမ်သူတို့ကား မိမိ မျက်နှာရလျှင်ပြီးရော၊ မိမိအကျိုးရှိလျှင်ပြီးရောစသော သဘောဆိုးများဖြင့် မုသားဆိုတတ်ကြလေသည်။

လောကကြီးကိုဂျွမ်းထိုးမှောက်ခုန်ဖြစ်အောင် အများဆိုးပြုလုပ်တတ်သူများသည် မုသားသမားများ ဖြစ်ကြလေသည်။ သူတို့သည် အမှားကို အမှန်ထင်အောင် ပြောတတ် ရေးတတ် လုပ်တတ်ကြလေသည်။ အဖြူကို အမဲထင်အောင် ပြောတတ် ရေးတတ် လုပ်တတ်ကြ လေသည်။ အိမ်ကြက်ချင်း အိုးမဲသုတ်၍ ခုပ်စေသကဲ့သို့ လောက၌ အများဆိုး ရန်ပွဲအောင် ဖန်တီးသူများလည်း မုသားသမားများပင် ဖြစ်လေသည်။

အဂတိလောဘ်ပါး လိုက်စားကြသူများသည် သစ္စာတရားကို သတ်ဖြတ်သူများ ဖြစ်ကြလေသည်။ ထိုသူတို့သည် မိမိတို့၏ ဒဏ်ချက်ကြောင့် လောကကြီးကို အဘယ်မျှ ထိခိုက်နစ်နာနေသည်ကိုလည်း သိမြင်နိုင်သူများ မဟုတ်ကြချေ။ သိမြင်သော်လည်း ငဲ့ညှာတတ်သူများ မဟုတ်ကြချေ။

လူမျိုးတမျိုး နိုင်ငံတနိုင်ငံတွင် လက်ရှိ မုသားရေချိန်မှ အနည်းငယ်လျော့လျှင် အနည်းငယ် ပို၍ အကျိုးရှိလာမည်ဖြစ်ပြီး ထက်ဝက်လျော့လျှင် ထက်ဝက် ပို၍ အကျိုးရှိလာလိမ့်မည်မှာ မြေကြီး လက်ခတ် မလွဲပေတည်း။

သို့ရာတွင် မုသားနိမ်နင်းရေးကား မီးပုံထဲတွင် ကြာပင်စိုက်ရေးထက်ပင် ခက်ခဲလှပေသည်။ အဘယ့်ကြောင့်ဆိုသော် စိတ်ထား သဘောထား ကြီးမားသူများ၏ ဦးရေနှင့် စိတ်ထား သဘောထား ယုတ်ညံ့သူတို့၏ ဦးရေမှာ ဥသျှစ်တတင်း

နှမ်းတတင်း ဆိုသကဲ့သို့သော အခြေအနေမျိုး ဖြစ်နေသော ကြောင့်ပေတည်း။

ထိုသူတို့သည် တဌာနလုံး တရပ်လုံး တရွာလုံး တနိုင်ငံလုံး တကမ္ဘာလုံး ဘယ်လိုပင်နေနေ ငါအကျိုးရှိဘို့သာ အရေးကြီးသည်-ဟု သဘောထားသူများ ဖြစ်လေရာ တဖက်က နည်းအမျိုးမျိုးနှင့် ဟန့်တားစေကာမူ သူတို့ကလည်း မုသားကို ရေလဲအမျိုးမျိုးနှင့် သုံးစွဲမြဲ သုံးစွဲနေကြမည်သာတည်း။ ချေးကို ပါးစပ်နှင့်ငုံ၍ ထွေးသကဲ့သို့ ထွေးနေကြမည်သာတည်း။ မုသားဆိုသူကို ဂူထဘာဏိပုဂ္ဂိုလ်မျိုး-ဟု ပုဂ္ဂလပညတ် ပါဠိတော်၊ နှာ ၁၃၂-၌ မိန့်ဆိုထားပါသည်။

ထို့ကြောင့် မဟာဗျာသယ- သဘာဝဓာတ်ခံ ကြီးမားကြံ့ခိုင်သည့် အလောင်းတော်ကြီးများသည် အလောင်းတော်ဘဝ၌ သူ့အသက်သတ်မှုများ, သူ့ဥစ္စာခိုးမှုများ, သူ့သားအိမ်ရာ ကျူးလွန်မှုများ, သေအရက် သောက်စား မူးယစ်မှုများကို လွန်ကျူးသည့်အခါ လွန်ကျူးမိတတ်ကြသေးသည်။ အကျိုးမဲ့မှန်းသိလျက် မုသားပြောဆိုခြင်းကိုကား ဘယ်သောအခါမှ မပြုလုပ်ကြဘူး-ဟု ဇာတကအဖွင့် အဋ္ဌကထာစသည်၌ ဖွင့်ပြထားကြသည်။

ပိဋကတ်စာပေများ (ဣတိဝုတ်ပါဠိတော်၊ နှာ-၂၀၇)တွင် မုသာဝါဒကို အဘယ်မျှ ပြဆိုကြသနည်းဆိုလျှင်——

ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။
ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။

ဟူသတည်း။

ဇော ံ ဓမ္မံ၊ တခုသောသစ္စာတရားကို။ အတီတာဿ၊ ကျော်လွန်ထသော။ မုသာဝါဒိဿ၊ မုသားစကားကို ပြောဆိုထသော။ ဝိတိဏ္ဏပရလောကဿ၊ တမလွန်လောကအရေးကို မငဲ့ဘဲ လွန်အပ်ပြီးသော တမလွန်လောက ရှိထသော။ ဇန္တု-နော၊ သတ္တဝါအား။ အကာရိယံ၊ မပြုသော (မပြုဝံ့သော မပြုကောင်းသော)။ ပါပံ နာမ၊ ယုတ်ညံ့ညစ်ကျု မကောင်းမှု မျိုးဟူသည်။ နတ္ထိ၊ တခုတလေမျှ မရှိ။

မုသားသုံးသူသည် ဘယ်မကောင်းမှုအကုသိုလ်ကိုမှ မလုပ်ဝံ့ဟူ၍ မရှိဘူး-ဟု ဆိုလိုသည်။

ထိုမျှမက မုသားသည် ကံငါးပါးအနက် အားအကြီးဆုံးဖြစ်သည်-ဟု ဣတိဝုတ်ပါဠိတော် (၂၀၇)၌ ဟောတော်မူထားလေသည်။ ယင်းပါဠိတော်စကားများအရ ကံငါးပါးအနက် သုရာမေရယကံ အပြစ်အကြီးဆုံးဟု ဖွင့်ပြထားသော ခုဒ္ဒကအဋ္ဌကထာ နှာ ၁၉-လာ စကားကိုလည်း သင့်လျော်အောင် ညှိ၍ ယူရပေလိမ့်မည်။

ထိုပြင် မုသားသုံးလေ့ရှိသော နိုင်ငံ၌ မြေဆီသြဇာ ခုနစ်တောင်အထိ ငုတ်လျှိုးကြောင်း၊ အပင် အသီး သြဇာကင်းကြောင်း၊ ယင်းတို့ကို စားသူတို့ ရောဂါဥပဒ်များကြောင်း၊ လူတို့ ရောဂါများပြီး အသွားအလာပျက်သောကြောင့် အခွန်အတုတ် အရနည်းကာ လခရိက္ခာမပေးနိုင် ဖြစ်တတ်ကြောင်း၊ ထိုအခါ အမှုထမ်းအင်အား ပေါ့လျော့လာတတ်ကြောင်း၊ မိုးမမှန် လေမမှန် ဖြစ်တတ်ကြောင်းများ တေသကုဏဇာတ်[၁]၊ စေတိယဇာတ် စသည်တို့၌ အကျယ်ပါရှိလေသည်။

---

၁။ ဇာတ်အဋ္ဌကထာ၊ ပဉ္စမတွဲ၊ နှာ-၁၁၈။

ထို့ပြင် မုသားဆိုခြင်းသည် တရားကို သတ်ခြင်းပင် ဖြစ်၏။ သားသတ်သမားများသည် သားကောင်များကို နေ့စဉ် သတ်ဖြတ်ညှဉ်းဆဲနေကြသကဲ့သို့ မုသားဆိုသူများသည်လည်း နေ့စဉ် နေ့တိုင်း တရားကို သတ်ဖြတ်ညှဉ်းဆဲ၍ နေတတ်ကြလေသည်။ အသတ်ခံရသော တရားကား သစ္စာတရားပေတည်း။ ထို့ကြောင့် စေတိယဇာတ်၌[၁] မင်းဟူသည် မုသားပြုခဲ့သော် တရားကို သတ်သည်မည်ပါသည်၊ တရားကို သတ်ပြီးနောက် မိမိကိုယ်ကိုသာလျှင် သတ်လေတော့သည်ဟု ရသေ့က စေတိယမင်းကို ဟောကြောင်း ပါရှိသည်။

မုသားသည် လောကကောင်းကျိုးများကို များစွာ ဖျက်ဆီးတတ်သော တရားဖြစ်သည့်အတိုင်း အကုသိုလ်ဘက်တွင် အလေးပင်ဆုံး တရားဆိုးကြီး ဖြစ်လေသည်။ ကုသိုလ်ဘက်တွင်ကား သစ္စာတရားသည် အလေးပင်ဆုံး ဖြစ်၏။ ထို့ကြောင့် မန်လည်ဆရာတော်ဘုရားကြီးကလည်း မဃဒေဝ လင်္ကာသစ် အပိုဒ် ၂၄၀-၌—

"အကုသိုလ်မှာ၊ မုသာဝါဒ၊ ကုသိုလ်မှကား၊ သစ္စဝါစာ၊ လေးဆုံးသာတည့်" ဟု စပ်ဆိုတော်မူလေသည်။

တခုတော့ ရှိသည်၊ ကျီးကို တကယ် မပစ်သော်လည်း ပစ်မည့်ပုံ၊ ခွေးကို တကယ်မရိုက်သော်လည်း ရိုက်မည့်ပုံ လက်နှင့်ရွယ်၍ ချောက်သည့် မုသားမျိုးလောက်ကို တရားဆိုး၌ တရားဝင် စာရင်းမတင်သင့်ပေ။ မုသားဟူသည် အင်္ဂါ ၄-ချက်

၁။ ဇာတကပါဠိ၊ ပ-တွဲ၊ နှာ-၁၇၀။ ဇာတ်အဋ္ဌကထာ၊ တ-တွဲ၊ နှာ-၄၃၃။

ညီကာ သူတပါးအကျိုး ပျက်လောက်မှသာ တရားဆိုးစာရင်း တင်သင့်ပေသည်၊ တင်ရပေသည်။ ကျီးချောက်- ခွေးချောက်သည့် မုသားမျိုးကား ကံမည်လောက်ရုံသာ ဖြစ်သည်။ (သော အတ္ထဘေဒကရော၊ ဣတရော ကမ္မမေဝ။ ဋီကာကျော်- နှာ-၁၇၄)။

သစ္စာတရား ထွန်းကားအောင် ပြုလုပ်ခြင်းသည် မုသားတိုက်ဖျက်ရေးလုပ်ငန်းပင် ဖြစ်သည်။ မုသားထွန်းကားခြင်းသည် သစ္စာတရားငုပ်လျှိုးနိမ့်ကျခြင်းပင် ဖြစ်သည်။ထို့ကြောင့် သစ္စာတရားထွန်းကားရန် အရေးကြီးလှပေသည်။

လောကလူသားတို့၏ တည်ရာ မှီရာ အားထားရာကား သစ္စာတည်း။ သစ္စာမှလွဲ၍ အားထားစရာ တည်ရာ မှီရာဟူသည် မရှိပေ။ (ဣမသ္မိံ လောကေ သစ္စသဒိသာ ပတိဋ္ဌာ နာမ နတ္ထိ။ (ဇာတ်အဋ္ဌကထာ)။

**သစ္စာ ၂-မျိုး။** ။သစ္စာကလည်း အမျိုးမျိုးရှိသည်၊ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာဟူ၍လည်း ၂-မျိုး ရှိသည်။ ပရမတ္ထသစ္စာကို ထောက်လျှင် သမ္မုတိသစ္စာသည် တကယ်မှန်သော တရားမဟုတ်ပေ။ သို့သော် ဝစီသစ္စာ ဝိရတီသစ္စာတို့၏ တည်ရာဖြစ်သည်။ ထိုကြောင့် ဘုရား ရဟန္တာများလည်း သမ္မုတိသစ္စာအတိုင်း သုံးစွဲတော်မူကြသည်၊ လူကို လူဟု ခေါ်ဝေါ်သုံးစွဲခြင်းသည် သမ္မုတိသစ္စာ ဖြစ်သည်။ သို့သော် လူဟူသည် တကယ်အားဖြင့် မရှိ၊ ခန္ဓာငါးပါး အစုအပေါင်းကိုသာ လူဟု ခေါ်ထားခြင်းဖြစ်သည်။ ဝါ-ရုပ်နှင့် စိတ် စေတသိက်ဟူသော ပရမတ္ထသစ္စာတရားတို့၏ အစုအပေါင်းသာ ဖြစ်သည်။

**ပရမတ္ထသစ္စာ ၂-မျိုး။** ။ပရမတ္ထသစ္စာကလည်း ၂-မျိုးရှိပြန်သည်၊ ရှိနိုင်သည်။ သဘာဝသစ္စာနှင့် အရိယသစ္စာဟူ၍ ရှိနိုင်သည်၊ သဘာဝသစ္စာသည်ပင် ပရမတ္ထသစ္စာကို ထောက်က မမှန်သည်များကို တွေ့နိုင်သည်။ ဥပမာ–သုခဝေဒနာ (ချမ်းသာခံစားခြင်း)ဟူသည် သဘာဝသစ္စာအားဖြင့် ရှိသော်လည်း အရိယသစ္စာအားဖြင့် ကြည့်က မမှန်ပေ။ အရိယသစ္စာအားဖြင့် ကြည့်လျှင် သုခဝေဒနာဟူသည် အနိစ္စ-သခ်ိတစသော ဒုက္ခအခြင်းအရာနှင့် မကင်းသောကြောင့် သုခဟု မသတ်မှတ်နိုင်၊ ခံစားချက်ဟူသမျှ ဒုက္ခသာ ဖြစ်သည်ဟူ၏။(သဗ္ဗေ သခ်ါရာ ဒုက္ခာ။)

**သစ္စာ ၃-မျိုး။** ။ထို့ပြင် သစ္စာသည် နိဗ္ဗာန်ဟူသော ပရမတ္ထသစ္စာ, သမ္မာဝါစာစေတသိက် ဟူသော ဝိရတီသစ္စာ, ဟုတ်မှန်သည်ကို ပြောဆိုခြင်း ဝစီဘေဒစကားဟူသော ဝါစာသစ္စာ(ဝစီသစ္စာ)ဟူ၍လည်း သုံးမျိုး ရှိသည်။

ယင်းသုံးမျိုးအနက် ဝိရတီသစ္စာဟူသော သမ္မာဝါစာစေတသိက်သည် မုသာဝါဒမှ ရှောင်ကြဉ်ကြောင်း ဖြစ်လေသည်။

**သမ္မာဝါစာ ၃-မျိုး။** ။ကထာသမ္မာဝါစာ, စေတနာသမ္မာ-ဝါစာ, ဝိရတီသမ္မာဝါစာ-ဟူ၍လည်း ၃-မျိုး ရှိပြန်လေသည်။

ယင်း သုံးမျိုးအနက် ကျေးဇူးမလစ် အကျိုးဖြစ်အောင်ဆောင်စွမ်းနိုင်သည့် မှန်ကန်ကောင်းမွန်စွာ ပြောဆိုသည့်စကားမျိုးကို ကထာသမ္မာဝါစာ-ဟု ခေါ်သည်။

ယင်း ကထာသမ္မာဝါစာကို ဖြစ်စေသည့် စေတနာကို စေတနာသမ္မာဝါစာဟု ဆိုလိုသည်။

သီလဆောက်တည်၍ဖြစ်စေ အခွင့်သာ၍ဖြစ်စေ တွေ့လာကြုံလာသည့် အရာမှ ရှောင်ကြဉ်ခြင်း၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းကို ဝိရတိသမ္မာဝါစာဟု ဆိုသည်၊ အချုပ်အားဖြင့် ဝစီဒွါရ စင်ကြယ်ခြင်းကို ဝိရတိသမ္မာဝါစာဟု ဆိုသည်။

လောက၌ ရှိသမျှ အရသာတို့တွင် သစ္စာတရား ၃-ပါးသည်သာလျှင် အရသာအရှိဆုံးတရား ဖြစ်သည်။ အမြင့်မြတ်ဆုံးတရား ဖြစ်သည်၊ ခံတွင်းအတွေ့ဆုံးတရား ဖြစ်သည်၊ ထို့ကြောင့် (သစ္စာတရား သုံးပါးအနက်)မှန်ရာ ကန်ရာ ပြောသူသည် ဝါစာသစ္စာကို လိုက်နာ၍ နေသူဖြစ်သောကြောင့် အရသာအရှိဆုံးကို စားသောက်နေသူ ဖြစ်သည်ဟု ဆိုရပေမည်။

သစ္စံ ဟဝေ သာဓုတရံ ရသာနံ။ (သဂါထာဝဂ္ဂ သံယုတ်၊ နှာ-၂၁၆)

သစ္စံ၊ ပရမတ္ထ, ဝိရတိ, ဝါစာ ဟူသော သစ္စာတရား ၃-ပါးသည်။ ရသာနံ၊ ရှိရှိသမျှအရသာတို့ထက်။ ဟဝေ၊ စင်စစ်။ သာဓုတရံ၊ အလွန်မြိန်မြတ်သောအရသာ မည်ပေ၏။ (သုတ္တနိပါတ်၊ နှာ-၃၀၆ ၌လည်း နည်းတူလာ၏။)

ထိုမျှလောက် ကြီးကျယ် မြင့်မြတ်သော သစ္စာတရားကို အသုံးချခဲ့လျှင် အကျိုးရှိရမည်သာတည်း။ ပရိတ်တော်ဟူသမျှသည် သစ္စာတရားကို အသုံးချ(ရွတ်ဆို)ရန် စီမံထားကြခြင်း ဖြစ်သည်။

ပရိတ်တော်များ၌ ရတနာတရားသုံးပါး၏ဂုဏ်စသည်တို့ကို အမှန်အတိုင်း ပြောဆိုခြင်း စသည်ဖြင့် သစ္စာပြုချက်များ ပါတတ်လေသည်။ ဗုဒ္ဓဝါဒီ-တန္တြဂိုဏ်းဝင်-မန္တြဂိုဏ်းဝင် တို့၏ သုတ်များနှင့် မန္တန်များသည်လည်း အလားတူလိုပင် ဖြစ်ကြလေသည်။

သစ္စာ၏ စွမ်းအားသတ္တိကြောင့် အန္တရာယ် အမျိုးမျိုး ကင်းလွတ်ပုံ၊ ချမ်းသာသုခ ရရှိကြပုံများကို ဗုဒ္ဓစာပေများ၌ ထုတ်ဖော် ပြသရန် ဝန်လေးလောက်အောင်ပင် ပေါများလှပေသည်။ အထူးသဖြင့် ဇာတက (ဇာတ်တော်)များ၌ တပုံတပင်ကြီး ပြဆိုထားလေသည်။

ဗြဟ္မနိမိတ္တာရုံ ဆရာတော်၏ ဤယခု သစ္စာကာရမဟာဗျူဟာစာအုပ်၌လည်း အတော် စုံစုံလင်လင် ထုတ်နုတ်တင်ပြထားသည်ကို တွေ့ရပေသည်။

စာဖတ်သူတို့သည် ဤစာအုပ်ပါ သာဓကများကို ကြည့်ရှုကာ သစ္စာ၏တန်ဘိုးကို ယုံကြည်သည်ထက် ယုံကြည်မိကြလိမ့်မည်ဟု မြော်လင့်ပါသည်။

ဆရာတော် နည်းညွှန် လမ်းပြသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း အားဖြင့်လည်း အကျိုး ရှိကြလိမ့်မည်ဟု မြော်လင့်ပါသည်။ လက်တွေ့လိုက်နာနိုင်ကြပါစေ။

ဆရာ ပသ

၁-၆-၇၅။

သစ္စာကာရမဟာဗျူဟာ

# နိဒါန်း

## အကြောင်းပြ ဟေတုဒဿန

ဤလောက၌ လူ့ဘဝကိုရရှိကြကုန်သော လူသားတို့အဘို မရှောင်သာ မတိမ်းသာသော မှုခင်းကိစ္စရပ်တို့သည် အလွန် များပြားလှကုန်၏။ များပြားသလောက် ရင်ဆိုင်၍ တိုက်ခိုက် ဖျက်ဆီး ချေမှုန်းရမည့် တာဝန်များသည်လည်း ကိုယ်စီကိုယ်င အသီးသီး ရှိကြ၏၊ ယင်းသို့ တိုက်ခိုက် ချေမှုန်းကြရာတွင် နည်းဗျူဟာအမျိုးမျိုး ရှိလေသည်။ ရှေးဟောင်း သေနင်္ ဗျူဟာနည်းအရ....

၁။ ပဒုမဗျူဟာ

၂။ စက္ကဗျူဟာ

၃။ သကဋဗျူဟာတို့သာ ဖြစ်ကြသည်။

(ယင်းတို့ အကြောင်းအရာအကျယ်ကို ဇာတကအဋ္ဌကထာ၊ ဒု၊ ၃၆၃။ စ၊၃၄၂-စသည်တို့၌ ကြည့်ပါ)။

ထိုရှေးဟောင်းစံနစ်အရ ဗျူဟာသုံးမျိုးနှင့် နောက်ဆုံးပေါ် ခေတ်စစ်ဆင်နည်းတို့ထက် အဆပေါင်းများစွာ သာလွန်သော သစ္စာကာရမဟာဗျူဟာသည်ကား ဘေးဆိုး ကပ်ဆိုး ဟူသမျှကို ကျော်နိုင်မည့်နည်းလမ်းဖြစ်သောကြောင့် ဤသစ္စာ

ကာရမဟာဗျူဟာကျမ်းစာကို ပြုစု တင်ပြလိုက်ရပေသည်။ စကား အများကြီးပြောကာ အချိန်ဖြုန်းနေကြမည့် အစား အထိရောက်ဆုံး စစ်ဆင်ရေးဖြစ်သည့် သစ္စာကာရအလုပ်ကို တွင်တွင်ကျယ်ကျယ်လုပ်ကြဘို့ အချိန်အခါ ဖြစ်သည့်အတိုင်း ဤစာအုပ်ကို ရေးသားလိုက်ရပါသည်။

“ဘုရားဖက်မှ အသက်ရှေမည်၊
တရားဖက်မှ အမျက်ပြေမည်၊
သံဃာဖက်မှ အခက်ဝေမည်”

ဟူသော ပေါရာဏ ဆိုရိုးအတိုင်း ဤသစ္စာနည်းလမ်းကား ရှင်ကြည်အေးမြ ဘေးမခဘဲ ခဏနှင့် ချမ်းသာတွေ့မည့် နည်းလမ်း ဖြစ်ပေသည်။ ဗုဒ္ဓရတနာ ဓမ္မရတနာ သံဃရတနာ ဟူသော ရတနာ့စစ်ကို မမေ့ဘို့ ဖန်တီးပေးသည့် နည်းကောင်း တရပ်လည်း ဖြစ်ပေသည်။ မပြတ်မလပ် အထပ်ထပ် လိုက်နာ ကျင့်သုံးကြပါက အမြတ်ဆုံးခေမာနန်းကိုပင် လှမ်းနိုင်ကြမည် ဖြစ်ပေရာ အခွင့်လဲသာ အခါလဲသင့် ကပ်သုံးပါး ဘေးရန် လွင့်အောင်သာ တိုက်ဖျက်ကြကုန်လော့ဟု နှိုးဆော်လိုက် ပါသည်။

## အကျိုးပြ ဖလဒဿန

လူ့လောကအလယ်ဝယ် တင့်တင့် တယ်တယ် ဝင့်ဝင့် ကြွယ်ကြွယ် မြင့်မြင့် ထယ်ထယ်ကြီး နေပြလိုက်ဦးမည်ဆိုသော လူထုတရပ်လုံးသည် ယခုအခါ၌—

၁။ စစ်ရေးမက်ရေး ရန်သူဘေးကြောင့် အပြေးအလွဲ ဆွေမျိုးကွဲသွား ပြည်ထဲရေးရာ ခက်သည်သာတည်း ဟူသော (ပထမအဆင့်)၊

၂။ အစာ အစား ထွားထွား မြည့်ကြွေ ရှားပါးလေ၍ သေကြေပျောက်ဆဲ ငတ်မွတ်ကဲလည်း ပြည်ထဲရေး ထက် ဝမ်းရေးခက်၏-ဟူသော (ဒုတိယအဆင့်)၊

၃။ ထိုထက်မှာမူ ချစ်သသူနှင့် အတူတကွ မနေရဘဲ လွမ်းတပူဆွေး သူနှင့်ဝေးသော် ပြည်ထဲရေးနှင့် ဝမ်းရေးတို့ထက် လွမ်းရေးခက်၏"ဟူသော (တတိယအဆင့်)၊

ဤကဲ့သို့ ပညာရှိဆရာကြီး ဦးရွှန်းရေးခဲ့သည့် ဥမ္မာဒန္တီပျို့ လာစကားအတိုင်း အခက်မျိုးစုံ ကြုံနေကြရပေပြီ။ "ပြည်ထဲရေးခက်၏၊ ပြည်ထဲရေးထက် ဝမ်းရေးခက်၏၊ ပြည်ထဲရေးနှင့် ဝမ်းရေးတို့ထက် လွမ်းရေးခက်၏"ဟူသော စကား အတိုင်း အစစ အရာရာ နေရာတကာမှာ ကုန်ဈေးနှုန်းတွေ ကြီးမြင့်၍ ရင်နှင့်ရင်အင့် အပူလုံးဆင့်နေကြသော လူထုတရပ်လုံးအတွက် ထက်မြက် လျှင်မြန် ချမ်းသာမှန်ကို အမှန် ရရှိစေနိုင်မည့် ဤ သစ္စာကာရမဟာဗျူဟာကျမ်းစာကို ရေးသားလိုက်ရခြင်း ဖြစ်ပေသတည်း။

# သစ္စာကာရ မဟာဗျူဟာ

## ရှုမှတ်စရာ မိတ်ဆက် အချီး ရစနာ

ဗုဒ္ဓ၏ ဘုရားဖြစ်ကြောင်း အကျင့်ကောင်း အကျင့်မြတ် တို့ကား–ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ပင် ဖြစ်ကြ၏။

(၁) ဒါန, သီလ၊ နေက္ခမ္မ၊ ပညာ, ဝီရိယာ။

(၂) ခန္တီ, သစ္စ၊ အဓိဋ္ဌာ၊ မေတ္တာ, ဥပေက္ခာ။

ဤလင်္ကာသံပေါက်ဖြင့် ခေါက်မိသေသပ် ရေတွက်တတ် အောင် စာရှုသူများအတွက် မိတ်ဆက်ပြီးကာ သစ္စာပါရမီ၏ ထူးခြားစွာ အောင်မြင်ရာ အောင်မြင်ကြောင်းတို့ကို ရှင်လူ ရဟန်း ရွှင်လန်းလေးနက် နှစ်သက်စရာ တင်ပြလိုပါသည်။ ယခုလို ဆုတ်ကပ်ခေတ် အချိန်အခါမျိုးမှာ ကမ္ဘာကြီးတရပ် လုံး မီးဟုန်းဟုန်းတောက်လောင်စ ပြုနေချိန်မျိုး၌ အားကိုး အားထားပြုစရာ ဗျူဟာတရပ် လိုအပ်ပါသည်။ ရှေးဟောင်း ကာလ၌—

(၁) ပဒုမဗျူဟာ

(၂) စက္ကဗျူဟာ

(၃) သကဋဗျူဟာ—

တို့ဖြင့် ပြည်တွင်းတမျိုး ပြည်ပတမျိုး အမျိုးမျိုး စစ်ခင်းပြီး ခရီးပန်းတိုင်အရောက် တိုက်ခိုက်ချေမှုန်း လက်နက်နှင့်လူတို့ကို အသုံးချကြလျက် ဘဝကြီးကို ရုန်းကန်ကြလေသည်။

ယင်းသို့ ရုန်းကန်လျက်ရှိကြရသော အချိန်ကာလမျိုးတွင် ဂေါတမအနွယ်တော်မှ ဘုန်းပန်းပွင့်ဖူး ဘုန်းရောင်မြူး၍ မီး ရှူး သန့်စင် ဖွားမြင်တော်မူလာသော ဂေါတမမြတ်စွာဘုရား မပွင့် ပေါ်မီခေတ်ကလည်းကောင်း, ပွင့်တော်မူပြီးနောက် ယနေ့တိုင် ခေတ်အဆက်ဆက်၌လည်းကောင်း ရင်ဆိုင်တိုင်း ရင်ဆိုင်တိုင်း မဆိုင်းမတွ အောင်ပွဲရခဲ့သော သစ္စာကာရ မဟာဗျူဟာ လက်နက်ဖြင့် လက်ရုံးရည်စစ်ပွဲကို တိုက်ခိုက်ရာတွင် နှလုံးရည် ပူးတွဲ၍ တိုက်ခိုက်ပါမှသာ လွယ်လင့်တကူ ချောမောစွာ အောင်ပွဲယူနိုင်မည်ကို မြော်ခေါ် မိပေရကား—

မိဘနှစ်ပါး ဆရာသမားများ၏ ဂုဏ်ကျေးဇူးတို့ဖြင့် သစ္စာပြုပုံ၊ သံဃဂုဏ်, ဓမ္မဂုဏ်, သမ္မာဗုဒ္ဓဂုဏ်, သမ္ဗုဒ္ဓဂုဏ်, သမ္မာ-သမ္ဗုဒ္ဓဂုဏ် စသည်တို့ဖြင့် သစ္စာပြုပုံတို့ကိုလည်းကောင်း၊

သီလစွမ်းအင်, ဒါနစွမ်းအင်, ပညာစွမ်းအင်, ဝီရိယစွမ်းအင် စသည်တို့ကို သစ္စာနှင့်ယှဉ်တွဲ၍ သစ္စာကာရ မဟာဗျူဟာ ခင်းကာ အောင်ပွဲယူပုံတို့ကိုလည်းကောင်း၊

ဗုဒ္ဓ အလောင်းတော်မြတ်၏—

၁–အသက်ကိုစွန့်၍ ပါရမီဖြည့်စွမ်းခြင်း ဇီဝိတပရိစ္စာဂဂုဏ်,

၂–မျက်စိ နား နှာ ခြေလက်တို့ကိုစွန့်၍ ပါရမီဖြည့်စွမ်းခြင်း အင်္ဂပရိစ္စာဂဂုဏ်,

၃–မယားကိုစွန့်၍ ပါရမီဖြည့်စွမ်းခြင်း ဘရိယပရိစ္စာဂဂုဏ်,

၄–သားသမီးတို့ကို စွန့်၍ ပါရမီဖြည့်စွမ်းခြင်း ပုတ္တပရိစ္စာဂဂုဏ်,

၅—နန်းစည်းစိမ် ရတနာဥစ္စာတို့ကို စွန့်၍ ပါရမီဖြည့်စွမ်းခြင်း နေပရိစ္စာဂဂုဏ်တို့ဖြင့် သစ္စာကာရ မဟာဗျူဟာခင်း၍ အောင်ပွဲယူပုံတို့ကိုလည်းကောင်း၊

ဗုဒ္ဓ ရှင်တော်ဘုရား၏—

နတ်တကာတို့ထက် အမြတ်ဆုံးနတ် ဖြစ်တော်မူသော ဒေဝါတိဒေဝဂုဏ်,

ဗြဟ္မာတကာတို့ထက် အမြတ်ဆုံး ဗြဟ္မာဖြစ်တော်မူသော ဗြဟ္မာတိဗြဟ္မဂုဏ်,

လောကနေသူ နတ်လူဗြဟ္မာအပေါင်းတို့၏ ချီးကျူးနက်လေး ကောင်းချီးပေးခြင်းကို ခံယူထိုက်သော လောကသေဋ္ဌဂုဏ်,

လောကနေသူ လူနတ်ဗြဟ္မာအပေါင်းတို့ထက် အကြီးအကဲဆုံးဖြစ်တော်မူသော လောကဇေဋ္ဌဂုဏ်,

သတ္တလောက သင်္ခါရလောက ဩကာသလောကတို့ထက် မြတ်တော်မူသော တိလောကဂ္ဂဂုဏ်,

အဆုံးမရှိသော ဉာဏ်တော်နှင့် ပြည့်စုံတော်မူသော အနန္တဉာဏဂုဏ်,

ကြံစည်အံ့ဩ ပြောဟော၍မကုန်နိုင်သော အစိန္တေယျဉာဏဂုဏ်,

ပရိသတ်ရှစ်ဖြာ ဗိုလ်ပါများးစွာအလယ်၌ တင့်တယ်လှစွာ ကေသရာခြင်္သေ့မင်းပမာ ရွံ့ရှားမရှိ ရဲရင့်ခြင်းအတိပြည့်သော စတုဝေသာရဇ္ဇဉာဏ်တော်ဂုဏ်,

ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှာမှ မရနိုင် မရှိနိုင်သော ဉာဏ်တော်မြတ်ကြီး ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဆအသာဓာရဏဉာဏ်တော်ဂုဏ် စသည်တို့နှင့်လည်း သစ္စာကာရ မဟာဗျူဟာခင်း၍ ကပ်သုံးပါးဘေး ရန်သူမျိုးငါးပါး ဘေးစသည်တို့ကို အောင်ပွဲယူပုံ ယူနည်းတို့ကိုလည်းကောင်း စာရှုသူ ဗိုလ်လူပရိသတ် အမြတ်တနိုး တွေ့ရှိမှတ်သားရမည် ဖြစ်လေသည်။

ထို့ပြင် စိတ်ကြီးဝင် ဘဝင်မြင့်လိုသော စိတ်ရိုင်း စိတ်မိုက် တို့ကိုလည်း မိမိတို့၏ နူးညံ့သန့်ရှင်း နှလုံးသား၏အတွင်း၌ မသွတ်မသွင်းမိအောင် ထိန်းသိမ်းဖုံးအုပ်၍ ထားနိုင်ကြပါ လိမ့်မည်။

ဤလူ့ဘဝ၌ ကိုယ့်နှလုံးသား နူးညံ့မှုကို မည်သူမဆို လူတိုင်း လူတိုင်း ဂရုပြုသင့်လှပေသည်။ ကိုယ့်နှလုံးသား နူးညံ့သန့်ရှင်းပါမှ အလုံးစုံသုခ ခဏနှင့် ရနိုင်ပေလိမ့်မည်၊ အလိုဆန္ဒ ခဏခြင်း ပြည့်စုံပေမည်။ ကာယသုခ စိတ္တသုခ အရ မြန်ပေမည်၊ ကြံစည်သမျှ ခဏနှင့် အောင်မြင်ပေမည်။

ထို့ပြင် စာဆိုအမော် ဆရာတော် ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့ အပိုဒ် ၁၂၂-၌လည်း သစ္စာစွမ်းအင်နှင့် ပတ်သက်၍ ဤသို့ ဖွဲ့ဆိုခဲ့လေသည်—

"အမှန် အမှန်၊ ဆိုမိထွန်သား၊ အမွန်သစ္စာ၊ ကိုး
ကွယ်ရာဟု၊ မဟာသတ္တော်၊ သူထင်ကျော်တို့၊ စွဲခေါ်မပြို့၊
ဆေးမကုတည်း၊ သေလုယူးယူး၊ မြွေဆိပ်ပူး၍၊ မူးသော်
လည်းကောင်း၊ သည်းထောင်းဆိပ်ဝ၊ အစိမ့်ရသား

မြွားမထောက်ထောက်၊ ရင်လယ်ဖောက်၍၊ မိန်းချောက်ပြူးတူး၊ မေးမထူးလျှင်၊ မူးသော်လည်းကောင်း၊ ရာဟောင်းလောင်းသား၊ တွင်းခေါင်းသာမျှ၊ မျက်ကွင်းဝဥ၊ သစ္စကြိယာ၊ ပြုကာမငြို၊ မြင်ပြန်လိုဟု၊ ဆိုသော်လည်းကောင်း၊ ဤ လုံးပေါင်းသား အကြောင်းဖြစ်လား၊ ကြိုက်လတ်ငြားမူ၊ သိကြားကုငှါ၊ မလွတ်သာတည့်၊ သစ္စာနှုတ်သီး၊ မန္တန်ကြီးဖြင့်၊ ကျော်ချီးစေအောင်၊ အငြိမ်းဆောင်သည်၊ အခေါင်မြူတေ လထိတည်း။"

ဤရတုလင်္ကာစကားအရ ကဏှဒီပါယနဇာတ်[၁]တွင် ယညဒတ်သတို့သား မြွေကိုက်ခံရ၍ ဗုဒ္ဓအလောင်းတော် ကဏှဒီပါယနရသေ့၏လက်ဖြင့် ယညဒတ်သတို့သား၏ ဦးခေါင်း၌ တင်ကာ ပရိတ်မေတ္တာ သစ္စာစကားဖြင့် မြင့်မြတ်တင့်မွန် အမှန်အဟုတ် မယုတ်မကွယ် တကယ်မြွက်ဟ သစ္စာကာရ မဟာဗျူဟာဆင်မှု၊ မဏ္ဍဗျသူကြွယ်၏ သစ္စာကာရမဟာ ဗျူဟာဆင်မှု၊ သူကြွယ်ကတော်၏ သစ္စာကာရ မဟာဗျူဟာ ဆင်မှုတို့ကြောင့် ဦးခေါင်းမှစ၍ မြွေဆိပ်လျှောကျ ခြင်းတို့ မှာလည်း ဆေးဝါးမဘက် ပရိတ်မေတ္တာ သစ္စာလက်နက် ကြောင့်ပင် ဖြစ်ပေသည်။

ထို့ပြင် "ခပ်သိမ်းသောဒါနကို တရားတည်းဟူသော အလှူဒါနသည် အောင်နိုင်လေ၏။

---

၁။ ဇာတကပါဠိ ပဉ္စမ နှာ-၂၀၀။ ၎င်းအဋ္ဌကထာ စတုတ္ထ-နှာ-၂၀။

ခပ်သိမ်းသောအရသာကို တရားကိုစွဲ၍ဖြစ်သော ပီတိသောမနဿတည်းဟူသော ဓမ္မရသသည် အောင်နိုင်လေ၏။

ခပ်သိမ်းသော မွေ့လျော်ခြင်းကို တရားနှင့်မွေ့လျော်ခြင်းသည်´ အောင်နိုင်လေ၏။

အရဟတ္တမဂ်ကိုရ၍ တဏှာကုန်ခြင်းသည် အလုံးစုံသော သံသရာဝဋ်ဆင်းရဲဒုက္ခကို အောင်နိုင်လေ၏။"[၁] ဤလေးချက်ဖြင့် သစ္စာကာရ မဟာဗျူဟာခင်းပါက အောင်နိုင်ရမည်ပင်တည်း။

## ဓမ္မဒါနဖြင့် သစ္စာပြုပုံ

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ[၁] =ခပ်သိမ်းသောဒါနကို တရားတည်းဟူသော အလှူဒါနသည် အောင်နိုင်လေ၏" ဟု ဗုဒ္ဓရှေ့နူတ် ဖွင့်ထုတ်ဟောကြားတော်မူသည်မှာ အမှန်အစစ်ဖြစ်၏၊ ဤသို့ မှန်ကန်သောစကားကြောင့် အကျွန်ုပ်ကြံစည်သမျှ ခဏချက်ခြင်း အောင်မြင်ပါစေ—

ဟု သစ္စာပြုလျှင် တကယ်ပင် အောင်ပါလိမ့်မည်။ ကျန်သုံးပါးကိုလည်း ဤနည်းကိုယူ၍ပြီး သစ္စာပြုကြရန်ပင် ဖြစ်သည်။

ဤသစ္စာကာရ မဟာဗျူဟာကျမ်းမှာ စာတွေ့ ကိုယ်တွေ့ဟပ်မိအောင် နယဂ္ဂါဟ ယူနိုင်ကြစေရန်ကိုလည်း ပြည့်နှံး၍ထားပါသဖြင့် အခက်အခဲမှန်သမျှ ခဏအမြန် ရှင်းလင်းဖယ်

---

၁။ ဓမ္မပဒ-နှာ ၆၄။

ရှားရန်အတွက် နည်းကောင်းလမ်းမှန် တရားအမှန်ဖြစ်သော ဤ သစ္စာကာရ မဟာဗျူဟာကျမ်းသည် ကမ္ဘာသူ လူထု တရပ်လုံး ရွှင်ရွှင်ပြုံးပြုံး လုံးလုံးကြီး မှီခိုအားထားရာအစစ်ပင် ဖြစ်ပေကြောင်း ဖော်ပြအပ်ပါသည်။

အရှင် သိရိသဟမ္ပတိမထေရ်

သစ္စာကာရ မဟာဗျူဟာကျမ်းပြု ဆရာတော်

၁၇-၁၀-၇၄

# သစ္စာကာရ မဟာဗျူဟာကျမ်း

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဥယျောဇဉ် .... .... | က |
| သစ္စာကာရမဟာဗျူဟာ တည်းဖြတ်သူ၏အမြင် .... | ကိ |
| မုသားနှိမ်နင်းရေးနှင့် သစ္စာထွန်းကားရေး .... | ခု |
| သစ္စာ ၂-မျိုး .... .... | ခေါ် |
| ပရမတ္ထ သစ္စာ ၂-မျိုး .... .... | ခံ |
| သစ္စာ ၃-မျိုး .... .... | ခံ |
| သမ္မာဝါစာ ၃-မျိုး .... .... | ခံ |
| သစ္စာကာရမဟာဗျူဟာနိဒါန်း .... .... | ဂိ |
| အကြောင်းပြ ဟေတုဒဿန .... .... | ဂိ |
| အကျိုးပြ ဖလဒဿန .... .... | ဂီ |
| ရှုမှတ်စရာ မိတ်ဆက် အချီးရစနာ .... .... | ဂူ |
| ဓမ္မဒါနဖြင့် သစ္စာပြုပုံ .... .... | ဂံ |
| ပဏာမနှင့် ဆုတောင်း .... .... | ၁ |
| သိကောင်းစရာအမှန် အသိမ္မာန် .... .... | ၃ |
| မချွတ်သစ္စာဖြစ်ခြင်းအကြောင်း .... .... | ၄ |
| ယနေ့ မျက်မှောက်ခေတ်၌ အသိမ္မာန်ရှိသူများအကြောင်း | ၆ |
| အဇာတသတ်မင်း၏ အသိမ္မာန် .... .... | ၈ |
| ခေမာမိဖုရားအား ဗိမ္ဗိသာရလှည့်ကွက် .... | ၈ |
| ဗိမ္ဗိသာရ(ခ)ဦးရွှေနှစ်၏ ပရိယာယ်ပြည့်ကြွယ်ပုံ .... | ၁၀ |

# သစ္စာကာရ မဟာဗျူဟာကျမ်း

အကြောင်းအရာ — စာမျက်နှာ


ဝေဒေဟိမိဖုရားအား ဗိမ္ဗိသာရလှည့်ကွက် .... ၁၀
လင်နှင့်မယား ကတိသစ္စာထားမှု လေးချက် .... ၁၃
ဗောဇ္ဈင်ခုနစ်ဖြာဖြင့် သစ္စာပြုနည်း .... ၁၅
ဘေးရန်ကင်း၍ ချမ်းသာခြင်းရစေလွယ်သည့် ထက်မြက်လှသော မဟာဗျူဟာ .... .... ၁၆
ဥပမိ (၄) ပါး .... .... ၁၇
သစ္စာပြုက မြေဆိပ်ကျနိုင်ပုံ ယညဒတ် သတို့သားဝတ္ထု ၁၈
ကဏှဒီပါယနရသေ့၏ သစ္စာပြုပုံ .... .... ၂၀
မဏ္ဍဗျသူကြွယ်၏ သစ္စာပြုပုံ .... .... ၂၀
ဝိသာခါအလောင်း သူကြွယ်ကတော်၏ သစ္စာပြုပုံ .... ၂၂
အမှန်တရား ဖုံးကွယ်၍ မရပုံ .... .... ၂၂
မေတ္တာရှင်၏ နှလုံးသား နူးညံ့ပုံ .... .... ၂၃
အနိုင်မယူကောင်းသောပုဂ္ဂိုလ် .... .... ၂၄
အလောင်းတော်ငါးရုံ့မင်းဝတ္ထု .... .... ၂၇
ငါးရုံ့မင်း သစ္စာပြုပုံ .... ....၂၇၊၂၉
ငုံးမင်းဝတ္ထု .... .... ၃၀
ငုံးပေါက်စလေး သစ္စာပြုသဖြင့် တောမီးငြိမ်းရပုံ .... ၃၀
ငုံးမင်း၏ သစ္စာပြုပုံ .... .... ၃၃-၅
ငုံးမင်းကလေး၏ အကြံပြုပုံ ရှင်းတမ်း .... ၃၃
ဘုရားရှင်၏ အံ့ဘွယ်ဂုဏ်ဖြင့် သစ္စာပြုပုံ .... ၃၅
မေတ္တာပို့နည်း .... .... ၃၈

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ကိုယ်စောင့်နတ်တကျိပ်နှစ်ပါး မေတ္တာပို့ .... | ၃၉ |
| အလောင်းတော် ရွှေဥဒေါင်းမင်း သစ္စာပြုပုံ .... | ၄၀ |
| အလောင်းတော် ရွှေဥဒေါင်းမင်း၏ နေထွက်သစ္စာ .... | ၄၁ |
| အလောင်းတော် ရွှေဥဒေါင်းမင်း၏ နေဝင်သစ္စာ .... | ၄၂ |
| မောရသုတ်ကို နည်းမှီ၍ သစ္စာပြုပုံ .... | ၄၃ |
| မိန်းမမြတ်တို့၏ အလိုဆန္ဒပြသော ခေမာမိဖုရား .... | ၄၃ |
| ပရိတ်တော်မြတ်၏ အာနုဘော် .... .... | ၄၅ |
| မုဆိုး၏ သစ္စာပြုပုံ .... .... | ၄၇ |
| မီး မြေ မင်းကို ရှိသေရခြင်း .... .... | ၄၉ |
| လက်ရုံးရည်စွမ်းအားနှင့် နှလုံးရည်စွမ်းအားအကြောင်း | ၄၉ |
| ဖခင် ဝိဓုရပုဏ္ဏားပညာရှိက သားငယ် သမ္ဘဝပုဏ္ဏား လေးအား ဆရာတင်ပုံ .... .... | ၅၀ |
| ဇနသန္ဓမင်းကြီးက သားတော် အာဒါသမုခမင်းသား ကလေးအား အားကိုးအားထားပြုပုံ .... | ၅၀ |
| အာဇာနည်မြင်းအကြောင်း .... .... | ၅၁ |
| ဝိမုတ္တိငါးပါးဖြင့် သစ္စာပြုပုံ .... .... | ၅၂ |
| တဒင်္ဂဝိမုတ္တိ .... .... | ၅၂ |
| ဝိက္ခမ္ဘနဝိမုတ္တိ .... .... | ၅၃ |
| သမုစ္ဆေဒဝိမုတ္တိ .... .... | ၅၄ |
| ပဋိပဿဒ္ဓိဝိမုတ္တိ .... .... | ၅၄ |
| နိဿရဏဝိမုတ္တိ .... .... | ၅၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဿရဏဝိမုတ္တိဖြင့် သစ္စာပြုပုံ .... .... | ၅၅ |
| ဘဒ္ဒကမ္ဘာ၌ပွင့်သော ဘုရား(၄)ဆူတို့ဖြင့် သစ္စာပြုပုံ | ၅၅ |
| လူ့ဘဝ၌ ကြီးပွါးချမ်းသာလိုသူတိုင်း သစ္စာပြုပုံ .... | ၅၆ |
| စကားကောင်း အင်္ဂါလေးပါး .... .... | ၅၇ |
| လက်ရုံးရည် နှလုံးရည် စစ်ဗျူဟာဆင်နည်း .... | ၅၈ |
| မဟာသီလဝဇာတ် .... .... | ၅၉ |
| ကောသလမင်းနှင့် မဟာသီလဝမင်းအကြောင်း .... | ၅၉ |
| မိတ်ဆွေကောင်းနှင့် မိတ်ဆွေယုတ်အကြောင်း .... | ၆၀ |
| မဟာသီလဝမင်း၏ သီလဂုဏ် .... .... | ၆၁-၂ |
| မအောင်သင့်သောသူကို အောင်ပွဲယူသူ .... | ၆၄ |
| အနိုင်မယူသင့်သောသူကို အနိုင်ယူသူ .... | ၆၄ |
| သစ္စာပါရမီဖြင့် ရေဘေးကြီးမှ လွတ်မြောက်ပုံ .... | ၆၅ |
| သုပ္ပါရကသုခမိန်၏ နက်နဲသောဉာဏ် .... | ၆၇ |
| မင်္ဂလာဆင်ဖြူတော် မထိုက်ကြောင်း ဆုံးဖြတ်ပုံ .... | ၆၈ |
| မင်္ဂလာမြင်း မထိုက်ကြောင်း ဆုံးဖြတ်ပုံ .... | ၆၈ |
| မင်္ဂလာရထား မထိုက်ကြောင်း ဆုံးဖြတ်ပုံ .... | ၆၈ |
| မင်းသုံးကမ္ဗလာ မထိုက်ကြောင်း ဆုံးဖြတ်ပုံ .... | ၆၈ |
| ကိုယ်ကျင့်သီလ ဖြူစင်မှုဖြင့် သစ္စာပြုပုံ .... | ၆၉ |
| ခုရမာလိသမုဒ္ဒရာအကြောင်း .... .... | ၇၀ |
| အဂ္ဂိမာလိသမုဒ္ဒရာအကြောင်း .... .... | ၇၀ |
| ဒဓိမာလိသမုဒ္ဒရာအကြောင်း .... .... | ၇၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ကုသမာလိသမုဒ္ဒရာအကြောင်း .... .... | ၇၁ |
| နဠမာလိသမုဒ္ဒရာအကြောင်း .... .... | ၇၁ |
| ဗလဝမုခသမုဒ္ဒရာအကြောင်း .... .... | ၇၁ |
| သုပ္ပါရကသူခမိန် သစ္စာပြုပုံ .... .... | ၇၂ |
| သစ္စာပြုခြင်းအကျိုး .... .... | ၇၃ |
| ဗုဒ္ဓဂုဏ်တော် ၁၀-ပါး .... .... | ၇၄ |
| ဗုဒ္ဓဂုဏ်တော်(၁၀)ပါး မြန်မာလို ရှိခိုးရန် .... | ၇၄ |
| ဗုဒ္ဓမင်္ဂလာဂါထာဖြင့် ဘုရားရှိခိုးသစ္စာပြုဆုတောင်း .... | ၇၇ |
| ဗုဒ္ဓမင်္ဂလာကို မြန်မာဘာသာဖြင့် သစ္စာပြုပုံ .... | ၇၈ |
| ဗုဒ္ဓဂုဏ်တော် ၁၀-ပါး မြန်မာစကားပြေ .... | ၇၆ |
| ဗုဒ္ဓသုံးမျိုး စစ်တမ်းထုတ်ပြပုံ .... .... | ၈၂ |
| မေတ္တာအဆင့်ဆင့် ထက်မြက်စူးရှပုံ .... .... | ၈၃-၆ |
| မိတ်ဆွေစစ် လေးမျိုး .... .... | ၈၄ |
| ၁-ဥပကာရမိတ်ဆွေစစ် .... .... | ၈၄ |
| ၂-သမာနသုခဒုက္ခမိတ်ဆွေစစ် .... .... | ၈၄ |
| ၃-အတ္ထက္ခာယီမိတ်ဆွေစစ် .... .... | ၈၄ |
| ၄-အနုကမ္ပကမိတ်ဆွေစစ် .... .... | ၈၅ |
| အဆွေခင်ပွန်းယုတ် လေးမျိုး .... .... | ၈၅ |
| ၁-အညဒတ္ထုဟရမိတ်ဆွေခင်ပွန်းယုတ် .... | ၈၅ |
| ၂-ဝစီပရမခင်ပွန်းယုတ် .... .... | ၈၆ |
| ၃-အနုပိယဘာဏီခင်ပွန်းယုတ် .... .... | ၈၆ |
| ၄-အပါယသဟာယခင်ပွန်းယုတ် .... .... | ၈၇ |

အကြောင်းအရာ စာမျက်နှာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| အရဟံဂုဏ်တော် | .... | .... | ၈၈ |
| ကက္ကရုနတ်ပန်းပမာ | .... | .... | ၈၈ |
| စက်လေးပါး | .... | .... | ၉၁ |
| ဘုရားရှင်၏ မေတ္တာတော်ဆေးကြီး ခံယူပုံ | | .... | ၉၂ |
| ဝိပဿီဘုရားရှင်၏ မေတ္တာခံယူပုံ | .... | .... | ၉၂ |
| သစ္စာပြုဆုတောင်း | .... | .... | ၉၃-၅ |
| သိခီဘုရားရှင်၏ မေတ္တာခံယူပုံ | .... | .... | ၉၃ |
| ဝေဿဘူဘုရားရှင်၏ မေတ္တာခံယူပုံ | .... | .... | ၉၅ |
| သီလထိန်းပြီး သစ္စာပြု | .... | .... | ၉၇ |
| သုပ္ပါရကသည် သီလဖြင့် သစ္စာပြုပုံ | .... | .... | ၉၈ |
| ဒါနဖြင့် သစ္စာပြုခြင်းကြောင့် မျက်စိနှစ်လုံး ပြန်ရရှိသော သိဝိမင်းထုံး | .... | .... | ၉၉ |
| သိဝိမင်းကြီး မျက်စိထုတ်လှူပုံ | .... | .... | ၁၀၀ |
| သမန္တစက္ခုကို ရည်ရွယ်၍ မံသစက္ခုလှူပုံ | | .... | ၁၀၂ |
| မရောင့်ရဲနိုင်ခြင်း ၃-ပါး | .... | .... | ၁၀၃ |
| သိဝိမင်း ပဌမအကြိမ် သစ္စာပြုခြင်း | .... | .... | ၁၀၄ |
| သိဝိမင်း ဒုတိယအကြိမ် သစ္စာပြုခြင်း | | .... | ၁၀၅ |
| ဒုကူလ,ပါရိကာ,နတ်သမီးတို့ သစ္စာပြု၍ အသက်ရှင်ခြင်းနှင့် မျက်စိအလင်းရခြင်း | | .... | ၁၀၆ |
| သုဝဏ္ဏသာမ မြားဆိပ်ဖြေ သစ္စာပြုပုံ | .... | .... | ၁၀၇ |
| သစ္စာရသ မှန်မြတ်ပုံ | .... | .... | ၁၀၈ |

အကြောင်းအရာ စာမျက်နှာ

သမ္မုလာဇာတ်အစ .... .... ၁၀၉
သစ္စာအနှစ်ဖြင့် လင်ချစ်ကို အနိုင်ယူသူ လုပ်ျိဖြူ .... ၁၀၉
ဇနီးမောင်နှံ ပြောဆိုရမည့် စကား ၄-မျိုး .... ၁၁၀
သမ္မုလာ လင့်အလုပ်အကျွေးပြုပုံ .... .... ၁၁၁
သမ္မုလာမင်းသမီး သစ္စာပြုပုံ .... .... ၁၁၁
ဒါနဝဘီလူးနှင့် သမ္မုလာမင်းသမီးတွေ့ပုံ .... ၁၁၂
ဒါနဝဘီလူး အကြမ်းဖက်၍ သစ္စာလက်နက်နှင့်
တိုက်ဖျက်ရပုံ .... .... ၁၁၄
သိကြားမင်း ကယ်မပုံ .... .... ၁၁၄
သောတ္တိသေနနှင့် သမ္မုလာတွေ့ဆုံ စကားနိုင်လုပုံ .... ၁၁၅
သမ္မုလာ သစ္စာဆို၍ နူနာပျောက်ကင်းပုံ .... ၁၁၇
သောတ္တိသေန အသစ်တွေ့၍ အဟောင်းမေ့ပုံ .... ၁၁၇
ဖခင်ရသေ့ကြီး သတိပေး ဆုံးမ၍ သမ္မုလာကို
ပြန်လည်ဂရုစိုက်ခြင်း .... .... ၁၁၈
သောတ္တိသေနဘဝက မယားနိုင်ခဲ့ပုံ.... .... ၁၁၈
ပသေနဒီကောသလဘဝမှာ မယားကို အရှုံးပေးခဲ့ရပုံ ၁၁၈
ဗြဟ္မဒတ်မင်းကြီးကို အနိုင်ယူသူ တောသူ ပျိုဖြူ .... ၁၁၉
သစ္စာမှဲ့ ဗြဟ္မဒတ်မင်းကို သုဇာတာ တောသူ အနိုင်ယူပုံ ၁၁၉
ထင်းခွေနေသူ တောသူ ပျိုဖြူ .... .... ၁၁၉
သုဇာတာ သစ္စာပြုပုံ .... .... ၁၂၂
ကဌဝါဟန သားတော် ကောင်းကင်မှ တရားဟောပြပုံ ၁၂၂

အကြောင်းအရာ                                   စာမျက်နှာ

ဇာတ်တော်ပေါင်းခန်း .... .... ၁၂၃
မဟာပဇာပတိ ဂေါတမီ၏ မိန်းမမြတ်ဂုဏ် ၁၀-ပါး.... ၁၂၃
၁-ရူပဂုဏ် .... .... ၁၂၃
၂-သဒ္ဒဂုဏ် .... .... ၁၂၄
၃-ဂန္ဓဂုဏ် .... .... ၁၂၄
၄-ရသဂုဏ် .... .... ၁၂၄
၅-ဖောဋ္ဌဗ္ဗဂုဏ် .... .... ၁၂၄
၆-အာယုဂုဏ် .... .... ၁၂၅
၇-ဝဏ္ဏဂုဏ် .... .... ၁၂၅
၈-သုခဂုဏ် .... .... ၁၂၅
၉-ယသဂုဏ် .... .... ၁၂၅
၁၀-အဓိပတေယျဂုဏ် .... .... ၁၂၅
အပြစ်ခြောက်ပါး ကင်းခြင်း .... .... ၁၂၆
ကောင်းခြင်း ငါးပါ နှင့် ပြည့်စုံခြင်း.... .... ၁၂၇
မိန်းမတို့၏ အာဝေဏိက ဒုက္ခ ၅-ပါး .... ၁၂၉
ရှစာမင်းသမီးအကြောင်း .... .... ၁၃၁
အင်္ဂတိမင်း၏ နန်းညီလာခံ .... .... ၁၃၃
ကဿပတက္ကတွန်း၏ အကြံကို လက်ခံမိတဲ့ အင်္ဂတိ .... ၁၃၄
အလှူပေးခြင်း အကျိုးမရှိ .... .... ၁၃၇
မိဘဆရာမရှိ .... .... ၁၃၇
မြဲသောတရား ၇-ပါး .... .... ၁၃၇

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ဗိဇက သူဆင်းရဲ ငိုကြွေးခန်း | .... | .... | ၁၃၉ |
| မြင့်မြတ်ရစာ ဆွေကလျာ | .... | .... | ၁၄၀ |
| ဂေါဓရောဇဇာတ် | .... | .... | ၁၄၉ |
| အဖေတရားရစေရန် သမီး တရားပြရပြန် | | .... | ၁၅၀ |
| ရစာမင်းသမီး သစ္စာအဓိဋ္ဌာန်ပြုပုံ | .... | .... | ၁၅၁ |
| ရစာမင်းသမီး၏ သစ္စာဓိဋ္ဌာန်ပြုချက်ကို အလွန်နှစ်သက်၍ နာရဒပြဟ္မာမင်း လူ့ပြည်ဆင်း၍ တရားဟောခန်း | .... | .... | ၁၅၂ |
| ငရဲခန်းကို ပြခန်း | .... | .... | ၁၅၇ |
| ငရဲကြီး ၈ ထပ် | .... | .... | ၁၅၈ |
| ၁ – သိဉ္ဇီဝငရဲ | .... | .... | ၁၅၈ |
| ၂ – ကာလသုတ်ငရဲ | .... | .... | ၁၅၈ |
| ၃ – သံဃာတငရဲ | .... | .... | ၁၅၈ |
| ၄ – ဇာလရောရုဝငရဲ | .... | .... | ၁၅၉ |
| ၅ – ဓုမရောရုဝငရဲ | .... | .... | ၁၅၉ |
| ၆ – တာပနငရဲ | .... | .... | ၁၅၉ |
| ၇ – မဟာတာပနငရဲ | .... | .... | ၁၆၀ |
| ၈ – မဟာအဝီစိငရဲ | .... | .... | ၁၆၀ |
| ဝိပဿီစသော ဘုရားခုနစ်ဆူတို့၏ မေတ္တာတော်ဆေးကို ခံယူခြင်း | .... | .... | ၁၆၂ |
| ဝိပဿီမြတ်စွာဘုရား၏ မေတ္တာတော်ဆေးပင့်ပုံ | | .... | ၁၆၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝိပဿီမြတ်စွာဘုရား၏ ငါးပါးသောစက္ခုအဓိပ္ပါယ် | ၁၆၃ |
| ဗုဒ္ဓစက္ခု အရကောက်ပြပုံ .... .... | ၁၆၃ |
| သမန္တစက္ခု အရကောက်ပြပုံ .... .... | ၁၆၃ |
| ပညာစက္ခု အရကောက်ပြပုံ .... .... | ၁၆၃ |
| ဓမ္မစက္ခု အရကောက်ပြပုံ .... .... | ၁၆၃ |
| ဒိဗ္ဗစက္ခု အရကောက်ပြပုံ .... .... | ၁၆၃ |
| သိခီမြတ်စွာဘုရား၏ မေတ္တာတော်ဆေးပင့်ပုံ .... | ၁၆၄ |
| ဝေဿဘူမြတ်စွာဘုရား၏ မေတ္တာတော်ဆေးပင့်ပုံ .... | ၁၆၄ |
| ကကုသန်မြတ်စွာဘုရား၏ မေတ္တာတော်ဆေးပင့်ပုံ .... | ၁၆၅ |
| ကောဏာဂုံမြတ်စွာဘုရား၏ မေတ္တာတော်ဆေးပင့်ပုံ | ၁၆၆ |
| ကဿပမြတ်စွာဘုရား၏ မေတ္တာတော်ဆေးပင့်ပုံ .... | ၁၆၆ |
| ဂေါတမမြတ်စွာဘုရား၏ မေတ္တာတော်ဆေးပင့်ပုံ .... | ၁၆၇ |
| သစ္စာပြု၍ တိုက်စစ်ဆင်နည်း .... .... | ၁၆၈ |
| ဗုဒ္ဓဇီဝိတဖြင့် သစ္စာပြု ဆုပန်ပုံ .... .... | ၁၆၈ |
| အသက်ရှည်ရန် သစ္စာပြုနည်း .... .... | ၁၆၈ |
| ဗုဒ္ဓသဗ္ဗညုတဉာဏ်ဖြင့် သစ္စာပြု ဆုပန်ပုံ .... | ၁၆၈ |
| ဉာဏ်တိုးပွါးရန် သစ္စာပြုနည်း .... .... | ၁၆၉ |
| ဗုဒ္ဓရူပကာယဖြင့် သစ္စာပြု ဆုပန်ပုံ.... .... | ၁၆၉ |
| ရုပ်ရည်လှရန် သစ္စာပြုနည်း .... .... | ၁၆၉ |
| ဗုဒ္ဓဣဒ္ဓိဖြင့် သစ္စာပြု ဆုပန်ပုံ .... .... | ၁၇၀ |
| တန်ခိုးကြီးရန် သစ္စာပြုနည်း .... .... | ၁၇၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဗုဒ္ဓဝစနာဒိဖြင့် သစ္စာပြု ဆုပန်ပုံ .... .... | ၁၇၀ |
| စကားပြောကောင်းရန် သစ္စာပြုနည်း .... | ၁၇၁ |
| ကမ္ဘာဦးက လူအနံ့ .... .... | ၁၇၂ |
| ဗုဒ္ဓအာဝေဏိက ဂုဏ်ထူး ၁၈-ပါးဖြင့် သစ္စာပြုပုံ .... | ၁၇၄ |
| ပထမဆင့် ဂုဏ်ထူး ၃-ပါးဖြင့် သစ္စာပြုပုံ .... | ၁၇၄ |
| မှာထားချက် .... .... | ၁၇၄ |
| သစ္စာပြုဆုတောင်း .... .... | ၁၇၄-၇ |
| ဒုတိယဆင့် ဂုဏ်ထူး ၃-ပါးဖြင့် သစ္စာပြုပုံ .... | ၁၇၆ |
| တတိယဆင့် ဂုဏ်ထူး ၆-ပါးဖြင့် သစ္စာပြုပုံ .... | ၁၇၇ |
| သစ္စာပြုဆုပန် .... | ၁၇၈ မှ ၁၈၀ |
| စတုတ္ထဆင့် ဂုဏ်ထူး ၆-ပါးဖြင့် သစ္စာပြုပုံ .... | ၁၈၀ |
| ဗုဒ္ဓ၏ အာဝေဏိကဂုဏ်ထူး ပဌမဆင့် ၃-ပါး .... | ၁၈၁ |
| ဗုဒ္ဓ၏ အာဝေဏိကဂုဏ်ထူး ဒုတိယဆင့် ၃-ပါး .... | ၁၈၁ |
| ဗုဒ္ဓ၏ အာဝေဏိကဂုဏ်ထူး တတိယဆင့် ၆-ပါး .... | ၁၈၂ |
| ဗုဒ္ဓ၏ အာဝေဏိကဂုဏ်ထူး စတုတ္ထဆင့် ၆-ပါး .... | ၁၈၂ |
| ဗုဒ္ဓ၏ ခရဏပရိတ်အညွန်းမိန့်ခွန်း(ညီတော်အာနန္ဒာ ဟောခန်း) .... .... | ၁၈၂ |
| အမှာစကား .... .... | ၁၈၄ |
| ဗုဒ္ဓ အဆူဆူတို့၏ အာဝေဏိကဂုဏ်ထူး ၁၈-ပါး .... | ၁၈၅ |
| ဝိပဿီစသော ဘုရား ၇-ဆူတို့၏ တန်းခိုးတော်ဆေးကို ပင့်၍ သစ္စာပြု ဆုတောင်းပုံ .... .... | ၁၈၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝိပဿီဘုရားပင့်နှင့်အကျိုး .... .... | ၁၈၉ |
| သိခီဘုရားပင့်နှင့်အကျိုး .... .... | ၁၈၉ |
| ဝေဿဘူဘုရားပင့်နှင့်အကျိုး .... .... | ၁၉၀ |
| ကကုသန်ဘုရားပင့်နှင့်အကျိုး .... .... | ၁၉၁ |
| ကောဏာဂုမ်ဘုရားပင့်နှင့်အကျိုး .... .... | ၁၉၁-၂ |
| ကဿပဘုရားပင့်နှင့်အကျိုး .... .... | ၁၉၂ |
| ဂေါတမဘုရားပင့်နှင့်အကျိုး .... .... | ၁၉၃ |
| မေတိယမင်း၏ တန်းခိုးဂုဏ်ထူးလေးပါး .... | ၁၉၃ |
| ခေတ်လူငယ်များ ဘုန်းတန်းခိုးကြီးစေရန်ညွှန်ပြချက် | ၁၉၅ |
| ဓာရဏပရိတ်မှ၍ သစ္စာပြု ဆုတောင်း .... | ၁၉၅ |
| ကျမ်းပြုသူ၏ အကျင့်တရပ် ဖော်ပြချက် .... | ၁၉၆ |
| ဗုဒ္ဓရတနာ ဂုဏ်များစွာဖြင့် သစ္စာပြု ဆုပန် .... | ၁၉၆-၇ |
| မေတ္တာတရား အမြဲထားသင့်ကြောင်း .... | ၁၉၇ |
| ဓမ္မရတနာ ဂုဏ်များစွာဖြင့် သစ္စာပြုကာ ချမ်းသာ ဆုကို ပန်ကြရန် .... .... | ၁၉၉ |
| စီးပွါးချမ်းသာ ပြည့်စုံလိုသူတိုင်း ရွတ်ရန် .... | ၂၀၁ |
| သံဃရတနာ ဂုဏ်များစွာဖြင့် သစ္စာပြုကာ ချမ်းသာ ဆုကို တောင်းကြပါရန် .... .... | ၂၀၃ |
| စည်းစိမ်ရှင် ဖြစ်စေရန် ညွှန်ပြချက် .... .... | ၂၁၁ |
| ပဌမဆင့် ဦးခေါင်း၌ ဘုရားပင့်ရန်.... .... | ၂၁၂-၃ |
| ဒုတိယဆင့် နှလုံးသား၌ ဘုရားပင့်ရန် .... | ၂၁၄ |

မာတိကာ

အကြောင်းအရာ စာမျက်နှာ


တတိယဆင့် ဦးခေါင်း၌ တရားပင့်ရန် .... ၂၁၅
စတုတ္ထဆင့် ဘုရားရှိခိုး ဆုတောင်း .... .... ၂၁၇
ပဥ္စမဆင့် သစ္စာပြု ဆုတောင်း .... .... ၂၁၈
လာဘ်တိုးရန် သစ္စာပြု ဆုတောင်း.... .... ၂၁၈
တန်းခိုးကြီးရန် သစ္စာပြု ဆုတောင်း .... ၂၁၉
ချမ်းသာတိုးရန် သစ္စာပြု ဆုတောင်း .... ၂၁၉
အခြံအရံများရန် သစ္စာပြု ဆုတောင်း .... ၂၂၀
အန္တရာယ် ဆယ်ပါး .... .... ၂၂၁
ကိုယ်ကျင့်သီလရှိသူကိုသာ နတ်သိကြား ကူညီ .... ၂၂၁
သုဇာတာ၏ သစ္စာကာရ မဟာဗျူဟာလက်နက် .... ၂၂၂
သုဇာတာ သစ္စာပြုပုံ .... .... ၂၂၅
အတုလဗုဒ္ဓ၏ အထက်မြက်ဆုံး လက်နက် .... ၂၂၆
ဗုဒ္ဓဝင် အကျဉ်း .... .... ၂၂၇
ပုဗ္ဗနိမိတ်ငါးပါးအချီး .... .... ၂၂၇
ပုဗ္ဗနိမိတ်ငါးပါး .... .... ၂၂၇
ကြည့်ခြင်းကြီး ငါးပါး .... .... ၂၂၉
အလောင်းတော်သိဒ္ဓတ်၏ ဘုရားဖြစ်လိုသော မဟာ
ဆန္ဒတော် .... .... ၂၃၀
သံဝေဂဉာဏ် ဖြစ်တော်မူပုံ .... .... ၂၃၀
နို့ထူး နို့မြတ် .... .... ၂၃၁
သုဇာတာ ရွှေခွက်နှင့် နို့ဃနာ လှူခြင်း .... ၂၃၃

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တသိန်းတန် ရွှေခွက်ကို အဝိဋ္ဌာန်ပြီး မျှောခန်း .... | ၂၃၃ |
| သောတ္ထိယပုဏ္ဏား မြက်ရှစ်ဆုပ် လှူပုံ .... | ၂၃၄ |
| ပလ္လင်တော်ပေါ် ပေါက်၍ မာရ်နတ် လုပုံ .... | ၂၃၄ |
| မာရ်နတ်ကို အောင်မြင်တော်မူခြင်း.... .... | ၂၃၅ |
| မြေကို သက်သေထား၍ သစ္စာပြုပုံ .... .... | ၂၃၈ |
| အင်္ဂုဆရာတော်ဘုရားကြီး၏ | |
| မာရ်အောင်မြင် ဘုရားရှိခိုး .... .... | ၂၄၂ |
| အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး၏ | |
| ဗုဒ္ဓဂုဏ်တော် ၉-ပါး ဘုရားရှိခိုး .... .... | ၂၄၇ |
| တရားဂုဏ်တော် ၆-ပါး ဘုရားရှိခိုး .... .... | ၂၅၃ |
| သံဃာဂုဏ်တော် ၉-ပါး ဘုရားရှိခိုး .... .... | ၂၅၆ |
| အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး၏ | |
| ဂုဏ်တော်ဖွင့် ရှင်းလင်းချက် .... .... | ၂၅၈ |
| အရဟံဂုဏ်တော်၌ ရှင်းချက် .... .... | ၂၅၈ |
| သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၌ ရှင်းချက် .... .... | ၂၆၅ |
| ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်၌ ရှင်းချက် .... | ၂၆၅ |
| လောကဝိဒူဂုဏ်တော်၌ ရှင်းချက် .... .... | ၂၆၆ |
| သတ္ထာဒေဝမနုဿာနံဂုဏ်တော်၌ ရှင်းချက် .... | ၂၆၆ |
| ဗုဒ္ဓဂုဏ်တော်၌ ရှင်းချက် .... .... | ၂၆၇ |
| အတုလဂုဏ်တော်၌ ရှင်းချက် .... .... | ၂၆၇ |
| သုဂတဂုဏ်တော်၌ ရှင်းချက် .... .... | ၂၆၇ |
| ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်တော်၌ ရှင်းချက်.... .... | ၂၆၈ |
| အနုတ္တရံ ပုညက္ခေတ္တဂုဏ်တော်၌ ရှင်းချက် .... | ၂၆၈ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဘုရားရှင်၌ ကြည်ညိုရကျိုး | .... .... | ၂၆၉ |
| စွန့်ခြင်းကြီးငါးပါး | .... .... | ၂၇၀ |
| ပါရမီ ၁၀-ပါး | .... .... | ၂၇၁ |
| ၁-ဒါနပါရမီ | .... .... | ၂၇၁ |
| ၂-သီလပါရမီ | .... .... | ၂၇၂ |
| ၃-နေက္ခမ္မပါရမီ | .... .... | ၂၇၂ |
| ၄-ပညာပါရမီ | .... .... | ၂၇၂ |
| ၅-ဝီရိယပါရမီ | .... .... | ၂၇၂ |
| ၆-ခန္တီပါရမီ | .... .... | ၂၇၃ |
| ၇-သစ္စာပါရမီ | .... .... | ၂၇၃ |
| ၈-မေတ္တာပါရမီ | .... .... | ၂၇၃ |
| ၉-အဓိဋ္ဌာန်ပါရမီ | .... .... | ၂၇၃ |
| ၁၀-ဥပေက္ခာပါရမီ | .... .... | ၂၇၃ |
| သီလပါရမီ | .... .... | ၂၇၄ |
| သီလတန်းဆာ | .... .... | ၂၇၄ |
| သီလပန်း | .... .... | ၂၇၅ |
| သီလနံ့သာ | .... .... | ၂၇၅ |
| သီလရေကြည် | .... .... | ၂၇၅ |
| သီလလေ | .... .... | ၂၇၅ |
| သီလလှေကား | .... .... | ၂၇၆ |
| သီလတံခါး | .... .... | ၂၇၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဗိမ္ဗိသာရမင်းကြီး၏ သားတော် သီလဝမင်း၏ သီလဂုဏ်စွမ်းရည် .... .... | ၂၇၇ |
| ဗုဒ္ဓရှင်ချစ် ရတနာစစ်ကား အနှစ်သာရ လွန်ပြည့်ဝ | ၂၇၉ |
| ဘုရားရှင်၏ သက်တော် စသည်ဖြင့် သစ္စာပြုဆုတောင်း | ၂၈၇ |
| စေဘလုံးပိုင်အောင် သစ္စာပြုဆုတောင်း .... | ၂၈၈ |
| မိမိတို့၏ ဉာဏ် ဘုန်းကံ ရလာဘ်အား တိုးပွါးကြောင်း သစ္စာပြု ဆုတောင်း .... .... | ၂၉၀ |
| ကျေးဇူးရှင် မိခင်အတွက် ဆုတောင်းရန် .... | ၂၉၂ |
| ကျေးဇူးရှင် ဖခင်အတွက် ဆုတောင်းရန် .... | ၂၉၃ |
| ဗုဒ္ဓ၏ အံ့ဘွယ်ဂုဏ် ၁၈-ပါးဖြင့် သစ္စာပြု၍ အံ့ဘွယ်ဂုဏ် ရရှိမှု ဆုပန်ရန် .... .... | ၂၉၄ |
| အံ့ဘွယ် တဆယ့်ရှစ်ပါး အဓိပ္ပါယ် .... .... | ၂၉၅ |
| ရဲရင့်ဉာဏ် ၄-ပါးဖြင့် သစ္စာပြု ဆုတောင်း .... | ၂၉၇ |
| စတုဝေသာရဇ္ဇဉာဏ်တော် ၄-ပါး .... .... | ၂၉၉ |
| အသာဓာရဏဉာဏ်တော် ၆-ပါးဖြင့် သစ္စာပြုဆုတောင်း | ၂၉၉ |
| အသာဓာရဏဉာဏ်တော် ၆-ပါး .... .... | ၃၀၀ |
| ဒသဗလဉာဏ်တော်ဖြင့် သစ္စာပြု ဆုတောင်း .... | ၃၀၀ |
| ဒသဗလဉာဏ်တော် ၁၀-ပါး .... .... | ၃၀၁ |
| အရှင်မဟာမိတ္တမထေရ်၏ သစ္စာလက်နက် ထက်မြက်ပုံ | ၃၀၂ |
| သစ္စာဆေးကြီး .... .... | ၃၀၃ |
| အရှင်မဟာမိတ္တမထေရ် သစ္စာပြုပုံ .... .... | ၃၀၃ |

အကြောင်းအရာ — စာမျက်နှာ

အောင်မြင်ရေးနည်းလမ်း ၃-ချက် .... .... ၁၀၇

တန်းခိုးကြီးရန် သစ္စာပြု ဆုတောင်း .... ၁၀၉

အပ္ပမေယျော ဗုဒ္ဓေါ စသည်ဖြင့် သစ္စာပြု ဆုပန် .... ၁၁၁

ဝိမုတ္တိဉာဏဒဿနပန်း ပန်ဆင် .... .... ၁၁၃

သဗ္ဗသိဒ္ဓိဗုဒ္ဓဂုဏ်တော်စက်မြတ် .... .... ၁၁၄-၅

သဗ္ဗသိဒ္ဓိဗုဒ္ဓဇာတာတော်စက်မြတ် .... .... ၁၁၄-၅

ဉာဏ်ပညာထက်မြက်ပြန့်ပြောစေရန် နည်းလမ်း .... ၁၁၆

မိမိအတွက် ဗုဒ္ဓမေတ္တာတော်ဆေးကို ဦးခေါင်းပေါ်၌ ပင့်ထားကြရန် .... .... ၁၁၇

မိမိအတွက် ဗုဒ္ဓတန်းခိုးတော်ဆေးကို ဦးခေါင်းထက်၌ ပင့်ထားကြရန် .... .... ၁၁၈

ဗုဒ္ဓမေတ္တာတော်ဆေးကို မိဘများ၏ ဦးခေါင်းထက်၌ ပင့်ကာ ဆုတောင်းပေးရန် .... .... ၁၁၈

ဗုဒ္ဓတန်းခိုးတော်ဆေးကို မိဘများ၏ ဦးခေါင်းထက်၌ ပင့်ကာ ဆုတောင်းပေးရန် .... .... ၁၁၉

အနန္တဝိဇယ သဗ္ဗသိဒ္ဓိ အာယုဝဍ္ဎန ဂါထာကျော်ဖြင့် ရှိခိုး သစ္စာပြု ဆုတောင်း .... .... ၁၂၀

အမှာ .... .... ၁၂၄-၈

ဝတ္ထုတ္တယသိဒ္ဓိကျော်ဂါထာဖြင့် သစ္စာပြု ဆုတောင်း ၁၂၄

ကြီးပွါးကြောင်းလက္ခဏာ .... .... ၁၂၅

မိဘအား ဆုတောင်းပြီး ကျေးဇူးဆပ်ရန် .... ၁၂၇

အကြောင်းအရာ  စာမျက်နှာ

| | |
|---|---|
| မိဘဘိုးဘွားအတွက် ဆုတောင်း .... .... | ၃၂၉ |
| ကျေးဇူးရှင် မိဘနှစ်ပါးအတွက် ဆုတောင်းရန် .... | ၃၃၁ |
| ဗုဒ္ဓ၏ သစ္စာလက်နက် ထက်မြက်အစဉ် စွမ်းအင်တရပ် | ၃၃၂ |
| သစ္စာလေးပါးအင်း .... .... | ၃၃၄ |
| တိရစ္ဆာနဝိဇ္ဇာများ .... .... | ၃၃၇ |
| မန္တန်များ .... .... | ၃၃၈ |
| အလားတူ အတတ်များ .... .... | ၃၃၈ |
| ဂဏန်း .... .... | ၃၃၉ |
| တချို့ဝါဒ .... .... | ၃၄၀ |
| ဝမ်းနည်းဘွယ် .... .... | ၃၄၀ |
| သစ္စာအမျိုးမျိုး .... .... | ၃၄၁ |
| သစ္စာဟူက အမှန်ဆိုခြင်းသာ .... .... | ၃၄၁ |
| နိဂုံး ဆုတောင်း .... .... | ၃၄၅ |

သစ္စာကာရ မဟာဗျူဟာကျမ်း

မာတိကာ ပြီး၏။

# သစ္စာကာရမဟာဗျူဟာကျမ်း

## သစ္စာတန်းခိုးဖြင့် ကပ်ဘေး ၃-ပါးကို တိုက်ဖျက်ကြကုန်စို့။

---

နမော အနန္တဇိနဿ။
ဥက္ကံဝံသံ မိရံ ဝန္ဒေ။

မင်းတကာတို့ထက် မင်းဖြစ်၍ မြတ်တော်မူထသော, အလွန်အလွန်သော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူထသော, မင်္ဂအစ ဖိုလ်အဆုံးကို ပြုံးပြုံးပျိုပျို နှစ်လိုမနေး ပေးတော်မူတတ်ထသော, သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားသည် ကောင်းသောအကြံရှိသော ငါတလုံးထုတ် ငါဟုသမုတ်သော ငါ၏ဒယာလုကဂုဏ်ဟိတ် ယိုဖိတ်ပွင့်ဖူး စိတ်အထူးကို ရှင်မြူးတစေ ကောင်းစွာစောင့်ရှောက် မ-စတော်မူစေသတည်း။

လူနတ်ပြဟ္မာ သတ္တဝါတို့၏ အားထားရာအစစ် ဖြစ်တော်မူသော လောကသရဖူ သယမ္ဘူဥသျှောင် ဘုန်းခေါင်ထွတ်ထား အကြင်ရှင်တော်မြတ်ဘုရားသည် လူကြမ်း, နတ်ကြမ်း, ပြဟ္မာကြမ်းတို့ကို အကြမ်းမဖက် လက်နက်မကူ တရားဓာတ်သီတဂူဖြင့် လွယ်ကူမနေး မေတ္တာသွေး၍ ယဉ်ကျေးအောင် ဆုံးမတော်မူတတ်ပါ

ပေ၏။ ထို ရှင်တော်မြတ်ဘုရားသည် ကောင်းသော အပြော, ကောင်းသောမနော, ကောင်းသောသဘော အကြံအစည်ရှိသော ငါတလုံးထုတ် ငါဟုသမုတ်သော ငါ၏စိတ်ကို အမြဲတစေ စောင့်ရှောက် မ-စတော်မူစေ သတည်း။

သူတော်ကောင်းတို့၏ မွေ့လျော်ခြင်းကို ဖြစ်စေတတ် ထသော, မြတ်သော ချမ်းသာသုံးပါးကို ဖြစ်စေတတ် ထသော ဗုဒ္ဓ-ဓမ္မ-သံဃာ့သုံးဖြာ ရတနာသုံးပါးသည် ကောင်းသောအကြံအစည်ရှိသော ငါ၏စိတ်ကို အမြဲတစေ စောင့်ရှောက် မ-စတော်မူစေသတည်း။

ဤသို့ ရတနာထူး မြတ်ညွန့်ဖူးကို ကြည်နူးလွှလွှ မ-စ စေကြောင်း ဆုမွန်ကောင်းကို တောင်းယူပြီးသည်၏ စကား အဆုံး၌ ကမ္ဘာပေါ်မှာ ဗမာ-ဟူသော အမည်သည် အပြည် ပြည်တွင် နေလအသွင် ထင်ရှားလာဆဲဝယ် မောင်, မယ် သစ်လွင်တို့၏ငှင်း၊ တေဇလူငယ်တို့၏ငှင်း၊ နောက်တိုး အဘိုး တန် ဗမာ့သားကောင်း, သမီးကောင်း ရတနာတို့၏ငှင်း ဘုန်းညွန့်, ကံညွန့်, ပညာဉာဏ်ရောင် အညွန့်တို့သည် ကမ္ဘာ ပေါ်တွင် တလွှန့်လွှန့်တလူလူ အမြန်တိုးတက်ကြပါစေရန် ရည်သန်လျက် ဤသစ္စာကာရမဟာဗျူဟာကျမ်းကို ရေးသား ပြုစုလိုက်ရပေသည်။

ထို့ပြင် "ဇမ္ဗူဒိပ် နိမိတ်"ဆိုရိုးစကားအရ ကမ္ဘာမြေသည် ငှင်း၊ ကမ္ဘာမြေပေါ်တွင် ရပ်တည်နေထိုင်ကြကုန်သော လူ တို့သည်ငှင်း နေ၏အရောင်, လ၏အရောင်ကို မှီခိုပြီး ဘဝ ခရီးသည်အဖြစ် လှည့်လည်သွားလာ လှုပ်ရှား၍ နေကြရပေ

သည်။ နေ့၌ နေသည် အမှောင်ခွင်းပြီး အလင်းရောင်ကို ပေးလျက် ရှိ၏၊ ညဥ့်၌ လသည် အမှောင်ခွင်းပြီး အလင်းရောင်ကို ပေးလျက် ရှိ၏၊ ဤကမ္ဘာပေါ် ရှိလူတို့သည် အလင်းရောင် ကင်း၍ မနေနိုင်ကြပါ၊ နေရောင် လရောင်တို့သာ မရှိပါက ဤလောကလူ့ဘုံကြီးသည် မမြင်မစမ်း အကန်းအတိသာ ရှိကြရပေမည်။ ကျွန်ုပ်တို့၏ ဗမာပြည်သည်လည်း နေလတို့၏ အရောင်ကို ကင်း၍ မနေနိုင်ကြပါ၊ ကမ္ဘာသူ့ ကမ္ဘာသားတို့ သည်လည်း နေလတို့၏ အလင်းရောင်ကို ကင်း၍ မနေနိုင် ကြပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့သည် နေ့လ အရောင်နှင့် တူလှစွာသော ကိုယ်ကျင့်တရား ရှေ့ထားပြီး သစ္စာကြီးထွားခြင်း တည်းဟူသော အရောင်နှစ်ပါး[၁] မဟာဗျူဟာတရားဖြင့် ဤလောကကြီးကို အလှဆင်ကြပါကုန်စို့။

## သိကောင်းစရာအမှန် အသ္မိမာန်

ဤ လူ့ဘုံကြီးတွင် လူ့ဘဝကို ရတောင့်ရခဲ ရလာကြတဲ့ လူသားတို့တွင် မာန်မာနဆိုတဲ့တရား ပါလာကြစမြဲ ဖြစ်၏။ ယင်း မာနကို အရာရာမှာ ထားကြရမှာလား၊ ထားရင်ကော သင့်တော်ပါမည်လား၊ ထားကော ထားသင့်ပါရဲ့လား-စသည့် အမေးပုစ္ဆာများကို ထုတ်သင့်လှပေသည်။

"အသ္မိမာန်"ဆိုတဲ့ စကားဟာ အသ္မိမာန-ပုဒ်မှ ဖြစ်ပေါ်လာသော စကားဖြစ်၏။ ဂေါတမဗုဒ္ဓအလောင်းတော် ဖွားသန့်ပြီးစ သိဒ္ဓတ္ထမင်းသားကလေးဟာ မယ်တော်မိသိုက်

---

၁။ အရောင်နှစ်ပါး=ကိုယ်ကျင့်တရားအရောင်၊ သစ္စာတရားအရောင်။

ဝမ်းကြာတိုက်ခန်းမှ ဘုန်းပန်းပွင့်ဖူး ဘုန်းရောင်မြူး၍ မီးရှူး သန့်စင် ဖွားမြင်စမှာ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီးပေါ်ကို ခြေတော်ချကာ မြောက်အရပ်သို့ ခုနစ်လှမ်း လှမ်း၍ အရှေ့မျက်နှာမူလျက်....

(၁) အဂ္ဂေါဟ မသ္မိ လောကဿ၊

(၂) ဇေဋ္ဌောဟ မသ္မိ လောကဿ၊

(၃) သေဋ္ဌောဟ မသ္မိ လောကဿ[၁]—

လို့ ကြုံးဝါးမြွက်ဆိုတော် မူလေသည်။

အဓိပ္ပါယ်မှာ—

(၁) ငါသည် လောကနေသူ လူ, နတ်, ဗြဟ္မာ အပေါင်းတို့ထက် မြတ်၏။

(၂) ငါသည် လောကနေသူ လူ, နတ်, ဗြဟ္မာ အပေါင်းတို့ထက် အကြီးအကဲ ဖြစ်၏။

(၃) ငါသည် လောကနေသူ လူ, နတ်, ဗြဟ္မာ အပေါင်းတို့၏ ချီးမွမ်းခြင်းကို ခံယူထိုက်သူ ဖြစ်၏-လို့ ဆိုလိုတယ်။

ဤစကားသုံးခွန်းကို စစ်ကြည့်သော် "အသ္မိ=ဖြစ်၏" ဆိုတဲ့ အသုံးကို တွေ့ရမည်။ ဗုဒ္ဓအလောင်းတော်မြတ်သည် ဝင့်ဝင့် ကြွယ်ကြွယ် တင့်တင့်တယ်တယ်ကြီး အသ္မိမာန်ကို အသုံးပြုထားလေသည်မှာ နေ့လ ပမာ အလွန့်အလွန် ထင်

---

၁။ သုတ်မဟာဝါပါဠိတော် နှာ-၁၃။

ရှားလှပေသည်၊ ထင်ရှားသည့်အတိုင်းလည်း အမှန်ပင် အသုံး ချထိုက်ပေသည်။ ဗုဒ္ဓအလောင်းတော် အသုံးချထားသည် ကား သစ္စာပင်ဖြစ်၏။ အမှန်မလွဲ ကေန်ဘဲ မြတ်သောသူ ဖြစ်၏။ အမှန်မလွဲ ကေန်ဘဲ အကြီးအကဲဆုံး ဖြစ်၏။ အမှန် မလွဲ ကေန်ဘဲ ချီးကျူးထိုက်သူ ဖြစ်၏။

ဗုဒ္ဓအလောင်းတော် တပါးတည်းကို ချန်ထား၍ ကျန် သုံးဆယ့်တစ်ဘုံသားတို့ကား အသိမှာန်ကို ဗုဒ္ဓအလောင်း တော်မြတ်ကြီးကဲ့သို့ အသုံးချခြင်းကို မပြုသင့် မပြုထိုက် မပြု အပ်ပေ၊ "ဘယ်အတွက်ကြောင့် ကျန်တဲ့ပုဂ္ဂိုလ်တွေက အသုံး မပြုသင့် မပြုထိုက် မပြုအပ်ပါသနည်း" ဟု မေးစရာ ရှိ၏။ ကျန် တဲ့ပုဂ္ဂိုလ်တွေက ဤအသိမှာန်ကို အသုံးပြုမည်ဆိုပါက မချွတ်သစ္စာ မဖြစ်နိုင်ပေ၊ မှန်ပေသည် လူသာမည, နတ်သာ-မည,ဗြဟ္မာသာမည‌တို့ကို ထားတော့ လူမင်း, နတ်မင်း, ဗြဟ္မာ မင်းတို့ပင် ဖြစ်စေ၊ ပုထုဇဉ်, သေက္ခ, ရဟန္တာတို့သော်လည်း ဖြစ်စေ ဤအသိမှာန် မထားအပ်ပေ။

၁။ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် ပညာ တေဒဂ်ရတဲ့ ပုဂ္ဂိုလ်ကြီးပင်ဖြစ်သော်လည်း ဤ အသိမှာန်မျိုး မထားသင့်ပေ။

၂။ အရှင်မောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီးသည် တန်းခိုး တေဒဂ်ရ ပုဂ္ဂိုလ်ကြီးပင် ဖြစ်သော်လည်း ဤအသိမှာန်မျိုး မထားသင့်ပေ။

၃။ စကြာမင်းသည် လေးကျွန်းလုံးကို အစိုးရ၏၊ သို့ဖြစ် ၍ ငါသည် စကြာမင်းတည်း၊ ငါနှင့်အပြိုင် မင်းမရှိပြီ၊ ငါ

သည် အမြတ်ဆုံးသော မင်းတည်းဟု ကြုံးဝါးဝင့်ဝါကာ မနိုင်သင့်သော မိခင်ကို အနိုင်ယူပြောအုံ့၊ ဖခင်ကို အနိုင်ယူပြောအုံ့၊ ဆရာကို အနိုင်ယူပြောအုံ့၊ ထိုမင်းသည်လည်း အသိမာန်ရှိနေ၍ မင်းမမည်၊ မာန်မထားသင့်တဲ့ ကျေးဇူးရှင် မိဘ, ဆရာ အပေါ်မှာ မာန်ထားနေသောကြောင့်ပင် ဖြစ်၏။

ယနေ့မျက်မှောက်ခေတ်၌ အသိမာန်ရှိသူတွေ များလာသည်ကို တွေ့ရ၏။ ကမ္ဘာပေါ်တွင် မရှိသင့်တဲ့ အသိမာန်ရှိနေတဲ့ ပုဂ္ဂိုလ်တွေ များလာခြင်းကြောင့် ကမ္ဘာကြီး ပျက်သုဉ်းသွားမှာကို စိုးရိမ်စရာဖြစ်၏၊ သို့ဖြစ်၍ ဤသစ္စာကာရ မဟာဗျူဟာကျမ်းကို ရှာဖွေစိစစ် အရည်အသွေးအနှစ်ကို ဖွင့်လှစ်ရေးသားရခြင်းပင် ဖြစ်၏။

ယနေ့ ကျရောက်နေသော မျက်မှောက်လောကတွင် မိခင်အိုကြီးသည် သားပျို သမီးပျိုတို့၏ အသိမာန်ကို တချို့ကြောက်ရွံ့နေကြသည်ကို တွေ့မြင်နေရ၏၊ ဤကဲ့သို့ ဖခင်အိုကြီးကို ရိုက်ခုတ်သတ်ဖြတ်သည်တို့ကို တွေ့မြင်နေရ၏၊ ဤကဲ့သို့သော မောဃပုရိသတွေ ခေတ်အဇာတသတ်တွေ များပြားလာလျှင် မြေကြီးကို လက်နှင့် စမ်းပါက လွဲချင်လွဲပါလိမ့်မည်၊ ကပ်ကြီးသုံးပါးနှင့် တွေ့ရမှာကတော့ မလွဲနိုင်ပေ။

ယနေ့ခေတ် မိဘဆရာတို့က ယနေ့ခေတ် သား,သမီး,တပည့်များအပေါ်၌ မိဘဆရာတို့ရဲ့ ကျင့်ဝတ်တာဝန် ဟာကွက်, ပျော့ကွက်, ချို့တဲ့ကွက်များလဲ ရှိကောင်း ရှိပေလိမ့်မည်၊ သို့သော် မိဘဆရာတို့၏ ဟာကွက်, ပျော့ကွက်, ချို့တဲ့ကွက်, အဂတိလိုက်တတ်တဲ့ အချက်အလက်တို့ကို အသိမာန်ဖြင့် ဂုဏ်ခံ၍ မတုံ့ပြန်ကောင်းပေ။

"နှုတ်ချိုလျှင် လျှိုတပါး" ဆိုစကားအရ နှုတ်ချိုစွာ ပြောရမယ်၊ စိတ်ကြမ်းနေမှုကို ပယ်ရှားရမယ်၊ မေမေ့အပေါ် ဖေဖေ့အပေါ် ဆရာ့အပေါ်၌ မျက်မှောက်ဘဝနဲ့ အတိတ်ကာလက ကျေးဇူးများခဲ့တာတွေ, နို့ချိုနို့အေး မြတ်မြတ်နိုးနိုး ယုယုယယ တိုက်ကျွေးခဲ့တာတွေ, မေမေ့ရဲ့ နူးညံ့လှတဲ့ ရင်သား ဗိုက်သား လက်ရုံးသားများဖြင့် ထွေးထွေးပိုက်ပိုက် အလိုလိုက်၍ သားအကြိုက် သမီးအကြိုက် ကိုယ်အငွေ့ခွာတ် ပေးပြီး လိုက်လျောစွာ မွေးကျွေးခဲ့တာတွေ, တေးသီချင်း စသည် ဆိုကာ အိပ်ပျော်အောင် နှစ်သိမ့်ပြီး သိပ်ခဲ့တာတွေ, အညစ်အကြေး မသန့်ရှင်းသော ခွာတ်ရည် ခွာတ်ဟောင်းတို့ကို မရွံ့မရှာ သုတ်သင် ရှင်းလင်းပြီး ရေကြည် ရေသန့်နှင့် ဆေးကြော ပေးခဲ့တာတွေ, ပြီးတော့လဲ အမွှေးအနံ့ လိမ်းကျံပေးခဲ့ရတာတွေ, မှက် ခြင် ကြမ်းပိုး ပျ သန်း အမျိုးမျိုးတို့မှ ဖယ်ရှားရှင်းလင်း၍ ပေးခဲ့ရတာတွေ, အိမ်ဦးဘုရားခန်းမှာ သားရတနာ သမီးရတနာ အသက်ရှည်စေရေးအတွက် လှူဒါန်း ရှိခိုး ဆုတောင်းခဲ့ရတာတွေ စသည်တို့ကို ထောက်ထားပါက မိခင် ဖခင်တို့၏ ဟာကွက် ပျော့ကွက်ကို, လိုနေတဲ့ အသေးအဖွဲ့ အချက်အလက်ကလေးတွေကို သားသမီးများက သည်းခံပြီး လျှော့ပေးရမည်၊ အန်တု တုံ့ပြန်မယ်ဆိုတဲ့ အသိမာန် မထားထိုက်ပါဘူး, မထားကောင်းပါဘူး။

ဒါကြောင့် အဖိုးမထိုက် ပညာရှိမကြိုက်တဲ့ ဒီအသိမာန်ကို အဘယ့်ကြောင့် ထားချင်ရတာတုံး၊ မထားကြလေနဲ့ကွဲ၊သတိ အထူးထားပြီး သည်းခံ၍ ဆင်ခြင်ကြပါ၊ ယခုလို မေတ္တာ ရှေ့ပြေး သတိပေး ရေးနေရခြင်းမှာ ဖြစ်ပေါ်လာမည့်

ကပ်ဘေးကြီးမှ ကင်းဝေးကြစေရန် လွတ်မြောက်ကြစေရန် ဖြစ်ပေသည်။

## အဇာတသတ်မင်း၏ အသိမှာန် [၁]

ဗိမ္ဗိသာရမင်းသည် အဇာတသတ်မင်း၏ ဘခမည်းတော် ဖြစ်သည်ကို စာရှုသူတို့ သိပြီး ဖြစ်ကြ၏၊ မြန်မာလိုတော့ ဦးရွှေနှစ်လို့ ခေါ်ရမှာပေါ့၊ ဤဗိမ္ဗိသာရမင်းသည် အလှန် ပရိယာယ် ကြွယ်ဝသူ ဖြစ်တယ်၊ သူ၏ချစ်လှတဲ့ မိဖုရားကြီး ခေမာဒေဝီကို ပရိယာယ်ဆင်၍ ဘုရားကို ဖူးမြင်စေခဲ့တယ်၊ စာရေးဆရာများနှင့် နန်းတွင်းဂီတအဖွဲ့တို့ ပူးတွဲ၍ ဝေဠုဝန် ဥယျာဉ်သာယာပုံကို ဖွဲ့ဆိုတီးမှုတ် ဖြေဖျော်စေတယ်၊ အဆင်း မာန် ယစ်မူးနေရှာတဲ့ ခေမာခေါ် သူ့မိဖုရားကြီးကို ဘုရား ကျောင်းတော်သို့ သွားရောက်လိုတဲ့ စိတ်တွေ ယိုဖိတ်လာ အောင် လင်တော်မောင် ကိုရွှေနှစ်က ပရိယာယ်ဆင်ပြီး အသုံးချပြလိုက်တာပေါ့။ မိဖုရားကြီး ခေမာဟာ ဘိသိ ဘတ်သိ ကဗျာကရာ နန်းမတော်ဆောင်ကြီးထဲသို့ ရေးကြီး သုတ်ပြာ ဝင်လာခဲ့ပြီး——

**ခေမာ။** ။မောင်တော်၊ ဝေဠုဝန်ဥယျာဉ်က တယ်သာယာ တယ် ဆိုပါကလား။

**နှစ်။** ။နှမတော် မောင်တော်သက်ထား ဘယ်က ကြား လာတာလဲကွယ်လို့ လက်နုနုကလေးကို လှမ်းဆုပ် ရင်း မေးလိုက်သတဲ့။

**မာ။** ။နန်းတွင်း ဂီတအဖွဲ့က ဖွဲ့ဆိုနေကြတာ မောင်တော် မကြားခဲ့ဘူးလား။

---

၁။ သီလက္ခန်အဋ္ဌကထာ၊ နှာ-၁၂၉။

နှစ်။ ။အော်-ဒါလား (ပြုံးလိုက်ပြီး) ဂီတအဖွဲ့က စပ်ဆို တီးမှုတ်နေကြတာက မျက်မြင် ကိုယ်တွေ့လောက် အရသာမရှိလှပါဘူး နှမတော်၊ မောင်တော်ကတော့ မျက်မြင်ကိုယ်တွေ့ တွေ့ထိသာယာ ကြည်နူးနေရ လေတော့ ဂီတအဖွဲ့ရဲ့ တီးမှုတ် သီဆို ဖြေဖျော်တာ ကိုတော့ တယ်ပြီး မထူးဆန်းလှပါဘူးကွဲ့ မာရဲ့။

မာ။ ။မောင်တော်၊ မာ သွားလိုက်ချင်ပါဘိတော့တယ်၊ ယခုအချိန်ဟာ အချိန်ကောင်းဘဲ၊ သွားမယ်နော်၊ သွားပါရစေ မောင်တော်။

နှစ်။ ။မာတို့များ ရှုချင်ယင် မဆိုင်း၊ နှချင်ယင် ချက်ခြင်း၊ မာစိတ်က တယ်ပြီး တင်းလွန်း ထက်လွန်း မြန်လွန်း လှပါလားကွယ်။

မာ။ ။ကဲပါလေမောင်၊ မာ သွားချင်တာကို ပို့ပေးမယ် မဟုတ်လား၊ အခုဘဲ အမိန့်တော် ပေးပါတော့။

နှစ်။ ။ကဲဗျာ-သွားစေဗျာ၊ သွားကြည့်ချေတော့၊ (အဲဒါ ကတော့ အချော့ ပရိယာယ်ပါဘဲ။) "သက်တော် ရှည်အမတ်ကြီးအမိန့်တော်ကို ယူဆောင်သွားပါလေ၊ နှမတော် ခေမာမိဖုရားကြီးသည် ဘုရားကျောင်း တော် ရောက်ပါလျက် ဘုရားကို မဖူးမြော်ဘဲ ပြန် လာခဲ့လျှင် မိဖုရား ရာထူးချပြီး ရာဇဒဏ် ပေးမည်- အမိန့်တော်။" အဲဒါကတော့ အကြမ်း ပရိယာယ် ပါဘဲ။ ၁

---

၁။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ပ-တွဲ၊ နှာ-၂၆၄။

## ဗိမ္ဗိသာရ (ခ) ဦးရွှေနှစ်၏ ပရိယာယ် ပြည့်ကြွယ်ပုံ[၁]

နောက်တဖန် အခြား မိဖုရားတဦးဖြစ်တဲ့ ဝေဒေဟီအပေါ် ဗိမ္ဗိသာရရဲ့ ပရိယာယ်သုံးပုံတရပ်လဲ ရှိပါသေးတယ်။ ပရိယာယ်ကြွယ်ဝလှတဲ့ ဘုရင်ကြီးဦးရွှေနှစ်ဟာ ဝေဒေဟီမိဖုရားကြီး၏ ကြာတိုက်ခန်း၌ သန္ဓေတည်၍ ချင်ခြင်းဖြစ်ပေါ်လာပြီး တပိန်ပိန် တလိမ်လိမ် မစားနိုင် မအိပ်နိုင်ဖြစ်နေတာကို တွေ့ရတဲ့ အခါ ဘုရင်ကြီးဦးရွှေနှစ်ဟာ ပရိယာယ်ကြွယ်ကြွယ်နဲ့ မေးရှာသတဲ့။ ဒါပေမဲ့ မိဖုရားကြီးဝေဒေဟီကတော့ မောင်တော်ရဲ့ လက်ရုံးသွေးကို သောက်လိုလှတဲ့ ချင်ခြင်းကို ဖွင့်ဟ မပြောဘဲ နေရှာသတဲ့။

တနေ့သောအခါ မောင်နှင့်မယ်(ဦးရွှေနှစ်နှင့် ဒေါ်ဝေ) အညွန့်အဖူးတို့သည် လွန်လူးကာ စကားနွှောပြီးနေကြရာ——

**နှစ်။** ။မောင်တော်ချစ်မြတ်နိုးရပါတဲ့ နှမတော်ဝေ၊ဘာတွေ ညာတွေ အလို မပြည့်လို့ မမွေ့ မလျော် တပိန်ပိန် တလိမ်လိမ် ရောဂါရှိန် တိုးတက်ပြီး နေရပါသလဲ ဝေ။

**ဝေ။** ။မောင်တော်နှစ်ရဲ့ အချစ်ကိုလဲ နှမတော် ယုံကြည် မြတ်နိုးလျက်ပါ၊ ပြောရမှာကလဲ အားနာတာနဲ့ အသဲကွဲမတတ် ဖြစ်နေရပါတယ်၊ ဝေရဲ့ ကြာတိုက် ခန်းမှာ ကိန်းနေတဲ့ လူထူးဟာ ဘီလူးများ ဖြစ်နေ မလား မောင်တော်။

**နှစ်။** ။ဘယ်အတွက်ကြောင့် ဒီစကား မြွက်ရတာလဲ ဝေ၊ ကိုယ့်ရင်သွေးကို ဘီလူးလို့ ဘယ်လို အကြောင်း

---

၁။ သီလက္ခန်အဋ္ဌကထာ၊ နှာ-၁၂၃။

ကြောင့် ပြောလိုက်တာလဲ၊ ဖြစ်ပေါ်နေတဲ့ ဝေရဲ့ ဆန္ဒကို မောင်တော်အား မခြွင်းမချန် အလင်းပြန်၍ သံတော်ဦး တင်လိုက်စမ်းပါ ဝေရယ်။

ဝေ။ ။အငိုလွယ်လို့ အရှိုက်ခက်လှချေရဲ့ မောင်တော်၊ ဝေရဲ့ နှုတ်ကို ဖွင့်လှစ်မြွက်ဟာရမှာ ခက်လှပါတယ်၊ မောင်တော့်ကို နှမတော်သည် အရှင်လိုလဲ မြတ်နိုးပါတယ်၊ သခင်လိုလဲ အားကိုးလှပါတယ်။ အဲသည်တော့ နှမတော်ရဲ့ အဖြစ်မှန်ကို မပြောရက်ပါဘူး မောင်တော် ချစ်။

နှစ်။ ။နှမတော် ဝေ၊ မောင်တော်နှင့် ဝေတို့ဟာ ဒီတဘဝ မှာသာ အိမ်ထောင်ဘက်ဖြစ်ပြီး ချစ်မြတ်နိုးခဲ့ကြတာ မဟုတ်ဘူး၊ သစ္စာထား အိမ်ထောင်ဘက်တို့ ဆိုတာဟာ ခင်ပွန်းယောကျ်ားကလဲ ခင်ပွန်းမ-ကို လိမ်လို့ ညာလို့ ဝါလို့ မပြောကောင်းဘူး မဟုတ်လား။ အဲဒီတော့ အဖြစ်မှန်ကို မထိမ်မချန် ပြောရမှာပေါ့ကွယ်၊ ဟောဒီပါးစပ် စကားတတ် နှုတ်ခမ်းကလေးနဲ့ ခပ်သွက်သွက် ပြောပြစမ်းပါလားကွယ်။

ဝေ။ ။အို...ပြောလို့ မဖြစ်ဘူး၊ မပြောရက်ဘူး မောင်တော်၊ နှမတော်ရဲ့ ကြာတိုက်ခန်းမှာ ရှိနေတဲ့သူကတော့ လူကြမ်း လူရမ်း မိမှန်း ဖမှန်း သိမဲ့လူစား မဟုတ်ဘူးလို့ နှမတော် ထင်ပါတယ်၊ ယခုကဘဲ နှမတော်ရဲ့ နှုတ်ငုံ တိုက်နန်း ကြာတိုက်ခန်းမှာ ဟောဟော ရမ်းရမ်း သူ ဆိုးသွမ်းလှပြီး အပြင်ရောက်လာခဲ့ရင် ပိုပြီး သောင်းကျန်းလာပါလိမ့်မယ်လို့ ထင်ပါတယ်၊

သူ့ကို သုတ်သင် ရှင်းလင်းပစ်ပါမှ ဖြစ်မယ်လို့ ထင်ပါတယ်။

နှစ်။ ။မသင့်လျော်ပါဘူး ဝေနှမရယ်၊ သူ့ရဲ့ အခြေအနေက ဘယ်လိုမှန်း မသိရသေးတဲ့ဟာ 'သားသားကလေးဘဲလား? ရတနာစစ် ချစ်သမီးကလေးဘဲလား'ဆိုတာ မသိရသေးတဲ့ဟာ မကြုံသင့်တာတွေ မကြုံပါနဲ့ ချစ်နှမရယ်။

ဝေ။ ။အိုလေ မောင်တော်၊ သူ့ကို နှမတော် လွယ်ထားရတဲ့ အာဝေဏိကဒုက္ခကို မခံစားလိုပါဘူး၊ ဖျက်ဆီးပစ်ပါမှ ဖြစ်မယ်။

နှစ်။ ။ဒီမယ် ချစ်နှစ်မ ဝေ၊ သွေသွေဖယ်ဖယ် သွယ်သွယ်ဝိုက်ဝိုက် စကားတွေကိုလဲ ပြောမနေနဲ့၊ နှမတော်ရဲ့ ချင်ခြင်းကိုသာ မောင်တော်အား ဖွင့်ဟပြောပါ၊ 'နေရှ တောင်ထိပ်ပေါ်က ရွှေနံ့သာဖူးကို ဆွတ်ခူးပေးပါ'ဆိုယင်လဲ မောင်တော် ခူးပေးပါမယ်၊ 'ဂန္ဓမာဒန တောင်တော်ညွန့်က တလွန့်လွန့်တက်နေတဲ့ နတ်ပန်းညွန့်ကို ပန်ဆင်လိုပါတယ်'ဆိုယင်လဲ မောင်တော် ဆောင်ကြဉ်းပေးပါမယ် ကဲ-ဖွင့်ဟပြောပြပါ။

ဝေ။ ။ရွှေရင်တွေ ခုန်လှချေရဲ့ မောင်တော်၊ နှမတော် မပြောရက်ပါဘူး၊ မိဘကို အန္တရာယ်ပြုမှမဲ့ လူနဲ့တူပါတယ်၊ သူ့အလိုဆန္ဒကိုလိုက်ဘို့ သင့်မယ်မထင်ပါ၊ ယခုက သူ့ကို နှိမ်မှဖြစ်မယ်။

၅၈။　။ဒီမယ် နှမတော်၊ မောင်နှင့် ဝေတို့ဟာ ဘာဝရှေ့ဆက် မြွေရွှေခွက်မှာ ချရေစက် အတူဆုံခဲ့ကြတဲ့ ထိုအချိန် အခါက ကတိသစ္စာထားရှိပြီးမှ မောင်တော် သိမ်း ပိုက်ထားခဲ့တာ မဟုတ်ဘူးလား။

**ကတိသစ္စာ လေးချက်**

(၁) မှန်တဲ့စကားကို ပြောကြစတမ်း၊

(၂) တင့်တယ်ကောင်းမွန်တဲ့ စကားကို ပြောကြ စတမ်း၊

(၃) ချစ်ဖွယ်သောစကားကို ပြောကြစတမ်း၊

(၄) ဗုဒ္ဓအလိုကျ စကားကို ပြောကြစတမ်း။

ဒီလေးချက်နှင့်အညီ နှမတော်ဟာ မောင်တော့်အပေါ် မှာ ပြောပါမယ်လို့ ဝန်ခံခဲ့ပြီး မဟုတ်ပါလား၊ ကဲ နှမတော်ရဲ့ ဖြစ်ပေါ်နေတဲ့ ချင်ခြင်းကို အမှန်အတိုင်း ပြောရလိမ့်မယ်၊ မပြောရင် နှမတော်ဟာ မောင်တော့်ရိပ်ငြိမ် ချစ်စံအိမ်မှာ စည်းစိမ်အသက် နှင်းဆက်စရာ မိန်းမမြတ်ရတနာမှာ ရှိသင့် ရှိထိုက်တဲ့ လက္ခဏာ ချို့တဲ့သွားလိမ့်မယ်၊ မှန်တာကိုသာ ပြောပြပါတော့ကွယ်။

၆၀။　။သူ့ရဲ့ ကိုယ်ဝန်ကြာ တိုက်ခန်းကို လက်ထောက်ပြကာ ဟောသည်က လူမိုက်က မောင်တော်ရဲ့ လက်ရုံးသွေး လတ်လတ်ဆတ်ဆတ်ကို သောက်ချင်တဲ့ ချင်ခြင်းပါ ဘဲ မောင်တော်။

နှစ်။ ။အမယ်မင်းဗျား ဒါလောက်များ ဖုံးကွယ်နေလိုက်
ရတာ တာဝန်လေးတဲ့ ပစ္စည်းမျိုးမို့လား ဆိုကာ
လက်ရုံးသွေးကို ဖောက်ပြီး တိုက်ရှာသတဲ့။

ကဲ–စာရှုသူတို့ ဘယ်လောက် ကြောက်စရာကောင်းတဲ့ ရန်သူလဲ၊ ပဋိသန္ဓေတည်နေတဲ့ အချိန်က စပြီး ဖခင် သွေးကို စုတ်တဲ့ သွေးစုတ်သတ္တဝါမဟုတ်လား။

သားဖွားမြင်ခြင်း အာဝေဏိကဒုက္ခကြီးကို ခံစားပြီးခဲ့တဲ့ ဝေဒေဟီမိဖုရားကြီးရဲ့သား အဇာတသတ်ဟာ တဆယ့်ငါး နှစ်မြောက် ရောက်ရှိတဲ့အခါ ထီးနန်းအမွေကို ဖခင်ထံမှ အရယူ ဗမ္မာတလူ မင်းမှုခဲ့လျက် ဖခင်ကို ဖမ်း အချုပ်ခန်းသွင်း အကျဉ်းထားပြီး မသေသေအောင် အနည်းနည်း သတ်တော့ တာပါဘဲ၊ ဒီမာန်တွေကလဲ အသ္မိမာန်တွေဘဲ ဖြစ်တယ်။

ဒီ အသ္မိမာန်သည် ဆင်းရဲဘေးကြီးကို ပေးမည့် မာန်မျိုး ဖြစ်၍ အမြန်ဖယ်ရှားသင့်သည်။ ယခုအချိန်အခါတွင် ဝိသမ လောဘ လွှမ်းမိုးလာခြင်းကြောင့် ကျေးဇူးရှင် မိဘကို ရန်ပြုလုပ်, ဆရာကိုရန်ပြု လုပ်ကြသူတွေ များပြားလာသည်ကို တွေ့မြင်ကြားသိရသဖြင့် ဤ **သစ္စာကာရ မဟာဗျူဟာကျမ်း** ကို မေတ္တာရှေ့ထား ရေးသားလိုက်ရခြင်းပင် ဖြစ်၏။

ဤကျမ်း၌ ခေတ်သစ် မောင်,မယ်တို့ ဖတ်လိုသော ဆန္ဒ ရှိကြစေရန် ရည်သန်၍ ခေတ်အသုံးအနှုန်း စကားများဖြင့် ရေးသားရသည်ကိုလည်း ပညာရှင်များ ခွင့်လွှတ်ကြစေလို ပါသည်။ ယဉ်ယဉ်သန့်သန့် ခန့်ခန့်ချောချောကြီး ရေးသား ပါက ခေတ်လူငယ်များ ဖတ်ကြရန် ဝန်လေးနေကြပေလိမ့် မည်။

"**အလိမ္မာ စာမှာရှိ**" ဆိုသည့်အတိုင်း လိမ္မာယဉ်ကျေးစရာ အချက်အလက် ကလေးများ အပိုဒ်တိုင်း အပိုဒ်တိုင်း ပါရှိသဖြင့် ထိုအပိုဒ်ကလေးများက ဗမာသားကောင်းရတနာ သမီးကောင်းရတနာများ ဖြစ်အောင် အထောက်အကူပြုလိမ့်မည်ဟု စာရေးသူ ယုံကြည်ပေသည်။

## ဗောဇ္ဈင် ခုနစ်ဖြာဖြင့် သစ္စာပြုနည်း

နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။ [၁]

ဣဓလောကေ၊ ဤလောကတခွင်လုံး၌—

(၁) ဗောဇ္ဈာ တပသာ=ဗောဇ္ဈင်္ဂတပသာ၊နေ့လအသွင် ပေါ်လွင်ထင်ရှား ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်အကျင့်ကို။ အညတြ၊ မေ့လျော့အစဉ် ဖယ်ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊သောကမဝင် မပင်မပန်း ချမ်းသာခြင်းကို။ န ပဿာမိ၊ မုနိရှေ့သွား ဘုရားသခင် ငါသည်ပင်လျှင် ဉာဏ်တော်မြတ်တွင် မြင်တော်မမူမိပေ။

(၂) ဣန္ဒြိယသံဝရာ၊ လူ့ကျင့်ဝတ်မြတ် စောင့်စည်းအပ်သည့် ဣန္ဒြေအရပ်ရပ်တို့ကို စောင့်ရှောက်ခြင်းကို။ အညတြ၊ မေ့လျော့အစဉ် ဖယ်ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ သောကမဝင် မပင်မပန်း ချမ်းသာခြင်းကို။ န ပဿာမိ၊ မုနိရှေ့သွား ဘုရားသခင် ငါသည်ပင်လျှင် ဉာဏ်တော်မြတ်တွင် မြင်တော်မမူမိပေ။

---

၁။ သဂါထာဝဂ္ဂသံယုတ္တပါဠိတော်၊ နှာ-၅၂။

(၃) သမ္ဗုဒ္ဓိသာဂ္ဂါ၊ ဥပမိတရား ထိုလေးပါးကို စွန့်လွှတ်ရာမှန် မြတ်နိဗ္ဗာန်ကို။ အညတြ၊ မေ့လျော့အစဉ် ဖယ်ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ သောကမဝင် မပင်မပန်း ချမ်းသာခြင်းကို။ န ပဿာမိ၊ မုနိရှေးသွား ဘုရားသခင် ငါသည်ပင်လျှင် ဉာဏ်တော်မြတ်တွင် မြင်တော်မမူမိပေ။

## ဘေးရန်ကင်း၍ ချမ်းသာခြင်းရလွယ်စေသည့် ထက်မြက်လှသော မဟာဗျူဟာ

နာညတြ ဗောဇ္ဈာ တပသာ၊
သောတ္ထိ ပဿာမိ ပါဏိနံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။ (တေ)

နာညတြိန္ဒြိယသံဝရာ၊
သောတ္ထိံ ပဿာမိ ပါဏိနံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။ (တေ)

နာညတြ သဗ္ဗနိဿဂ္ဂါ၊
သောတ္ထိံ ပဿာမိ ပါဏိနံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။ (တေ)

၁။ ဤလောက၌ နေလအသွင် ပေါ်လွင်ထင်ရှား ဗောဇ္ဈင် ခုနစ်ပါး တရားမြတ်အကျင့်ကို မေ့လျော့အစဉ် ဖယ်ကြဉ် ထား၍ လူ, နတ်, ဗြဟ္မာ ဝေနေယျများစွာ သတ္တဝါတို့၏

သောကမဝင် မပင်မပန်း ချမ်းသာခြင်းကို မုနိရှေသွား ဘုရားသခင် ငါသည်ပင်လျှင် ဉာဏ်တော်မြတ်တွင် မြင်တော်မမူမိပေ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား (သင့်အား) အခါခပ်သိမ်း ငြိမ်းအေးသာယာ မြတ်ချမ်းသာသည် လျင်စွာမသေ့ ဖြမ်လွယ်ပါစေသတည်း။

၂။ ဤ လောကဌ် လူ့ကျင့်ဝတ်မြတ် စောင့်ဆည်းအပ်သည့် ဣန္ဒြေအရပ်ရပ်တို့ကို စောင့်ရှောက်ခြင်းကို မေ့လျော့အစဉ် ဖယ်ကြဉ်ထား၍ လူ, နတ်, ဗြဟ္မာ ဝေနေယျများစွာ သတ္တဝါတို့၏ သောကမဝင် မပင်မပန်း ချမ်းသာခြင်းကို မုနိရှေသွား ဘုရားသခင် ငါသည်ပင်လျှင် ဉာဏ်တော်မြတ်တွင် မြင်တော်မမူမိပေ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား (သင့်အား) အခါခပ်သိမ်း ငြိမ်းအေးသာယာ မြတ်ချမ်းသာသည် လျင်စွာမသေ့ ဖြစ်လွယ်ပါစေသတည်း။

၃။ ဤလောကဌ် ဥပဓိတရား ထိုလေးပါးကို[၁] စွန့်လွှတ်ရာမှန် မြတ်နိဗ္ဗာန်ကို မေ့လျော့အစဉ် ဖယ်ကြဉ်ထား၍ လူ, နတ်, ဗြဟ္မာ ဝေနေယျများစွာ သတ္တဝါတို့၏ သောကမဝင် မပင်မပန်း ချမ်းသာခြင်းကို မုနိရှေသွား ဘုရားသခင် ငါသည်ပင်လျှင် ဉာဏ်တော်မြတ်တွင် မြင်တော်မမူမိပေ။

---

၁။ ကာမုပဓိ၊ ခန္ဓုပဓိ၊ ကိလေသုပဓိ၊ အဘိသင်္ခါရုပဓိ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား (သင့်အား) အခါခပ်သိမ်း ငြိမ်းအေးသာယာ မြတ်ချမ်းသာသည် လျင်စွာမသွေ ဖြစ်လွယ်စေပါသတည်း။

## သစ္စာပြုက မြေဆိပ်ကျနိုင်ပုံ
## ယညဒတ် သတိုသား ဝတ္ထု[၁]

ကဏှဒီပါယနဇာတ်တော် နှာ-၂၀၈ တွင်—

တေန သစ္စေန သုဝတ္ထိ ဟောတု။
ဟတံ ဝိသံ ဇီဝတု ယညဒတ္တော—

ဟု ဘုရားအလောင်းတော် ကဏှဒီပါယန ရသေ့နှင့် ယညဒတ် သတိုသားတို့၏ မိခင် ဖခင်တို့က သစ္စာကာရ မဟာဗျူဟာပြု သည်၏ ခဏ၌ မြေဆိပ်လျှောကျ ပျောက်ကင်းရလေသည်။

ဇာတ်အကျဉ်းချုပ်ကို ဖော်ထုတ်ပြရသော်—

၁။ ဗုဒ္ဓအလောင်းတော်က ကဏှဒီပါယန ရသေ့။

၂။ အရှင်သာရိပုတ္တရာအလောင်းတော်က အာဏိမဏ္ဍဗျ ရသေ့။

၃။ အရှင်အာနန္ဒာ အလောင်းတော်က မဏ္ဍဗျသူကြွယ်။

၄။ ပုဗ္ဗါရုံကျောင်းအမကြီးဝိသာခါက သူကြွယ်ကတော်။ (ညီတော်အာနန္ဒာနှင့် ဝိသာခါတို့ဟာ အိမ်ထောင်ဘက် ဖြစ်ခဲ့ဘူးပါတယ်။)

---

၁။ ဇာတ် အဋ္ဌကထာ စတုတ္ထတွဲ-နှာ-၂၈။

၅။ အရှင်ရာဟုလာ အလောင်းတော်က ယညဒတ်အမည်ရှိတဲ့ သူကြွယ်သားပင် ဖြစ်ကြပါတယ်။

**“ဝိပါက်အမြဲ–ငရဲအပ”** ရှေးသူဟောင်းစကားအရ ဝိပါက်မကင်းတဲ့ အရှင်သာရိပုတ္တရာ အလောင်းတော်၏ အတိတ်ဟောင်းက ဖြစ်ကြောင်းကုန်စင် ဇာတ်တော်ကြီးကို တင်ပြလိုက်သော်—

သာဝတ္ထိပြည်က အရွယ်နုစို လုလင်ပျို သူဌေးနှစ်ဦးတို့သည် ပဋိသန္ဓေဇာတိနှင့်စပ်သောကြ၍လူ့ဘဝသည် စင်စစ် မနာချင်ပါဘဲ နာရခြင်း, မအိုချင်ပါဘဲ အိုရခြင်း, မသေချင်ပါဘဲ သေရခြင်း ဘေးကြီးသုံးပါး မကင်းနိုင်တဲ့ ဘုံဖြစ်ကြောင်းကို သိရှိကြသဖြင့် သား,မယားနှင့်တကွ ကုဋေလေးဆယ်ကျော်သော ရတနာတို့ကို စွန့်ခွါ၍ ဟိမဝန္တာသို့ သွား၍ ရသေ့ပြုကြတယ်တဲ့။

အနှစ်ပေါင်း ငါးဆယ်ကျော် နေကြသော်လဲ စျာန်အဘိညာဉ် မရခဲ့ပါ၊ ချဉ်ဆား မမှီဝဲရတာ ကြာမြင့်ပြီဖြစ်၍ ဗာရာဏသီပြည်သို့ ရသေ့နှစ်ပါး ကြွလာခဲ့ကြပြီး သုသာန်ဇရပ်မှာ ကျောင်းအမှတ်ပြုပြီး ခေတ္တ တည်းခိုနေကြတယ်တဲ့။

တနေ့တွင် ကဏှဒီပါယနရသေ့က မဏ္ဍဗျသူကြွယ် ရှိရာသို့ ခေတ္တ သွားနေဆဲမှာ အာဏိမဏ္ဍဗျရသေ့ကို သူခိုး စွပ်စွဲပြီး ရှင်ဘုရင့်ထံ ပို့ကြတယ်တဲ့၊ သူခိုးက သုသာန် ဇရပ်ပေါ်မှာ ရတနာထုပ်ကို ထားခဲ့ပြီး ကိုယ်လွတ်ရုန်း ပြေးသောကြောင့်

အာဏာမဏ္ဍဗျရသေ့ကို ဖမ်းရဒါဘဲ၊ ရှင်ဘုရင်ကလဲ မစစ်ဆေးတော့ဘဲ 'တံကျင်ထိုး၍ သတ်စေ'ဟု အမိန့်ချသတဲ့၊ အရှင်သာရိပုတ္တရာ အလောင်းတော်ကြီးသည် တံကျင်ပေါ်မှာ ဝေဒနာ ခံစားပြီး နေရရှာသတဲ့။

ဗုဒ္ဓ အလောင်းတော်ကြီး ဖြစ်တဲ့ ကဏှဒီပါယန ရသေ့ ပြန်လာတဲ့အခါ အဖော်ရသေ့ကို မတွေ့ရ၍ စုံစမ်းသော် သုသာန်မှာ တံကျင်အလျှိုခံရပြီး နေရတဲ့ အကြောင်း ကြားရလေလျှင် လိုက်သွားပြီး တံကျင်ကို မှီ၍ အပေါ်မှ စီးကျလာတဲ့ သွေးကို ခေါင်းပေါ်မှစ၍ အကျခံပြီး ဗြဟ္မစိုရ် တရားကို ပွါးများလျက် "အကြည်တော် အရှင်မဏ္ဍဗျရသေ့ မေတ္တာပွါးများပါ၊ ဒေါသကို ပယ်ခွါပါ၊ဘယ်သူ့ကိုမှ အပြစ်မတင်လေနှင့်၊ မိမိ၏ အတိတ်အကုသိုလ်ကံကြောင့်သာ ဒီဒုက္ခကို ခံစားရခြင်း ဖြစ်သည်"ဟု တရားပြရှာသတဲ့။ ဗြဟ္မဒတ်ဘုရင်သိ၍ သုသာန်သို့ လာရောက်လျက် ရသေ့နှစ်ပါးကို လျှောက်ထားသောအခါ အကြောင်းစုံသိပြီး တံကျင်ကိုဖြတ်ကာ ဥယျာဉ်တော်မှာဘဲ ကိုးကွယ်ထားရှာသတဲ့။

ဘုရား အလောင်းတော်ကြီး ကဏှဒီပါယန ရသေ့သည် မဏ္ဍဗျသူကြွယ်ထံသို့ တဖန်သွားရောက်ပြီး ဖြစ်ကြောင်း ကုန်စင် အစုံအလင်ပြောပြနေဆဲမှာဘဲ သူကြွယ်သား ယညဒတ်သည် ကစားနေသောဂျင် မြွေနေသောတွင်းသို့ ဝင်သဖြင့် လက်နှင့်နှိုက်ရာ မြွေကိုက်သဖြင့် တွင်းနားမှာ လဲနေရှာသတဲ့။ မဏ္ဍဗျ သူကြွယ်က သားငယ်ကို ပွေ့လျက် အလောင်းတော် ရသေ့ရှေ့ ချပြီး ဆေးကုပေးရန် တောင်းပန်တဲ့အခါ ကဏှ-ဒီပါယနရသေ့က ယခုလို သစ္စာပြုရှာသတဲ့။

"ငါသည် ရသေ့ပြုလာသောနေ့မှ စ၍ ခုနစ်ရက်မျှသာ ရသေ့ဘဝ၌ နှစ်နှစ်သက်သက် တရားကို ပွါးများအားထုတ်ခဲ့၏၊ မြတ်သောအကျင့်ကို ကျင့်ခဲ့၏၊ ကျန်အနှစ်ငါးဆယ်ကျော်မှ ယနေ့အထိ မပျော်မွေ့ဘဲ နေခဲ့ရ၏၊ ဤစကား မှန်ပါ၏၊ မှန်ကန်ရိုးဖြစ်ပါက ယညဒတ်၏ ကိုယ်တွင်းရှိ မြွေဆိပ်သည် မြေသို့ သက်ဝင်ပါစေသတည်း"။—

ဟု သစ္စာကာရမဟာဗျူဟာခင်း၍ တိုက်ဖျက်လိုက်ရာ မြွေဆိပ်တို့မှာ ဦးခေါင်းမှ လျှောကျ၍ ခါးသို့ရောက်သွားတော့သဖြင့် သတို့သားမှာ သတိရ၍ အမေ့အဖေကို ခေါ်နိုင်ပြီး မျက်လုံးကို ဖွင့်၍ ကြည့်ရှုနိုင်သတဲ့။

ဖခင် မဏ္ဍဗျသူကြွယ်ကို ကဏှဒီပါယနရသေ့က သစ္စာပြုရန် တိုက်တွန်းတဲ့အတွက် သစ္စာပြုသည်မှာ—

"ငါသည် အလှူ၏အကျိုးကို မယုံကြည်၊ အလိုမရှိပါဘဲလျက် အလှူကိုပေး၏၊ ငါအလှူမပေးချင်ပါဘဲ အလှူပေးရသည့်အဖြစ်ကိုလဲ တစုံတယောက်သောသူမျှ မသိ၊ ဤသစ္စာစကားကြောင့် ငါ့သား ယညဒတ် အသက်ရှင်စေသတည်း"။—

ဟု သစ္စာကာရမဟာဗျူဟာပြုသောအခါ အဆိပ်များ ပြယ်ကြသဖြင့် အောက်ပိုင်း၌သာ ကျန်တော့၏။

မိခင် သူကြွယ်ကတော်ကို သစ္စာပြုရန် တိုက်တွန်းပြန်သောအခါ—

သာသနာ... ကမ္ဘာအေး၊ ရန်ကုန်။
၉၀၈၄

"ငါသည် မိဘပေးစား၍ သား၏ဖခင်ကို အလုပ်အကျွေးပြုနေရ၏၊ စင်စစ် မေတ္တာရှိ၍ သား၏ဖခင်ကို ပေါင်းသင်းနေတူ ယူရသည်မဟုတ်ပါ၊ ငါ၏မေတ္တာချစ်စိတ်သည် သင်ချစ်သား၏ ဖခင်အပေါ်၌ မရှိသည်ကို ငါမှတပါး အခြားသူ မသိ၊ ဤသစ္စာစကားကြောင့် ချစ်သား၏ ကိုယ်၌ရှိသော မြွေဆိပ်သည် မြေသို့ လျှောကျ သက်ဝင်ပါစေသတည်း"။—

ဟု သစ္စာကာရမဟာဗျူဟာကို ပြုသည်ခဏ၌ မြွေဆိပ်များ လုံးဝ ကုန်စင်သွားလေသတည်း။

ဤဇာတ်တော်ကိုရည်ရွယ်၍ ပါရမီတော်ခန်းပျို့ ၂၁၅-တွင်—

"အမှန်သစ္စာ ကိုးကွယ်ရာဟု မဟာသတ္တော် သူထင်ကျော်တို့ စွဲခေါ်မပြု ဆေးမကုတည့် သေလုယူးယူး မြွေဆိပ်ပူး၍ မူးသော်လည်းကောင်း"။

ဟု စပ်တော်မူလေသည်။

မဃဒေဝလင်္ကာသစ် အပိုဒ် ၂၄၀-၌လည်း——

"ပြင်း ထန် ဆိပ် တောက် တော မြွေ ဟောက် လျှင် ပေါက်၍မြွေဝယ် သူငယ်စင်းစင်း သေတုံလျှင်းလည်း မှန်ခြင်းအရာ မိမာတာတို့ သစ္စာဆိုကြ ငုတ်တုတ်ထ၏"။

ဟု စပ် လေသည်။

ဤလောက၌ အမှန်တရားသည် ဖုံးကွယ်၍ မရ၊ တနေ့နေ့တွင် အဖြစ်မှန် ပေါ် လာရစမြဲပင်။ အမှန်သည် အမှန်ပင်, အမှားမဟုတ်၊ အမှားသည် အမှားပင်, အမှန်မဟုတ်။ စာရေး

သူ၏ အပြစ်ကြီးငယ် အသွယ်သွယ်ကို မြစ်ပယ်တားဆီး တရားနှီးလျက် အားသီးလို့လ ဆိုဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာသခင် ကျေးဇူးရှင် အင်္ဂပူဆရာတော်ဘုရားကြီး ဩဝါဒပေးဘူးသည်မှာ—

"တပည့် အမှန်ကျင့်သုံးပါမှ ဘုန်းကံတိုးမည်၊ 'မှားအစဉ်·ပြင်ခဏ'ဆိုသည့်အတိုင်း အမှားကိုမြင်လျှင် အမြန်ပြင်ပစ်ရမည်၊ 'ကိုယ်ကောင်းလျှင် - ခေါင်းဘယ်မှ မရွေ့' ဆိုထုံးအတိုင်း ကိုယ့်အကျင့်ဓာတ်ကို မြတ်မြတ် နိုးနိုး ကျင့်နေပါက ကိုယ့်နှလုံးသားဟာ နူးညံ့သိမ်မွေ့ပြီး ဘုန်းသက်, ကံသက်, ပညာဉာဏ်ရောင် အခက်တို့သည် တလက်လက် တပြောင်ပြောင် အလင်းရောင်ဝင့်ကြွယ်ပေလိမ့်မည်"—

စသည်ဖြင့် ဆုံးမသည်ကို မှတ်သားနာယူဘူးပါသည်။

မေတ္တာရှိသူ နှလုံးသားသည် အမြဲတစေ နူးညံ့သန့်ရှင်း၍ နေပေသည်၊ မိမိ၏ နှလုံးသား နူးညံ့သန့်ရှင်းပါမှ မိမိ၏ ရုပ်နာမ်ကို နုပျိုစိုလွင်စေနိုင်ပါသည်၊ ဘုန်းသက်, ကံသက်, ဉာဏ်ရောင်သက်တို့သည် ကမ္ဘာပေါ်တွင် ပေါ်လွင်ထင်ရှားပေလိမ့်မည်၊ ပညာရှာမှီးဆဲ ပုလဲဒါယူ တမူတလှတဲ့ ကျောင်းတော်သူ, ကျောင်းတော်သားကလေးများကို ညွှန်ပြလိုပါတယ်၊ မယ်တို့ မောင်တို့သည် ဝဏ္ဏဒသက အသက်သုံးဆယ်နှစ်တွင်းအရွယ် ရုပ်ဟန်သွင်ပြင် ရှုချင်စဖွယ် အချိန်ဝယ် ကမ္ဘာပေါ်တွင် ဗမာ့သားကောင်း ရတနာ, သမီးကောင်း ရတနာ အဖြစ်၌ ရပ်တည်စေလိုသော မေတ္တာ, စေတနာ ကျပ်ပြည့်တင်းပြည့် ရှိပေသည်၊ရှိသည့်အတိုင်းတိုက်တွန်းရပါမူ"**အလိမ္မာ စာမှာရှိ**"

ဟူသော ဆိုထုံးစကားအရ စာကို အပတ်တကုတ် ကြိုးစား အားထုတ်ကြပါလို့ နှိုးဆော်ရပါတယ်။

"အချိန်မဖြုန်း လူရွှေတုံး ရွှေဆုံးရောက်လိမ့်မည်"ဆိုတဲ့ အတိုင်း မောင်တို့ မယ်တို့ကို ရွှေရတနာတုံးကဲ့သို့ ကမ္ဘာက အသုံးပြုရမည့်၊ လေးစားမြတ်နိုးရမည့် ရတနာစစ် ရတနာ မွန်များအဖြစ် ဖြစ်စေချင်ပါသည်၊ စာရေးသူ အထူး တိုက်တွန်းလိုသည်မှာ သား၊ သမီးတို့သည် မိ၊ ဘ၊ ဘိုး၊ ဘွားတို့ကို မေးတုံ့မေးလျှ ကျွေးတုံ့ကျွေးလျှ မွေးရမည် ကျွေးရမည်။

(၁) မိ၊ ဘ၊ ဘိုး၊ ဘွားတို့ကို ကျွေးမွေးသောသူသည် ငရဲသို့ မလားရကုန်။

(၂) မိ၊ ဘ၊ ဘိုး၊ ဘွားတို့ကို မကျွေးမမွေး မယုယသော သူသည် ငရဲသို့ လားရကုန်၏။

## အနိုင်မယူကောင်းသော ပုဂ္ဂိုလ်

(၁) အကြင်မင်းသည် မအောင်အပ်သော မိခင်၊ ဖခင် တို့ကို အောင်နိုင်၏၊ အနိုင်ယူ၏၊ ထိုမင်းသည် မင်း မမည်။

(၂) အကြင် သား၊သမီးသည် အနိုင်မယူအပ်သော မိခင်၊ ဖခင်တို့ကို အနိုင်ယူ၏၊ ထိုသား၊ သမီးသည် သားသမီးမိုက် မည်၏။ (ဤဘဝ၌ ကြီးပွါးချမ်းသာတို့ မလွယ်ကူတော့ပေ၊ လူ့ဘဝ ဆုံးရှုံးရတော့၏။)

(၃) အကြင် မိတ်ဆွေ ခင်ပွန်းသည် ခင်ပွန်းကောင်း၊ မိတ်ဆွေကောင်းတို့ကို စဉ်းလဲသော အကြံယုတ်ဖြင့် တရား

သင်၍ အနိုင်ယူ၏၊ ထိုမိတ်ဆွေသည် မိတ်ဆွေကောင်းမမည်၊ ခင်ပွန်းကောင်းမမည်။

(၄) အကြင်သား,သမီးသည် အရွယ်ယိုယွင်း အိုမင်းသော မိဘတို့ကို မကျွေးမွေး မပြုစု၊ ထိုသား, သမီးသည် သားသမီး မမည်။

(၅) အကြင်သဘင်၌ ပညာရှိ သူတော်ကောင်း မရှိ၊ ထို သဘင်သည် သဘင်မမည်။

(၆) အကြင်သူသည် ဟုတ်မှန်သော သဘောအတိုင်း မပြောမဆို၊ ထိုသူသည် သူတော်ကောင်း မမည်။

(၇) တပ်မက်မောခြင်း, အမျက်ထွက်လွယ်ခြင်း, မိုက်မဲ တွေဝေခြင်းတို့ကို ပယ်၍ သူတပါးအကျိုးစီးပွါးနှင့် စပ်၍ သနားခြင်း, မြတ်နိုးခြင်း ရှိသည်ဖြစ်၍ ဟုတ်မှန်သောအတိုင်း ပြောဆိုသော ပညာရှိသည်သာလျှင် သူတော်ကောင်းမည်၏။

ဤစကားများကို—

"န သော ရဟာ ယော အဇေယျံ ဇိနာတိ"။[၁]

အစရှိသော ဓမ္မဒေသနာတော် အရ ညွှန်ပြလိုက်ရ ပေသည်။

ထို့ပြင် မိဘတို့မည်သည် သား, သမီးတို့ကို ဆင်စီး မြင်းရံ စေလိုတဲ့ စေတနာအပြည့်အဝရှိကြ၏။ ထိုသို့ ရှိကြတဲ့ မိဘ တို့ကို သား, သမီးများက ကျွေးမွေးပြုစု ယုယုယယ ကျင့်ဝတ် ကျင့်ရေး ဦးမလေးသင့်ပေ။ မိ, ဘ, ဆရာများ ပြုပြင်သွန်သင်မှု

---

၁။ ဇာတကပါဠိတော် ဒု-တွဲ နှာ-၁၄၈။

ကို ဂရုတစိုက် လိုက်နာကျင့်သုံးရမည်၊ လေးစား မှတ်သား နာခံရမည်၊ မိဘဆရာပေါ်မှာ အသိမာန် မထားသင့်ပါ၊ မိ၊ ဘ၊ ဆရာသမားအပေါ်၌ ကျေနပ်ရိုသေခြင်းရှိပါက ထိုသို့ ရိုသေခြင်းဖြင့် သစ္စာပြုသော် မလွဲကေန် အမှန်ပင် အောင်မြင်မည်။

လောကကြီး၌ မြတ်သောအရာသာအပေါင်းတို့တွင် သစ္စာတည်းဟူသော အရာသာသည် အလွန်မြတ်၏။ မြတ်ကြောင်းကို ယည္ဒတ်သူကြွယ်သားငယ် မြွေဆိပ်ပြယ်၍ အသက်ရှည်ခြင်းက ခိုင်လုံမှု အထောက်အထားပြုနေသည်မဟုတ်ပါလော။ "ကတိသစ္စာ၊ တည်သောခါမူ၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏" ဟူ၍၎င်း၊ "သစ္စာကတိ၊ လူ၌ရှိက၊ မဏိစစ်သွင်၊ လွန်ပေါ်ထင်လိမ့်" ဟူ၍၎င်း ကတိ ဆိုတဲ့ ဝန်ခံချက်ကို မပျက်မကွက်အောင် ဆောင်ရွက်ခြင်း၊ ပြောဆိုခြင်း၊ လုပ်ကိုင်ခြင်း စသည်တို့ကို ကျင့်ဆောင်သွားပါက လူ့ဘဝတွင် ပေါ်လွင်ထင်ရှားသော ကမ္ဘာကျော် ပုဂ္ဂိုလ်မော် ဖြစ်နိုင်ပေသည်။ ဤသို့ ကတိတည်သူသည် အမှန်အကန် ကျင့်သုံးသူဖြစ်၍ သစ္စာရှိသောသူဟု ဆိုရပေတော့မည်၊ အသိအမှတ်ပြုရပေတော့မည်။ ယနေ့ခေတ် လူငယ်မောင်၊ မယ် သစ်လွင်တို့သည် ကတိ သစ္စာရှင်ကလေးတွေ ဖြစ်လွှယ်ကြပါစေ-ဟု ဆုတောင်းလိုက်ရပါသတည်း။

## သစ္စာကာရ မဟာဗျူဟာ=သစ္စာပြု၍ စစ်ဆင်နည်း အလောင်းတော် ငါးရံ့မင်းဝတ္ထု[၁]

ကာလအားဖြင့် ဗုဒ္ဓရှင်တော် မြတ်စွာဘုရား မပွင့်မီက ဖြစ်၏။ ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးအတွင်း စောင်းတန်းထိပ်တွင် တည်ရှိသော ရေကန်ကြီး၏ အတွင်းတွင် ရေကန်ခန်း၍ ငါးအပေါင်းတို့မှာ အလွန်ဆင်းရဲဒုက္ခ ရောက်လျက်ရှိကြကုန်၏။ ဗုဒ္ဓအလောင်းတော် ငါးရံ့မင်းသည်လည်း ထိုငါးအပေါင်းတို့နှင့်အတူ ဆင်းရဲဒုက္ခတွေ့ကြုံနေကြရ၏၊ ရေကန်ကြီးမှာလည်း ရေကုန်ခန်းပြီး ချုံနွယ်ပိတ်ပေါင်း ခြံရံလျက် ရွံ့ညွန်များ ပပ်ကြားအက်ပြီး ပူပြင်းလှသဖြင့် ငါးရံ့မင်းနှင့် ငါးအပေါင်းမှာ ပြင်းပြင်းထန်ထန် ဆင်းရဲဒုက္ခအပေါင်းနှင့် တွေ့ကြုံနေရဆဲမှာဘဲ ရန်သူကျီးအုပ် ရောက်လာပြီး ငါးအပေါင်းတို့ကို ပေါက် ဆိတ် သတ်ဖြတ် စားကြကုန်သည်ဖြစ်၍ ကုန်သည်ငါးရာ ရေပြတ်ငတ်တဲ့ဘေးကြီးနှင့် ကြုံတွေ့နေရဆဲမှာ ဘီလူးများ **အစားခံရသကဲ့သို့** အကြီးအကျယ် ဒုက္ခနှင့် တွေ့ကြုံနေကြလေလျှင် အလောင်းတော် ငါးရံ့မင်းသည် မိုးရွာသွန်းစေရန် ယခုလို သစ္စာပြုလေသည်။

### ငါးရံ့မင်း သစ္စာပြုပုံ

ထိုအချိန်က ကောသလတိုင်း သာဝတ္ထိပြည်မှာ မိုးခေါင်ရေရှားသဖြင့် လူအပေါင်းတို့မှာ ဆင်းရဲဒုက္ခ ပြင်းပြင်းပြပြ

---

၁။ ဇာတကပါဠိ၊ ပ-တွဲ နှာ-၁၀။ ဇာတ်အဋ္ဌကထာ၊ ပ-တွဲ နှာ-၃၅၀။ စရိယာပိဋကပါဠိတော် နှာ ၃၄၊ ၄၁၅။

ရောက်ရှိချိန်ဖြစ်ပြီး ကယ်ဆယ်သူ မရှိဘဲ ကောက်ပဲသီးနှံ စသည် စိုက်ပျိုးမရ ကပ်ကြီးသုံးပါးနှင့် တွေ့ကြုံနေရတဲ့ အချိန် ဖြစ်သည်။

"ဝဿဝလာဟက မိုးနတ်သား အရပ်ရှစ်မျက်နှာ တဝိုက် ထစ်ချုန်း၍ ရွာလိုက်ပါလော့၊ ကျီးအပေါင်းတို့၏ ရွှေအိုးကို ဖျက်ဆီးဘိလော့၊ ကျီးအပေါင်းကို စိုးရိမ် ခြင်း၌ မိုးရွာသွန်းခြင်းဖြင့် ပိတ်ပင်ပါလော့၊ငါနှင့် ငါဆွေ မျိုးတို့ကိုလည်း စိုးရိမ်ခြင်းမှ လွတ်ပါစေလော့။"

ဤသို့ ငါးရံ့မင်း သစ္စာပြုလိုက်သည်နှင့် တပြိုင်နက်ပင် မိုးကြီး သည်းစွာရွာခြင်း၊ များစွာသော လူအပေါင်းတို့ သေအံ့သောဘေး၊ မွတ်သိပ်ခြင်းဘေးမှ လွတ်ခြင်းသို့ ရောက် သဖြင့် ကပ်ဆိုက်ခြင်းဘေး ကင်းဝေးဘူးလေပြီ။

ဘုရားအလောင်းတော် ငါးရံ့မင်းနှင့် ငါးလိပ်တို့သည် မိုး ခေါင်၍ မြစ်,ကန်, ချောင်း ခြောက်ခန်းသဖြင့် ညွန်နစ် မြေ ထဲ၌ ခိုအောင်းပုန်းဝှက်၍ နေကြရ၏။ ထိုအချိန်တွင် မျက်စိ ရှင် နားပါး သူတပါး၏အသက် ဥ, သားငယ်များကို စားနေ ကျ ကျီးများတွေ့မြင်၍ ငါးလိပ်များကို ပေါက်သတ်စားကြ သည်ကို တွေ့မြင်ရသော ငါးရံ့မင်းသည် များစွာ စိတ်မချမ်း သာဖြစ်ပြီး "အင်း....ငါ၏အမျိုး ငါးများနှင့်တကွ သတ္တဝါ အားလုံး ဆုံးရှုံး ပျက်စီး သေကြေကုန်တော့မည်၊ ငါမှတပါး တခြား ကိုးစား အားထားစရာ မရှိပြီ၊ ငါ သစ္စာပြုပါမှ ဖြစ် တော့မည်"ဟု အကြံရကာ သစ္စာစကားဖြင့် မိုးကို ရွာစေ၍ ဤဘေးမှ လွတ်စေအံ့ဟု မည်းနက်သော အဆင်းရှိသော

ညွန့်ကို ယက်၍ ခွဲထွက်ပြီးသော် ကြည်လင်ဝင်းပ ကျက်သရေ ရှိလှသော မျက်လုံးများဖြင့် အထက်ကောင်းကင်ကို တည်ငြိမ်စွာ ကြည့်၍—

"ဝဿဝလာဟကခေါ်တဲ့ အို-ပဇ္ဇုန်နတ်သား အဆွေ အမျိုးတို့ကြောင့်ရင်း, ဝေနေယျသတ္တဝါတို့ကြောင့်ရင်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲရ၏၊ သီလနှင့်ပြည့်စုံသော ငါ ငါးရံ့မင်းသည် ပင်ပန်းလျက် ရှိရ၏။ အဘယ့်ကြောင့် မိုးကို မရွာစေဘိသနည်း။ ငါးမျိုးတို့တွင် အချင်းချင်း စားသောက်သော ငါးမျိုးတို့၌ ငါသည် ဖြစ်သည်ကား မှန်၏၊ သို့ပေမဲ့ ဆန်လုံးခန့်မျှသော ငါးပေါက်ကလေးကို မျှ မစားစဖူးခဲ့ပါ၊ ငါသည် အသက်ရှည်နေသမျှကာလ ပတ်လုံး အသက်ရှိသော သတ္တဝါကို မသတ်စဖူးပါ။ ဤသို့ သော သစ္စာစကားကြောင့် မိုးကြီး သည်းစွာ ရွာသွန်း သည်ဖြစ်၍ အဆွေအမျိုးအပေါင်းသည်ရင်း, ငါသည်ရင်း ဆင်းရဲခြင်းမှ လွတ်စေသတည်း"—

ဟု သစ္စာပြုပြီးသည့်အဆုံး၌ သန့်ရှင်း ကြည်လင် အေးမြလှ စွာသော မိုးရေပေါက်တို့သည် သည်းစွာ ကျရောက်လာကြ သဖြင့် ကောသလတိုင်းကြီးအတွင်းနေ ကုဋေ များစွာသော လူတို့သည်ရင်း, သတ္တဝါ အပေါင်းတို့သည်ရင်း ချမ်းသာကြ ကုန်၏။

ဤဇာတ်တော်ကို ရည်၍ ပါရမီတော်ခန်းပျို့ ၂၁၅-၌—

"မရွာပဇ္ဇုန်၊ လေတိဟုန်လျက်၊ ဖုန်ဖုန်မှုဆောင်၊ မိုးလျှင် ခေါင်လည်း၊ ရှောင်ဟု ကောင်းကောင်း၊ ဆရာ

မောင်းက၊ တသောင်းရေဒဏ်၊ ပေးသည်ဟန်သို့၊ သည်း
ထန် ဤမိုး၊ ကန်ချောင်းဖြိုးမျှ၊ ရွာတုံရသား”—

ဟု စပ်တော်မူလေသည်။

မဃဒေဝလင်္ကာသစ်အပိုဒ် ၂၄၀-၌လည်း—

“ငါးမင်းရာဇာ၊ နွေလခါ၌၊ သစ္စာမှန်တိုင်း၊ ရွတ်ဆို
ခိုင်းက၊ ဗျိုင်းအောက်တို့ဘိုး၊ ခါမှဲ့ မိုးလျှင်၊ ကြိုး၍
ရွာချ”—

ဟု စပ်တော်မူလေသည်။

ဤစစ်ဆင်နည်းဗျူဟာသည် သူတပါးတို့၏ အသက်တို့ကို ရက်ရက်စက်စက် ပေါက်သတ်၍ စားသောက်တတ်သော ကျီးငှက်တည်းဟူသော ရန်သူ အပေါင်းတို့ကို ငါးရံ့မင်းသည် သီလရှေ့သွား သစ္စာတရားဖြင့် ဗျူဟာခင်း၍ တိုက်စစ် ဆင်ခြင်းပင် ဖြစ်၏။ သို့တိုက်စစ်ဆင်ပုံသည် စိတ်မပန်း ရုပ်မပန်း နှုတ်အစွမ်းဖြင့်သာ ငြိမ်းအေးသာယာ အလွယ်ကလေး တိုက်ဖျက်ခြင်းသာ ဖြစ်၏။

ဤ စာရှုသူတို့ သတိပြုရန်မှာ ဒုဂ္ဂတိအဟိတ် တိရစ္ဆာန် ဖြစ်ကြတဲ့ ငါး, ငုံး, ဥဒေါင်း စသည့် သတ္တဝါတို့၏ သီလရှေ့သွား သစ္စာတရားတော်သည်ပင် ရန်သူမျိုး ငါးပါးတို့၏ ဘေးမှ ကင်းဝေး၍ အောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့ပါလျှင် ရတနာသုံးပါး ဦးထိပ်ထားကြကုန်သော သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ် လူသား ပုဂ္ဂိုလ်များ၏ သီလရှေ့သွား သစ္စာတရားတော်သည်ကား အဘယ်မှာ မအောင်မြင်ဘဲ ရှိပါအံ့နည်း၊ မလွဲကေန် အမှန် အောင်မြင်ရမည်ပင်။ သို့ဖြစ်၍

ရန်သူအတွက် စိတ်လက် မအီမသာရှိပြီး မှိုင်မနေဘဲ ငိုင်မနေကြဘဲ သစ္စာစသော လက်နက်နှင့် တိုက်ဖျက်ကြပါလေ။

## ငုံးမင်း ဝတ္ထု[၁]

### ငုံးကလေးပေါက်စက သစ္စာပြုသဖြင့် တောမီးငြိမ်းရပုံ

အချိန်အခါကား မြတ်စွာဘုရား သက်တော်ထင်ရှား ရှိနေဆဲ အခါပါဘဲ။ သက်တော်ထင်ရှား မြတ်စွာဘုရားသည် မာဂဓတိုင်းခရီး ကြွတော်မူရာတွင် မာဂဓ ရွာငယ်ကလေး တရွာ၌ ဆွမ်းခံတော်မူ၍ ထိုရွာမှ ထွက်ခွါဖဲကြွတော်မူခဲ့ရာ လမ်းခရီးအကြား၌ တောမီး အကြီးအကျယ် လောင်လာသဖြင့် နောက်ပါ ရဟန်းငါးရာတို့တွင် ပုထုဇဉ်ရဟန်းငယ်တို့က အလွန်ပြင်းပြစွာ လောင်လာသောမီးကြီးကို ကြောက်ရွံ့လှသဖြင့် မီးဆိုမီးတား ပြုလုပ်အံ့ဟု ပွတ်ခုံပွတ်ကျေးယူ၍ မီးပွတ်ပြုလုပ်ကြလျှင် ဘုရားရှင်၏ အံ့မခန်းသော ဘုန်းတန်းခိုးဂုဏ်တော်ကို သိရှိကြပြီးသော ရဟန်းတော်များက—

"ငါ့ရှင်တို့....ကောင်းကင်အလယ်၌ တည်သောလပြည့်ဝန်းကို မမြင်ဘဲ ရှိကြပါသလော၊ ငါ့ရှင်တို့ အရှေ့လောကဓာတ်မှ ထွက်ပေါ်နေသော နေလုံးကြီးကို မတွေ့မမြင်ဘဲ ရှိကြပါသလော၊ ငါ့ရှင်တို့ သမုဒ္ဒရာနား၌ ရပ်တည်၍နေကြပါလျက် မဟာသမုဒ္ဒရာပင်လယ်ကြီးကို မမြင်ဘဲ ရှိကြပါသလော၊ ငါ့ရှင်တို့ မြင်းမိုရ်တောင်ကြီးကို မှီခို၍နေကြပါလျက် မြင်းမိုရ်တောင်ကြီးကို မမြင်ဘဲ ရှိကြပါကုန်သလော၊ နတ်နှင့်တကွသော လူအပေါင်းတို့၏

[၁]။ ဇာတကပါဠိတော်၊ပ-တွဲ၊နှာ-၉။ဇာတ်အဋ္ဌကထာ၊ပ-တွဲ၊ နှာ-၂၂၈။ စရိယာပိဋကပါဠိတော် နှာ-၃၄၊ ၄၁၄။

ကိုးစားရာအစစ် အဖြစ်ကြီးဖြစ်တော်မူသော ဘုန်းတော်၊ ကံတော်၊ တန်းခိုးတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှိတော်မူသည်ကို ငါရှင်တို့ မမြင်ကြပါသလော၊ ဘုရားရှင်၏ တားတော်မူနိုင်သော အားတော်ကို မသိမမြင်ကြပါသလော"—

ဟု ပြောဆိုကြပြီးလျှင် သုံးလောကထွတ်ထား မြတ်စွာဘုရား၏ အပါးသို့ ဝန်းရံ၍ ဆည်းကပ်ကြလေလျှင် တောမီးသည် ထက်ဝန်းကျင် တဆယ့်ခြောက်မင်းပယ်စား၊ ထုတ်ချင်းလျှို သုံးဆယ့်နှစ်မင်းပယ်စားသော အရပ်သို့ရောက်၍ မြက်မီးရှူးကို ရေ၌နှစ်ဘိသကဲ့သို့ မီးကြွင်းမီးကျန်မရှိ ရှင်းရှင်းကြီး ငြိမ်း၍ သွားလေတော့၏။

သစ္စာပြုခြင်း၏ တန်းခိုးဂုဏ်သည် ကုသိုလ်၊ အကုသိုလ်ကို ခွဲခြား၍ မသိတတ်သော အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ ငုံးငှက်ငယ်ကလေးပြုတဲ့ သစ္စာသော်မှလည်း အလွန် ကြီးမားလှတဲ့ အလွန်ကြောက်စရာကောင်းလှတဲ့ မီးဘေးကြီးကို ငြိမ်းစေနိုင်လျှင် ကုသိုလ်၊အကုသိုလ်တို့ကိုရင်း အကြောင်းအကျိုး အဆိုးအကောင်းတို့ကိုရင်း တစ်တစ်ခွခွ ပိုင်ပိုင်နိုင်နိုင် ဉာဏ်ပညာနှင့်ယှဉ်၍ သိရှိသော ကလျာဏပုထုဇဉ် လူဇာတ်စင်စစ်ဖြစ်ကြတဲ့ ပုဂ္ဂိုလ်တို့၏အဘို့ သစ္စာပြုကြမည်ဆိုပါက အဘယ်မှာလျှင် ရန်ဟူသမျှကို မအောင်မြင်ဘဲ ရှိအံ့နည်း၊ မလွဲကေန် အမှန်အောင်မြင်ရမည်သာလျှင်တည်း။

ဗဟုဿုတအရာ၌ ဧတဒဂ်ရ အရှင် အာနန္ဒာမထေရ်သည် ဒုကုဋ်ကို ခင်းပေးတော်မူသည်ရှိသော် ဝါစာအစိန္တေယျသခင် ဘုရားရှင်သည် ဤသို့ မိန့်တော်မူလေသည်– "ငါ၏ချစ်သား

ရဟန်းများတို့ ဤမီးသည် ငါ၏တန်းခိုးတော်ဖြင့် ငြိမ်းသည် မဟုတ်ကြောင်း အတိတ်ဖြစ်ရပ်အကြောင်းစုံတို့ကို ဟောတော်မူလိုရကား—

ချစ်သားတို့ ငါဘုရားသည် လွန်လေပြီးသော အတိတ်အခါက ဤနေရာ၌ ငုံးမျိုးမှာ ဖြစ်ခဲ့ဘူး၏၊ ဖြစ်သောအကြောင်းမှာ မာဂဓတိုင်း မာဂဓရွာအနီး အလွန်တရာအပြောကျယ်လှစွာသော တောအတွင်း၌ တောမီးသည် ကြီးမားလှစွာ လောင်ကျွမ်း၍လာ၏၊ ထိုအခါ ငါဘုရားသည် ဥခွံမှပေါက်စ ငုံးသားငယ်ကလေးအဖြစ်နှင့် ရှိ၏၊ ငါ၏မိဘများသည် ငါ့ကို ထား၍ မီးဘေးလွတ်ရာသို့ ပျံ၍ပြေးကြကုန်၏။ ထိုအခါကား ငါ့မှာ အတောင်တော့ ရှိပါရဲ့ အတောင်အမွေးမပေါက်သေး၊ ခြေတော့ရှိပါရဲ့ ခြေဖြင့် မပြေးမလွှားနိုင်သေး။ လောင်လာသော တောမီးဘေးကို ကင်းဝေးအောင် ငါ့မှာ မပြေးမလွှား, ပျံမသွားနိုင်သေးသဖြင့် ကြံရာမရ သေရမည့်ဒုက္ခနှင့် ရင်ဆိုင်နေဆဲမှာဘဲ သစ္စာပြုဘို့ အကြံပေါ်လာ၏၊ ပေါ်လာသည့်အတိုင်း ငါသည် သစ္စာပြုဘူး၏၊ သစ္စာပြုသည့်အတိုင်း တောမီးသည် ငြိမ်းဘူးလေပြီ။

## ငုံးမင်းလေး၏ အကြံပြုပုံ ရှင်းတမ်း

ငုံးမင်းလေး၏ အကြံပြုပုံကို ထပ်ဆင့် ရှင်းတမ်းထုတ်၍ပြဆိုပေအံ့—အလောင်းတော် ငုံးမင်းသည် အသိုက်ထဲမှလည်ကိုထုတ်ဖော် မော်၍ကြည့်လိုက်လျှင် ကြောက်မက်ဖွယ်ကောင်းလှသော ထိုတောမီးကို မြင်၍ “ငါ့မှာ အတောင်များရှိကြ၏။ သို့သော် ကောင်းကင်သို့ ပျံအံ့သောအားသည် မရှိ

ခဲ့ပါ။ ငါ့မှာ ခြေများ ရှိကြ၏။ သို့သော် အရပ်တပါးသို့ သွားကြောင်းဖြစ်သော အား ငါ့တွင် မရှိခဲ့ပါ။ ငါ့အမိ ငါ့အဘတို့သည်လည်း သေအံ့သောဘေးမှ ကြောက်လန့်၍ ပျံသွားကြလေကုန်၏၊ ငါ၏ကိုးကွယ်ရာ ပုန်းအောင်းရာ မှီခိုရာ”ဟူ၍ မရှိတော့ပြီ၊ “ဤလောကကြီး၌ အဘယ်တရားသည် မှီခိုအားထားရာအစစ် ဖြစ်ပါလိမ့်မည်နည်း”ဟု ဆင်ခြင် စဉ်းစားသောအခါ——

လောကကြီးမှာ ငါ၏ မှီခိုအားထားရာအစစ်ကား သီလတည်းဟူသော ကျေးဇူးဂုဏ်သည် ငါ၏ မှီခိုအားထားရာ အစစ်ဖြစ်၏၊ သစ္စာတည်းဟူသော ကျေးဇူးဂုဏ်သည် ငါ၏ မှီခိုအားထားရာအစစ် ဖြစ်၏၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်၊ မဟာကာရုဏိကဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူသော ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုမ်၊ ကဿပ ဟု ဆိုအပ်ကုန်သော သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်တို့သည်လည်း ရှိတော်မူကြကုန်၏၊ ထိုဘုရားရှင်တို့၌ ထိုးထွင်း၍ သိအပ်သော ကျေးဇူးဂုဏ်တို့သည် အလုံအလောက် အပြည့်အစုံ ရှိတော်မူကြကုန်၏။ ငါငုံးငယ်ကလေး၌ တခုသောသစ္စာသည် ရှိ၏၊ထိုသစ္စာစကားဖြင့် လွန်လေပြီးသော ဘုရားရှင်တို့ကို၎င်း၊ ထိုဘုရားရှင်တို့၏ ပကတိသော တန်းခိုး၊ အလွန်တင့်တယ်သောတန်းခိုး၊ မကြံစည်နိုင်သော တန်းခိုးတော်တို့နှင့် ပြည့်စုံတော်မူသော ဂုဏ်တော်တို့ကို၎င်း ဆင်ခြင်လျက် ငါ၏၎င်း၊ အလုံးစုံသော ဝေနေယျသတ္တဝါတို့၏၎င်း ကိုယ်စိတ် ချမ်းသာရာ ရရှိအောင် ပြုတော့အံ့ ဟု ဆင်ခြင် စဉ်းစားပြီး——

"ဟယ်တောမီး ငါ့မှာ အတောင်ရှိလျက် ဖြန့်၍ မပျံ တတ်သည်၏အဖြစ်, ငါ့မှာ ခြေရှိလျက် ဆန့်၍ မသွား တတ်သည်၏ အဖြစ်ရှိသည် အမှန်ပါ၊ ဤ သစ္စာစကား ကြောင့် ဤတောမီးသည် ဖဲစေသတည်း"—

ဟု သစ္စာပြုလျှင် ရေ၌ နှစ်၍ ငြိမ်းသတ်လိုက်သော မီး ရှူးမီး တုတ်ကဲ့သို့ ချက်ခြင်း စဲလေ၏။သစ္စာတည်းဟူသော လက်နက် သည် ထက်မြက်လှ၏၊ အံ့ဩဘွယ်ပင်၊ အံ့ဩနေရုံနှင့် မပြီး၊ ခေတ်ကြီး၏ ချုတ်ပျက်စီးလာခြင်းကို သီလပုဗ္ဗင်္ဂမသစ္စာဖြင့် သစ္စာလည်း ပြု၍ မြင့်မြတ်သော စစ်ဆင်ခြင်းကို ပြုကြပါ။ ဤ ငုံးမင်းဇာတ်တော်ကိုရည်၍ ပါရမီတော်ခန်းပျို နှာ ၂၁၅-၌—

"ဆုံးပါးမဲ့အောင်၊ ဟူးဟူးလောင်သား၊ လယ်ခေါင် ရောက်ပြီး၊ ဆည်တန့်တီးလျက်၊ မီးကို ဆုံးမ" ဟူ၍ရင်း၊

မဃဒေဝလင်္ကာသစ် အပိုဒ် ၂၄၀-၌လည်း—

"ထိုမှတသွယ်၊ တောမြိုင်လယ်တွင်၊ ငုံးငယ်မီးရှောင်"— ဟူ၍ရင်း စပ်လေသည်။

## ဘုရားရှင်၏ အံ့ဘွယ်ဂုဏ်ဖြင့် သစ္စာပြုပုံ

ရှင်ဘော်မြတ်ဘုရား၏ အံ့ဘွယ် တဆယ့်ရှစ်ပါးသည် လူ နတ်အပေါင်းတို့၌ မဖြစ်စဘူး ထူးမြတ်တော်မူလှ၏၊ ဘယ် လူ ဘယ်နတ်မှာမှ မဖြစ်နိုင်ပေ၊ ဖြစ်နိုင်ရန်လည်း လမ်းမရှိ၊ ထိုအံ့ဘွယ် တဆယ့်ရှစ်ပါးထဲမှ တပါးပါးကို အဓိဋ္ဌာန်ပြုပြီး ရွတ်၍ တအံ့တဩ ကြည်ညိုနေရပါလိမ့်မည်၊ သက်စေ့ကြည်ညို ပေးပါ၊ ထို့နောက် ထိုကြည်ညိုသော အံ့ဘွယ်ဂုဏ်ဖြင့် သစ္စာ ပြုပါ၊ နမူနာတခု နည်းယူနိုင်ကြစေရန် ပြဆိုပေအံ့။

ဗုဒ္ဓ၏ အံ့ဘွယ် တဆယ့်ရှစ်ပါးတို့တွင် အမှတ်တစ် အံ့ဘွယ် ဖြင့် သစ္စာပြုကြပါမို့။

"မြတ်စွာဘုရားသည် အတိတ်ကို ပြန်၍ တွေးဆတော်မူသော ဉာဏ်တော်၌ အပိတ်အပင်မရှိ ထူးမြတ်တော်မူလှပါ၏ အရှင်ဘုရား"—

ဟု မိမိသက်စေ့ ကြည်ညိုပါ။ ပြည့်သောအခါ—

"ဤသို့ မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့် တပည့်တော်၏ အတိတ်အကြောင်းကို တွေးဆတိုင်း တွေးဆတိုင်း ကိုယ်ပိုင်ဉာဏ်သည် အမြန် ပေါ်ပါစေသတည်း"-

ဟု ဆုပန်ပေးပါက အတိတ်ကို မြော်ခေါ် တွေးဆသော ကိုယ်ပိုင်ဉာဏ်သည် ကွင်းကနဲ ကွက်ကနဲ ပေါ်လာနိုင်ပါသည်၊ ဝင်္ဂီသပုရောဟိတ်ပဏ္ဍိတ်ကဲ့သို့ လောကီအမြင်ဉာဏ် ထက်သန်ကြီးမားလာစရာရှိ၏။

အထုံပါရမီ ရင့်သန်ဘို့ အလွန်လိုသည်၊ ရဟန်းတော်များဆိုလျှင် စတုပါရိသုဒ္ဓိ သီလစင်ကြယ်ရန်လဲ လိုသည်၊ လောဘ ဒေါသ မောဟဆိုတဲ့ အကုသိုလ် အညစ်အကြေး ခေါင်းပါးရန်လည်း လိုသည်၊ မြေ ရေ လေ မီး ဓာတ်ကြီးလေးပါး အစုဖြစ်တဲ့ ဤခန္ဓာအိမ်ဟာ အလွန်တရာ မမြတ်တဲ့ ခန္ဓာအိမ်ဖြစ်တယ်လို့လဲ အမြဲရှုမြင်နေကြရန်လည်း လိုသည်၊ ဤစည်းကမ်းချက်နှင့် ပြည့်စုံလုံလောက်လာလျှင်ပင် လောကီနယ်ပယ်တွင် အမြင်ဉာဏ် ထက်သန်နိုင်စရာ ရှိ၏။ အာရုံငါးပါးထဲ တဝဲလယ်လယ် ရစ်သီရစ်သီဖြစ်နေတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်နေ

ပါက အတိတ်အကြောင်း အမြင်သန်ချင်နေပေမဲ့ အမြင်သန်နိုင်ဘို့ရန် လွယ်မည်မဟုတ်ပေ၊ ငါ ဒီအလုပ်လုပ်ပါက ဒီအကျိုးခံစားရလိမ့်မည် ဟူသော မြော်လင့်ချက် လောဘဇော တက်နေရင်လဲ ပေါ်လာလိမ့်မည် မဟုတ်ပေ၊ မေ့မေ့ပျောက်ပျောက် အာရုံရှိရမည်၊ လာဘော အလာဘောကို အာရုံခံမှုမရှိစေနှင့်၊ လာဘ်ရခြင်းကြောင့်လည်း သောမနဿ မဖြစ်စေနှင့်၊ လာဘ်မရခြင်းကြောင့်လည်း ဒေါမနဿ မဖြစ်စေနှင့်၊ လျစ်လျူရှုမှုကို သတိမလစ်စေရ၊ အမြဲလျစ်လျူရှုနေရမည်။

လာမေးသူအား အမှန်ဟောကိန်းထုတ်ချင်၍ ဒါန သီလစသော ပါရမီကို အားထုတ်တယ်ဆိုတဲ့ ရည်ရွယ်ချက်မျိုးလုံးဝ မရှိစေရ ကင်းရမည်၊ ဤလက္ခဏာတွေ ညီညွတ်လာဘို့ပဓာနဖြစ်၏၊ အမြင် အကြား ပေါက်တယ်ဆိုတဲ့ ဟိတ်ဟန်ထုတ်မှုကို အဓိကထား၍ အလုပ်လုပ်လဲ ရလိမ့်မည်မဟုတ်၊ လာဘ်ငဲ့ပြီး အဟောထုတ်ချင်တဲ့ မဟိစ္ဆမျိုး ကင်းရှင်းစေရမည်၊ တကယ်အားထုတ်လို့ အမှန်မြင်လာသည့်တိုင်အောင် မရှောင်သာ၍ သို့မဟုတ် စေတနာသန့်သန့်ပေါ်၍ တခါတရံ ကြုံကြိုက်တဲ့အခါမှသာ ပြောဟောမိဒါမျိုး ဖြစ်ပါစေ၊ မရှောင်သာလို့ ညွှန်ခံရပါသော် ဝိသဘာဂရန်သူကို အထူးသတိထားရပါမည်၊ သူသည် မိမိအမြင်ကို လွင့်စင်ပျောက်ကွယ်သွားစေနိုင်အောင် အနှောင့်အယှက်ကို ကောင်းကောင်းကြီး ပေးနိုင်လေသည်၊ မည်သူမဆို လူ့နလုံးသားသည် မေတ္တာ ကရုဏာ ယိုစီးလွယ်တတ်သည်၊ ယိုစီးလာလျှင်ရာဂသည် နောက်မှ ကပ်ပါလာတတ်သည်။ ထိုအခါ အမြင်ပျောက်ကွယ်သွားနိုင်လေသည်၊ မေတ္တာကို ရှေ့သွားပြု၍

တကျာရာဂ လှည့်ပတ်ဝင်လာတတ်သည်၊ မင်းသား ခေါင်းဆောင်းတဲ့ ဘီလူးအဖြစ် ရောက်လာတတ်သည်။

## မေတ္တာပို့နည်း

ကိုယ်တွေ့ ခံစားရသော လုပ်ငန်းကို မခြွင်းမချန် အမြွက်မျှ ပြပေအံ့၊ လူ ရှင် ရဟန်း ဘယ်ပုဂ္ဂိုလ်မဆို မထိန်းနိုင်သော သီလကို မဟာသီလဖြစ်အောင် ထိန်းရမည်၊ ရှေ့ပိုင်းမှာ ပရိတ်ကြီး တဆယ့်တသုတ်ကို ပုဒ်မှန် အနက်မှန် အဖိပ္ပါယ်မှန် မြင်အောင်ကျက်၍ ရွတ်ပေးရမည်၊ ဓမ္မစကြာ၊ မဟာသမယ၊ မဟာသတိပဋ္ဌာန်၊ မဟာအာႋဋ္ဌာနာဋိယသုတ်၊ ဆခေါတုသုတ်၊ စတုခေါတုသုတ်၊ ဆဒိသာပါလသုတ်များကိုလည်း အလှည့်ကျထား၍ ရွတ်ရမည်၊ ပြီးတိုင်း ပြီးတိုင်း မေတ္တာပို့ရမည်၊ ပို့ပုံပို့နည်းကို ပြပါအံ့၊ မိမိ စောင့်ထိန်းသော ကိုယ်ကျင့်သီလ၌ ယုံမှားသံသယမရှိ စင်ကြယ်သည်ဟု ယုံကြည်ချက် ရှိရမည်၊ မိမိကိုယ်ကို မိမိကြည်ညိုစိတ် ရှိရမည်။ ကိုယ့်အကျင့်ကို ကိုယ်ပြန်ပြီး ကြည်ညိုစိတ်ရှိလျှင် သူတပါး မကြည်ညိုမှာကို စိုးရိမ်စရာ မလိုတော့ပေ၊ သူတပါး အကြည်ညိုကို ခံယူလိုလျှင် ကိုယ့်ကိုယ်ကို ပြန်ကြည်ညိုစမ်းပါ၊ ကိုယ့်ကိုယ်ကို ကိုယ်ကြည်ညိုလျှင် သူတပါး ကြည်ညိုမှာကတော့ မြေကို လက်နှင့်စမ်းပါက လွဲသွားချင် လွဲနိုင်ပါဦးမည်။ သူတပါး ကြည်ညိုမှာကတော့ မလွဲနိုင်တော့ပါ၊ သူတပါးဆိုတဲ့ စကားကို စဉ်းစားဘို့ လိုပါသည်၊ သူတပါးအရ လူ နတ် ဗြဟ္မာ ဝေနေယျ သတ္တဝါတွေကို အကုန်ယူရသော်လဲ——

၁။ သာသနပါလသမ္မာဒေဝ နတ် ဗြဟ္မာမင်းကြီးများကို၊

၂။ အရပ်လေးမျက်နှာ အရပ်ခြောက်မျက်နှာ အရပ်ရှစ်မျက်နှာ အရပ်ဆယ်မျက်နှာတို့ကို စောင့်ရှောက်သော နတ် ဗြဟ္မာမင်းကြီးများကို၊

၃။ မဟာသမယသုတ်၌ လာရှိသော နတ် ဗြဟ္မာများကို၊

၄။ မိမိကိုယ်စောင့်နတ် တကျိပ်နှစ်ပါးနှင့် မြေ သစ်ပင် ကောင်းကင် အဆောက်အဦ အရာမ်စောင့်နတ်များကို မေတ္တာပို့ရမည်၊ ထို့နောက် ဝေနေယျသတ္တဝါများကို မေတ္တာပို့ရမည်။

အထူးသဖြင့် နတ် ဗြဟ္မာ များ၏ အကြည်ညို ပိုခံယူလိုပါလျှင် ရတနာပီတိကျမ်း၌လာသော ဒေဝတာပိယ မေတ္တာပို့ မြန်မာပြန်ကို များများပို့ပါ၊ အဓိပ္ပါယ်ကို နားလည်ပါလျှင် ပါဠိလိုလဲ ပို့နိုင်ပါသည်၊ စိတ်ရှည်ရှည်နှင့် ရုပ်ကို အမြဲစေခိုင်းပါ၊ နှုတ်ဖြင့်လည်း ဝေဝေဆာဆာရွတ်ပေးပါ၊ အချိန်မဖြုန်းပါဘဲ ဇွဲလုံ့လ ဝီရိယစေတ်ကို မပြတ် ကြံ့ခိုင်အောင်ထားပြီး ပွါးများ ပို့ပေးပါ၊ အကျိုးများစွာ ရှိလာပါလိမ့်မည်။ 'လူလိုမှ နတ်လို၊ နတ်လိုမှ ဂြိုဟ်မ' ဆိုထုံးတခုကိုလည်း သတိပြု၍ ခုနစ်ရက်သားသမီးများ၏ အကြည်ညိုကို ခံယူနိုင်ခြင်း, သမ္မာဒေဝ သာသနပါလ လောကပါလ နတ်ဗြဟ္မာမင်းများ၏ အကြည်ညိုကို ခံယူနိုင်ခြင်း အကြောင်းရင်းခံကာ မေတ္တာဘာဝနာ ပွါးများနိုင်စွမ်းရှိရမည် ဖြစ်သည်။ သို့ပါ၍ မြတ်သော မေတ္တာပွါးမှု မှန်မြတ်သော သစ္စာထားမှုသည် သာလျှင် ဤလူ့ဘဝ၏ အကြောင်းခံတရားစစ်စစ်သာ ဖြစ်ပေသည်။

## အလောင်းတော်ရွှေဥဒေါင်းမင်း သစ္စာပြုပုံ

အချိန်အခါကား ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုသောအခါပင် ဖြစ်သည်။ ထိုအချိန်က ပစ္စန္တရစ်ရွာနှင့် မလှမ်းမကမ်းတွင် တောအုပ်တခု ရှိ၏။ ထိုတောအုပ်မှာ ဘုရားလောင်းသည် ဥဒေါင်းမျိုး၌ ပဋိသန္ဓေ နေ၏၊ ဥမှပေါက်ပြီးနောက် အရွယ်သို့ရောက်လျှင် ရွှေရောင်အဆင်းကဲ့သို့ အလွန်လှပ မွန်မြတ်သော အဆင်း အရောင်ရှိ၏၊ ကျောရင် တောင်ပံတို့တွင် ကြက်သွေးရင့်ရောင်, ဇမ္ဗူရာဇ်ရွှေအဆင်းရောင်, မြသား အစိမ်းရောင်, ငုရွှေဝါ ပန်းပိတောက်ပွင့်ရောင်, ခွါညိုရောင်, ရတနာညိုရောင် အဆင်းရှိသဖြင့် အလုံးစုံသော ဥဒေါင်းတို့၏ မင်း ဖြစ်လေသည်။

တနေ့တွင် ရေမျက်နှာပြင်၌ မိမိ၏အရိပ်ကို မိမိပြန်ကြည့်မိရကား တခြားဥဒေါင်းတို့နှင့် မတူ၊ ဆေးပန်းချီရေးသကဲ့သို့ တမူထူး တင့်လှသော ငါသည် ဤ ဥဒေါင်းများနှင့်နေ၍ မဖြစ်ဟု ဆုံးဖြတ်လျက် ညဥ့်ဘက် လသာချိန်၌ ဥဒေါင်းများ အိပ်ပျော်နေဆဲအချိန်တွင် မိမိနေရာမှထွက်၍ ဟိမဝန္တာတောင်အတွင်း သုံးထပ်သော တောင်စဥ်ကို လွန်၍ ဇာတသာရကန် အိုင်အနီး နန္ဒမူတောင်၏ လိုဏ်အတွင်း၌ နေလေ၏။ ထိုတောင်၏ လိုဏ်မှာ အောက်မှလည်း တက်ဘို့မလွယ်ကူ၊ အထက်မှလည်း ဆင်းဘို့မလွယ်ကူသောလိုဏ်ပင် ဖြစ်သည်၊ နံနက် မိုးသောက်သော် နေဝန်းကိုကြည့်ရှုပြီး ဥဒေတယံ စသောဂါထာတော်ကို အရံအတားပြု၍ အစားအစာ ရှာဖွေ စားသောက်ပြီး နေဝင်လုနီးသောအခါ နန္ဒမူတောင်ထိပ်မှာပင် ပျံနား၍

ဝင်လုဆဲနေကို ကြည့်ရှုပြီး အပေတယံ စသောဂါထာကို ရွတ်၍ လိုဏ်သို့ အိပ်တန်းဝင်လေသည်။

ဥဒေတယံ ဂါထာ၏ အဓိပ္ပါယ်မှာ—

သတ္တဝါ အပေါင်းတို့၏ အမှောင်ခွင်း၍ မျက်စိအမြင် အလင်းကို ပေးတတ်သော အတုမရှိ မြတ်သော, မင်းဖြစ်ထသော, ရွှေအဆင်းနှင့်တူသော အဆင်းရှိထသော, မြေ၌ ထွန်းပသော အရောင်ရှိထသော ဤအရှင် နေမင်းသည် အကြင်အခါ ပေါ်ထွက်လာ၏၊ ထိုသို့ပေါ်ထွက်၍ လာသော ကြောင့် ထိုအရှင်နေမင်းကို ငါသည် ရှိခိုးပါ၏၊ အရှင်နေမင်း သည် ယနေ့ စောင့်ရှောက်အပ်ကုန်သည်ဖြစ်၍ တနေ့ပတ်လုံး ငါတို့သည် နေပါကုန်အံ့။

အပ ပြုအပ်ကုန်ပြီးသော မကောင်းမှု ရှိတော်မူသော အကြင် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည် အလုံးစုံ ကုန်သော သစ္စာလေးပါး တရားတို့ကို သိခြင်းအဆုံးသို့ ရောက်တော် မူကုန်၏၊ ထိုဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ တို့အား ငါ၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ ထိုဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည်လည်း ငါ့ကို ဘေးရန်မရှိခြင်းဖြင့် ၎င်း, ချမ်းသာခြင်း ဖြင့်၎င်း စောင့်ရှောက်တော် မူပါစေကုန် သတည်း။

ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့အား၎င်း၊ မဂ်ဉာဏ် လေးပါး ဖိုလ်ဉာဏ်လေးပါးအစစ် ဗောဓိနှစ်ပညာအား၎င်း၊ ကိလေသာမှ လွတ်တော်မူပြီးကုန်သော အရိယာအရှင်မြတ် တို့အား၎င်း၊ ငါးပါးကုန်သော ဝိမုတ္တိတို့အား၎င်း ငါ ဥဒေါင်း မင်းသည် ရှိခိုးပါ၏။ ဤသို့ နေ့စဉ် နေ့စဉ် နေထွက်တိုင်း

နေထွက်တိုင်း ဗုဒ္ဓအလောင်းတော် မောရရာဇာ ဥဒေါင်းမင်းသည် ဤသစ္စာပြုအရံအတားဖြစ်သော ပရိတ်တော်ကို နန္ဒမူတောင်ထိပ်မှာ ပျံနား၍ ရွတ်ဆိုပြီးပါမှ အစာရှာ၍ စားလေသည်။”

အပေတယံ ဂါထာ၏ အဓိပ္ပါယ်မှာ—

“သတ္တဝါတို့၏ မျက်စိအမြင်ကို ပေးတော်မူတတ်သော၊ မြတ်သော အတုမရှိသော မင်းဖြစ်ထသော၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိထသော၊ မြေဦထွန်းလင်းသော အရောင်ရှိထသော ဤအရှင်နေမင်းသည် အကြင့်ကြောင့် ဝင်၏၊ ထိုသို့ ဝင်လေသောကြောင့် ရွှေအဆင်းနှင့်တူသော အဆင်းရှိသော မြေဦ ထွန်းလင်းသော အရောင်ရှိထသော ထိုအရှင်နေမင်းကို ငါ ဥဒေါင်းမင်းသည် ရှိခိုးပါ၏။ အရှင်နေမင်းသည် ယနေ့ စောင့်ရှောက်အပ်ကုန်သည်ဖြစ်၍ တညဉ့်ပတ်လုံး ငါတို့သည် နေပါကုန်အံ့”ဟု ဝင်လုဆဲနေကို ရှု၍ သစ္စာပြုလေသည်။

အပပြုပြီးသော မကောင်းမှုရှိတော်မူကုန်သော အကြင်ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည် အလုံးစုံသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်း အဆုံးသို့ ရောက်တော်မူကုန်၏။ ထို ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့အား ငါ ဥဒေါင်းမင်း၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ ထို ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည်လည်း ငါ့ကို ရန်မရှိခြင်းဖြင့်ငှင်း၊ ချမ်းသာခြင်းဖြင့်ငှင်း စောင့်ရှောက်တော်မူစေကုန်သတည်း။

ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့အား ငါ ဥဒေါင်းမင်း၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။ မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးအစစ် ဗောဓိနှစ် ပညာအားငှင်း၊ ကိလေ

သာ တို့မှ လွှတ်တော်မူကုန်ပြီးသော အရိယာ အရှင်မြတ်တို့အားရင်း၊ ငါးပါးကုန်သော ဝိမုတ္တိအားရင်း၊ ငါ ဥဒေါင်းမင်းရှိခိုးပါ၏။ ထိုဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ ဝိမုတ္တိ ဗောဓိဉာဏ်တို့သည် စောင့်ရှောက်အပ်သော ဥဒေါင်းမင်းသည် နေဝင်သော အခါ၌ အရံအတားဖြစ်သော သစ္စာပြု ပရိတ်ကိုရွတ်၍ ညဉ့်သုံးယာမ်၌ နေထိုင်ခြင်းကို ပြုတော်မူပြီ။

ယခုခေတ် လူရှင်အပေါင်းတို့ သစ္စာပြုရန်မှာ ဤမောရသုတ် ပရိတ်တော်ကို ရွတ်ဆိုပြီးသောအခါ သုတ်၏အဆုံးမှာ "ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယမင်္ဂလံ" စသည်ရွတ်၍သစ္စာပြုနိုင်ပါသည်၊ လေယာဉ် မီးရထား မော်တော်ကားရေလမ်းခရီးသွားများအတွက် ရွတ်ဖတ် သရဇ္ဈာယ်သွားကြရန် အကောင်းဆုံးဖြစ်ပါသည်။ကာယဉာဏစွမ်းအားဖြင့်ရင်း၊ စိတ်ဓာတ် စစ်ဆင်ရေးအားဖြင့်ရင်း အမှုထမ်း တိုင်းပြည်အကျိုးဆောင်များအတွက်သည်း များစွာ အထောက်အပံ့ရနိုင်ပါသည်။

ဇာတ်ကြောင်းကို တင်ပြရသော် ဗြဟ္မဒတ်မင်းကြီး၏ခေမာအမည်ရှိသော မိဖုရားသည် ရွှေဥဒေါင်းမင်း၏တရားကိုကြားနာရတယ်လို့ အိပ်မက် မြင်မက်သဖြင့် ဥဒေါင်းမင်း၏တရားကို နာလိုတဲ့စိတ်ဓာတ်ဖြစ်နေရှာသတဲ့၊ထိုအကြောင်းကိုဗြဟ္မဒတ်မင်းကြီးသိရှိသဖြင့် မုဆိုးများကိုခေါ်၍ မေးမြန်းတဲ့အခါ ရွှေဥဒေါင်းမင်းရှိကြောင်း သိရှိသဖြင့် ထောင်၍ အဖမ်းခိုင်းရာ မမိနိုင်ဘဲ မုဆိုးများသာ တောထဲ၌ သေကြရရှာ၏။မိဖုရားခေမာသည်လည်း ရွှေဥဒေါင်းမင်း တရားနာချင်တဲ့စိတ်နှင့်ပင် စုတိပျက်ကြွေ သေပွဲဝင်ရရှာလေသည်။

ပဌမမုဆိုးက သားကို မှာခဲ့၏၊ နန္ဒမူလိုဏ်တွင် ရွှေဥဒေါင်းမင်း ရှိတဲ့အကြောင်း မင်းအဆက်ဆက် မေးပါက သံတော်ဦးတင်ပါလေဟု မှာခဲ့၏၊ သားမုဆိုးသည်လည်း ဥဒေါင်းမင်းသောင်ဖမ်းရင်းပင် သေလေ၏။ ဗြဟ္မဒတ်မင်းကြီးသည်လည်းကမ္ပည်း ရေးသားထားခဲ့၏၊ 'ဇာတဿရအိုင်အနီး နန္ဒမူလိုဏ်၌ရွှေဥဒေါင်းမင်း ရှိ၏၊ ထိုဥဒေါင်းသားကို စားရတဲ့သူဟာမအို မနာ မသေနိုင်ပေ'ဟု ရွှေပေ၌ ရေးထားခဲ့သဖြင့် မင်းပေါင်း ခြောက်ဆက်တိုင်တိုင် ကြိုးစား၍ ဖမ်းစေပါသော်လည်း မမိနိုင်ဘဲ ရှိခဲ့၏။

ခုနစ်ဆက်မြောက်သော မင်းလက်ထက်၌ မုဆိုးတယောက်သည် ခုနစ်နှစ်ပတ်လုံး ထောင်ပါသော်လည်း မမိနိုင် ရှိခဲ့၏၊ ယခုကဲ့သို့ မမိခြင်းမှာ အကြောင်းရှိမည်ဟု အကြံပြု၍စောင့်ဆိုင်း ချောင်းမြောင်းနေတဲ့အခါ ဥဒေတယံနှင့် အပေတယံ ဂါထာရွတ်၍ အစာရှာစားခြင်း အိပ်တန်းဝင်ခြင်းပြုသည်ကို သိရှိရသဖြင့် လှပတင့်တယ် နှစ်သက်မြတ်နိုးစဖွယ် ဥဒေါင်းမယ်ကို ပရိတ်မရွတ်မီ မြင်တွေ့နိုင်မည့် နေရာမှာထားပြီး အသံသာသဖြင့် ကျူးရင့်၍ မြူဆွယ်စေသောအခါ ဘုရားအလောင်း ဥဒေါင်းမင်းမှာ ဥဒေါင်းပျိုမ၏အသံနှင့်အဆင်းကို ကြားရ တွေ့မြင်ရသည့်ခဏ၌ အနှစ်ခုနစ်ရာပတ်လုံး ငြိမ်သက်နေသော ကိလေသာ လောင်မီးကြီးသည် တရှိန်ထိုး ထ၍တောက်လောင်လာသဖြင့် ပရိတ်မရွတ်မိတော့ဘဲ ဥဒေါင်းပျိုမအနီးသို့ ပြေးဝင်မိလေလျှင် ထောင်ထားသော ကျော့ကွင်း ခြေ၌ မိရှာလေ၏။

ပရိတ်တော်၏ အာနုဘော်သည် ရန်သူမျိုးငါးပါး ဘေး ကပ်သုံးပါး ဘေး ရုပ်ပြစ်ရှစ်ပါး ဘေး ဒဏ်ဆယ်ပါး ဘေး အန္တရာယ်ဆယ်ပါးဘေး တဆယ့်ခြောက်ပါးသော ဥပဒ္ဒဝဘေး အနာရောဂါဘေးအပေါင်းတို့မှလည်း ကင်းဝေးစေနိုင်သည်။

ထိုအခါ မုဆိုးသည် အကယ်၍ ရွှေဥဒေါင်းမင်းကို ငါ ဖမ်းရန် သွားပါက ဆင်ပြောင်ငါးစီးအားမျှ ခွန်အားကြီး သော ဥဒေါင်းမင်း ရုန်းလိုက်ပါက အလောင်းတော်ဥဒေါင်း မင်း၏ ခြေသော်လဲ ပြတ်ရာ၏၊ ညှတ်ကွင်းသော်လဲ ပြတ်ရာ၏၊ ညှတ်ကွင်းကြိုးကို လေးနှင့်ခွင်း၍ ဖြတ်ပါက သင့်လျော်မည် ဟူသော အကြံဖြင့် လေးမြားကို ပြင်ဆင်နေဆဲတွင် ရွှေ ဥဒေါင်းမင်း တွေ့မြင်၍ မုဆိုးအား အသက်ကို မသတ်ပါရန် တောင်းပန်လေလျှင်——

မုဆိုး။ ။အသင် ရွှေဥဒေါင်းမင်း အသင့်ကို ပစ်ရန် လေး မြား ပြင်ဆင်သည် မဟုတ်ပါ၊ ညှတ်ကွင်းကိုပစ်ရန် ပြင်ဆင်ခြင်းသာ ဖြစ်ပါတယ်။

ဒေါင်း။ ။အသင်မုဆိုး ကျွန်ုပ်ကို ထောင်ပြီးပါမှ ပြန်လွှတ် ရန် ပြုခြင်းသည် အဘယ်ကဲ့သို့သော အကြောင်း ပါနည်း။

မုဆိုး။ ။ရွှေဥဒေါင်းမင်း ကျွန်ုပ်ကို ဗာရာဏသီပြည်ရှင်က အထောင်ခိုင်းခြင်း ဖြစ်ပါသည်၊ မိဖုရားကြီး အိပ်မက် မြင်မက်တာကတော့ အသင်၏တရားကို နာကြားရသည်ဟု မြင်မက်ခြင်း ဖြစ်ပါသည်။

ဒေါင်း။ ။ယခု ဘယ်အတွက်ကြောင့် ကျွန်ုပ်ကို လွှတ်ရန် ကြံစည်ပါသနည်း။

မုဆိုး။ ။အသင် ဥဒေါင်းမင်း၏ ပရိတ်တော်ကို နာကြားရ၍ အလွန်ကြည်ညိုလှပါသဖြင့် ပါရမီတော်ရှင်ကြီး အသင် ဥဒေါင်းမင်းကို ပြန်လွှတ်ရန် ဖြစ်ပါသည်။

ဒေါင်း။ ။အသင်မုဆိုး ကျွန်ုပ်ကို ဗာရာဏသီပြည်ရှင် ဘုရင်မင်းကြီးထံ ဆောင်ယူခြင်း မပြုတော့ပြီလော။

မုဆိုး။ ။အလောင်းတော် ကျွန်ုပ် မဆောင်ယူလိုပါ၊ ဤမျှ ပြစ်မှားမိတာဘဲ လွန်လှပါပြီ၊ အကျွန်ုပ် တောင်းပန်ပါတယ် ရွှေဥဒေါင်းမင်း။

ဒေါင်း။ ။အသင်မုဆိုး ငါသည် ကာမဂုဏ်ရမက်ဆိုးကို ဖျက်ချိုး၍ ကေစာရီ တဦးတည်း သီလကျင့်သုံးနေခြင်းပင် ဖြစ်သည်၊ ယခု အသင်မုဆိုး ဥဒေါင်းမပျိုနှင့် ဖြားယောင်း သွေးဆောင်၍ ဖမ်းဆီးခြင်း ခံရသည်မှာလည်း ဤ ကာမဂုဏ် အမိုက်မှောင်ကြောင့်ပင် ဖြစ်၏၊ ကာမတဏှာသည် ဒုက္ခသစ္စာ ဖြစ်ကြောင်း အစစ်အမှန်ပင်တည်း စသည်ဖြင့် အလောင်းတော် ရွှေဥဒေါင်းမင်း တရားဟော ပြောသဲ ခဏ၌ပင် မုဆိုးကြီးသည် ပစ္စေကဗုဒ္ဓါ ဘုရားငယ် ဖြစ်လေတော့၏၊ မုဆိုးသည် ပစ္စေကဗုဒ္ဓါ သမ္ဘာရဆုကို ရရှိသူဖြစ်၍ ရွှေဥဒေါင်းမင်း တရား နာကြားရသောခဏ၌ ပစ္စေကဗုဒ္ဓါ ဖြစ်သွားရခြင်းပင် ဖြစ်သည်၊ နေရောင်ဖြင့်ပွင့်သော ကုမုဒြာပဒုမ္မာနှင့် ကုဏ္ဍလာတင့်ဆန်း ကြာပွင့်ပန်း

ပမာ အလှန်နှစ်သက် ကြည်ညိုစရာ ပစ္စေကဗုဒ္ဓါ ဘုရားအဖြစ်သို့ ငါ ရောက်ရှိပေပြီ၊ ငါသည် ကိလေသာအနှောင်အဖွဲ့မှ လွတ်ရပေပြီ၊ ဤသို့ ဝမ်းမြောက်၍ မိမိနှောင်ဖွဲ့ကာ ထားရှိသော သားငှက် အပေါင်းတို့ကိုလည်း လွတ်စေလိုသဖြင့် ရွှေဥဒေါင်းမင်းထံ ဤသို့ မေးမြန်း၏။

မုဆိုး။ ။အကျွန်ုပ်နေအိမ်၌ နှောင်ဖွဲ့၍ထားရှိသော သားငှက်စသော သတ္တဝါတို့ကိုလည်း လွှတ်ခြင်းငှါ အလိုရှိပါသည်၊ အဘယ်ပုံ ပြုရပါအံ့နည်း အလောင်းတော်ကြီး။

ဒေါင်း။ ။ပစ္စေကဗုဒ္ဓါ ဘုရားထက်လည်း သဗ္ဗညုဘုရား အလောင်းတော်တို့သည် အကြောင်းကို သိမ်းဆည်းနိုင်သောဉာဏ် လွန်မြတ်သောကြောင့် အကြင်မင်္ဂဖြင့် ကိလေသာကို ကုန်စေ၍ ပစ္စေကဗောဓိဉာဏ်ကို သိ၏၊ ထိုမင်္ဂကို အကြောင်းပြု၍ သစ္စာပြုသည်ရှိသော် အိမ်၌ နှောင်ဖွဲ့ထားသော သတ္တဝါ, ဇမ္ဗူဒိပါကျွန်း၌ နှောင်ဖွဲ့ခြင်းသို့ရောက်သော သတ္တဝါတို့သည် အလိုအလျောက် လွတ်စေကုန်အံ့ဟု ဆို၏။

မုဆိုးအဖြစ်မှ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ကူးပြောင်းသွားသော အရှင်ပစ္စေကဗုဒ္ဓါသည် ဤသို့ သစ္စာပြုလေသည်။

"ငါသည် ပစ္စေကဗုဒ္ဓသမ္ဘာရဗောဓိဆုကို ပန်ဆင်ခဲ့သည့်အတိုင်း ပစ္စေကဗုဒ္ဓဗောဓိဉာဏ်ကို ကေန် အမှန်ရရှိသည်ဖြစ်ပါအံ့၊ ငါ၏နေအိမ်၌ နှောင်ဖွဲ့ထားခဲ့သော

ကျေးငှက်များစွာ သားကောင်သတ္တဝါတို့သည် အနှောင်အဖွဲ့မှ လွတ်မြောက်ကြကုန်သည်ဖြစ်၍ မိမိတို့၏နေရာဌာနသို့ အသီးအသီး ပြန်နိုင်ကြပါစေသတည်း”——

ဟု သစ္စာပြုလိုက်သည်၏အဆုံး၌ အားလုံးသော သတ္တဝါတို့သည် အနှောင်အဖွဲ့မှ အသီးအသီး လွတ်မြောက်ကြကုန်၏။

အရှင် ပစ္စေကဗုဒ္ဓါသည် မိမိ၏ လက်ကို မြှောက်၍ မိမိ၏ဦးခေါင်းကို သုံးသပ်လိုက်သော ခဏ၌ လူ၏ အသွင် အပြင်ပျောက်ပြီး ရဟန်းအသွင်အပြင် ဖြစ်သွားလေ၏။

ထိုနောက် ပစ္စေကဗုဒ္ဓါသည်လည်း ဗုဒ္ဓအလောင်းတော် ရွှေဥဒေါင်းမင်းကို လက်အုပ်ချီ၍ ဂန္ဓမာဒနတောင်သို့ ကြွတော်မူလေသည်။ အလောင်းတော် ရွှေဥဒေါင်းမင်းသည်လည်း အစာရှာဖွေ၍ မိမိနေရာသို့ ပြန်လေသည်။

ဤတွင် ဒုကနိပါတ် (ဇာတ်အဋ္ဌကထာ၊ စတုတ္ထတွဲ၊ နှာ-၃၃၃-၃၄၀) လာ မောရဇာတ်တော် ပြီး၏။

## မီး မြေ မင်းကို ရိုသေရခြင်း

လူ့ဘဝသည် ရနိုင်ခဲသောဘဝပင် ဖြစ်၏၊ ရပြန်တော့လည်း လက်ရှိးရည် ကာယစွမ်းအား, နှလုံးရည် ဉာဏစွမ်းအား ဟူ၍ နှစ်မျိုးစလုံး ပြည့်စုံဘို့ လိုအပ်လှ၏။ ဉာဏစွမ်းအားမှာလည်း အမြင်အတိုင်းကြည့်ပြီး ဝေဘန်၍ မရနိုင်သော စွမ်းအားပင်ဖြစ်သည်၊ ဆင် မြင်း နွား စသော တိရစ္ဆာန် ဖြစ်စေ၊ လူ နတ် ဗြဟ္မာ ဖြစ်စေ ကိုယ်ပိုင် ဉာဏစွမ်းအား မပြည့်စုံလျှင်ဝေဘန်ဆုံးဖြတ်ရန် အလွန်ခက်ခဲလှ၏။

မီး မြေ မင်း ဤသုံးမျိုးသည် သေးငယ်သော်လည်း ရိုသေရမည်၊ မရိုမသေ မပြုလုပ်သင့်ပေ၊ မီးသေး မီးဖွားကလည်း မရိုသေက ရွာလုံးကျွတ် မြို့လုံးကျွတ် ပြည်လုံးကျွတ် လောင်ကျွမ်းစေနိုင်သည်၊ မြေကလေး ငယ်သော်လည်း ကိုက်လျှင် သေစေနိုင်သည်၊ မင်းကလေး ငယ်သော်လည်း ကြီးမားသော အန္တရာယ်ကို ဖြစ်စေနိုင်သည်၊ ထက်မြက်လှသော ဉာဏစွမ်းအားကြီးမားလှသည်၊ ဂန္ဓမာဒနတောင်တော်၌ ပန်းမျိုးစုံ သစ်သီးမျိုးစုံ ဆေးပင်မျိုးစုံ ကုံလုံကြွယ်ဝနေဘိသကဲ့သို့ သတို့သား ငယ်ငယ်ကလေးများသည်လည်း ပညာ မျိုးစုံပြည့်စုံ ကုံလုံကြွယ်ဝနေဘိသည်၊ အထင်သေး အမြင်တိမ်းရန် မသင့်လျော်ပေ၊ "ဆိုရေးရှိက ဆိုအပ်လှရှင့် ဆိုစများလျှား ထားပချေဘိ ငါ့ဝန်ရှိခဲ့" ဆိုတဲ့ အရှင် မဟာရဋ္ဌသာရ မထေရ်မြတ်၏ ဇာတ်ပေါင်းပျို့လာ စကားကဲ့သို့ အရေးကြုံလာလျှင် ဗိုလ်ပုံအလယ်ဝယ် တင့်တင့်တယ်တယ်ကြီး ဆုံးဖြတ်သွားကြသော ပညာရှင် လူငယ် လူရွယ် လူလတ် လူကြီးများလည်း များစွာရှိ၏။

ငါသူတပါး ယောကျ်ား မိန်းမ မည်သူမဆို အထင်သေး အမြင်သေးမှု မရှိဘို့ လိုအပ်ပေ၏။ ပုဆိုးကို ဂွင်းသိုင်း ပခုံးပေါ်တင်၍ ဂေါ်လီရိုက် ဒိုးတိုက် ကစားနေသော မန္ဒသက ခုနစ်နှစ် ရှစ်နှစ်အရွယ် သူငယ် သူငယ်မတို့ကိုလည်း ကလေးဘဲ ဆိုတဲ့အမှတ်ဖြင့် အထင်သေး အမြင်တိမ်းရန် မရှိစေရာ၊ အခက်အခဲ မှန်သမျှကို ဖြေရှင်း ညွှန်ပြနိုင်သော စွမ်းအားရှိကြသည်ပင်၊ အဆိုးဆုံး လောကဓံလေးပါးတို့နှင့် ရင်ဆိုင်ရသည့် အခါ တကယ်တမ်း ဖြေရှင်းပေးနိုင်သည့် ဘုန်းကံပါရမီရင့် နေပြီးဖြစ်သော ထိုပညာရှိ သူငယ် သူငယ်မတို့သည် အခက်အခဲမှန်သမျှ တခဏခြင်း ဖြေရှင်းပယ်ဖျက်နိုင်ကြလေသည်။

မဟာသာဝကကြီးတဆူ ပညာရောင်တမ်းခွန်ထူ၍ ဇမ္ဗူဒိပ်တွင်မနား အထက်ဘဝဂ်ဖျားအထိ နှံ့သိထင်ရှားတော် မူလှသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကပင် တပည့်သာမဏေ ရှင်ငယ်ကို ဆရာတင်ဘူးသောထုံးနှင့် မွေးသဖခင် ပုရောဟိတ် ပုဏ္ဏားကြီး ဝိဓုရပဏ္ဍိတ်ကပင် သားအထွေးဆုံး ခုနစ်နှစ်သား သမ္ဘဝပုဏ္ဏားငယ်ကလေးကို ဆရာအရာထားရသောထုံးလည်း ရှိဘူးလေသည်။

ဗာရာဏသီပြည်ရှင် ဇနသန္ဒမင်းကြီးကပင် ရင်သွေးရင်နှစ် ရင်၌ဖြစ်သော သားချစ်လှ ရတနာ ခုနစ်နှစ်သားကလေး အာဒါသမုခမင်းသားငယ် သုခမိန်ကလေးကို လေးလေးစားစားကြီး အားကိုးအားထား ပြုရလေသည်၊ 'မင်းကလေး ငယ်ပေမဲ့ မရိုမသေ မပြုနဲ့'ဆိုတဲ့ စကားဟာလဲ ဤမင်းသားကလေးမျိုးကို ဆိုလိုရင်းဖြစ်သည်၊ ချစ်လို့မဆုံး မုန်းဘို့မရည် မြတ်နိုးစရာ အလီလီတို့ဖြင့် ရှင်ကြည်အေးမြ ဘေးမခစေဘဲ

ထွေးထွေးမမ ယုယပိုက်ထွေး မွေးကျွေးထိုက်လှ ဤကဲ့သို့သော သားလှရတနာ ပုလဲမြဒါလီကို မွေးရတဲ့ မိဘနှစ်ပါးမှာ မွေးကျွေးရကျိုး နပ်လှ၏၊ ယခု ဖော်ပြခဲ့သော သတို့သားငယ်ကလေးများရဲ့ ပညာဉာဏ်ရောင်မှာ အလွန်တရာ တောက်ပြောင်လွန်းလှ၏။

အရွယ်နှင့်မလိုက်အောင်ပင် အမိုက်မှောင်ကို ဖြိုခွင်းသုတ်သင်နိုင်စွမ်း ရှိလှတော့၏၊ မျက်မြင် ဥပမာဖြင့် ဖြေရှင်းပြရသော်——

မြင်းတကောင်ကို မြင်သောအခါ ထိုမြင်း၏ အမွေးအဆင်း အရောင် အသွေးတို့ကို မြင်ကာမျှဖြင့် စွမ်းပကားကို သိဘို့ရန် မလွယ်ကူလှပေ၊ အာဇာနည်မြင်းဟူ၍ တထစ်ချကေန်ပြောရန် မလွယ်ကူလှပါ၊ မြင်း၏ ခွါအကျ ကိုယ်အနေ ရင်အုပ်၏ အနေကို ကြည့်ကာမျှဖြင့် သိန္ဓောမြင်းဟူ၍ ပြောရန်လည်း ခက်ခဲလှ၏၊ လေအဟုန်ကဲ့သို့ လျင်မြန်သော အမြန်နှုန်းကို ကြည့်မှသာ သိနိုင်ရာ၏။ အာဇာနည်မြင်း၏ လျင်မြန်သော အပြေးမှာ အလွန်မြန်လွန်းလှ၍ မမြင်နိုင်ပါ၊ တောက်ပြောင်သော စိန်ရတနာ ပတ္တမြားရတနာများကို ခြေမှာ ဖွဲ့ချည်၍ ပြေးစေသောအခါမှသာ ဖြူသောစိန်ရောင်ကို အရပ်ရှစ်မျက်နှာ၌ မြင်နေရခြင်း၊ နီရဲသော ပတ္တမြားရောင်ကို အရပ်ရှစ်မျက်နှာ၌ စက်ဝန်းပမာ မြင်တွေ့နေရခြင်း အခါများမှသာ အာဇာနည် သိန္ဓောမြင်း၏ လျင်မြန်မှုကို သိရှိနိုင်ပေသည်။

ဤမြန်မာပြည်တွင်ရှင်း, ကမ္ဘာပေါ်တွင်ရှင်း အတိတ်က ပါလာသော ဘုန်းရှင် ကံရှင် သမ္ဘာရှင်တို့မပေါ်ပေါက်သေး မရှိသေးဟု မဆိုနိုင်ပေ၊ ရှိခဲ့သော် ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်

များ၏ သစ္စာပန္နက် အဓိဋ္ဌာန်ချက်သည် ထက်မြက်မည်ပင်၊ ယခု တွေ့ကြုံနေရဆဲ ကမ္ဘာထဲ၌ကပ်ဘေးအန္တရာယ် ရပ်စဲရေး အတွက် သစ္စာပြုလိုက်ပါက တွေ့နေဆဲ ကပ်ဘေးသည် တန့်ရပ် သွားရမည် မလွဲဖြစ်၏။ ကပ်ဘေးဖြစ်ပေါ်ခြင်းသည် ဤမြေ ပေါ်၌ ရပ်တည်နေကြသော လူသားတို့ကို စွဲမှီ၍ ဖြစ်ခြင်းပင် ဖြစ်သည်၊ လူသားတရပ်လုံးက ကိုယ်ကျင့်သီလရှိ၍ စိတ်နှလုံး ထား ဖြူစင်နေခဲ့လျှင် ဤကပ် မဝင်နိုင်ပေ၊လူသားများ ကိုယ် ကျင့်တရား မရှိကြခြင်း စိတ်ထားမသန့်ရှင်း မဖြူစင်ခြင်းတို့ ကြောင့်ပင် ဖြစ်ပေါ်လာရခြင်းဖြစ်၏၊ ထို့ကြောင့် ကိုယ်ကျင့် သီလရှိ၍ စိတ်သန့်ရှင်းအောင် ထားကြပါ။

## ဝိမုတ္တိငါးပါးဖြင့် သစ္စာပြုပုံ

ကိလေသာ အညစ်အကြေးတို့ကို ဆေးကြော သုတ်သင် ရှင်းလင်းနိုင်စွမ်းရှိသော ဝိမုတ္တိငါးပါး[၁] တို့ကို အသေးစိတ် သိရှိဘို့ လိုပေသည်။

**၁-တဒင်္ဂဝိမုတ္တိ။** ။တဒင်္ဂဝိမုတ္တိဟူသည် ကာမာဝစရ မဟာ ကုသိုလ်ဉာဏ်ကို ခေါ်ဆိုပါသည်၊ တပ်မက် ခွဲလမ်း တွယ်တာနေသော ကိလေသာတို့မှ တဒင်္ဂတခဏမျှ လွတ်တတ်သောကြောင့် တဒင်္ဂဝိမုတ္တိလို့ ခေါ်ဆိုပါသည်။ ကာ- မာဝစရကုသိုလ်စိတ်ဖြင့် ကိလေသာကို တဒင်္ဂပယ်လေသည်၊

---

၁။ ဥပရိပဏ္ဏာသပါဠိတော် နှာ-၁၆၀၊ ယင်း ဋ္ဌ- နှာ-၁၂၀၊ မဟာဝဂ္ဂသံယုတ် ပါဠိတော် နှာ-၁၃၉။ ယင်း ဋ္ဌ-နှာ-၂၄၂-စသည်တို့ ၌ လာသည်။ ထေရဂါထာအဋ္ဌကထာ ဒု- နှာ-၇၄၆-၌ကား ဝိမုတ္တိ (၉)မျိုးဟု လာသည်။

ကာမဂုဏ် ခံစားလိုသော ကိလေသာအကုသိုလ် လောဘမှု တဏှာစိတ်ကို မဟာကုသိုလ်စိတ်ဖြင့် အခိုက်အတန့် ပယ်သတ်နေသဲ ဝိမုတ္တိဉာဏ်ကို တဒင်္ဂဝိမုတ္တိလို့ ခေါ်ဆိုခြင်းဖြစ်သည်၊ ဤဉာဏ်သည် ကိလေသဝဋ္ဋ ကမ္မဝဋ္ဋတို့မှ လွတ်မြောက်ဘို့ ဦးတည်သောဉာဏ်ပင် ဖြစ်၏၊ ကိလေသာတို့ကို တိုက်ဖျက်သော ပထမဆုံး တိုက်စစ်ဆင်သူပင် ဖြစ်သည်၊ အကုသိုလ်စစ်တပ်နှင့် ကုသိုလ်စစ်တပ် ရင်ဆိုင်ပြီး တိုက်ပွဲဝင်ကြရာဝယ် အကုသိုလ်စစ်တပ်က အရေးသာသော အခါလဲ ရှိ၏၊ မဟာကုသိုလ်စစ်တပ်က အရေးသာသော အခါလဲ ရှိ၏။ သာဓက သာနည်းကို နောက်မှ ဖော်ပြပါမည်။

ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ တနေ့လျှင် နာရီပိုင်းဖြင့်ဖြင့် မိနစ်ပိုင်းဖြင့်ဖြင့် မိမိကိုယ်တွင်း ရာဂတဏှာ ကိလေသာမီးကို အမြဲ့ဘွန်ပြု၍ ပယ်သတ်ပေးရမည်၊ မိမိပယ်သတ်သော အချိန်နာရီ နေ့ရက်လနှစ်တို့ကို မှတ်သားထားရမည်၊ မိမိ၌ ကိုယ်စိတ်ဆင်းရဲစရာ ရန်ဘေးစသည် ဖြစ်ပေါ်လာသောအခါ ပယ်ရှားပြီးသော ရက် လ နှစ် အပိုင်းအခြားဖြင့် သစ္စာပြု၍ ဖြစ်ပေါ်လာသော ဆင်းရဲကို ဖယ်ရှားပါက ကင်းရှင်းစေနိုင်ပေသည်။

**၂-ဝိက္ခမ္ဘနဝိမုတ္တိ။** ။ဝိက္ခမ္ဘနဝိမုတ္တိဟူသည် မဟဂ္ဂုတ်ကုသိုလ်ဉာဏ်ကို ခေါ်ပါသည်။ ဤမဟဂ္ဂုတ်ကုသိုလ်ဉာဏ်သည် တဘဝသော်လည်းကောင်း၊နှစ်ဘဝသော်လည်းကောင်း၊ သုံးဘဝသော်လည်းကောင်း ပြဟ္မာပြည်၌ ဖြစ်နေသဲအခိုက် ကိလေသာတို့မှ လွတ်ကင်းနေလေသည်၊

လွတ်ကင်းအောင် ထားနိုင်သော စွမ်းရည်သတ္တိထူးရှိသော ကြောင့် ဤမဟာဂုတ်ကုသိုလ်ကို ဝိက္ခမ္ဘနဝိမုတ္တိဟု ခေါ်ဆိုရခြင်း ဖြစ်သည်၊ ဤမဟာဂုတ်ကုသိုလ်ကြောင့် ဗြဟ္မာပြည်သို့ ရောက်လေသည်။ ရောက်နေဆဲတွင် ကိလေသာမှ လွတ်မြောက်နေသည်ဟု ဆိုလိုရင်းပင် ဖြစ်သည်။ ဤဝိက္ခမ္ဘနဝိမုတ္တိဖြင့်လည်း သစ္စာပြုပါက ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ပေသည်။

၃-သမုစ္ဆေဒဝိမုတ္တိ။ ။သမုစ္ဆေဒဝိမုတ္တိဟူသည် လောကုတ္တရာမဂ်စိတ် လေးခု၌ရှိသော မဂ်ဉာဏ်ပင် ဖြစ်သည်၊ ဤလောကုတ္တရာမဂ်ဉာဏ်သည် မိမိသတ်အပ်သောကိလေသာတို့ကို တဖန် မဖြစ်စေမူ၍ အကြွင်းမဲ့ပယ်သတ်ပြီးလျှင် ကိလေသာတို့မှ လွတ်မြောက်တတ်သောကြောင့် ဤမဂ်ဉာဏ်သည် သမုစ္ဆေဒဝိမုတ္တိအမည်ကို ရရှိခြင်းပင် ဖြစ်ပေသည်။ ဤသမုစ္ဆေဒဝိမုတ္တိဖြင့်လည်း သစ္စာပြု၍ ကပ်ဘေးအပေါင်းတို့မှ ကင်းဝေးစေနိုင်လေသည်။

၄-ပဋိပဿဒ္ဓိဝိမုတ္တိ။ ။ပဋိပဿဒ္ဓိဝိမုတ္တိဟူသည် လောကုတ္တရာ ဖိုလ်စိတ်လေးခု၌ရှိသော ဖိုလ်ဉာဏ်ပင် ဖြစ်သည်၊ ဤဖိုလ်ဉာဏ်သည် မဂ်ဉာဏ်လေးပါး ပယ်သတ်ပြီးသော ကိလေသာတို့ကို တဖန် ငြိမ်းစေခြင်းဖြင့် ကိလေသာတို့မှ လွတ်မြောက်တတ်သောကြောင့် ပဋိပဿဒ္ဓိဝိမုတ္တိအမည်ကို ရရှိခြင်းပင် ဖြစ်သည်၊ ငြိမ်းပြီးသော ကိလေသာကို တဖန် ထပ်မံ၍ ငြိမ်းအောင် ပယ်သတ်ခြင်းပင် ဖြစ်သည်။

ဤပဋိပဿဒ္ဓိဝိမုတ္တိဖြင့်လည်း သစ္စာပြု၍ ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်လတ္တံ့သော ဆင်းရဲအပေါင်းတို့ကို ရှောင်လွှဲ ဖယ်သွေ့သွားစေနိုင်ပါသည်။

**၅-နိဿရဏဝိမုတ္တိ။** ။နိဿရဏဝိမုတ္တိဟူသည် နိဗ္ဗာန်ကို ခေါ်ပါသည်၊ ခပ်သိမ်းသော ကိလေသာတို့မှ လွတ်မြောက်ရာဖြစ်၍ တဏှာမှ လွတ်မြောက်တတ်သောကြောင့် ဤဝိမုတ္တိကို နိဿရဏဝိမုတ္တိလို့ခေါ်ဆိုရခြင်းဖြစ်သည်။

ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋဟု ဆိုအပ်သော သုံးပါးကုန်သော ဝဋ္ဋအပေါင်းတို့မှ လုံးဝသန့်စင် ထူးမြတ်လှသော ဉာဏ်အမြင်ဖြင့် ပြတ်ပြတ်ရှင်းရှင်း အငွေ့အနံ့သော်လည်း အကြွင်းအကျန်မရှိ လွတ်မြောက်သော ဉာဏ်တော်ရှင်၏ လွတ်မြောက်ခြင်းကို နိဿရဏဝိမုတ္တိလို့ မှတ်ယူရပါမည်။

သုတဗုဒ္ဓ သံဗုဒ္ဓ သမ္မာဗုဒ္ဓ ပစ္စေကဗုဒ္ဓတို့၏ ဝဋ္ဋသုံးပါးတို့ကို ပယ်သတ်နည်းနှင့် မတူ၊ တမူထူးမြတ် ပညာရှင် နတ် လူ ပြဟ္မာအပေါင်းတို့၏ ရင်သတ်ရှုမော အလွန့်အလွန် အံ့သြမဆုံး သုံးလောကလုံး သိမ့်သိမ့်ချုန်းမျှ ပယ်သတ်၍ ပြတော်မူသော ဉာဏ်တော်မြတ်ဖြင့် လွတ်မြောက်အောင် ခရီးရှောင်တော်မူသော နိဿရဏဝိမုတ္တိကို ဆိုပါသည်။ ဤနိဿရဏဝိမုတ္တိဖြင့်လည်း သစ္စာပြု၍ ဘေးအပေါင်းတို့ကို အောင်မြင်ခြင်း ရရှိအောင် စွမ်းဆောင်နိုင်လေသည်။

## နိဿရဏဝိမုတ္တိဖြင့် သစ္စာပြုပုံ

"ဤဘဒ္ဒကမ္ဘာကြီးတွင် ကကုသန် ကောဏာဂုမ် ကဿပ ဂေါတမ-ဟု ဆိုအပ်ကုန်သော သမ္မာသမ္ဗုဒ္ဓဘုရား

ရှင်ကြီး လေးဆူတို့သည် ကိလေသာ အညစ်အကြေးတို့မှ အကြွင်း အကျန် အနံ့ အသက်မရှိ နိဿရဏဝိမုတ္တိခေါ် နိဗ္ဗာန်တည်းဟူသော မဟာရွှေမြို့တော်ကြီးသို့ အပြီး အတိုင် ရောက်တော်မူသည်ကား ကေန် အမှန်အစစ် ဖြစ် တော်မူ၏၊ ဤမှန်ကန်သောသစ္စာစကားကြောင့် အကျွန်ုပ် အား ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာ သည် လျင်စွာမသွေ ဖြစ်ပါစေသတည်း”။

ဤကား လောကီချမ်းသာကို သစ္စာပြု ဆုတောင်းပုံ တည်း။ အကယ်၍ သံသရာဝဲထဲ မလည်လိုပါက—

“ဤမှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ် အား ဘေးရန်ကင်းကွာ နိဿရဏဝိမုတ္တိချမ်းသာ သန္တိသုခ မဟာ မင်္ဂလာ သည် လျင်စွာ မသွေ ဖြစ် ပေါ် ပါစေ သ တည်း” ဟူ၍ နိဗ္ဗာန်ချမ်းသာကို သစ္စာပြု ဆုတောင်းရန် ဖြစ်လေသည်။

ဤလူ့ဘဝ၌ ကြီးပွါးချမ်းသာရခြင်းသည် သစ္စာရှိသူတို့ အဘို့ အဖိုးအတန်ဆုံး ကိုယ်ကျင့်တရားကြောင့်ပင် ဖြစ်သည်။ နှုတ်ဖြင့်လည်း မှန်ကန်စွာပြောဆိုဘို့ အလွန်လိုအပ်လှ၏။ ကမ္ဘာ့နိုင်ငံ အသီးအသီးတို့၏ ခေါင်းဆောင်ကြီးများသည် မဟုတ် မမှန် လုပ်ကြံလည်ဆယ်၍ မုသား ပြောဆိုခြင်းကို အလျှင်းရှောင်ကြဉ်ကြပြီး အမှန်ဆို အမှန်ပြော သစ္စာအင်္ဂါနှင့် ပြည့်စုံသော အဟောအပြောမျိုးကိုသာ ပြောဆိုကြလျှင် အလွန်ကောင်းပေမည်။ စကားပြောဆိုသောအခါ အင်္ဂါ လေးပါးနှင့် ညီညွတ်အောင် သတိရှေ့ဆောင်၍ ပြောဆိုကြရန်

ဖြစ်လေသည်။ ထို့ကြောင့် စကားကောင်း အင်္ဂါလေးပါးကို ကမ္ဘာ့သူကမ္ဘာ့သားတို့ သိရှိထားကြရန် လိုအပ်လှ၏။

## စကားကောင်း အင်္ဂါလေးပါး

(၁) မမှန်သော မုသာဝါဒစကားကို ဖယ်ရှားရှောင်ကြဉ်၍ မှန်သောသစ္စာစကားကို ပြောဆိုခြင်း ဟောပြောခြင်း။

(၂) သူနှစ်ယောက်တို့ ရင်းနှီးချစ်ခင်နေသည်ကို မရှုစိမ့် မနာလို၍ အချစ်ပျက်လေအောင် နှစ်ဖက်သားတို့၏ အကြား၌ ကုန်းချောခြင်း ပိသုဏာဝါစာစကားကို ရှောင်ကြဉ်၍ ကောင်းမွန်မြင့်ကြွယ် တင့်တယ်သော သုဘာသိတဝါစာစကားကို ပြောဆိုခြင်း။

(၃) ရိုင်းမှန်းသော့သွမ်း ဟော့ဟော့ရမ်းရမ်း ကြမ်းတမ်းသော ဖရုသဝါစာစကားမှ ရှောင်ကြဉ်၍ ချစ်ညွန့်မညှိုး ချစ်ဘွယ်မျိုးဖြင့် ချစ်နိုးစရာ ပိယဝါစာစကားမျိုးကို ပြောဆိုခြင်း။

(၄) ပြိန်ဖျင်းသိမ်ညှိုး အကျိုးမရှိသော သမ္ဖပ္ပလာပစကားမျိုး စသည်မှ ကြဉ်ရှောင်၍ သူတော်ကောင်း အင်္ဂါ ဓမ္မဝါစာနှင့် ပြည့်စုံသောစကားမျိုးကို ပြောဆိုခြင်း။

ဤအင်္ဂါလေးပါးနှင့်ပြည့်စုံအောင် နေထိုင်လုပ်ကိုင်ကြကုန်သော ကမ္ဘာ့ခေါင်းဆောင် ပညာရှိကြီးများမှာ မညှိုးပန်း အသွင် ကမ္ဘာပေါ်တွင် ဘုန်းရှိန်ကံရှိန်မသိမ်ခညှိုး တလွန့်လွန့် တိုးတက်လျက် ရှိကြလေသည်။ ထိုပုဂ္ဂိုလ်မျိုးသည် ဤဘဝ

ခန္ဓာအိမ် ချုပ်ငြိမ်းပျက်စီး ပျောက်ကွယ်သွားသော်လည်း အမည်ဂုဏ်သတင်း ပျံ့သင်းပြီး ကျန်ရစ်ခဲ့ကာ ကမ္ဘာပတ်လုံး အံ့မဆုံးအောင်ပင် တွင်ရစ်တော့သည်။ ဤသို့တွင်ရစ်အောင်လည်း ရက်၊ လ၊ နှစ်ပေါင်းများစွာ ကြိုးစားအားထုတ်ရပေမည်၊ ရက်၊လ၊နှစ် တိုတိုတောင်းတောင်းနှင့် အလွယ်ကလေး မရရှိနိုင်ပေ၊ ဘဝကိုမြင့်မြတ်ရလေအောင် ဒါနဗျူဟာ-သီလဗျူဟာခင်း၍ တိုက်စစ်ဆင်ရလေသည်။

စစ်ချီ စစ်ဆင် စစ်တိုက်ခြင်းအရာ၌ ဗျူဟာ အမျိုးမျိုး ရှိကြ၏။ ပဒုမဗျူဟာ၊ စက္ကဗျူဟာ၊ သကဋဗျူဟာတို့ပင် ဖြစ်၏၊ ထိုဗျူဟာများကို လက်ကိုင်ထားကာ စစ်တိုက်ခိုက်ကြရ၏၊ သို့သော် နိုင်တဲ့အခါလဲ ရှိ၏၊ ရှုံးတဲ့အခါလဲ ရှိ၏၊ ဤနည်းဗျူဟာများဖြင့် စစ်တိုက်ရာတွင် အမှန်ပင်နိုင်လိမ့်မည်၊ အမှန်ပင် ရှုံးလိမ့်မည်ဟု တထစ်ချ ဆုံးဖြတ်၍ မပြောနိုင်ပေ၊ ဘယ်တော့မှ အရှုံးမရှိ၊ စစ်ကို တိုက်တိုင်း အောင်ရမည်ဟု တထစ်ချ ပြောနိုင်တဲ့ စစ်တိုက်နည်းကို အနီးကပ်ဆုံး ရှိနေပါလျက် လက်ကိုင်ပြု၍ မတိုက်ခိုက်ဘဲ ရှိနေကြသည်ကို တွေ့မြင်ရသဖြင့် ငိုအားထက် ရယ်အားသန် ဆိုသကဲ့သို့ ဖြစ်မိ၏။ ဘယ်ကိစ္စမဆို ကိစ္စတခုခု ပြုလုပ်ရာဝယ် အမိုက်မှောင်ဖုံးအုပ်လျက် အမြဲရှိနေသောဒေါသဖြင့် မပြုလုပ်ရ၊ ပြုလုပ်ပါက အမှားနှင့် ရင်ဆိုင်ရမည်သာ ဖြစ်မည်၊ လွန်ပြီးပါမှ နောင်တရမည်။

"သူချောပစ်လည်း၊ စင်စစ်ဟုတ်ရာ၊ မဟုတ်ရာကို၊ ယုတ္တာယုတ္တိ၊ လေးပါးညှိ၍၊ တစိမမှား၊ ကျင့်ရစ်ငြားက၊ ငါ့သားငါ့နယ်၊ နိုင်ငံကျယ်လိမ့်"—

ဟူသော မဃဒေဝပုတ္တောဝါဒခန်းလာ စကားကို ဤလူ့ဘုံရှိ လူသားများ လေးလေးစားစားကြီး လိုက်နာကြရန် သင့်တော်လှ၏။ သေနင်္ဂဗျူဟာ အမျိုးမျိုးတို့ဖြင့် တိုက်ခိုက်ရာတွင် ကိုယ်စိတ်ပင်ပန်းစွာဖြင့် အောင်မြင်ကြရသည်သာ ရှိကြ၏၊ မယိမ်းမယိုင် ကျောက်စာတိုင်ကြီးပမာ သိက္ခာရှိရှိ အောင်မြင်သူကား ရှားပါးလှ၏၊ သစ္စာကာရမဟာဗျူဟာဖြင့် စစ်ချီ စစ်တက် စစ်ဆင်သူများမှာမူ ဒေါသစိတ်ဇော လုံးဝ မစောရဘဲ အောင်ပွဲကို ရရှိနိုင်လေသည်။

## မဟာသီလဝ ဇာတ်

မေတ္တာရှေ့ပြေး သစ္စာစစ်ရေးဖြင့် အောင်မြင်သော ဇာတ်တော်[၁] ကို ပြဆိုပေအံ့။ ဒေါသမာန်ရှေ့ထား ဝိသမလောဘတွေ ပွါးများ အားကြီးလှသော ကောသလမင်းနှင့် အဒေါသ မေတ္တာ အချစ် သဒ္ဒါရှေ့ထား သမ္မာဆန္ဒ အလောဘတွေ ဝေဆာသင်းပျံ့ သတင်းရနံ့ ကြိုင်လှိုင်လျက်ရှိလှသော မဟာသီလဝမင်းတို့၏ စေတနာထား ကွာခြားချက် မေတ္တာလက်နက်ဖြင့် စစ်အောင်မြင်ချက်တို့ကို တင်ပြရသော်—

အချိန်အခါကား ဗုဒ္ဓရှင်တော်ဘုရား ထင်ရှားစွာ မပွင့်မီ တချိန်တခေတ်ကပင် ဖြစ်သည်။ ကာသိတိုင်းမှာ ထိုအခါက မဟာသီလဝမင်း မင်းပြုနေသည့်အချိန်ပင်ဖြစ်သည်။ မင်းကြီးသဘော ကောင်းသလောက် ကောက်ကျစ် စဉ်းလဲသော ပုဏ္ဏားယုတ် ပုဏ္ဏားပျက်တဦးကလဲ မင်းထံ ခစားလျက် အမှုထမ်းနေပေတယ်။ ဤအခန်း၌ ခေတ်သုံးခေတ်တို့၌ တိုင်းပြည်

---

၁။ ဇာတ်အဋ္ဌကထာ၊ ပ-တွဲ၊ မဟာသီလဝဇာတ်၊ နှာ-၂၇၉-၂၈၅။

အုပ်ချုပ် မင်းလုပ်သူတိုင်း လူစဉ်စစ်ဖြစ်လိုသူတိုင်း လေးစား မှတ်ယူ လိုက်နာခြင်းကို ပြုမူသင့် ပြုမူထိုက် ပြုမူအပ်ပေသော စကားကို ဖော်ထုတ်၍ ပြလိုက်ပေအံ့။

၁။ ဤလူ့ဘဝ၌ ကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်း ဖော်ခြင်းထက် မြင့်မြတ်ခြင်း မည်သည် မရှိ။

၂။ ဤလူ့ဘဝ၌ မကောင်းသော အဆွေ ခင်ပွန်းယုတ်နှင့် ပေါင်းဖော်ခြင်းထက် ယုတ်မာခြင်းမည်သည် မရှိ။

စကားဆက်ကြပါစို့၊ ပုဏ္ဏားဆိုးမှာ ကျူးလွန်သောအပြစ် ထင်ရှားလှန်း၍ ပြည်နှင်ဒဏ်ပေးလိုက်တဲ့အတွက် ကာသိတိုင်း က ထွက်ပြီး ကောသလဘက်သို့ သွားမလားနှင့်တကူ ကူး ပြောင်းသွားကြတယ်၊ ပြည်ပြေးမိသားစု ဆိုရမှာပေါ့၊ ကောက် ကျစ် စဉ်းလဲသော ထိုပုဏ္ဏားဟာ ကောသလမင်းထံ ဝင်ရောက် ခစားပြီး မဟာသီလဝမင်းကို လုပ်ကြံရန် တိုက်တွန်းလေလျှင် ကောသလမင်းမှာ အလွန်တရာ သဘောကျလှ၍ သေနင်္ဂ- ဗျူဟာခင်းပြီး ကာသိတိုင်းပြည်အတွင်း ဝင်လာတော့သည်။

မဟာသီလဝမင်းမှာ အလွန် ထက်မြက်လှသော အမတ် ကြီးတွေ၊ ဉာဏ်ကြီးသော အမတ်ကြီးတွေ များပြားလှ၏၊ ကောသလတိုင်းထက် အဆ အရာအထောင်မက အားရှိလှ၏၊ စစ်ဗိုလ်ချုပ်ကြီးတွေက ထွက်တိုက်လို၍ အခွင့်တောင်းကြ၏၊ အမတ်ကြီးတွေကလည်း စစ်တိုက်လို၍ အခွင့် တောင်းကြ၏၊ သို့သော် မဟာသီလဝမင်းက ခွင့်မပြုပေ၊ မိမိကို မတရား အနိုင်ကျင့်သူကို သေနင်္ဂဗျူဟာနည်းနှင့် တိုက်ဖျက်ရန် ဆန္ဒ မရှိ၊ မေတ္တာရှေ့ထား သစ္စာအား ဗျူဟာခင်း၍သာ တိုက် ဖျက်မည်ဆိုတဲ့ စေတနာကို အပြည့်အဝ အလေးထားပြီး

လက်နက်အားကိုး တိုက်ခိုက်သော နည်းဗျူဟာကို မကျင့်သုံးဘဲ အညှိုခံသည့်ပမာ အဖမ်းခံလိုက်ရှာသတဲ့၊ ဒေါသ ကြီးလာတဲ့မင်းကို ဒေါသကြီးကြီးနဲ့ တိုက်ခိုက်တဲ့ မင်းမျိုး မဟုတ်လေတော့ ပြည်သူ လူထုအနေနဲ့ အားမလို အားမရရှိကြတာပေါ့။

မဟာသီလဝမင်းကြီးနှင့် စစ်ဘက် နယ်ဘက် အမတ်အကြီးအကဲ တထောင်ကျော်တို့ကို သုသာန်ထုတ်၍ လည်မျိုအထိ မြေမှာမြှုပ်ပြီး ခွေးအတွေ ကိုက်သတ်၍ သေပေစေဆိုတဲ့ ပရိယာယ်ဖြင့် တားစေတယ်တဲ့။ ခွေးအတွေက လူတွေကို စားရန် သုသာန်သို့ လာကြသောအခါ အသံပေး၍ လန့်လျက် ပြေးစေလေသည်၊ သုံးကြိမ်မြောက် ရောက်သောအခါ မဟာသီလဝမင်းကြီးသည် မေးကို အထက်သို့မော့၍ လည်ကို ဆန့်ပေးလိုက်ပြီး ခေါင်းဆောင် ခွေးအ၏နှုတ်သီးကို မေးနှင့်ပိ၍ ညှပ်လိုက်တဲ့အခါ ငယ်သံပါအောင် အော်ဟစ်တဲ့ ခေါင်းဆောင်ခွေးအ၏ အသံကို နောက်လိုက် ခွေးအများ ကြားသဖြင့် ပြေးကြလေသည်။

မင်းကြီးသည် တွင်းပြင်သို့ ခုန်ထွက်ပြီး အမတ်များအားခြံရံလျက် သုသာန်၌ နေသောအခါ လူသေစား ဘီလူးနှစ်ယောက်မင်းကြီးရှေ့မှောက် ရောက်ရှိလာကြပြီး လူသေအလောင်းကို ခွဲဝေပေးရန် တောင်းပန်ကြလေသည်။ငါ၏ကိုယ်မသန့်ရှင်းဟုပြောသဖြင့် ဘီလူးများက မဟာသီလဝမင်းကို နန်းတော်သို့ပို့ပြီး ရေချိုးခြင်း ညဉ့်စာ သုံးဆောင်ခြင်း ပြုစေပြီးမှ အိပ်မောကျနေတဲ့ ကောသလမင်းကို နှိုးလိုက်တဲ့အခါ ထိတ်လန့်စွာ အိပ်ရာမှ လျင်စွာ ထပြီးလျှင် ကောသလမင်းက——

"အရှင်မင်း၏ သီလဂုဏ် သမာဓိဂုဏ် သစ္စာဂုဏ်တို့ကို ကြမ်းတမ်း ရက်စက်လှတဲ့ လူသားစား ဘီလူးများကပင် သိရှိကြပါလျက် အကျွန်ုပ်သည် လူဖြစ်ပါ၍ ပို၍ သိသင့်ပါသည်။ အကျွန်ုပ်မှာ မလိမ်မာသော အပြစ်ရှိနေပါသည် သည်းခံတော်မူပါဟု မဟာသီလဝမင်းကို ဝန်ချတောင်းပန်လေ၏။

**သီလဝ။** ။သည်းခံခြင်းပါရမီရှင်ဖြစ်၍ အထူး တောင်းပန်ဘို့ မလိုပေ၊ မိမိ၏ ပါရမီကို အညှိုးနွမ်းမခံ၊ သည်းခံမြဲပင် ဖြစ်ပါသည်။

**ကောသလ။** ။ကျေးဇူးကြီးမားလှပါသည် မင်းကြီး၊ အကျွန်ုပ် တုပ်ဝပ်ရိုကျိုး ရှိခိုး တောင်းပန်ပါသည် ပါရမီ တော်ရှင် သခင်မင်းမြတ်။

**သီလဝ။** ။ကောင်းပြီ ကောင်းပေပြီ၊ နောက်ကို ဤကဲ့သို့ ဝိသမလောဘ မဖြစ်ပေါ်မိအောင် သတိရှိစေ ကောသလမင်း။

**ကောသလ။** ။ယုံကြည်တော်မူပါ မဟာသီလဝမင်းမြတ်၊ ကတိ သစ္စာ ပြုအပ်သည့်အတိုင်း ကျင့်သုံးပါမည်။

**သီလဝ။** ။'မင်းမှာသစ္စာ လူမှာ ကတိ' ဆိုရိုးရှိသည့် အတိုင်း သစ္စာကိုသာ အမြဲလေးစားပါ၊ အမှန်တရား ကျင့်သုံးခြင်းသည် ဖုံးကွယ်နေရသည့် ဆင်းရဲမှ ကင်းဝေးစေသည်၊ နယ်ချဲ့လိုသော စိတ်ယုတ် စိတ်ညံ့ကို မမွေးမိအောင် သတိဆောင်ကာ အမြဲရှောင်ကြဉ်ပါလေ။

**ကောသလ။** ။အမိန့်တော် ဩဝါဒအတိုင်း နာခံပါမည်၊ ရှောင်ကြဉ်ပါမည်၊ စိတ်ချ ယုံကြည်တော်မူပါ မဟာသီလဝမင်းမြတ်။

**သီလဝ။** ။သင့် ကောသလတိုင်း၌ မိုးခေါင်ရေရှား ဆန်စပါး အစားအစာ ရှားပါးခြင်းသည် မင်း၏ ဝိသမလောဘ၊ ပြည်သူလူထု၏ ဝိသမလောဘ တို့ကြောင့်ဘဲ ဖြစ်သည်။

**ကောသလ။** ။ဟုတ်မှန်လှပါသည် အရှင်မင်းမြတ်၊ အကျွန်ုပ်၏ ဝိသမလောဘကို ယနေ့မှစ၍ သစ္စာပြုကာ ဖယ်ရှားပါမည်။ ကောလသတိုင်း၌ နေထိုင်ကြကုန်သော ပြည်သူအပေါင်းတို့ကိုလည်း ချစ်ခြင်း သနားခြင်း ဝမ်းသာခြင်း လျစ်လျူရှုခြင်းဆိုတဲ့ ဗြဟ္မာစိုရ်တရား ပွါးများကြရန် တိုက်တွန်းပါမည် ခွင့်ပြုတော်မူပါ မင်းမြတ်။

ဤဇာတ်တော်၌ မဟာသီလဝမင်းသည် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ ကျင့်ဆောင်လျက် အနိုင်ကျင့်သောဝါဒဖြင့် သူတပါး အသက် သတ်ခြင်း, သူတပါးပစ္စည်းကို ခိုးယူခြင်း, သူတပါးသားမယားကို ပြစ်မှားခြင်း, မဟုတ်မမှန် လုပ်ကြံ လည်ဆယ်၍ ပြောဆိုခြင်း, သုရာငါးပါး မေရယငါးပါးတို့ကို သောက်စားမူယစ်ခြင်းဆိုတဲ့ အကုသိုလ်အညစ်အကြေးတို့ကို ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကျင့်သုံးဆောက်တည်ခြင်း သီလဂုဏ်ဖြင့် သစ္စာပြုကာ ရန်သူကို အနိုင်ယူလိုက်ခြင်းပင် ဖြစ်လေသည်။ သွေးမြေကျအောင် အသက်ပေါင်းများစွာ သတ်ဖြတ်ပြီးပါမှ

အနိုင်ယူလိုက်ခြင်းမျိုးမဟုတ်၊ မွေးညှင်းတပင်မျှ မကျွတ်စေရ သွေးတပေါက်မျှ မကျစေရဘဲ မေတ္တာမပျက် သစ္စာလက်နက် ဖြင့်သာ အနိုင်ယူခြင်း ဖြစ်ပေသည်။

## မအောင်သင့်သောသူကို အောင်ပွဲယူသူ
## အနိုင်မယူသင့်သောသူကို အနိုင်ယူသူ

၁။ အကြင် မင်းသည် မအောင်သင့် မအောင်ထိုက် မအောင်အပ်သော မိဘတို့ကို အောင်ပွဲယူ၏၊ အနိုင်မယူသင့် မယူထိုက် မယူအပ်သော မိဘတို့ကို အနိုင်ယူ၏၊ ထိုမင်းသည် မင်းမမည်။

၂။ အကြင် မိတ်ဆွေခင်ပွန်းသည် မိတ်ဆွေခင်ပွန်းစစ် ခင်ပွန်းမှန်တို့ကို တရားဆင်၍ အနိုင်ကျင့်ပြီး အောင်ပွဲခံယူ၏၊ ထိုမိတ်ဆွေခင်ပွန်းသည် မိတ်ဆွေခင်ပွန်းကောင်းမမည်။

၃။ အကြင် အိမ်ကြီးရှင်မ ဇနီး မယားသည် မိမိ၏ လင်ယောကျ်ားကို မရိုသေ မလေးစား မကြောက်၊ လူထု ပရိသတ်အလယ် ဗိုလ်ပုံအလယ်တို့၌ မရိုသေ မလေးစား မခန့် မကြောက်ရွံ့၊ ထိုအိမ်ကြီးရှင်မ ဇနီးမယားသည် ဇနီးမယား မမည်၊ ရာသက်ပန် မပေါင်းသင့်ပေ။

၄။ အကြင်သားသမီးတို့သည် အရွယ်ယိုယွင်း အိုမင်းလေ သော မိဘတို့ကို ကျွေးတုံ့ကျွေးလှည့် မကျွေးမွေး၊ မိဘဝတ် တို့ကို လေးလေးမြတ်မြတ် မလုပ်၊ မစောင့်ရှောက်၊ ထိုသား သမီးတို့သည် သားသမီးမမည်။ (သားသမီးအဖြစ်မှ စွန့်ပစ် သင့်၏)။

၅။ အကြင် သဘင်၌ ရုပ်နာမ်သန့်ရှင်းသော သူတော်ကောင်း မရှိ၊ ထိုသဘင်သည် သဘင်မမည်။

၆။ အကြင် သူတို့သည် ယထာဘူတ ဟုတ်မှန်သော သဘောအတိုင်း မပြောမဆို၊ မပြုလုပ် မပြုမူ မလုပ်ကိုင်၊ ထိုသူတို့သည် သူတော်ကောင်း မမည်ကုန်။

၇။ သူတော်ကောင်း အစစ်၏ လက္ခဏာမှာ ဝိသမလောဘဖြင့် တပ်မက်မောခြင်း အမျက်ထွက်လွယ်ခြင်း မိုက်မဲတွေဝေခြင်းတို့ကို ဖယ်ရှားပယ်စွန့်၍ သူ့အကျိုးစီးပွါးနှင့်စပ်သောအခါ သနားတတ်ခြင်း မြတ်နိုးတတ်ခြင်း ကူညီစောင့်ရှောက်လိုခြင်း ဖေးဖေးမမ ယုယုယယ ပြုစုလိုခြင်း ရှိသည်ဖြစ်၍ အရှိကို အရှိအတိုင်း အဟုတ်ကို အဟုတ်အတိုင်း အမှန်ကို အမှန်အတိုင်း ပြောဆိုသော ပညာရှိတို့သည်သာလျှင် သူတော်ကောင်း မည်ကုန်၏။

ကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းဖော်ခြင်းထက် မြင့်မြတ်ခြင်း မည်သည် မရှိ၊ မကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းဖော်ခြင်းထက် ယုတ်မာခြင်း မည်သည် မရှိ။

## သစ္စာပါရမီဖြင့် ရေဘေးကြီးမှ လွတ်မြောက်ပုံ

ဗုဒ္ဓဖြစ်ကြောင်း ပါရမီပေါင်းဆယ်ပါး အပြားသုံးဆယ်ရှိပေရာ သစ္စာပါရမီမှာ အလွန်တရာထက်မြက်လှသော ပါရမီထူးပင် ဖြစ်၏၊ သို့သော် ဤသစ္စာပါရမီကို သီလပါရမီနှင့်တွဲ၍ ဗုဒ္ဓအလောင်းတော်မြတ်ကြီးများ သစ္စာပြုကြလေသည်၊ ခေတ်နှင့်လျော်ညီအောင် အသုံးချရန် အလွန်သင့်လျော်လှပေသည်၊ ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာ, ဘယ်သတ္တဝါမဆို

အခက်အခဲနှင့် ရင်ဆိုင်လာလျှင် သစ္စာပြုမှုဖြင့် အောင်မြင်နိုင်သည်ကို အမြဲအစဉ် သတိချပ်မှု သမ္မာဒိဋ္ဌိတရား ရှေ့ထား ကြရပါလိမ့်မည်၊ ဗုဒ္ဓ၏ နှစ်သက်မအား မြတ်နိုးခြင်း အလိုလို ဖြစ်ထိုက်သော အဆုံးအမ ဩဝါဒကား ပြဆိုလတ္တံ့သော စကားအတိုင်းပင် ဖြစ်သည်။

၁။ အက္ကောဓေန ဇိနေ ကောဓံ = အမျက်ဒေါသကြီးနေသူကို အဒေါသမေတ္တာစိတ်ဖြင့် အောင်မြင်နိုင်သည်၊ အလှူယ်တကူ အောင်ပွဲယူနိုင်ပေသည်။

၂။ အသာဓုံ သာဓုနာ ဇိနေ = သူယုတ်မာစိတ်ရှိသူကို မြင့်မြတ်သော သူတော်ကောင်းစိတ်ဖြင့် အောင်မြင်နိုင်သည်၊ အလွယ်တကူ အောင်ပွဲယူနိုင်ပေသည်။

၃။ ဒုစိန္တိတ၊ မကောင်းသဖြင့် ကြံစည်သူကို။ သုစိန္တိတ၊ ကောင်းသော ကြံစည်မှုဖြင့် အောင်မြင် နိုင်သည်။ အလွယ်တကူ အောင်ပွဲယူနိုင်ပေသည်။

၄။ ဒုဘာသိတ၊ မကောင်းသဖြင့် နှုတ်ကြမ်းစွာ ပြောဆိုသူကို။ သုဘာသိတာ၊ ကောင်းသော နှုတ်ချိုစကားဖြင့် အောင်မြင်နိုင်သည်။ အလွယ်တကူ အောင်ပွဲယူနိုင်ပေသည်။

၅။ ဒုကမ္မန္တ၊ မကောင်းသဖြင့် အမှုကိုပြုသောသူကို။ သုကမ္မန္တ၊ ကောင်းသောအမှု ပြုလုပ်ခြင်းဖြင့် အောင်မြင်နိုင်သည်။ အလွယ်တကူ အောင်ပွဲယူနိုင်ပေသည်။

၆။ အဘူတ၊ မဟုတ်မမှန် လုပ်ကြံလည်ဆယ်မှုကို။ ဘူတ၊ အဟုတ်အမှန်တရားက အောင်မြင်နိုင်သည်၊ အလွယ်တကူ အောင်ပွဲယူနိုင်ပေသည်။

ဤလောကကြီး၌ ဖြောင့်ဖြူးမှန်ကန်သော သူသည်သာလျှင် ဘုန်းသက်၊ ကံသက် တိုးတက်မြဲ တိုးတက်၍ ကြီးပွါးခြင်း အဆက်မပြတ်ဘဲ ရှိပေလိမ့်မည်။

နက်နဲသောဉာဏ်ရှိန် သုပ္ပါရကသုခမိန်၏ သစ္စာပြုပုံ ဂုဏ်ရှိန်ကို ဖော်ပြအံ့ ၁။

ကုရုတိုင်း၌ ကုရုရာဇမင်း မင်းပြုနေချိန်ဖြစ်သည်၊ ကုရုတိုင်း ပြည်တွင် ကုရုကစ္ဆသဘောဆိပ်၌ ဂေါတမဘုရားအလောင်းတော်သည် သဘောသူကြီးသား ဖြစ်၏၊ အမည်ကတော့ သုပ္ပါရက ခေါ်တွင်သည်၊ အရွယ်သို့ရောက်သောအခါ ထူးမြတ်သောပညာဉာဏ်နှင့် ပြည့်စုံသော သဘောသူကြီးဖြစ်ပြီး ပင်လယ်ဆားငန်ရေ အတွေ့အထိများသဖြင့် မျက်စိနှစ်လုံး ကွယ်ရှာသည်။

သုပ္ပါရကသဘောသူကြီးသည် ပင်လယ်ရပ်ခြား တိုင်းတပါးသို့ သဘောဖြင့် မသွားနိုင်သောအခါ ကုရုရာဇ မင်းကြီးထံ ချဉ်းကပ်ပြီး ရွှေ ငွေ ပုလဲ ကျောက်မျက်ရွဲ သန္တာ ဝဇီရာ ပတ္တမြားပြယိုးယား စသော သက်မဲ့ရတနာ, ဆင် မြင်း ပိုးဖဲကမ္ဗလာစသော သက်ရှိသက်မဲ့ ရတနာတို့ကို အဘိုးဖြတ်သော မင်္ဂလာရတနာရာဖြတ် ပညာချိန်ခန့်ထားခြင်းကို ခံရ

---

၁။ ဇာတ်အဋ္ဌကထာ၊ စတုတ္ထ-တွဲ၊ နှာ-၁၃၉။

သဖြင့် ရာဖြတ်အလုပ်ဖြင့် အသက်မွေးနေရှာသတဲ့၊ အကဲဖြတ် အလုပ်ဆိုရမှာပေါ့။

**၁–ဆင်။** ။တနေ့တွင် မင်္ဂလာ ဆင်ဖြူတော် ရတနာ တစီး ရောက်ရှိလာသဖြင့် မျက်စိအလင်းမရရှိရကား ဆင်ကို လက်ဖြင့် စမ်းသပ်ပြီး အဟောထုတ်သည်မှာ "ဤဆင် ဖြူတော်ရတနာသည် မင်း၏ မင်္ဂလာဆင်ရတနာအဖြစ် မထား ထိုက်ကြောင်း၊ ဤဆင်ကို အမိဝမ်းမှ ဖွားသန့်စဉ်အခါက မိခင်ဆင်မကြီးသည် ပေါင်ခွင်ဖြင့် မခံငြင်းကြောင့် မြေသို့ ကျသဖြင့် နောက်ခြေနိမ့်လေ၏။ သို့ဖြစ်၍ မင်းကြီး၏မင်္ဂလာ ဆင်ဖြူတော်ရတနာအဖြစ် မထားသင့်"ဟု အဟောထုတ်ရာ ဟုတ်မှန်နေသဖြင့် ကုရုရာဇမင်း နှစ်သက်လှ၍ ဉာဏ်ပူဇော်ခ ရှစ်အသပြာ ဆုချ၏။

**၂–မြင်း။** ။ဒုတိယအကြိမ် မြင်းကို စုံစမ်းမေးမြန်းစေရာ ဤမြင်းကို မွေးသောနေ့၌ အမိမြင်းမကြီး သေသဖြင့် နို့ပြတ်သောသား ဖြစ်သောကြောင့် မင်္ဂလာမြင်း ပြုခြင်းငှါ မထိုက်ဟု အဟောထုတ်၏၊ မှန်ကန်လှသဖြင့် ကုရုရာဇမင်း နှစ်သက်လှ၍ ရှစ်အသပြာ ဆုချ၏။

**၃–ရထား။** ။တတိယအကြိမ် ရထားကို စုံစမ်းမေးမြန်း စေပြန်ရာ ဤရထားသည် အခေါင်းရှိသော သစ်ဖြင့်ပြုလုပ်သော ရထားဖြစ်၍ မင်္ဂလာရထား မထိုက်ဟု အဟောထုတ်၏၊ ဟုတ်မှန်လှသဖြင့် ကုရုရာဇမင်း နှစ်သက် လှ၍ ရှစ်အသပြာ ဆုချပြန်၏။

**၄–ကမ္ဗလာ။** ။စတုတ္ထအကြိမ် ကမ္ဗလာကို မေးမြန်းစုံစမ်း စေရာ၌ ဤကမ္ဗလာ အထည်၏ ချည်

ကြိုး၌ ပိုးရှိ၏ဟု အဟောထုတ်ရာ ဟုတ်မှန်လှသဖြင့် ကုရုရာဇမင်း နှစ်သက်လှ၍ ရှစ်အသပြာပင် ဆုချပြန်၏။

ထိုအခါ ဘုရားအလောင်းတော်သည် မင်း၏ဆုပေးပုံ ပညာဉာဏ် ပူဇော်ပုံတို့ကို ကျေနပ်ခြင်း မရှိသဖြင့် ဆင်ခြင်ကြည့်ပြန်သောအခါ ဤမင်းသည် ဆတ္တာသည် အနွယ်မှ ဖြစ်ရမည်၊ ဤကဲ့သို့ ပညာဉာဏ်ဖြင့် သိ၍ အတိုင်းအတာ မသိသောမင်းထံ၌ အမှုထမ်းနေသဖြင့် အကျိုးမများဟု ဆင်ခြင်မိကာ အလုပ်မှ နုတ်ထွက်ခဲ့ပြီး နေချိန်မှာ သဘော်သားများက သဘော်သို့ပြန်လိုက်ရန် တိုးလျှိုးတောင်းပန်ကြသဖြင့် သဘော်၌ တဖန် သူကြီးအဖြစ်ဖြင့် လိုက်ပါလုပ်ကိုင်နေလေသည်။

ပညာစက္ခုသည် မံသစက္ခုထက် အဆအရာ အဆအထောင် မကအောင် တန်ဘိုးရှိလေသည်၊ ပြည်တန် ငမောက်ပတ္တမြား ကျောက်နှင့် အားလူးခြောက် တန်ဘိုး ကွာခြားသကဲ့သို့ မယှဉ်သာအောင် ကွာခြားလေသည်၊ ဗုဒ္ဓလောင်းလျာ သုပ္ပါရကသူခမိန် ပညာရှိသည် မံသစက္ခု ကွယ်နေသော်လည်း ပညာစက္ခု အကြည့်မပျက် တလက်လက် ထွန်းလင်းနေသဖြင့် သဘော်သား ခုနစ်ရာတို့၏ အသက်ကို ကယ်ဆယ်နိုင်လေသည်။

## ကိုယ်ကျင့်သီလ ဖြူစင်မှုဖြင့် သစ္စာပြုပုံ

ရန်သူမျိုးငါးပါးတို့တွင် ရေသည် အမှတ် ၁-ဖြစ်၏။အလွန်ကြောက်စရာကောင်းလှ၏၊ ချောင်းငယ် မြစ်ငယ်တို့၌ စီးဆင်းနေကြသော ရေချို ရေကြည်သည်ပင် ရန်သူဖြစ်၍ ကြောက်

စရာကောင်းလှသေး၏၊ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့တွင် ရှိသော ရေမှာမူ အထူးသဖြင့် ပို၍ ကြောက်ရွံ့စရာကောင်းလှ တော့၏။ ထို့ထက် အဆအရာ အထောင်မက ကြောက်ရွံ့စရာ ကောင်းလှသော ရေဘေးကြီးကား သမုဒ္ဒရာငါးစင်း တည်း ဟူသော ရေဘေးကြီးများပင် ဖြစ်၏၊ ယင်း သမုဒ္ဒရာကြီး များမှာ အပြင် အပြောကလည်း ကျယ်လွန်းလှ၏၊ အနက် အရှိုင်းကလည်း ယူဇနာနှင့်ချီ၍ နက်ရှိုင်းလှ၏၊ သမုဒ္ဒရာ အပြားမှာ—

၁။ **ခုရမာလိသမုဒ္ဒရာ** ဝရဇိန်ကျောက်မျိုးတွေ ရှိနေသ ဖြင့် ဝရဇိန်သမုဒ္ဒရာလို့လဲ ခေါ်ကြသည်၊ သင်ဓုန်းဓား သွားကဲ့သို့ ထက်မြက်လှသော နှာခေါင်းရှိ၍ လူတို့၏ ကိုယ်နှင့်တူသော ကိုယ်ရှိသော ငါးများလည်း ရှိကြ လေသည်။

၂။ **အဂ္ဂိမာလိသမုဒ္ဒရာ** ရွှေမှုန် ရွှေစင်ခဲတွေ ရှိနေသဖြင့် ရေ၏ အရောင်မှာ ခနှင့် ရွှေရောင် ပြန်ဟပ်မိသကဲ့ သို့ သမုဒ္ဒရာရေထဲမှာ ဝင်းဝင်းထိန်ထိန်ရောင်ရှိန်တွေ ထွက်ပြီး နေလေသည်။

၃။ **ဒဓိမာလိသမုဒ္ဒရာ** ငွေမှုန် ငွေခဲတွေ အောက်မှာ ရှိနေ သဖြင့် ရေ၏အရောင်မှာ နို့ဓမ်း နို့ရည်ရောင် တ ပြောင်ပြောင် ပေါ်ထွက်လျက် နေလေသည်၊ လရောင် နှင့် ရေအောက်ရှိ ငွေရောင်တို့မှာ ရောင်ပြန်ဟပ် သောအခါ အလွန်တရာ နှစ်သက်စရာ ရတနာငွေ ရောင်တို့သည် ရှုသူ မြင်သူ ကြည်ဖြူဆင့်ပွါး နှလုံး

သွားမှာ ဂွမ်းဆီဆီသည့်အသွင် ပီတိစိမ့်ဝင် ဟဒယ ရွှင်စေလေသည်။

၄။ **ကုသမာလိသမုဒ္ဒရာ** ပတ္တမြားညိုစသော ရတနာတို့ သည် ရေ၏ အောက်၌ ရှိကြလေသည်ဖြစ်၍ စိမ်းလန်း စိုပြေသော ကောက်ပင်စိမ်းအရောင် သမန်းရွက်စိမ်း ရောင် ပတ္တမြားညိုသွေးရောင် တောက်ပြောင်လျက် ရှိနေလေသည်။

၅။ **နဠမာလိသမုဒ္ဒရာ** ဝံသဝဏ်ကျောက်မျိုးတို့၏ တည်ရာ ဖြစ်၏၊ ဝံသဝဏ်ကျောက်ဟူသည် ဝေဠုရိယကျောက် မျက်ရတနာတမျိုးပင် ဖြစ်၏၊ ပြယိုးယားကျောက် လို လဲ ခေါ်ရပေမည်၊ ကျူပင်ခြောက်အရင့်ရောင်၊ ဝါး ပင်ရင့် အခြောက်ရောင်ကဲ့သို့ အဆင်းရှိပြီး အသက် ဝင်နေသော ကျောက်မျက်ရတနာမျိုးဖြစ်၏၊ အတွင်း မှ တန်းခိုးရှိသော အရောင်သည် အပြင်သို့ထွက်သျက် အမြဲလှုပ်ရှားနေသော ကြိုးကျောက် ကြာပွင့်များက လည်း သမင် အရှင်၏ မျက်လုံးပမာ ရောင်စုံ ထွန်း လျက် မြူးပျော် ပွင့်ပေါ်ကစားလျက် ရှိလေသည်၊ ဤရတနာများ ရေအောက်၌ ရှိသော သမုဒ္ဒရာပင် ဖြစ်သည်။

၆။ **ဗလာမုခသမုဒ္ဒရာ** အလွန် အပြောကျယ်စွာသော ဝဲကြီးများသည် လည်၍လည်၍ ကျလေသည်၊ ထိုဝဲ ကတော့ကြီးများသည်လည်း အလွန်နက်ရှိုင်း လှစွာ သော ပင်လယ်အောက်သို့ ဆွဲငင် စုတ်ယူလျက်

ဆောင်လေသည်၊ ကြောက်မက်ဘွယ်သော အသံကြီးများ မြည်အော်လျက် အဆက်မပြတ်ရှိလေသည်။

ဤရေဘေးကြီး အလယ်ရေပြင်သို့ ရောက်ရှိသွားသော ဘုရားအလောင်း သုပ္ပါရက သုခမိန်နှင့် သင်္ဘောသား ခုနစ်ရာတို့သည် ထောက်တည်ရာမရဘဲ ရှိကြလေ၏၊ သေဘေးကြီးနှင့် ရင်ဆိုင်လာသောအခါ သင်္ဘောသား ခုနစ်ရာတို့သည် ဗုဒ္ဓအလောင်းတော်ကြီး သုပ္ပါရကထံ ကယ်မပါရန် အသနားခံကာ တောင်းပန်ကြလေသည်။

ထိုအခါ သုပ္ပါရက သုခမိန်က သင်္ဘောဦး၌ သန့်ရှင်းစေပြီး ရေကြည်အပြည့်တည်သော ဘော်ငွေခွက်ကို တည်ထားကြလေလော့ဟု မှာပြီးလျှင် မိမိကိုယ်ကိုလည်း သန့်ရှင်းစေလျက် ဖြူစင်သစ်လွင်သော လုံချည် အင်းကျီတို့ကို ဝတ်ရုံ၍ ပုဝါဖြူကိုယ်၌ ရစ်သိုင်းလျက် သင်္ဘောဦး၌ ဤကဲ့သို့ သစ္စာပြုလေသည်။

မိမိ (သုပ္ပါရက သုခမိန်) သည် ဟာယနဒသက ရုပ်နာမ်ဆုတ်ယုတ်သော အသက်ငါးဆယ်ရှိသည်၊ ယနေ့အထိ သူတပါး၏ အသက်ကို သေစေလိုသော စိတ်ဖြင့် ဘယ်သောအချိန်အခါမှ မပြစ်မှားခဲ့ဘူးပါ၊ "ဤမှန်ကန်သော သီလသစ္စာကြောင့် ဤသင်္ဘောသည် ကုရုတိုင်း ကုရုကစ္ဆ ဆိပ်ကမ်းသို့ လှည့်၍ ပြန်ရောက်ပါစေ သတည်း"—

ဟု သစ္စာ ပြုလိုက်သည်နှင့် တပြိုင်နက် သင်္ဘောသည် နောက်သို့ ပြန်လှည့်ပြီး ကုရုတိုင်းဘက်သို့ ရွေ့ရှူသွားလေသည်မှာ ကုရုကစ္ဆဆိပ်ကမ်း ကပ်ရုံမကဘဲ ခုနစ်ယူဇနာဝေး

သော ဗုဒ္ဓအလောင်းတော် သုခမိန်နေအိမ်အနီးသို့ ရောက်သောအခါမှ တန့်ရပ်လေသည်၊ သင်္ဘောပေါ်တွင် ပါလာသော ရတနာမျိုးတို့ကို သယ်ချပြီး ကြီးကျယ်မြင့်မြတ်လှစွာသော အလှူဒါနကို ပြုကြလေသည်။

ဤဇာတ်တော်ကို ရည်ရွယ်၍ ပါရမီတော်ခန်းပျို့ ၂၁၅-၌—

"မျောကြတုံလေ၊ စီးသောလှေသည်၊ ရေယက်ကမ်းဆွဲ၊ ပယ်လယ်ဝဲ၌၊ ကြံခဲလက်ချ၊ သေစပါးနီး၊ ရောက်လုပြီးလည်း၊ လွတ်ကြီးလွတ်နိုင်"။

ဟု စပ်တော်မူလေသည်။

မဃဒေဝလင်္ကာသစ် အပိုဒ် ၂၄၀-၌လည်း—

"ပင်လယ်ခေါင်ဝယ်၊ ရေဆောင်နစ်မျော၊ သင်္ဘောဝဲစုပ်၊ ဗလဝါမုခ်မှ၊ ဆယ်ထုတ်ဘေးကင်း"။

ဟု စပ်လေသည်။

**သစ္စာပြုခြင်းအကျိုး။** ။ဤ သစ္စာပြုခြင်းကြောင့် ဘေးရန်ကင်း၍ ရန်သူမျိုး ငါးပါးတို့ကို အောင်မြင်ခြင်းသည် အတိတ် ရှေးခေတ်များကသာ အောင်မြင်ကြသည် မဟုတ်၊ ယခုခေတ် ယခု အချိန်အခါ၌လည်း အမှန်ပင် အောင်မြင်မှုတို့ကို ရရှိနိုင်ပါသည်၊ လေးစားရမည့် ကျင့်ဝတ် စည်းကမ်းရှိသူ လူရှင်ရဟန်း အဘယ်ပုဂ္ဂိုလ် မည်သူမဆို မိမိရုပ်နာမ် သန့်ရှင်းစေရမည်၊ သီလအကျင့်မြတ်ကို စွမ်းနိုင်သမျှ တပါး သီလ, နှစ်ပါးသီလ စသည်ဖြင့် နိုင်သမျှ ထိန်းရမည်၊ ဗုဒ္ဓဂုဏ်တော် (၁၀)ပါးကို အနက် အဓိပ္ပါယ်နှင့် တကွ သိရှိ၍ ရှိခိုးရမည်။

## ဗုဒ္ဓဂုဏ်တော် (၁၀) ပါး

၁။ ဣတိပိ သော ဘဂဝါ အရဟံ၊
၂။ ဣတိပိ သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ၊
၃။ ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော၊
၄။ ဣတိပိ သော ဘဂဝါ သုဂတော၊
၅။ ဣတိပိ သော ဘဂဝါ လောကဝိဒူ၊
၆။ ဣတိပိ သော ဘဂဝါ အနုတ္တရော၊
၇။ ဣတိပိ သော ဘဂဝါ ပုရိသဒမ္မသာရထိ၊
၈။ ဣတိပိ သော ဘဂဝါ သတ္ထာဒေဝမနုဿာနံ၊
၉။ ဣတိပိ သော ဘဂဝါ ဗုဒ္ဓေါ၊
၁၀။ ဣတိပိ သော ဘဂဝါ ဘဂဝါတိ[၁]။

ဒသဂုဏေဟိ တိလောကေ ဝန္ဒာမိ တံ သဒါတုလံ။

ဤကား ပါဠိလိုရွတ်၍ ရှိခိုးရန်ပင်တည်း။

## ဗုဒ္ဓဂုဏ်တော် (၁၀) ပါး မြန်မာလို ရှိခိုးရန်

၁။ ဘုန်းတော် ဂုဏ်တော်သခင် ထိုရှင်တော် မြတ်ဘုရားသည် ပြဟ္မာနတ်လူ သုံးဘုံလူတို့၏ အလှူတော် မှန်သမျှတို့ကို အမှန်ပင်ကေန် ခံယူတော် မူထိုက် နှစ်ခြိုက်ဖွယ်တောင်း

---

၁။ အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်ကို အနုတ္တရော တခု၊ ပုရိသဒမ္မသာရထိ တခု၊ နှစ်ခုခွဲလိုက်၍ ဂုဏ်တော်ဆယ်ပါး ဖြစ်လာသည်။

ကောင်းမွန် မြင့်မြတ်လှသော ဤအကြောင်းကြောင့်လည်း 'အရဟံ' ဟု ထင်ရှား ကျော်ကြားတော်မူပါပေသတည်း။

၂။ ဘုန်းတော်ကြီးမား ထိုရှင်တော်မြတ်ဘုရားသည် ဆရာ မည္ဘန် အမှန်အမြတ် တရားဂုဏ် အစုတို့ကို အကုန်သိတောင်း ဤအကြောင်းကြောင့်လည်း 'သမ္မာသမ္ဗုဒ္ဓ' ဟု သုံးလောက တွင် ထင်ပေါ် ကျော်ကြားတော်မူပါပေသတည်း။

၃။ ဉာဏ်တော်ကြီးမား ထိုရှင်တော် မြတ်ဘုရားသည် ပုဒိအာဟူသော ဉာဏ်သုံးဆူနှင့် အကျင့်တော် တဆယ့်ငါး ပြည့်ပြီးစုံလင် ဂုဏ်ပေါင်းဆင်တောင်း ဤအကြောင်းကြောင့် လည်း 'ဝိဇ္ဇာစရဏသမ္ပန္န' ဟု သုံးလောကတွင် ထင်ပေါ် ကျော်ကြားတော်မူပါပေသတည်း။

၄။ ကံတော်ကြီးမား ထိုရှင်တော်မြတ်ဘုရားသည် အာရုံ စွဲငြိ ချိုမြိန်အိငြား ကောင်းသော ဆိုစကားကို အများဝေနေ ဟောလေသိတောင်း ဤအကြောင်းကြောင့်လည်း 'သုဂတ' ဟု သုံးလောကတွင် ထင်ပေါ် ကျော်ကြားတော်မူပါပေသတည်း။

၅။ ဉာဏ်တော် ခြောက်ပါးသခင် ထိုရှင်တော်မြတ်ဘုရား သည် လောကသုံးပါး လောကခြောက်ပါး နေသူများ၏ စိတ်ထားအနေ မသေွမကျန် အမှန်သိတတ် မြတ်ဉာဏ်ရည် တောင်း ဤအကြောင်း ကြောင့်လည်း 'လောကဝိဒူ' ဟု အတော်အံ့မူး ထူးမြတ်သော်မော် ကျော်ကြားတော် မူပါပေ သတည်း။

၆။ အားတော်ဆယ်ပါးသခင်ထိုရှင်တော်မြတ်ဘုရားသည် တဘက်ယှဉ်ဘက် ပြိုင်ဘက်ကင်းကွာ သီလာဒိဂုဏ် ပြည့်စုံပုံရင်

ဘုရင်တဆူ ဖြစ်တော်မူတောင်း ဤကောင်းမြတ်တော်မူလှသောအကြောင်းကြောင့်လည်း 'အနုတ္တရ' ဟု တေဇဂုဏ်အင်ပေါ်လွင်ထင်ရှား ကျော်ကြားတော် မူပါပေသတည်း။

၇။ သီရိဘုန်းထူး ဂုဏ်ပွံ့ပျူးသား ထိုရှင်တော်မြတ်ဘုရားသည် ဆုံးမထိုက်သူ လူနတ်များစွာ ဝေနေယျာတို့ကို ကောင်းစွာ သွန်သင် ပဲ့ပြင်ပေးတတ် မြတ်လှရည်တောင်း ဤအကြောင်းကြောင့်လည်း 'ပုရိသဒမ္မသာရထိ'ဟု နှံ့သိကုန်စင် ကမ္ဘာပေါ်တွင် ပေါ်လွင်ထင်ရှား ကျော်ကြားတော်မူပါပေသတည်း။

၈။ ဣဿရိယရှစ်တန် ဂုဏ်မွန်တင့်ကြွား ထိုရှင်တော်မြတ်ဘုရားသည် အကြီးအမှူး ဦးစီးအချုပ် မဟာကွဋ္ဌ မဟာနာယကတဆူ ဘဝဂ်ငူတိုင် ကယ်တင်နိုင်တောင်း ဤကောင်းမြတ်လှသော အကြောင်းကြောင့်လည်း 'သတ္ထာ ဒေဝ·မနုဿာနံ'ဟု သုခုမဓာတ် မြင့်မြတ်ဝေဆာ ကျော်ကြားတော်မူပါပေသတည်း။

၉။ ရောင်ခြည်တော် ခြောက်ပါး လွန်ထင်ရှားသည့် ထိုရှင်တော်မြတ်ဘုရားသည် သစ္စာလေးပါး မြတ်တရားကို မိမိလည်းသိ လူကိုသိစေ ကဝိမွေကို ဝေနေယျများစွာ သိစေရှာတောင်း ဤကောင်းလှသော အကြောင်းကြောင့်လည်း 'ဗုဒ္ဓကြီး'ဟု ဝေးနီးပေါ်လွင် အလွန်အလွန်ပင် ထင်ရှားကျော်ကြားတော်မူပါပေသတည်း ။

၁၀။ သုံးလောက ထွတ်ထား ရှင်တော်မြတ်ဘုရားသည် ယသ-ပယတ္တာ စသည်ခြောက်ဆိုင် ဘုန်းပန်းခိုင်ဖြင့် မှိုင်မှိုင်ပွင့်တောင်း ဤကောင်းမြတ်လှသော အကြောင်းကြောင့်

လည်း ဘဂဝါ-ဟု လူနတ်ထူးတို့ ဂရုဂါရဝ ပြုကြသော်မော် ကမ္ဘာပေါ်တွင် ပေါ်လွင်ထင်ရှား ကျော်ကြားတော်မူပါပေသတည်း။

ဤသို့ပိုင်းခြား ဆယ်ပါးသရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့် လူနတ်ပြဟ္မာ သုံးဖြာသောလောက၌ တုဘက်ယှဉ်ဘက် ပြိုင်ဘက်မရှိသော ထိုမြတ်စွာဘုရားကို အကျွန်ုပ်သည် အခါခပ်သိမ်း ဒွါရသုံးလီ စုံညီမြှတ်နိုး ရှိခိုးပါ၏အရှင်ဘုရား။

## ဘုရားရှိခိုး သစ္စာပြု ဆုတောင်း

ဤသို့ ဘုရားဂုဏ်တော်မြတ်ကို ရှိခိုးပြီးသောအခါ အောက်ပါ ဗုဒ္ဓမင်္ဂလာဂါထာတော်မြတ်ကို ရွတ်ဆိုပါ။

ဗုဒ္ဓေါ စ မင်္ဂလော လောကေ၊
သမ္ဗုဒ္ဓေါ စာပိ လောကဂ္ဂေါ။
ဗုဒ္ဓံ သရဏ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။ (သဗ္ဗဒုက္ခာ ပမောစယေ)

ထို့နောက် သစ္စာပြု ဆုတောင်းကြပါ။

၁။ ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယမင်္ဂလံ။

၂။ ဧတေန သစ္စဝဇ္ဇေန ဟောတု မေ သုခဝဍ္ဎနံ။

၃။ ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဘောဂဝဍ္ဎနံ။

၄။ ဧတေန သစ္စဝဇ္ဇေန ဟောတု မေ လာဘဝဍ္ဎနံ။

၅။ ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဉာဏဝဍ္ဎနံ။

၆။ ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ပုညဝဍ္ဎနံ။

၇။ ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ယသဝဍ္ဎနံ။

ဤကား ပါဠိဘာသာဖြင့် သစ္စာပြုပုံဖြစ်၏၊ နေ့စဉ် မိမိ သက်စေ့ ရွတ်ပေးပါ။

အနုသာရကဏာဂုဏ် အကြိမ်ကြိမ်အခါခါ ရွတ်ပါများလာသော အခါ တနေ့ခုနစ်ခေါက် သို့မဟုတ် သုံးခေါက်ရွတ်ပေးပြီး သစ္စာပြုကြပါ၊ ကိုယ့်သီလဖြူစင်အောင် ကျင့်သုံးထားဘို့လဲ အထူးလိုအပ်လှသည်၊ ငွေစသောရတနာတို့ကို မြန်မြန်အလိုရှိလေလေ ကိုယ်ကျင့်သီလစင်ကြယ်အောင် ကျင့်ရလေလေပင်ဟု မှတ်သားထားကြပါ၊သီလစင်ကြယ်ပါမှ သစ္စာပြုလို့ အောင်မြင်နိုင်မည်။ (အထူးသတိပြုကြပါ။)

## မြန်မာဘာသာစကားဖြင့် သစ္စာပြုပုံ

ဤလောကသုံးပါး၌ မြတ်စွာဘုရားသည်လည်း အတုမရှိသော မင်္ဂလာကြီးတဆူ ဖြစ်တော်မူပါပေ၏၊ မကြွင်းမကျန် အမြင်သန်သော သဗ္ဗညုတ ရွှေဉာဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေ၏၊ မြတ်စွာဘုရားတည်းဟူသော ကိုးကွယ်ရာကို အကြောင်းတပါးအစွဲပြု၍ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်လည်း ခပ်သိမ်းသော ဝဋ်ဆင်းရဲအပေါင်းတို့မှ ကင်းလွတ်ကြကုန်၏။ (ဘုရားတပည့်တော် ကင်းလွတ်ရပါလို၏။) ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် ဘုရားတပည့်တော်အား—

၁။ အောင်မြင်ခြင်း မင်္ဂလာသည် လျင်စွာမသွေ ဖြစ်ပါစေသတည်း။

၂။ ချမ်းသာခြင်း အမျိုးမျိုးတို့၏ တိုးပွါးခြင်း မင်္ဂလာသည် ဖြစ်ပါစေသတည်း။

၃။ စည်းစိမ်ချမ်းသာ ဥစ္စာရတနာတို့၏ တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။

၄။ သက်ရှိသက်မဲ့ လာဘ်လာဘအမျိုးမျိုးတို့၏ တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။

၅။ အသိအလိမ္မာ ဉာဏ်ပညာတို့၏ တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။

၆။ ကုသိုလ်ကောင်းမှုတို့၏, တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။

၇။ အခြွေအရံ ပြန့်ပြော ပေါများခြင်းသည် ဖြစ်ပါစေသတည်း။

## ဗုဒ္ဓဂုဏ်တော်ဆယ်ပါး မြန်မာစကားပြေ

၁။ ဘုန်းတော်ကြီးမား ထိုမြတ်စွာဘုရားသည် လူနတ်ပြဟ္မာတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း **အရဟံ** မည်တော်မူ၏။ (သစ္စာပြုရန်) ဤသို့ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား ဘုန်းတန်းခိုး တိုးပွါးပါစေသတည်း။

၂။ ထူးမြတ်သောတရားအလုံးစုံကို အဟုတ်အမှန်သာ ဆရာမရှိ သိတော်မူသော အကြောင်းကြောင့်လည်း **သမ္မာသမ္ဗုဒ္ဓ** မည်တော်မူ၏။ (သစ္စာပြုရန်) ဤသို့ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား အသိဉာဏ်ပညာ တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။

၃။ ဉာဏဝိဇ္ဇာသုံးပါး စရဏသိက္ခာ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း **ဝိဇ္ဇာစရဏသမ္ပန္န** မည်တော်မူ၏။ (သစ္စာပြုရန်) ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကြောင်းမှန်သော အကျင့်ဉာဏ်ပညာနှင့် ပြည့်စုံခြင်းသည် ဖြစ်ပါစေသတည်း။

၄။ ကောင်းသောစကား ကို မြွက်ဆိုတော် မူတတ်သော အကြောင်းကြောင့်လည်း **သုဂတ**မည်တော်မူ၏။ (သစ္စာပြုရန်) ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ် ပြောဟောသမျှ ကောင်းသော စကားသည် ဖြစ်ပါစေ သတည်း။

၅။ လောကသုံးပါး လောကခြောက်ပါးကို အကြွင်းမဲ့ သိတော်မူသော အကြောင်းကြောင့်လည်း **လောကဝိဒူ** မည်တော်မူ၏။ (သစ္စာပြုရန်) ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား လောက၏ အကြောင်းကို ကြံစည်သမျှ သိနိုင်သော ပညာဉာဏ်သည် ဖြစ်ပေါ်ပါစေ သတည်း။

၆။ သီလသမာဓိ အစရှိသော ဂုဏ်အပေါင်းဖြင့် အတုမရှိ အမြင့်ဆုံး အမြတ်ဆုံး ဖြစ်တော်မူသော အကြောင်းကြောင့် လည်း **အနုတ္တရ** မည်တော်မူ၏။ (သစ္စာပြုရန်) ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား မြင့်မြတ်သောသီလစသည် လျင်စွာမသေ့ ဖြစ်ပါစေသတည်း။

၇။ ဆုံးမထိုက်သော လူနတ်ဗြဟ္မာ သတ္တဝါတို့ကို သိမ်မွေ့ နူးညံ့ယဉ်ကျေးအောင် ဆုံးမတတ်သော အကြောင်းကြောင့်

လည်း **ပုရိသဒမ္မသာရထိ** မည်တော်မူ၏။ (သစ္စာပြုရန်) ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား ဆန့်ကျင်ဘက်ကင်း ဂုဏ်သတင်းသည် လျှင်စွာမသေ့ ပျံ့သင်းပါစေသတည်း။

၈။ ခေါင်းဆောင်ကြီးမှူး ရှေ့သွားဦးစီးပမာ ဝေနေယျများစွာ သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲ အခက်အခဲမှ ထုတ်ဆောင် ကယ်တင်တော်မူတတ်သော အကြောင်းကြောင့်လည်း **သတ္ထာ ဒေဝမနုဿာန** မည်တော်မူ၏။ (သစ္စာပြုရန်) ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား လူနတ်ဗြဟ္မာတို့ ကြည်ညိုခြင်း မြတ်နိုးခြင်းသည် ဖြစ်ပါစေသတည်း။

၉။ သစ္စာလေးပါး မြတ်တရားတို့ကို မိမိကိုယ်တော်တိုင်လည်းသိ လူနတ်ဗြဟ္မာ ဝေနေယျများစွာ တို့ကိုလည်း သိစေတော်မူသော အကြောင်းကြောင့်လည်း **ဗုဒ္ဓ** မည်တော်မူ၏။ (သစ္စာပြုရန်) ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား အသိတရား ကြီးမားခြင်းသည် ဖြစ်ပါစေသတည်း။

၁၀။ သီရိ စသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း **ဘဂဝါ** မည်တော်မူ၏။ (သစ္စာပြုရန်) ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား ဘုန်းကံကြီးမားခြင်းသည် ဖြစ်ပါစေသတည်း။

ဤကဲ့သို့ ဂုဏ်တော်မြတ်ဖြင့် သစ္စာပြုနိုင်သည်၊ သစ္စာပြုပါက အမှန်မုချ ယခု ပစ္စက္ခ မျက်မှောက်ဘဝ၌ပင် အကျိုးပေး

နိုင်ပါသည်။ ဗုဒ္ဓဂုဏ်တော် (၉) ပါးနှင့်စပ်၍ အများ အသုံးပြုပြီး ရွတ်ဘတ်ပူဇော်နေကြတာကတော့ ဗုဒ္ဓဂုဏ်တော် (၉) ပါးကို အသိများ အသုံးများကြ၏။ ဂုဏ်တော်ဆယ်ပါးကိုမူ ခသိသူ များ၏။ ဤဂုဏ်တော်ဆယ်ပါးဆိုသည်မှာလည်း မူလ (၉) ပါးမှ တပါး တခြား အသစ်ထပ်တိုးလာသည်မဟုတ်၊ အနုတ္တရော-ပုရိသဒမ္မသာရထိဟူသောဂုဏ်တော်အမှတ် (၆) မှ 'အနုတ္တရော' ပုဒ်ကို သီးခြားပြု၍ တပုဒ်၊ 'ပုရိသဒမ္မသာရထိ' ပုဒ်ကို ခွဲခြား၍ တပုဒ်ဟု ထုတ်ဖော်ပြသခြင်း ဖြစ်သည်။

အနုတ္တရော ပုရိသဒမ္မသာရထိကို မြန်မာစကားဖြင့် ရေးပြပါမူ—

ထို အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါး သခင် ဘုန်းတော်ကြီးမားသော ရှင်တော်မြတ်ဘုရားသည် ဆုံးမ ထိုက်သော လူ နတ် ပြဟ္မာ သတ္တဝါတို့ကို တုဘက် ယှဉ်ဘက် ပြိုင်ဘက် မရှိ ကပိမြတ်တဆူ မဟာပုရိသဇာတ် ယောကျ်ား မြတ်ပီပီ အာဇာနည်စစ် ဂုဏ်သနစ်တောင်း ဤ အကြောင်း ကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိဟု နှံ့သိကြညာ ဝေဝေဆာလျက် ကျော်ကြားတော်မူပေသတည်း။ (သစ္စာပြု ရန်) ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား ဘုန်းထူး ဉာဏ်ထူး ကံအထူးသည် ပြန့်ပြူး မသွေ ဖြစ်ပါစေသတည်း။

## ဗုဒ္ဓသုံးမျိုး စစ်တမ်းထုတ်ကြပုံ

၁။ သမ္မာဗုဒ္ဓ ဘုရား ဆိုသည်မှာ ပစ္စေကဗုဒ္ဓကို ခေါ်ပါ သည်၊ ဘုရားငယ် ဗုဒ္ဓလို့ ဆိုပါသည်။

၂။ သမ္ဗုဒ္ဓ ဘုရားဆိုသည်မှာ အဂ္ဂသာဝက မဟာသာဝက သာဝက ဗုဒ္ဓကို ခေါ်ပါသည်။ အရှင်ဥပါလိ အရှင်မဟာ-ကဿပ အရှင် သာရိပုတ္တရာ အရှင် မဟာမောဂ္ဂလ္လာန်စသော သာဝက ဗုဒ္ဓကို ဆိုလိုပါသည်။

၃။ သမ္မာသမ္ဗုဒ္ဓ ဘုရားဆိုသည်မှာ ပါရမီတော် အလုံ အလောက် ပါရှိပြီး ကြီးကျယ်လှသော မာရ်ငါးပါးတို့ကို အကြွင်းမဲ့ ပယ်သတ်လျက် ညွှန်ကြားသူ သင်ပြသူ နည်းလမ်း ပြပေးသူ ဆရာမရှိဘဲ မိမိ၏ကိုယ်ပိုင် သယမ္ဘူဉာဏ်တော် မြတ်ဖြင့် သိတော်မူသော အတုလ ဗုဒ္ဓဘုရားကို ခေါ်ပါသည်။ ဦးမည်း ဦးဖြူ အဘယ်ကဲ့သို့သော လူ နတ် ဗြဟ္မာတို့ကို ငါ၏ သင်ဆရာ မြင်ဆရာ ကြားဆရာဟု ပြစရာမလို၊ အလိုလိုသိသော ဘုရားကို ဆိုလိုပါသည်။

## မေတ္တာအဆင့်ဆင့် ထက်မြက်စူးရှပုံ

လူသာမန်တို့ မေတ္တာထက် သီလရှိသော လူစင်စစ်တို့၏ မေတ္တာသည် ထက်မြက်၏၊ မိဘနှစ်ပါး၏ မေတ္တာသည် သား သမီး ရတနာများ၏ မေတ္တာထက် ထက်မြက်၏၊ ဆွေမျိုး များ၏ မေတ္တာသည် ပိယမိတ္တ သဟာယမိတ္တတို့၏ မေတ္တာ ထက် ထက်မြက်၏၊ ဤ နေရာ၌ ဖော်ပြရန် သင့်လျော်၍ စာရှု သူတို့ အလွယ်တကူ ကြည့်ရှုနိုင်ကြစေရန် သိင်္ဂါလောဝါဒ သုတ်[၁] လာ မှတ်သားဘွယ်ရာတို့ကို ပြဆိုပေအံ့။

---

၁။ သုတ်ပါထေယျပါဠိတော်၊ သိင်္ဂါလသုတ်၊ နှာ-၁၄၆-၁၅၃။

## မိတ်ဆွေစစ် လေးမျိုး

၁။ **ဥပကာရမိတ်ဆွေ** မိမိ၏ မိတ်ဆွေ အိမ်၌ တစုံတခု ခက်ခဲမှု တွေ့ရှိသောအခါ ထိုအခက်အခဲမှ လွန်မြောက်အောင် စောင့်ရှောက်ပေးခြင်း၊ နေအိမ်၌ အစောင့်မရှိခိုက် စောင့်ရှောက်ပေးခြင်း၊ ရန်သူမျိုးငါးပါးဘေး စသည် တွေ့ကြုံသော အခါ ရန်သူမှလွတ်ကင်းအောင် ကာကွယ်ပေးခြင်း၊ စေတနာ အသန့်ရှင်းဆုံးထား၍ လက်ဆောင်မွန် လက်ဆောင်ကောင်း များ တဆတိုး နှစ်ဆတိုး ပေးကမ်းခြင်းစသည် ပြုတတ်သော မိတ်ဆွေမျိုးကို ဆိုလိုပါသည်။

၂။ **သမာနသုခ ဒုက္ခမိတ်ဆွေ** မိမိ၏မိတ်ဆွေနှင့် အေး အတူ ပူအမျှ လျှို့ဝှက်သိုသိပ်သော မိမိကိစ္စကို ပြောဆိုခြင်း၊ မိတ်ဆွေ၏ လျှို့ဝှက်သော ကိစ္စမှန်သမျှကို ဖုံးကွယ် စောင့်ရှောက်ထားခြင်း၊ မိမိ၏မိတ်ဆွေ ဘေးရန်ပေါ် လာသောအခါ မကြောက်မရွံ့ နောက်မတွန့်ဘဲ သက်စွန့်ကြိုးပမ်း ကူညီခြင်း စသည်ပြုသော မိတ်ဆွေကို ခေါ်ဆိုပါသည်။

၃။ **အတ္ထက္ခာယီမိတ်ဆွေ** မိမိ၏မိတ်ဆွေသည် မကောင်း သောအကြံကို ကြံစည်တာတွေ့သော် ဖယ်ရှားပစ်ရမည်၊ ကြမ်း တမ်းရိုင်းစိုင်းသော အသုံးအနှုန်း ပြောဆိုခြင်း ပြုခဲ့သော် မပြောအောင် ပြုပြင်ပေးရမည်၊ မကောင်းသော အကုသိုလ် မှုဖြင့် ရောင်းဝယ်ခြင်း, အပြစ်ဖြစ်မည့် အလုပ်မျိုးကို ပြုလုပ် ခြင်း စသည်တို့ကို မပြုလုပ်အောင် ထိန်းသိမ်းစောင့်ရှောက် ပေးခြင်းဖြင့် ကောင်းမြတ်သောဘက်သို့ ရောက်ရှိအောင် ဆောင်ရွက်ပေးသော မိတ်ဆွေမျိုးကို ဆိုလိုပါသည်။

၄။ **အနုကမ္ပကမိတ်ဆွေ** မိမိ၏မိတ်ဆွေ ဆုတ်ယုတ်ပျက်စီးမည်ကို မနှစ်သက်ခြင်း၊ ပညာဥစ္စာ ဂုဏ်အရှိန်အဝါ တိုးတက်တာကိုသာ လိုလားနှစ်သက်ခြင်း၊ အပြစ်ဆိုသူကို တားမြစ်ပြီး ဂုဏ်ရှိန်ရှိမည့် မြှောက်စားမှုကိုသာ ပြုခြင်း စသည် ပြုလုပ်သော မိတ်ဆွေကောင်းကို ဆိုလိုသည်။

ဤမိတ်ဆွေစစ် မိတ်ဆွေမှန် လေးယောက်တို့ကို ယခုခေတ် ပုဂ္ဂိုလ်များ သတိပြု၍ ပေါင်းသင်းဆက်ဆံနိုင်ရန် ဖော်ပြခြင်းပင် ဖြစ်သည်၊ မြန်မာနိုင်ငံတော်တွင် ဤကဲ့သို့ စစ်မှန်သော အဆွေခင်ပွန်းမြတ်များ တိုးပွါးလာစေရန် ရည်သန် ရွေရှု စေတနာအရင်းခံပြု၍ ကမ္ဘာသူကမ္ဘာသားတို့အပေါ် ကရုဏာထား ရေးသားရခြင်းပင်ဖြစ်သည်။

ခေတ်သစ်လူထု သတိပြု၍ ကြည့်ရှုရှောင်ကြဉ်ကာ နေသွားရမည့် အဆွေခင်ပွန်းယုတ် လေးမျိုးတို့ကိုလည်း သိရှိထားဘို့လိုသည်ဟု စာရေးသူ ထင်မြင်မိ၏၊ သို့ဖြစ်၍ အမိတ္တ မိတ္တပတိရူပ မိတ်ဆွေယုတ် လေးမျိုးတို့ကိုလည်း ဖော်ပြလိုက်ရပြန်ပါသည်။

## အဆွေခင်ပွန်းယုတ် လေးမျိုး

၁။ **အညဒတ္ထုဟာရ-မိတ်ဆွေခင်ပွန်းယုတ်** ဤမိတ်ဆွေမျိုးတို့သည် ယနေ့မျက်မှောက်ခေတ်၌ အလွန်ပေါများလာသည်ကို ယနေ့ခေတ်လူထု တွေ့မြင်ကြားသိနေကြပြီးဖြစ်၍ စာရေးသူ ထပ်ဆင့်ဖော်ပြဘို့ မလိုတော့ပေ၊ မိမိပစ္စည်း ဥစ္စာ ရတနာလက်ဆောင်ရတနာများကို အနည်းငယ်သာပေး၍ များများပြန်ယူတတ်သော အလေ့ဆိုးရှိသူ့, တဦးရဲ့ပစ္စည်းကို သွယ်ဝိုက်

တဲ့နည်းပရိယာယ်အမျိုးမျိုးဖြင့် သွေးဆောင်ပြီးယူတတ်သော အလေ့ဆိုးရှိသူ၊ မိတ်ဆွေအား ဘေးရန်အကြောင်း ရှိလာရင် အသက်နဲ့ လဲပြီး ကာကွယ်ပါမယ်လို့ပြောဆိုပြီး ဘေးရန်ပေါ် ပေါက်ပြီးလာသောအခါ အကူအညီမပေးဘဲ ရှောင်လွှဲ တိမ်း ကွယ်ပြီးနေသော အလေ့ဆိုးရှိသူ၊ မိမိအတွက် အခက်တွေ့၍ အကူအညီတောင်းသောအခါလည်း ကပ်ပြီး နှုတ်ချိုခဲ့ပြစ် မျက်နှာညစ် မျက်နှာငယ်ကလေးနှင့် မျောက်နဲ့ စေးပမာ ကပ်ငြိတတ်သော အလေ့ဆိုးရှိသူမျိုးကို မိတ်ဆွေတု မိတ်ဆွေ ယုတ် ခင်ပွန်းယုတ် လူစားမျိုးလို့ ခေါ်ဆိုရပေမည်။ ဤလူစား မျိုးတို့ကို ရှောင်ကြဉ်ရမည် သတိမလစ်စေနှင့်။

၂။ **ဝစီပရမ-ခင်ပွန်းယုတ်** ဤမိတ်ဆွေတု မိတ်ဆွေယုတ် သည်လည်း အလွန်တရာ စကားဆုပ် ရှုံ့ မှန်းစရာ ထိမ့်မှုစရာ ကြောက်လန့်စရာ ကောင်းလှတော့၏၊ ဤလူစားမျိုးကတော့ မိမိကို မြှောက်ပင့်ပြီး ပေါင်းမှာဘဲ၊ မိမိ၏လွန်ခဲ့ပြီးသော ဂုဏ် ကျေးဇူးတို့ကို ချီးကျူးပြောဆိုလား ပြောဆိုရဲ့၊ မြှောက်ထိုး ပင့်ကော် လုပ်လား လုပ်ရဲ့၊ အကျိုးမဲ့ ပျက်စီးရမည့်နေရာဌာန ခရီး အလုပ်အကိုင် စသည်ကို ညွှန်ပြလား ပြရဲ့၊ ဤသို့ ပြုလုပ်တတ်တဲ့ နှုတ်ပရိယာယ်များသူ လူစားမျိုးကို ခင်ပွန်းတု မိတ်ဆွေယုတ်ဟု ခေါ်ဆိုပါသည်။ အလွန်စက်ဆုပ်စရာကောင်း သော လူစားမျိုးတည်း။

၃။ **အနုပိယဘာဏီ- ခင်ပွန်း ယုတ်** ဤ မိတ် ဆွေ ယုတ် မိတ်ဆွေဖျင်းကိုတော့ လုံးဝ ပေါင်းသင်းဆက်ဆံခြင်းကို မပြု လုပ်သင့်ပေ၊ ဤလူစားမျိုးကတော့ မကောင်းတဲ့ကိစ္စမှန်သမျှ ကို ခွင့်ပြုမယ်၊ မကောင်းတဲ့လမ်းကို သွားစေမယ်၊ သုရာအရက်

သောက်လိုရင် ခွင့်ပြုမယ်၊ ဆိုးမှု ခိုးမှု လုယက်မှု တိုက်ခိုက်မှု သူ့အသက် သတ်ဖြတ်မှု စသည်ကို ခွင့်ပြုမယ် လုပ်စေမယ်၊ ကြူးလွန်စေမယ်၊ ကောင်းမှုဖြစ်တဲ့ ဘုရားရှိခိုးခြင်း တရားနာခြင်း ပညာသင်ကြားခြင်း မိဘဆရာဝတ်ပြုခြင်း သန့်ရှင်းရေး ကျန်းမာရေး ပြုလုပ်ခြင်း စသည်တို့ကို တားမြစ်မယ်၊ မိမိရှေ့တွင်တော့ မိမိကို ချီးမြှောက်ပြီး ပြောမယ်၊ မိမိနောက်ကွယ်သို့ ရောက်သောအခါ အပြစ်ပြောမယ်၊ ဤကဲ့သို့ ပြုမှုတတ်တဲ့ မိတ်ဆွေကို မိတ်ဆွေယုတ်လို့ ခေါ်ဆိုပေသည်။ ဤလိုလူစားမျိုးကို အထူးရှောင်ကြဉ်ရပေမည်။

၄။ **အပါယသဟာယ-ခင်ပွန်းယုတ်** ဤ မိတ်ဆွေမျိုးကတော့ သုရာအရက်သောက်အောင် သွေးဆောင်ပြီး သောက်စေခြင်း၊ သုရာအရက်သောက်တတ်သောသူနှင့် ပေါင်းဖော်စေခြင်း၊ အရက်သောက် အသင်းဖွဲ့ခြင်း၊ ကစားခြင်း၊ ညဥ့်အခါ အချိန်မဲ့၌ အလည်ခေါ်ငင်ပြီး ပျက်စီးအောင် ဖျက်စီးခြင်း၊ ပွဲလမ်းသဘင် ပြဇာတ် ရုပ်ရှင် စသည် ကြည့်ရှုခြင်း၊ အလောင်းအစားပြုခြင်း၊ ဖဲရိုက် ကက်ဆွဲ သုံးကောင်ဂျင်လှည့်ခြင်း စသည်နှင့် အဖော်လုပ် ခေါ်ငင်ခြင်းစသည် ပြုတတ်တဲ့ မိတ်ဆွေယုတ် ခင်ပွန်းယုတ်မျိုးကို ခေါ်ဆိုပါသည်။ ဤလူစားမျိုးကို အထူးသဖြင့် လွတ်အောင် ရှောင်ကြဉ်ကြပါ။

ဖော်ပြပြီးသော အဆွေခင်ပွန်းယုတ် လေးမျိုးတို့ကို ယခုခေတ် မိဘများနှင့် ကျောင်းသား ကျောင်းသူ ပညာတော်သင်များသည် ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်ကြည့်သော် သိနိုင်ပေသည်။

## အရဟံ ဂုဏ်တော်

ဗုဒ္ဓဂုဏ်တော် (၉)ပါးတို့တွင် (အရဟံ) ဂုဏ်တော်တပါးကိုဘဲ အမြွက်မျှ ထုတ်နုတ်၍ ပြကြပါဦးစို့။

အရဟံ–လူမင်း နတ်မင်းဗြဟ္မာမင်းတို့ ဝပ်ဆင်းကော်ရော် ပူဇော်အထူးကို ခံယူသိမ်းပိုက် ထိုက်တော်မူသော မြတ်စွာဘုရားသည် လူ့ပြည်တွင် အလွန်အထင်ရှားဆုံးစကြာမင်းကြီးများ၏ ရှိခိုးခြင်း ပူဇော်ခြင်း မြတ်နိုးခြင်းတို့ကိုလဲ ခံယူထိုက်၏၊ နတ်ပြည်တွင် အထင်အရှားဆုံး သိကြားမင်းများ၏ ရှိခိုးခြင်း ပူဇော်ခြင်း မြတ်နိုးခြင်းတို့ကိုလဲ ခံယူထိုက်၏၊ ဗြဟ္မာ့ပြည်တွင် အထင်ရှားဆုံး အကျော်စောဆုံး တန်းခိုးအကြီးဆုံး ဗြဟ္မာမင်းကြီးများ၏ ညွတ်ပျောင်းကြည်နူး ရှိခိုးကော်ရော် ပူဇော်အထူးကိုလဲ ခံယူထိုက်၏။

**ကက္က ရ နတ် ပန်း ပ မာ။** ။ကက္က ရ နတ် ပန်း သည် အဆင်း အရောင် ငါးမျိုးတို့ ထွက်လျက်ရှုသူ မြင်သူ ကြည်ဖြူနှစ်သက်, အလုံးစုံကုန်သော လူနတ်ဗြဟ္မာတို့၏နှလုံးကို ယူကျုံးနှစ်သက် စေနိုင်သကဲ့သို့ ဘုရားရှင်၏ ပကတိသောအဆင်းတော်, မြတ်သောအဆင်းတော်, ကြံစည်အံ့သြ ပြောဟော၍ မကုန်နိုင်သော အဆင်းတော်တို့သည် ဖူးမြင်ရသောပုဂ္ဂိုလ်တို့အား ယူကျုံးနှစ်သက်စေလေသည်။

နတ်ပန်း၏ ရန့်ငါးပါးသည် ရှုရသူ နတ်လူအပေါင်းတို့၏ ရုပ်သက်နာမ်သက်ကို နှစ်သက်ရွှင်လန်း အေးချမ်းစေသကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ ကိုယ်အဆင်းနံ့သည်လည်း ရှုရသူ နတ်လူဗြဟ္မာတို့၏ ရုပ်နာမ်နှစ်ရပ်တို့ကို မပြတ်တိုးပွါးစေနိုင်ပေသည်။

ရန်အဆင်း ပျံ့သင်းသော စကားဝါပန်း ကံ့ကော်ပန်းတို့သည် ရန့်အဆင်းတို့ကို နမ်းရှူသူတို့အတွက် နှစ်သက်ခြင်းကို ဖြစ်စေသကဲ့သို့ ဘုရားရှင်ကိုယ်တော်၏ ရန့်အဆင်းတော်သည် ရှူရသူ ဖူးမြော်ရသူတို့အတွက် နှစ်သက်မြတ်နိုး အကြည်ညိုတိုး၍ မဝနိုင် မအီနိုင် မငြီးငွေ့နိုင်ခြင်းကို ဖြစ်စေသည်။

## မေတ္တာစေတ် အဆင့်ဆင့် ထက်မြက်ပုံ

ဘုရားရှင်၏ ဂုဏ်တော်အနန္တတို့ကို ရေးသားဖွဲ့နွဲ့စီကုံး၍ မကုန်ဆုံးနိုင်ပေရာ၊ ဗုဒ္ဓ၏ မေတ္တာတော် စေတ်မြတ်သည် မည်မျှ မြင့်မြတ်မည်၊ မည်မျှ တန်းခိုးထက်မြက်မည်၊ မည်မျှ လေးနက်လှမည်တို့ကို နှိုင်းယှဉ်၍ အမြွက်မျှဖော်ပြပေအံ့။

၁။ လူသာမန်တို့၏ မေတ္တာထက် သီလရှိသူ လူသူတော်တို့၏ မေတ္တာသည် ပို၍ ထက်မြက်လှသည်။

၂။ သီလရှိသူ လူသူတော်တို့၏ မေတ္တာထက် ပုထုဇဉ် ရဟန်း သံဃာတော်တို့၏ မေတ္တာသည် ပိုလွန်၍ ထက်မြက်လှသည်။

၃။ ပုထုဇဉ် ရဟန်း သံဃာတော်တို့၏ မေတ္တာထက် သောတာပန် ရဟန်းသံဃာတော်တို့၏ မေတ္တာသည် ပို၍ ထက်မြက်လှသည်။

၄။ သောတာပန် ရဟန်း သံဃာတော်တို့၏ မေတ္တာထက် သကဒါဂါမ် ရဟန်း အနာဂါမ် ရဟန်းတော်တို့၏ မေတ္တာသည် ပိုလွန်၍ ထက်မြက်လှသည်။

၅။ သေက္ခ ရဟန်းတော်တို့၏ မေတ္တာထက် ပကတိ သာဝက ရဟန္တာအရှင်မြတ်တို့၏ မေတ္တာတော်သည် ပိုလွန်၍ ထက်မြက်လှသည်။

၆။ ပကတိသာဝက ရဟန္တာအရှင်မြတ်တို့၏ မေတ္တာ တော်ထက် အဂ္ဂသာဝက မဟာသာဝက ဧတဒဂ်ရ ရှိတော်မူကြကုန်သော အရှင်ဥပါလိ(ဝိနယဧတဒဂ္ဂ)၊ အရှင်မဟာကဿပ(ဓုတင်ဧတဒဂ္ဂ)၊ အရှင်သာရိပုတ္တ- ရာ (ပညာဧတဒဂ္ဂ)၊ အရှင်အာနန္ဒာ (ဗဟုဿုတ ဧတဒဂ္ဂ) အစရှိကုန်သော ရဟန္တာအရှင်မြတ်ကြီး တို့၏ မေတ္တာတော်သည် ပိုလွန်၍ ထက်မြက်တော် မူလှပါသည်။

၇။ သံဗုဒ္ဓဟု ဆိုအပ်သော ရဟန္တာ အရှင်မြတ်တို့၏ မေတ္တာတော်ထက် ပစ္စေကဗုဒ္ဓခေါ် သမ္မာဗုဒ္ဓတို့၏ မေတ္တာတော်သည် ပိုလွန်၍ ထက်မြက်တော်မူလှ ပါသည်။

၈။ သမ္မာဗုဒ္ဓခေါ် ပစ္စေကဗုဒ္ဓါတို့၏ မေတ္တာတော်ထက် သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူကြကုန်သော ဝိပဿီ သိခီ ဝေဿဘူ ကကုသန် ကောဏာဂုမ် ကဿပ ဂေါတမ ဘုရား အစုမရှိသော အရှင်မြတ်ကြီးများ၏ မေတ္တာ တော်မြတ်များက ပိုလွန်၍, အလွန့်အလွန် ပိုလွန်၍, အလွန့်အလွန် ထူးမြတ်၍ ထက်မြက်တော်မူလှပါပေ သည်။

## စက်လေးပါး

ရနိုင်ရန် ခက်သော ရနိုင်ဘို့ရန် ခဲရင်းလှသော ဤလူ့ဘဝကို သမ္ပတ္တိစက်နှင့်ကကွ ရရှိအောင် အတိတ်ဘဝများက ဆုတောင်းခဲ့ရ၏၊ ကုသိုလ်ပြုခဲ့ရ၏။ ယင်း သမ္ပတ္တိစက်မှာ—

၁။ ပုဗ္ဗေ စ ကတပုညတာ သမ္ပတ္တိစက်၊

၂။ ပတိရူပ ဒေသဝါသ သမ္ပတ္တိစက်၊

၃။ သပ္ပုရိသူပနိဿယ သမ္ပတ္တိစက်၊

၄။ အတ္တသမ္မာပဏိဓိ သမ္ပတ္တိစက် ဟူ၍ ဖြစ်သည်။ ဤစက်လေးပါးတို့နှင့် ပြည့်စုံအောင် ဆုတောင်းခဲ့ရ၏။

ထက်မြက်သောဉာဏ် လျင်မြန်သောဉာဏ် နက်နဲသောဉာဏ် သိမ်မွေ့သောဉာဏ် အတိတ်ဘဝပေါင်း များစွာက မိမိဖြစ်ခဲ့ရပုံ ဘဝမျိုးစုံတို့ကို တွေးတောတိုင်း သိမြင်ပေါ်ပေါက်လာနိုင်သောဉာဏ် (အကြားအမြင် သိဒ္ဓိပေါက်သောဉာဏ်ကို ဆိုရမှာပေါ့)စသော ဉာဏ်တို့ကိုလည်း ဆုတောင်းခဲ့ရ၏။ ဤကဲ့သို့ ရတောင့် ရခဲလှသော လူ့ဘဝကို ရရှိပြီးနောက် ယောကျ်ားထူး ယောကျ်ားမြတ် မိန်းမထူး မိန်းမမြတ်ဘဝကို သူတော်ကောင်း မိဘနှစ်ပါး၏ ရင်နှစ်သည်းခြာ သားသမီး ရတနာ ဖြစ်ရအောင်လည်း ဆုတောင်းခဲ့ရ၏။

ဤတောင့်တသောအတိုင်း လူဘဝကိုရရှိပြီးနောက် 'အနာရောဂါ ကင်းခြင်းသည် အမြတ်ဆုံး လာဘ်ကြီးဖြစ်သည်' ဟု ဘုရားဟောအတိုင်း ကိုယ်တွင်း ကိုယ်ပ ရောဂါ ဘေးဘယ ဥပဒ္ဒဝ အမျိုးမျိုး ကင်းဝေးစင်ကြယ်ဘို့ကား အထူးအားဖြင့်

အရေး အကြီးဆုံးပင် ဖြစ်တော့သည်။ ဤ အရေးအကြီးဆုံး ရောဂါကင်းရှင်းစေရန် အမြဲကုစားလိုသူတို့အတွက် အထက် မြက်ဆုံး ဗုဒ္ဓဂုဏ်ဖြင့် ကုထုံးတော်မြတ်ကြီးကို ဖော်ပြအပ်ပါ သည်။ ဩသဓဆေးတည်းဟူသော ဗုဒ္ဓမေတ္တာတော်ဖြင့် မိမိ၏ ခန္ဓာအိမ်ကို အမြဲ ခံယူကြသူ လူရှင် ရဟန်းအပေါင်းတို့မှာ တနေ့တခြား ကိုယ်ကျန်းမာ စိတ်ချမ်းသာရရှိဘို့မှာ မလွဲနိုင်ပါ၊ ယုံကြည်အားကိုးမှု ရှိလေလေ ကိုယ်ကျန်းမာ စိတ်ချမ်းသာ ရှိလေလေပင်ဟူ၍ မှတ်ယူစွဲမြဲ အားခဲ၍ ရွတ်ကြပါကုန်။

## ဗုဒ္ဓမေတ္တောသဓ = ဘုရားရှင်၏ မေတ္တာတော်ဆေးကြီး အမြဲ ရွတ်၍ နေ့ညဥ့်မပြတ် ခံယူပါ

၁။ ဝိပဿိသမ္မာသမ္ဗုဒ္ဓဿ သုသိဝါဟံ မေတ္တောသဓံ နိစ္စံ ဂဏှာမိ ဘန္တေ။

**ဝိပဿီဘုရားရှင်၏ မေတ္တာခံယူပုံ။** ။သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြား ထင်ထင် သိမြင်တော်မူပြီးသော, ငါးပါးသော စက္ခုနှင့် ပြည့်စုံတော်မူသော, လက္ခဏာတော်ကြီးငယ် ရောင်ခြည်သွယ်ဟု ဆိုအပ်ကုန်သော အသရေတော် အပေါင်းနှင့် ပြည့်စုံတော်မူသော ဝိပဿီ မြတ်စွာဘုရား၏ ညစ်ကြေးမတင် သန့်ရှင်း ကြည်လင် ဖွူစင် အေးမြတော်မူလှသော မေတ္တာတော် တည်းဟူသော ဆေးရည်ကို ဘုရား တပည့်တော်သည် နေ့ ညဥ့်မစဲ အမြဲ ခံယူပါ၏ အရှင်ဘုရား။

ဤသို့ ခံယူပြီးနောက် အောက်၌ပြဆိုလတ္တံ့သော ပရိတ် သုတ်တော်ကို ရွတ်ဆို၍ သစ္စာပြု ဆုတောင်းကြပါ။

ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

**သစ္စာပြု ဆုတောင်း။** ။ဤ လူ့ပြည်၌ရှင်း, နဂါး ဂဠုန် ကုမ္ဘဏ်ယက္ခ ဂန္ဓဗ္ဗ ပြည်၌ရှင်း, နတ်ပြည် ဗြဟ္မာပြည်တို့၌ရှင်း အလုံးစုံသော လူတို့၏ စိတ်နှလုံးကို ယူကျုံး နှစ်သိမ့်စေနိုင်သော မွန်မြတ်သော သက်ရှိ သက်မဲ့ ရတနာတို့သည် ထင်ရှားပကတိ ရှိကြပါကုန်၏၊ ယင်းရတနာ တို့တွင် မြတ်စွာဘုရားနှင့်တူသော ရတနာသည် မရှိသည်သာ လျှင်တည်း၊ ဤမြတ်စွာဘုရားတည်းဟူသော ရတနာသည် လောကီ သက်ရှိ သက်မဲ့ ရတနာတို့ထက် မြတ်သော အမြတ်ဆုံး ရတနာအစစ် ဖြစ်တော်မူ၏။ ဤသို့မှန်သော သစ္စာစကား ကြောင့် အကျွန်ုပ်အား ဘေးရန်ကင်းကွာ ကောင်းကျိုး ချမ်းသာ မင်္ဂလာသည် လျှင်စွာမသွေ ဖြစ်ပါစေသတည်း။

၂။ သိခိသမ္မာသမ္ဗုဒ္ဓဿ သုသိဝါပံ မေတ္တာသမံ နိစ္စံ ဂဏှာမိ ဘန္တေ။

**သိခီဘုရားရှင်၏ မေတ္တာခံယူပုံ။** ။သစ္စာလေးပါး မြတ်တရား တို့ကို ပိုင်းခြား ထင်ထင် သိမြင်တော်မူပြီးသော, ခပ်သိမ်းသော သတ္တဝါတို့ကို အစဉ် သနားခြင်း မဟာကရုဏာနှင့် ပြည့်စုံတော်မူသော သိခီအမည် တော်ရှိသော မြတ်စွာဘုရား၏ ညစ်ကြေးမတင် သန့်ရှင်း

ကြည်လင် ဖြူစင်အေးမြတော်မူလှသော မေတ္တာတော် တည်းဟူသော ဆေးကို ဘုရားပြည့်တော်သည် နေ့ညဉ့်မစဲ အမြဲ ခံယူပါ၏ အရှင်ဘုရား။

ဤသို့ ခံယူပြီးနောက် အောက်၌ ပြဆိုလတ္တံ့သော ပရိတ် သုတ်တော်ကို ရွတ်ဆို၍ သစ္စာပြု ဆုတောင်းကြပါ။

ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

**သစ္စာပြု ဆုတောင်း။** ။နွေလေးလအတွင်း အစဦး ဆောင်း နှောင်း နွေအကူး တပေါင်း တန်ခူး လများ၌ ကံ့ကော် သရဖီ စသော ပန်းမျိုးစုံတို့ဖြင့် ဖူးပွင့် ဝေဆာ တောမြိုင်ဝနာသည် ဖြာဖြာထူးထူး ကျက်သရေကွန့် မြူးသကဲ့သို့ ထိုအတူ လောကုတ္တရာစီးပွါးအလို့ငှါ နိဗ္ဗာန်သို့ ရောက်ကြောင်း တရားကောင်း တရားမြတ်ကို မြတ်စွာဘုရား သည် လွန်စွာဆန်းကြယ် နည်းမျိုးစုံခြယ်စီထားလျက် ဟော ကြားတော်မူလေပြီ၊ ဤဒေသနာတော်ရှင် ဘုရားသခင် တည်းဟူသော ရတနာသည်လည်း လောကီ သက်ရှိ သက်မဲ့ ရတနာတို့ထက် မြတ်သော အမြတ်ဆုံးရတနာအစစ် ဖြစ်တော် မူ၏၊ ဤကဲ့သို့ မှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်

အား သက်ရှိ သက်မဲ့ ကောင်းကျိုးချမ်းသာ ရတနာသည် လျှင်စွာမသေ့ ဖြစ်ပါစေသတည်း။

၃။ ဝေဿဘုသမ္မာသမ္ဗုဒ္ဓဿ သုသိဝါဟံ မေတ္တာသမံ နိစ္စံ ဂဏှာမိ ဘန္တေ။

**ဝေဿဘူဘုရားရှင်၏ မေတ္တာခံယူပုံ။** ။သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြား ထင်ထင် သိမြင်တော်မူပြီးသော, အရိယာမဂ်လေးပါးတို့ဖြင့် ဆေးလျှော်အပ်ပြီးသော အညစ်အကြေး မကောင်းမှုဒုစရိုက်ရှိတော်မူသော, ကိလေသာတို့ကို ညှဉ်းဆဲဖျက်ဆီးတော်မူတတ်သော ဝေဿဘူ အမည်တော်ရှိသော မြတ်စွာဘုရား၏ ညစ်ကြေးမတင် သန့်ရှင်းကြည်လင် ဖြူစင်အေးမြတော်မူလှသော မေတ္တာတော်တည်းဟူသော ဆေးကို ဘုရားတပည့်တော်သည် နေ့ညဥ့်မစဲ အမြဲခံယူပါ၏ အရှင်ဘုရား။

ဤသို့ ခံယူပြီးနောက် အောက်၌ပြဆိုလတ္တံ့သော ပရိတ်သုတ်တော်ကို ရွတ်ဆို၍ သစ္စာပြု ဆုတောင်းကြပါ။

ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

**သစ္စာပြု ဆုတောင်း။** ။ဘုန်းတော် ပြည့်လျှံ ယှဉ်ပြိုင်ဘက်ကင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်သဖြင့် မြတ်တော်မူ၏၊ မြတ်သော နိဗ္ဗာန်ကိုလည်း ကောန်သိတော်မူ၏၊ ထိုနိဗ္ဗာန်

အမြင့်မှန် အကျင့်ကောင်းကိုလည်း ပေးသနားတော်မူ၏။ မြင့်မြတ်ပွါးတိုး အကျိုးစီးပွါး မင်္ဂလာများကိုလည်း ဆောင်ရွက်တော်မူ၏။ လူနတ်အစစ် နှစ်သက်ထပ်ပွါး မြတ်တရားကိုလည်း ဟောကြားတော်မူ၏၊ ဤ မြတ်စွာဘုရား တည်းဟူသော ရတနာသည်လည်း လောကီရတနာတို့ထက် မြတ်သော အမြတ်ဆုံး ရတနာအစစ် ဖြစ်တော်မူ၏၊ ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား လောကီ သက်ရှိ သက်မဲ့ ကောင်းကျိုးချမ်းသာ ရတနာသည် လျင်စွာမသွေ ဖြစ်ပေါ်လာပါစေသတည်း။

ဤ သစ္စာပြု ဆုတောင်းရာ၌ 'လောကီ သက်ရှိ သက်မဲ့ ကောင်းကျိုးချမ်းသာ ရတနာသည်'ဟု ဆိုခဲ့ရာ ထိုရတနာတို့မှာ အဘယ်ရတနာတို့ပါနည်းဟု မေးစရာရှိ၍ ထိုရတနာတို့ကို ဖော်ထုတ်၍ ပြပါအံ့။ ထိုရတနာကား ဤဂါထာ၌ ပါသည့် အတိုင်းပေတည်း။

စက္ကာဒိသတ္တရတနံ၊ မုတ္တာဒိရတနံ သုဘံ။
ဝတ္ထုပ္ပဘူတိရတနံ၊ ဆန္ဒက္ခဏေ လဘာမဟံ။

ဤဆုတောင်းဂါထာ၌ ပါရှိသော စကြာစသော ရတနာမြတ် (၇) ပါး, ပုလဲစသော ဥစ္စာမြတ်ရတနာ (၇) ပါး, အဝတ်ပုဆိုး ပိုးဖဲကမ္ဗလာစသော ရတနာတို့သည် လောကီ သက်ရှိ သက်မဲ့ ရတနာတို့ပင် ဖြစ်သည်၊ ဤရတနာတို့ကို သစ္စာပြု ဆုတောင်းပါက အရလွယ်လိမ့်မည်ပင်။ ရွှေငွေစသော ဥစ္စာရတနာမြတ်တို့ကို ယခုခေတ် နောက်ပိုင်းတွင် လူဖြစ်ကြကုန်သော ကမ္ဘာသူ ကမ္ဘာသားတို့သည် များစွာ အလိုဆန္ဒ ပြင်းပြလျက် ရှိကြသည်မှာ ထင်ရှားလှပေသည်၊

ဒါပေမဲ့ ထိုဥစ္စာမြတ်ရတနာတို့ဟာ ရတနာမြတ်ဖြစ်တဲ့ စကြာရတနာ ဆင်မြင်းပတ္တမြားစသော ရတနာတို့လောက် တန်ဘိုးမရှိလှပေ။

## သီလထိန်းပြီး သစ္စာပြု

ရှင်း၍ပြဦးအံ့၊ ရတနာမြတ်စာရင်းပါ ပြည်တန်ပတ္တမြားစသော ရတနာသည် ဥစ္စာမြတ်ရတနာ (၇)ပါးစလုံး၏ တန်ဘိုးထက် မယှဉ်သာအောင် တန်ဘိုးကြီးလှ၏၊ ထိုပြည်တန်ရတနာတလုံးတန်ဘိုးကို မှီရန် မလွယ်ကူပါ၊ ယခုခေတ်မှာ ပြည်တန် ပတ္တမြားရတနာမျိုးကို ရရှိရန် မလွယ်ကူပါ၊ နေ့စဉ်အမြဲသုံးစွဲနေကြတဲ့ ရွှေငွေကိုသော်လဲ လူတန်းစေ့ သုံးစွဲနိုင်ရေးအတွက် ရှာဖွေရတာ မလွယ်ကူလှပေ။

ဤကဲ့သို့ အရမလွယ်ခြင်း အရှာအဖွေ မလွယ်ခြင်း ခက်ခဲခြင်း အစစ အရာရာ အစား အစာ အသုံး အဆောင်စသည် ရှားပါးရခြင်း၏ အကြောင်းတို့ကို ဆင်ခြင်တွေးဆကြည့်သောအခါ ကိုယ်ကျင့်သီလမရှိမှု သစ္စာမရှိမှုစသော အကြောင်းများကြောင့်ပင် ဖြစ်၏၊ ရှေးထုံးအစဉ်အလာကို ပြန်၍ကြည့်ပါက ရှေးရှေးက လူများနှင့် ယခုလူများ စာရိတ္တ မတူခြင်းကြောင့်ပင် ဖြစ်၏။

မေတ္တာတရား လျော့ခြင်း၊ ကရုဏာ ခေါင်းပါးခြင်း၊ မုဒိတာမဖြစ်ပါဘဲ အဘိဇ္ဈာ လွန်ကဲလာကြခြင်းစသည်တို့ဖြင့် အကုသိုလ်စိတ်ဓာတ် များပြားလာကြခြင်းကြောင့်ပင် ဖြစ်၏၊ လိုရင်းကို ချုပ်ပြီး ပြောရလျှင် ကိုယ်တွင်းသီလ ဖြူစင်အောင် စောင့်ထိန်းပြီး ကုသိုလ်ယှဉ်ကာ သစ္စာပြုကြဘို့ပင် ဖြစ်၏။

## သုပ္ပါရကသည် သီလဖြင့် သစ္စာပြုပုံ

သမုဒ္ဒရာကြီးငါးပါးတို့တွင် အန္တရာယ်အကြီးမားဆုံး ဗလဝါမုခသမုဒ္ဒရာအတွင်း၌ သင်္ဘောသားခုနစ်ရာတို့ သေရမည့်ဘေးကြီးကို တွေ့ရှိရသောအခါ ဘုရားအလောင်းတော် သုပ္ပါရကသူခမိန်ကြီးမှတပါး တခြား ကိုးကွယ်ရာ အားထားစရာမရှိကြသဖြင့် ဘုရားအလောင်းတော်၏ ခြေရင်း၌ ဝပ်ဆင်းကာ ကယ်တော်မူပါဟု တောင်းပန်ကြသည့်အခါ–

၁။ သုပ္ပါရကသည် "အို သမုဒ္ဒရာပင်လယ်စောင့် နတ်အပေါင်းတို့ အကျွန်ုပ်သည် သူတပါးအသက်ကို မသတ်ကောင်းဟု သိသောအခါမှစ၍ သိကြား လိမ္မာသည်၏အဖြစ်သို့ ရောက်သည့်အထိ ဤမျှသော ကာလအတွင်း၌ စေတနာဖြင့် စေ့ဆော်၍ ပိုး ရွ ခြ ပုန်း အစရှိသော တခုခုသော သတ္တဝါကိုမျှလည်း ညှဉ်းဆဲခြင်းကို မပြုစဘူးပါ၊ ဤသို့ သဘောရှိသော မှန်သော သစ္စာစကားကြောင့် သင်္ဘောသည် ကုရုကစ္ဆဆိပ်ကမ်းရှိရာလာလမ်းသို့ ချောမောစွာ ပြန်ရောက်ပါစေသတည်း" ဟု ပါဏာတိပါတသိက္ခာပုဒ်ဖြင့် သစ္စာပြုသည်နှင့် တပြိုင်နက် သင်္ဘောသည် ကုရုတိုင်း ကုရုကစ္ဆဆိပ်ကမ်းသို့ ပြန်ရောက်လေသည်၊ ဤသို့ သူ့အသက် မသတ်ဘူးကြောင်း, စိတ်ဖြင့်သော်လည်း မပြစ်မှားဘူးကြောင်းဖြင့် သစ္စာပြုခြင်းသည် အမြွက်မျှသာတည်း။

၂။ ပါဏာတိပါတ သိက္ခာပုဒ်သီလဖြင့် သစ္စာပြုသကဲ့သို့ မြက်ဝါးခြမ်းစိတ်ကိုအစပြု၍ သူ့ပစ္စည်းဥစ္စာကို မယူစဘူးဟူ၍ အဒိန္နာဒါန သိက္ခာပုဒ်ဖြင့် သစ္စာပြုနိုင်လေသည်။

၃။ တဏှာရာဂ လောဘစိတ်ဖြင့် သူတပါး မယားကို မကြည့်စဘူးဟူ၍ ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ် သီလဖြင့် သစ္စာပြုနိုင်လေသည်။

၄။ မဟုတ် မမှန်သော စကားကို မပြောဆိုစဘူး ဟူ၍ မုသာဝါဒသိက္ခာပုဒ် သီလဖြင့်လည်း သစ္စာပြုနိုင်လေသည်။

၅။ သတိကို မေ့လျော့စေတတ်သော သေရည်သေရက်ကို မြက်ဖျားမျှလောက်ယူကာ မသောက်စဘူးဟူ၍ သုရာမေရယ သိက္ခာပုဒ်သီလဖြင့် သစ္စာပြုနိုင်လေသည်။

## ဒါနဖြင့် သစ္စာပြုခြင်းကြောင့် မျက်စိနှစ်လုံး ပြန်ရရှိသော သိဝိမင်းထုံး[၁]

အခါကား သိဝိတိုင်း အရိဋ္ဌပုရပြည်ကို အစိုးရသောအခါ တည်း၊ သိဝိမင်းကြီးသည် အလှူဒါနကို အလှူမဏ္ဍပ်ခြောက်ခု ဆောက်လုပ်ပြီး လှူဒါန်းလျက်ရှိနေလေသည်၊ တနေ့တွင် ငွေတော်ခြောက်သိန်းအကုန်ခံပြီး လှူဒါန်းနေလေသည်၊ နေ့စဉ် နေ့စဉ် လှူဒါန်းနေရတဲ့ အပြင်အပအလှူ လှူဒါန်းရရုံဖြင့် အာရုံမပြေသဖြင့် မိမိကိုယ်တွင်ရှိသော မျက်စိ နား နှာ ခြေ လက် စသည်တို့ကို လှူဒါန်းလိုတဲ့ စေတနာပေါ်ပေါက်လာ သည်ကို တာဝတိံသာဘုံဖျားက သိကြားမင်းသိရှိသဖြင့် သိဝိ မင်းကြီး အလှူမဏ္ဍပ်သို့ ထွက်လာဆဲတွင် သိကြားမင်းသည် ပုဏ္ဏားအိုအသွင် ပုံဟန်ဆောင်ကာ မင်းကြီးရှေ့မှောက်၌ ရပ်၍ အလှူခံသည်မှာ—

---

၁။ ဇာတ်အဋ္ဌကထာ၊ စတုတ္ထတွဲ၊ သိဝိဇာတ်၊ နှာ-၄၀၂။

**သိကြား**။ ။အရှင်မင်းကြီး အရှင့်မှာ မျက်လုံးနှစ်လုံးရှိ၍။ တလုံးကို အကျွန်ုပ်အား စွန့်လှူပါ၊အကျွန်ုပ်မှာ မျက်စိနှစ်လုံးစလုံး ကွယ်နေသောကြောင့်ပါ။

**သိဝိမင်း**။ ။အင်း ကိုယ်တွင်းအလှူလှူချင်လို့ တောင့်တနေဆဲမှာ အခန့်သင့်လိုက်ပါဘိ၊ အသင်ပုဏ္ဏားနှစ်သက်ရာ မျက်လုံးကို ယူပါလေဟု ခွင့်ပြုရှာသတဲ့။

ကဲ အလှူခံပုဏ္ဏား နန်းတော်သို့လိုက်ခဲ့၊နန်းတော်သို့ရောက်သောအခါ သိဝိကအမည်ရှိသော ဆေးဆရာကို ခေါ်၍ ငါ့မျက်စိကို ထုတ်ဘိလော့၊ ဤသို့ မျက်စိကွယ်နေသောပုဏ္ဏားအား မိမိ၏မျက်စိကို ထုတ်၍ လှူဒါန်းမည်ဟု ပြောဆိုဆဲခဏ၌တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းတို့သည် ဟစ်အော်ငိုကြွေးကာ တောင်းပန်ကြသော်လည်း အရေးမထားဘဲ ဆေးသမားကို အထုတ်ခိုင်းလေ၏။

**သိဝိကဆေးဆရာ**။ ။အရှင်မင်းကြီး မျက်လုံးတော်ကို ဓားဖြင့် ဖောက်ခြင်းငှါ မသင့်လျော်ပါ၍ ဆေးဖြင့်သာ ထုတ်ယူပါမည် ထုတ်ခွင့်ပြုတော်မူပါ။

**မင်းကြီး**။ ။ထုတ်ခွင့်ပြု၏၊ ထုတ်စေ အမြန်ထုတ်စေ၊ သမားတော်သည် ကြာညိုရွက်ကို ဆေးသုတ်၍ မျက်လုံးအိမ်ကို မထိမနှံ့စေမိ——

သိဝိက။ ။အရှင်မင်းကြီး အကျွန်ုပ် နောက်ဆုံး တောင်းပန်ပါသည်၊ အရှင်မင်းကြီး၏ မျက်လုံးတော်ကို မလှူဘဲ တခြားအလှူကိုသာ လှူသင့်ပါသည်၊ သည်းခံတော်မူပါ မင်းကြီး။

သိဝိမင်း။ ။အချင်းသိဝိက ယခုထုတ်လော့၊ နောက်ထပ် မလျှောက်နှင့် အမြန်ထုတ်လိုက်ပါ။

သိဝိက။ ။အရှင်မင်းကြီး၏ မျက်လုံးတော်ကို ဓားနှင့် ခွဲ၍ ထုတ်ရန် မသင့်မြတ်ပါ၍ ကြာညိုရွက်၌ မျက်လုံး ထွက်စေသော ဆေးကို သုတ်လိမ်းပြီး မျက်လုံးအိမ်ကို ထိစေနှံ့စေလျက် ထုတ်ယူပါအံ့ဟု ဆေးစီရင်လိုက်သောအခါ မျက်လုံးမှာ ချာချာလည်ပြီး သွေးဖြာဖြာ ထွက်လျက် နာကျင်ကိုက်ခဲစေသည်၊ ထို့နောက် အရှင်မင်းကြီး နာကျင်တော်မူပါက နဂိုအတိုင်း ဖြစ်အောင် ဖြေလို့ရပါသည်၊ ဖြေပါရစေ မင်းမြတ်။

မင်းကြီး။ ။ဆက်လက် ထုတ်မြဲထုတ်၊ ရအောင်ယူ၍ ငါ၏ လက်ဝါးပေါ်တင်လော့။

သိဝိက။ ။ကောင်းလှပါပြီ မင်းကြီးဟုဆိုကာ အပြင်သို့ထွက်စေသော ဆေးကို ကြာညိုရွက်မှာသုတ်၍ မျက်လုံးအိမ်ကို ထိစေ နှံ့စေသော အခိုက်၌ မျက်ကြောများသည် ဖွဲ့ထုံးလျက် မျက်ကွင်းမှ အပြင်သို့ တမဟုတ်ခြင်း မျက်လုံးတော်ဝင်းထွက်၍ ကျလာ

တော့သည်၊ မင်းကြီး ပြန်ဖြေခွင့်ပြုပါက နဂိုနေ အတိုင်းထား၍ ပေးပါမည်ဘုရား။

**မင်းကြီး။** ။ဓားထုတ်၍ အမြန်ဖြတ်ပြီး လက်ဝါးပေါ်တင်လော့၊ အချိန်မကြာစေလင့်၊ သွေးများသည်လည်း ဖြိုင်ဖြိုင်စီး၍ ယိုထွက်ကြသည်မှာ မကြည့်ရဲစရာ ဖြစ်ရလေတော့သည်။

**သိဝိက။** ။အရှင်မင်းကြီး ဖြတ်ပါတော့မည်ဟုဆိုကာ မျက်ကြောများကို ဖြတ်ပြီး လက်ဝါးပေါ်သို့ တင်လိုက်လေသည်။

**မင်းကြီး။** ။အသင်အလှူခံပုဏ္ဏား အသင့်အား ငါ လှူ၏၊ ဤမံသစက္ခု မျက်လုံးကို သမန္တစက္ခုအတွက် ငါ ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်သည်။

ဣဒံ မေ ပုညံ သဗ္ဗညုတညာဏစက္ခုဿ ပစ္စယော ဟောတု။

ငါ၏မျက်စိထက် သဗ္ဗညုတညာဏ်တည်း ဟူသော မျက်စိကို ငါချစ်မြတ်နိုးသည်၊ ဤမျက်စိ အလှူ ကောင်းမှုသည် သဗ္ဗညုတညာဏစက္ခု ရရှိကြောင်း ဖြစ်စေသောဟု ဆို၍ ပုဏ္ဏား၏ လက်သို့ လှူဒါန်းလိုက်သောအခါ ပုဏ္ဏားသည် သူ၏မျက်ကွင်းသို့ ထည့်လိုက်၏၊ ပုဏ္ဏား မျက်စိ တဘက် ကောင်းသွားသည်ကို မင်းကြီး မြင်ရသောအခါ အံ့ဘွယ်သရဲ မဖြစ်စဘူး ထူးကဲမြတ်လှစွာသော နှစ်သက်ခြင်း ပီတိ, ဝမ်းမြောက်ခြင်း သောမနဿ ဖြစ်ပေါ်လျက် ကျန်ရှိသော ဘယ်ဘက် မျက်လုံးကိုပါ တဖန်ထုတ်စေပြီး လှူပြန်လေသည်။

## မရောင့်ရဲနိုင်ခြင်း ၃-ပါး

ကုသိုလ်စေတနာ သောမနဿ ဇောစိတ်သည် နာကျင်ကိုက်ခဲသဖြင့် ဆင်းရဲစွာ ခံစားနေရသော အကုသိုလ်ဒေါမနဿဇောစိတ်ကို ဖယ်ရှားကွယ်ပျောက် စေနိုင်ပေသည်၊ ထိုစကား မှန်ပေသည်၊ လောကနေသူ လူအပေါင်းတို့၌ မရောင့်ရဲနိုင်သော တရားသုံးပါးရှိလေသည်၊ သုံးပါးမှာ—

၁။ ကုသိုလ်ပြုရာ၌ မရောင့်ရဲနိုင်ခြင်း၊

၂။ အာဟာရ သုံးစားရာ၌ မရောင့်ရဲနိုင်ခြင်း၊

၃။ ကာမဂုဏ်ခံစားရာ၌ မရောင့်ရဲနိုင်ခြင်းဖြစ်သည်။

ဤသုံးမျိုးတို့တွင် ကုသိုလ်ပြုရာ၌ မရောင့်ရဲနိုင်သောဇောစေတနာသည် အလှန်အားကောင်းလာသောအခါ နာကျင်ကိုက်ခဲခြင်း အကုသိုလ်ဇောကို ငြိမ်းအေးစေလေသည်၊ ဗုဒ္ဓအလောင်းတော်တို့၏ ကုသိုလ်စေတနာဇောမျိုးတို့ကို ဆိုလိုပေသည်၊ဤမျက်စိနှစ်လုံးစလုံးကို လှူဒါန်းပြီးနောက် အမတ်များကို တိုင်းပြည်အုပ်ချုပ် မင်းလုပ်စေပြီးသော် ဥယျာဉ်တော်၌ ရသေ့ဝတ်၍ နေထိုင်ရာတွင် မကြည်မလင် မရှင်ပျလှတဲ့ စိတ်ဖြစ်ပေါ်လေလျှင် သိကြားမင်း ပဏ္ဍုကမ္ဗလာတင်းသဖြင့် ဗုဒ္ဓအလောင်းတော်မြတ်၏ ဆန္ဒတော်မြတ်ကို သိရှိသောအခါ လူ့ပြည်ဆင်းသက်၍ သိဝိမင်းကြီး၏ အနီးသို့ကပ်ကာ အသံပေးလေလျှင်—

**သိဝိမင်း။** ။အဘယ် သူနည်း။

**သိကြား။** ။အကျွန်ုပ် သိကြားမင်း ဖြစ်ပါတယ်။

**သိဝိမင်း။** ။ဘာ ကိစ္စလာသနည်း၊

**သိကြား။** ။အသင်မင်းကြီး၏ အလိုဆန္ဒဖြည့်ရန် လာခြင်းဖြစ်၏၊ အသင်မင်းမြတ် ဘာအလိုရှိပါသလဲ။

**သိဝိမင်း။** ။အကျွန်ုပ်သည် လူ့ဘဝ၌ ကြာကြာမနေလိုသည်ဖြစ်၍ ဤခန္ဓာအိမ်ကြီးကို စွန့်လွှတ်လို၏။

**သိကြား။** ။ဘယ်လိုအကြောင်းကြောင့် စွန့်လွှတ်လိုပါသလဲ။

**သိဝိမင်း။** ။မျက်စိအလင်း မရသဖြင့် အကျွန်ုပ် စွန့်လွှတ်လိုခြင်းပင် ဖြစ်၏။

**သိကြား။** ။အရှင်မင်းကြီး မျက်စိနှစ်လုံး ပြန်ကောင်းဘို့ကို အကျွန်ုပ် သိကြားမင်း မတတ်နိုင်ပါ၊ သို့သော် အလောင်းတော်မင်းမြတ် ကုသိုလ်သည် ပရိ-ပက္ကဝေဒနိယ ကုသိုလ်ကံမျိုး ဖြစ်ပါ၍ သစ္စာပြုတော်မူပါက မျက်လုံးတော်များ ပြန်၍ပေါ်လာပါလိမ့်မည်။

## သိဝိမင်း ပဌမအကြိမ် သစ္စာပြုခြင်း

'ငါ၏အလှူပေးရာဌာနသို့ သူတောင်းစား ယာစကာတို့သည် တောင်းခြင်းအလို့ငှါ လာကြကုန်၏၊ ထိုသူတောင်းစား ယာစကာတို့အား ငါသည် သနားခြင်းနှင့်ယှဉ်၍ ချစ်ခင်မြတ်နိုးခြင်း ဖြစ်သည်မှာ မှန်၏၊ ဤမှန်သော သစ္စာစကားကြောင့် ငါ၏မျက်စိသည် နဂိုအတိုင်း ဖြစ်ပေါ်လာစေသတည်း'ဟု သစ္စာပြုသည်၏ အဆုံး၌ ပဌမ လှူဒါန်းသော ညာဘက် မျက်လုံးသည် အံ့သြစရာ နဂိုအတိုင်း ဖြစ်ပေါ်၍ လာလေတော့သည်။

## သိဝိမင်း ဒုတိယအကြိမ် သစ္စာပြုခြင်း

'ငါ၏မျက်စိ လှူဒါန်းချိန်အခါက အလွန်နှစ်သက် ဝမ်းမြောက်သော ပီတိသောမနဿ ဖြစ်သည်ကား မှန်၏၊ ဤသို့ ဟုတ်မှန်ပါက ငါ၏ ဘယ်ဘက်မျက်လုံးသည် နဂိုအတိုင်း ဖြစ်ပေါ်လာစေသတည်း' ဟု သစ္စာပြုပြီးသည်၏ အဆုံး၌ ရင်သပ်ရှုမော အံ့ဩစရာ ဒုတိယ ဝဲဘက်မျက်လုံး ပေါ်လာတော့သည်။ ဤကား ဒါနနှင့်ယှဉ်၍ သစ္စာပြုပုံတည်း။

ဤအခန်းများရည်ရွယ်၍ ပါရမီတော်ခန်းပျို ၂၁၆-၌—

ရဟောင်းလောင်းသား၊ တင်းခေါင်းသာမျ၊ မျက်ကွင်းဝ၌၊ သစ္စကြိယာ၊ ပြုကာမငြို၊ မြင်ပြန်လိုဟု၊ ဆိုသော်လည်းကောင်း၊ ဤလုံးပေါင်းသား၊ အကြောင်းဖြစ်လား၊ ကြိုက်လတ်ငြားမူ၊ သိကြားကငါ၊ မလွတ်သာတည့်၊ သစ္စာနှုတ်သီး၊မန္တန်ကြီးဖြင့်၊ ကျော်ချီးငေ့အောင်၊အငြိမ်းဆောင်သည်၊ အခေါင်မြူတေ လထိတည်း—

ဟု စပ်တော်မူလေသည်။

ခေတ်လူထုကို မေတ္တာအပြည့်ထား၍ ရေးသားညွှန်ပြလိုက်ပါသည်၊ မိမိတို့၏ အခက်အခဲမှန်သမျှကို ချောမောစွာ ရှိကြလိုသူ၊ အခက်အခဲကို အောင်မြင်လိုသူတို့ကို ရည်ရွယ်၍သာ ဤ **သစ္စာကာရာဒိနယ ပကာသနီ** ခေါ် သစ္စာပြုပုံ နည်းမျိုးစုံကျမ်းကို ရေးသားခြင်းပင် ဖြစ်ပါသည်။

အလိုဆန္ဒ မပြည့်စုံသဖြင့်, အလုပ်အကိုင် အကြံ အစည် မအောင်မြင်သဖြင့်, ရန်သူတို့ကို မနိုင်နိုင်သဖြင့် လက်မှိုင်ချပြီး နေကြမည့်အစား မိမိ၏စိတ်ထားကို သန့်ရှင်းအောင်မွေးပါ၊

ထိန်းသိမ်းပါ၊ သီလကို ဖြူစင်အောင် ဆောက်တည်ပါ၊ ထို့နောက် မိမိ၏ ရုပ်နာမ်သန္တာန်ရှင်း မှန်မြတ်ပြီဟု တကယ်ယုံကြည်သောအခါ သစ္စာပြုပါ။ မိမိဘဝ၏ ဆုံးရှုံးမှုကို မတွေ့ရတော့ဘဲ စိတ်၏ဆင်းရဲခြင်း ကိုယ်၏ဆင်းရဲခြင်းတို့မှ လွတ်မြောက်ကြပါလိမ့်မည်၊ ဝဋ္ဋနာ ကံနာကိုသော်လည်း ပျောက်ကင်းချမ်းသာ စေနိုင်ပါသည်။

နိုင်သူသည် ရှုံးသူကို နိုင်ချင်လို့ နိုင်နေသည်မဟုတ်၊ နိုင်သူဘုန်းကံတက်နေပြီး ရှုံးသူ ဘုန်းကံ လျော့ကျနေလို့သာ နိုင်နေခြင်း ဖြစ်သည်၊ ရှုံးသူသည်လည်း ဘုန်းကံ လျော့ကျနေသောကြောင့်သာ ရှုံးခြင်းပင် ဖြစ်သည်။

## ဒုကူလ, ပါရိကာ, နတ်သမီးတို့ သစ္စာပြု၍ အသက်ရှင်ခြင်းနှင့် မျက်စိ အလင်းရခြင်း [၁]

အခါကား ဗာရာဏသီပြည်၌ ပိင္ဂိယက္ခမင်း မင်းပြုချိန်ပင်ဖြစ်သည်။ သာမအမည်ရှိသော သတို့သားသည် မျက်မမြင်အဖ ဒုကူလ, အမိ ပါရိကာတို့ကို တယုတယ ပြုစုလုပ်ကျွေးလျက်ရှိနေဆဲတွင် သမင်အပေါင်း ရေခပ်ဆင်းရာဝယ် ပိင္ဂိယက္ခမင်း အမြင်မှားပြီး မြားနှင့်ပစ်သဖြင့် ရေစပ်တွင် ရွှေစင်ရုပ်ကလေးပမာ သွေးအိုင်ထဲ ခွေလျက်သားလဲလျက် မေ့မြောနေရှာသည်။ ပိင္ဂိယက္ခမင်းသည် သုဝဏ္ဏသာမ သတို့သား၏ အကြောင်းကို သိရှိရသောအခါ ဗာရာဏသီမှာ မင်းမပြုလုပ်လိုတော့ဘဲ သုဝဏ္ဏသာမ၏ကိုယ်စား ဒုကူလနှင့် ပါရိကာ

---

၁။ ဇာတ်အဋ္ဌကထာ၊ ဆဋ္ဌတွဲ၊ သုဝဏ္ဏသာမဇာတ်၊ နှာ-၇၉။

ရသေ့နှစ်ပါးကို မိဘအရာထား၍ လုပ်ကျွေးတော်အံ့ဟု နှလုံးသွင်းပြီး ကျောင်းသခ်မ်းသို့ သွားရောက် ပြောကြား၏။

ထိုအခါ မိဘနှစ်ပါးသည် သားရှိရာသို့ လိုက်ပါလာကြပြီး အဖဒုကူလက သားတော်ကို ရင်ခွင်ဖြင့်ပိုက်ကာ အမိ ပါရိကာကား သားတော်ကို ခြေဘက်မှ ပွေ့ပိုက်ကြလျက် ဟိမဝန္တာမဟာဂနိုင် စိုးမိုးသေလာ ဂန္ဓမာဒန တောင်စောင့်နတ်သမီးကလည်း နတ်တို့ ကိုယ်ငွေ့ခံတော်ပေးပြီး အမှန်တရားတော်အတိုင်း သစ္စာပြုကြသောအခါ သာမခေါ်သောသုဝဏ္ဏသာမရသေ့ကလေးလည်း အသက်ရှင်၍ မိခင် ဖခင်များလည်း မျက်စိအလင်းတော် ရရှိ၍ ဆင်းရဲဒုက္ခမှ လုံးဝ လွတ်မြောက်အောင်မြင်ခဲ့ဘူးလေသည်။

**သစ္စာပြုပုံ။** ။လောကကို စောင့်ရှောက်ကြကုန်သော အိုလောကပါလ နတ်ပြဟ္မာအပေါင်းတို့ ကျွန်ုပ်တို့၏ သားသည်ရင်း ကျွန်ုပ်တို့သည်ရင်း မြင့်မြတ်လှစွာသော မဟာသီလတော်မြတ်ကို စောင့်ထိန်းကြကာ ဝေနေယျများစွာတို့ အကျိုးငှါ မေတ္တာကရုဏာမုဒိတာ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားတို့ကို ပွါးများနေကြသော မိသားစု ဖြစ်ပါသည်၊ ဤမှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်တို့သား ခံစားနေရသော ဝေဒနာပျောက်ကင်း၍ ရှင်လန်းချမ်းသာစွာရှိသော သားချစ် ရတနာကို ထင်လင်းစွာ တွေ့မြင်ရပါစေသားဟု သစ္စာပြုလိုက်သည်နှင့် တပြိုင်နက် ရှင်လန်း ချမ်းသာသားချစ်ရတနာ အသက်ရှင်လာသည်ကို တွေ့မြင် ကြရတော့၏။ 'သားရွှေအိုးထမ်းလာတာ မြင်ချင်ပါတယ်'ဆိုတဲ့ စကား

သည့်လည်း ဤသုဝဏ္ဏသာမ ဇာတ်တော်ကို အကြောင်းပြု ခြင်းပင် ဖြစ်သည်။

## သစ္စာရသ မှန်မြတ်ပုံ

ဤလောက၌ အရသာသည် ခြောက်မျိုးရှိ၏၊ ထိုခြောက် မျိုးမှာ အချို, အချဉ်, အဖန်, အစပ်, အခါး, အငန်ပင် ဖြစ် သည်။ လူအပေါင်းတို့၏လျှာ၌ အရသာကို ဆောင်တတ်သော အကြောပေါင်း ခုနစ်ထောင် (၇၀၀၀)ရှိ၏၊ ထိုအကြောပေါင်း ခုနစ်ထောင်တို့သည် ချို ချဉ် ဖန် စပ် ငန် ခါး တို့ကို သိရှိနိုင်စွမ်း ရှိ၏။ ကျန်သော ခြေ လက် နား နှာစသော အင်္ဂါအစိတ် အပိုင်းတို့ကား အရသာကို မသိနိုင်ကြပါ၊ ထိုသို့ သိခြင်းသည် မှန်၏၊ မှန်ခြင်းသည်ပင် သစ္စာဖြစ်၏။

ဤမြေအပြင်၌ ရှိရှိသမျှကုန်သော အလုံးစုံသော ထို အရသာတို့သည် လူအစရှိကုန်သော ဝေနေယျ သတ္တဝါတို့ အတွက် အချင်း ခပ်သိမ်းလျှင် ကျေးဇူးပြုကြခြင်းကြောင့် မြတ်ကုန်၏၊ ထိုမြတ်သော အရသာအပေါင်းတို့ထက် သစ္စာ တည်းဟူသော တရားအရသာသည် အလွန့်အလွန် မြတ်၏၊ လောကီ အကြောင်း အကျိုးဖြစ်သော သစ္စာသည်ပင် မြတ် သေး၏။ လောကုတ္တရာ အကြောင်း အကျိုး တည်းဟူသော သစ္စာသည်ကား အလွန့်အလွန်မြင့်မြတ်တော့သည်သာတည်း။ ထိုလောကုတ္တရာ အကြောင်း အကျိုးသစ္စာ၌ ယှဉ်မှားဘွယ်မရှိ သည်သာတည်း။

သို့ဖြစ်၍ လူရှင်ရဟန်း ကိုယ်စိတ် မရှင်လန်း မချမ်းမြေ့ရှိကြ သောအခါ ဗုဒ္ဓ ဓမ္မ သံဃာ့ ဂုဏ်တော်မြတ်များကိုလည်း သစ္စာ

ပြုနိုင်ပါသည်။ ပရိတ်တော် တသုတ်ရွတ်လိုက် သစ္စာပြုလိုက် နောက်တသုတ်ရွတ်လိုက် သစ္စာပြုလိုက် ဤသို့ အချိန်မှန်မှန် ပြု ပေးပါက မြေကြီး လက်နှင့်စမ်းလျှင် မတွေ့ဘဲ လွဲချင်လွဲနိုင်ပေ လိမ့်မည်၊ သစ္စာပြုရခြင်း၏ အကျိုးပေးကတော့ မလွဲမသွေ ရရှိနိုင်ပါလိမ့်မည်။

## သစ္စာအနှစ်ဖြင့် လင်ချစ်ကို အနိုင်ယူသူ လုပျိုဖြူ [၁]

ဤအမျိုးသမီးသည် အလှန်လှ အလှန်ချော အပြောလဲ ယဉ် အမြင်လဲထယ် ဝင့်ဝင့်ကြွယ်ကြွယ် တင့်တင့် တယ်ဘယ် အစွမ်းကုန် ချစ်စဘွယ်ကောင်းလှတဲ့ အလှထိပ်ထား တဦးဖြစ် သည်။ စကားအပြော နှစ်နားစေရတဲ့ မယားအချောယမင်း သူဇာလဲ ဖြစ်၏၊ လင်တော်မောင် အနူကြီးက တမူထဲမူတဆူ ထဲ ဆူနေပေမယ်လို့ သူ့စိတ်ကတော့ ငွေစံပယ်ဖြူပွင့်ကလေး ပမာ မွေးမွေး သင်းသင်းကလေးဘဲ ဖြူနေတတ်ရှာသတဲ့။

လင် ဘုရား, သား သခင်၊ မြေးကို, ခေါင်းမှာတင်တတ်တဲ့ အမျိုးသမီးမျိုး ဖြစ်၏။ သူမ သိနားလည်ထားသည်မှာ 'မိန်းမ ဟူသည် ယောကျ်ား၏ ကူဖော်လောင်ဖက်သာ ဖြစ်သည်၊ စကြာမင်း၏ မိဖုရားပင် ဖြစ်စေကာမူ လင်တော်မောင်၏ ခြေရင်း အလုပ်အကျွေးသာတည်း' ဆိုတဲ့ အသိတရား ရှိ၏၊ မိန်းမမြတ်တို့ရဲ့ ကျင့်ဝတ်က 'လင်အိပ်ရာဝင်ပြီးပါမှ အိပ်ရာဝင် ရတယ်၊ လင်မထခင် အိပ်ရာမှ ထရတယ်' ဆိုတဲ့ ကျင့်ဝတ်ကိုလဲ သူမ သိ၏။

---

၁။ ဇာတကပါဠိတော်၊ ပ-တွဲ၊ နှာ-၃၉၃။
ဇာတ်အဋ္ဌကထာ၊ ပဉ္စမတွဲ၊ သမ္ဗုလာဇာတ်၊ နှာ-၉၂။

သူမသည် မိန်းမမြတ်တို့ရဲ့ ကျင့်စဉ်အတိုင်း လင်ကို လေးစားမြတ်နိုးနေတဲ့ သန့်ရှင်းသော စေတနာကို မယိုဖိတ်ရအောင် အလွန်သည်းခံတဲ့ စိတ်မွန် စိတ်သန့်လဲ အမြဲ မွေးမြူထားသူ ဖြစ်တယ်၊ အိမ်ထောင်ဘက် အကြင်လင်မယားဟာ တဦးနဲ့ တဦး ကြင်နာမှု အပြည့်အဝထား၍ ပြီး လေးပါးသော စကားနဲ့ ညီအောင် ပြောဆိုနေတတ်ကြဖို့ အရေးအကြီးဆုံး ဖြစ်၏။

## ဇနီးမောင်နှံ ပြောဆိုရမည့် စကား၄-မျိုး

အကြင် လင်နှင့်မယားဆိုတာ—

၁။ တယောက်ကို တယောက် မှန်တဲ့စကားကိုသာ အမြဲ ပြောကြရမယ်၊ လိမ်ညာပြီး မပြောရဘူး။

၂။ တဦးနှင့်တဦး တင့်တယ်တဲ့ စကားကိုသာ အစဉ်ပြော ရမယ်၊ မတင့်တယ်တဲ့ စကားကို မပြောရဘူး။

၃။ မယ်က မောင့်ကို, မောင်က မယ့်ကို ပြောတဲ့အခါ အပြန်အလှန် ချစ်စရာစကားကိုသာ ပြောရမယ်၊ မုန်းစရာ စကားမျိုးကို ဘယ်တော့မှ မပြောရဘူး။

၄။ သတို့သားနှင့် သတို့သမီးဟာ ဘုရား တရားတော်လာ မြတ်သော ဒေသနာနှင့် ကိုက်ညီတဲ့ စကားကိုသာ ပြောရမယ်၊ ဘုရားမနှစ်သက်တဲ့ ဒုစရိုက် စကားကို မပြောရဘူး။

ဤဇာတ်တော်လာအမျိုးသမီးဟာ ဤအင်္ဂါလက္ခဏာလေးပါးနဲ့ ညီညွတ်တဲ့ မိန်းကလေးမျိုး ဖြစ်ရုံသာမကဘဲ အသားအရေမှာ အလွန်နူးညံ့လှလေသည်၊ သူမ၏အသားအရောင်မှာ

အမှောင်ကို ဖယ်ရှားနိုင်တဲ့ ကိုယ်ရောင် ရှိသဖြင့် မြင်ရသူ တဖက်သား အသက်ရှူမှားလောက်အောင်ပင် ကိုယ်ရောင် လှရှာသူ ဖြစ်၏။ ကိုယ်ရနံ့ သင်းပျံ့ပျံ့ ကြိုင်လှိုင်လျက်ရှိ၏၊ သူ့ကိုယ်ငွေ့ဓာတ်က အနာကင်းစေနိုင်လေသည်။

## သမ္ဗုလာမင်းသမီး သစ္စာပြုပုံ

'လင်ဆိုးမယား တဖားဖား'ဆိုစကားအတိုင်း အငြိမ်မနေရဘဲ လင့်အလိုဆန္ဒကို ဖြည့်နေရသဖြင့် ပင်လဲပင်ပန်းရှာ၏၊ နွမ်းလဲ နွမ်းနယ်နေရှာ၏၊ သူမသည်ကား ရွှေလင်ပန်းနှင့် အချင်းဆေးခဲ့ရသဖြင့် အိမ်မြင့် နန်းတော်ထက်ဖွား မိဖုရား တပါး ဖြစ်၏၊ သူမ၏ခင်ပွန်းလင်ကတော့——

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏သား အိမ်ရှေ့မင်းသား ပင်ဖြစ်၏။ အတိတ် ဝဋ်နာ ကံနာဖြစ်တဲ့ ကုဋ္ဌနူနာရောဂါ အနှိပ်အစက်ခံနေရသူ ဖြစ်လေသည်၊ နာမည်ကြီး ပသေနဒီ ကောသလမင်းကြီး၏ အလောင်း ဖြစ်၏၊ ခြေရင်း အလုပ် အကျွေး အမျိုးသမီး အလှမယ်ကတော့ မလ္လိကာမိဖုရား အလောင်း ဖြစ်၏။

သူတို့ဇနီးမောင်နှံဟာ နူနာရောဂါသည်ကြီး အဖြစ်မျိုးနှင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေရန် မသင့်တော်သဖြင့် တိုင်းပြည် ထီးနန်းကို စွန့်လွှတ်ခဲ့ပြီး ဟိမဝန္တာတောင်စောင်း သင်္ခမ်းကျောင်းကလေးနှင့် ပျော်မွေ့နေရှာသတဲ့။

တနေ့တွင် မလ္လိကာအလောင်းသမ္ဗုလာသည် ခြင်းတောင်း ကို နောက်ကျောမှာပိုး တံချူကို ယာလက်က ကိုင်ပြီး စိမ့်ကြီး မြိုင်ကြီး တောကြီး တောင်ကြီးအတွင်းသို့ ချဉ်းနင်းကာ

သစ်သီးရှာထွက်ခဲ့ပြီး ပင်မှည့်အသီးကြီးရတဲ့အခါ လင်တော်မောင်အနူကြီးကို တဝကြီးကျွေးမည်ဟု တရိုတသေသိမ်းပြီး အတော်အတန်ပြည့်စုံလို့လောက်တဲ့အခါ လင်အနူကြီး နေထိုင်ရာ သင်္ခမ်းကျောင်း တဲကလေးရှိရာသို့ ပြန်လာခဲ့ရာ ကြာမျိုး ငါးပါးနှင့် ပြည့်စုံသော အေးမြသာယာလှတဲ့ ကျောက်တောင်ကြားတွင် ရေကန်ကြီးတွေ့ရတော့ တကိုယ်ရေ သန့်ရှင်းစေရန် ရည်သန်၍ တံချူ ခြင်းတောင်း အသာအယာချ၊ ကိုယ်မှ သင်္ကန်းအဝတ်ကိုခွါ၊ ရက်စရာ အမူအရာအသွင် လူသူမမြင်ခင် ခပ်လှင်လှင် ရေချိုးပြီး လျှော်တေ အဝတ်ကို ပြန်ဝတ်ဆင်ရန် ပုံဟန်ပြင်ဆဲမှာပင် ဒါနဝ ဘီလူးကြီး အနီးသို့ကပ်လာသည်ကို တွေ့လိုက်ရသဖြင့် ဟန်မပျက် မျက်နှာထားတင်းပြီး—

မင်းသမီး။ ။ရှင် ယခု နောက်ကို ဆုတ်လိုက်ပါ ဘာလာလုပ်တာလဲ ယခု ဆုတ်လိုက်။

ဒါနဝ။ ။အမယ်ကွယ် အမိရယ် ဘယ့်နှယ်ကြောင့် ရက်ရက်စက်စက်ကြီး ပြောလိုက်တာလဲ၊ အမယ်ရဲ့ ချောလှတဲ့ အသွင်ကို မြင်လျှင်မြင်ခြင်း ဟင် ကျုပ်ပြင်းပြင်းပြပြ ချစ်ဇောတွေကြွလွန်းလို့ အမယ့်အနားခခယယ ကပ်လာခြင်းပါ။

မင်းသမီး။ ။မျက်နှာထားချိုချိုနှင့် လူကိုမဖြီးနဲ့ ဟယ်ဘီလူးကြီး၊ ငါ့မှာ ကာမပိုင်လင်ကြီးရှိတယ်၊ ယခုဖယ် ယခုဆုတ် လူလုပ်လို့ အယုတ်တမာ နောက်ဆုတ်လိုက်ပါ။

ဘီလူး။ ။ဆုပ်လိုလဲမရ ခွါလို့လဲမရ ကျုပ်ဘဝက ဘီလူးဘုရင်ပါ၊ လေးရာကုန်သော မယားအထက်က

မိဖုရားကြီးအရာမှာ ထားပါမယ်၊ မောင်ကြီးနဲ့ လိုက်ခဲ့ပါလားကွယ်။

မင်းသမီး။ ။ဘီလူးမိုက် သင်မိုက်သလို ငါမမိုက်၊ သင်က ကြိုက်သလို ငါက မကြိုက်၊ အမိုက်ဇာတ်ခင်း သင်ကမြင်းချင်ပေမဲ့ ငါအလိုမတူ မကြည်ဖြူနိုင်၊ သင် ငါ့ကို အနိုင်ကျင့်ဘို့မကြံနဲ့၊ ခုအမြန် ဆုတ်ခွါ ထွက်သွားလိုက်ပါ။

မင်းသမီးသမ္ဘုလာမှာသခ်မ်းကျောင်းဌမောင်တော်သောတ္ထိ သေနမင်းသား စောင့်လှရှော့မယ်၊ အထင်မှားရင်လဲ အခက်၊ နံနက်အိပ်ရာထမှာ ဒန်ပူ မျက်နှာသစ်ရေကမ်းချိန် မကပ်ရမှာလဲ စိုးရိမ်၊ ဆေးသွေးလူးပေးချိန် ဘယ်သူသွေး၍ လိမ်းပေးပါမလဲ၊စားချိန်လင့်လို့ ဆာလောင်မွတ်သိပ်လှရှော့မယ်၊ရေသယ် ယူ၍ ချိုးပေးချိန်တွေတောင် လွန်ကုန်ပါပေါ့လား၊ ဆပ်ပြာ မှုန့်ဖြင့်ရှင်း ဖန်ရေဖြင့်ရှင်း အနှာရေဆေးပြီး ပေးချိန်မှာလဲ ကျန်ခဲ့ပေပြီ၊ ဒီဘီလူးကြီးရန်ဘေးမှ ကင်းဝေးအောင် ငါဘယ် ပုံကြံရပါ့မလဲလို့ အမျိုးမျိုးတွေးတော ပူပန်နေရှာလေသည်။

ဒါနဝ။ ။ကဲလေအမိ ကျုပ်ကို မေတ္တာရှိနိုင် မရှိနိုင် အဲဒါဘဲ သိချင်သည်၊ ကျုပ်ကို ကလိသလို မူယာမာယာနဲ့ မေတ္တာမမျှတဲ့ ဟန်ဆောင်မနေပါနဲ့၊ ဒီက တဖက် လူ ရင်ထဲမှာ အချစ်ဇောတွေ ဆူလှပါပြီ ဟု ပြော ပြော ဆိုဆို လက်ကိုဆွဲလိုက်ရာ။

သမ္ဘုလာ။ ။ဟယ် ဘီလူးယုတ် ငါ့လက်ကို ယခုလွှတ်၊ ဇွတ် တရွတ် မတရားလုပ်မည် မကြံနဲ့။

ဘီလူး။ ။အမိရှဲကာမပိုင် ခင်ပွန်းလင်ရှိတယ်ဆိုတာက ယခု ဘယ်မှာလဲ၊ ယုတ္တိရှိအောင်လဲ ပြောစမ်းပါအုံး၊ မဟုတ်ပါဘဲ လိမ်တော့ ပြောမယ်မကြံနဲ့။

မင်းသမီး။ ။ငါ၏ခင်ပွန်းလင်ဟာ ဗာရာဏသီပြည်က သောတ္ထိ သေနမင်းကြီးဘဲ၊ ကိုယ်ရေပြားရောဂါ နှိပ်စက်၍ ယခု ဟိမဝန္တာစောင်း ကျောင်းသခ်မ်းမှာ ရှိတယ်၊ ငါ့ကိုဘဲ မျှော်လှရော့မယ် ငါ ယခု သွားမယ် လွှတ်။

ဘီလူး။ ။ငါ့ကို မကြိုက်ရင် ငါ၏ နံနက်စာ ဖြစ်ရလိမ့်မည်၊ အသက်မသေချင်ရင် ငါ့ မိဖုရားကြီးလုပ်၊ မလုပ် ပါက အမိကို အရသာရှိရှိကြီး စားရမှာဘဲ ဟု တငေါငေါ ထွက်နေသော အစွယ်ကြီးများဖြင့် သမ္ဗုလာမင်းသမီးကို ခြောက်လှန့်လေ၏။

မင်းသမီး။ ။ဒီ-ဒါနဝ ဘီလူး၏ဘေးမှ ကင်းဝေးစေရန် ခုခံဘို့ ရန်လဲ အားချင်းမမျှ၊ ဘဝကို အဆုံးမခံ အမြန် သစ္စာပြုပါမှဘဲ။

သစ္စာပြုပုံ။ ။ကျွန်တော်မ မိန်းမသားကို အနိုင့်အထက် ပြု လုပ်နေသော ဤဒါနဝဘီလူးဘေးမှ လောက ကို စောင့်ရှောက်ကြကုန်သော သမ္မာဒေဝ နတ်အပေါင်းတို့က အမြန်ကယ်မတော်မူကြပါ လို့ ငိုကြွေးကာ သစ္စာပြု တိုင်တယ်သောအခါ သိကြားမင်း အမြန်လာ၍ ကယ်လေသည်။

သိကြား။ ။ဟယ် ဘီလူးမိုက် ဒါနဝ သင့်ဦးခေါင်းကို ဤဝရဇိန်လက်နက်ဖြင့် ခုနစ်စိတ်ကွဲအောင် ခွဲ

လိုက်ရမလား၊ ဤကဲ့သို့ သီလဂုဏ်အကျင့်နှင့်
ပြည့်စုံသော သူကို သင်စားသည်ရှိသော် သင့်
ဦးခေါင်း ခုနစ်စိတ်ကွဲ၍ သေရလိမ့်မည်မှတ်
ဟု ခြိမ်းခြောက်ပြီးနောက် နတ်တို့၏ သံချေ
ကျဉ်းခတ် သုံးထပ်သော တောင်စဉ်အတွင်း
လွှတ်ထားခဲ့ပြီး နတ်ပြည်သို့ ပြန်လေ၏။

သမ္ဗုလာမင်းသမီးသည်လည်း ကျောင်းသင်ခမ်းသို့ ရောက်သောအခါ ကာမပိုင်ခင်ပွန်းလင်ကို မတွေ့မမြင်ရ၍ ပြင်းပြပူဆွေး ငိုကြွေးသောအခါ ပုန်းနေသော သောတ္ထိသေနမင်းသည် ဤသို့ စဉ်းစား၏၊ အကယ်စင်စစ် ငါ့ကို လေးမြတ်၍ ငိုကြွေးသည်ရှိသော် နှလုံးကွဲကာ သေလေရာ၏-ဟု စဉ်းစားပြီး အတွေ့ခံလေလျှင် ခြေကိုဖက်ကာ ငိုကြွေးမြည်တမ်းလျက်—

**သမ္ဗုလာ။** ။မောင်တော်ဘုရား နှမတော်အား အဘယ်သို့ အောက်မေ့မှတ်ထင်တော်မူပါသနည်းဟု မေးတဲ့အခါ—

**သောတ္ထိသေန။** ။နေ့စဉ် နေ့တိုင်း ရောက်နေကျ အချိန် မရောက်သဖြင့် သက်ာမကင်း ရှိတယ်လို့ ပြောသတဲ့။

**သမ္ဗုလာ။** ။နှမတော်သည် မောင်တော်အပေါ်မှာ မှန်သော တင့်တယ်သော ချိုသာသော တရားနှင့်ညီမျှသော စကားများကိုသာ ပြောခဲ့ပါတယ်၊ ယခုလို အချိန်လင့်ပါမှ ရောက်ရသည်မှာ ဒါနဝ ဘီလူး ဖမ်း၍ ကြာရခြင်းပင် ဖြစ်ပါသည်၊

သိကြားလာ၍ ကြိမ်းမောင်း ခြိမ်းချောက်ပါမှ လွတ်မြောက်လာရပါတယ် အရှင့်သားမောင်တော်။

သောတ္ထိသေန။ ။မိန်းမတို့မည်သည် အလုံးစုံသော အပြစ်ဒေါသတို့၏ တည်ရာသာ ဖြစ်တယ်၊ မိုက်မဲတတ်တယ်၊ အမျက်ထွက်လွယ်တတ်တယ်၊ သူ့ကျေးဇူးကို ထိမ်မြုံးတတ်တယ်၊ မောင်တော်မယုံနိုင်ဘူး၊ မောင်တော်က ရောဂါသည်ကြီး ဖြစ်နေလို့ နောက်တယောက် သယောက်လင် အခြောင်နှင့် ပျော်မွေ့နေတာသာ ဖြစ်ရမယ်။

သမ္ဗုလာ။ ။အလို မောင်တော်ဘုရား နှမတော် နားမကြားဝံ့ပါဘုရား၊ မတွေးသင့် မတွေးထိုက် မတွေးအပ်တာ မတွေးသင့်ပါ မောင်တော်။

မောင်တော်ရဲ့ နှမတော်ဟာ မောင်တော်ပြောတဲ့ မိန်းမစားမျိုး မဟုတ်ရပါဘူး၊ ယနေ့ထိ မောင်တော်အပေါ် ထားရှိသောမေတ္တာကို မြူမှုန်ခန့်မျှ မလျော့ခဲ့ရပါဘူး၊ တခြား ယောကျ်ားများကို ကိုယ်ထိလက်ရောက် မှောက်မှားဘို့ မဆိုထားဘိ စိတ်မျှသော်လဲ မဖောက်ပြား မပြစ်မှားခဲ့ဘူးပါ မောင်တော်၊ ယုံပါတော့ စိတ်ချမ်းသာအောင် နေတော်မူပါ။

သောတ္ထိသေန။ ။မင်း ဘယ်လိုဘဲ ပြောပြော အသိခက်တယ်၊ ငါမယုံဘူး။

**သမ္ဗုလာ။** ။အရှင့်သား မောင်တော်၊ နှမတော်ကို မယုံနိုင်ဘူး ဆိုပါက သစ္စာဆိုပါမည် နားထောင်တော်မူပါ။

**သစ္စာဆိုပုံ။** ။အရှင့်သား အကြင်သို့သော အခြင်းအရာဖြင့်ငါသည် ဆို၏၊ ထိုသို့သော အခြင်းအရာဖြင့် ငါ၏ စကားသည် အကယ်စင်စစ် မှန်ပါအံ့၊ ထိုသို့ မှန်သည်ရှိသော် ယခု ပစ္စက္ခ မျက်မှောက် ဘဝ၌လည်း ငါ့ကို စောင့်ပါစေသတည်း၊ အနာဂတ်၌လည်း စောင့်ပေလတ္တံ့၊ နှမတော်သည် အရှင့်သားမှတပါး ချစ်မြတ်နိုးအပ်သော တခြား တယောက်မျှ မရှိဘူးပါ၊ မသိစဘူးပါ၊ ဤသစ္စာစကားကြောင့် ခင်ပွန်းလင်ဖြစ်သူ အရှင့်သား၏ နူနာ ရောဂါသည် ပိန်းကြာဖက်ဖျား ရေမနားသကဲ့သို့ လွင့်ပါး ပျောက်ကွယ်ပါစေ သတည်းဟု ဆို၍ ရေအင်တုံကိုမြှိုး မင်းသား ကိုယ်ပေါ် သွန်းလောင်းလိုက်ရာ သောတ္ထိသေနမင်းမှာ ရွှေစင် သွန်းထု ထားသော ရွှေစင်ရုပ် မင်းသားကလေးပမာ နူနာရောဂါ ကင်းစင်သွားပါတော့သည်။

ဤသို့ ချမ်းမြေ့ ရွှင်လန်းကြပြီးနောက် ဟိမဝန္တာစောင်းကျောင်းသခ်မ်း၌ နှစ်ရက်ခန့်နေ၍ ဗာရာဏသီပြည်သို့ ပြန်ကြပြီး မင်း၏ ဥယျာဉ်တွင်း၌ ဝင်ရောက် အနားယူနေကြဆဲတွင် ဖခမည်းတော်မင်းကြီး သိသဖြင့် နန်းစည်းစိမ်ကို ပေးအပ်ပြီး ရသေ့ဝတ်လျက် ဥယျာဉ်တော်၌ နေလေသည်။

တနေ့တွင် သောတ္ထိသေနမင်းသည် မိဖုရားကြီး သမ္ဗုလာကို မေ့ထား၍၊ သို့မဟုတ် အသစ်တွေ့လို့ အဟောင်းမေ့ ဆိုသောစကားအတိုင်း စိမ်းကားရက်စက် အဖက်မလုပ် ပမာမမူ

ဂရုမထား ပြုလုပ်နေသဖြင့် သမ္ဗုလာမှာ စိတ်အလွန်ထိခိုက်ပြီး အပူသောက ရောက်နေရရှာသောကြောင့် ဥယျာဉ်တော်သို့ သွားပြီး ဖခင်ရသေ့ကြီးထံပါး ချဉ်းကပ်ကာ အတွင်းရေး တို့ကို ပြောပြသောအခါ သားရှင်ဘုရင်ကိုခေါ်ပြီး အလွန် ကျေးဇူးကြီးမားလှသော ဇနီးမယားကို ဤကဲ့သို့ လျစ်လျူ ရှု၍ ပစ်ပယ်မထားသင့်ကြောင်းကို ပြောပြတော့မှ ကျေးဇူး ရှင်မကြီး သမ္ဗုလာကို ပြန်လည်ဂရုစိုက်လေသည်။

သမ္ဗုလာဘဝနဲ့သာ သူမဟာ လင်ဆိုးမယားတဖားဖားနှင့် ဆင်းရဲ အမျိုးမျိုးဖြင့် အနှစ်နာခံခဲ့ရသော်လဲ မလ္လိကာဘဝသို့ ရောက်တဲ့အချိန်မှာတော့ သောတ္ထိသေနမင်းအဖြစ်နဲ့အနိုင်ယူ ခဲ့သလောက် ပသေနဒီကောသလမင်း ဘဝသို့ ရောက်ချိန်မှာ တော့ မိဖုရားမလ္လိကာဟာ ကောသလမင်းကို ချာချာလည် အောင်ကိုဘဲ လိမ္မာနိုင်ခဲ့တဲ့ မိန်းမမျာနှ ပရိယာယ်ကို တွင်တွင် ကြီး အသုံးချခဲ့လေသည်။

သောတ္ထိသေနမင်းနှင့် သမ္ဗုလာမင်းသမီးတို့ဟာ "သည် ဘဝ သည်မျှသာဆိုတဲ့" အိမ်ထောင်ပျက်ဘဝမျိုးမရောက်ကြ တော့ဘဲ ရှေ့ဆက်ပြီး မြတ်မြတ်နိုးနိုးကြီး ခရီးဆက်လက်ကြ ပြန်ရာ ယခုအခါ သမ္ဗုလာမင်းသမီးကတော့ မလ္လိကာမိဖုရား ကြီးဖြစ်လို့ သောတ္ထိသေနမင်းကတော့ ပသေနဒီကောသလ မင်းကြီးဖြစ်ကြပြီး သံသရာခရီးသွား လင်နဲ့ မယား ဖြစ်ကာ ပြန်လည်တွေ့ဆုံကြပြန်တယ်။

ဤကဲ့သို့ ဘဝရှေ့ဆက် မြှေရွှေခွက်ဝယ် ချရေစက် အတူနဲ့ပြီး မခွဲတမ်း မခွါတမ်း ဘဝခရီးကိုလည်း လက်တွဲပြီးလှမ်းနိုင်ခြင်း အကြောင်းရင်းကတော့ အကြင် လင်နဲ့မယား စကားပြောဆို

ကြတဲ့ အခါမှာ အင်္ဂါလေးပါးနှင့် ကိုက်ညီတဲ့ စကားကိုသာ ပြောခဲ့ကြလို့ ဖြစ်တယ်၊ ဈာန်ရ ဖခင်ရသေ့ကြီးကတော့ သုံးလောကထွတ်ထား ငါဘုရားဖြစ်တော်မူတယ်လို့ သမ္ဗုလာ ဇာတ်တော် ပေါင်းတော်မူလေသည်။

## သစ္စာမဲ့ ဗြဟ္မဒတ်မင်းကြီးကို သစ္စာပြု၍ အနိုင်ယူသူ တောသူပျိုဖြူ။[၁]

အချိန် အခါကား အတိတ်လွန်ပြီး ခေတ်က ဖြစ်သည်၊ ကာသိတိုင်း ကာသိကရာဇာဖြစ်သော ဗြဟ္မဒတ်မင်းကြီးသည် မူးမတ်အပေါင်း ခြံရံ၍ ဗိုလ်ပါပရိသတ်အလယ် စံပယ်လျက် တောကစားထွက်တော်မူသည်။

အချို့သော လူဂုဏ်တန်တို့၏ သဘောသည် အာရုံငါးပါး ကာမဂုဏ်များကို ပျော်ပါးချင်တဲ့ အချိန်မှာ ပျော်ခဲ့ပြီး မိမိ ကိုယ်တိုင်ကပင် သစ္စာထားခဲ့၏၊ ကတိပြုခဲ့၏၊ အကြောင်းပြုခဲ့ သည့်အတိုင်း အကျိုးပေါ်လာတဲ့အခါ ရှက်စနိုးပြီး အမျိုးမျိုး လိမ်တတ်ကြ၏၊ ညာတတ် ဝါတတ်ကြ၏၊ လုပ်ရဲက ခံရဲရမည်၊ ဤ အကျင့်ဆိုးကြီးတွေဟာ ယခုခေတ် အချိန်မှာမှ ရှိသည့် မဟုတ်၊ ရှေးခေတ်ကလည်း အများအပြား ရှိခဲ့ဘူး၏။

**ထင်းခွေနေသူ တောသူပျိုဖြူ။** ။သူငယ်မကလေးကတော့ တောသူပင် ဖြစ်သော်လဲ လုံးကြီးပေါက်လှ ချစ်စရာအသံရှင်ကလေးဘဲ ဖြစ်၏၊ သူမသည် တောသဘာဝ တောသူတို့အလုပ်ဖြစ်တဲ့ မိရိုးဖလာ ထင်းခွေ ပြီး ခေါင်းပေါ် ရွက်လျက် ရောင်းစားရသော သူ့ဘဝမှာ

---

၁။ ဇာတ်အဋ္ဌကထာ၊ ပ-တွဲ၊ ကုဋ္ဌဝါဟနဇာတ်၊ နှာ-၁၅၀။

ပျော်မွေ့ကာ သီချင်းကလေး တစာစာ သီဆို၍ နေရှာလေသည်။ ဗြဟ္မဒတ်မင်းသည် အသံကြားလိုက်ရသည်နှင့် တပြိုင်နက် နား၀င်ချိုစိမ့် ပီတိတွေ ငြိမ့်လျက် လျှပ်တပျက် ကြည့်လိုက်ရာ ချစ်စရာကောင်းလှတဲ့ ကိုယ်ပေါက်ကိုယ်နေ ကျက်သရေ စိုပြေလှတဲ့ ပင်ကိုယ်ချော ပင်ကိုယ်လှ တောသူမကလေးကို မြင်လိုက်ရတော့ ကိလေသာကာမရာဂတွေအုံကြွလို့ သူငယ်မအနီးချဉ်းကပ်ပြီး ကာမဂုဏ်နတ်ကြီး ဝင်ပူးလာတော့ သဖြင့် မိန်းကလေးဟာ ကာမပိုင်မရှိတဲ့ မိန်းမပျိုဘဲလား၊ သို့မဟုတ် ကာမပိုင်ရှိလေသလား သိရလေအောင် မေးအုံးမှတဲ့။

**မင်း။** ။အမိက ဒီပစ္စန္တရစ်ကဘဲလား၊ မိဘရှိသလား၊ ခင်ပွန်းလင် ကြင်ဖော်ရှိသလား။

**တောသူ။** ။မရှိကြောင်းပါ၊ မိဘများတော့ ရှိပါသည်၊ ခင်ပွန်းမရှိသေးပါ။

**မင်း။** ။မောင်ကြီးဟာ ဗာရာဏသီက ဗြဟ္မဒတ်မင်းပါဘဲ၊ ညီမရဲ့ အသံ အဆင်းကို ကြားရ မြင်ရတော့ မေတ္တာတွေ ယိုဖိတ်ပြီးနေရပါတယ်၊ မောင်ကြီးကို မေတ္တာမျှပါ။

မေတ္တာမျှကြပြီးနောက် တောသူမလေးက မိမိမှာ ယခုတကိုယ်ဝန်ထမ်းရာမှ နှစ်ကိုယ်ဝန်ထမ်းရဘိသကဲ့သို့ ရှိနေပါပြီဟု ပြောသောအခါ—

**မင်း။** ။ဒီလိုဆိုရင် ကိုယ်ဝန်တည်ပြီလို့ ထင်တယ်၊ အကယ်၍ သမီးမိန်းကလေး မွေးခဲ့သော် ဤလက်ဝတ်ရတနာ

ကို ရောင်းချပြီး မင်းတို့သားအမိ အသက်မွေး ကြပါ၊ သားရတနာဖြစ်ပါက ဤလက်စွပ်နှင့်တကွ နန်းတော်ကြီးသို့ လိုက်ခဲ့ကြဟု မှာထားပြီး ဗာရာဏသီပြည်သို့ ပြန်သွားတော့၏။

တောသူမလေးလဲ ကိုးလလွယ် ဆယ်လပြည့်၍ ဖွားမြင်တဲ့အခါ သားလှရတနာကို ရရှိလေသည်၊ သားကလေး စကားတတ်တဲ့ အရွယ်တွင် ကလေးချင်း ကစားကြရာမှ 'အဖမဲ့သား လူရမ်းကား ငါနှင့် မလာနဲ့'လို့ အခြားကလေးများက ဆိုကြလေလျှင် ဖခင်ကို မေးလေ၏၊ သားရဲ့ဖခင်က ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးဖြစ်ကြောင်း သိရသောအခါ ဖခင်ထံသွားကြပါို့လို့ သားက ပူဆာသဖြင့် မင်းထံ ခစားဝင်ကြလေ၏၊ရွှေတော်မှောက်သို့ ရောက်ရှိသောအခါ။

**မင်း။** ။မယ်မင်း သားအမိသည် အဘယ်အရေး အဘယ်အရာ အဘယ်အကြောင်းကိစ္စရှိ၍ လာကြသနည်း၊ မှန်ရာလျှောက်တင်စေ။

**တောသူ။** ။ဘုရားကျွန်မ၏ ဤ သားရတနာသည် အရှင့်သားရတနာ ဖြစ်ပါကြောင်း လျှောက်ထားပါသည်။

**မင်း။** ။ကိုယ်တော်သားတော်ဖြစ်ကြောင်းကို အဘယ်ကဲ့သို့ ခိုင်လုံတဲ့ အထောက်အထား ပြပါမည်နည်း၊ ခိုင်လုံသော အထောက်အထားကို ပြပါ၊ မပြနိုင်ပါက ငါဘုရင်ကို အရှက်တကွဲပြုမူသောကြောင့် ကြီးလေးသောအပြစ်ကို ပေးလိမ့်မည်။

**တောသူ**။ ။နဝရတ်ကိုးသွယ် ခြယ်စီသော လက်ဝတ်ရတနာသည် အရှင်မင်းမြတ် ပေးသနားထားခဲ့သော လက်ဝတ်ရတနာပင် ဖြစ်ပါသည်၊ ဤကား အထောက်အထားပါတည်း။

**မင်း**။ ။အသင်တောတွင်းသူ အကြောင်းပြသော လက်ဝတ်တော် ရတနာသည် ငါဘုရင်၏ ရတနာမဟုတ်၊ သို့အတွက် မလုံလောက်ပေ၊ တခြားအကြောင်းပြစရာ ရှိသေးပါက ပြနိုင်သည် ပြစေ။

**တောသူ**။ ။ကျွန်တော်မ သစ္စာပြုရန်မှတပါး တခြားနည်းလမ်းများ မရှိတော့ပါ၊ သို့ဖြစ်ပါ၍ သစ္စာပြုပါတော့အံ့။

**သစ္စာပြုပုံ**။ ။ဤသတို့သားသည် ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်ဘုရင် မင်း၏ သားဖြစ်ပါက ကောင်းကင်၌တည်ပါစေသတည်း၊ ဗြဟ္မဒတ်မင်းကြီး၏ သားမဟုတ်ပါက မြေ၌ကျ၍ သေစေသတည်းဟု သစ္စာပြု၍ သတို့သား၏ ခြေနှစ်ဘက်တို့ကို ကိုင်လျက် ကောင်းကင်သို့ ပစ်လွှတ်လိုက်သောအခါတွင် ထက်ဝယ်ဖွဲ့ခွေကာထိုင်လျက် ဗုဒ္ဓအလောင်းတော် သတို့သားက တရားပြလေသည်မှာ—

**သားတော် တရားပြပုံ**။ ။မြတ်သောမင်းကြီး အကျွန်ုပ်သည် အရှင်မင်းကြီး၏ သားတော်တည်း၊ လူတို့၏အဓိပတိဖြစ်တော်မူသော အရှင်မင်းကြီး အရှင်မင်းကြီးသည် အကျွန်ုပ်ကို မွေးမြူပါလော့၊ အရှင်မင်းကြီးသည် တပါးသူတို့ကိုပင် မွေးမြူနိုင်သေး၏၊ မိမိရင်၌ဖြစ်သော သားရတနာကို အဘယ်ကြောင့် မမွေးမြူနိုင်ဘဲ ရှိရပါသနည်း။

ဤသို့ အလောင်းတော်မင်းသား ပြောကြားသောအခါ အမတ်ကြီးများ၊ စစ်သူကြီးများ၊ သူဌေး သူကြွယ်များက လက်ကမ်း၍ သားတော်မြတ်ကို မွေးမြူပါမည်ဟု လက်အထောင် လက်အသောင်း ကမ်းလှမ်းကြကုန်သော်လည်း ဗြဟ္မဒတ်မင်းကြီး၏ လက်တော်ထက်သို့သာ ရောက်ရှိသွားလေ၏။ မင်းကြီးသည် သားတော်ကို ရင်ခွင်တွင် ပွေ့ပိုက်ထားပြီး ကျေးတောသူ ထင်းသည်မကလေးကို အဂ္ဂမဟေသီ ဘွဲ့ပေးပြီး မိဖုရားကြီး တင်မြှောက်ကာ ပြည်သူလူထုကို သိစေလေသည်။

ဇာတ်တော်ကို ပေါင်းသော် ကျေးတောသူမကလေးကတော့ မဟာမာယာဒေဝီအလောင်းတော်၊ ဗြဟ္မဒတ်မင်းကြီးကတော့ သုဒ္ဓေါဒနမင်းကြီး အလောင်းတော်၊ ကဋ္ဌဝါဟန ခေါ်တဲ့ မင်းသားကတော့ ငါဘုရားပင် ဖြစ်သည်ဟု ဇာတ်တော်ကို ပေါင်းတော်မူလေသည်[၁]။

## မဟာပဇာပတိ ဂေါတမီ၏
## နတ်ဘဝ လူ့ဘဝ မိန်းမမြတ်ဂုဏ် ၁၀-ပါး[၂]

**၁—ရူပဂုဏ်။** ။ရုပ်သွင်ကြော့ရှင်း ယမင်းရွှေစင် ထုလုပ်ထားသည့်အသွင် ရှုသူ မြင်သူ ကြည်ဖြူဆင့်ပွါး အသရေအားဖြင့် ပြည့်စုံလှသည့်အပြင် နုနုယဉ်ယဉ် ပြိုင်ယှဉ်ဘက်ကင်း သက်စုနှင်းထိုက် မင်းကြိုက် စိုးကြိုက် ဘုန်းမဲ့သူများနှင့် လားလားမှမထိုက်တဲ့ မကိုဋ္ဌသရဖူ ထိပ်ခေါင်တင်

၁။ ဇာတက ဋ္ဌ-၁၊ ကဋ္ဌဝါဟနဇာတ် နှာ-၁၅၀။
၂။ ထေရီအဋ္ဌကထာ နှာ-၁၅၆။

ဒေဝီဖြူတို့၏ ထိပ်ထား ရုပ်သွင်အား ပိုင်ရှင် ဂုဏ်ပေါင်းစု သခင်မကြီးလည်း ဖြစ်၏။

၂—သဒ္ဒဂုဏ်။ ။သန့်ရှင်းသာယာ ချိုမြိန်စွာဖြင့် မဟာ ကရဝိက် သံသာဟိတ်သို့ မဆိတ်အေးကြည် စွဲလမ်းမှု မဝအီဘဲ ထူးကဲလေးနက် သြဇာထက်သည့် ကွဲအက် မထင် အသံဂုဏ်ပိုင်ရှင် သခင်မကြီးလည်း ဖြစ်၏။

၃—ဂန္ဓဂုဏ်။ ။ကိုယ်သင်းနံ့စုံ ရဂုံမြိုင်လယ် စပယ်နံ့တလီ ရွှေဖီနံ့သင်း အင်ကြင်းနံ့တဖြာ ရတနာမဉ္ဇူ မွှေးမျိုးစုံကြူ နံ့သာဖြူနံ့လိုလို ဇလပ်ပျိုရနံ့ တအုံ့တသြ မွှေး ပေါင်းစုံ စုနှောသည့် ကိုယ်သင်းဂုဏ် ရနံ့ပိုင်ရှင် သခင်မကြီး လည်း ဖြစ်၏။

၄—ရသဂုဏ်။ ။ကိုယ်လုံးအစုံ ရသပုံသည် ရင်အုံနုနု မုဒုရသ ဆိမ့်အိလှသည် ပပ ဥမ္မာ မယှဉ်သာအောင် ရသာလေးနက် အသက်ရှည်စေ ဂုဏ်ပေါင်းဝေသည့် သားရေ ရသ နတ်သုဒ္ဓါ အာဟာရသို့ ထိတွေ့ရကာမျှဖြင့် အသက်ရှေစေ နိုင်သော ရသဂုဏ်ပိုင်ရှင် သခင်မကြီးလည်း ဖြစ်၏။

၅—ဖောဋ္ဌဗ္ဗဂုဏ်။ ။ပဉ္စပါပီ မဟေသီဒေဝီ အလှသူမလည်း မမှီနိုင်၊ မုဒုလက္ခဏာဒေဝီ မဟေသီ မိဖုရားလည်း မတုပနိုင်၊ ဒေဝစ္ဆရာ သုစိတ္တာ သုမာလာ သုနန္ဒာ သုဇာတာတို့လည်း မယှဉ်နိုင်၊ ထိတွေ့ရုံကာမျှဖြင့် လွှတ်မရ အောင် နူးညံ့လှသည့် အတွေ့ဂုဏ်ပိုင်ရှင် သခင်မကြီးလည်း ဖြစ်၏။

**၆–အာယုဂုဏ်။** ။ရုပ်နာမ်မနွမ်း အစဉ်လန်းလျက် စန်းလ ပုံသွင် ကင်းစင်ရောင်ဝါ ကြည်လင်ပါ၍ ရှည်စွာသော အသက်ရှိသဖြင့် နတ်လူ များစွာ ဝေနေယျာ တို့၏ ကြည်ညိုနှစ်သက်ခြင်း၊လေးစားမြတ်နိုးခြင်း၊ပူဇော်ကန် တော့ခြင်းတို့ကို ခံယူနိုင်စွမ်းရှိသည့် သိရိသောဘဂ္ဂ ဒီဃာယု ဂုဏ်ပိုင်ရှင် သခင်မကြီးလည်း ဖြစ်၏။

**၇–ဝဏ္ဏဂုဏ်။** ။နတ်ပွဲဝင် ဇမ္ဗူရာဇ် ရွှေစင်နှစ်ကဲ့သို့ မည်း ညစ်မထင် ကြည်လင်သန့်ရှင်း ရဟန်း မင်း သားတော် မြတ်မဟော်ကို နို့ချိုတိုက်ကျွေး ဇမ္ဗူရာဇ်ရွှေ ရောင်သွေးကို အစဉ်ပေးအပ်ဆက်နှင်းသည့် အဆင်းတော် ပိုင်ရှင် သခင်မကြီးလည်း ဖြစ်၏။

**၈–သုခဂုဏ်။** ။နတ်ပြည်မှာလည်း မဟာကေရိ ဒေဝီသုခ၊ လူ့ပြည်မှာလည်း စကြာဒေဝီ မဟေသီ သုခ ဘယ်အမျိုးသမီးမှ တုလို့မရသည့် ရှုလို့မဝ နှလွင်လှတဲ့ သုခချမ်းသာဂုဏ်ပိုင်ရှင် သခင်မကြီးလည်း ဖြစ်၏။

**၉–ယသဂုဏ်။** ။နတ်ပြည်မှာလည်း အခြွေအရံတွေ ဝိုင်း ဝိုင်းလယ်၊ လူ့ပြည်မှာလည်း အခြွေအရံ တွေ ဝိုင်းဝိုင်းလယ် သောသောကြွယ်လျက် ရွှေ နောက် ဝဲ ယာ ဇမ္ဗူမှာအတူ ပြိုင်ဘက်မပြူ အခြံအရံပြောထူသော ဧကရာဇ် ဘုရင်မတဆူကဲ့သို့ ယသဂုဏ်ပိုင်ရှင် သခင်မကြီးလည်း ဖြစ်၏။

**၁၀–အဓိပတေယျဂုဏ်။** ။စာနာထောက်ထား သနားသည့် ခံစသော လက္ခဏာဂုဏ် ပြည့်စုံ

မှုကို အကြောင်းပြု၍ အမျိုးသမီး အမျိုးသားတို့၏ လေးစားခြင်း၊ မြတ်နိုးခြင်း၊ ချစ်ခင်ခြင်းတို့ကို ရရှိ၍ အမိပတေယျ အထွတ် တမွတ် ဥသျှောင် အခေါင်အဖျား ရှေ့သွားဦးဆောင် ဂုဏ်ပိုင်ရှင် သခင်မကြီးလည်း ဖြစ်၏။

နတ်မိဖုရားကြီး၊ လူမိဖုရားကြီး ထိပ်တန်းစည်းစိမ်ပိုင်ရှင် မြတ်မိခင် ဂေါတမီသည် အာရုံငါးပါး ကျက်စားရာ လောကီသံသရာနယ်မှသာ ဂုဏ်ဆယ်ဖြာ ပြည့်စုံရှာသည်မဟုတ်ပါပေ၊ ငြိမ်သက် တည်ကြည် မှုနည်လွတ် ကင်း ကြောက် ရွံ့ခြင်း အလျှင်းမရှိ ပညာသမာဓိဓာတ် မြင့်မြတ်ပြည့်စုံ သာသနရိပ်မြုံ ဘိက္ခုနီမတို့၏ စခန်းကိုလည်း ရှေ့တန် မှ လှမ်း၍ ချီတက်ခဲ့သူ ဖြစ်၏။

ဘိက္ခုနီမ သာသနာ (၁၀၀၀) တထောင်ရရှိအောင် ခွင့်တောင်းသူမှာလည်း ဂေါတမီမယ်တော်ပင် ဖြစ်၏။ မဟာရာဇီ-ကာရာမ ကျောင်းတိုက်တော်ဝယ် ကြယ်တာရာသဖွယ် တင့်တယ် လှပရှာတဲ့ သာကီဝင် မင်းသမီးအပေါင်းတို့၏ ရံရွေတော် အလယ်ဝယ် အလွန်တင့်တယ်လှပရှာသော ပုဏ္ဏမီစန္ဒာ လပြည့်ဝန်းရတနာကြီးကဲ့သို့ ရွှေနောက်ဝဲယာ ရပ်ဆယ်မျက်နှာမှ ရှုတိုင်းတင့်တယ် ဂုဏ်ပေါင်းစုံ ပြည့်ကြွယ်လှသော ထေရီမယ် ထိပ်ခေါင်တင် ဘုရင်မကြီးလည်း ဖြစ်၏။

## အပြစ် ၆-ပါး ကင်းခြင်း

အမျိုးသမီးဘဝ ရရှိပြန်သော်လည်း ယောကျ်ားတို့၏ အသဲမှာ မယ်နှစ်ထားသလို ခွဲမရ လွဲမရ အမြဲစွဲမက်နေမှသာ မိန်းမမြတ်ဘဝနှင့် ပျော်နေရကျိုး နပ်ပေမှာပ။ ၎နပဒ-

ကလျာဏီမင်းသမီးရဲ့ မယ်တော် မဟာပဇာပတိ ဂေါတမီမှာ မိန်းမတို့၌ ဖြစ်ပေါ်တတ်တဲ့ အပြစ်ခြောက်ပါးမှ ကင်းရှင်း စင်ကြယ်လေသည်။

၁။ အရပ် နိမ့်လွန်းခြင်း။

၂။ အရပ် မြင့်လွန်းခြင်း။

၃။ အသား မည်းလွန်းခြင်း။

၄။ အသား ဖြူလွန်းခြင်း။

၅။ အသားအရေလျော့နည်းပြီး ကြုံလှီလွန်းခြင်း။

၆။ အသားအရေ တိုးပွါးလွန်းသဖြင့် ဆူဖြိုးပြီး ဝလွန်းခြင်း။

ဤကဲ့သို့ မလိုလားအပ်တဲ့ အပြစ် ခြောက်ပါးများလည်း ကင်းလွတ်လေသည်[၁]။

## ကောင်းခြင်းငါးပါးနှင့်[၂] ပြည့်စုံခြင်း

ထို့ပြင် မိန်းမထူး မိန်းမမြတ်တို့၌ ရှိသင့် ရှိထိုက် ရှိအပ်သော ကောင်းခြင်းငါးပါးတို့မှာလည်း အလျော့ အနုတ် မရှိ အပို အလွန် အကဲ မရှိပါတဲ့—

၁။ ကဋ္ဌနာ ဗိမ္ဗာအဆင်းအရောင် မသေ့ အရေ၏ အလှ ဂုဏ်ဝေငြိပြီး အတွေ့အထိ ရှိလှခြင်း။

---

၁-၂။ မဟာဝဂ္ဂသံယုတ် ၄-၂၅၉၊ ခုဒ္ဒကပါဌ ၄-၁၉၃၊ ဇာတ်အဋ္ဌကထာ၊ ပ-တွဲ၊ နှာ-၄၁၈။ ဓမ္မပဒအဋ္ဌကထာ၊ ပ-တွဲ၊ နှာ-၂၄၄-စသည်တို့တွင် ရှုပါ။

၂။ နူးနူးညံ့ညံ့ ပျော့ပျော့ ပြောင်းပြောင်း ကိုင်မိတဲ့လက် ရွေ့ပြောင်းလို့မရအောင်ပင် တွေ့ထိ ငြိကပ် မြတ်နိုး တွယ်တာလို့မအီ အလီလီဆင့်ကာဆင့်ကာ အစွဲခေတ် များစွာပါလှတဲ့ **အသားခေတ်၏ ကောင်းလှခြင်း။**

၃။ ထုံးဖွဲ့မရှိ ပကတိ အရေ အသားပေါ်သို့ မပို မသန်း မလွှမ်းမခြုံ နိမ့်တုံ မြင့်တုံမရှိ ဖို သတ္တဝါတွေ ကလိ သော်လည်း ပြကတေ့အနေ မဝေ မစောတဲ့ အသွင် အစဉ်နွဲ့ကာ အခရာသဘောပါ မကျန် ဘွေ့ထိတိုင်း မဟာဆန်နှောကြတဲ့ ရတနာမွန် **အကြော၏ကောင်း လှခြင်း။**

၄။ သဘောတမျိုး မနှောတိုးလျက် အမျိုးမျိုး ကိုင်ဖက် လျှင် ယိုင်ထွက် ပျော့ထွတ် ဖိုနှောက်ညွတ်ကာ မောင် လိုရာသုံး ပြုံးပြုံးပျိုပျို နှစ်လိုမညှိုး **အရိုးခေတ်၏ ကောင်းလှခြင်း။**

၅။ ရှစ်နှစ်ဂေါရီ ဆယ်လီကညာ ပျိုနုသည့်အခါမယ်ဝယ် အရွယ်၏ တင့်တယ်ခြင်း၊ ဝဏ္ဏ, ဗလ ဒသကနှုန်း သုံးဆယ် လေးဆယ် ထိုအချိန် နှယ်နှယ် မှာလည်း အရွယ်၏ တင့်တယ်ခြင်း၊ ပညာဟာနိ အရွယ်ထိတိုင် ရင်, တင် မယိုင် ခိုင်ခိုင်ပြည့်ဝ အလှမလျော့ ကော့ ရရော့ ကြော့ရှင်း **အရွယ်အလှ၏ တင့်တယ်နေခြင်း။**

ဤကဲ့သို့ ကောင်းခြင်းငါးပါးနှင့် ပြည့်စုံနေကြသော မိန်းမ မြတ်တို့သာ မိန်းမဘဝ ရကျိုးနပ်ကြရပေမည်။

မိန်းမဘဝတို့၌အပြစ်ခြောက်ပါးကင်းလွတ်၍ ကောင်းခြင်း ငါးပါးနှင့်ပြည့်စုံသော မိန်းမမျိုး ဖြစ်ပေါ်ရရှိရေးမှာ ပါရမီ ဘုန်းကံသာ ပဓာန ဖြစ်၏၊ ရလိုလျှင် ဆုတောင်းပါ ပါရမီ ဖြည့်ပါ၊ ကျွန်တော်မသည် မိန်းမဘဝနှင့်ဘဲ ပျော်မွေ့နေထိုင် လိုပါတယ်၊ မိန်းမဘဝကို မမုန်းနိုင်သေးပါ၊ သံသရာမှာ မိန်းမသာ ဖြစ်လိုပါသေးတယ်လို့ ဆိုပါက တနည်းအားဖြင့် ဖွင့်ကြပါဦးစို့။

## မိန်းမတို့၏ အာဝေဏိက ဒုက္ခ ၅-ပါး[၁]

၁။ ကာမဂုဏ်ဇော သောသောလှိုင်လှိုင် မြိုင်မြိုင်ဆိုင်ဆိုင် ကြီး ဖြစ်ပေါ်လာလို့ မထိန်းနိုင် မချုပ်နိုင်တဲ့ အရွယ်အမှန် "အပျိုသင်စ ဣတ္ထိယတို့ ကာမအာရုံ ဆွေဆွေခုန်သည် ကြုံရာ ယောကျ်ား ကြိုက်စေသားဟု နုပ်ခါးလိမ်းပြင် တွင်တွင် မှန်ကြည့် ပန်းအပြည့်နှင့် ဆန်းသည့်မူရာ ပြုကြရှာသည် မကွာနေ့တိုင်း အမြဲတည်း"ဆိုတဲ့အတိုင်း အချိန်အရွယ် ရောက်လာလို့ ဘဝရွှေဆက် မြရွှေခွက်ဝယ် ချရေစက်အတူ ဆုံကြသည့် အိမ်သူချစ်လင် သက်မျှကြင်သား လင်ယောကျ်ား နောက် ကောက်ကောက်ပါအောင် လိုက်ပါရခြင်း ဒုက္ခဘေး ကြီးတပါး။

---

၁။ သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် အာဝေဏိက ဒုက္ခသုတ် ၄၃၆၊ ယင်း, ဌ-၁၂၅-စသည်တို့၌ အာဝေဏိက ဒုက္ခငါးပါး မူရင်း ရှုပါ။

၂။ မကြည်မသန့် ထိပ်လန့်ဘွယ်ရာ ဓမ္မတာပန်း ပွင့်လန်း လာတော့သဖြင့် တကိုယ်ရေ သန့်ရှင်းရေး ဆေးကြော သုတ်သင်ရတဲ့ ဒုက္ခဘေးကြီးတပါး။

၃။ ကြာတိုက် အခန်း၌ ချမ်းချမ်းမြေ့မြေ့ မေမေ့ သက်ထား ဤသည်သားကို တရားအနှစ် မေတ္တာစစ်ဖြင့် နှစ်နှစ်နှောနှော အချစ်ဇောသန် ပင်ပန်းခံ၍ ကိုယ်ဝန်ရတနာ မွန်ကို လွယ်ရခြင်းဒုက္ခဘေးကြီး တပါး။

၄။ ယောကျ်ားဖောင်စီး မိန်းမမီးနေ ဆင်းရဲတွေ့ ဖုံဖုံ ဝေလျက် အသက်မသေရုံ မီးဖွားရတဲ့ ဒုက္ခဘေးကြီး တပါး။

၅။ လင့်အလိုလိုက် လင့်အကြိုက် ပြော သဘောပြု မနော ကြူ အပြောမဆူ ချိုအေး လင်စိတ်တိုင်းကျ လုပ်ကျွေးပြုစု နေရတဲ့ ဒုက္ခဘေးကြီး တပါး၊ သည်ငါးပါး မရှိမုန်းလို့ မိန်းမ ဘဝကို ထပ်တလဲလဲ အလိုရှိနေသေးတယ်လို့ ဆိုခဲ့ပါလျှင် မဟာပဇာပတိဂေါတမီတို့လို မိန်းမတို့၏ ဂုဏ်ဆယ်ပါးနှင့် ပြည့်စုံအောင် ဆုပန်ဘို့ရန် ပါရမီဖြည့်ဘို့ လိုအပ်လှပေသည်။

ရှစ်ခမင်းသွီးမှာ နတ်ဘဝ လူ့ဘဝတို့၌ ရသင့် ရထိုက်တဲ့ မိန်းမမြတ်ဂုဏ်ဆယ်ပါး ပြည့်စုံတဲ့ အမျိုးသမီးဆိုရင်ဘဲ ဆိုသင့် ဆိုထိုက်ပေသည်၊ သို့ဖြစ်ပါ၍ ဤအခက်း၌ မိန်းမမြတ် မယ်တော် ဂေါတမီ၏ ဂုဏ်ထူးကို ဖော်ပြရခြင်းပင် ဖြစ်ပေ သည်။

## လူ့ရှ၁နယ် အလှသတင်းကြီးတဲ့ ရှစ၁မယ်ရတန၁မင်းသမီး အကြောင်း[၁]

ခေတ်အားဖြင့်ကား ကဿပဘုရားနှင့် ဂေါတမဘုရား ကြားကာလပင် ဖြစ်၏၊ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်သူ ရှစ၁ဆိုတဲ့ မိန်းကလေးဟာ အလှကေရိမယ်တဦးပင်၊ သူမရဲ့ အသွင်အပြင်ကို စေတရင္ဌ နဂါးမင်းကြီးနှင့် ဝိမလာဒေဝီ နဂါး မိဖုရားကြီး၏ ရင်သွေး ရင်နှစ် ရင်ဍ္ဌဖြစ်သော ဣရန္ဓတီ မင်းသမီးအလှ တုလို့ ပလို့ မရရှိနိုင်အောင် လှရှ၁တယ်တဲ့၊ လှရပေမှာပ၊ သူငယ်မဟာ ဂေါရီအရွယ် နုနုထွတ်ထွတ်မို့ အလှဆန်းကြွယ် ကညာအရွယ်မှာတော့ စိုစိုပြေပြေ အလှ ကျက်သရေတွေ ဝေဝေဆာဆာနဲ့မို့ တမျိုးလှတဲ့ပြင် သီလပန်း ကိုယ်မှာ ဆင်ထားတော့ အလှကေရိ ဖြစ်နေတော့ဒါပေါ့။

ပါရမီအကြောင်းကတော့ သူမဟာ ကမ္ဘာတသိန်းတိုင် တိုင် ပါရမီပြည့်စုံ ကုသိုလ်အအုံ ကြီးမားခြင်းကြောင့်ဘဲ ဖြစ် တယ်၊ ခင်ရှစ၁ အလှဂုဏ်ထဲမှာ အမရာ၏ ဉာဏ်ပညာအလှ, ကိန္နရီမယ်၏ နွဲ့နွဲ့ပြောင်းပြောင်းအလှ, မဒ္ဒီ၏ သမုဒယအလှ, သမ္ဗုလာ၏ အလိမ္မာအလှ ရှေ့တုံ ပြမ်းစုံ ထားသကဲ့သို့ ယောကျ်ားထူး ယောကျ်ားမြတ်တို့၏ နှစ်သက် မြတ်နိုးစရာ ရှိသမျှတို့ကို တယုတယ သမုဒယ သူ့ကိုမှ ပုံအပ်လိုက်ချင်စရာ အမျိုးစုံ စုဝေးရာမှာ အလိမ္မာပေါင်းစုံ ခယကြတဲ့ ဌာနကြီး တရပ်ပမာ သူမမှာ ရှိနေရပြန်သတဲ့။

---

၁။ ဇာတ်အဋ္ဌကထာ၊ သတ္တမတွဲ၊ နှာ-၁၀၆-စသည်ရှု။

ထူးမြတ်လှတဲ့ အလှမယ်ရတနာ မရှုစာဆိုတဲ့ အမျိုးသမီးဟာ သစ္စာပြုရာမှာ အလွန်တရာ စူးရှ လေးနက်လှပါတယ်၊ လူ့ပြည်မှာရှိကြတဲ့ အနန္တ အသခေျ မရေမတွက်နိုင်အောင် များပြားလှတဲ့သူတွေကို မဆိုထားဘိ နတ်ပြည် ခြောက်ထပ် ပြဟ္မာနှစ်ဆယ်ဘုံမှာရှိကြတဲ့ နတ်ပြဟ္မာ အပေါင်း သောင်းသောင်း ဖျဖျ ဘဝင်ခုန် ရင်တုန်အောင် သစ္စာပြုစွမ်းအားရှိတဲ့ အမျိုးသမီးတဦးပါဘဲ။

ခင်ရှုစာ၏ သစ္စာပြုခြင်း၏ အစွမ်းဒဏ်ကို မခံနိုင်ရှာတဲ့ ဗုဒ္ဓလောင်းလျာ နာရဒပြဟ္မာကြီး လူ့ပြည်သို့ ဆင်းခဲ့ရတာကို ရှုကြည့်ပါက ခင်ရှုစာ၏ သစ္စာကာရ မဟာဗျူဟာ၏ အစွမ်းဟာ အလွန်တရာ ထက်မြက်လွန်းလှပေ၊ မယ်ဘဝမှ မောင်ဘဝသို့ ကူးပြောင်းမည့် ရှုစာမယ်လို့ ဆိုရင်လဲ ဆိုနိုင်ပါတယ်။

သူမဟာ ကျွန်ုပ်တို့ ဘဒ္ဒကမ္ဘာ လေးဆူမြောက် ဂေါတမဘုရား လက်ထက်တော်မှာ ဧတဒဂ်ရ ယောကျ်ားထူး ယောကျ်ားမြတ် ရဟန္တာတဆူ ဖြစ်မည့်သူ ကောန် ဖြစ်ကြောင်းကို ဖခင် အင်္ဂတိမင်းကြီးထက် မြော်မြင်ဉာဏ်ကြီးခြင်းက လူနတ် ပြဟ္မာအပေါင်းကို ဖော်ပြနေခြင်းပင် ဖြစ်၏။

ရှုစာဆိုတဲ့မိန်းခလေးဟာ အဆင်းလှသလောက် အချင်းလဲ လှတဲ့ အမျိုးသမီးဖြစ်တယ်၊ ဖခင် ဆင်ခြင်တုံဉာဏ် ကင်းမဲ့သလောက် သမီး ဆင်ခြင်တုံဉာဏ် ဝင်းခဲ့ရလေသည်။ သို့မို့ကြောင့် ဖခင်ကို တရားပြနိုင်စွမ်း ရှိရပေသည်။

ဤရှုစာမင်းသမီးသည် ဝိဒေဟရာဇ်တိုင်း မိထိလာပြည် အင်္ဂတိမင်းကြီးနှင့် အဂ္ဂမဟေသီ လကျ်ာထား စကြာဒေဝီ မိဖုရားကြီးမှ မီးရှူးသန့်စင် ဖွားမြင်သော ချစ်လှိုမြွေး တဦး

တည်းသော သမီးလှုရတနာပင်ဖြစ်သည်။ လက်ျာထားမိဖုရားကြီးမှတပါး တသောင်းခြောက်ထောင်ကုန်သော မိဖုရားငယ်တို့မှာ အမြုံမတွေသာ ဖြစ်ကြ၍ သားသမီး မရှိကြပေ။

## အင်္ဂတိမင်း၏ နန်းညီလာခံ

တန်ဆောင်မုန်းလပြည့်နေ့ ကြတ္တိကာနက္ခတ်သဘင် ဆင်နွှဲချိန်၌ မိထိလာပြည်ကြီးမှာ အလွန်တရာ သာယာလှ၏၊ အင်္ဂတိမင်း ညစာသုံးဆောင်ပြီး ခြသေ့ခံသော လေသာနန်းတံခါးကိုဖွင့်လှစ်လျက် အမတ်များနှင့် ဆွေးနွေးစံပျော်နေစဉ် အရှေ့ပြင်မှ လပြည့်ဝန်းကြီး ထွန်းလင်း တောက်ပ ကျက်သရေရှိလှစွာ ထွက်ပေါ်လာတာကို ရှုလျက် မိန့်မြွက်သည်မှာ

**အင်္ဂတိ။** ။လောကကိုအလှဆင်လျက် ထွက်ပေါ်လာသော ဤလမင်း၏ အရောင်အဆင်းသည် အလွန်တရာ မွေ့လျော်ဘွယ်ကောင်းလှ၏။ အဘယ်မည်သော မွေ့လျော်ခြင်းဖြင့် ငါတို့ မွေ့လျော်ကြရကုန်အံ့နည်း အမတ်များ။

**အလာတ။** ။အလာတအမတ် စစ်သူကြီးက စစ်အင်္ဂါ လေးပါး ပြင်ဆင်၍ စစ်တိုက်အံ့သော အစီအရင်ကို ပြုလျက် စစ်ရေးပြရန် ကောင်းကြောင်းပါဘုရား။

**အင်္ဂတိ။** ။သုနာမ အမတ်ကြီးကလဲ မိမိအမြင်ကို တင်ပြစေဗျား။

**သုနာမ။** ။တန်ဆောင်မာသာ အလွန်တရာ သာယာလှသော အချိန်မျိုး၌ အာရုံငါးပါး ကာမဂုဏ်များစွာဖြင့် ပျော်မွေ့နေရန် သင့်ကြောင်းပါဘုရား။

**အင်္ဂတိ။** ။ဝိဇယအမတ်ကြီးအလှည့်ဖြစ်၍ တင်လျှောက်စေဗျား။

**ဝိဇယ။** ။အတတ်ပညာနှင့် ပြည့်စုံသော ရဟန်းပုဏ္ဏားတို့ကိုဆည်းကပ်၍ အရှင်မင်းကြီး၏ ယုံမှားခြင်းကိုပယ်သင့်ကြောင်းပါ ဘုရား။

**အင်္ဂတိ။** ။ဝိဇယအမတ်ကြီး လျှောက်တင်ချက် နှစ်သက်တော်မူသဗျား။

**အလာတ။** ။အရှင်မင်းကြီး ရသေ့ရဟန်း ပညာရှိတို့သည် မိဂဒါဝုန်တောမှာ ရှိကြောင်းပါ၊ ကဿပအမျိုးမှလာသော ကဿပ တက္ကတွန်းဆရာသည် အဝတ်မဝတ်ဘဲ တရားကျင့်၏၊ ဉာဏ်အမြော်အမြင် ကြီးဘိ၏၊ နှစ်သက်ဘွယ်သောစကားကို ဆိုတတ်၏၊ ထိုဆရာကြီးထံ ဆည်းကပ်ရန် သင့်ကြောင်းပါဘုရား။

## ကဿပတက္ကတွန်း၏ အကြံကို နှစ်သက်လက်ခံမိတဲ့ အင်္ဂတိ

အလာတအမတ်ကြီး၏ အကြံများကို ယုံစားမိသော အင်္ဂတိမင်းသည် သိန္ဓောမြင်း ၄-ကောင်ကသော မင်္ဂလာ

ရထားဖြင့် ကဿပတက္ကတွန်းရှိရာသို့ သွားရောက်ပြီး တင့်အပ်လျောက်ပတ်သော နေရာ၌ နေလျက် နှုတ်ခွန်းဆက်သခြင်းတို့ကို ပြုသည်မှာ—

**အင်္ဂတိ။** ။အရှင်ကဿပ ကိုယ်စိတ် ခန့်ကျန်းပါ၏လော၊ ဆွမ်းစသောပစ္စည်း မျှတပါ၏လော၊ ကိုယ်စိတ်ကြည်လင်စွာ ချမ်းသာခြင်းရှိပါ၏လော၊ မျက်စိမဝေ နားတွေမသိ ပဂ္ဂတိရှင်ကြည်ပါ၏လော။

**တက္ကတွန်း။** ။ဒကာတော် မင်းကြီး မေးလျှောက်အပ်သော လေးရပ်သောမင်္ဂလာ ညီညွတ်ပြည့်စုံလှပါ၏။

**အင်္ဂတိ။** ။အရှင်ကဿပကို အကျွန်ုပ်သိလိုသောအကြောင်းများကို မေးလိုပါသည်၊ မေးခွင့်ပြုပါရန် ညွှန်ကြားပါ၊ အကြံကောင်းအကြံမြတ်ကို ပေးပါ။

**တက္ကတွန်း။** ။ကောင်းပါပြီ၊ မင်းကြီး၏ အတွေးအခေါ်တို့ကိုသာ မေးပါ၊ ဉာဏ်မှီသမျှ ဖြေဆိုပြောပြပါမည်။

**အင်္ဂတိ။** ။အရှင်ကဿပဆရာကြီး—

၁။ ဤလောက၌ ရှိကြကုန်သော လူတို့သည် မိဘတို့၌ အဘယ်သို့ ကျင့်ရပါအံ့နည်း၊

၂။ ဆရာသခင် ကျေးဇူးရှင်တို့၌လည်းကောင်း၊

၃။ သား သမီး ဇနီးမယားတို့၌လည်းကောင်း၊

၄။ အသက်အရွယ် ကြီးရင့်ကုန်သော သူတို့၌လည်းကောင်း၊

၅။ ရဟန်းပုဏ္ဏားတို့၌လည်းကောင်း၊
၆။ မှူး မတ် ဗိုလ်ပါတို့၌လည်းကောင်း၊
၇။ မြို့ ရွာ နိဂုံး ဇနပုဒ် ပြည်၌လည်းကောင်း အဘယ်သို့ ကျင့်ရပါအံ့နည်း၊
၈။ အဘယ်သို့ ကျင့်ပါမှ နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်နိုင်ပါသနည်း၊
၉။ အဘယ်တရားမှ ယုတ်လျော့သောကြောင့် အပါယ်ငရဲသို့ ကျရောက်ကုန်သနည်း။

**မှတ်ချက်။** ။ဤမေးခွန်းများသည် အလွန်သိမ်မွေ့လှန်း၍ ခက်ခဲလှ၏၊ လောက၌ အတုမရှိသော ဉာဏ်ကြီးပိုင်ရှင် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ် ဘုရားအလောင်းတော်တို့ကိုသာ မေးသင့် မေးထိုက်၏။

ကုသိုလ် အ ကု သိုလ် တို့ ကို လည်း ကောင်း, အကြောင်းအကျိုးတို့ကိုလည်းကောင်း မသိတတ်သော,အဝတ်ကိုမျှမဝတ် အရှက်ကင်းမဲ့၍ အသရေယုတ်စွာ မိုက်မဲသော တိတ္ထိတက္ကတွန်းကို မေးမိလေသည်မှာ အလွန်မှားလှပေသည်၊ မေးသော အင်္ဂတိမင်းသည် သတိကင်းလွန်းလှ၏။အပါး၌ရှိသော အမတ်များသည်လည်း မြော်မြင်ဉာဏ် နည်းလွန်းလှ၏။

သူယုတ်မိစ္ဆာ ကဿပတက္ကတွန်းမှာ အမေးနှင့်ညီအောင် မဖြေဆိုနိုင်ဘဲ အနှံ့နံ့ရင်တွေခုန် ကျောစိမ့်စိမ့်တုန်လျက် စားကျက်၌ အစာစားနေသောနွားကို တုတ်လုံးတံဖြင့် ခတ်မိသကဲ့သို့လည်းကောင်း, ခုံးခတ်ပြင်ဆင်ပြီးသော ထမင်းပွဲ၌ မှုံ့ဖုံ့ အမှိုက်တို့ကို ပယ် ချ ဘိ သ ကဲ့ သို့ လည်း ကောင်း တုန် လှုပ်

ချောက်ချားလျက် မစပ်မဆက်မနှစ်သက်စရာ ဖြေဆိုသည်မှာ—

## အလှူပေးခြင်း အကျိုးမရှိ

"မင်းမြတ် နာတော်မူလော့၊ မင်းကြီး ဤလောက၌ တရားကို ကျင့်သောသူအား ကောင်းကျိုးလည်း မရှိ၊ မကောင်းကျိုးလည်း မရှိ၊တမလွန်လောကလည်း မရှိ၊မင်းကြီး အဘယ်မည်သောသူသည် တမလွန်လောကမှ ဤ ပစ္စုပ္ပန်လောကသို့ လာသောသူကို မြင်ဘူး တွေ့ဘူးသနည်း။

အမိအဘ ဆရာဟူသည် မရှိ၊ မယဉ်ကျေးသော သူတို့ကို အဘယ်သူသည် ဆုံးမနိုင်အံ့နည်း၊ ခပ်သိမ်းသော သတ္တဝါတို့သည် ထပ်တူသာလျှင် ဖြစ်ကြလေကုန်၏၊ အသက်ကြီးသော သူကို အရိုအသေ အလေးအမြတ်ပြုသည်လည်း မရှိ၊ အား လုံ့လအကျိုးလည်း မရှိ၊ သဘောနောက် အစဉ်လိုက်သော သဘောပဲ့ကဲ့သို့ သတ္တဝါတို့သည် နိယတ အမြဲတရားသို့သာ အစဉ်လိုက်ကြ၏။ သတ္တဝါတို့သည် ရအပ်သော ဥစ္စာတို့ကို ရခြင်း၌ အဘယ်ကောင်းမှုအကျိုးဟု ဆိုအံ့နည်း။ မင်းကြီး အလှူပေးခြင်းအကျိုးကိုလည်း မရ မရှိ၊ လုံ့လလည်း အစိုးမရ၊ သူမိုက်တို့သည် အလှူကို ဆောက်တည်ကြကုန်၏။ ပညာရှိတို့သည် ခံယူကုန်၏။ သူမိုက်တို့သည် မိမိဥစ္စာကို အစိုးမရ၍ ပညာရှိတို့အား ပေးရကုန်၏။

## မြဲသောတရား ၇–ပါး

မီး၊ မြေ၊ ရေ၊ လေ၊ ချမ်းသာ၊ ဆင်းရဲ၊ အသက်၊ ဤကာယ ခုနစ်ပါးတို့ကို မြဲသောတရားဟု အကျွန်ုပ် ဆိုပါ၏။ မငွန့်အပ်

ကုန်၊ ဖျက်ဆီးခြင်းငှါ မစွမ်းနိုင်ကုန်၊ ကွဲခြင်းမည်သည် မရှိ၊ သတ်ခြင်း ဖြတ်ခြင်း ညှဉ်းဆဲခြင်းမည်သည်လည်း တစ်စုံတခုမျှ မရှိလေရာ၊ မီးစသော ၇-ပါးသော ကာယကိုယ်၏ အကြား၌ သာလျှင် ခား လုံစသော လက်နက်တို့သည် သွားကုန်၏။

အကြောင်းသည် သူတပါးတို့ ဦးခေါင်းကို ထက်စွာသော သံလျက်ဖြင့် ဖြတ်၏။ ထိုသူသည် ထိုအပေါင်းဖြစ်သော သူတို့ကို ဖြတ်သည်မဖြစ်၊ ထိုသို့ ဖြတ်သည်မဖြစ်ခြင်း၌ မကောင်းမှု အကျိုးသည် အဘယ်မှာ ရှိအံ့နည်း၊ ခပ်သိမ်းသောသူတို့သည် ကမ္ဘာကြီး (၈၄) ကမ္ဘာ ပြည့်သည်ရှိသော် စင်ကြယ်ကုန်၏၊ ထိုကမ္ဘာကြီး (၈၄)ကမ္ဘာ မစေ့မရောက်မီ ကိုယ် နှုတ် နှလုံး တို့ကို စောင့်၍ ကောင်းမှုကို ပြုသော်လည်း မစင်ကြယ်ကုန်။ မကောင်းမှုကို ပြုသော်လည်း ထိုကမ္ဘာကြီး ၈၄-ကမ္ဘာ ခဏကို မလွန်နိုင်ကုန်”–ဤသို့စသည်ဖြင့် ဥစ္ဆေဒဒိဋ္ဌိအယူကို မိမိအား အစွမ်းရှိသလောက် အကြွင်းမဲ့ အင်္ဂတိမင်းကြီးကို ဖြေ၏။

သုနက္ခတ်ခေါ် ကဿပတက္ကတွန်းသည် လိစ္ဆဝီမင်း၏ သားဖြစ်၍ သူ့ကို အထင်ကြီးစရာဖြစ်၏။ သို့သော် သူ၏ အဖြေမှာ ဗလချာဖြစ်၍ အနှစ်သာရ လုံးဝမရှိပေ။ ဒါပေမဲ့ အင်္ဂတိမင်းကြီး၏ အမတ် အလာတ-က ဤသို့ ကြားဝင်၍ ထောက်လိုက်၏။

အရှင်ကဿပ အရှင်၏စကားသည် မှန်ပါ၏၊ အရှင်ဆိုသောစကားကို အကျွန်ုပ် နှစ်သက်ပါ၏။

အကျွန်ုပ်သည် ရှေးရှေးဘဝက ဗာရာဏသီပြည်မှာ အလွန်ကြမ်းကြုတ်သော ပိင်္ဂလအမည်ရှိသော နွားသတ်ယောကျ်ား ဖြစ်ခဲ့၏၊ နွား ဝက် ကြက် ဆိတ်တို့ကို များစွာ သတ်ခဲ့ဘူး၏။

မကောင်းမှုတို့ကို များစွာ ပြုခဲ့ဘူး၏။ ရှေးအတိတ်ဖြစ်ခဲ့ဘူးတဲ့ ဘဝဖြစ်စဉ်ကို ပြန်ပြောင်း၍ တွေးတောဆင်ခြင်သည့်အခါ ပဌာန်းဆက် ကွင်းကွင်းကွက်ကွက် ဉာဏ်မှာ ပေါ်ထွက်လာပါသည်။ အကျွန်ုပ်သည် အလွန်ကြမ်းကြုတ်သော ပိင်္ဂလ နွားသတ်သမားဘဝမှ စုတိပြတ်ကြွေ သေခဲ့တဲ့အခါမှာ မိထိလာပြည်၌ စစ်သူကြီးအမျိုးမှာ လူ ဘဝပြန်ပြီး အလာတအမတ်ဟု ထင်ရှားစွာ ဖြစ်လာခဲ့၏၊ သို့ဖြစ်၍ အကုသိုလ်မကောင်းမှု၏ အကျိုး မရှိဟူသော အရှင်ကဿပ စကားသည် မှန်၏၊ အကျွန်ုပ်သည် ငရဲသို့ မရောက်ပါ၊ လူ့ဘဝမှာဘဲ ပြန်ဖြစ်လာပါသည်။

ဤ ပညာမဲ့ အလာတအမတ်၏ စကားကို ကြားရသော အင်္ဂတိမင်းသည် တက္ကတွန်းစကားကို ပို၍ လိုက်ပါယုံကြည်သွားတော့၏။

## ဗိဇကသူဆင်းရဲ ငိုကြွေးခန်း

ကဿပတက္ကတွန်းနှင့် အလာတအမတ် စကားကို ကြားရသော ဗိဇက သူဆင်းရဲသည် ရှိုက်ကြီးတငင် ငိုကြွေးလေ၏။

**အင်္ဂတိ။** ။အချင်းယောကျ်ား အဘယ့်ကြောင့် ငိုသနည်း၊ အမှန်လျှောက်လော့။

**ဗိဇက။** ။အရှင်မင်းကြီး အကျွန်ုပ်မှာ ရောဂါဝေဒနာ မရှိပါ၊ အကျွန်ုပ်သည်လည်း ရှေးဘဝ အတိတ်ပဌာန်းဆက်ကို မြင်၍ ငိုကြွေးခြင်း ဖြစ်ပါသည်။ အကျွန်ုပ်သည် လွန်ပြီး ရှေးအတိတ်ဘဝက သာကေတပြည်မှာ ဘာဝ အမည်ရှိသော သူဌေးကြီးဖြစ်ခဲ့ပါသည်၊ ထိုဘာဝ

> သူဌေးဘဝက အလှူဒါနတွေ ပြုခဲ့ပါသည်၊ ဥပုသ် သီတင်းစောင့်ခဲ့ပါသည်၊ကုသိုလ်ကောင်းမှုတို့ကိုသာ ပြုလုပ်ခဲ့ပါသည်၊ အကုသိုလ်ကို မပြုလုပ်ခဲ့ပါ။ဒါပေမဲ့ ယခုဘဝမှာ ဤ မိထိလာပြည် အိုးထိန်းသည်၏ ကျွန်မဖြစ်တဲ့ သူဆင်းရဲမ၏ ဝမ်းမှာ သန္ဓေရကာ ဗီဇက အဖြစ် ဆင်းရဲငြိုငြင်စွာပင် ဖြစ်လာရ၏။ အရှင်ကဿပတက္ကတွန်းနှင့် အလာတအမတ်တို့ပြောသော စကားသည် မှန်၍ ငိုကြွေးပါသည်။

အင်္ဂတိမင်းသည် တက္ကတွန်းကိုနှုတ်ဆက်၍ ရှိခိုးခြင်း အရိုအသေပြုခြင်းတို့ကို မပြုလုပ်တော့ဘဲ ပြန်လေ၏။ နန်းတော်သို့ ရောက်ရှိသောအခါ အလှူမဏ္ဍပ်တွေ ဖျက်စေပြီး ကာမဂုဏ်တို့ကိုသာ ခံစားပြီးနေသည့်အပြင် ကာမပိုင်လင်ရှိသော မိန်းမ၊ မိဘ အုပ်ထိန်းသော မိန်းမတို့ကို တွေ့မြင်တဲ့အခါ နှုတ်သက်တပ်မက်လျှင် သိမ်းပိုက်ပြီးပျော်ပါးလျက်ရှိနေလေ၏။ ပြည်သူအပေါင်းသည် ဆူပူအော်ဟစ် ငိုကြွေးကြကုန်လျက် ပြည်ပျက်ကြီးပမာဖြစ်၍ နေလေ၏။

## မြင့်မြတ်ရှစာ ဆွေကလျာ

ဝိဒေဟရာဇ်မင်း၏ အကျင့်ဖောက်ပြန်ခြင်းကြောင့် မိထိလာပြည်ကြီးပျက်စီးအံ့သည့်ဘေးကို မြင်မြော်မိရှာသော ပြည်သူ့သက်လျာ မိန်းမမြတ် ခင်ရှစာသည် အတိတ်ဖြစ်ပြီး ခုနစ်ဘဝ အနာဂတ်ဖြစ်လတ္တံ့ ခုနစ်ဘဝ ပေါင်း တဆယ့်လေးဘဝတို့ကို သိနိုင်စွမ်းရှိသော ပဋ္ဌာန်းဆက် ဉာဏ်ဆက် ရှိသူဖြစ်၏၊ ဤလူဘဝ မရမီကား တာဝတိံသာနတ်ဘုံကြီး၌ နတ်ထီးရိပ်ခို နတ်

သွီးပျိုဘဝကပင် လွန်ပြီး ခုနစ်ဘဝအဖြစ်, ရောက်လတ္တံ့ ခုနစ်ဘဝ အဖြစ်တို့ကို သိမြင်ခဲ့ဘူးလေပြီ၊သို့ဖြစ်၍ ဖခမည်းတော်ထံ အခစား ဝင်လေသည်၊ စန္ဒကနန်းပြာသာဒ်သို့ ဝင်၍ ခစားလေ၏။

**အင်္ဂတိ။** ။ဖခင်ရင်နှစ် သွီးချစ်ရတနာ ခင်ရစ္စာလား။

**ရစ္စာ။** ။မှန်လှပါ ဖခမည်းတော်ဘုရား၊ အဖိတ်နေ့ဖြစ်ပါ၍ ခစားကြောင်းပါ။

**အင်္ဂတိ။** ။သွီးလှရဘနာ၊ ဘုံခုနစ်ဆင့် ပြာသာဒ်နန်း၌ ချမ်းသာပါ၏လော၊ကြာမျိုးငါးပါး တို့နှင့် ပြည့်စုံသော ဘုတ္တာလုတ်ရေကန်၌ မွေ့လျော်ပျော်ပါးပါ၏လော၊ ပိုးဖုံကမ္ဗလာ ပဒုမ္မာနှင့် ကတ္တီပါဇင်းမယ် ဆင်ယင်ဘွယ် အဝတ်ဘန်းဆာများကော ပုံမှန်ဆက်သပါ၏လော၊ ချိုဆိမ့်အီအီ အဆီအနှစ် အရသာစစ်အရသာမှန်များကော အချိန်မှန် ပွဲတော် တည်ရပါ၏လော၊ စိန် ကျောက် ပုလဲ ကျောက်မျက်ရွဲ သန္တာ ဝဇီရာ ပတ္တမြား ပြယိုယားစသော ဆင်ယင်ဘွယ်တောင်း ကောင်းမြတ်လှသော အဆင်းတန်းဆာ ဒွါဂုယာများကော ပေါများပြည့်စုံပါ၏လော၊ စပယ်ခေါင်ရမ်း နှင်းပန်းဂေါ်ဖီနှင့် ဇကာဝါ များကော နေ့စဉ်ပုံမှန် ဆက်သပါ၏လော၊ ဖခင်ရင်နှစ် ချစ်သွီးရတနာ ခင်ရစ္စာမှာ ဘာဘာညာညာ ထိုထိုဟာဟာ လိုသေးတာများ ရှိပါသေးသလော၊ ဖခမည်းတော်အား မခြွင်း မချန်လျှောက်ထားပါလော့ သွီးတော်။

ရှစာ။ ။မှန်လှပါသည် ဖခမည်းတော် ပေးစွန့်တော်မူသော စားသုံးဘွယ်ရာ အစာအာဟာရ, ဆင်ယင်ဘွယ်ရာ အဝတ်ပုဆိုး ပိုးဖဲ ကမ္ဗလာ, ရုပ်နာမ်အစဉ် ရှင်ပျစရာ ပန်းနံ့သာ အမွှေးအကြိုင် စသည်တို့မှာ လိုလေသေးမရှိအောင် ပြည့်စုံလှပါသည်၊ မနက်ဖန်ခါ သာတာဂီရိ အစရှိသော နတ်ပြဟ္မာများ၏ စည်းဝေးရာ လက္ခယ်ဥပုသ်နေ့ ဖြစ်ပါ၍ ပုံမှန်ပေးမြဲဖြစ်သော အာသပြာတထောင်ကို ပေးတော်မူပါ။ ရသေ့ ပုဏ္ဏား သူတောင်းစား, ယာစကာ ဥစ္စာခေါင်းပါး ဆင်းရဲသားများအား ပေးလှူစွန့်ကြဲပါဦးဘုရား။

အင်္ဂတိ။ ။ချစ်သမီး ရသေ့ ပုဏ္ဏား ဖုန်းတောင်းယာစကာ ဥစ္စာခေါင်းပါး ဆင်းရဲသားများအား ပေးလှူခြင်းသည် အကျိုးမရှိ၊ တမလွန် လောကမရှိ၊ ပစ္စည်းကုန်ခန်းရုံသာ ရှိ၏။ ဥပုသ်စောင့်ခြင်းဖြင့် ညစာငတ်ရုံသာ ရှိ၏၊ ဘာမှအကျိုးမများ၊ ကောင်းမြတ်သော အစာအာဟာရ ထမင်းအဖျော် ရသာ ဆိဥ ထောပတ်စုတို့ကို မြိန်မြိန်ရှက်ရှက်သုံးစားပြီး ကာမဂုဏ် ချမ်းသာကိုသာ ခံစားပါလော့၊ နေမွန်းတိမ်းသောအခါ ထမင်း အဖျော် သုံးဆောင်လော့၊ ဥပုသ်စောင့်ခြင်းကို ရှောင်ပါလော့၊ အဆင်းရဲ မခံလေနှင့် ချစ်သမီး။

ဖခမည်းတော်သည် အရှင်ကဿပကို ဆည်းကပ်ပြီး ဩဝါဒကို ခံယူခဲ့စဉ် အလာတ အမတ်ကြီးနှင့်

ဗိဇက သူဆင်းရဲတို့၏ အတိတ်ဖြစ်ရပ် ပဋ္ဌာန်းဆက်ကိုလည်း အမှန်သိခဲ့ရ၏။ သို့အတွက်ကြောင့် ဥပုသ်သီတင်းစောင့်ခြင်းသည်လည်း အကျိုးမရှိ၊ အလှူဒါန ပေးကမ်း စွန့်ကြဲခြင်းသည်လည်း ပစ္စည်းကုန်ခန်းရုံသာ ဖြစ်၏။ ဤသို့လည်း ဆရာကဿပသုနက္ခတ်တက္ကတွန်းက ဟောလိုက်တယ်၊ ကမ္ဘာကြီး ၈၄-ကမ္ဘာတွင်း ကုသိုလ်ပြုလဲ အကျိုးမရနိုင်၊ အကုသိုလ်ပြုလဲ ငရဲသို့ မကျနိုင်၊ ကမ္ဘာကြီး ၈၄-ကမ္ဘာကျော်မှသာ အကျိုးခံစားရမည်ဟု ဟောလိုက်တယ်၊ သို့အတွက်ကြောင့် အာရုံ ငါးပါးနှင့်သာ ပျော်ပျော်ကြီးနေပါ သမီးတော်။

ရ၈၁။ ။ခမည်းတော်မင်းကြီး သမီးတော် ဥပမာပြ၍ဖြေဆိုပါမည်၊ ဤလူ့ဘုံ၌ ကုန်သည်တို့၏ လှေသင်္ဘောသည် အနည်းငယ်သောဝန်ကို အကြိမ်များစွာတင်သော် လှေသင်္ဘောသည် ပင်လယ်တွင်း၌ နစ်မြုပ်ရသည့်အတူ အကြင် လူမိုက်သည် မကောင်းမှုအကုသိုလ်ကို အကြိမ်များစွာ ပြုလုပ်ခဲ့ပါသော် ငရဲတည်းဟူသော ပင်လယ်တွင်း၌ နစ်မြုပ်ရမည်သာတည်း။

ထို့အတူပင် အလာတ အမတ်သည် အတိတ်ကောင်းမှုကြောင့် ဤလူ့ဘဝကို ယခုရရှိနေပါသော်လည်း ကောင်းမှုကုန်လျှင် အပါယ်ငရဲသို့မလွဲ ရောက်ရမည်သာတည်း။ ဗိဇကသူဆင်းရဲသည်လည်း ကုသိုလ်ကောင်းမှု အကျိုးပေးချိန်

မကျသေးဘဲ အကုသိုလ်အကျိုးပေးချိန် ရောက်နေ၍သာဆင်းရဲနေခြင်းဖြစ်၏၊ လွန်ပြီးအတိတ်ဘဝကဘာဝသူဌေးအဖြစ် ပြုခဲ့သော ကုသိုလ်သည် တနေ့တွင် အကျိုးပေးမည်သာတည်း။

ဗိဇကသည် ကဿပဘုရား လက်ထက်တော်ကတောတွင်း၌ လမ်းရှာမရသော ရဟန်းတပါးနှင့်တွေ့၍ ဒကာ လမ်းပြပါဟု အကြိမ်ကြိမ် မေးမိ၏၊ ဗိဇကဖြစ်မည့်သူ နွားပျောက်ရှာသောယောကျ်ားသည် စိတ်တိုနေသဖြင့် လမ်းမေးမိသောရဟန်းတော်အား သင်ကျွန်မသားရဟန်းလော ငါ့အား ထပ်မနွား နှုတ်ကြမ်းစွာ မေးရသလောဟု ပြစ်မှားပြောဆို မိခဲ့သော အကုသိုလ်ကံ တို့ကြောင့် ဤမိထိလာပြည်၌ အိုးထိန်းသည်တို့၏ ကျွန်မသားဗိဇကဖြစ်လာခြင်းပင် ဖြစ်သည် ဖခမည်းတော်။

ဤလူ့ပြည်၌ ပညာရှိဘို့သည် ကြာမြင့်စွာရှိပါ၏၊ မေးမြန်းစုံစမ်းပါဦး၊ ခမည်းတော်မြတ်ဘုရားအဝတ်မျှမဝတ် ဟိရိသြတ္တပ္ပ ကင်းမဲ့လှတဲ့ မိစ္ဆာတက္ကတွန်း၏ စကားကို မယုံကြည်သင့်ပါဘုရား။

အင်္ဂတိ။ ။အလာတအမတ်ကြီးဟာ ထိုဘဝက အလွန်ကြမ်းတမ်းရက်စက်တဲ့ နွားသတ်သမားကြီး၊ ယခုဘဝမှာမှ လူအဖြစ်၌ အဆင့်အတန်းမြင့်မြင့် ဖြစ်ရဒါကော သမီးတော် ဘယ်လို အဖြေပေးနိုင်မှာလဲ။

ရုစာ။ ။အပါယ်လေးပါးလားရာလားကြောင်း မကောင်းမှုများကို ပြုလုပ်သော အလာတ အမတ်သည်

အကြင်မျှလောက် မကောင်းမှုက အကျိုးပေးချိန် မကျသေး၊ ထိုမျှလောက်ကာလအတွင်းမကောင်း ကျိုး မပေးသေးပါ၊ ဤအလာတအမတ်သည် ဗာရာဏသီပြည် ပိင်္ဂလ အမည်ရှိသော နွားသတ် ယောကျ်ားအဖြစ် မရောက်သေးမီ ဘဝများက ပြုခဲ့ဘူးသောကုသိုလ်ကောင်းမှုကြောင့် ယခုဘဝ၌ အကျိုးပေးခြင်းပင် ဖြစ်ပါသည်၊ ထိုကောင်းမှု ကုန်လတ်သော် အပါယ်ငရဲသို့ မလွဲမသွေရောက်ပါ လိမ့်မည် ခမည်းတော်။

အင်္ဂတိ။ ။ချစ်သမီး အကြောင်းပြပုံမှာ ယုံကြည်စရာမတွေ့ ရသေးပေ၊ အလာတ အမတ်ကြီးနှင့် ဗီဇက သူဆင်းရဲတို့၏ အကြောင်းပြ အကျိုးပြုပုံကသာ ယုံကြည်စရာဖြစ်ပေသည်။

ရုစာ။ ။“ခမည်းတော် သူတော်ကောင်း ကို ဆည်း ကပ်မှီသူသည် သူတော်ကောင်းအဖြစ်သို့ ရောက် နိုင်ပါသည်၊ သူယုတ်မာကို ဆည်းကပ်မှီသူသည် သူယုတ်မာ အဖြစ်သို့ ရောက်နိုင်ပါသည်၊ သီလရှိသူ ထံ သီလတောင်းမှ သီလရနိုင်ပါသည်၊ သီလမရှိ သူထံ သီလတောင်းလျှင် သီလမရနိုင်ပါ ခမည်း တော်။....

ချစ်သမီး ဥပမာတင်ပြပါမည်၊ ဤလူ့ဘုံ၌ ရတနာငွေ ရှိသောသူကို ရတနာငွေတောင်းလျှင် ရတနာငွေရနိုင်ပါသည်၊ ရတနာငွေမရှိသူထံ ရတနာငွေတောင်းလျှင် ရတနာငွေမရ နိုင်ပါဘူးရား။

သီလမရှိသူ သူယုတ်မာကို ပေါင်းမိသူသည် လဆုတ်ပက္ခ၌ ထွက်သော လပမာ တဖြေးဖြေး အရောင် အဝါ ပျောက်ကွယ်၍သာ သွားတတ်ပါသည်၊ သီလရှိသူ သူတော်ကောင်းကို ပေါင်းမိသူသည် လဆန်းပက္ခ၌ ထွက်ပေါ်လာသော လပြည့်ဝန်းကြီးပမာ အရောင် အဝါတို့သည် တနေ့ထက်တနေ့ တိုးတက်၍ တိုးတက်၍သာ အရောင်အဝါ တောက်ပြောင်၍လာပါသည် ခမည်းတော်။

ကဿပတက္ကတွန်း ပြောသည့် အတိုင်း–ဂ၄-ကမ္ဘာသို့ ရောက်ပါမှ သံသရာအစဉ်ပြတ်မည် မှန်ခဲ့ပါလျှင် ဤတက္ကတွန်း ရဟန်းပြုနေသဖြင့် ဘာအကျိုးမျှ မခံစားနိုင်တော့ပါ၊ အကျိုးမဲ့သာ ဖြစ်ရာ၏။ 'ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနဲလှပြီ' ဟူသောစကားကဲ့သို့ မီးတောက်မီးလျှံထဲသို့ ဝင်တဲ့ ပိုးဖလံပမာ ကဿပတက္ကတွန်းသည် ငရဲမီးထဲသို့ မလွဲတမ်း ရောက်မည့် သူမိုက်သာဖြစ်သည် ဖခမည်းတော်ဘုရား။

ပြည်သူ့သက်ထား ခမည်းတော်မင်းမြတ်ဘုရား၊ အရှက်အကြောက်ကင်းမဲ့၍ အဝတ်ကိုမျှမဝတ်ပါဘဲနေသော ကဿပတက္ကတွန်းသည် သမန်းမြက်ဖြင့် ထုပ်သော အလွန်စက်ဆုပ်စရာ ငါးပုပ်နှင့်သာ တူပါသည်၊ ထိုငါးပုပ်ကို ထုပ်သော သမန်းမြက်သည် ငါးပုပ်အနံ့ ကူးလျက် စက်ဆုပ်စရာ ဖြစ်သကဲ့သို့ ဖခမည်းတော်သည်လည်း သမန်း မြက်ပုပ်နှင့် တူစွာ ပြည်သူ လူထုတို့၏ စက်ဆုပ် ရှံမုန်းစရာ ဖြစ်ရပါတော့မည်၊ အထူးဆင်ခြင်တော်မူပါဘုရား။ ဖခမည်းတော် မင်းမြတ်ဘုရား မွေးပျံ့သော ငွန် သရဖီ စံပယ် တောင်ဇလပ်ပန်းတို့ကို ထုပ်သော ပေါက်ရွက်ပမာ ဖြစ်တော်မူပါလော့။

ပညာဂုဏ် ရန့် သီလဂုဏ် ရန့် သင်းပျံ့သော သူတော်ကောင်းကို ပေါင်းမှသာ ပညာဂုဏ်ရန့် သီလဂုဏ်ရန့် ဘဝင်မဆုံအောင်သင်းပျံ့ပါလိမ့်မည် ဖခမည်းတော်မင်းမြတ်ဘုရား။

ခမည်းတော်မင်းကြီး သမီးတော်သည် ရာဇဂြိုဟ်ပြည်၌ ရွှေပန်းထိမ်သည်၏ သားဖြစ်စဉ်က မကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းဖော်မိ၍ မကောင်းမှုတို့ကို များစွာပြုခဲ့မိ၏။ သူတပါး မယားကို အနိုင်အထက်ပြု၍ ခိုးယူပေါင်းသင်းခဲ့၏။ ဤအကုသိုလ်ကံသည် အကျိုးမပေးသေးဘဲ ဘဝခြားလျက်ရှိသေး၏။

ဒုတိယဘဝ၌ ဝံသတိုင်း ကောသမ္ဗီပြည်တွင် သူဌေးကြီး၏တဦးတည်းသောသား ဖြစ်ရ၏။ မျက်နှာကြီးသားဖြစ်ရသည်အတိုင်း အသိုင်းအဝန်း အခြွေအရံတွေ အလွန်ပေါများလှ၏ကုသိုလ်ကောင်းမှု၌ နှစ်သက်ပျော်မွေ့သော မိတ်ဆွေစစ်မိတ်ဆွေကောင်းကို ပေါင်းဖော်ရရှိသည်ဖြစ်၍ အကျွန်ုပ်သည်အကုသိုလ်ကင်းရှင်းကာ ကုသိုလ် မပြတ်ပြုလုပ် ပွါးများခဲ့ရပါသည်၊ သီလအကျင့်တို့ကို များစွာကျင့်ခဲ့ရပါသည်၊ ကုသိုလ်ရွှေအိုးကြီးသည် ဒုတိယဘဝ၌ အကျိုးမပေးသေးဘဲ မြုပ်ကွယ်၍ နေ၏။

ဒုတိယဘဝမှ တတိယဘဝသို့ ရောက်သောအခါ သူများမယားကို ခိုးယူပေါင်းသင်းမိခဲ့သော အကုသိုလ်အကျိုးပေးချိန်ကျ၍ ရောရုဝရဲ၌ တခဏမျှ ချမ်းသာရာကို မရဘဲ ဆင်းရဲဒုက္ခ ပြင်းပြစွာ နေ့ ရက် လ နှစ်များစွာ ခံစားခဲ့ရ၏၊ ဤကဲ့သို့ခံစားရသော ဆင်းရဲဒုက္ခကို အလွန်တရာ ထိတ်လန့်ကြောက်ရွံ့ခဲ့ရပါ၏။

ရောရုဝရဲမှ ကျွတ်လွတ်ပြန်သောအခါ ဘိန္နာဂတပြည်မှာ သင်းကွပ်ခံရသော (ဝှေးစေ့အထုတ်ခံရသော) ဆိတ်ထီးဖြစ်ရပါသည်။ ထိုဆိတ်ထီးဘဝမှ သေသောအခါ မျောက်မျိုးမှာဖြစ်ရပါသည်၊ ဖခင်မျောက်မင်းသည် သားငယ် မျောက်ကလေး၏ ဝှေးစေ့ကို သွားဖြင့်ကိုက်၍ ထုတ်ပစ်ခြင်းကို ခံခဲ့ရပါသည်။ ထိုမျောက်အဖြစ်မှ သေသောအခါ ဒသနတိုင်း၌ သင်းကွပ်ခံရသော (ဝှေးစေ့အထုတ်ခံရသော) နွားလားဖြစ်ရပါသည်။ ထိုနွားလားဘဝမှ သေသောအခါ ဝဇ္ဇီတိုင်းရွာသူကြီးအမျိုး၌ လူ့ဘဝကို ရခဲလှစွာ ရရှိပါ၏။

ဒါပေမဲ့ ယောကျ်ားလည်း မဟုတ် မိန်းမလည်း မဟုတ်၊ နပုန်းပဏ္ဍုက်ကြီး ဖြစ်ပါသည်၊ ဤ အကုသိုလ်များသော ဘဝကို ရောက်ရခြင်းသည် ရှေးပန်းထိမ်သည်သားဘဝက သူများမယားကို ပြစ်မှားကျူးလွန်ခဲ့ခြင်းကြောင့် ဖြစ်၏။

ထိုနပုန်းပဏ္ဍုက်ဘဝမှ သေသောအခါ သိကြားမင်း၏ အလုပ်အကျွေး နတ်သမီး ဖြစ်ရပါသည်၊ အဆင်းလှသလောက် အဝတ်တန်းဆာ ပြည့်စုံလှပါသည်၊ အသံသာသလောက် အမူအရာမှာ လှပါသည်၊ အဆိုကောင်းသလောက် အကစုံပါသည်၊ အတိတ်အကြောင်း ခုနစ်ဘဝမြင်သလောက် အနာဂတ်အကြောင်းခုနစ်ဘဝတို့ကိုလည်း မြင်ပါသည်၊ကြံတိုင်း ကြံတိုင်း မြင်ပါသည်၊ တွေးတိုင်းတွေးတိုင်း ပဋ္ဌာန်းဉာဏ်ဆက် ပေါ်ပါသည်၊ ယခုဘဝမှာလည်း အတွေးဉာဏ် အမြင်ဉာဏ် အလွန်အားကောင်းစွာ ပေါ်နေလျက်ပါဘုရား။

အနာဂတ် ဘဝများတွင်လည်း ခြောက်ဘဝတိတိ ဣတ္ထိဇာတ်ဝင် မိန်းမအသွင်ဖြင့် နေရပါလိမ့်မည်၊ ခုနစ်ဘဝမြောက်

မှာတော့ အလွန် တန်းခိုးကြီးတဲ့ နတ်သားဖြစ်ရပါလတ္တံ့၊ အာသာဝတီ နွယ်နီ စသော ပန်းမျိုးစုံ ရနံ့အမျိုးမျိုး ကြိုင်လှိုင်မွှေးတဲ့ နန္ဒဝန်ဥယျာဉ်တော်ထဲမှာ သွီးရစာရဲ့ အလုပ် အကျွေး နတ်သွီးတွေဟာ ယနေ့တိုင်အောင်ပင် ပန်းများစွာ သီကုံးလျက် ရှိကြပါကုန်၏။ ဇဝနနတ်သားကတော့ ကျွန်ုပ် ချပေးတဲ့ပန်းကို ခံယူလျက်ရှိပါသည်။

ဖခမည်းတော်ဘုရား သွီးရစာ ပညာနှင့် ယှဉ်၍ တင် လျှောက်ပါမည် ရှေးနားဆင်တော်မူပါဘုရား၊ ပညာဉာဏ် အဆင်အခြင်မဝင် ယုတ်မာလှတဲ့ ပုတ်သင်နှင့် ပေါင်းမိ၍ ဖွတ်မျိုးပြုတ်ရကြောင်းပါဘုရား။

**ဂေါဓရာဇဇာတ်**[1]။ ။လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း ကြီးစိုးသော အခါက ဘုရားအလောင်းတော်သည် ဖွတ်မင်းဖြစ်လေသည်၊ ဖွတ်မင်း သည် ဖွတ်အပေါင်းခြံရံလျက် ဂင်္ဂါမြစ်အနီး တခုသော တွင်းကြီး၌ နေထိုင်ကြလေသည်၊ ဖွတ်မင်း၏ သားငယ်ကလေး သည် ပုတ်သင်ငယ်နှင့် အဆွေဖွဲ့၍ ကျီစယ်ဖက်ရမ်း ကစား လေ့ရှိ၏၊ ဖွတ်မင်းသည် သားငယ်အား ယုတ်မာသော ပုတ်သင်နှင့် ပေါင်းသင်းကြောင်း ကြားသိရသောအခါ မပေါင်းရန် ဆုံးမ၏၊ ပုတ်သင်တို့မည်သည် အလွန် အကျင့် ယုတ်၏၊ စိတ်ထားမမှန် အကျင့် မကောင်း၊ သို့ဖြစ်၍ မပေါင်းရန် အတန်တန် ဆုံးမပြောဆိုသော်လည်း မရသဖြင့် လိုက်ခေါင်းတူးပြီး နေရာသစ် ရှာဖွေထားရလေသည်။

---

၁။ ဇာတ်အဋ္ဌကထာ၊ ပ-တွဲ၊ နှာ-၅၁၃။

တနေ့တွင် သားဖွတ်ကလေးက ကြီးပြင်းလာသဖြင့် ပုတ်သင်ကို ကစားသောအခါ ပုတ်သင်မှာ 'ဆင်ကျီစားတာ ဆိတ်မခံသာ'ဆိုဘိသို့ မခံနိုင်သဖြင့် ဤကဲ့သို့ ငါ့ကို ဖိလိုက်ဖက်လိုက်ပြုတာ များသော် ငါသေရတော့အံ့၊ ဖွတ်မုဆိုးနှင့် ပေါင်း၍ ဖွတ်မျိုး ပြုန်းတီး ပျက်စီးအောင် ကြံအံ့ဟု ကြံစည်၍ နေ့လပိုင်းသို့ ရောက်ရှိလေသော် မိုးရွာသဖြင့် တောင်ပို့အတွင်းမှ ပလူတွေထွက်သည့်အခါ ဖွတ်တို့သည် စားရန် ထွက်ကြကုန်၏၊ မုဆိုးနှင့် ခွေးတို့သည် ပုတ်သင် ညွှန်ပြသည့်အတိုင်း မီးနှင့်တိုက်လေ, ခွေးကိုကိုက်စေ, တုတ်နှင့် ရိုက်လေသဖြင့် ဖွတ်မျိုးပြုတ်ရလေသည့်ပမာ ဆင်းရဲကြီးစွာ ရောက်ကြပါလိမ့်မည်။

ဤအသိဉာဏ် ကင်းမဲ့လျက် အရှက်မရှိသော ကဿပ တက္ကတွန်းနှင့် ပေါင်းပါလျှင် တပြည်လုံး ဆုံးရှုံးပျက်စီးကြပါလိမ့်မည်၊ ဖခမည်းတော် တွေးဆ ဆင်ခြင်တော်မူပါဘုရား၊ မိစ္ဆာအယူကို စွန့်လွှတ်တော်မူပါဘုရား။

ဖခမည်းတော် လူ့ပြည်က လူတို့၏ အသက်တရာ အနှစ်တရာသည် တာဝတိံသာ နတ်ပြည်မှာ တရက်မျှသာ ရှိပါသည်၊ ဖခမည်းတော် ကုသိုလ်သည်ရင်း, အကုသိုလ်သည်ရင်း ပြုမိပါက ပျောက်ကွယ်သွားသည် မရှိပါ၊ အရိပ်ပမာ အမြဲ လိုက်ပါလျက် ရှိနေပါသည်ဘုရား။

## အဖေ တရားရစေရန် သမီး တရားပြရပြန်

ဖခမည်းတော် ခြေဆေးပြီးသောသူသည် ရွှံ့ညွှန်ကို ကြဉ်ရှောင်သကဲ့သို့ မြင့်မြတ်သော ယောကျ်ားဘဝရရှိသော သူ

သည် မြင့်မြတ်သော ယောကျ်ားဘဝကို အလိုရှိပါက သူတပါး မယားကို မပြစ်မှားဘဲ ဝေးစွာ ရှောင်ကြဉ်ရပါသည်။

ဖခမည်းတော် အကြင်မိန်းမသည် မြတ်သောယောကျ်ား ဘဝကို အလိုရှိပါက မိမိကိုယ်ကို ကျွန်ကဲ့သို့ပြု၍ မိမိလင်ကို အရှိအသေပြု၍ လုပ်ကျွေးရာ၏။

ဖခမည်းတော် အကြင်သူသည် လူနတ်ချမ်းသာ စည်းစိမ် ရတနာကို အလိုရှိပါအံ့၊ မကောင်းမှုကို ရှောင်ကြဉ်၍ ကုသိုလ် ကောင်းမှုတို့ကို ဆည်းပူး ပွါးများစေရာ၏၊ ဖခမည်းတော် တွေးဆတော်မူပါ၊ ငါသည် ဤ နန်းစည်းစိမ်ချမ်းသာ အခြွေ အရံတို့ကို အဘယ် အဆွေ ခင်ပွန်းက ပေးပါသနည်း၊ကုသိုလ် ကောင်းမှုတည်းဟူသော အဆွေခင်ပွန်းက ပေးသည် မဟုတ် ပါလား။

ဖခမည်းတော် ဤနတ်သမီးတမျှ လှပသော ကိုယ်လုပ် မောင်းမ အခြွေအရံတို့ကို အဘယ့်ကြောင့် ရရှိပါသနည်း၊ ကုသိုလ်ကောင်းမှုကြောင့် ရရှိပါသည် မဟုတ်ပါလား”.... ဤသို့ စသည်ဖြင့် နံနက်ကသည် ညဥ့်သုံးယာမ်ပတ်လုံး တရားပြပါသော်လည်း မိစ္ဆာအယူကို မစွန့်လွှတ်ပေ။

## ရှစ၁မင်းသမီး သစ္စာအဓိဋ္ဌာန် ပြုပုံ

ရှစ၁မင်းသမီးသည် မိန်းမမွန် မိန်းမမြတ် သမီးလိမ္မာတို့၏ ပါရမီအရှိအတိုင်း ဖခင် မိစ္ဆာအယူကို မစွန့်သော်လည်း မိမိ၏ ဇွဲလုံ့လကို မလျှော့ပါဘဲ လကျ်ာရစ်လည်၍ ဦးခေါင်းထက် လက်အုပ်ချီမြှောက်လျက် အရပ်မျက်နှာတို့ကို ရှိခိုးပြီးသော်

လောကပါလ သာသနပါလ နတ်ဗြဟ္မာအပေါင်းတို့ကို ဤသို့ တောင်းပန်ရှာ၏။

"ပညာဉာဏ် ရင့်သန် ကြီးမြတ်ကြကုန်သော ရဟန်းပုဏ္ဏား တို့သည်ရင်း၊ လောကကို စောင့်ရှောက်ကြကုန်သော နတ် ဗြဟ္မာအပေါင်းတို့သည်ရင်း ဤဝိဒေဟရာဇ်တိုင်း မိထိလာ ပြည် အင်္ဂတိမင်းနန်းတော်သို့ ကြွရောက်လာ၍ အကျွန်ုပ်၏ သီလဂုဏ် သမာဓိဂုဏ်စသော ကျေးဇူးကို စောင့်ရှောက် သောအားဖြင့် ခမည်းတော်၏ မိစ္ဆာအယူကို စွန့်စေလျက် ခပ်သိမ်းသော ပြည်သူလူထု၏ချမ်းသာကို စောင့်ရှောက်ကြပါ စေကုန်သတည်း"ဟု အဓိဋ္ဌာန်ပြုပြီး ရှိခိုးတောင်းပန်လေ၏။

## ရုစာမင်းသမီး၏ သစ္စာအဓိဋ္ဌာန်ချက်ကို အလွန်နှစ်သက်၍ နာရဒဗြဟ္မာမင်း လူ့ပြည်ဆင်း၍ တရားဟောခန်း

'လူမင်းဘုန်းကြီးတော့ နတ်မင်းမနေနိုင်'ဟူသော စကား ပုံပမာ ရုစာမင်းသမီး၏ သစ္စာအဓိဋ္ဌာန်ချက်ကို နှစ်သက် လှသော ဘုရားအလောင်းတော် နာရဒဗြဟ္မာမင်း လူ့ပြည် ဆင်းရန် အားထုတ်ရရှာပါတယ်။

"ငါသည် လူတို့၏ ကြည်ညိုနှစ်သက် လေးစားခြင်းကို ရရှိအောင် ရသေ့ရဟန်းအသွင်နှင့်ဆင်းမှ သင့်လျော်မည်၊ အင်္ဂတိမင်း၏ မှားသော မိစ္ဆာအယူကို ငါမှတပါး အခြား သောသူ ပယ်ခြင်းငှါ မတတ်နိုင်၊ ငါသည် ရဟန်းအသွင် ဖြင့် သွားရောက်အံ့"ဟု စိတ်ကို ဆုံးဖြတ်ပြီး—

ရွှေအဆင်းနှင့်တူသော လူ၏အသွင် ဖန်ဆင်းစီရင်၍ ရှုသူ မြင်သူ ကြည်ဖြူဆင့်ပွါး သဒ္ဓါများစေနိုင်တဲ့ သင်းကျစ်ကိုဆွဲပြီး လျှင် ဆံကျစ်ကြား၌ ရွှေဥသျှောင်ကျင် ဆံထိုးကို ထိုးလျက် နီလွင်မှိုင်းညို နှစ်လိုဘွယ်ရာ ကိုယ်ဝတ်သင်းပိုင်တို့ကို ဝတ်ရုံပြီး ကာ ရွှေကြွယ်အတိ ဆန်းကြွယ်စွာဖြင့် ခြယ်သအပ်သော သစ်နက်ရေသင်္ကန်းကို လက်ဝဲတဘက် ပုခုံးထက်ဝယ် ရုံယှက် ဖွဲ့ဆင် စမ္ပယ်တင်၍ ပုလဲဆိုင်သဏ္ဍာန်တမျှ ရွှေခရားကို ယူ၍ ကောင်းကင်ပြင်၌ လမင်းကဲ့သို့ ထွန်းပလျက် စန္ဒကနန်း ပြာသာဒ်သို့ ဝင်ပြီး အင်္ဂတိမင်း၏ ရှေ့တည့်တည့်၌ ရပ်လေ၏။ ရုစာမင်းသမီးသည် အရှင်ရသေ့ကို ဦးချရှိခိုး၏။

အင်္ဂတိမင်းသည်လည်း သလွန်ထက်မှ ဆင်းသက်၍ အရို အသေပြုကာ ထိတ်လန့်တုန်လှုပ်စွာဖြင့်—

**အင်္ဂတိ။** ။အနေကသတ-အနေကသဟဿ ဂန္ဒကနတ်သား တို့ အဆင်းကဲ့သို့ အဆင်းအရောင် ရှိလှပါတဲ့ ရှင် ရသေ့၊ အရပ်ဆယ်မျက်နှာကို လမင်း၏အရောင် ကဲ့သို့သော အရောင်အဝါဖြင့် ထွန်းပစေလျက် အဘယ်အရပ်မှ လာသနည်း၊ အရှင်၏ လာရာ အရပ်ကိုလည်းကောင်း အမျိုးအမည်ကိုလည်း ကောင်း မိန့်ကြားပါလော့၊ ဤ လူ့ဘုံလောကက အရှင့်ကို အဘယ်သို့ ခေါ်ဝေါ်ကြပါသနည်း၊ အကျွန်ုပ်အား မိန့်ကြားတော်မူပါ အရှင်ရသေ့။

ဤမင်းသည် တမလွန်လောကမရှိဟူ၍ စွဲစွဲမြဲမြဲ အယူရှိ၏။ ငါသည် နတ်ပြည်မှ တမလွန်လောကကို ပြောဆိုပေအံ့-ဟု ကြံဆ၍—

နာရဒ။ ။အရှင် မင်းကြီး ငါသည် နတ်ပြည်မှ လာခဲ့၏၊ ဘွဲ့အမည် အရှင်နာရဒလို့လဲ ခေါ်ကြတယ်၊ အရှင် ကဿပလို့လဲ ခေါ်ကြတယ်။

အင်္ဂတိ။ ။အရှင်နာရဒ အရှင်၏အရောင်အဝါ တန်းခိုးများ သည် ဤလူ့ပြည်၌ မရှိခဲ့ပါ၊ ရှေးအခါက တခါမျှ မမြင်ခဲ့ဘူးပါ၊ အရှင်အား အရောင်အဝါ တန်းခိုး များရရှိအောင် ဘယ်ပုံ ကြိုးစားအားထုတ်ပြီး ရှာမှီးခဲ့ပါသနည်း၊ အကျွန်ုပ်အား ပြောပြပါ အရှင်။

နာရဒ။ ။အရှင်အင်္ဂတိမင်း ငါသည် ရှေးတမလွန် ဘဝ အခါက—

၁။ သစ္စာရှိခဲ့ဘူးသည်၊ (မှန်ကန်တာကို လုပ်ခဲ့ သည်)။

၂။ တရားကို စောင့်ခဲ့ဘူးသည်၊ (သုစရိုက်နဲ့ နေခဲ့ သည်)။

၃။ ဣန္ဒြေကို ဆုံးမ၍ နေခဲ့ဘူးသည်၊ (သီလထိန်း ခဲ့သည်)။

၄။ ပေးကမ်း စွန့်ကြဲခဲ့ဘူးသည်၊ (အလှူ၌ မွေ့ လျော်ခဲ့သည်။

ဤလေးပါးသောအကြောင်းကြောင့် အရောင်အဝါရပြီး တန်းခိုးကြီးသည်၊ အလိုဆန္ဒ တောင်းတတိုင်း ပြီးစီးရသည်၊ ရတနာမှန်သမျှကို ရနိုင်သည်။ အလိုဆန္ဒ ခဏခြင်းပြည့်စေ, ကြံစည်သမျှ ခဏခြင်းအောင်စေ, တောင်းသမျှ ခဏခြင်း

ရစေ, ကာယစိတ္တာသုခ ရစေဆိုတာလို စေ-တလုံးပိုင်သကဲ့သို့ မြိုင်မြိုင်ဆိုင်ဆိုင် လှိုင်လှိုင်ကြီး ပြည့်စုံနေပေသည်။

**အင်္ဂတိ။** ။အရှင် နာရဒရသေ့ အရှင်သည် ကောင်းမှု၏ အကျိုးကို အံ့ဩဘွယ်ပြော၏။ ကောင်းမှုအကျိုး ရှိပါအံ့၊ အကျွန်ုပ်အား ထင်ရှားစွာ ပြပါ။

**နာရဒ။** ။အင်္ဂတိမင်း သင် ယုံမှားသံသယ ရှိသမျှကို မေး လော့၊ ငါသည် မနှောင့်မနှေးစေဘဲ ဖြေပေအံ့။

**အင်္ဂတိ။** ။အရှင်နာရဒရသေ့ အရှင်သည် အမှန်အတိုင်း ဖြေဆိုပါလော့။

(၁) နတ်သည်လည်း ရှိ၏၊

(၂) အမိအဘသည်လည်း ရှိ၏၊

(၃) ပစ္စုပ္ပန်လောကသည်လည်း ရှိ၏၊

(၄) တမလွန်လောကသည်လည်း ရှိ၏—

ဟု ရသေ့ပုဏ္ဏားလူအများတို့သည် ပြောဆိုကြသည်၊ ထို ပြောဆိုသော စကားသည် မှန်ပါသလော။

**နာရဒ။** ။အရှင်အင်္ဂတိမင်း၊ သင်မေးသော လေးမျိုးစလုံး သည် ဤလောက၌ ရှိ၏။ ဒါပေမဲ့ လူတွေဟာ ကာမဂုဏ်၌ တပ်မက်မောခြင်း, အဝိဇ္ဇာ ဖုံးအုပ် တွေဝေ မိန်းမောခြင်းကြောင့် တမလွန်လောက ကို မသိမြင်နိုင်ဘဲ ရှိနေကြကုန်၏။

**အင်္ဂတိ။** ။အရှင်နာရဒရသေ့ တမလွန်၌ သေကုန်သော သူတို့၏ အိမ်သည် ရှိ၏ ဟု အရှင်ယုံကြည်ပါ

အံ့၊ ယခု မျက်မှောက်ဘဝ၌ အရှင်နာရဒသည် အကျွန်ုပ်အား အသပြာငါးရာ ပေးလော့၊ ရွှေဖြစ်လတ္တံ့ တမလွန်ဘဝသို့ ရောက်သောအခါ အရှင်နာရဒကို အသပြာတထောင်ပေးအံ့ ဟု သရော်သလို ပြက်ရယ်စကားကို ဆို၏။

နာရဒ။ ။အရှင်အင်္ဂတိမင်း သင်သည် သီလဂုဏ်အကျင့်ရှိ၍ သူတပါး၏ ကျေးဇူးကို သိတတ်သော သူတော်ကောင်းအစစ်ဖြစ်ခဲ့ပါမူ သင့်ကို အသပြာငါးရာ ယခုပင် ငါပေးပါအံ့။ သင် အင်္ဂတိမင်းသည် မင်းကျင့်တရားနှင့်မညီပေ၊ ကြမ်းကြုတ်ယုတ်မာသော မိစ္ဆာအယူရှိနေသူ အသင့်အား အလောင်းအစားပြု၍ ငါပေးမိပါက အသင် ရောက်ရှိနေသည့် တမလွန် ငရဲရွာမှာ ဥစ္စာတထောင်ကို အဘယ်သူလိုက်၍ တောင်းခံပေအံ့နည်း။....

အင်္ဂတိမင်း ဤလူ့ပြည်၌ ပညာရှိကုန်သော သူတို့သည် ကိုယ်ကျင့်တရား ပျက်ပြားနေသော သူကိုလည်းကောင်း, သူ့ကျေးဇူးကို မသိတတ်သော သူကိုလည်းကောင်း, အပါယ်လေးပါးတည်းဟူသော တမလွန်လောကကို အမှန်သွားရမည်သာဖြစ်သော မှားသော မိစ္ဆာအယူရှိသော သူကိုလည်းကောင်း, သူတပါး မယားတို့ကို ပြစ်မှားသော သူကိုလည်းကောင်း, ယုတ်မာသော့သွမ်း ဟော့ရမ်းကြမ်းကြုတ် ညစ်ညမ်းစုတ်ပွဲသော သူယုတ်တို့ကိုလည်းကောင်း ဘယ်သူမှ ကြွေးမြီချေးခြင်းတို့ကို မပြုလုပ်ကြပေ၊ ပေးမိချေသော် ကြွေးငွေဆုံးပါးရုံသာ ရှိပေလိမ့်မည်။

အင်္ဂတိမင်း ဤလူ့ပြည်၌ ပညာရှိတို့သည် ပညာ အမြော်အမြင်ရှိသောသူ, လုံ့လဝီရိယရှိသောသူ, ကြောင့်ကြရှိသောသူ, ကိုယ်ကျင့်သီလရှိသောသူ, သူ့ကျေးဇူးကို သိတတ်သောသူတို့ကိုသာ ကြေးမြီပေးချခြင်းကို ပြုလုပ်ကြကုန်၏။ သို့မှသာ အရင်းနှင့် အတိုးအပွါးကို အမြန်ပြန်၍ ရနိုင်ပေသည်၊ ဒါကြောင့် အင်္ဂတိမင်းကြီးသည် သဘောထားဖြူစင် သူတော်သူမြတ်စာရင်းဝင် ဖြောင့်မှန်သောသူကိုသာလျှင် ဥစ္စာ အလိုရှိလျှင် ချေးယူလှည့်ဟူ၍ ဖိတ်ကြား၏။

ဘုရားအလောင်းတော် အရှင်နာရဒရသေ့ ပြောဆိုသော စကားသံကို ခုနစ်ယူဇနာ အပြောကျယ်လှသော မိထိလာ ပြည်အတွင်းရှိ လှည်းနေ လှေအောင်း မြင်းစောင်းမကျန် ပြည်သူလူထုတရပ်လုံး ကြားရ၍ ပြည်သူလူထုကရပ်လုံးသည် ကြားရာအရပ်မှ တခဲနက် ကောင်းချီး သြဘာ ပေးကြကုန်၏။ သာဓုခေါ်ဆိုကြကုန်၏။

## ငရဲခန်းကို ပြခန်း

ဗုဒ္ဓအလောင်းတော် နာရဒမြဟ္မာမင်းကြီးသည် အင်္ဂတိမင်းအား ငရဲခန်းကို ထိတ်လန့်စရာ ပြောပြသည်မှာ–"အသင် အင်္ဂတိမင်းသည် မိစ္ဆာအယူကို မစွန့်သည်ဖြစ်အံ့၊ ချမ်းသာ အလျှင်းမရှိ ဆင်းရဲအတိ ပြည့်သောငရဲ၌သာ အကြိမ်များစွာ ခံစားရပေမည်။

အင်္ဂတိမင်း လောကန္တရငရဲ၌ နေလတို့သည် မရှိကြကုန်၊ အမှောင်ဖုံး၍ အလင်းရောင် လုံးဝမရှိ၊ ညဥ့်နေ့မရှိ အလွန်မိုက်မှောင်၏၊ အုတ်အုတ်ကျက်ကျက် ကြောက်မက်ဘွယ်ရှိ၏၊

ထိုငရဲမှာ ဆင်းရဲဒုက္ခ ခံစားနေရသော သင့်ကို ငါသည်လည်းကောင်း တခြားသူသည်လည်းကောင်း ဥစ္စာကြေးမြီတောင်းခံရန် လာလိမ့်မည်မဟုတ်။

## ငရဲကြီး ၈-ထပ်

**၁—သိဉ္စိုဝ်းငရဲ။** ။မင်းကြီး ငရဲကြီး ၈-ထပ် ရှိသည့်အနက် သိဉ္စိုဝ်းငရဲ ဟူသည် ငရဲသား ဖြစ်သူကို အတုံးတုံး ဖြစ်အောင် ဖြတ်သော်လည်း အဖန်တလဲလဲ ပြန်၍ အသက်ရှင်ရသော ငရဲတည်း၊ ထိုသိဉ္စိုဝ်းငရဲ ဒုက္ခဆင်းရဲထဲမှာ ခံစားနေရသောသင့်ကို ကြေးမြီတောင်းသော်လည်း ဘယ်ပုံ သင်ပေးနိုင်အံ့နည်း။

**၂—ကာလသုတ်ငရဲ။** ။မင်းကြီး ကာလသုတ်ငရဲဟူသည် ငရဲသူ ငရဲသားသတ္တဝါတို့ကို အနိုင်ကျင့်ပြီးသော် သုံးဂါဝုတ်မျှသောကိုယ်ကို ရှစ်ပိုင်း တဆဲ့ ခြောက်ပိုင်း ပြတ်စေသော ငရဲတည်း။ ထိုကာလသုတ်ငရဲ၌ ခံရသော ငရဲသား ဖြစ်သူ သင့်ကို မည်သူ ကြေးမြီလိုက်၍ တောင်းအံ့နည်း။

**၃—သံဃာတငရဲ။** ။မင်းကြီး သံဃာတငရဲဟူသည် ငရဲသူ ငရဲသားသတ္တဝါကို အဝန်းအကျယ် ကိုးယူဇနာ ကျယ်သော သံမြေပြင်၌ ခါးတိုင်အောင်နှစ်မြှုပ်ထားပြီး အရပ် လေးမျက်နှာတို့မှ သံတောင်လုံးဖြင့် မှုန့်မှုန့်ညက်

ညက်ကြွေအောင် ကြိတ်၍ နှိပ်စက်သော ငရဲတည်း၊ ထိုသံဃာတငရဲ၌ ခံနေရသော ငရဲသား သင်သည် ကြေးမြီပေးဆပ်ခြင်းငှါ စွမ်းနိုင်ပါအံ့မည်လော။

၄—ဇာလရောရုဝငရဲ။ ။မင်းကြီး ဇာလရောရုဝငရဲ ဟူသည် ငရဲ ခံနေရသောသူကို ကိုးပါသော အပေါက်ဝ တို့မှ ပြေးဝင်လာသော မီးအလျှံဖြင့် လောင်ကျွမ်း စေသော ငရဲတည်း၊ ထိုဇာလရောရုဝငရဲ၌ ခံရသော ငရဲသား သင်မင်းကြီးအား ကြေးမြီ (၁၀၀ဝိ) တထောင်ကို မည်သူ တောင်းအံ့နည်း။

၅—ဓုမရောရုဝငရဲ။ ။မင်းကြီး ဓုမရောရုဝငရဲဟူသည် ငရဲခံရသောသူကို ကိုးပါးသော အပေါက်ဝတို့မှ ပြေးဝင်လာသော အလွန့် အလွန် ပူလှသော အခိုးတို့ဖြင့် ကျက်စေသော ငရဲတည်း၊ ထိုဓုမရောရုဝငရဲ၌ ခံရသော ငရဲသား ဖြစ်သူ သင်အင်္ဂတိမင်းသည် ကြေးမြီ တထောင်ကို အဘယ်မှာလျှင် ပေးဆပ်ခြင်းငှါ စွမ်းနိုင်ပါအံ့နည်း။

၆—တာပနငရဲ။ ။မင်းကြီး တာပနငရဲဟူသည် အပြစ်ရှိ၍ ငရဲခံရသောသူကို ထန်းလုံးအတိုင်းအရှည်ရှိသော ရဲရဲညီသော သံတံကျင်၌ မဘုန်

မလှုပ်ကျက်စေသောငရဲတည်း။ ထိုတာပန
ငရဲ၌ခံရသော ငရဲသားသင့်အား ကြေးမြို
ကို အဘယ်သူလိုက်၍ တောင်းခံအံ့နည်း။

၇–မဟာတာပနငရဲ။ ။မင်းကြီး မဟာတာပနငရဲ ဟူသည် မကောင်းမှု ပြု၍ ငရဲခံရသောသူကို မီးတောင်ထိပ် ပေါ်သို့ တက်ရပြီး လေခတ်၍ ဇောက်ထိုး ကျလာသော အခါ အလျှံတပြောင်ပြောင် တောက် လောင် ရှိနေသော သံဘံကျင်သည့် ငယ်ထိပ်မှ စအိုသို့ ထုတ်ချင်းပေါက် အလျှိုသွင်း၍ ကျက်စေသော ငရဲ တည်း။ ထိုမဟာတာပနငရဲ၌ခံရသော ငရဲသား ဖြစ်သူ သင့်ကို ဘယ်သူ ကြေးမြီတောင်းခံအံ့နည်း။

၈–မဟာအဝီစိငရဲ။ ။မင်းကြီး မဟာအဝီစိငရဲဟူသည် မှားသော မိစ္ဆာအယူရှိ၍ ငရဲခံရသူကို ဆင်းရဲဝေဒနာအမြဲဖြစ်စေ၍နေသော ငရဲတည်း၊ ထိုမဟာအဝီစိငရဲ၌ ခံနေရသော ငရဲသားသင့်ကို ဘယ်သူ ကြေးမြီတောင်းလိုအံ့နည်း၊ ဆင်းရဲဝေဒနာနှင့် သတ္တဝါတို့၏ အကြားသည် မရှိ၊ ထို့ကြောင့် အဝီစိလို့ ခေါ်ဆိုသည်၊ ကျယ်သော အဝီစိငရဲကို မဟာအဝီစိငရဲဆိုသည်။ ထိုငရဲ၌ ခံနေရသော

သင်သည် အဘယ်မှာလျှင် ကြွေးမြီ
ပေးဆပ်နိုင်အံ့နည်း။........

ဤငရဲတွေမှာ အသင်အင်္ဂတိမင်း ခံရလိမ့်လတ္တံ့၊ ဒုက္ခဝေဒနာသာ အဆက်မပြတ်ဖြစ်၍ ဥပေက္ခာ ဝေဒနာစသည် လုံးဝအကြားမရှိသော အဝီစိငရဲ၌ ခံစားနေရသော သင် အင်္ဂတိမင်းကို အဘယ်သူလိုက်၍ ကြွေးမြီ တောင်းခံအံ့နည်း။ ထိုငရဲများ၌ ဒုက္ခဆင်းရဲခံစားနေရသော သင့်ကို မည်သူက လာပြီး ကြွေးမြီ ၁၀၀၀ဝိ/တထောင်ကျပ်ကို တောင်းခံအံ့နည်း။

အသရေလုံးဝမရှိ ချမ်းသာအလျှင်း ကင်းမဲ့သော ငရဲဘုံသို့ အသရေမင်္ဂလာနှင့် ပြည့်စုံ၍ ချမ်းသာမျိုးစုံကို ရရှိခံစားပြီး နေသော လူနတ် ဗြဟ္မာတို့သည် ဘယ်သောအခါမှ မသွား ရောက်ကြပေ။

သူယုတ်မာတို့သာ ဒုစရိုက် အပေါင်း စုပေါင်း ရပ်တည် နေရာ ငရဲဘုံသို့ သွားရောက်ကာ ဆင်းရဲဒုက္ခကို ခံစားပြီး နေကြရသည်။ ငရဲဘုံသို့ အသင်အင်္ဂတိမင်း သွားရောက်လိုက မိစ္ဆာဒိဋ္ဌိအယူကို မစွန့်ဘဲရှိစေ။

အရှင် အင်္ဂတိမင်းကြီး နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသော သူ၏ ငရဲ၌ ခံစားရခြင်း အတိဒုက္ခဆင်းရဲကြီးများဟာ စကြဝဠာတခုလုံး ကုန်ဆုံးသော်လည်း အကုသိုလ် မကုန်သေး သမျှကာလပတ်လုံး တခြားတခြားသော စကြဝဠာမြောက် မြားစွာရှိ ငရဲဘုံများသို့ ရွှေ့ပြောင်း၍ ခံစားကြရလေသည် ကို သတိရှိစေချင်သည်။

အမိသတ်ခြင်း စသော ပဉ္စာနန္တရိယ အကုသိုလ်ကံသည် စကြဝဠာတခုတွင်သာ ခံစားရ၏၊ အကုသိုလ် မကုန်မခြင်း တခြား စကြဝဠာသို့ ပြောင်းရွှေ့၍ ခံစားရသည်မရှိ၊ သင်ယခု စွဲစွဲမြဲမြဲယူနေသော နိယတမိစ္ဆာဒိဋ္ဌိအယူမှာ အမိသတ်ခြင်း စသော ကံကြီးငါးပါးထက် ကြီးလေးပေသည်။

ဤသို့ အပါယ်ဘဝ၌ ခံစားရမည့် အကြောင်းကို ဟောပြသောအခါ မျှားစွာ တန်လှုပ်၍ နိယတမိစ္ဆာဒိဋ္ဌိအယူကို စွန့်လေသည်။ ထိုနောက် သိဝိမင်းစသော ရှေးမင်းတို့၏ မင်းကျင့်တရားကို ကျင့်သုံးကြပုံကို နာရဒရသေ့က ဆက်လက်ဟောကြားခဲ့၏။

## ဝိပဿီစသော ဘုရားခုနစ်ဆူ၏ မေတ္တာတော်ဆေးကို ခံယူခြင်း

၁။ ငါးပါးသော စက္ခုနှင့် ပြည့်စုံတော်မူသော၊ လက္ခဏာကြီးငယ် ရောင်ခြေါက်သွယ်ဟု ဆိုအပ်သော အသရေတော် အပေါင်းနှင့် ပြည့်စုံတော်မူသော၊ သစ္စာလေးပါးမြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော၊ ဝိပဿီအမည်တော်ရှိသော မြတ်စွာဘုရား၏ သန့်ရှင်း ကြည်လင်အေးမြတော်မူလှသော မေတ္တာတော်တည်း ဟူသော ဆေးသည် အကျွန်ုပ်၏ ဦးခေါင်း ရတနာ မြတ်အင်္ဂါအထွတ်၌ အမြဲတစေ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

ငါးပါးသော စက္ခုနှင့် ပြည့်စုံတော်မူသော၊ လက္ခဏာ ကြီးငယ် ရောင်ခြေါက်သွယ်ဟု ဆိုအပ်သော အသရေတော် အပေါင်းနှင့် ပြည့်စုံတော်မူသော၊ သစ္စာလေးပါး မြတ်တရား

တို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော, **ဝိပဿီအမည်**တော်ရှိသော မြတ်စွာဘုရား၏ သန့်ရှင်းကြည်လင် အေးမြတော်မူလှသော မေတ္တာတော်တည်းဟူသော ဆေးသည် အကျွန်ုပ်၏ နူးညံ့သန့်ရှင်း နှလုံးသား အတွင်း၌ အမြဲတစေ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

## ဝိပဿီမြတ်စွာဘုရား၏
## ငါးပါးသော စက္ခု (အဓိပ္ပါယ်)[၁]

၁။ ဣန္ဒြိယ ပရောပရိယတ္တဉာဏ်တော် အာသယာနုသယ ဉာဏ်တော် ဤ ဉာဏ်တော်နှစ်ပါးသည် **ဗုဒ္ဓစက္ခု** မည်၏။

၂။ သဗ္ဗညုတဉာဏ်တော်သည် **သမန္တစက္ခု** မည်၏။

၃။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော် ဣဒ္ဓိဝိဓဉာဏ်တော် စေတောပရိယဉာဏ်တော် ပရစိတ္တဝိဇာနနဉာဏ်တော် စသော များစွာသော ဉာဏ်တော်သည် **ပညာစက္ခု** မည်၏။

၄။ သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိ မဂ်ဉာဏ်သည် **ဓမ္မစက္ခု** မည်၏။

၅။ နံရံတံတိုင်း တောတောင် အထပ်ထပ် ဝန်းရံပတ်၍ ကာကွယ် ဖုံးလွှမ်းထားသည်ကိုပင် ဖောက်ထွင်း၍

---

၁။ စက္ခုငါးမျိုးတို့ကို မဟာနိဒ္ဒေသပါဠိတော် ၃၅၊ ၂၇၅၊ ၃၅၆။ ယင်း-ဋ္ဌ-၁၃၅၊ ၃၃၀၊ ၃၃၇။ ခေမ္မသင်္ဂဏီပါဠိတော် ၁၅၇။ ယင်း-ဋ္ဌ-၃၄၄။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်-၆၊ ယင်း-ဋ္ဌ-ပ-၇၃-စသည်တို့၌ရှုပါ။

မြင်တော်မူနိုင်သော ဉာဏ်တော်သည် **ဒိဗ္ဗစက္ခု** မည်၏။

ဤ စက္ခုငါးပါးအပေါင်းနှင့် ပြည့်စုံတော်မူသော ဝိပဿီ မြတ်စွာဘုရားဟူ၍ ဆိုလိုပါသည်၊ သိခိမြတ်စွာဘုရားများမှာလည်း ဤ စက္ခုငါးပါး ရှိကြသည်ဟု မှတ်ပါ။

၂။ ခပ်သိမ်းသော သတ္တဝါတို့ကို အစဉ် သနားခြင်း မဟာကရုဏာနှင့် ပြည့်စုံတော်မူသော, သစ္စာလေးပါး မြတ်တရားတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော, **သိခီ** အမည်တော်ရှိသော မြတ်စွာဘုရား၏ သန့်ရှင်းကြည်လင် အေးမြတော်မူလှသော မေတ္တာတော်တည်းဟူသော ဆေးသည် အကျွန်ုပ်၏ ဦးခေါင်း ရတနာ မြတ်အင်္ဂါ အထွတ်၌ အမြဲတစေ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

ခပ်သိမ်းသော သတ္တဝါတို့ကို အစဉ်သနားခြင်း မဟာကရုဏာနှင့် ပြည့်စုံတော်မူသော, သစ္စာလေးပါး မြတ်တရားတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော, **သိခီ** အမည်တော်ရှိသော မြတ်စွာဘုရား၏ သန့်ရှင်းကြည်လင်အေးမြတော်မူလှသော မေတ္တာတော်တည်းဟူသော ဆေးသည် အကျွန်ုပ်၏ နူးညံ့သန့်ရှင်း နှလုံး**သား** အတွင်း၌ အမြဲတစေ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

၃။ ကိလေသာတို့ကို ညှဉ်းဆဲဖျက်ဆီးတော်မူတတ်သော, အရိယာမဂ် လေးပါးတို့ဖြင့် ဆေးကျော်အပ်ပြီးသော အညစ်အကြေး မကောင်းမှု ဒုစရိုက်ရှိတော်မူသော, သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော,

**ဝေဿဘူ** အမည်တော်ရှိသော မြတ်စွာဘုရား၏ သန့်ရှင်းကြည်လင် အေးမြတော်မူလှသော မေတ္တာတော်တည်းဟူသော ဆေး၌သည် အကျွန်ုပ်၏ **ဦးခေါင်း**ရတနာ မြတ်အင်္ဂါအထွတ်၌ အမြဲတစေ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

ကိလေသာတို့ကို ညှဉ်းဆဲ ဖျက်ဆီးတော် မူတတ်သော၊ အရိယာမဂ်လေးပါးတို့ဖြင့် ဆေးကျော်အပ်ပြီးသော အညစ်အကြေး မကောင်းမှု ဒုစရိုက်ရှိတော်မူသော၊ သစ္စာလေးပါး မြတ်တရား တို့ကို ပိုင်းခြားထင်ထင် သိမြင်တော် မူပြီးသော၊ **ဝေဿဘူ** အမည်တော်ရှိသော မြတ်စွာဘုရား၏ သန့်ရှင်းကြည်လင် အေးမြတော်မူလှသော မေတ္တာတော်တည်းဟူသော ဆေးသည် အကျွန်ုပ်၏ နူးညံ့သန့်ရှင်း နှလုံး**သား**၏ အတွင်း၌ အမြဲတစေ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

၄။ ကိလေသမာရ်စသော ငါးပါးသောမာရ်တို့ကို နှိပ်စက် ဖျက်ဆီးတော် မူတတ်သော၊ သစ္စာလေးပါး မြတ်တရား တို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော၊ **ကကုသန်** အမည်တော်ရှိသော မြတ်စွာဘုရား၏ မေတ္တာတော် တည်းဟူသော ဆေးသည် အကျွန်ုပ်၏ **ဦးခေါင်း** ရတနာ မြတ်အင်္ဂါ အထွတ်၌ အမြဲတစေ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

ကိလေသမာရ်စသော မာရ်ငါးပါးတို့ကို နှိပ်စက်ဖျက်ဆီးတော်မူတတ်သော၊ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော၊ **ကကုသန်**အမည်တော်ရှိသော မြတ်စွာဘုရား၏ **သန့်**ရှင်းကြည်လင် အေးမြတော်မူလှသော မေတ္တာတော်တည်းဟူသော ဆေးသည် အကျွန်ုပ်၏ နူးညံ့

သန့်ရှင်း နှလုံး**သား** ၏ အတွင်း၌ အမြဲတစေ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

၃။ အပပြုအပ်ပြီးသော မကောင်းမှု ရှိတော်မူသော, သုံးအပ်ပြီးသော အရိယာမဂ်လေးပါးတည်းဟူသော မြတ်သိတင်း ရှိတော်မူသော, သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြား ထင်ထင် ကိုယ်တော်တိုင်သိမြင်တော်မူပြီးသော, **ကောဏာဂုမ်** အမည်တော်ရှိသော မြတ်စွာဘုရား၏ သန့်ရှင်း ကြည်လင် အေးမြတော်မူသော မေတ္တာတော်တည်းဟူသော ဆေးသည် အကျွန်ုပ်၏ **ဦးခေါင်း**ရတနာ မြတ်အင်္ဂါအထွတ်၌ **အမြဲတစေ** ကိန်းဝပ် တန့်နား တည်နေတော်မူပါစေသတည်း။

အပပြုအပ်ပြီးသော မကောင်းမှုရှိတော်မူသော, သုံးအပ်ပြီးသော **အ**ရိယာမဂ်လေးပါး တည်းဟူသော မြတ်သော သိတင်းရှိတော်မူသော, သစ္စာလေးပါး မြတ်တရား တို့ကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူပြီးသော, **ကောဏာဂုမ်** အမည်တော်ရှိသော မြတ်စွာဘုရား၏ သန့်ရှင်း ကြည်လင် အေးမြတော်မူသော မေတ္တာတော် တည်းဟူသော ဆေးသည် အကျွန်ုပ်၏ နူးညံ့သန့်ရှင်း နှလုံး**သား**၏ အတွင်း၌ အမြဲတစေ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

၄။ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ခပ်သိမ်းသော တထောင့်ငါးရာ ကိလေသာတို့မှ လွတ်တော်မူပြီးသော, သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်ပြီးမူသော **ကဿပ**အမည်တော်ရှိသော မြတ်စွာဘုရား၏ သန့်ရှင်းကြည်လင် အေးမြတော်မူလှသော မေတ္တာတော်တည်းဟူသောဆေးသည် အကျွန်ုပ်၏ **ဦးခေါင်း** ရတနာ

မြတ်အင်္ဂါအထွတ်၌ အမြဲတစေ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

ခပ်သိမ်းသော အခြင်းအရာအားဖြင့် ခပ်သိမ်းသော တထောင့်ငါးရာ ကိလေသာတို့မှ လွတ်တော်မူပြီးသော၊ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူပြီးသော၊ **ကဿပ** အမည်တော်ရှိသော မြတ်စွာဘုရား၏ သန့်ရှင်း ကြည်လင် အေးမြတော်မူလှသော မေတ္တာတော်တည်းဟူသော ဆေးသည် အကျွန်ုပ်၏ နှုးညှံ့ သန့်ရှင်း နှလုံးသား၏အတွင်း၌ အမြဲတစေ ကိန်းဝပ် တန့်နား တည်နေတော်မူပါစေသတည်း။

၇။ လက္ခဏာကြီးငယ် ရောင်ခြောက်သွယ်တည်းဟူသော အသရေအပေါင်းနှင့် ပြည့်စုံတော်မူသော၊ ကိုယ်အင်္ဂါကြီးငယ်တို့မှ ပြိုးပြိုးပြက်ပြက်ထွက်သော အရောင်ရှိတော်မူသော၊ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင်သိမြင်တော်မူပြီးသော၊ သာကီဝင်မင်းသား **ဂေါတမ** အမည်တော်ရှိသော မြတ်စွာဘုရား၏ သန့်ရှင်း ကြည်လင် အေးမြတော်မူလှသော မေတ္တာတော်တည်းဟူသော ဆေးသည် အကျွန်ုပ်၏ ဦးခေါင်းရတနာ မြတ်အင်္ဂါအထွတ်၌ အမြဲတစေ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

လက္ခဏာကြီး ငယ် ရောင်ခြောက်သွယ် တည်းဟူသော အသရေတော် အပေါင်းနှင့် ပြည့်စုံတော်မူသော၊ ကိုယ်အင်္ဂါကြီးငယ်တို့မှ ပြိုးပြိုးပြက်ပြက် ထွက်သော အရောင်ရှိတော်မူသော၊ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော၊ သာကီဝင်မင်းသား **ဂေါတမ** အမည်

တော်ရှိသော မြတ်စွာဘုရား၏ သန့်ရှင်း ကြည်လင် အေးမြ
တော်မူလှသော မေတ္တာတော်တည်းဟူသော ဆေးသည်
အကျွန်ုပ်၏ နူးညံ့သန့်ရှင်း **နှလုံးသား**၏အတွင်း၌ အမြဲတစေ
ကိန်းဝပ် တန့်နား တည်နေတော်မူပါစေသတည်း။

## သစ္စာပြု၍ တိုက်စစ်ဆင်နည်း

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော
ကာတုံ၊

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ အာယုဝဍ္ဎနံ။

**အသက်ရှည်ရန် သစ္စာပြုနည်း** သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြား ထင်ထင် သိမြင်တော်မူသော ဘုရားရှင်တို့၏ ရုပ်သက် နာမ်သက်အား တစုံ
တယောက်သော ရန်သူသည် အန္တရာယ်ကိုပြုခြင်းငှါ မတတ်
နိုင်ပါ။ (ဝါ) မတတ်ကောင်းပါ။

ဤသို့ ဟုတ် မှန်စွာ ဆိုရသော သစ္စာစကားကြောင့်
အကျွန်ုပ်၏ ရုပ်သက် နာမ်သက် အဆက်မပြတ် တိုးပွါးခြင်း
သည် မယွင်းမသွေ ဖြစ်ပါစေသတည်း။ (အမြဲရွတ်သော
ပုဂ္ဂိုလ်အား အသက်ရှည်ရှိသာမက ဥစ္စာရတနာ အဝဝ
တိုးပွါးစေနိုင်ပါသည်၊ ကြိုးကြိုးစားစား အားထား၍ အချိန်
မှန်မှန် ရွတ်ပေးကြပါ။)

၂။ ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ သဗ္ဗညုတညာဏဝိလာ-
သဂ္ဂဿ သဗ္ဗညုတညာဏ အစိန္တေယျဿ န သက္ကာ
ကေနစိ အန္တရာယော ကာတုံ၊

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဉာဏဝဍ္ဎနံ။

**ဉာဏ်တိုးပွါးရန် သစ္စာပြုနည်း** သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြား ထင်ထင် သိမြင်တော်မူသော ဘုရားရှင်တို့၏ ကိုယ်တိုင်အားလုံး သိသော ဉာဏ်တော်အား, ကိုယ်တိုင်အားလုံးသိ၍ အလွန် တင့်တယ်သော ဉာဏ်တော်အား, ကိုယ်တိုင်အားလုံးသိ၍ မကြံစည်နိုင်သော ဉာဏ်တော်အား တစုံတယောက်သော ရန်သူသည် အန္တရာယ်ကို ပြုခြင်းငှါ မတတ်နိုင်ပါ။ (ဝါ)မတတ်ကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်၏ ပင်ကိုယ်ဉာဏ် ထက်မြက် အဆက်မပြတ် တိုးပွါးခြင်းသည် မယွင်းမသွေ ဖြစ်ပါစေသတည်း။ (ကမ္ဘာပေါ်တွင် ဉာဏ်ပညာထက်မြက်သော ဗမာ့သားကောင်း သမီးကောင်း ရတနာဖြစ်လိုသူ ပညာသင်ဆဲ ကျောင်းတော်သူ ကျောင်းတော်သားတိုင်း ရွတ်ပေးပါက တနေ့တခြား ဉာဏ်ပွင့်လင်း ထက်မြက်ပါလိမ့်မည်။)

၃။ ဗုဒ္ဓါနံ ရူပဿ ရူပဝိလာသဂ္ဂဿ ရူပအစိန္တေယျဿ
န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ရူပဝဍ္ဎုနံ။

**ရုပ်ရည်လှရန် သစ္စာပြုနည်း** သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြား ထင်ထင် သိမြင်တော်မူသော ဘုရားရှင်တို့၏ ရူပကာယတော်အား, အလွန် တင့်တယ်တော်မူသော ရူပကာယတော်အား, ကြံစည်အံ့ဩ ပြောဟော၍ မကုန်နိုင်သော ရူပကာယတော်အား တစုံတယောက်သော ရန်သူသည် အန္တရာယ်ကို ပြုခြင်းငှါ မတတ်နိုင်ပါ။ (ဝါ) မတတ်ကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား ရုပ်သွင်သန့်ရှင်း တိုးပွါးခြင်းသည် မယွင်း မသွေ ဖြစ်ပါစေသတည်း။ (အသရေအပြည့် ရုပ်ဆင်းလှလို သူတိုင်း သစ္စာပြုပေးကြပါ၊ လှချင်ရဲ့စက်စက်ယို ပျိုအိုမရွေး ရွတ်ပေးကြပါက မိတ်ကပ်နံ့သာ လိမ်းစရာမလိုဘဲ လှလာပါ လိမ့်မည်။)

၄။ ဗုဒ္ဓါနံ ဣဒ္ဓိယာ ဣဒ္ဓိဝိလာသဂ္ဂသာ ဣဒ္ဓိအစိန္တေယျသာ
န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဣဒ္ဓိဝဍ္ဎနံ။

**တန်းခိုးကြီးရန် သစ္စာပြုနည်း**

သစ္စာလေးပါးမြတ်တရားတို့ကို ပိုင်းခြား ထင်ထင် သိမြင်တော်မူသော ဘုရားရှင်တို့၏ တန်းခိုးတော်အား, အလွန် တင့်တယ်တော်မူသော တန်းခိုးတော်အား, ကြံစည်အံ့သြ ပြောဟော၍ မကုန်နိုင်သော တန်းခိုးတော်အား တစုံတယောက်သော ရန်သူသည် အန္တရာယ်ဆယ်ပါးကို ပြုခြင်းငှါ မတတ်နိုင်ပါ။ (ဝါ) မတတ်ကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား ဣဒ္ဓိပြည့်ဖြိုး မြတ်တန်းခိုးသည် မညှိုးမတွန့် တလွန့်လွန့်လျှင် ကွန့်ကွန့်ဝေဝေ တိုးပွါးပါစေသတည်း။ ။ (တန်းခိုးကြီးမှ သက်ရှိ သက်မဲ့ စည်းစိမ်ရတနာကို ရရှိမည်၊ တန်းခိုးကြီးအောင် သစ္စာပြုပြီး အချိန်မှန် ရွတ်ပေးကြပါ။)

၅။ ဗုဒ္ဓါနံ ဝစနသာ ဝစနဝိလာသဂ္ဂသာ ဝစနအစိန္တေ-
ယျသာ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဝစနဝဍ္ဎနံ။

**စကားပြောကောင်းရန် သစ္စာပြုနည်း** သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြား ထင်ထင် သိမြင်တော်မူသော ဘုရားရှင်တို့၏ ပကတိသော စကားတော်အား, အလွန်တင့်တယ် မြတ်ဂုဏ်ကြွယ်သော စကားတော်အား, ကြံစည်အံ့ဩ ပြောဟော၍ မကုန်နိုင်သော စကားတော်အား တစုံတယောက်သောသူသည် အန္တရာယ်ဆယ်ပါးကို ပြုခြင်းငှါ မတတ်နိုင်ပါ။ (ဝါ) မတတ်ကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာ စကားကြောင့် အကျွန်ုပ်အား စကားအရာ အင်္ဂါလေးတန် ပြည့်လျံလွန်တောင်း အပြောကောင်း အဟောကောင်းလွန်ဖြိုး အဆင့်ဆင့် တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။

စကားပြောကောင်းလိုသူတိုင်း သစ္စာပြုပေးပါ၊ စကားပရိယာယ် တနေ့တခြား ကြွယ်ဝလာပါလိမ့်မည်၊ ဘယ်သဘင်မဆို စကားအပြော အဟော ကောင်းဘို့ လိုအပ်လှသည်၊ ပညာရှိသော်လည်း စကားပြောမကောင်းပါက ပေါ်ပြူလာမဖြစ်နိုင်ပါ၊ မယ်ပေါ်လွင် မောင်ပေါ်လွင် ဖြစ်လိုသူတိုင်း သစ္စာပြုပေးကြပါ၊ ဤသစ္စာကာရ မဟာဗျူဟာသည် ဖော်ပြပါ အကျိုးများသာ ရစေနိုင်သည်မဟုတ်၊ ကျွန်ုပ်တို့ အလိုမရှိသော ကပ်သုံးပါးဘေး ရန်သူမျိုးငါးပါးဘေး စစ်ဘေးစစ်ဒဏ် မှန်သမျှ ကင်းစေရမည်၊ ရှင်းစေရမည်၊ ကမ္ဘာပေါ်တွင် ဗုဒ္ဓ မနှစ်သက်သော လက်နက်ပိုင်ရှင် မှန်သမျှကို ဗုဒ္ဓနှစ်သက်တော်မူသော သစ္စာလက်နက်နှင့် ခုခံတိုက်ဖျက်ပါက တဖက်မှ ရန်သူသည် ပြိုပျက်ရစမြဲပင် မဟုတ်ပါလော၊ ကိုယ်ကျင့်တရား မယိုယွင်းအောင် ကျင့်သုံးစောင့်ထိန်းပြီး ဗုဒ္ဓ

သစ္စာလက်နက်နှင့် တိုက်ဖျက်ကြပါက ကပ် ၃-ပါး ဘေးကို ကျော်လွှားမည်မှာ မလွဲနိုင်ပါ။

## ကမ္ဘာဦးက လူအနံ့

"လူမင်းဘုန်းကြီး နတ်မင်းမနေနိုင်" ဆိုတဲ့ ဆိုထုံးလည်း ရှေးကပင် ရှိခဲ့ပါသည်၊ အဲဒီထုံးသည်လည်း မဟာသမ္မတမင်း မှစ၍ စေတီယမင်းအထိ တကျိပ်နှစ်ယောက်မျှသော မင်း တို့ကို ဆိုလိုပါသည်၊ လူ့ဘဝ လူ့ ရုပ်ကာယသည် အနံ့ဆိုးသော ခေတ်ရည် ခေတ်ဟောင်းတို့၏ ကိန်းအောင်းရာဌာနကြီးတခု ဖြစ်လေရာ စက်ဆုပ် မသတီစရာဖြစ်သော မကောင်းသောအနံ့ ဆိုးတို့၏ အနံ့များဟာ ဖြစ်ပေါ်လာရမည်သာ ဖြစ်၏။

အဆိုပါ မဟာသမ္မတမင်းတို့၏ ခန္ဓာကိုယ်မှာ နံ့သာဖြူရနံ့ သင်းပျံ့ကြိုင်လှိုင်နေရခြင်း၊ နှုတ်ခံတွင်း ဟလိုက်လျှင် က မုဒြာကြာညိုရနံ့ မွှေးပျံ့နေရခြင်းက ဘယ်လို ထူးခြားတဲ့ ပုဂ္ဂိုလ်မျိုးမို့လဲ မေးစရာ ရှိ၏၊ ယနေ့ခေတ်လူသားတို့နှင့် မဟာ သမ္မတခေတ်လူသားတို့ဟာ လူ လူချင်းတူပေမဲ့ ကိုယ်ရေကိုယ် တွင်း ကိုယ်သင်းရနံ့ မတူပါဘူး၊ ယနေ့ လူတွေရဲ့ ကိုယ်အနံ့ဟာ ဒုဂ္ဂန္ဓအလွန်စက်ဆုပ်စရာ အနံ့ဆိုးတွေထွက်ပြီး ကမ္ဘာဦးအစ မဟာသမ္မတမင်း လူသားတွေမှ ကိုယ်ရေကိုယ်တွင်း ကိုယ် သင်းရနံ့ နံ့သာဖြူရနံ့ သင်းတပျံ့ပျံ့ ထွက်ပေါ်ကြတယ်ဆိုတာ ဟာ ကိုယ်ကျင့်မတူ တမူထူးခြားချက်တွေ ရှိနေလို့သာ ဖြစ် တယ်ဆိုတာကို စာရှုသူတွေ သိသင့် သိထိုက် ပါပေသည်။

ကမ္ဘာဦးက မဟာသမ္မတတို့က မိမိကိုယ်ကို နံ့သာငါးပါး နှင့်တူသော သီလရနံ့တွေ လိမ်းကျံလျက် မိဘဆရာအပေါ်မှာ

အလှန်တရာ လေးစားမြတ်နိုးပြီး သားသမီးကျင့်ဝတ် တပည့်ကျင့်ဝတ်တွေကလဲ ရေပက်မဝင်နိုင်အောင် ကျင့်ဆောင်ကြလေတော့ ကိုယ်ရေကိုယ်တွင်း ကိုယ်သင်းရနံ့ မွေးပျံ့ကြိုင်လှိုင်ကြဒါပေါ့၊ သည်မျှသာမကဘဲ ခြေချစရာမရှိတဲ့ လေဟာပြင်အာကာသ ကောင်းကင်မှာလဲ သွားလိုတဲ့ ဆန္ဒ ရှိတိုင်း သွားနိုင်သည်၊ ယနေ့ခေတ် (ဘော်ဒီကပ်) ခေါ်တဲ့ ကိုယ်ရံတော် နတ်စစ်သားများကလဲ ယခုခေတ်လို အမိန့်ပေးနေစရာမလိုဘဲ အသင့်ပင် အမြဲစောင့်ရှောက်လျက် လိုက်ပါကြရလေသည်။ ဥပဒေတွေ ထုတ်နေစရာမလိုဘူးတဲ့။ ကဲ လူလူချင်း ဖြစ်ကြပေမဲ့ ဘုန်းကံကို ပြိုင်လို့မရနိုင်ပေဘူး မဟုတ်လား။

ဒါကြောင့် ယနေ့ခေတ် မောင်မယ်သစ်လွင်တို့ကို တိုက်တွန်းလိုဒါကတော့ မိမိတို့၏ ကိုယ်ပိုင် ဘုန်းကံ မြင့်မားလာအောင် မြှင့်ကြစေချင်တယ်၊ မြှင့်တင်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။

ရတနာ့စစ် အနှစ်သာရကို အလိုရှိရင် မိမိကိုယ်တိုင်က အမြတ်ဆုံးဗုဒ္ဓရတနာစစ်ကို နှစ်နှစ်ကာကာကြည်ညိုပေးရမည်၊ ကြည်ညိုပြီးသည်နှင့် တပြိုင်နက် သစ္စာကာရ မဟာဗျူဟာဆင်၍ အောင်မြင်မှုရရှိအောင် ယူရမည်။

ဤနေရာမှာ အလွန်သင့်လျော်သော အားထုတ်မှုကား ရတနသုတ်လာ ဒေသနာတော်ကို အသေအချာ သင်ယူ၍ အမြဲရွတ်ပြီး သစ္စာပြုပေးပါ၊ သိသိသာသာကြီး ရတနာများ ဖြစ်ထွန်းလာပါလိမ့်မည်၊ ယခု ဤကျမ်း၌ ရတနသုတ်လာ ဗုဒ္ဓရတနာ့စစ် ဓမ္မရတနာ့စစ် သံဃရတနာ့စစ် အနှစ်သာရ သက်သက်မျှကိုသာ သူတော်စင်များ ကျက်လွယ် ရွတ်လွယ်

ဆောင်လွယ်စေရန် သီးသန့်ထုတ်၍ ထည့်သွင်းလိုက်ပေသည်၊ သစ္စာပြုရာ၌ ဂရုတစိုက် အာရုံပေါ် လွင်လာအောင် ပြုပေးကြပါကုန်။

**ဗုဒ္ဓအာဝေဏိကဂုဏ်ထူး ၁၈-ပါးဖြင့် သစ္စာပြုပုံ**
**ပထမဆင့် ဂုဏ်ထူး ၃-ပါးဖြင့် သစ္စာပြုပုံ**

၁။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဉာဏဝခုနိ။

**သစ္စာပြုဆုတောင်း။** ။ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားအား လွန်လေပြီးသော အတိတ်အဘို့၌ အဆီးအတား အပိတ်အပင် မရှိသော ဉာဏ်တော်သည် ရှိ၏။

ဤသို့ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား အတိတ်က ဆည်းပူးလေ့လာသင်ကြားခဲ့သော ဉာဏ်ရောင်တန်းခိုး တိုးပွါးခြင်းသည် မယွင်းမသွေ ဖြစ်ပေါ်ပါစေသတည်း။

**မှာထားချက်။** ။ခေတ်သစ် ကျောင်းသူ ကျောင်းသားကလေးများ တိုင်းပြည်၏ အပွင့် အဖူးအညွန့်ဖြစ်ကြတဲ့ မောင်မယ်ကလေးများ အမြဲသစ္စာပြုပေးဘို့ကောင်း၏။ အသက်အရွယ် ယိုယွင်း အိုမင်းလာကြတဲ့ အဖိုးအဖွားများလဲ ရွတ်ပေးရန်သင့်၏။ အချို့ အဖိုးအဖွားများက ညည်းကြသည်၊ လူအိုတော့ ဉာဏ်လဲအိုတော့ဒါပေါ့လို့ ညည်းညူနေကြသည်ကို ကြားရ၏။ လူအို ရုပ်အို ပေမဲ့ ဉာဏ်မအိုစေရ၊ ကိုယ့်စွမ်းအားကို မအိုစေလိုလျှင် ရွတ်၍ သစ္စာပြုပေးပါ။

၂။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဉာဏဝဍ္ဎနံ။

**သစ္စာပြု ဆုတောင်း။** ။ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား နှောင်လာလတ္တံ့သော အနာဂတ်ကာလ၌ အဆီး အတား အပိတ်အပင်မရှိသော ဉာဏ်တော်သည်ရှိ၏။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား အနာဂတ်၌ ဖြစ်ပေါ်လတ္တံ့သော ကိုယ်ပိုင်ဉာဏ်တန်းခိုးသည် အဆင့်ဆင့် တိုးပွါးပါစေသတည်း။ (မဂ်ဖိုလ်ချမ်းသာကို သိမြင်နိုင်သော ဉာဏ်တိုင်အောင် ဉာဏ်တန်းခိုး တိုးပွါးပါစေရန် ရည်သန်ပါ။)

၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဉာဏဝဍ္ဎနံ။

**သစ္စာပြု ဆုတောင်း။** ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ဖြစ်ဆဲ မျက်မှောက်အဘို့၌ အဆီးအတား အပိတ်အပင်မရှိသော ဉာဏ်တော်သည် ရှိ၏။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား ဖြစ်ဆဲမျက်မှောက်ဘဝ၌ ဖြစ်ဆဲ သင်ဆဲသော ဉာဏ်တန်းခိုးသည် အဆင့်ဆင့် တိုးပွါးပါစေသတည်း။

ယနေ့ခေတ် ကျောင်းသူ ကျောင်းသား ကလေးများမှာ သစ္စာကာရမဟာဗျူဟာပြု၍ စာမေးပွဲ ဖြေဆိုရန် အလွန် သင့်လျော်လှပါသည်။

## ဒုတိယဆင့် ဂုဏ်ထူး ၃-ပါးဖြင့် သစ္စာပြုပုံ

၁။ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
ဧတေန သစ္စဝဇ္ဇေန တိက္ခဉာဏံ လဘာမဟံ။

**သစ္စာပြုဆုတောင်း။** ။ကဒမဟိ တိဟိ ဓမ္မေဟိ သမန္နာ-
ဂတဿ ဗုဒ္ဓဿ ဘဂဝတော=
သုံးပါးကုန်သော ဤကျေးဇူးတရားတော်တို့နှင့် ပြည့်စုံတော်
မူသော ဘုန်းတော်ခြောက်ပါးသခင် မြတ်စွာဘုရားရှင်အား
အလုံးစုံသော ကိုယ်ဖြင့် ပြုအပ်သော အမှုသည် သဗ္ဗညုတ
ရွှေဉာဏ်တော် ပြဋ္ဌာန်းခြင်းရှိသည် ဉာဏ်တော်၏နောက်သို့
အစဉ်တစိုက် လိုက်သည်ဖြစ်၏။

ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့်
အကျွန်ုပ်သည် အဆီးအတား အပိတ်အပင်မရှိ ပကတိ
ဉာဏ်ထက် ထက်မြက်လျင်မြန် အမြင်သန်သော ဉာဏ်ကို
အမှန်အရှိ ရလိုပါ၏။ (ရေးဖြေစာမေးပွဲ၌ သစ္စာပြုပေးရန်
ရည်သန်ပါသည်။)

၂။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
ဧတေန သစ္စဝဇ္ဇေန ဇဝနဉာဏံ လဘာမဟံ။

**သစ္စာပြုဆုတောင်း။** ။သုံးပါးကုန်သော။ပ။မြတ်စွာဘုရား
အား အလုံးစုံသော နှုတ်ဖြင့်ပြုအပ်
သော အမှုသည် ဉာဏ်တော်ပြဋ္ဌာန်းခြင်းရှိသည် ဉာဏ်တော်
၏နောက်သို့ အစဉ်တစိုက်လိုက်သည် ဖြစ်၏။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့်
အကျွန်ုပ်သည် အဆီးအတား အပိတ်အပင်မရှိ လေအဟုန်

ကဲ့သို့ လျင်မြန်သောဉာဏ်ကို အမှန်အရှိ ရလိုပါ၏။ (နှုတ်ဖြေ စာမေးပွဲ ဖြေဆိုရာ၌ သစ္စာပြု ဆုပန်ရန် ရည်ညွှန်းထားပါသည်။)

၃။ သဗ္ဗံ မနေ့ာကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
တေန သစ္စဝဇ္ဇေန ဂမ္ဘီရဉာဏံ လဘာမဟံ။

**သစ္စာပြုဆုတောင်း။** ။သုံးပါးကုန်သော။ပ။ မြတ်စွာဘုရား အား အားလုံးသောစိတ်ဖြင့် ပြုအပ်သော အမှုသည် ဉာဏ်တော်ပြဋ္ဌာန်းခြင်းရှိသည် ဉာဏ်တော်၏ နောက်သို့ အစဉ်တစိုက် လိုက်သည်ဖြစ်၏။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်သည် အဆီးအတား အပိတ်အပင်မပေါ် မဟော် ဉာဏ်စက် လွန်နက်နဲသော ဉာဏ်ကို ရပါလို၏။ (ကျောင်းသူ ကျောင်းသား ကလေးများသည် ပညာသင်ကြားရာ၌ ဉာဏ် ရောင်မလင်း ခက်ခဲခြင်းနှင့် တွေ့ကြုံနေရတဲ့အခါမျိုးမှာ သစ္စာ ပြုပေးရန် ရည်ညွှန်းထားပါသည်။)

### တတိယဆင့် ဂုဏ်ထူး ၆-ပါးဖြင့် သစ္စာပြုပုံ

၁။ နတ္ထိ ဆန္ဒဿ ဟာနိ၊
တေန သစ္စဝဇ္ဇေန သဗ္ဗဆန္ဒံ လဘာမဟံ။

၂။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊
တေန သစ္စဝဇ္ဇေန သဗ္ဗဓမ္မံ လဘာမဟံ။

၃။ နတ္ထိ ဝီရိယဿ ဟာနိ၊
တေန သစ္စဝဇ္ဇေန ဝီရိယဂ္ဂံ လဘာမဟံ။

၄။ နတ္ထိ ဝိပဿနာယ ဟာနိ၊
စေတေန သစ္စဝဇ္ဇေန သန္တိသုခံ လဘာမဟံ။

၅။ နတ္ထိ သမာဓိဿ ဟာနိ၊
စေတေန သစ္စဝဇ္ဇေန သမာဓျဂ္ဂံ လဘာမဟံ။

၆။ နတ္ထိ ဝိမုတ္တိယာ ဟာနိ၊
စေတေန သစ္စဝဇ္ဇေန မဟာသုခံ လဘာမဟံ။

**၁။ သစ္စာပြုဆုပန်။** ။ခြောက်ပါးကုန်သော ဤတရားတော်တို့နှင့် ပြည့်စုံတော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား အလိုရှိသမျှ ဖြစ်ပေါ်နိုင်သော ကောင်းကျိုးအပေါင်း၏ ဆုတ်ယုတ်ခြင်းသည် မရှိ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်သည် အလုံးစုံသော ကောင်းကျိုးဆန္ဒ အလိုရှိသမျှ ခဏခဏ ရပါလို၏၊ (အလိုဆန္ဒ မပြည့်ဝ မကုံလုံသေးသူတိုင်း အမြဲရွတ်ဆို၍ သစ္စာပြုသင့်လေသည်။)

**၂-သစ္စာပြုဆုပန်။** ။ခြောက်ပါးကုန်သော(ပ)မြတ်စွာဘုရားအား အလိုရှိသမျှသော တရားစကားပြောခြင်း၏ ဆုတ်ယုတ်ခြင်းသည် မရှိ၊ ဤသို့ (ပ) စကားကြောင့်အကျွန်ုပ်သည် အလုံးစုံသော တရားအရသာကို ရပါလို၏၊ (တရားအရသာ စစ်စစ် နှစ်နှစ်သက်သက် မြတ်နိုးသူတိုင်း သစ္စာပြုသင့်လေသည်။)

**၃-သစ္စာပြုဆုပန်။** ။ခြောက်ပါးကုန်သော (ပ) ဘုရားအား အလိုရှိသမျှသော အားသစ်မှု လုံ့လဝီရိ

ယတော်၏ ဆုတ်ယုတ်ခြင်းသည်မရှိ။ ဤသို့(ပ)စကားကြောင့် အကျွန်ုပ်သည် အလိုရှိသမျှသော အားထုတ်မှု ဝီရိယကို ရပါလို၏၊ (အလုပ်အကိုင်ပြုလုပ်ရာ၌ မိမိကိုယ်၏ ကာယစွမ်းအား ဉာဏစွမ်းအား မဆုတ်ယုတ်မှုသည် အလွန်လိုအပ်သော စွမ်းအားပင် ဖြစ်၏၊ ကိုယ်ပိုင်ဉာဏ် စွမ်းအားကို အပြည့်အဝ အလိုရှိသူတိုင်း သစ္စာပြုထိုက်ပေသည်။)

**၄-သစ္စာပြု ဆုပန်။** ။ခြောက်ပါးကုန်သော (ပ) ဘုရားအား အလိုရှိသမျှသောဝိပဿနာဉာဏ်တော်၏ဆုတ်ယုတ်ခြင်းသည် မရှိ၊ဤသို့(ပ)စကားကြောင့် အကျွန်ုပ်သည် လောကီချမ်းသာ လောကုတ္တရာချမ်းသာကို လျင်မြန်စွာ ရပါလို၏။ (လူ့ဘဝတွင် ရတနာရှင်ရှင် သုံးစွဲလိုသူတိုင်း မဂ် ဖိုလ် နိဗ္ဗာန် ချမ်းသာကို အလိုရှိသူတိုင်း သစ္စာပြုအပ်ပေသည်။)

**၅-သစ္စာပြုဆုပန်။** ။ခြောက်ပါးကုန်သော (ပ) ဘုရားအား အလိုရှိသမျှသော သမာဓိတော်မြတ်၏ ဆုတ်ယုတ်ခြင်းသည် မရှိ။ဤသို့ (ပ) စကားကြောင့် အကျွန်ုပ်သည် လောကီစီးပွါးရှာဖွေရာ၌ စစ်မှန်သော သမာဓိ, လောကုတ္တရာမဂ်ပညာရှာဖွေရာ၌ စစ်မှန်သော သမာဓိကို ရလိုပါ၏၊ (လောကီကောင်းကျိုး လောကုတ္တရာ ကောင်းကျိုးချမ်းသာတို့ကို ရှာဖွေအားထုတ်ရာ၌ မှန်မြတ်သော သမာဓိကို ရလိုသူတိုင်း **သ**စ္စာကာရမဟာဗျူဟာကို ဆင်အပ်ပေသည်။)

**၆-သစ္စာပြု ဆုပန်။** ။ခြောက်ပါးကုန်သော (ပ) ဘုရားအား အလိုရှိသမျှသော ဖလသမာပတ် ဝင်

စားတော်မူခြင်း၏ ဆုတ်ယုတ်ခြင်းသည် မရှိ၊ဤသို့(ပ)စကား ကြောင့် အကျွန်ုပ်သည် ကောင်းသောအကြံ ကောင်းသော အပြော ကောင်းသောအမှုတို့ကို ပြုလုပ်နိုင်သူအဖြစ်ကို ရပါ လို၏။ (လူ့ဘဝ၌ ကောင်းသော အသက်မွေးမှုကို အလိုရှိ သူတိုင်း သစ္စာပြုသင့်ပေသည်။)

**စတုတ္ထဆင့် ဂုဏ်းထူး ၆-ပါးဖြင့် သစ္စာပြုပုံ**

၁။ နတ္ထိ ဒဝါ၊မြတ်စွာဘုရားအား ရယ်မြူးလို၍ ဆိုသော စကား မရှိ။

၂။ နတ္ထိ ရဝါ၊ သတိလွတ်၍ ချွတ်ယွင်း ပြောဆိုသော စကားမရှိ။

၃။ နတ္ထိ အဖုဋ္ဌံ၊ ဉေယျဓမ်တရားငါးပါးတို့၌ မသိသော တရားမရှိ။

၄။ နတ္ထိ ဝေဂါယိတတ္တံ၊ မဆင်မခြင် လျင်မြန်စွာပြုသော အမှုမရှိ။

၅။ နတ္ထိ အဗျာဝဋမနော၊ နှောင့်ယှက် တွန့်တိုသော စိတ်နှလုံးတော် မရှိ။

၆။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ၊ ဉာဏ်ဖြင့် မဆင်မခြင် လျစ်လျူရှုသောအမှု မရှိ။

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ သုခဝဍ္ဎနံ၊

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဘောဂဝဍ္ဎနံ၊

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ လာဘဝဍ္ဎနံ၊

**သစ္စာပြုဆုပန်။** ။ဤသို့ မှန်ကန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား ချမ်းသာအမျိုးမျိုးတို့၏ တိုးပွါးခြင်းသည် မယှဉ်းမသွေ ဖြစ်ပါစေသတည်း။

ဤသို့ မှန်ကန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား စည်းစိမ်ဥစ္စာ ရတနာအမျိုးမျိုးတို့၏ တိုးပွါးခြင်းသည် မယွင်းမသွေ ဖြစ်ပါစေသတည်း။

ဤသို့မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား ဘုန်းကံဆင့်တိုး လာဘ်လာဘအမျိုးမျိုးတို့၏ တိုးပွါးခြင်းသည် မယွင်းမသွေ ဖြစ်ပေါ်ပါစေသတည်း။

**ဗုဒ္ဓ၏ အာဝေဏိကဂုဏ်ထူး ပဌမဆင့် ၃-ပါး**

၁။ အတီတံသ အပ္ပဋိဟတဉာဏ၊

၂။ အနာဂတံသ အပ္ပဋိဟတဉာဏ၊

၃။ ပစ္စုပ္ပန္နံသ အပ္ပဋိဟတဉာဏ။

**ဗုဒ္ဓ၏ အာဝေဏိကဂုဏ်ထူး ဒုတိယဆင့် ၃-ပါး**

၁။ ကာယကမ္မ ဉာဏပုဗ္ဗင်္ဂမ ဉာဏာနုပရိဝတ္တ၊

၂။ ဝစီကမ္မ ဉာဏပုဗ္ဗင်္ဂမ ဉာဏာနုပရိဝတ္တ၊

၃။ မနောကမ္မ ဉာဏပုဗ္ဗင်္ဂမ ဉာဏာနုပရိဝတ္တ။

**ဗုဒ္ဓ၏ အာဝေဏိကဂုဏ်ထူး တတိယဆင့် ၆-ပါး**

၁။ နတ္ထိ ဆန္ဒဿ ဟာနိ၊
၂။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊
၃။ နတ္ထိ ဝီရိယဿ ဟာနိ၊
၄။ နတ္ထိ ဝိပဿနာယ ဟာနိ၊
၅။ နတ္ထိ သမာဓိဿ ဟာနိ၊
၆။ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

**ဗုဒ္ဓ၏ အာဝေဏိကဂုဏ်ထူး စတုတ္ထဆင့် ၆-ပါး**

၁။ နတ္ထိ ဒဝါ၊
၂။ နတ္ထိ ရဝါ၊
၃။ နတ္ထိ အဖုဋ္ဌံ၊
၄။ နတ္ထိ ဝေဂါယိတတ္တံ၊
၅။ နတ္ထိ အဗျာဝဋမနော၊
၆။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။

လေးဆင့်ပေါင်းသော် ဗုဒ္ဓ၏အာဝေဏိကဂုဏ်တော်ပေါင်း ၁၈-ပါးဖြစ်၏၊ ဘုရားရှင်သည် ယင်း အာဝေဏိကဂုဏ်တော် ၁၈-ပါးနှင့် ပြည့်စုံတော်မူပေ၏။

အခါတပါး၌ မြတ်စွာဘုရားက ညီတော်အာနန္ဒာကို မိန့်တော်မူသည်မှာ ချစ်သားအာနန္ဒာ ဤဓာရဏပရိတ်တော်ကို အမြဲရွတ်၍ဆောင်လော့၊ အလေးအမြတ် မှတ်သားလော့၊ အဖန်ဖန်အထပ်ထပ် အမြဲမပြတ် မေးမြန်းစူးစမ်းဆင်ခြင်လေ

လော့၊ ဓာရဏာပရိတ် တန်းခိုးတော်ရောင် ဤအဆောင်သည် မည်သည့် သက်ရှိသက်မဲ့ အရာဝတ္ထုနှင့်မျှ မနှိုင်းယှဉ်အပ်ပေ၊ တူမျှသော တန်းခိုးဂုဏ်ပြိုင်မှု မရှိပေ၊ အလုံးစုံသော လူနတ် ပြဟ္မာ ဝေနေယျများစွာ သတ္တဝါအပေါင်းတို့၏ မှီခိုအားထားရာ ကိုးကွယ်လည်းလျောင်းရာလည်း ဖြစ်၏၊ သံသရာတည်းဟူသော ဘေးရန်အပေါင်းကိုလည်း တားမြစ်ပိတ်ပင် ကာကွယ်နိုင်ပေ၏။ မြတ်သောတရားအပေါင်းတို့ထက် အလွန့်အလွန်မြတ်၏၊ ကြီးမားမြင့်မြတ်သော တန်းခိုးရှိန်စော် အာနုဘော်လည်း ရှိ၏။

ဤ ဓာရဏာပရိတ်တော်ကို အရဆောင်ထားသော သူ၏ ခန္ဓာကိုယ်၌ မြွေနဂါးတို့၏ ကိုက်ခဲခြင်း အဆိပ်ဘေးတို့ဖြင့် မသေနိုင်ရာ၊ ရေ၌ နစ်မွန်း၍လည်း မသေနိုင်ရာ၊ မီးလောင်း၍လည်း မသေနိုင်ရာ၊ အထူးထူးအပြားပြား များစွာသော ဘေးရန် အပေါင်းတို့ မထိရောက် မပေါ်နိုင်စေရာ၊ မိမိ၏ ရုပ်နာမ်ခန္ဓာအိမ် စည်းစိမ်ချမ်းသာတို့ကို ဖျက်လိုဖျက်ဆီး အနည်းနည်း ကြံစည်သူများလည်း တရက်မျှသော်လည်း ကောင်း၊ နှစ်ရက်မျှသော်လည်းကောင်း၊ သုံးရက်စသည် သော်လည်းကောင်း မကြံစည်နိုင်ရာ၊ ရှုးသွပ်သော အနာစသည်လည်း မပေါ်နိုင်ရာ၊ မချစ်မနှစ်သက်ကုန်သော လူမိုက် တို့သည်၎င်း ဘီလူးသဘက်စသော ပြိတ္တာအမျိုးမျိုးတို့သည် ၎င်း ချောက်လှန့်ခြင်းစသည် မပြုလုပ်နိုင်ပါ၊ ထို့ပြင် ယခု အချိန်အခါတွင် ရတနာရှာဖွေရေး၌ အခက်အခဲနှင့် ရင်ဆိုင် နေကြသူများ အမြဲရွတ်သင့်ပါသည်။

ဤ ဓာရဏပရိတ်တော်၌ ပြဆိုပြီးခဲ့သော ဗုဒ္ဓ၏ အာဝေ-ဏိက ဂုဏ်တော် တဆယ့်ရှစ်ပါးတို့နှင့် ဝိပဿီ ဘုရားမှစ၍ ဂေါတမ ဘုရားအထိ ခြောက်ဆူကုန်သော ဘုရားရှင် နှောင်တော်ကြီး တို့သည် ပြည့်စုံတော် မူကြကုန်သည်ဟု ညီတော် အာနန္ဒာကို ခုနစ်ဆူမြောက် ငါတို့ဂေါတမမြတ်စွာဘုရားသည် ဟောကြားတော်မူလေသည်။

**အမှာစကား။** ။"ဗုဒ္ဓအဆူဆူတို့၏ အာဝေဏိက" ဂုဏ်တော်ပါ ဓာရဏသုတ် (ရတနာပိတိကျမ်း စာမျက်နှာ ၁၀၀-၁၉၃-စာကြောင်းရေ ၁၁)နှင့် အန္တ-ရာယ်ကင်း သစ္စာဆို ဆုတောင်း အကြား အမှာစကား ဖြည့်စွက်ရသည်မှာ ဤ ဓာရဏသုတ်တော်ကို အဘယ်သုတ်၌ ဟောပါသနည်း ဟူ၍ရင်း၊ အဘယ်အဖွင့်၌ လာပါသနည်း ဟူ၍ရင်း မေးမြန်းခြင်းကို ကိုယ်တွေ့ကြုံခဲ့ရဘူးပါသည်၊ မေးသော ပုဂ္ဂိုလ်မှာလည်း မဟာထေရ်ကြီးတပါး ဖြစ်ရုံသာမက သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့တံဆိပ်ရသည့်အပြင် အရှယ်တော်မှာလည်း ဝါဒသကအရွယ် ပြည့်ကြွယ်၍ ရှစ်ဆယ် အရွယ် ပဘာရဒသက ဝင်ရောက်စ ဖြစ်လေသည်။

ကျမ်းပြုစုသူသည် အံ့အားသင့်ရတော့၏၊ သို့ဖြစ်၍ မေးသောဆရာတော်ကို အကဲခပ်သောအနေဖြင့် ကြည့်လိုက်ရာ ပုစ္ဆာရှင်ဆရာတော်က တဖန် ဆက်လက်၍ အားနာသည့် သဘောဖြင့် ဘယ်လိုမှ မထင်ပါနဲ့ ဆရာတော်ဟု တောင်း ပန်ပြန်လေသည်။

ကျမ်းပြုစုသူက ထိုမဟာထေရ်အရှင်ကို မော်၍ ကြည့်မိတာကတော့ မိမိကို အဒိဋ္ဌစောဒနာဖြင့် မေးလေသလော၊

ကထေတုကမျတာ, မိမိအမေးကို မိမိဖြေလိုသဖြင့် မေးလေ သလော စသည်ဖြင့် သံသယဖြစ်ကာ မော်ကြည့်ခြင်းမျှသာ ဖြစ်ပေသည်။

ထို့နောက် ပုစ္ဆာရှင် မဟာထေရ်ကြီးသည် တခြား ကျောင်း ဆရာတော်များအား ပင့်ဘိတ်ရန် ချက်ခြင်း ထပြီး ပြန်ကြွရှာလေသည်၊ ဤအမေးပုစ္ဆာမျိုးကို ဆင်ခြင်တုံ အပြည့် အဝနှင့် အေးအေး ဆေးဆေး ဆွေးနွေးမှသာ သုတ်ညွှန်း ကျမ်းညွှန်း စုံစုံလင်လင် ရှိနိုင်ပေမည်ကို ဂန္ထန္တရ ဆောက ဂုဏ်ဝင် ပညာရှင်ကြီးများ သိမြင်တော်မူကြပြီး ဖြစ်ပါသဖြင့် ရတနာပီတိကျမ်း ပြုစုသူသည် အဖြေပေးချိန်မရပါ၍ မဖြေ လိုက်နိုင်ဘဲ ရှိခဲ့ရပါသည်။

## ဗုဒ္ဓအဆူဆူတို့၏ အာဝေဏိက

ပရိတ်ကြီးပါဠိတော် အာဋာနာဋိယသုတ်အဖွင့်——

"ဥပေတာ ဗုဒ္ဓဓမ္မေဟိ၊ အဋ္ဌာရသဟိ နာယကာ"။

နာယကာ၊ လူနတ်တို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်ကုန် သော ကုဋ္ဋေအရာမက များစွာကုန်သော မြတ်စွာဘုရားတို့ သည်။ အဋ္ဌာရသဟိ၊ တဆယ့်ရှစ်ပါးကုန်သော။ ဗုဒ္ဓဓမ္မေဟိ၊ အာဝေဏိက ဗုဒ္ဓဂုဏ်တော်တို့နှင့်။ ဥပေတာ၊ ပြည့်စုံတော်မူ ကုန်၏။

ဤပါဠိတော်နှင့် အနက်အရ ၁၈-ပါးသရုပ်ကို မြန်မာ စကားပြေဖြင့် ပြရသော်—

၁။ လွန်လေပြီးသော အတိတ်တရားအဘို့၌ အပိတ်အပင် မရှိ သိတော်မူသော ဉာဏ်တော်လည်း တပါး။

၂။ လာလတ္တံ့သော အနာဂတ်တရားအဘို့၌ အပိတ် အပင်မရှိ သိတော်မူသော ဉာဏ်တော်လည်း တပါး။

၃။ မျက်မှောက် ပစ္စုပ္ပန်တရားအဘို့၌ အပိတ်အပင်မရှိ သိတော်မူသော ဉာဏ်တော်လည်း တပါး။

၄။ ကာယကံသုံးပါးသည် ဉာဏ်တော်လျှင် ရှေ့သွားရှိ သည်ဖြစ်၍ ဉာဏ်တော်သို့ အစဉ်လိုက်သည်လည်း တပါး။

၅။ ဝစီကံ လေးပါးသည် ဉာဏ်တော်လျှင် ရှေ့သွားရှိ သည်ဖြစ်၍ ဉာဏ်တော်သို့ အစဉ်လိုက်သည်လည်း တပါး။

၆။ မနောကံသုံးပါးသည် ဉာဏ်တော်လျှင် ရှေ့သွားရှိ သည်ဖြစ်၍ ဉာဏ်တော်သို့ အစဉ်လိုက်သည်လည်း တပါး။

၇။ ကောင်းသော ဆန္ဒတော်၏ ယုတ်ခြင်း လျော့ခြင်း မရှိသည်လည်း တပါး။

၈။ ဓမ္မဒေသနာတော်၏ ယုတ်ခြင်း လျော့ခြင်း မရှိသည် သည်လည်း တပါး။

၉။ ဝီရိယတော်၏ ယုတ်ခြင်း လျော့ခြင်း မရှိသည်လည်း တပါး။

၁၀။ သမာဓိဂုဏ်တော်၏ ယုတ်ခြင်း လျော့ခြင်း မရှိသည် တပါး။

၁၁။ ပညာဂုဏ်တော်၏ ယုတ်ခြင်း လျော့ခြင်း မရှိသည် လည်း တပါး။

၁၂။ အရဟတ္တဖိုလ် ကျေးဇူးတော်ဟု ဆိုအပ်သော ဝိမုတ္တိ တော်၏ ယုတ်ခြင်း လျော့ခြင်း မရှိသည့်လည်း တပါး။

၁၃။ မြူးတူးလိုသော စိတ်တော်မရှိသည်လည်း တပါး။

၁၄။ ချွတ်ယွင်းသဖြင့် ဆိုမိသောစကားတော် တလုံးတပါဒ မျှ မရှိသည်လည်း တပါး။

၁၅။ ဉာဏ်တော်ဖြင့် မဆင်ခြင်ဘဲ ပြုသောအမှု မရှိသည် လည်း တပါး။

၁၆။ အဆောတလျင် ဆိုမိပြုမိသည်ဖြစ်၍ တဖန်နှုတ်ရပြုပြင် ရသောအမှု မရှိသည်လည်း တပါး။

၁၇။ အကျိုး မရှိသော အရာတို့၌ ကြောင့်ကြတော်မူသော စိတ်တော် မရှိသည်လည်း တပါး။

၁၈။ ဉာဏ်တော်ဖြင့် ရှုကြည့်တော်မူ၍ မမြင်မသိသောအရာ မရှိသည်လည်း တပါး။

ဤတဆယ့် ရှစ်ပါးဖြင့်သော သစ္စာကာရမဟာဗျူဟာပြု လျက် ကပ်သုံးပါးတို့ကို တိုက်ဖျက်ချေမှုန်း စေခြင်းပင် ဖြစ် သည်၊ ဗုဒ္ဓရှင်တော်စောချစ် ပတ္တမြားမျက်ရစ် ရူပကာယ, နာမကာယ ရတနာ အနှစ်တော်၌ အမှန်ပင် ဤအာဝေဏိက ဂုဏ်တော်မြတ်ရှိပါသည်ကို သစ္စာပြုလျက် အန္တရယ် အမျိုး

မျိုး ကပ်အမျိုးမျိုးတို့ကို တိုက်ဖျက်စေခြင်းဖြစ်သည်၊ ဤအာဝေဏိကဂုဏ်တော် တဆယ့်ရှစ်ပါးသည်ပင် ခေရဏပရိတ်အာဝေဏိက ဘုရားရှိခိုး ဖြစ်ပါသည်။

၎င်း တဆယ့်ရှစ်ပါးကို–ဝိဘင်္ဂမူလဋီကာ- နှာ- ၂၊ကြောင်းရေ ၁၄-၌ "အဋ္ဌာရသ ပန ဗုဒ္ဓ ဓမ္မာ ဝေဒိတဗ္ဗာ-အတီတံသေ ဗုဒ္ဓဿ ဘဂဝတော (ပ) လိခန္တိ" ဟု အရှင် အာနန္ဒာမထေရ် ပြတော်မူလေသည်။

ထို့အပြင် တိလောကာ လင်္ကာရ-ဘွဲ့တံဆိပ်တော်ရ အရှင်တေဇောဒီပထေရ် ရေးသား စီရင်တော်မူသော ပရိတ္တ ဋီကာပါဠိ နှာ–ဂ၉၊ပုဒ်ရေ ၁၁၃-တွင်လည်း "ဥပေတာတိ အာဒီသုဗုဒ္ဓဓမ္မေဟိ အဋ္ဌာရသဟိတိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ" စသည်ဖြင့် အာဝေဏိက တဆယ့်ရှစ်ပါးကို ဖွင့်ပြတော်မူပါသည်။

ထို့ပြင် သုတ်ပါထေယျ အဋ္ဌကထာ သင်္ဂီတိသုတ်၌လည်း ဖွင့်ပြပါသည်၊သို့သော် ရှင်းလင်းချက် မပြတ်သားပေ၊သင်္ဂီတိသုတ်ဋီကာ၌လည်း မူလဋီကာအတိုင်း ထပ်မံဖွင့်ပြပါသည်။ အရှင်းလင်းဆုံးကား ဝိဘင်္ဂမူလဋီကာအဖွင့်ပင် ဖြစ်၏။

ဤခေရဏသုတ်ကို ယခုလို ဆုတ်ကပ်ခေတ်၌ ကပ်ဘေးတရေးရေးပေါ်လာချိန်မျိုးတွင် လူမျိုးမရွေး ရွတ်ဖတ်ပွါးများ နိုင်ကြစေရန် ရည်သန်ကာ သစ္စာကာရ မဟာဗျူဟာကျမ်းတွင် ထပ်မံ၍ တင်ပြလိုက်ရခြင်းပင် ဖြစ်ပါသည်၊လူတိုင်းလူတိုင်း အနိဋ္ဌာရုံဘေးမှ ကင်းဝေးလိုကြ၏၊ ကင်းဝေးစေလိုသော်–ဘုရား အကြိုက်ကို အင်တိုက် အားတိုက် ကြိုးကြိုးစား

စား အားကိုးအားထားပြုလျက် စေတနာ ထက်သန်စွာ ရွတ်ဖတ်ပူဇော်ပါးများကြပါကုန်လော့။

## ဘုရား(၇)ဆူတို့၏ တန်းခိုးတော်တည်းဟူသော ဆေးကို ပင့်၍ သစ္စာပြု ဆုတောင်းပုံ

၁။ စက္ခုမန္တဿ သိရိမတော ဝိပဿိဿမှာသမ္ဗုဒ္ဓဿ
သုသိဝံ တေဇောသမံ ဟာဒယန္တော မေ နိစ္စံ ဌာတု။

**ဝိပဿိဘုရားပင့်။** ။အသရေတော် အပေါင်းနှင့် ပြည့်စုံတော်မူသော, ငါးပါးကုန်သောစက္ခုနှင့် ပြည့်စုံတော်မူသော, သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော, ဝိပဿိ အမည်ရှိတော်မူသော မြတ်စွာဘုရား၏ သန့်ရှင်း ကြည်လင် အေးမြတော် မူလှသော တန်းခိုးတော်တည်း ဟူသော ဆေးသည် အကျွန်ုပ်၏ နှုးညံ့ သန့်ရှင်း နှလုံးသား၏ အတွင်း၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ် တန့်နား တည်နေတော်မူပါစေသတည်း။

**အကျိုးကား**——ဘေးရန်ကင်းရှင်းခြင်း၊ မိမိ၏ရုပ်အဆင်း တနေ့တခြား ကြည်လင်သန့်ရှင်း ကျက်သရေ ပြည့်တင်းခြင်း၊ အသိဉာဏ် ပညာစက္ခုတို့သည် တနေ့ထက်တနေ့ လျင်မြန်ထက်မြက် အမြင်သွက်လာခြင်း စသော အကျိုးတို့ကို ခံစားရမည်။

၂။ သဗ္ဗဘူတာနုကမ္ပိနော သိခိဿမှာသမ္ဗုဒ္ဓဿ
သုသိဝံ တေဇောသမံ ဟာဒယန္တော မေ နိစ္စံ ဌာတု။

**သိခိဘုရားပင့်။** ။ခပ်သိမ်းသော သတ္တဝါတို့ကို အစဉ်သနားခြင်း မဟာကရုဏာနှင့် ပြည့်စုံတော်မူသော,

သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင်သိမြင်တော်မူသော, သိခ် အမည် ရှိတော်မူသော မြတ်စွာဘုရား၏ သန့်ရှင်းကြည်လင် အေးမြတော်မူလှသော တန်းခိုးတော်တည်းဟူသောဆေးသည် အကျွန်ုပ်၏ နူးညံ့သန့်ရှင်း နှလုံးသား၏ အတွင်း၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

**အကျိုးကား**—မိမိကို တွေ့မြင်ရသော လူနတ် အပေါင်းတို့သည် အစဉ် သနားခြင်း၊ ချစ်မြတ်နိုးခြင်း၊ မိမိ ဘုန်းညွန့်ကံညွန့် ပညာဉာဏ်ရောင်အညွန့်တို့သည် တလွန့်လွန့် တလူလူ တိုးတက်ခြင်း စသော အကျိုးများကို ရရှိခံစားရပါမည်။

၃။ နာတကာသ တပဿိနော ဝေဿဘုဿမ္ဗာသမ္ဗုဒ္ဓဿ
သုသိဝံ တေဇောသမံ ဟဒယေန္တေ မေ နိစ္စံ ဌာတု။

**ဝေဿဘူဘုရားပင့်။** ။အရိယာမဂ်လေးပါးတို့ဖြင့် ဆေးကျော်အပ်ပြီးသောအညစ်အကြေး မကောင်းမှုဒုစရိုက် ရှိတော်မူသော, ကိလေသာတို့ကို ညှဉ်းဆဲဖျက်ဆီးတော်မူတတ်သော, သစ္စာလေးပါးမြတ်တရားတို့ကို ပိုင်းခြားထင်ထင်သိမြင်တော်မူသော, ဝေဿဘူအမည်ရှိတော်မူသော မြတ်စွာဘုရား၏ သန့်ရှင်းကြည်လင် အေးမြတော် မူလှသော တန်းခိုးတော်တည်းဟူသော ဆေးသည် ဘုရားတပည့်တော်၏ နူးညံ့ သန့်ရှင်း နှလုံးသား၏အတွင်း၌ အမြဲတစေ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

**အကျိုးကား**—မိမိ ခန္ဓာကိုယ်အတွင်း မသန့်ရှင်းသော ဒုစရိုက် အညစ်အကြေး ကင်းဝေးစင်ကြယ်၍ မဂ်ဉာဏ်ပေါ်မှု အားပြုပွါးများရာ၌ မဂ္ဂန္တရာယ် ဖလန္တရာယ်မရှိပါဘဲ တကျော

ကင်းရှင်း မဂ်ဉာဏ်အစစ် အမြန်ဖြစ်စေနိုင်ခြင်း, သစ္စာလေးပါး အမြန်သိစေနိုင်ခြင်းစသော အကျိုးများကို ရရှိခံစားနိုင်လေသည်၊ လောကုတ္တရာချမ်းသာကို အကျိုးပြုနိုင်လျှင် လောကီအကျိုးလောက်တော့ မဖောက်မလွဲ ရနိုင်မြဲပေါ့။

၄။ မာရသေနာပမဒ္ဒိနော ကကုသန္ဓသမ္မာသမ္ဗုဒ္ဓဿ
သုသိဝံ တေဇောသမံ ဟာဒယန္တေ မေ နိစ္စံ ဌာတု။

**ကကုသန်ဘုရားပင့်။** ။ကိလေသာစသော မာရ်ငါးပါးတို့ကို နှိပ်စက် ဖျက်ဆီးတော် မူတတ်သော, သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင်သိမြင်တော်မူပြီးသော, ကကုသန် အမည်ရှိတော်မူသော မြတ်စွာဘုရား၏ သန့်ရှင်းကြည်လင် အေးမြတော်မူလှသော တန်းခိုးတော်တည်းဟူသော ဆေးသည် အကျွန်ုပ်၏ နှုးညွှံသန့်ရှင်း နှလုံးသား၏ အတွင်း၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

**အကျိုးကား—**မိမိကိုယ်၌ အတိတ်က ပါရှိခဲ့သော ဘုန်းတန်းခိုးကို ဖွံ့ဖြိုးအားပေး ထောက်ပံ့စေနိုင်ခြင်း, ရန်သူမျိုးငါးပါးဘေးမှ ကင်းဝေးစေနိုင်ခြင်း, နှလုံးရောဂါစသော ရောဂါအမျိုးမျိုးတို့ကို မပေါ်ပေါက်စေခြင်း, ဖြစ်ပေါ်နေဆဲ ရောဂါကင်းရှင်းစေခြင်းစသော အကျိုးတို့ကို ရရှိခံစားရမည်။

၅။ ဝုသိမတော ဗြဟ္မဏဿ ကောဏာဂမန သမ္မာသမ္ဗုဒ္ဓဿ သုသိဝံ တေဇောသမံ ဟာဒယန္တေ မေ နိစ္စံ ဌာတု။

**ကောဏာဂုမ်ဘုရားပင့်။** ။အပြုအပ်ပြီးသော မကောင်းမှုရှိတော်မူသော, သုံးအပ်ပြီးသော

အရိယာ မဂ်လေးပါးတည်းဟူသော မြတ်သောသီတင်းရှိတော်မူသော, သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော, ကောဏာဂုမ် အမည်ရှိတော်မူသော မြတ်စွာဘုရား၏ သန့်ရှင်း ကြည်လင် အေးမြတော်မူလှသော တန်းခိုးတော်တည်း ဟူသော ဆေးသည် အကျွန်ုပ်၏ နူးညံ့ သန့်ရှင်း နှလုံးသား၏အတွင်း၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ် တန့်နား တည်နေတော်မူပါစေသတည်း။

**အကျိုးကား**—မိမိကိုယ်တွင်းကိုယ်ပ၌ မကောင်းမှု အကုသိုလ် အညစ်အကြေးများ ကင်းစင်ခြင်း, ဖြစ်ဆဲ ဖြစ်လတ္တံ့ အညစ်အကြေးများကင်းဝေးခြင်း, ကျင့်သုံးဆောက်တည်သမျှ ကိုယ်ကျင့်သီလတို့သည် စင်ကြယ်ခြင်း, သန့်ရှင်း၍ ထူးမြတ်သော လာဘ်ရတနာတို့ကို ရရှိစေခြင်းစသော အကျိုးများကို ရရှိနိုင်မည်။

၆။ ဝိပ္ပမုတ္တာ သဗ္ဗမိ ကဿပ သမ္မာသမ္ဗုဒ္ဓာ
သုသိဝံ တေဇောသမံ ဟဒယန္တေ မေ နိစ္စံ ဌာတု။

**ကဿပဘုရားပင့်။** ။တဏှာကင့်ငါးရာ ကိလေသာ တဏှာတို့မှ ကင်းရှင်း သန့်စင်ပြီးတော်မူသော, သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော, ကဿပ အမည်ရှိတော်မူသော မြတ်စွာဘုရား၏ သန့်ရှင်း ကြည်လင် အေးမြတော်မူလှသော တန်းခိုးတော်တည်းဟူသော ဆေးသည် အကျွန်ုပ်၏ နူးညံ့ သန့်ရှင်း နှလုံးသား၏အတွင်း၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ် တန့်နား တည်နေတော်မူပါစေတည်း။

**အကျိုးကား** – ကာမဂုဏ်အာရုံ လျော့နည်း၍ အာရုံငါးပါး သာယာမှု ချုပ်ငြိမ်း လွယ်စေခြင်း, မျက်မှောက်ဘဝ၌ ဘုန်းတန်းခိုးကြီးမားလာခြင်းစသော အကျိုးတို့ကို ရရှိခံစားရမည်။

၇။ သိရိမတော ဂေါတမ သမ္မာသမ္ဗုဒ္ဓဿ
သုသိဝံ တေဇောသမံ ဟဒယဋ္ဌေ မေ နိစ္စံ ဌာတု။

**ဂေါတမဘုရားပင့်။** ။သုံးဆယ့်နှစ်ပါးကုန်သော လက္ခဏာတော်ကြီး ရှစ်ဆယ်ကုန်သော လက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်ခြင်းကြောင့်, ယောကျ်ားထူး ယောကျ်ားမြတ်တို့၏ဂုဏ်နှင့် ပြည့်စုံခြင်းကြောင့် အသရေတော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော, သစ္စာလေးပါးမြတ် တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော, ဂေါတမ အမည်ရှိတော်မူသော မြတ်စွာဘုရား၏ သန့်ရှင်းကြည်လင် အေးမြတော်မူလှသော တန်းခိုးတော်တည်း ဟူသော ဆေးသည် အကျွန်ုပ်၏ နှုးညံ့ သန့်ရှင်း နှလုံးသား၏ အတွင်း၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ် တန့်နား တည်နေတော်မူပါစေသတည်း။

**အကျိုးကား**–မိမိ၏ရုပ်အဆင်းသန့်ရှင်း၍ လူနတ်ကြည်ညို စရာအသွင်ကို ဆောင်စေခြင်း, ပုရိသုတ္တမ ယောကျ်ားထူး ယောကျ်ားမြတ်တို့၏ အဆင်းလက္ခဏာသို့ ရွေ့ရှုလာစေခြင်း, တန်းခိုးကြီးခြင်းစသောအကျိုးတို့ကို ရနိုင်မည်။

ပုရိသုတ္တမ=ပုရိသ၊ ယောကျ်ား။ ဥတ္တမ၊ မြတ်။ ပေါင်းစပ်သော် 'ယောကျ်ားမြတ်'၊ ဘာကြောင့် ယောကျ်ားမြတ်လို့ ဆိုရသနည်း၊ လူ့ပြည်မှာရှိကြတဲ့ ယောကျ်ားတွေထက် မြတ်သောကြောင့် ယောကျ်ားမြတ်လို့ဆိုရပါသည်။ မဟာပုရိသ=

ယောကျ်ားထူး ယောကျ်ားမြတ်တို့၏ လက္ခဏာဂုဏ်ထူးသည် ဗုဒ္ဓ၌သာ ရှိ၏၊ ကျန် လူယောကျ်ား နတ်ယောကျ်ား ဗြဟ္မာ ယောကျ်ားတို့မှာ မရှိနိုင်၊ ထို့ကြောင့် —

နမော တေ ပုရိသုတ္တမ။

ပုရိသုတ္တမ၊ ယောကျ်ားထူး ယောကျ်ားမြတ်ဖြစ်တော်မူသော ဗုဒ္ဓရှင်တော်မြတ်ဘုရား။တေ၊ရှင်တော်မြတ်ဘုရားအား။ နမော၊ ရှိခိုးပါ၏ဘုရား-လို့ မဟာပဇာပတိ မိထွေးတော် ဂေါတမီထေရီ မြတ်မယ်တော်က ပရိနိဗ္ဗာန်ဝင်စံခါနီး၌ ရှိခိုး ကန်တော့လေသည်၊ ဗုဒ္ဓ၏ မဟာပုရိသလက္ခဏာဂုဏ်ထူးကိုမူ ဗုဒ္ဓဖြစ်၍ အထူးအထွေ ထုတ်ဖော်ဖွင့်လှစ်စရာမလိုပေ။

မဟာသမ္မတမင်းမှ စ၍ စေတိယမင်းတိုင် မင်းတဆယ့်နှစ်ဆက် အထိ စေတိယတိုင်း၌ မင်းပြုသွားကြတဲ့ မင်းများ၏ ဘုန်းတန်းခိုးတို့ကို တင်ပြလိုပေသည်၊ ဤမင်းများသည် ထူးမြတ်သော ဘုန်းတန်ခိုး ရှိကြလေသည်၊ ယောကျ်ားထူး ယောကျ်ားမြတ်မင်းများဟု ဆိုပါက ဆိုသင့်၏၊ ထိုမင်းများ၌ အောက်ပါတန်းခိုးဂုဏ်ထူးလေးပါးနှင့် ပြည့်စုံကြလေသည်။

## တန်းခိုးဂုဏ်ထူး လေးပါး

၁။ ကောင်းကင်၌ သွားနိုင်ခြင်း၊

၂။ နတ်သားလေးယောက် သံလျက်ထမ်း၍ အရပ်လေးမျက်နှာမှ အမြဲစောင့်ရှောက်ရခြင်း၊

၃။ ကိုယ်မှ စန္ဒကူးနံ့ သင်းပျံ့မွှေးကြိုင်လှိုင်နေခြင်း၊

၄။ ခံတွင်းမှ ကြာညိုနံ့ သင်းပျံ့မွှေးကြိုင်လှိုင်နေခြင်း—

တန်းခိုးဂုဏ်ထူးနှင့် ပြည့်စုံနေသည်ကို ထောက်ထားဆင်ခြင်သော် ပုရိသုတ္တမဂုဏ်တန်းခိုးကို ယနေ့ ခေတ်လူထု အလိုဆန္ဒရှိကြ၍ ကြိုးစားအားထုတ်ပါက ရနိုင်ရမည်ပင်၊ ဒီဘဝမှာ ပါရမီအား သေးငယ်နုနယ်သေး၍ မရရှိစေကာမူ ရှေ့ရှေ့ဘဝများတွေမှာ ရနိုင်ရမည်ပင်။

ယနေ့ခေတ် မောင်မယ် ငယ်ရွယ်သူတို့သည် တန်းခိုးကြီးချင်ကြသူများပင်ဟု ဆိုလျှင် လက်ခံကြမည်ပင်၊ လက်မခံသူရှိမည်မထင်၊ ဘုန်းတန်းခိုးကြီးချင်ကြလျှင် ကိုယ်ကျင့်တရားပြည့်စုံနေအောင်, မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဗြဟ္မာစိုရ်တရား နှလုံးသားတွင် စိမ့်ဝင်နေအောင် ကျင့်သုံး၊ မုန်းတတ်တဲ့ စိတ်ယုတ်ကို လုံးလုံးပယ်၊ ချစ်တတ်တဲ့စိတ်ကို အမြဲမွေး၊ ပေးချင် ကျွေးချင် စွန့်ကြဲချင်တဲ့ စေတနာကို မရှုမတွန့်အောင် ကျင့်ဆောင်၊ အများအကျိုးကို အောင်မြင်အောင် ကူညီ၊ နှုတ်ကြမ်းသော ဝသီဆိုးကိုပယ်၊ ရပ်ကွက်နယ်ပယ် မြို့နယ်တိုင်းနယ်တို့တွင် ဟာကွက်မှန်သမျှတို့ကို အမြဲဖြည့်ပြီးသွားကြမယ်ဆိုပါက တန်းခိုးကြီးမှာ သေချာပါတယ်။

> နတ္ထိ တထာဂတသ္သ ကာယဒုစ္စရိတံ၊
>
> နတ္ထိ တထာဂတသ္သ ဝစီဒုစ္စရိတံ၊
>
> နတ္ထိ တထာဂတသ္သ မနောဒုစ္စရိတံ၊
>
> ဧတေန သစ္စဝဇ္ဇေန ကာယသုစရိတံ လဘာမဟံ။
>
> ဧတေန သစ္စဝဇ္ဇေန ဝစီသုစရိတံ လဘာမဟံ။
>
> ဧတေန သစ္စဝဇ္ဇေန မနောသုစရိတံ လဘာမဟံ။

**သစ္စာပြုဆုတောင်း။** ။ဝိပဿီအစရှိသော ရှေးဘုရားတို့ကဲ့သို့ လားခြင်းကောင်းတော်မူသော ဂေါတမအနွယ်တော်မှ ပေါက်ဖွားသော ဂေါတမ အမည်ရှိတော်မူသောမြတ်စွာဘုရားအား ကိုယ်ဖြင့်ပြုအပ်သော ကာယဒုစရိုက်, နှုတ်ဖြင့်ပြုအပ်သော ဝစီဒုစရိုက်, နှလုံးတော်ဖြင့် ပြုအပ်သောမနောဒုစရိုက် မရှိ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် 'အကျွန်ုပ်သည် ကိုယ်အမူအရာဖြင့် ပြုအပ်သော ကာယသုစရိုက်, နှုတ်အမူအရာဖြင့် ပြုအပ်သော ဝစီသုစရိုက်, စိတ်အမူအရာဖြင့် ပြုအပ်သော မနောသုစရိုက်ကို မချွတ်မြဲရှိ ရပါလို၏'ဟု သစ္စာပြု ဆုတောင်းပါက မိမိ၏ရုပ်သွင်သဏ္ဌာန် ကြံ့အင်လက္ခဏာကိုရင်း နှုတ်မြွက်သမျှ စကားအလှအယဉ်ကိုရင်း နှလုံးဖြူစင် ကြည်လင်လှပ အကျင့်စာရိတ္တကိုရင်း နတ်လည်း နှစ်သက် လူတွေခံမက်၍ တသက်သက်ကြည်ညိုခြင်းကို ခံယူရရှိနိုင်ပေမည်၊ ယုံကြည်လေးစား မြတ်နိုးခြင်းကိုပြု၍ အမြဲရွတ်ပေးကြပါလေ။

စာရေးသူ အကျင့်တရပ်ကို မချန်မလှပ် စေတနာဖြင့် ရှေ့ထား၍ ရေးသား ဖော်ပြလိုသည်မှာ– ဤလူ့ပြည်သည်လည်းကောင်း ဤကမ္ဘာကြီးသည်လည်းကောင်း မေတ္တာကရုဏာစသော ဗြဟ္မစိုရ်တရား ဖယ်ထားချန်လှပ်၍ ဘဝကိုရပ်တည်နေနိုင်ကြမည် မဟုတ်ပေ၊ မေတ္တာသုတ်ကို ဗုဒ္ဓရှင်တော် မြတ်ဘုရား ကိုယ်တော်တိုင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဟောတော်မူသည်၊ တောကျောင်းနေပျော် ရဟန်းတော်

ငါးရာတို့ကို အကြောင်းပြု၍ ဟောခြင်းပင် ဖြစ်သည်၊[၁] ဤလောက၌ စကားပုံတရပ်ရှိ၏။

၁။ လှိုင်းကြီး လှေအောက်၊

၂။ တောင်ကြီး ဖဝါးအောက်၊

၃။ ဘုန်းရှိသူအောက် ဘုန်းမဲ့ရောက်၊

ဆိုသော စကားပုံပင် ဖြစ်သည်၊ လှိုင်းလုံးကြီးတွေ ဘယ်လောက်ဘဲကြီးကြီး လှေသင်္ဘောများ၏ အောက်၌ ရောက်ရစမြဲပင်ဖြစ်သည်။

တောင်ကြီးတွေ ဘယ်မျှပင် မြင့်လွန်းလှပါစေ လူတို့၏ ခြေဖဝါးအောက်၌ ရောက်ရစမြဲပင် ဖြစ်သည်။

ဤကမ္ဘာပေါ်တွင် လူတွေ ဘယ်ရွေ့ဘယ်မျှ များပြားကြပါစေ၊ ဘုန်းကံကြီးမား မြင့်မြတ်လှတဲ့ ဘုန်းအရှိဆုံးသောသူ၏ စက်ရိပ်အောက်သို့ ရောက်ရစမြဲပင် ဖြစ်သည်။

ကမ္ဘာပေါ်ရှိ လူထုတရပ်လုံးကို ဘုန်းရှိန် ကံရှိန် ပညာရှိန်တည်းဟူသော စက်ရိပ်အောက်သို့ ရောက်စေလိုလျှင် မိမိ၏ မူလရှိပြီး ဘုန်းကံကို မြင့်သည်ထက် မြင့်အောင် မြှင့်တင်ပေးရလိမ့်မည်၊ မြှင့်တင်ပုံကား သီလဖြူစင်အောင်ကျင့်ပြီး မေတ္တာဆိုတဲ့ စိတ်ထားသန့်ဘို့သည် ပမာဏ အဓိက ဖြစ်သည်။

'သီလတော့ စင်ကြယ်ပါ၏၊ မေတ္တာကိုတော့ မပွါးများဘူး' ဆိုပါက လူဝတ်ကြောင်တို့ကို မဆိုထားဘိ သာသနာ့ဝန်ထမ်း ရဟန်းတော်များသော်လည်း ရေရှည်ရပ်တည်နိုင်ကြဘို့

---

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ နှာ-၁၉၀။

မလှယ်ကူပေ၊ တောရ သိတင်းသုံးကြသော ရဟန်းငါးရာ ဝါတွင်းကြီး၌ ကြောက်ရွံ့ပြီး ပြေးလာကြလေသည်၊ အဖြစ် ကတော့ မေတ္တာကင်းကွာခြင်းကြောင့်ပင် ဖြစ်၏။ မေတ္တာ ဟူသည် မိမိနှင့် အမြဲတစေ ကပ်ငြိ နေစေရမည့် တရားတရပ် ပင် ဖြစ်ပေသည်။ မေတ္တာကို တတန်တက ပင့်ဆောင် ခေါ်ယူ နေစရာမလိုပါ၊ မေတ္တာခေါ် အဒေါသ၏ ဆန့်ကျင် ဘက် ဒေါသတရားကိုသာ မိမိကိုယ်မှ ကင်းကွာအောင် ဖယ်ခွါ ပေးဘို့ လိုအပ်လှသည်၊ ဒေါသကိုခွါပေးလျှင် အဒေါသ-ခေါ် မေတ္တာတရားဟာ အလိုလို ပေါ်လာတော့မှာပါ။

ဘုရားအဖြစ်သို့ ရောက်သဖြင့် မြတ်တော်မူ၏၊ မြတ်သော နိဗ္ဗာန်ကိုလည်း ကေန်သိတော်မူ၏၊ မဂ်ဖိုလ်နိဗ္ဗာန် အမြင်မှန် အကျင့်ကောင်းကိုလည်း ပေးသနားတော်မူ၏၊ မြင့်မြတ် တိုး ပွါး အကျိုးစီးပွါး မင်္ဂလာများကိုလည်း ဆောင်ရွက်တော် မူ၏၊ လူနတ်အစစ် နှစ်သက်တပ်ပွါး မြတ်တရား ကိုလည်း ဟောကြားတော်မူ၏၊ ဤမြတ်စွာဘုရားတည်း ဟူသော ရတနာသည်လည်း ဥလောကီ ရတနာတို့ထက် မြတ်သော အမြတ်ဆုံး ရတနာ အစစ် ဖြစ်တော်မူ၏။

ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် လျင် စွာမသေ့ ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား စည်းစိမ်ဥစ္စာ ရတနာဖွံ့ဖြိုး တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။ အကျွန်ုပ် အား မွန်မြတ်လှစွာ လာဘ်လာဘရတနာသည် မြန်စွာ ဖွံ့ဖြိုး တိုးပွါးပါစေသတည်း။

ဤသို့လည်း သစ္စာပြုပါ။

## ဓမ္မရတနာ ဂုဏ်များစွာဖြင့် သစ္စာပြုကာ ချမ်းသာဆုကို ပန်ကြရန်

ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု၊

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဘောဂဝဍ္ဎနံ၊
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ လာဘဝဍ္ဎနံ။

သာကီဝင်နွယ်ဘွား ဘုရားသခင်သည် ငြိမ်သက်သော စိတ်နှလုံးရှိတော်မူသည်ဖြစ်၍ ကိလေသာတို့၏ ကုန်ရာ,တပ်မက်ခြင်းတို့၏ ကင်းရာ, သေခြင်းလည်းမရှိရာဖြစ်သော မြတ်သောနိဗ္ဗာန်ကို အမှန်သိတော်မူ၏။ ထိုနိဗ္ဗာန်တရားနှင့်တူသော တစုံတခုသော တရားသည် မရှိသည်သာလျှင်တည်း၊ ဤနိဗ္ဗာန်တည်းဟူသော ရတနာသည်လည်း လောကီရတနာတို့ထက် မြတ်သော အမြတ်ဆုံးရတနာအစစ် ဖြစ်တော်မူ၏။

ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် လျှင်စွာမသွေ ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား စည်းစိမ်ဥစ္စာ ရတနာဖွံ့ဖြိုး တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား မှန်မြတ်လှစွာ လာဘ်လာဘရတနာသည် မြန်စွာဖွံ့ဖြိုး တိုးပွါးပါစေသတည်း။

ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိမာနန္တရိကညမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဘောဂဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ လာဘဝဍ္ဎနံ။

ပစ္စေကဗုဒ္ဓါ, ဗုဒ္ဓအလောင်းတော်တို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည် အရဟတ္တမဂ်တရားနှင့် ယှဉ်သော သမာဓိကို ကိလေသာတို့ဖြင့် မငြိမတွယ် စင်ကြယ်၏ဟု ချီးမွမ်းတော်မူ၏။မဂ်နောက်မှာ ဖိုလ်ရောက်သဖြင့် အခြားမရှိ အကျိုးပေးတတ်၏ဟူ၍လည်း ဟောတော်မူ၏၊ ဤအရဟတ္တမဂ် သမာဓိနှင့် တူသော သမာဓိတရားမည်သည် မရှိ၊ ဤ အရဟတ္တသမာဓိဟူသော တရားသည်လည်း လောကီရတနာတို့ထက် မြတ်သော အမြတ်ဆုံး ရတနာအစစ် ဖြစ်တော်မူ၏။

ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား ဘေးရန်ကင်းကွာ ချမ်းသာခြင်းမင်္ဂလာသည် လျင်စွာမသွေ ဖြစ်ပါစေသတည်း။အကျွန်ုပ်အား စည်းစိမ်ဥစ္စာ ရတနာဖွံ့ဖြိုး တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား မွန်မြတ်သော လာဘ်လာဘရတနာအမျိုးမျိုး တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။

## စီးပွါးချမ်းသာ ပြည့်စုံလိုသူတိုင်း ရှုတ်ရန်

ဤဗုဒ္ဓရတနာအစစ် အနှစ်ပြည့်လွှမ်း အံ့မခန်းသော ဂုဏ်တော်ဆိုင်ရာ ရတနာဂါထာတော်ကို ရတနသုတ်မှ သီးခြားထုတ်၍ ပြခြင်းပင် ဖြစ်၏။ ရတနာစစ် ဖြစ်တော်မူသော ဘုရားရတနာတော်မြတ်ကို အမြဲမပြတ် ကြည်ညိုကြသူမှန်သမျှကို နှစ်သက်မြတ်နိုးစရာ ရတနာအသစ်အဆန်း တခမ်းတနားအကျိုးပေးမည်။

တောင့်တခြင်းမည်သည် ကုသိုလ်နှင့်ယှဉ်တွဲ၍ တောင့်တခြင်းက ရိုးရိုးတောင့်တခြင်းထက် အကျိုးပေးမြန်၏၊ စစ်မှန်သော ရတနာ ဖြစ်ပေါ်ပါမှသာ မိမိထံ၌ ထိုရတနာသည် တည်တံ့ ခိုင်မြဲစွာ တန့်နား ပေမည်၊ ဇောတိက သူဌေး၏ ရတနာသည် စစ်မှန်၏။ သို့အတွက် ရန်သူ မဖျက်ဆီးနိုင်။ ဘုရားတည်းဟူသော ရတနာသည် မှန်မြတ် စစ်မှန်၏၊ ထိုမှန်မြတ် စစ်မှန်သော ရတနာကို ကြည်ညိုလေးမြတ် မပြတ်ပူဇော်သူတို့မှာ စစ်မှန်သော ရတနာ ဖြစ်ထွန်း ပေါ်ပေါက်လာစမြဲသာ ဖြစ်၏၊ ဒါကြောင့် ညွှန်ကြားသည့်အတိုင်း မြတ်မြတ်နိုးနိုး အားကိုး၍ ရှုတ်ကြပါကုန်။

ဗုဒ္ဓ၏ ကြည်ညိုစရာ ဂုဏ်တို့ကို ယုဇနာပေါင်း ရှစ်သောင်းလေးထောင်မြင့်သည့် မြင်းမိုရ်တောင်ကို ဆေးမင်တံ စုတ်ပြု, ကောင်းကင်ပြင်အားလုံးကိုပေရွက်ပြု၍ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေမင်ခဲကို အရှေ့ အနောက် တောင်မြောက် ဖွဲ့ချုပ်, သမုဒ်လေးတွေ လေးစင်းသော ရေမှာ မွှေ

ဖျော်၍ ဥတ္တာ-စရှိ ဥက္ကတိအဆုံး ဆန်းဂါထာ အားလုံးဖြင့် အရှင် သာရိပုတ္တရာ အရှင် အာနန္ဒာတို့လို ပညာ့ဗဟုဿုတ တေဒဂ်ရ ပုဂ္ဂိုလ်ကျော်ကြီးများက အထွေထွေ စိတ်ကူး ဉာဏ် ကွန့်မြူး၍ ချီးကျူးနက်လေး ရေးသား စီကုံး ပါသော်လည်း ဗုဒ္ဓ၏ အဆင်းတော် တန်းခိုးတော် စကားတော် ဉာဏ်တော် အစိတ္တေယျတို့မှာ ကုန်ဆုံးနိုင်ဘွယ်ရာ မရှိပါပေ၊ ဗုဒ္ဓရတနာ သည် နှစ်သက်စရာ အပြည့်ရှိ၏။ လောကီရတနာတို့မှာပင် နှစ်သက်မဒီ ရှိနေနှင့်၏။ လောကုတ္တရာရတနာမှာမူ အဘယ် မှာလျှင် နှစ်သက်ရောင့်ရဲတင်းတိမ်နိုင်ပါအံ့နည်း၊ ကဝိလက္ခဏာ သတ်ပုံကျမ်းပြုဆရာကြီး ဦးသြသည် မင်းဆက်ရာဇဝင်လင်္ကာ ကြီး၌—

> "ချီးမြှောက်ဘွယ်မူ၊ အစုစုကို၊ မရေစုတ်တံ၊ ပေရွက် ခံဝယ်၊ ယဉ်လှုံထွေထွေ၊ သမုဒ်ရေဖြင့်၊ မြေကိုနီးဖျော်၊ ရေးလှည့်သော်လည်း၊ ပုဂ္ဂိုလ်ကျော်ဂုဏ်၊ တိမှာကုန် လိမ့်"

ဟူ၍ ရေးဆက်ခဲ့သော လင်္ကာပိုဒ်သည် ဗုဒ္ဓရတနာမြတ်အတွက် စီကုံး ဆက်သွင်း ပူဇော်ခြင်းသာ ဖြစ်သင့် ပါတော့သတည်း။

ဗုဒ္ဓ၏ ရွှေနှုတ်တော်မှ ဟောတော်မူခဲ့သော ရတနာစစ် တရားတော်, ရတနာစစ် သားတော်တို့၏ ဂုဏ်တော်များမှာ လည်း ချီးကျူးနက်လေး ရေးသား ဖွဲ့နွဲ့ စီကုံးပါသော်လည်း ကုန်ဆုံးနိုင်ဘွယ်ရာ မရှိတော့ပါ။ ထို့ကြောင့် မြတ်မြတ်နိုးနိုး အားကိုးရှုတ်ကြပါရန် တိုက်တွန်းလိုက်ရပေသတည်း။

## သံဃရတနာ ဂုဏ်များစွာဖြင့် သစ္စာပြုကာ ချမ်းသာဆုကို တောင်းကြပါရန်

ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဘောဂဝုဍ္ဎနံ၊
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ လာဘဝုဍ္ဎနံ။

ဘုရားအမှူးရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်သော ပုဂ္ဂိုလ်တို့ကား ရှစ်ယောက်ရှိကုန်၏။ ထို ပုဂ္ဂိုလ်တို့သည် အစုံအားဖြင့် လေးယောက်တစုံ ဖြစ်ကြကုန်၏၊ ကောင်းသော စကားတို့ကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၏ တပည့်သာဝကများ ဖြစ်ကြကုန်၏၊ မြတ်သော အလှူကို ခံယူထိုက်ကြကုန်၏။ ထို ပုဂ္ဂိုလ်တို့အား ပေးလှူအပ်သော အလှူတို့သည် ကောင်းစွာတိုးပွါး အကျိုးများကုန်၏။ ဤ အရိယာပုဂ္ဂိုလ် တည်းဟူသော သံဃာ ရတနာ သည်လည်း လောကီရတနာ တို့ထက် မြတ်သော အမြတ်ဆုံး ရတနာ အစစ် ဖြစ်တော်မူ၏။

ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် လျင်စွာမသွေ ဖြစ်ပါစေသတည်း၊ အကျွန်ုပ်အား စည်းစိမ်ဥစ္စာ

ရတနာဖွံ့ဖြိုး တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား မွန်မြတ်လှစွာ လတ်လာဘရတနာသည် မြန်စွာဖွံ့ဖြိုး တိုးပွါးပါစေသတည်း။

ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဘောဂဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ လာဘဝဍ္ဎနံ။

အကြင် ရဟန္တာပုဂ္ဂိုလ်တို့သည် ဂေါတမမြတ်စွာဘုရားသာသနာတော်၌ မြဲမြံခိုင်ခံ့ တည်တံ့သောစိတ်ဖြင့် ကောင်းစွာအားထုတ်ကြသည်ဖြစ်၍ ကိလေသာရန်သူတို့၏ လက်မှလွတ်ကြကုန်၏။ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်တရားကို အာရုံပြုသောအားဖြင့် ရောက်ကြကုန်သည်ဖြစ်၍ အချည်းအနှီးမျှ မပျက်စီး၊ အားသစ်အပ်သော ဘာဝနာဖြင့် ရကြကုန်သည်ဖြစ်၍ အမြိုက်သုဒ္ဓါ နိဗ္ဗာန်ချမ်းသာကို ဖလသမာပတ်ဖြင့် ကောင်းစွာဝင်စား နှလုံးပွါးလျက် ခံစားသုံးဆောင်ကြရကုန်၏။ ဤရဟန္တာပုဂ္ဂိုလ်တည်းဟူသော သံဃာရတနာသည်လည်း လောကီရတနာတို့ထက်မြတ်သော အမြတ်ဆုံးရတနာအစစ် ဖြစ်တော်မူ၏။

ဤသို့ မှန်ကန်သောသစ္စာစကားကြောင့် အကျွန်ုပ်အား ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် လျင်

စွာမသွေ ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား စည်းစိမ်ဥစ္စာ ရတနာဖွံ့ဖြိုး တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား မွန်မြတ်လှစွာ လာဘ်လာဘရတနာသည် မြန်စွာဖွံ့ဖြိုး တိုးပွါးပါစေသတည်း။

ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဘောဂဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ လာဘဝဍ္ဎနံ။

မြေ၌ စိုက်ထူထားသော တံခါးတိုင်သည် အရပ်လေးမျက်နှာတို့မှ တိုက်ခတ်လာသော လေတို့ကြောင့် မတုန်မလှုပ်နိုင်သကဲ့သို့ အကြင်ပုဂ္ဂိုလ်သည် လေးပါးသော အရိယသစ္စာတို့ကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် သက်ဝင်၍ သိမြင်တော်မူ၏၊ ထိုသောတာပန် တည်ပြီးသော အရိယာသူတော်ကောင်းတို့ကို ဆိုအပ်ခဲ့ပြီးသော မယိမ်းမယိုင် ကျောက်စာတိုင်နှင့် တူ၏ဟူ၍ ငါဘုရား ဟောကြားတော်မူခဲ့၏၊ ဤသောတာပန်တည်းဟူသော သံဃာရတနာသည်လည်း လောကီရတနာ တို့ထက်မြတ်သော အမြတ်ဆုံးရတနာအစစ် ဖြစ်တော်မူ၏။

ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် လျင်စွာမသွေ ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား စည်းစိမ်ဥစ္စာ ရတနာ

ဖွံ့ဖြိုး တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား မွန်မြတ်လှစွာ လာဘ်လာဘ ရတနာသည် မြန်စွာ ဖွံ့ဖြိုး တိုးပွါးပါစေသတည်း။

ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဘောဂဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ လာဘဝဍ္ဎနံ။

အကြင် သောတာပန် ပုဂ္ဂိုလ်တို့သည် နက်နဲ ခက်ခဲသောပညာဖြင့် မြတ်စွာဘုရား ကောင်းစွာ ဟောကြားတော်မူခဲ့သော အရိယသစ္စာ လေးပါးတို့ကို ကောင်းစွာ ထင်ထင်သိမြင်တော် မူကြကုန်၏။ ထိုသောတာပန် ပုဂ္ဂိုလ်တို့သည် လူနတ်အာရုံ ကာမဂုဏ်တို့၌ ခိုမင် ပျော်ပါးကြလေသည်ဖြင့် တရားဘာဝနာကို ပြင်းစွာ မေ့လျော့ငြား ကုန်သော်လည်း ရှစ်ကြိမ်မြောက်ဘဝကို မယူကြကုန်။ ဤသောတာပန် ပုဂ္ဂိုလ်တည်းဟူသော သံဃာရတနာသည်လည်း လောကီ သက်ရှိ သက်မဲ့ ရတနာတို့ထက် မြတ်သော အမြတ်ဆုံး ရတနာအစစ် ဖြစ်တော်မူ၏။

ဤသို့ မှန်ကန်သောသစ္စာစကားကြောင့် အကျွန်ုပ်အား ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာမင်္ဂလာသည် လျင်စွာ မသွေ ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား စည်းစိမ်ဥစ္စာရတနာ

ဖွံ့ဖြိုး တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား မွန်မြတ်လှစွာ လာဘ်လာဘရတနာသည် မြန်စွာဖွံ့ဖြိုး တိုးပွါးပါစေသတည်း။

သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

ထိုသောတာပန် ပုဂ္ဂိုလ်တို့အား (ထိုသောတာပန်ပုဂ္ဂိုလ်တို့သည်)သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပြည့်စုံသည်နှင့် တပြိုင်နက်သာလျှင် သက္ကာယဒိဋ္ဌိ သံယောဇဉ်ကိုလည်းကောင်း၊ဝိစိကိစ္ဆာ သံယောဇဉ်ကိုလည်းကောင်း၊ သီလဗ္ဗတ ပရာမာသ သံယောဇဉ်ကိုလည်းကောင်း ဤသုံးပါးကုန်သော သံယောဇဉ်တရားတို့ကို ပယ်စွန့်အပ်ကုန်ပြီ၊ စိုးစဉ်းမျှသော အပါယဂမနီယ ဖြစ်သော ကိလေသာသဘောမျှကိုလည်း စွန့်အပ်၏။

စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဘောဂဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ လာဘဝဍ္ဎနံ။

ထိုသောတာပန်ပုဂ္ဂိုလ်သည် လေးပါးကုန်သော အပါယ်လားခြင်းတို့မှလည်း လွတ်၏၊ ခြောက်ပါးကုန်သော အမိသတ်ခြင်းစသော အလွန်ယုတ်မာသောအရာတို့ကိုလည်း ပြုအံ့

သောင့်ါခထိုက်၊ ဤသောတာပန်တည်းဟူသော သံဃာရတနာ သည်လည်း လောကီရတနာတို့ထက် မြတ်သော အမြတ်ဆုံး ရတနာအစစ် ဖြစ်တော်မူ၏။

ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် လျင် စွာ မသွေ ဖြစ်လွယ်ပါစေသတည်း။ အကျွန်ုပ်အား စည်းစိမ် ဥစ္စာ ရတနာ ဖွံ့ဖြိုး တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား မှန်မြတ်လှစွာ လာဘ်လာဘ ရတနာသည် မြန်စွာဖွံ့ဖြိုး တိုးပွါးပါစေသတည်း။

ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဉဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဘောဂဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ လာဘဝဍ္ဎနံ။

ထိုသောတာပန်ပုဂ္ဂိုလ်သည် ယုတ်မာစွာသော ဒုစရိုက် ကံကို ကာယဒွါရဖြင့်လည်းကောင်း ဝစီဒွါရဖြင့်လည်းကောင်း မနောဒွါရဖြင့်လည်းကောင်း အကယ်၍ ပြုမိအံ့၊ ထိုမကောင်းမှု ဒုစရိုက်ကံကို ဖုံးလွှမ်းခြင်းငှါ မထိုက်၊ မဂ်ဉာဏ်ဖြင့် မြင်အပ် ပြီးသော နိဗ္ဗာန်ရှိသော သောတာပန်ပုဂ္ဂိုလ်အား မကောင်း မှုကို ဖုံးလွှမ်းခြင်းငှါ မထိုက်သည်၏အဖြစ်ကို မြတ်စွာဘုရား သည် ဟောတော်မူအပ်၏။ ဤသောတာပန် တည်းဟူသော

သံဃာရတနာသည်လည်း လောကီရတနာတို့ထက် မြတ်သော အမြတ်ဆုံး ရတနာအစစ် ဖြစ်တော်မူ၏။

ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် လျင်စွာ မသေ့ ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား စီးပွါးဥစ္စာ ရတနာဖွံ့ဖြိုး တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား မွန်မြတ်လှစွာ လာဘ်လာဘ ရတနာသည် မြန်စွာဖွံ့ဖြိုး တိုးပွါးပါစေသတည်း။

ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဘောဂဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ လာဘဝဍ္ဎနံ။

အကြင်ရဟန္တာပုဂ္ဂိုလ်တို့အား ရှေးကံဟောင်းသည် ကုန်လေပြီ၊ အသစ်ဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံသည် မရှိသည်သာလျှင်တည်း၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် လာလတ္တံ့သော အနာဂတ်ဘဝသစ်၌ တပ်ခြင်းကင်းသော စိတ်ရှိကုန်၏၊ ကုန်ပြီးသော ပဋိသန္ဓေဟူသော မျိုးစေ့ရှိတော်မူကုန်၏၊ ဝဋ်၌ တပ်ခြင်းကင်းသော ဆန္ဒရှိတော်မူကုန်၏။ ဤဆီမီးသည် ငြိမ်းသကဲ့သို့ ထိုအတူ မြဲမြံသော ပညာရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည် ဝဋ်ဒုက္ခငြိမ်းတော်မူကုန်၏။ ဤရဟန္တာတည်းဟူသော

သံဃာရတနာသည်လည်း လောကီရတနာတို့ထက် မြတ်သော အမြတ်ဆုံး ရတနာအစစ် ဖြစ်တော်မူ၏။

ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် လျင်စွာ မသွေ ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား စည်းစိမ်ဥစ္စာ ရတနာဖွံ့ဖြိုး တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား မှန်မြတ်လှစွာ လာဘ်လာဘ ရတနာသည် မြန်စွာဖွံ့ဖြိုး တိုးပွါးပါစေသတည်း။

ခုဒ္ဒကပါဌအဋ္ဌကထာ နှာ-၁၃၂-နှင့် သုတ္တနိပါတ်အဋ္ဌကထာ ဒု-တွဲ၊ နှာ-၂၆၃-တို့မှာလည်း ရတနသုတ်အဖွင့်တွင် အကျယ်တဝင့် ဖွင့်ဆိုတော်မူလေသည်။

“ဣမေဟိ အဋ္ဌာရသဓမ္မေဟိ သမန္နာဂတဿ
ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ”။

ဟု ခါရဏသုတ်၌ ဘုရားခုနစ်ဆူတို့ကို ပူဇော်ရှိခိုးထားလေသည့်အတူ ရတနသုတ်၌လည်း—

ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

ဟူ၍ ဝေသာလီပြည်ကြီး၌ ပတ္တမြားမျက်ရှု စကျွင်ငါးအင်ရှင်ပင်ဗုဒ္ဓ ဟောကြားတော်မူရာ၌လည်း ဝိပဿီစသောဘုရားခုနစ်ဆူတို့ကို သမ္မာဒေဝနတ်ပြဟ္မာအပေါင်း သောင်းသောင်း

ဖျဖျ ဦးနှိမ်ချ၍ ရှိခိုးကြပုံကို ထုတ်ဖော်၍ သိကြားမင်း သစ္စာပြု ဆုပန်သည်ကို ပြဆိုထားလေသည်။

ဤပရိတ်ရွတ်ရာအရပ်သို့ တရားနာရန် ရုက္ခစိုးနတ် ဘုမ္မစိုး နတ် မြို့စောင့်နတ် ရွာစောင့်နတ် အိမ်စောင့်နတ် နတ်ပြည် ခြောက်ထပ်မှ နတ်များ, ဗြဟ္မာ နှစ်ဆယ်မှ ဗြဟ္မာများတို့သည် အညီအညွတ် လာရောက်ကြကုန်၏၊ ထိုနတ်ဗြဟ္မာအပေါင်းတို့ သည် ဝိပဿီစသော ဘုရားခုနစ်ဆူတို့ကို ရှိခိုးကြကုန်၏၊ ရှိခိုး ရသော ကုသိုလ်အာနုဘော်တော်ကြောင့် သတ္တဝါအပေါင်း ချမ်းသာကြပါစေ ဘေးရန် ကင်းငြိမ်းကြပါစေဟု သိကြား မင်းက ဆုပန်လေသည်။

ဤဆုပန်ရာ၌ ('ပါဏီနံ၊ သတ္တဝါတို့အား။'လို့ ဆိုသော စကားအစား မေ၊ အကျွန်ုပ်အား။)လို့ လဲလှယ်ထည့်သွင်း၍ သစ္စာပြု ဆုတောင်းနိုင်ကြပါသည်။ ထို့နောက်မှ ပါဏီနံကို ဒုတိယအဆင့်ထားပြီး ရွတ်ဆိုဆုတောင်းကြပါက ပို၍ကောင်း ပါသည်။

မိမိဘဝကို ထူးမြတ်သော ယောကျ်ားထူး ယောကျ်ား မြတ်, မိန်းမထူး မိန်းမမြတ်ဘဝ၌ အမြဲရပ်တည်သွားစေလို ပါက ဤပြဆိုလတ္တံ့သော နမူနာကို နည်းယူ နှလုံးပိုက်၍ အမြဲရွတ်ပေးပါက ဤခေတ်ထဲမှာ စည်းစိမ်ရှင်ဘဝကို အဘယ် မှာလျှင် မရဘဲ နေအံ့နည်း။

စည်းစိမ်ရှင်တွေ ကားထည်လဲစီး တိုက်ကြီးတွေနှင့်နေကာ အစားအစာ အဝတ်တန်းဆာတို့ကို အလျှံပယ်သုံးစား သွား လာနေထိုင်ကြဒါတွေကို ကြည့်ရှုပြီး ငါတို့လဲ သူတို့လို စည်း စိမ်ခံချင်လိုက်ပါဘိဆိုတဲ့ အာသာငမ်းနေရုံမျှနှင့် စိမ်ခံနိုင်ကြ လိမ့်မည်မဟုတ်။

မိမိကိုယ်တိုင်ကပင် ကာယစွမ်းအား ဉာဏစွမ်းအား အလုပ်ခွင်ဝင်ပြီး တွင်တွင်ကြီး အလုပ်ကို ဇွဲရှိရှိ သတ္တိပြောင်ပြောင် ရှေ့တန်းမှ ပြေးနေအောင် အလုပ်လုပ်ပြရလိမ့်မည်။ သို့မှသာ သူတို့လို ဇိမ်ရှိရှိ နေနိုင်ပေမည်။

စည်းစိမ်ရှင်ဖြစ်နိုင်တဲ့ ဗျူဟာလက်နက်ကြီးတခုကို တိမ်တိုက်ကြားမှ ခွဲထွက်ပေါ်ပေါက်လာသော လပြည့်ဝန်းပမာ ဖော်ပြပါမည်။ စာရေးသူ ကိုယ်တိုင် ပွါးများနေသော လာဘ်ရှင်ရတနာဝင် ဂါထာတော်များကို အစီအစဉ်နှင့်တကွ ဖော်ပြလိုက်ပေအံ့။

### ပဥ္စမဆင့် ဦးခေါင်း၌ ဘုရားပင့်ရန်

ပဥ္စမဆင့် ဗုဒ္ဓ ခနစ်ဆူတို့၏ မြင့်မြတ်တော် မူလှသော တန်းခိုးတော်တို့ကို မိမိ၏ ဦးခေါင်းထက်၌ ပင့်ထားရမည်။

၁။ ဝိပဿိ သမ္မာသမ္ဗုဒ္ဓဿ မဟာကရုဏိ သိသဂ္ဂေ မေ နိစ္စံ ဌာတု။

၂။ သိခိသမ္မာသမ္ဗုဒ္ဓဿ မဟာကရုဏိ သိသဂ္ဂေ မေ နိစ္စံ ဌာတု။

၃။ ဝေဿဘု သမ္မာသမ္ဗုဒ္ဓဿ မဟာကရုဏိ သိသဂ္ဂေ မေ နိစ္စံ ဌာတု။

၄။ ကကုသန္ဓ သမ္မာသမ္ဗုဒ္ဓဿ မဟာကရုဏိ သိသဂ္ဂေ မေ နိစ္စံ ဌာတု။

၅။ ကောဏာဂမန သမ္မာသမ္ဗုဒ္ဓဿ မဟာကရုဏိ သိသဂ္ဂေ မေ နိစ္စံ ဌာတု။

၆။ ကဿပ သမ္မာသမ္ဗုဒ္ဓဿ မဟာကရုဏိဿ သီသဂ္ဂေ မေ နိစ္စံ ဌာတု။

၇။ ဂေါတမ သမ္မာသမ္ဗုဒ္ဓဿ မဟာကရုဏိဿ သီသဂ္ဂေ မေ နိစ္စံ ဌာတု။

## ဦးခေါင်းထက်၌ ဘုရားပင့်ရန်

၁။ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဝိပဿီ အမည်တော်ရှိသော မြတ်စွာဘုရား၏မြင့်မြတ်တော်မူလှသောတန်းခိုးတော်သည် အကျွန်ုပ်၏ ကိုယ်အင်္ဂါထူး ဦးခေါင်းဦး၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ်တန့်နား တည်နေတော် မူပါစေသတည်း။

၂။ သိခီ အမည်တော်ရှိသော–

၃။ ဝေဿဘူ အမည်တော်ရှိသော–

၄။ ကကုသန် အမည်တော်ရှိသော–

၅။ ကောဏာဂုမ် အမည်တော်ရှိသော–

၆။ ကဿပ အမည်တော်ရှိသော–

၇။ ဂေါတမ အမည်တော်ရှိသော–

ဟူသော စကားအသွဲ ဘွဲ့တော်မြတ်တို့ကို လဲလှယ်ပြီး ပင့်ရသာ ရှိတော့သည်။

ဇွဲကောင်းကောင်းနှင့် အမြဲပင့်ပေးကြပါ။ (မိမိသက်စေ့ပင့်ပါ)

## ဒုတိယဆင့် နှလုံးသား၌ ဘုရားပင့်ရန်

ဒုတိယဆင့် ဝိပဿီ စသော ဘုရားခုနစ်ဆူတို့၏ မေတ္တာတော် တည်းဟူသော ဆေးကို မိမိတို့၏ နှလုံးသားအတွင်း၌ အမြဲပင့်ထားရမည်။

၁။ ဝိပဿိသမ္မာသမ္ဗုဒ္ဓဿ သုသိဝံ မေတ္တာသမံ ဟာဒယန္တေ မေ နိစ္စံ ဌာတု။

၂။ သိခိသမ္မာသမ္ဗုဒ္ဓဿ သုသိဝံ မေတ္တာသမံ ဟာဒယန္တေ မေ နိစ္စံ ဌာတု။

၃။ ဝေဿဘုသမ္မာသမ္ဗုဒ္ဓဿ သုသိဝံ မေတ္တာသမံ ဟာဒယန္တေ မေ နိစ္စံ ဌာတု။

၄။ ကကုသန္ဓသမ္မာသမ္ဗုဒ္ဓဿ သုသိဝံ မေတ္တာသမံ ဟာဒယန္တေ မေ နိစ္စံ ဌာတု။

၅။ ကောဏာဂမနသမ္မာသမ္ဗုဒ္ဓဿ သုသိဝံ မေတ္တာသမံ ဟာဒယန္တေ မေ နိစ္စံ ဌာတု။

၆။ ကဿပသမ္မာသမ္ဗုဒ္ဓဿ သုသိဝံ မေတ္တာသမံ ဟာဒယန္တေ မေ နိစ္စံ ဌာတု။

၇။ ဂေါတမသမ္မာသမ္ဗုဒ္ဓဿ သုသိဝံ မေတ္တာသမံ ဟာဒယန္တေ မေ နိစ္စံ ဌာတု။

## နှလုံးသား၌ ဘုရားပင့်ရန်

၁။ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော ဝိပဿီအမည်တော်ရှိသော မြတ်စွာဘုရား၏ သန့်ရှင်းကြည်လင် အေးမြတော်မူလှသော မေတ္တာ

တော်တည်းဟူသော ဆေးသည် အကျွန်ုပ်၏ နှုးညှံ့သန့်ရှင်း နှလုံးသား၏ အတွင်း၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ် တန့်နား တည်နေတော်မူပါစေသတည်း။

၂။ သိခိ အမည်တော်ရှိသော−

၃။ ဝေဿဘူ အမည်တော်ရှိသော−

၄။ ကကုသန် အမည်တော်ရှိသော−

၅။ ကောဏာဂုမ် အမည်တော်ရှိသော−

၆။ ကဿပ အမည်တော်ရှိသော−

၇။ ဂေါတမ အမည်တော်ရှိသော−

ဟူသော စကားအသွဲ ဘွဲ့တော်မြတ်တို့ကို လှည့်လည်ပြီး ရွတ်ပေးဘို့သာ လိုပါတော့သည်။ မိမိတို့၏ အသက်စေ့ ရွတ် ဖတ်ရမည်။

ထို့နောက်−−

## တတိယဆင့် ဦးခေါင်း၌ တရားပင့်ရန်

တတိယဆင့် ဗုဒ္ဓရှင်တော်မြတ်ဘုရား ခုနစ်ဆူတို့၏ တရား တော် တည်းဟူသော အလင်းရောင်သည် မိမိ၏ကိုယ်အင်္ဂါထူး ဦးခေါင်းဦး၌ အမြဲတစေ ကိန်းဝပ်တန့်နား တည်နေတော် မူပါစေဟု ဂရုစိုက်၍ ပင့်ကြရန် ဖြစ်သည်။

၁။ ဝိပဿိသမ္မာသမ္ဗုဒ္ဓဿ ဓမ္မောဘာသံ သီသဂ္ဂေ
မေ နိစ္စံ ဌာတု။

၂။ သိခိ သမ္မာသမ္ဗုဒ္ဓဿ။ပ။ ဌာတု။

၃။ ဝေဿဘူ သမ္မာသမ္ဗုဒ္ဓဿ။ပ။ ဌာတု။
၄။ ကကုသန္ဓ သမ္မာသမ္ဗုဒ္ဓဿ။ပ။ ဌာတု။
၅။ ကောဏာဂမန သမ္မာသမ္ဗုဒ္ဓဿ။ပ။ ဌာတု။
၆။ ကဿပ သမ္မာသမ္ဗုဒ္ဓဿ။ပ။ ဌာတု။
၇။ ဂေါတမသမ္မာသမ္ဗုဒ္ဓဿ ဓမ္မောဘာသံ သီသင္ဂေ မေ နိစ္စံ ဌာတု။

၁။ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော ဝိပဿီ အမည်တော်ရှိသော မြတ်စွာဘုရား၏ တရားတော်တည်းဟူသော အလင်းရောင်သည် အကျွန်ုပ်၏ ကိုယ်အင်္ဂါထူး ဦးခေါင်းဦး၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ် တန့်နား တည်နေတော်မူပါစေသတည်း။

၂။ သိခီ အမည်တော်ရှိသော မြတ်စွာဘုရား၏။ ပ ။ သတည်း။

၃။ ဝေဿဘူ အမည်တော်ရှိသော မြတ်စွာဘုရား၏။ ပ ။ သတည်း။

၄။ ကကုသန် အမည်တော်ရှိသော မြတ်စွာဘုရား၏။ ပ ။ သတည်း။

၅။ ကောဏာဂုမ် အမည်တော်ရှိသော မြတ်စွာဘုရား၏။ ပ ။သတည်း။

၆။ ကဿပ အမည်တော်ရှိသော မြတ်စွာဘုရား၏။ ပ ။ သတည်း။

၇။ ဂေါတမ အမည်တော်ရှိသော မြတ်စွာဘုရား၏။ ပ ။ သတည်း။

ဟူ၍ စကားအသွဲ့ ဘွဲ့တော်မြတ်တို့ကို အလဲအလှယ် ထည့်သွင်း ရွတ်ကြပါလေ။ (သက်စေ့ ရွတ်ပေးပါ။)

## စတုတ္ထဆင့် ဘုရားရှိခိုးဆုတောင်း

စတုတ္ထဆင့် ဆက်လက်ရွတ်ရန်မှာ—

၁။ နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ[၁]။

၂။ တထာဂတံ အရဟန္တံ၊
( )[၂] သရဏံ ဂတော။
ရာဟု ( )[၂] ပမုဉ္စဿု၊
ဗုဒ္ဓါ လောကာနုကမ္ပကာ[၁]။

အမှတ်တစ် ပဌမပါဒဖြစ်သော 'နမော တေ ဗုဒ္ဓ ဝီရတ္ထု'ကို မိမိသက်စေ့ရွတ်ပါ၊ ထို့နောက် ကျန်ပါဒများကို တခေါက်သာ ရွတ်ပါ။

၃။ ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ[၁]။
တာဒိသံ တေဇ သမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

ကို ရွတ်၍ ဗုဒ္ဓ၏တန်းခိုးတော်ကို အားကိုး၊ ဗုဒ္ဓကို ရိုသေစွာ ရှိခိုးပေးပါ။ (အနက်ကို သီးခြားဖော်ပြပါမည်။)

---

၁။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် နှာ-၁၄၊ ၄၄၊၄၈၊
မဇ္ဈိမပဒပါဠိတော် နှာ-၆၉။ ဗုဒ္ဓဝံသအဋ္ဌကထာ နှာ-၁၈။
၂။ လက်သည်းကွင်းထဲ၌ ရွတ်လိုသူ၏ နာမည်ထည့်၍ ရွတ်ပါ။

၄။ သစ္စံ ဟေမဉ္စ ရတနံ၊ ဂေဟံ ဝတ္ထဉ္စ ဘောဇနံ။
တဒညေပိ ယထာ စိတ္တံ၊ မာပေယျာဟံ နမေ ဇိနံ။
သစ္စံ ဟေမဉ္စ ရတနံ၊ ဂေဟံ ဝတ္ထဉ္စ ဘောဇနံ။
တဒညေပိ ယထာ စိတ္တံ၊ မာပေယျံ ကမ္မဇိဒ္ဓိယာ။

၅။ စက္ကာဒိသတ္တရတနံ၊ မုတ္တာဒိရတနံ သုဘံ။
ဝတ္ထပ္ပဘူတိရတနံ၊ ဆန္ဒက္ခဏေ လဘာမဟံ[1]။

## ပဉ္စမဆင့် သစ္စာပြု ဆုတောင်း

## လာဘ်တိုးရန် သစ္စာပြု ဆုတောင်း

ပဉ္စမအဆင့် ဆက်လက်ရွတ်ရန်မှာ——

၁။ ဗုဒ္ဓါနံ မဟာလာဘဿ န သက္ကာ ကေနစိ အန္တရာ-ယော ကာတုံ၊
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ လာဘဝုဍ္ဎနံ။

ဝိပဿီစသော ဘုရားရှင်တို့၏ ကြီးကျယ်မြင့်မြတ်တော်မူလှသောလာဘ်မြတ်ရတနာတော်အား တစုံတယောက်သော သူသည် အန္တရာယ်ဆယ်ပါးတို့ကို ပြုခြင်းငှါ မတတ်ကောင်းပါ၊ ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား မွန်မြတ်လှစွာသော လာဘ်လာဘ ရတနာ အမျိုးမျိုးတို့၏ တိုးပွါးခြင်းသည် စင်စစ်မသွေ ဖြစ်ပါစေသတည်း။

## စည်းစိမ်တိုးရန် သစ္စာပြု ဆုတောင်း

၂။ ဗုဒ္ဓါနံ မဟာဘောဂဿ န သက္ကာ ကေနစိ အန္တရာ-ယော ကာတုံ၊
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဘောဂဝုဍ္ဎနံ။

---

၁။ အနက်ကို ရတနာပီတိကျမ်း၊ နှာ-၁၀၅-၁၀၆-မှာကြည့်။

ဝိပဿီ စသော ဘုရားရှင်တို့၏ ကြီးမားလှသော စည်းစိမ် ချမ်းသာတော်အား တစုံတယောက်သောသူသည် အန္တရာယ် ဆယ်ပါးတို့ကို ပြုခြင်းငှါ မတတ်ကောင်းပါ၊ ဤသို့ ဟုတ်မှန် စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား စည်းစိမ် ဖွံ့ဖြိုး တိုးပွါးခြင်းသည် အမှန်မသွေ ဖြစ်ပါစေသတည်း။

## **တန်းခိုးကြီးရန် သစ္စာပြု ဆုတောင်း**

၃။ ဗုဒ္ဓါနံ မဟာတေဇဿ န သက္ကာ ကေနစိ အန္တရာ-ယော ကာတုံ၊

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ တေဇဝဍ္ဎနံ။

ဝိပဿီ စသော ဘုရားရှင်တို့၏ နတ် လူ များဖြင့် ရင်သတ် ရှုမော အံ့ဩမဆုံး ဘုန်းတန်းခိုးတော်မြတ်အား တစုံတယောက်သော သူသည် အန္တရာယ်ဆယ်ပါးတို့ကို ပြုခြင်းငှါ မတတ်စွမ်းနိုင်ကောင်းပါ၊ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာ စကားကြောင့် အကျွန်ုပ်အား နတ် လူ များဖြင့် ရင်သတ် ရှုမော အံ့ဩမဆုံး ဘုန်းတန်းခိုးတော်၏ တိုးပွါးခြင်းသည် အမှန်မသွေ ဖြစ်ပါစေသတည်း။

## **ချမ်းသာတိုးရန် သစ္စာပြု ဆုတောင်း**

၄။ ဗုဒ္ဓါနံ မဟာသုခဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ သုခဝဍ္ဎနံ။

ဝိပဿီ စသော ဘုရားရှင်တို့၏ ထူးမြတ်တင့်ဆန်း ရှင်လန်း စရာ မြတ်သော သန္တိသုခ ချမ်းသာအား တစုံတယောက် သော သူသည် အန္တရာယ်ဆယ်ပါးတို့ကို ပြုလုပ်ခြင်းငှါ မတတ် စွမ်းနိုင်ကောင်းပါ၊ ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကား ကြောင့် အကျွန်ုပ်အား ထူးမြတ်တင့်ဆန်း ရှင်လန်းစရာ မြတ်ချမ်းသာသည် လျင်စွာပြည့်ဖြိုး ပွါးတိုးပါစေသတည်း။

စစ်မှန်သော ချမ်းသာတို့ကို အလိုရှိသူတိုင်း အမြဲရွတ် ပေးပါ၊ ချမ်းသာရေး၌ စိတ်မအေးရသော ရှာဖွေရေးသမား မှန်သမျှ မုချ ချမ်းသာရမည်၊ ယုံကြည်အားထား မျှားမျှား ရွတ်လေ အကျိုးများလေပင် ဖြစ်သည်။

## အခြံအရံများရန် သစ္စာပြု ဆုတောင်း

၅။ ဗုဒ္ဓါနံ မဟာယသဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ယသဝဍ္ဎနံ။

ဝိပဿီ စသော ဘုရားရှင်တို့၏ မျှားမြတ် ပြည့်လျှံ ဘဝဂ် ညီမျှ ခြွေရံပေါကြွယ် လွန်တင့်တယ်သော အခြံ အရံ အပေါင်းအား တစုံတယောက်သောသူသည် အန္တရာယ် ဆယ် ပါးတို့ကို ပြုခြင်းငှါ မတတ်နိုင်ကောင်းပါ၊ ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား အခြွေအရံ၏ တိုးပွါးခြင်းသည် စင်စစ် မသွေ ဖြစ်ပေါ်ပါစေသတည်း။

## အန္တရာယ် ဆယ်ပါး

၁။ မင်းအန္တရာယ်။

၂။ ခိုးသူအန္တရာယ်။

၃။ မီး အန္တရာယ်။

၄။ ရေ အန္တရာယ်။

၅။ လူဆိုး လူကြမ်း,လူရိုင်း အန္တရာယ်။

၆။ နတ်ဘီလူး၊ တစ္ဆေဖုတ်၊ ပြိတ္တာအန္တရာယ်။

၇။ ဆင်၊ မြင်း၊ သစ်၊ကျား၊ သားရဲအန္တရာယ်။

၈။ မြွေ၊ ကင်း၊ သန်း အန္တရာယ်။

၉။ အသက်အန္တရာယ်။

၁၀။ သာသနာတော်၏ အန္တရာယ်။

ဤဆယ်ပါးတို့သည် မပေါ်ပေါက်နိုင်၊ မကျရောက်နိုင်၊ ဤခေတ် လူထုနှင့် အလွန် သင့်လျော်လှသော သစ္စာလက်နက် ဖြစ်ပေသည်။ အန္တရာယ်တို့သည် အလွန် များပြားလှသဖြင့် အမြဲရွတ်ပေးကြပါကုန်။

## ကိုယ်ကျင့်သီလရှိသူကိုသာ နတ်သိကြား ကူညီ

လူ့လောက၌ လူတို့သည် ကိုယ်ကျင့်သီလ ရှိကြပါမှ ဘုန်းသက် ကံသက် ပညာဉာဏ်ရောင်သက်တို့သည် တလက်လက် တလူလူ ဇမ္ဗူဒိပ်၌ ထင်ပေါ်နိုင်လေသည်၊ ကိုယ်ကျင့်သီလရှိသူကို မတရား နှိပ်စက်လို့ မရနိုင်ပေ၊ ကိုယ်ကျင့်သီလ မရှိသူကိုသာ မတရားနှိပ်စက်လို့ ရနိုင်ပေသည်၊ အမှန်တရား

သည် ဖုံးကွယ်၍ မရနိုင်ပေ၊ အမှန်သည် အမှန်ပင်၊ အရှိသည် အရှိပင်၊ အမှန်ကို မမှန်ဟု ဇွတ်ငြင်းလို့ မရနိုင်ပေ၊ အရှိကို မရှိဟု မတရားငြင်းချက်ထွက်လို့ မရနိုင်ပေ။

အချို့တိုင်းပြည်၊ အချို့နိုင်ငံ၊ အချို့မြို့နယ်၊ အချို့ ရပ်ကွက်တို့၌ တရားကင်းမဲ့ပြီးနေကြဒါတွေ ပြုလုပ်ကြဒါတွေ ရှိနေဒါကိုတော့ ဘယ်အတွက်ကြောင့် နတ်များ မကူညီကြပါသလဲလို့ မေးစရာရှိ၏၊ ထိုမြို့နယ် ရပ်ကွက် တိုင်းပြည် နိုင်ငံတွေပေါ်မှာ မိုခိုနေကြသူတွေ ကိုယ်တိုင်က ကိုယ်ကျင့်သီလ မရှိကြလို့ မေတ္တာ ကင်းကွာနေကြလို့သာ အနှိပ်စက် ခံနေရခြင်းပင် ဖြစ်သည်။

တကယ်တန်း ကိုယ်ကျင့်သီလရှိသူ မေတ္တာစိတ် အပြည့်အဝရှိသူတို့သာ ဖြစ်ခဲ့ပါက နှိပ်စက်သူ၊ မတရားပြုမှုသူတို့သာ ဒဏ်ပြန်ခံရမည်ဖြစ်၏။

## သုဇာတာ မိန်းမပြတ် မိန်းမချော မိန်းမလှ၏ သစ္စာကာရ မဟာဗျူဟာလက်နက်

ပါရမီလှလွန်းတဲ့ သုဇာတာ အမျိုးသမီးဟာ ပန်းဝတ်ရည် စားသုံးပြီး သန့်သန့်ပြန့်ပြန့်ကြီး လှနေရှာတဲ့ စန္ဒကိန္နရီမလေး ပမာ လှကို လှလွန်းရှာတဲ့ အမျိုးသမီးရတနာ အလှဧကရီ မယ်ဘွဲ့ရ သုဇာတာလို့ ဆိုရလောက်အောင် လှရှာသူပါဘဲ။

'လင် ဘုရား၊ သားသခင်'သူမရဲ့ မြတ်နိုးပုံကလေးများကလဲ ယဉ်ပါဘိသနဲ့၊ ဆင်ယင်ထုံးဖွဲ့နေစရာမလို၊ နဂိုရ်ချော နဂိုရ်လှ ကြကြွရွရွ နုနုလှလှ ကျားဆိုတဲ့ သတ္တဝါတွေ ရှုလို့ မဝနိုင်စရာ ပေမို့ မခို့တရို့ ကပိုကရို ညှိုခါတ် အာရုံ ခံမင် မက်မော

လင်တော်မောင် အချစ်ဇော မက်မောမဆုံး တပြုံးပြုံးနှင့် မုန်းဆိုတဲ့စိတ် အရိပ်မျှမသန်း ရှင်ရှင်လန်းလန်း ချမ်းချမ်း မြေ့မြေ့ ပွင့်ချပ်-၆၀၀ ရှိသော ကုမုဒ္ဒရာကြာပန်း သီတာ ရေချမ်း တွေ့ရဘိသို့ လင်တော်မောင်ရဲ့ နှလုံးကို ထိလှ ငြိလှရှာတဲ့ အမိတပါးပေပေါ့။

ကြော့လဲ ကြော့၊ နော့လဲ နော့၊ မော့လဲ မော့ နေရှာတဲ့ မေတပါးဟာ ရွှေသားထုထားသော ရွှေစင်ရုပ်ပမာ မျက်နှာ ပန်းပွင့်သော ကိန္နရီမလဲ မက၊ မြောက်ကျွန်းသူ အတုလ ကာရီမယ်ကလဲ မသာ၊ အလှပေါ်မှာ အလှဆင့်ပြီး မြရတနာ ပွင့်ကြီးပမာ လှရှာတဲ့ သုဇာတာ မိန်းမမြတ်ဟာ ဗာရာဏသီ ပြည်နှင့် မနီး မဝေးသော ကျေးရွာ တရွာက အသည် ကောင်းသားနှင့် အချိန်တန် အရွယ်သင့်သဖြင့် လင်နှင့် လိုက်ပါ လင့်အလုပ်အကျွေး ပြုရပါရောတဲ့။

သုဇာတာနှင့် ခင်ပွန်းလင်သည် ဗာရာဏသီပြည်အတွင်း လှည်းတစီးနှင့် သုဇာတာမိဘများရှိရာသို့ မိဘနှစ်ပါးကို ဖူးမြင် လိုတဲ့စေတနာနဲ့ ခရီးထွက်လာကြရာ မြို့တွင်း ရောက်တဲ့အခါ အချိုအချဉ် အားအင်ဖြစ်စရာ မိအို ဘအိုတို့နှင့် သင့်မြတ်ရာရာ ဝယ်၍သွားလိုရှာသဖြင့် လှည်းမှ ဆင်းသက်ပြီး စျေးကြီးရှိရာ သို့သွားကာ ပြန်အလာမှာ မြို့တွင်းလှည့်လည်ခိုက် ဗြဟ္မဒတ် မင်းကြီးက မြင်တော့ သုဇာတာရဲ့ ရုပ်သွင်အလှကို ပြင်းပြင်း ပြပြ မရမနေနိုင်အောင်ဘဲ အစွဲကြီး စွဲတဲ့ပြီး ကာမပိုင် အရှင် လင်ယောကျ်ား ရှိ မရှိ မေးစေတဲ့အခါ သုဇာတာက ကျွန် တော်မမှာ အသက်တမျှ ချစ်လှတဲ့ ခင်ပွန်းလင် ရှိပါတယ်၊

ဟောဒီ သူကောင်းသားရဲ့ ခြေရင်းအလုပ်အကျွေး ဧနီးမယားအစစ် ဖြစ်ပါတယ်လို့ ပြောလိုက်သတဲ့။

ဒါပေမဲ့ မယားကို လိုချင်တဲ့ ဗြဟ္မဒတ်မင်းကြီးကတော့ တပ်နှစ်သက်သော စွဲလမ်းစိတ်ကို မပယ်ဖျောက်နိုင်၍ ရှင်ဘုရင်၏ လက်သုံး ပတ္တမြား ဥသျှောင်ကျင်ကို ထိုလှည်းမှာ အလစ်ထားစေပြီး ပတ္တမြားဥသျှောင်ကျင် သူခိုးအဖြစ်နှင့် သုဇာတာ၏ လင်ကို ဖမ်းပြီး သုသာန်ထုတ်၍ သတ်စေသတဲ့၊ အမျိုးမျိုးနှိပ်စက် ရိုက်နှက် ထုထောင်းပြီး ဖမ်းဆီး၍ လမ်းဆုံလမ်းခွ ရောက်တိုင်း ကြိမ်နှင့် ရိုက်လျက် ပြင်းပြင်းထန်ထန် နှိပ်စက်ကြပြီး သူသတ်ကွင်းတုတ်၍ သတ်ကြရန် အားထုတ်ကြလေလျှင် မိန်းမမြတ် သုဇာတာက ဤသို့ ကြံမိရှာသတဲ့၊ ငါ့ကြောင့် ငါ့လင် ဆင်းရဲဒုက္ခ ရောက်ရရှာတယ်လို့ ငိုကြွေးမြည်တမ်းလျက် နောက်မှ အစဉ်တစိုက် လိုက်ခဲ့ပြီး သတ်ရာစဉ်းနီးတုံး၌ တုံးလုံးအိပ်စေသည်ကို မြင်ရလျှင်——

မိန်းမမြတ်သုဇာတာသည် မိမိ၏ သီလ အာစာရ ပဋိပဒ ကျင့်ဝတ်သီလဂုဏ် ဦးဆောင်ရှေ့ထားကာ မိန်းမကောင်း မိန်းမမြတ်တို့၏ ကျင့်ဝတ်နှင့်အညီ ကျေးဇူးရှင် ခင်ပွန်းလင်နှင့် ယောက္ခမ မိဘတို့ကို ပြုစု လုပ်ကျွေးရသော ဂုဏ်တို့ဖြင့်၎င်း၊ ဒါန စသော အလှူကျေးဇူးဂုဏ်တို့ဖြင့်၎င်း ဤ သစ္စာကာရ မဟာဗျူဟာခင်း၍ ယုတ်မာသော ဤ ဗြဟ္မဒတ်မင်းကြီးကို တိုက်စစ်ဆင်တော့အံ့ဟု ဆုံးဖြတ်ပြီး အရပ်ရှစ်မျက်နှာတို့ကို လက်အုပ်ချီ ရှိခိုးလျက် သစ္စာလက်နက်ဖြင့် အလွန်ကြီးလေးသော ရန်သူကို တိုက်ဖျက်ရရှာတော့သတဲ့။

**သစ္စာပြုပုံ။** ။လောကနေ့ သူတော်စင် လူအပေါင်းတို့ကို စောင့်ရှောက်တော်မူကြကုန်သော အိုလောကပါလနတ်အပေါင်းတို့၊ ကိုယ်ကျင့်သီလရှိကုန်သော သူတော်ကောင်းတို့ကို အမြဲစောင့်ရှောက်ကြကုန်သော, အရပ်လေးမျက်နှာ အရပ်ခြောက်မျက်နှာ အရပ်ရှစ်မျက်နှာ အရပ်ဆယ်မျက်နှာတို့ကို စောင့်ရှောက်တော်မူကြကုန်သော အို–နတ်အပေါင်းတို့ နတ်မင်း သိကြားမင်း ဗြဟ္မာမင်းအပေါင်းတို့ ကျွန်တော်မ၏ ခင်ပွန်းလင်ကို မတရားအသတ်ခံရမည့် ဆင်းရဲဒုက္ခအပေါင်းမှ အမြန်ကယ်မတော်မူကြပါဘုရားဟု ဆုပန်သစ္စာပြုလိုက်သည်နှင့် တပြိုင်နက် သိကြားမင်း လူ့ပြည် ဆင်းလာပြီး မိမိတန်ခိုးဖြင့် ဓမ္မရာဇာမင်း အလောင်းတော် သူဆင်းရဲ လုည်းသမားကို သူသတ်စဉ်းနှီးတုံးမှ ဖယ်ရှား၍ ဗြဟ္မဒတ်မင်းယုတ်ကို သူသတ်ကုန်းမှာတင်၍ သူဆင်းရဲ လှည်းသမားကို မင်းမြောက်တန်းဆာ ဝတ်ဆင်ပြီး ဗာရာဏသီပြည် ဓမ္မရာဇာမင်းကြီးအရာမှာ ထားလေသည်။

ဗြဟ္မဒတ်မင်းကြီးလည်း သူသတ်ယောကျ်ားတို့ သတ်၍ သေရလေသည်၊ ငရဲသို့ ရောက်လေသည်။ သူဆင်းရဲ လှည်းသမားကို သိကြားမင်း ကိုယ်ထင်ပြ၍ မင်းမြှောက်ခဲ့သည်၊ သုဇာတာလည်း မိဖုရားကြီး ဖြစ်လေသည်။

ဇာတ်ပေါင်းသော်—

ဗြဟ္မဒတ်မင်းက....ဒေဝဒတ်၊

သုဇာတာက....ယသော်ဓရော၊

သိကြားမင်းကိုယ်တိုင် မင်းမြှောက်သော ဓမ္မရာဇာ (လှည်းကုန်သည်)က ဘုရားဖြစ်လာခဲ့သည်။[၁]

## အတုလဗုဒ္ဓ၏ အထက်မြက်ဆုံး လက်နက်

အတုမရှိသော ဗုဒ္ဓ၏ အထက်မြက်ဆုံး သစ္စာကာရမဟာဗျူဟာ စစ်ဆင်မှုလက်နက်ကို နိဂုံးကမ္ပတ် အဆုံးသတ် ဖော်ပြလိုက်ပါအံ့။ ဗုဒ္ဓရှင်တော်ဘုရား၏ မဟာဗျူဟာ လက်နက်သည် စစ်တိုက်ခိုက်ရသော်လည်း စိတ်တော်ချမ်းသာ ကိုယ်တော် ကျန်းမာစွာဖြင့် အောင်ပွဲကြီးကို အရယူနိုင်လေသည်။ ယင်ငယ်သောက်လောက်ရုံ သွေးတစ်ပေါက် မကျရ မွေးညှင်း တပင်မျှ မကျွတ်ရဘဲ အောင်မြင်ခဲ့လေသည်။

ရှင်တော်ဗုဒ္ဓမှာ ယခုခေတ် သိပ္ပံနည်းအမျိုးမျိုးဖြင့် တီထွင်ထားကြတဲ့ အဆိပ်ပိုးပါတဲ့ လက်နက်အမျိုးမျိုး၊ ဗုံးအမျိုးမျိုး၊စက်သေနတ်အမျိုးမျိုး၊အနုမြူလက်နက်အမျိုးမျိုး လုံးဝ မရှိရှာပါ၊ ရှိဘို့ကိုလည်း ကြံစည် စိတ်ကူးလိမ့်မည် မဟုတ်ပါ၊ ပတ္တမြားမျက်ရစ် ဗုဒ္ဓ၏ လက်နက်တော်အစစ်ကတော့ မဟာကရုဏာတော်ကြီး ရွှေထားသော အလွန်အလွန် ကြီးမားလှတဲ့ မေတ္တာတော်လက်နက်သာ ဖြစ်ပါသည်၊ ထိုလက်နက်ကို ဗုဒ္ဓ၏ မြင့်မြတ်လှတဲ့ နှလုံးသားအတွင်းမှာ ထားပါတယ်-တဲ့၊ ဒါကြောင့်လဲဘဲ ဗုဒ္ဓရှင်တော်မြတ်၏ သစ္စာကာရ မဟာဗျူဟာလက်နက်တော်ဟာ ထက်မြက်လှတာပေါ့၊ ဤ

---

၁။ ဇာတကပါဠိတော်၊ ပ-တွဲ မဏိစောရဇာတ်၊ နှာ-၅၁၊ ဇာတ်အဋ္ဌကထာ၊ ဒု-တွဲ၊ နှာ-၁၁၀-၁၁၄။

အခန်း၌ မဟာဗုဒ္ဓဝင်ကို အကျဉ်းချုပ်ကာ ဩဇာဂုဏ်မြောက်လှစွာ ဖော်ပြလိုပါသေးသည်။

## ဗုဒ္ဓဝင် အကျဉ်း[၁]

ဗုဒ္ဓအလောင်းတော်နတ်သားသည် တုသိတာနတ်ပြည်မှာ ချမ်းမြေ့စွာနေဆဲမှာပင် မူလအစ မယ်တော် ခမည်းတော်နှစ်ဖော်၏ သက်ထား နူးညံ့သိမ်မွေ့လှစွာသော ရင်ငွေ့ကြား၌ ကိုယ်အသင်အရှား ဖြစ်လေ့ရှိသော ဥပပတ် ပဋိသန္ဓေနှင့်အတူ ဥပါဒ်ဖြစ်ပေါ်ပါလာသော အလောင်းတော် နတ်သားမှာ နိမိတ်ငါးပါး ဖြစ်ပေါ်လာလေသည်။

## ပုဗ္ဗနိမိတ်ငါးပါး အချိုး

နတ်ဝတ်နွမ်း နတ်ပန်းတွဲညှိုးလျော်၊ လက်ကတီး ချွေးစီးယို ကိုယ်အဆင်း ယွင်းပျက်ခဲ့သော်၊ နတ်နေခင်း ကပ်ချင်း၍ငြိမ်နေမပျော်၊ ပေါ်လာတဲ့ နိမိတ်ငါး။

ဆိုပြီးပုံ နတ်၌ ထင်မြင်ကြုံက၊ နတ်သက်ကုန် စုတိရေး ပေဟုကွယ် တွေးတော့မမှား။

ဟူသော မှတ်သားဘွယ်ရာ ဤလင်္ကာကဗျာပိုဒ်အရ—

## ပုဗ္ဗနိမိတ် ငါးပါး[၂]

၁။ မွှေးပျံ့သန့်ရှင်း အနံ့ သင်းလှသော နတ်ပန်းများမှာ ပန်ဆင်ထားရာမှ အလိုလို ညှိုးနွမ်းလာခြင်း၊

၁။ ဗုဒ္ဓဝံသအဋ္ဌကထာ၊နှာ ၃၁၇-စသည်။ အပဒါန်အဋ္ဌကထာ၊ပ-တွဲ၊နှာ ၅၈-စသည်။ ဇာတ်အဋ္ဌကထာ၊ပ-တွဲ၊နှာ ၅၆-စသည် ရှု။
၂။ သုတ်မဟာဝါအဋ္ဌကထာ၊နှာ ၂၀။

၂။ နူးနူးညံ့ညံ့ ခန့်ခန့်ချောချော ရှုမြင်သူတိုင်း အံ့သြရသော နတ်ဝတ်ပုဆိုးများသည်လည်း အလိုလိုညှိုးနွမ်းလာရခြင်း၊

၃။ ကျောရင်အစဉ် အင်္ဂါခြေလက် ထက်ပိုင်းမျက်နှာ စသည်မှာလည်း စိမ့်စီးပြိုပျက် ချွေးယိုထွက်လာခြင်း၊

၄။ သွင်ပြင်ကြော့ရှင်း လှသွင်ဆင်းလည်း ချို့ယွင်းကြလျက် ကိုယ်အဆင်းများလည်း ပျက်စီးလာရခြင်း၊

၅။ အလွန်တရာ ပျော်မွေ့စရာ ကောင်းလှသော နတ်နန်းဗိမာန် ရိပ်ပြတန်တွင် မမွေ့သျော်ဘဲ ရှိလာခြင်း။

ဤပုဗ္ဗနိမိတ်ကြီးငါးပါး ပေါ်ထွက်လာတာကို တွေ့မြင်ကြရတဲ့ တသောင်းသော စကြဝဠာမှ လာရောက်ကြတဲ့ နတ်အပေါင်း ဗြဟ္မာအပေါင်းတို့က ယခုလိုတောင်းပန်ကြတယ်တဲ့။

ကာလော ခေါ တေ မဟာဝီရ၊
ဥပ္ပဇ္ဇ မာတုကုစ္ဆိယံ။
သဒေဝကံ တာရယန္တော၊
ဗုဇ္ဈဿု အမတံ ပဒံ။

မဟာဝီရ၊ ကြီးမြတ်သော လုံ့လရှိတော်မူသော မဟာသွေးမဟာဆီ မဟာဉာဏ်ရည်ရှိပါတဲ့ အို အကြည်တော်နတ်သား။ တေ၊ မြင့်မြတ်လှပေ စိတ်ထားဝေသည့် အဆွေတော်နတ်သားအား။ ခေါ၊ စင်စစ်။ ကာလော၊ ပတ္တမြားဥသျှောင် အခေါင်ထွတ်ထား ဘုရားအစစ်ဖြစ်အံ့သောအခါ အချိန်တန်ပါပြီ။ မာတုကုစ္ဆိယံ၊ မယ်တော်သိုက်ဝမ်း ကြာတိုက်ခန်း၌။ ဥပ္ပဇ္ဇ၊

သိမ်သိမ်ခမ္မမွေ့ ချမ်းမြေ့တစေ ပဋိသန္ဓေ နေတော်မူပါလော့။ သဒေဝကံ၊ နတ်နှင့်တကွသော။ လောကံ၊ လူထုဗိုလ်ပါ မြောက်မြားစွာကို။ တာရယန္တော၊ ကယ်တင်တော်မူလျက်။ အမတံ၊ ကင်းသောသေခြင်းရှိသော။ ပဒံ၊ ချမ်းသာအစစ် အနှစ်ပြည့်လျှံ မြတ်နိဗ္ဗာန်ကို။ ဗုဇ္ဈဿု၊ သိတော်မူပါလော့။

ကြီးမြတ်သော လုံ့လရှိတော်မူသော မဟာသဒ္ဓါ မဟာသီ မဟာဉာဏ်ရည်ရှိသော အကြည်တော်နတ်သား အဆွေတော် နတ်သားသည် စင်စစ် ဘုရားဖြစ်ရန် အချိန်တန်ပါပြီ၊ သို့ပါ၍ မယ်တော်သိုက်ဝမ်း ကြာတိုက်ခန်း၌ ပဋိသန္ဓေနေတော်မူပါ လော့၊ နတ်နှင့်တကွသော လူအပေါင်းကို သံသရာရေအယဉ်မှ ကယ်တင်တော်မူလျက် သေခြင်းမရှိ နိဗ္ဗာန်ချမ်းသာကို သိတော်မူပါလော့ဟု တောင်းပန်ကြတယ်တဲ့။

## ကြည့်ခြင်းကြီး ငါးပါး

နတ်ပြဟ္မာအပေါင်း သောင်းသောင်းဖျဖျ တောင်းပန်ကြ တဲ့အခါ—

၁။ ကေန်ဘုရားဖြစ်အံ့သော အချိန်အခါကို ကြည့် ခြင်း၊

၂။ ကျွန်းကြီးလေးကျွန်းတို့တွင် ဘုရားပွင့်နိုင်သည့် ကျွန်းကို ကြည့်ခြင်း၊

၃။ မဇ္ဈိမဒေသခေါ်တဲ့ ဖြစ်ရာအရပ်ကို ကြည့်ခြင်း၊

၄။ ဂေါတမအနွယ် ဆိုတဲ့ အမျိုးအနွယ်တော်ကို ကြည့်ခြင်း၊

၇။ မယ်တော် သိရိမဟာမာယာမိဖုရားကြီး၏ အသက်အပိုင်းအခြားကို ကြည့်ခြင်း၊ ဤကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်ရှုတော်မူပြီးသော အခါ—

ဥက္ကာကရာဇ်မင်း (နှုတ်ခံတွင်း ဖွင့်လှစ်တိုင်း ဖွင့်လှစ်တိုင်း မီးရောင်တောက်သောမင်းကို ဆိုလိုသည်။)၏ အနွယ်တော်မှ ဆင်းသက်လာသော သုဒ္ဓေါဒနမင်းနှင့် သိရိမဟာမာယာ မိဖုရားတို့၏သားရတနာ သိဒ္ဓတ္ထမင်းအဖြစ်ရရှိပြီး ဘဒ္ဒကစ္စနာ ယသောဓရာမင်းသမီးနှင့် လက်ထပ်၍ သားတော်ရာဟုလာကို မီးရှူးသန့်စင် ဖွားမြင်လေသည့်နေ့၌ ယသောဓရာမိဖုရားနှင့် သားတော်ရာဟုလာ, မင်းသမီးပေါင်း လေးသောင်းတို့ကို၎င်း၊ စကြာရတနာတို့ကို၎င်း၊ မြက်သစ်ရွက်မျှ တန်းဘိုးမထား စွန့်ခွာသွားလို၍ မောင်ဆန်နှင့် ကဏ္ဍကမြင်းကိုစီး၍ တောထွက်တော်မူသည်။

အသက်တော် နှစ်ဆယ့်ကိုးနှစ်တွင် သူအို, သူနာ, သူသေ, ရဟန်းတို့ကို မြင်တွေ့ရ၍ ရှေးအခါက မရစဖူး အထူးသဖြင့် သံဝေဂဉာဏ်တော်ကို ရရှိ၍ တောထွက်ခဲ့ရာ အနော်မာမြစ် အနီး ဃဋိကာရဗြဟ္မာကြီး ကပ်လှူပူဇော်အပ်သော ကမ္ဘာ တန်းဆာ မဟာကြာသင်္ကန်းကို ဝတ်ရုံဆင်မြန်း၍ ရဟန်းပြု ပြီးနောက် ခြောက်နှစ်ပတ်လုံး ခက်ခက်ခဲခဲ ငြိုငြိုငြင်ငြင် ပင်ပန်းခံကာ ဘုရားဖြစ်ရန် အားသစ်ကြိုးကုတ်ရာ ဝိသာခါ နက္ခတ်နှင့်ယှဉ်သော ကဆုန်လပြည့်နေ့တွင် သုဇာတာကပ်လှူ အပ်သော ဃနာနို့ဆွမ်းကို နေရဉ္ဇရာမြစ်နား၌ ဘုဉ်းပေး တော်မူသည်။

ဤအခန်း၌ နို့ဟူသည် ယခုခေတ် နို့မျိုး မဟုတ်ပေ၊ အလှူ့အမ သုဇာတာကား သေနာအမည်ရှိသော နိဂုံးရွာ၌ သေနာနိသူဌေး၏ သမီးလှရတနာ သုဇာတာပင် ဖြစ်သည်၊ အမျိုးသမီးသည် ခင်ပွန်းလင်ရရှိပြီး သားဦးရတနာ အရှင်ယသ မထေရ်အလောင်းကို ဖွားမြင်လေသည်။

သုဇာတာဆုပန်သော အဇပါလညောင်ပင်စောင့် နတ်မင်းအား တနှစ်တသိန်းကုန် ပူဇော်ပါမည်ဟု ကတိပြုခဲ့သည့် အတိုင်း ပူဇော်ရန် အဇပါလညောင်ပင်သို့ အိမ်ဖော် မယ်ပြည့်ဝကိုစေလွှတ်၍ အဇပါလညောင်ပင်ကို ရှင်းလင်းသုတ်သင်စေပြီး နတ်ခင်းကို လျှောက်သွားပန်ကြားရန် စေလွှတ်လေလျှင် ဗုဒ္ဓအလောင်းတော်မြတ်ကို အဇပါလညောင်ပင်ရင်း၌ ကြည်ညိုစရာ တွေ့ရတဲ့အခါ မယ်ပြည့်ဝက သူ၏သခင်မ သုဇာတာကို ပြန်ကြားပြောပြလေသည်။

**နို့ထူးနို့မြတ်။** ။သေနာနိသူဌေးသည် နို့စားနွားမ ကောင်းရေ တထောင်တို့ကို နွယ်ချိုတောသို့ အစာစားရန် ကျောင်းစေ၍ ထိုနွားမတထောင်မှ ညှစ်၍ရသော နို့ရည်များကို နွားမငါးရာတို့ကို သောက်စေပြီး၊

ထိုနွားမငါးရာတို့မှ ညှစ်၍ရသော နို့ရည်များကို နွားမနှစ်ရာ့ငါးဆယ်တို့ကို သောက်စေပြီး၊

နှစ်ရာ့ငါးဆယ်မှ ညှစ်၍ရသော နွားနို့များကို တရာ့နှစ်ဆယ့်ငါးကောင်သော နွားမတို့ကို တိုက်ကျွေးသောက်စေပြီး၊

တရာ့နှစ်ဆယ့်ငါးကောင်သော နွားမတို့မှ ညှစ်၍ရသော နို့ရည်များကို ခြောက်ဆယ့်လေးကောင်သော နွားမတို့ကို သောက်စေပြီး၊

ခြောက်ဆယ့်လေးကောင်သော နွားမတို့မှ ညှစ်၍ရသော နို့ရည်များကို သုံးဆယ့်နှစ်ကောင်သောနွားမတို့ကို သောက်စေပြီး၊

သုံးဆယ့်နှစ်ကောင်သော နွားမတို့မှ ညှစ်၍ရသော နို့ရည်များကို တဆယ့်ခြောက်ကောင်သော နွားမတို့ကို သောက်စေပြီး၊

ထိုတဆယ့်ခြောက်ကောင်သော နွားမတို့မှ ညှစ်၍ရသော နို့ရည်များကို ရှစ်ကောင်သော နွားမတို့ကို သောက်စေပြီး၊

ထိုရှစ်ကောင်သော နွားမတို့ကို နို့ညှစ်စရာ မလို၊ သူ့အလိုလို နို့ရည်များ ယိုစီးကျလာသည်ကို ခံယူပြီးနောက် သုဇာ-တာကိုယ်တိုင် ချက်လေ၏[၁]။

ယင်းသို့ ချက်သောအခါ အရပ်လေးမျက်နှာမှ ဓတရဋ္ဌနတ်မင်း, ဝိရူဠှကနတ်မင်း, ဝိရူပက္ခနတ်မင်း, ကုဝေရနတ်မင်းကြီးလေးယောက်တို့က သန်လျက်ထမ်း၍ စောင့်ရှောက်ခြင်း၊ ဗြဟ္မာမင်းကြီးများက ထီးမိုးပေးခြင်း၊ သိကြားနတ်မင်းက မီးမွှေးပေးခြင်း၊ နတ်ပြည် လူ့ပြည်တို့၌ရှိသော ပျားလပို့တို့ကို ညှစ်ယူပြီး နတ်အပေါင်းတို့က နို့အိုးထဲသို့ ဩဇာထက်မြက်ရသာ လေးနက်လေအောင် ချောစပ်စေခြင်း၊ နို့တစက်မျှ

၁။ အပဒါန်အဋ္ဌကထာ၊ပ-တွဲ၊ နှာ-၈၁။ ဇာတ်အဋ္ဌကထာ၊ပ-တွဲ နှာ-၇၉။

မလုံ့မထွက်စေခြင်း၊ အခိုးအလုံ့မထွက် ငြိမ်သက်စွာ ကျက်ခြင်းစသော အံ့ဘွယ်သရဲတို့ကို အလှူ့အမ သဇာတာ မြင်ရလေလျှင် အလွန်တရာ နှစ်သက်ရွှင်ပျ သဒ္ဓါဇောကြွ၍ တသိန်းတန် ရွှေခွက်တွင် ထည့်ပြီး အလောင်းတော်မြတ် ရွှေလက်တော်သို့ တသိန်းတန် ရွှေခွက်ပါ ကပ်လှူပူဇော်ပြီး ထားခဲ့သတဲ့။

ထိုကပ်လှူခိုက်အချိန်တွင် ဃဋီကာရဗြဟ္မာ ကပ်လှူထားသော ကမ္ဘာ့တန်းဆာ မြေသပိတ်မှာလည်း ခဏခြင်းပင် ကွယ်ပျောက်သွားလေသည်။ (မြေသပိတ် ဆိုသော်လည်း မြသား မြနှစ် သပိတ်ကဲ့သို့ ရှိ၏။) အလောင်းတော်မြတ်သည် တသိန်းတန်ရွှေခွက်နှင့် နို့ဃနာကို ယူဆောင်၍ ရှေးရှေးသော ဘုရားအလောင်းတော်တို့ ရေသပ္ပါယ်ရာ သုပ္ပတိဋ္ဌိတ ရေဆိပ်မှာ ရေသပ္ပါယ်ပြီး အရှေ့လောကဓာတ်ကို မျက်နှာတော်မူ၍ နို့ဃနာကို လေးဆယ့်ကိုးလုတ် ဘုဉ်းပေးတော်မူလေသည်။

## တသိန်းတန် ရွှေခွက်ကို အဓိဋ္ဌာန်ပြုပြီး မျှောခန်း

ဗုဒ္ဓအလောင်းတော်ကြီးက 'ငါသည် ယနေ့ ဘုရားအစစ်ကေန်ဖြစ်ပါက ဤရွှေခွက်သည် အထက်အညာသို့ ဆန်တက်စေသော၀်၊ ဘုရား မဖြစ်သည်ရှိသော် အောက် အကြေသို့ မျောစေသော၀်' ဟု အဓိဋ္ဌာန်ပြီး လက်တော်မှ လွှတ်လိုက်သည်ရှိသော် ရေအယဉ်ကို ဖြတ်၍ မြစ်လယ်သို့ ကူးပြီးမှ အာဇာနည်မြင်းပြေးသော လျင်မြန်မှုပမာ အထက်အညာသို့ ဆန်တက်လေသည်။ အတောင်ရှစ်ဆယ်သောအရပ်သို့ ရောက်လျှင် ဝဲ၌ နစ်မြုပ်လေ၏။ ကာဠနဂါး၏ နန်းဗိမာန်သို့ ရောက်

လေလျှင် ကကုသန်, ကောဏာဂုမ်, ကဿပ ဘုရားသုံးဆူတို့၏ ရွှေခွက်အောက်၌ တည်လေသည်။ ကာဠနဂါးမင်းလည်း အိပ်ရာမှ နိုးလေသည်၊ ဘုရားအလောင်းကိုလည်း ချီးကျူး နက်လေး ကောင်းချီးပေးလေသည်။ ကဿပဘုရားပွင့်ပြီး နောက် ဂေါတမဘုရားပွင့်သည့်အချိန်ကာလအထိ ဤမြေ သည် တယူဇနာ သုံးဂါဝုတ်တက်သောအချိန်ကာလကို ကာဠ နဂါးမင်းသည် ယနေ့ နက်ဖြန်ပမာ ထင်မှတ်ရှာလေသည်၊ နဂါးမင်း အိပ်ရာမှ ထလေသည်။

အလောင်းတော်မြတ်သည် ထိုနေ့၌ အင်ကြင်းတောတွင် နေ့သန့်စင် အနားဝင်၍ သမာပတ်ချစ်ပါး အဘိညာဉ်ငါးပါး တို့ကို ဖြစ်စေလျက် မဟာဗောဓိမဏ္ဍိုင်ရှိရာသို့ ရှေးရှုကြွသွား လေသည်၊ လမ်းတွင် မြက်ရိတ်သမား သောတ္ထိယပုဏ္ဏား လှူဒါန်းသော မြက်ရှစ်ဆုပ်ကို ရွှေလက်တော်ဖြင့် ကိုင်လျက် ကြွသွားသောအခါ ဂဠုန်မင်း နဂါးမင်း ဗြဟ္မာမင်းတို့၏ လည်းကောင်း၊ နတ် ဝိဇ္ဇာဓိုရ်နှင့် လူဝိဇ္ဇာဓိုရ်တို့၏လည်း ကောင်း ပူဇော်သောအသံ ကြွေးကြော်သောအသံတို့သည် ဘဝဂ်ညံမျှ ရှိကြလေသည်။

အလောင်းတော်မြတ်သည် အရှေ့မြောက်ထောင့်အရပ် မှ ရပ်၍ မြစ်ရှစ်ဆုပ်ကို ခွဋ္ဌာန်ပြီး အဖျားကကိုင်၍ ဖြန့်ခင်းရန် လုပ်တော်မူသည့်ခဏ၌ အမြင့်အစောက် အနံ တဆယ့်လေး တောင်ရှိသော ပလ္လင်တော် ပေါ်ပေါက်လာလေသည်။ ပလ္လင် တော်မှာ အတောင်ငါးဆယ်ရှိသော ဗောဓိပင်နှင့် လေးတောင့် ထွာအကွာတွင် ပေါ်လာသည်ကို ရှုကြည့်ပြီးမှ အပရာဇိတ ပလ္လင်ပေါ်တွင်—

“ငါသည် ဘုရားစင်စစ် မဖြစ်သမျှ မထတော့ပြီ၊ မြထီးတော်နှင့်တူသော ဗောဓိပင် အခက်အရွက်တို့ကို ဆောင်းလျက် အရိုး အရေ အကြောသာ ကျန်စေ ကြွင်းစေ၊ အသွေးအသားခြောက်ခန်းပါစေ၊ မိုးကြိုး အကြိမ်တထောင် ပစ်ခွင်းပစေ ငါမထတော့ပြီ၊ ရှေး ရှေး နှောင်တော်ဘုရားတို့ ကဲ့သို့ သစ္စာလေးပါး မြတ်တရားတို့ကို သိပြီး ရပြီးမှသာ ထပါတော့အံ့”ဟူသော အဓိဋ္ဌာန်ဖြင့် အားထုတ်တော်မူလေသည်၊ အပရာဇိတ ပလ္လင်တော်သည် မိုးကြိုး အကြိမ်ဆောင်သောင်း ပစ်ခွင်း ဖျက်ဆီးသော်လည်း မပျက်စီးနိုင်ပေ။

## မာရ်နတ်ကို အောင်မြင်တော်မူခြင်း

ဤကဲ့သို့ ပါစီနလောကဓာတ်သို့ရှေးရှု၍ စမွယ်တော်မူနေစဉ် မာရ်နတ်သားသည် အလောင်းတော်မြတ် သိဒ္ဓတ်မင်းကို စစ်ခင်းတိုက်ဖျက်ရန် မာရ်စစ်သည်တို့ကို စုဆောင်းပြီး ဗောဓိပင်နှင့် တိသန္ဓိအပရာဇိတပလ္လင်တော်ကို လုရန် လေလက်နက် ရေလက်နက် ကျောက်တောင်ထွတ်လက်နက် သန်လျက်ဓားလက်နက် မီးကျီးလက်နက် ပြာပူမိုးလက်နက် သဲမိုး လက်နက် ညွန်ပျောင်းမိုး လက်နက် အမိုက်မှောင်မိုး လက်နက် ဤလက်နက်ကိုးမျိုးတို့ဖြင့် တိုက်ဖျက် ချေမှုန်းရန် အားထုတ်လေတော့သည်။

မာရ်စစ်သည်တို့သည် ဗုဒ္ဓအလောင်းတော်မြတ်သိဒ္ဓတ်မင်း ၏လက်ဝဲဘက်မှ တဆယ့်နှစ်ယူဇနာ၊ လကျ်ာဘက်မှ တဆယ့်နှစ် ယူဇနာ၊ မျက်နှာတော်ရှေ့တည့်တည့်မှ တဆယ့်နှစ်ယူဇနာ၊

နောက်ကျောဘက်မှ တဆယ့်နှစ်ယူဇနာ၊ အထက်ကောင်းကင်ပြင်မှ ကိုးယူဇနာ ဝေးကွာလှသော အရပ်တို့မှ လက်နက်အမျိုးမျိုးတို့ကို ပစ်ခတ် တိုက်ခိုက်ကြကုန်လျက် ရှိကြလေသည်။

ထိုအခါ်နှတွင် သိကြားမင်းသည် အလျားအတောင် တရာ့နှစ်ဆယ်ရှိ၍ တကြိမ်မှုတ်လျှင် ရက်ပေါင်း တရာ့နှစ်ဆယ်လေးလတိုင်တိုင်ကြာမှ အသံစဲသော ဝိဇယုတ္တရ အမည်ရှိသော ခရုသင်းကိုမှုတ်၍ ပူဇော်နေစဉ်ပင် ဖြစ်သည်။

စောင်းတော်တီးပါရဂူ ပဉ္စသိခနတ်သားလည်း အလျားသုံးဂါဝုတ်ရှိသော ဗေလုဝပဏ္ဍု အမည်ရှိသော နတ်စောင်းတော်ကိုတီး၍ ပူဇော်နေစဉ်ပင် ဖြစ်သည်။

သုယာမနတ်မင်းသည်လည်း အလျား သုံးဂါဝုတ်ရှိသော တန်ဆောင်မုန်းလ တန်ဆောင်တိုင်ပွဲတော် ကျင်းပဆဲ၌ ပေါ်ထွက်နေသော လပြည့်ဝန်းနှင့်တူသော အသရေအပေါင်းစုရုံးတည်နေရာဖြစ်သော ငွေယပ်တော်ကို ခပ်လျှုပူဇော်နေစဉ်ပင် ဖြစ်သည်။

သန္တုသိတနတ်သားသည်လည်း ပတ္တမြား ကျောက်မြတ်ရတနာဖြင့်ပြီးသော ထွက်သစ်စ နေမင်းရောင်ပမာ မြယပ်ရတနာဖြင့် ခပ်၍ပူဇော်နေစဉ်ပင် ဖြစ်သည်။

သဟမ္ပတိ ဗြဟ္မာမင်းသည်လည်း အနံ သုံးယူဇနာရှိသော လပြည့်ဝန်းနှင့်တူသော ထီးဖြူတော်ကိုကာ၍ ပူဇော်နေစဉ်ပင် ဖြစ်သည်။

မဟာကာဠနဂါးမင်းသည်လည်း ရှစ်သောင်း ကုန်သော နဂါးမ ကချေသည်တို့ဖြင့် ခြံရံလျက် သာယာ ငြိမ့်ငြောင်း န္တနှောင်းသံချို အဆိုအကတို့ဖြင့် ချီးကျူးမြှောက်ဖော် ပူဇော် လျက်နေကြစဉ်ပင် ဖြစ်သည်။

ထိုမှတပါး တသောင်းသော စကြဝဠာမှ လာရောက်ကြ ကုန်သော နတ်ဗြဟ္မာအပေါင်း သိကြားမင်း ဗြဟ္မာမင်းတို့ ကလည်း အမျိုးမျိုးအဖုံဖုံ ရတနာစုံလှမ်းခြုံ၍ ပူဇော်နေကြ လေသည်။

ထိုသို့ပူဇော်ပြုစုနေကြဆဲမှာပင် မာရ်နတ်သားသည် ယူဇ နာတရာ့ငါးဆယ်ရှိသော ဂိရိမေခလာအမည်ရှိသော ဆင်ကြီး ကိုစီးလျက် တထောင်သောလက်ရုံးကိုဖန်ဆင်း၍ ကြောက်မက် ဘွယ်သော စစ်သည် အပေါင်း ခြံရံကာ စစ်ဗျူဟာ ခင်းပြီး တိုက်စစ်ဆင်နွှဲ တိုက်ပွဲဝင်လေလျှင် သိကြားမင်းနှင့် ပဉ္စသိခ နတ်သား, သုယာမ, သန္တုသိတနတ်သား စသောနတ်အပေါင်း နှင့် နဂါး ဂဠုန် စသော အသခေျ်အနန္တ များပြားလှစွာသော ပရိသတ် အပေါင်းတို့သည် စကြဝဠာ တံတိုင်းမှာ ပြေး၍ ကပ်ခါသာ ကြည့်ရှုလိုနေကြရှာသတဲ့၊ ဗုဒ္ဓအလောင်းတော်ကြီး သိဒ္ဓတ်မင်းမှာ တယောက်ထီးတည်း ပါရမီတော်ကြီး ဆယ်ပါး တို့ကိုသာ အားပြုလျက် ကြွံကြွံခံပြီး ခံစစ် ဗျူဟာခင်းကာ တိုက်ပွဲဝင်နေရှာလေသည်။

'ဘုန်းရှိသူကို ဘုန်းမဲ့သူက အဘိဇ္ဈာဖြစ်တယ်' ဆိုတာဟာ အလွန်ဆင်ရှားလှတာပေါ့၊ မယားချောချောရှိသူကို ဘေးလူ က အဘိဇ္ဈာ ဖြစ်တတ်တယ်၊ ပညာရှိသူကို ပညာမဲ့သူက အဘိဇ္ဈာ ဖြစ်တတ်တယ်၊ သိရ်ကြီးသော လင်ပိုင်ရှိသူ မိန်းမကို

သိရှိငယ်သော လင်ပိုင်ရှိသူမိန်းမက အဘိဇ္ဈာဖြစ်တတ်တယ်၊ ဤလို အဘိဇ္ဈာတရားတွေဟာ ယခုအချိန်အခါမျိုးမှာ အလွန်များပြားလှပါတယ်၊ အမှန်ဖြစ်ရမဲ့တရားကတော့ မုဒိတာဖြစ်ကြရမှာပါ။မုဒိတာတရား ပွါးများပေးပါမှ ပြည်သာယာမည်။ ဗုဒ္ဓအလောင်းတော်ကြီး မင်းသိဒ္ဓတ်၏ သူ့ရဲကောင်းစိတ်သည် လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ အပြိုင်မလိုက်နိုင် မတုပနိုင်ဘဲ စိတ်ဓာတ်ပင်ဖြစ်သည်။

မာရ်နတ်သား၏ စစ်လက်နက်သည် ယခုခေတ် အနုမြူ စွမ်းအားလက်နက် အမှီမလိုက်နိုင်သော လက်နက်ပင်ဖြစ်သည်၊ ဒါပေမဲ့ ဗုဒ္ဓအလောင်းတော်မြတ်ကြီး၏ သစ္စာစသော ပါရမီတော်လက်နက်ဖြင့် ချေမှုန်းလိုက်တဲ့အခါ နှစ်သက်စရာ ရနံ့ဖြာသောပန်းပွင့်ရတနာများသာ ဖြစ်ကုန်ကြရရှာတယ်တဲ့။

ဤအခန်း၌ ရှေးထုံးအသုံးစကားတရပ်ကို ဖော်ပြရပါမူ ‘လှိုင်းကြီး လှေအောက်၊ တောင်ကြီး ဖဝါးအောက်၊ ဘုန်းရှိသူအောက် ဘုန်းမဲ့ရောက်’ ဆိုတဲ့စကားအတိုင်း မာရ်နတ်၏ ဘုန်းကံများဟာ ဗုဒ္ဓအလောင်းတော်မြတ်၏ ပါရမီတော် ဘုန်းကံတော်ကြီးကို မမှီမကပ်နိုင်ကြောင်း ထင်ရှားလှပေသည်။

မာရ်နတ်နှင့် သူ၏စစ်သည်တော်များသည် လေအဟုန်ဖြင့် တိုက်ဖျက်တဲ့အခါမှာလည်း အလောင်းတော်မြတ် ဝတ်ရုံစမှယ်ထားသော သင်္ကန်းစွန်းကိုမျှ လှုပ်ရှားအောင် မတိုက်နိုင်ကြကုန်၊ ရေလက်နက်ဖြင့် တိုက်ဖျက်တဲ့အခါမှာလည်း သင်္ကန်းစွန်းကိုမျှ ရေမစွပ်စိုနိုင်၊ ကျောက်တောင်ထွတ်လက်နက်ဖြင့် တိုက်ဖျက်တဲ့အခါမှာ ကျရောက်သမျှ ကျောက်

တောင်ထွတ်တွေဟာ နတ်ပန်းကုံးတွေသာ ဖြစ်ကုန်ကြလေသည်။ သံလျက် ဓားလက်နက်တို့ဖြင့် တိုက်ဖျက်တဲ့အခါ အလောင်းတော်မြတ်၏ ခြေတော်ရင်းမှာ မဉ္ဇူသကနတ်ပန်း အာသာဝတီနတ်ပန်း ဝဋံသကနတ်ပန်းပွင့်တွေသာ ဖြစ်ကုန်ကြ၏။

မီးကျီးမိုးသည်း ရွာသွန်းတိုက်ဖျက်ကြတဲ့အခါ နတ်ပန်းမိုးသည်းတို့သာ ဖြစ်ကုန်ကြ၏၊ ပြာပူမိုးသည်းရွာ၍ တိုက်ဖျက်ကြတဲ့အခါ စန္ဒကူး တောင်ဇလပ် အကျော် စံပယ် နွားမြစ်ရင်း နံ့သာမျိုးတို့သာ ဖြစ်ကုန်ကြ၏၊ သဲမိုးသည်းရွာ၍ တိုက်ဖျက်ကြတဲ့အခါ နတ်ပန်းဆန်ကွဲတို့သာ ဖြစ်ကုန်၏၊ အမိုက်မှောင်မိုးသည်းရွာစေ၍ တိုက်ဖျက်ကြတဲ့အခါ နတ်တို့၏ နံ့သာပျောင်းအနှစ်သာရတို့သာ ဖြစ်ကုန်ကြ၏။

အမိုက်မှောင်မျိုးစုံ လွှမ်းခြုံနေတဲ့ လောကန္တရငရဲ၏ အမှောင်မျိုးဖြင့် တိုက်ဖျက်တဲ့အခါ ဗုဒ္ဓအလောင်းတော်မြတ်ကြီး၏ ခြေတော်ရင်းမှာ နေအထောင် လအထောင် ထွက်ပေါ်လာသော အရောင်ပမာ နှစ်သက်အံ့သြစရာ အလင်းရောင်များသာ ထွက်ပေါ်၍လာကာ ခကြရလေသည်။

ထို့နောက် မာရ်နတ်သည် ဗုဒ္ဓအလောင်းတော်မြတ် မင်းသိဒ္ဓတ် အနီးသို့ ကပ်တဲ့ပြီး 'သိဒ္ဓတ် ငါ့ပလ္လင်နှင့် ဗောဓိပင်ကို ပေးလော့၊ ဖယ်ရှားလော့၊ ပြောင်းရွှေလော့' ဆိုကာ နှင်၏။

ဗုဒ္ဓအလောင်းတော်မြတ်က ဤဗောဓိပင်နှင့် ပလ္လင်တော်သည် ငါ၏အသုံးအဆောင် ရတနာပင် ဖြစ်သည်ဟု မိန့်မြွက်တော်မူလေလျှင် အဘိဇ္ဈာလွှမ်းရိုက် မာရ်နတ်မိုက်က 'သိဒ္ဓတ် သင့်မှာ အသိသက်သေရှိသလော'ဟု မေးသောအခါ ရောဝဏ်

ဆင်မင်း၏ နှာမောင်းနှင့်တူသော လက်ျာလက်ရုံးတော်ကို သက်န်းကြားမှ ထုတ်၍ ငါသည် ဝေဿန္တရာမင်းကြီး ဖြစ်တော်မူသောအခါက သတ္တသတ္တက အလှူတော် မဟာဒါနကြီးကို လှူဒါန်းခဲ့ဘူး၏။ ယူဇနာနှစ်သိန်းလေးသောင်း အထုရှိသော အသင်မဟာပထဝီမြေသည် သိသလော မသိသလော သက်သေအရာ၌ တည်လော့ဟု ဆိုသည်နှင့်တပြိုင်နက် မဟာပထဝီမြေအားလုံးသည် အိုးထိန်းစက်ကဲ့သို့ ပတ်ပတ်လည့်၍ ဘင်ဂ်ရိုက်ဟုန်း သိမ့်သိမ့်ချုန်းမျှ မည်ဟည်းတုန်ကာ သွက်သွက်ခါမျှ အသိသက်သေပြလေသည်။

ထိုအခါ မာရ်စစ်သည် အပေါင်းမှာ အိုးကင်းစကောထဲ ထည့်၍ အလှော်ခံရသော ကြက်ငယ်ကလေးတွေပမာ ဆင်းရဲဒုက္ခများစွာ ရောက်ကြရရှာလေသည်။ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည်လည်းကောင်း၊ အရှေ့အနောက် တောင်မြောက် ဖွဲ့ချုပ် သမုဒ္ဒရာလေးစင်းသော ရေတို့သည်လည်းကောင်း၊ မြစ်ကြီး ငါးသွယ် မြစ်ငယ်ငါးရာတို့သည်လည်းကောင်း၊ မြင်းမိုရ်တောင် ယုဂန္ဓိုရ်တောင် နေရှုတောင် စသည်တို့သည်လည်းကောင်း အလွန်ကြောက်မက်ဘွယ်ရာ အသံကြီးများ မြည်ဟည်းကြလေကုန်သည်။ မာရ်နတ်စီးသော ဂိရိမေခလာဆင်သည် ပုဆစ်နှစ်ဖက်တုပ်၍ ဦးခေါင်းငိုက်စိုက် ရှိုက်ရှိုက်တုန်လေသည်ရှိသော် မာရ်နတ် သည်လည်းကောင်း၊ နောက်လိုက် စစ်သည်များသည်လည်းကောင်း၊ အလွန်ထိတ်လန့် ကြောက်ရွံ့ကြကုန်သဖြင့် လက်ရုံး တထောင်တို့ကိုလည်းကောင်း၊လက်နက်တို့ကိုလည်းကောင်း စွန့်လွှတ်၍ ထွက်ပြေးကြရလေကုန်သည်။

ဗုဒ္ဓအလောင်းတော်မြတ်၏ ဘက်တော်သား သိကြား ဗြဟ္မာ နတ်များစွာ ဗြဟ္မာများစွာ ဝိဇ္ဇာဓိုရ်များစွာ နဂါး ဂဠုန် ကုမ္ဘဏ် ယက္ခိုက် စသော ပရိသတ်များစွာတို့က မာရ် နတ် နတ်ယုတ် ရှုံးပြီ၊ မာရ်နတ် နတ်ယုတ် ရှုံးပြီ၊ ပြေးကုန်ပြီ ပြေးကုန်ပြီ၊ အလောင်းတော်ကြီး နိုင်ပြီ၊ အလောင်းတော်ကြီး နိုင်ပြီဟု ကြွေးကြော်ကြကုန်၍ အလောင်းတော်မြတ် အနီးသို့ ချဉ်းကပ်ကြကုန်၏။ ဤကား ပါရမီဆယ်ပါးတို့တွင် ဒါနပါရမီ ဖြင့် သစ္စာပြု သက်သေတည်၍ အောင်ပွဲယူပုံဖြစ်သည်။

ပရိသပုဂ်ဂ ယောကျ်ားထူး ယောကျ်ားမြတ် ရွှေသွားရွှေ ဆောင် အာဇာနည်ပီပီ ဘာမထိ စစ်ဗျူဟာခင်းနည်းကို နယဂ္ဂါဟပြု၍ နမူနာယူလျက် ကျွန်ုပ်တို့လည်း ကျင့်သုံးရပေ မည်။

ကဆုန်လပြည့်နေ့ နေဝင်လုဆဲဆဲတွင် ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူလေသည်။ ပစ္ဆိမ မိုးသောက်ယာမ်၌ သဗ္ဗ-ညုတဉာဏ်တော်ကိုရရှိပြီး ဘုရားစင်စစ် ဖြစ်တော်မူလေသည်။

ထိုဗုဒ္ဓရှင်တော်မြတ်ကို ရှိခိုးပူဇော်ကြကုန်သော လူနတ် ဗြဟ္မာတို့မှာ နေအရုဏ်သို့သော ရွှေးရှုပွင့်လေ့ရှိသော သူရိယာ ဝဋ္ဋပန်း ပမာ ဂေါတမမြတ်စွာဘုရားတည်းဟူသော နေမင်း ကြီးကိုသာ အာရုံညွတ်နှုး ပူးမြော်ကြကာ လက်အုပ်ချီမိုး ရှိခိုးပူဇော်ကြ လေသည်။ သဒ္ဓါမြတ်ပန်း ပွင့်လန်းကြလေ သည်။

ဤကဲ့သို့ လူနတ်ဗြဟ္မာတို့ ပူဇော်ခံရခြင်း၏ အကြောင်း ကတော့ ဒါန စသော ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို

ဖြည့်ကျင့်ဆည်းပူးခဲ့တဲ့ အကြောင်း ကြောင့်ဘဲ ဖြစ်ပါတယ်။ ဒါနအရင်းခံပြီး သစ္စာပြုသည့်အတွက် မြေ ရေ လေစသော အဝိညာဏက အသက်မဲ့ခဲ့တ်များက မာရ်နတ်ကို တိုက်ဖျက် ပစ်ကြခြင်းသာ ဖြစ်သည်၊ ဒါနနှင့်အတူ သီလပါရမီစသည် တို့ဖြင့်လည်း သစ္စာပြု၍ တိုက်ဖျက်နိုင်လေသည်။

## အင်္ဂပူသရာတော်ဘုရားကြီး၏ မာရ်အောင်မြင် ဘုရားရှိခိုး

ဗုဒ္ဓဘုရားရှင်သည် ဘုရားဖြစ်ပါမှ သစ္စာပြုမှုကို အားထား သုံးကြည်သူ မဟုတ်၊ ဘုရား မဖြစ်ရောက်မီ လွန်ပြီးအတိတ် ဘဝပေါင်းများစွာကလဲ အမြဲတ်တနိုး ယုံကြည်အားကိုးခဲ့သူ ဖြစ်၏၊ နောက်ဆုံး ဘုရားဖြစ်လုဆဲဆဲ၌လည်း မာရ်နတ်နှင့် တကွ အပေါင်းပါ သက်ရှိသက်မဲ့ ရန်သူအားလုံး အရှုံးကြီး ရှုံး၍ ပြန်းတီး ပျက်စီးအောင် သစ္စာပြု၍ တိုက်ဖျက်လိုက် တယ်၊ ထိုဂုဏ်များကို ရည်စူးပြီး ကျွန်ုပ်တို့၏ ရှိခိုးကော်ရော် ပူဇော်မငြီး ကျေးဇူးရှင်သခင်ကြီးတဆူ ဖြစ်တော်မူသော မူလဒ္ဒါရ မဟာနိကာယ၏ သံဃဥက္ကဋ္ဌ သံဃနာယက ဖြစ် တော်မူသော အင်္ဂပူဆရာတော်ဘုရားကြီး ရေးသားတော်မူ သော ဘုရားရှိခိုးကို ထုတ်နုတ်တင်ပြလိုက်ပါအံ့။

ဇမ္ဗူကျက်သရေ ထက်ဗွေဘုမ္မိ အပ္ပရာဇိတခရိုင် ညောင် မဏ္ဍိုင်ကို စိုးပိုင်တော်မူအပ်သောကာလ၌ ကာမခုနစ်ရပ် ဆတ်ဆတ်လိုက်ခံ့ ဘုမ္မနန်းမြေ သန်းအကုဋေမျှ နတ်ဗိုလ် ခြေနှင့် မိုးမြေကြီးဟည်း ပွဲတင်တီးအောင် ဖျက်ဆီးလုယက် လာသော မေခလာဂီရိ တောင်ရှိသမျှ ပြောင်ကြည့်သနင်း မာန်နတ်မင်း၏ ရန်ခပင်းကို——

ဖြည့်တင်းတော်မူခဲ့သော ပါရမီဉာဏ် သမ္ဘာအရှိန် ဝရဇိန် ဉာဏ် အလျှံဝင်းပြောင် ရွှေဘုန်းရောင်ဖြင့် မှောင်မဝင်ခင် အောင်မြင်တော်မူ၍—

ကိလေသာစက် သုံးထောင်ဝက်ကို ဖြိုဖျက်တွန်းလှန်ခြင်းငှါ အာနာပါနာ ဘာဝနာဖြင့် ရူပါဝစရ အရူပါဝစရ စတုတ္ထ သမာပတ်တို့ကို အာဝဇ္ဇနဝသီ သမာပဇ္ဇနဝသီ အဓိဋ္ဌာနဝသီ ဝုဋ္ဌာနဝသီ ပစ္စဝေက္ခဏာဝသီ ဝသီဘော်ငါးတန်ဖြင့် အဖန်ဖန် လေ့လာပြီးလျှင် ရှေးတိကာလ ဘဝရှည်ကြူး ဖြစ်ဘူးသမျှ ဒေသရပ်ရွာ ခန္ဓာပဉ္စက အမည်အမျိုးစသော ပရမတ်ပညတ် တို့ကို ထုတ်ကာထင်ထင် ရှုမြင်တော်မူပေသော ပသာဒစက္ခု ဉာဏစက္ခု ဓမ္မစက္ခု ဗုဒ္ဓစက္ခု သမန္တစက္ခု စက္ခုတော်အားလုံး မျက်လုံးတော် ငါးလုံးဖြင့် အဆုံးမဲ့မြင်တော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပူဇော် ဖူးမြော်ကန်တော့ပါ၏ အရှင်ဘုရား။

တိဟိ ဝိဇ္ဇာဟိ ဝါ၊ ရှေးလွန်ဘဝ ဖြစ်သမျှ ခန္ဓာအစဉ်ကို သိမြင်ခြင်း တည်းဟူသော ပုဗ္ဗေနိဝါသဉာဏ်၊ နံရံတဖက် ကွယ်ဝှက်တားဆီး ဝေးနီးသော ရုပါရုံအရှိကို သိမြင်နိုင်ခြင်း တည်းဟူသော ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝေါအမှန် လေးပါး ရန်ကို တွန်းလှန်ပယ်ရှားနိုင်ခြင်းတည်းဟူသော အာသဝက္ခယ ဉာဏ်အားဖြင့် သုံးပါးကုန်သော ဝိဇ္ဇာတရားတို့နှင့်၎င်း။

အဋ္ဌဟိ ဝိဇ္ဇာဟိ ဝါ၊ နဂါး ဂဠုန် ကုမ္ဘန်ယက္ခ ဂန္ဓဗ္ဗစသည် တရိုး အမျိုးမျိုး နာနာရုပ်သဏ္ဍာန်ကို ဖန်ဆင်းနိုင်ခြင်း တည်းဟူသော ဣဒ္ဓိဝိဓဉာဏ်၊ သောတဝိညာဏ ပသာဒဖြင့် မကြား မတွေ့ သိမ်မွေ့သေးငယ်သော အသံ သဏ္ဍာန်တော်အပြားကို

သိကြားနိုင်ခြင်းတည်းဟူသော ဒိဗ္ဗသောတဉာဏ်, သုံးတန်ဘုံသူ နတ်လူပြဟ္မာ သတ္တဝါတို့၏ မူရာအသွင် စိတ်ဖြစ်အင်ကို သိမြင်နိုင်ခြင်းတည်းဟူသော ပရစိတ္တဝိဇာနနဉာဏ်, လက္ခဏာအမှန် ပုဒ်သုံးတန်ကို ရှုရန်တွေ့ကြုံ အာရုံဓာတ်ရှိသော ဝိပဿနာဉာဏ်, ကိုယ်သဏ္ဌာန်တစုအတွင်း ကိုယ်တခုသွင်း၍ ဖန်ဆင်းနိုင်သော မနောမယိဒ္ဓိဉာဏ်, ပုဗ္ဗေနိဝါသဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ်အားဖြင့် ရှစ်ပါးကုန်သော ဝိဇ္ဇာတရားတို့နှင့်ရင်း။

ပန္နရသဟိ စရဏေဟိ ဝါ၊ ရူပါဝစရ စတုက္ကစျာန်နှင့် သီလသံဝရတပါး၊ ဣန္ဒြိယဂုတ္တတပါး၊ ဘောဇနေမတ္တညုတပါး၊ ဇာဂရိယာနုယောဂတပါး သဒ္ဓါ သီလ အစ ဟိရိ ဩတ္တပ္ပအဆုံး ရှိသော သဒ္ဓမ္မတရား ခုနစ်ပါးအားဖြင့် စရဏတရား ၁၅-ပါးတို့နှင့်ရင်း။ သမ္ပန္နော၊ မချို့ကိုလို ပြည့်စုံတော်မူကုန်သော။ သမ္ဗုဒ္ဓေ၊ မြတ်စွာဘုရားတို့ကို။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

မဟာပလ္လင်္က အနိမိသ စင်္ကမမှသည် စတုတ္ထသတ္တာဟဝယ် ရတနာဃရရွှေအိမ် ချမ်းမြေ့ငြိမ်၌ သိမ်မွေ့ စမွယ်တော်မူသောအခါ အဘိဓမ္မာ ခုနစ်ကျမ်းတွင် ပဋ္ဌာန်းဒေသနာကို လေ့လာ ဆင်ခြင်တော်မူသော အာနုဘော်တော်ကြောင့် သွေးတော် သားတော် အရိုးတော်ထု ဝတ္ထုပသာဒ ခြေသလုံးတော်မှ ပြိုးပြိုးပြက်ပြက် ရိုးရိုးရက်တောက်ပသော နီလ ပီတ လောဟိတ ဩဒါတ မဉ္ဇိဋ္ဌ ပဘာဿရဟူသော တိမ်မိုလ္လာရည်လို ဖိတ်ဖိတ်ယိုမျှ တောက်ပသော **ညိုသောရောင်ခြည်တော်**,

ဖဲကတ္တီပါ ဂိဝါလျှမ်းပြည့် ရွန်းရွန်းဝေသော ရွှေသော ရောင်ခြည်တော်, ကသစ် ခေါင်ရမ်း ပန်းကြက်မောက်ကြီး ထွေးထွေး ပြည့်မျှ နီသောရောင်ခြည်တော်, ခတ်သာခွါ ငွေယပ်ဝန်းအတူ စန္ဒာရောင်ကြူကြူကဲ့သို့ ဖြူပြောင်ပြောင်ထွန်းပသော ဖြူသော ရောင်ခြည်တော်, ပြာလျှံညိုလျှံ ခိုလျှံစုပေါင်း ရှုမညောင်းမျှ မောင်းမောင်းစက်စက် တခဲနက် ထွန်းပသော မဉ္ဇူရောင်ခြည်တော်, လျှပ်စစ်ပန်းကဲ့သို့ ပြိုးပြိုးပြက်ထိန်လင်း ဝိုးဝိုးဝင်းသော ပဘဿရရောင်ခြည်တော် ဤရောင်ခြည်တော်ခြောက်ခိုင်တို့ကို တပြိုင်တည်း ကွန့်မြူးစေလျက်——

လ နေ အထိ လျှံငြိ ပြောင်ပြောင် ဗိမာန် ရောင်နှင့် သောင်း ထောင် စကြာဠာ ထွန်းလင်းပြာသော ဗြဟ္မာတို့၏ ကိုယ်ရောင်ကိုလျက် နှိပ်စက်လွှမ်းမိုးနိုင်သော ကိုယ်တော် ရောင် တို့ဖြင့် အထောင်အသောင်းသော လောကဓာတ်အားလုံးကို တလျှပ်လျှပ် ထွန်းလင်း တောက်ပတော်မူထသော၊

ပရိဗိုဇ် တက္ကတွန်း ရဟန်း ရသေ့ မုနိအရည်း ဦးပြည်းတပသီ ယောဂီတို့၏ ဝါဒီအလိုက် စရိုက်ဘာဝ ကျင့်ဆောင်ကြသော သာသနာ့ဘာဏီ လောကီသီလတို့ထက် ဆထက်ထောင်ရာ သာလွန်ဘိသဖြင့် အဓိသီလဟု သမုတ်အပ်သော အာပတ် ခုနစ်ပုံကို လုံစွာဆောင်ကြောင်းဖြစ်သော ပါတိမောက္ခသံဝရသီလ, ဣန္ဒြေခြောက်ပါးကို တားမြစ်ပိတ်ပင်ခြင်းဖြစ်သော ဣန္ဒြိယသံဝရသီလ, မိစ္ဆာဇီဝ အမှန် ကြဉ်ခွါလျက် စင်ကြယ်စွာ အသက်မွေးကျောင်းဖြစ်သော အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စည်းလေးဖြာကို ပစ္စဝေက္ခဏာ ဆင်ခြင်၍သုံးခြင်းတည်းဟူသော ပစ္စယသန္နိဿိတသီလ ဤလေးဝသော စတု-

ပါရိသုဒ္ဓိတံခွန် အလွန်ဖြူစင်၍ မှုမတင်ခြင်း တည်းဟူသော **သီလဝိသုဒ္ဓိ၊**

မဟဂ္ဂုတ် လောကုတ္တရာစျာန်ဦးသာလျှင် မြဲမြဲစွာ လေ့လာခြင်း တည်းဟူသော **စိတ္တဝိသုဒ္ဓိ၊**

ခြောက်ဆယ့် နှစ်ဖြာသော မိစ္ဆာဝါဒ ဝိန္ဒနိုညစ်ကြေး ကင်းစင်ဝေးလျက် ဖွေးဖွေးဖြူသော အယူ၏ စင်ကြယ်ခြင်း တည်းဟူသော **ဒိဋ္ဌိဝိသုဒ္ဓိ၊**

တဆယ့် ခြောက်ပါးသော ယုံမှားသံသယ ဖြတ်ခွါလွန်မြောက်နိုင်သော ဉာဏ်၏စင်ကြယ်ခြင်း တည်းဟူသော **ကင်္ခါ-ဝိတရဏ ဝိသုဒ္ဓိ၊**

မဂ်ဟုတ်သည် မဟုတ်သည်ကို သိမြင်သော **မဂ္ဂါမဂ္ဂ-ဉာဏဒဿနဝိသုဒ္ဓိ၊**

မဂ်သို့ ရောက်ကြောင်း အကျင့်ကောင်းကို မြင်နိုင်ခြင်း တည်းဟူသော **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊**

မဂ်လေးရပ်နှင့် သဟဇာတ်သမ္ပယုတ်ဖြစ်၍ သစ္စာလေးတန်ကို တဆယ့်ခြောက်ချက် အနက်ဝေဖန်၍ ကေန်သိမြင်နိုင်သော **ဉာဏဒဿနဝိသုဒ္ဓိ** တည်းဟူသော ဝိသုဒ္ဓိတရား ခုနစ်ပါး တရားဘွဲ့ပြု သယမ္ဘူမကိုက် ဦးထိုက်မင်္ဂလာ မြတန်းဆာဖြင့် တင့်တယ်စွာ ဆင်ယင်လျက်—

တဒင်္ဂဝိမုတ္တိ၊ ဝိက္ခမ္ဘနဝိမုတ္တိ၊ သမုစ္ဆေဒဝိမုတ္တိ၊ ပဋိပဿဒ္ဓိ-ဝိမုတ္တိ၊ နိဿရဏဝိမုတ္တိ၊ ဝိမုတ္တိငါးရပ် တရားမြတ်ကြောင့် လောကဓာတ်အားလုံး ညွတ်ကိုးပူဇော်ရာ အာဂါရိမုနိ အနာ-ဂါရိမုနိ သေက္ခမုနိ အသေက္ခမုနိ ပစ္စေကမုနိတို့ထက် ကဲထက်

လှန်မြောက်စွာ မုနိန္ဒာအဘိသမယ အတုလမုနိလည်း ဖြစ်တော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ တပည့်တော်သည်။ ပူဇေမိ၊ သဒ္ဓါကြည်ဖြူ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

## အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဂုဏ်တော် ၉-ပါး ဘုရားရှိခိုး

၁။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ စ ကာရဏေန။ ဝါသနာဗျာကတမိုက် ဒုစရိုက်နှင့်တကွ သံကိလိဋ္ဌ ပါပညစ်ထေး ကင်းဝေးတော်မူခြင်းတည်း ဟူသောဂုဏ်၊ တထောင့်ငါးရာ ကိလေသာဟူ ရန်သူအပေါင်းတို့ကို ကောင်းစွာမလပ် မဂ်လေးရပ်သန်လျက်ဓားဖြင့် ခုတ်ဖြတ်ပယ်ရှားတော်မူခြင်း တည်းဟူသောဂုဏ်၊ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ညွတ်ပျောင်း ကော်ရော် ပူဇော်ကြည်နူး ထူးသောအလှူကို ခံယူသိမ်းပိုက် ထိုက်တော်မူခြင်းတည်းဟူသောဂုဏ်၊ ဗာလအပေါင်း သူမကောင်းတို့ ပုန်းအောင်းကွယ်ကာ ဆိတ်ငြိမ်ရာ၌ ဆယ်ဖြာအမိုက် ဒုစရိုက်တို့ကို နှစ်ခြိုက်မသွေ ပြုကျင့်လေသကဲ့သို့ ပရမေမြတ်စွာ သမ္ဗုဒ္ဓါကားဆိတ်ရာကွယ်အောင်း မကောင်းမှုကို ပြုကျင့်နှစ်ခြိုက် ထိုက်တော်မမူခြင်း တည်းဟူသောဂုဏ်၊ ခန္ဓာအာယတန ဓာတ်မှမဆိတ် ပဋိစ္စသမုပ္ပါဒ် ရဟတ်အလား ရထားပမာ သံသရာစက်၏ အဝိဇ္ဇာတည်းဟူသောချက်, ဇရာမရဏ တည်းဟူသောအကွပ်, ကုသိုလ်ကံ အကုသိုလ်ကံ တည်းဟူသော သင်္ခါရမှစသည်ပိုင်းခြား ဆယ်ပါးကုန်သော အကန့်တို့ကို ပယ်သန့်ယှဉ်မှီး ဖျက်ဆီးတော်မူခြင်း တည်းဟူသောဂုဏ်၊ ဤသို့

ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ အရဟံ၊ **အရဟာ** မည်တော်မူ၏။

၂။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ စ ကာရဏေန၊ လူနတ်ပြဟ္မာ သတ္တဝါတို့၌ လွန်စွာပြန့်ပွါး သနားကြင်နာတော်မူခြင်းတည်း ဟူသော မဟာကရုဏာတော်မြတ်ကဲ့သို့ သဒ္ဒါရ ဝိကာရ လက္ခဏာ နိဗ္ဗာန် ပညတ်အားဖြင့် ငါးပါးအမှန် ဉေယျဓမ်ကို သမန္တစက္ခု သဗ္ဗညုတ မည်ရကျော်လှိုင်း ဉာဏ်ကရိုဏ်းဖြင့် အလိုရှိတိုင်းပင် သိမြင်တော်မူခြင်းတည်း ဟူသောဂုဏ်၊ ရှည်လျားလှစွာ သံသရာ၌ ဝါသနာနှင့်တကွ မောဟာနှိပ်နှင်း ပြင်းစွာသော အိပ်ပျော်ခြင်းမှ သန့်ရှင်း ထူးမြတ်သော အရဟတ္တမဂ်ဉာဏ်သို့ မဖောက်မပြန် အမှန်ရောက်သဖြင့် ထောက်ပင့်မကူ သယမ္ဘူစင်စစ်ဖြစ်လာမြဲခိုင် ကိုယ်တိုင်ရှင်ဖြိုး နိုးတော်မူခြင်းတည်း ဟူသောဂုဏ်၊ နေအရုဏ်လင့် အချိန်သင့်၍ ပွင့်ခြင်းယှက်ဆုံ ကြာပဒုံကဲ့သို့ မွေးတုံထူးမြတ် အရဟတ္တမဂ်ဉာဏ် ဂုဏ်မာန်လိုက်ဆူ ဉာဏဂုနှင့် ပကတူ အကြောင်း ပေါင်းရသဖြင့် သဗ္ဗညုတဉာဏပဒုံ ဝတ်မှုန်ပုံသင်း ပွင့်ခြင်းသို့ ရောက်တော်မူခြင်းတည်း ဟူသောဂုဏ်၊ ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ သမ္မာသမ္ဗုဒ္ဓေါ၊ **သမ္မာသမ္ဗုဒ္ဓ** မည်တော်မူ၏။

၃။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ စ ကာရဏေန၊ ပုဗ္ဗေနိဝါသဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါး; ဣဒ္ဓိဝိဓဉာဏ် ဒိဗ္ဗသောတဉာဏ် ဒိဗ္ဗစက္ခုဉာဏ် ပရစိတ္တဝိဇာနနဉာဏ် ပုဗ္ဗေနိဝါသဉာဏ် အာသဝက္ခယဉာဏ် ဝိပဿနာဉာဏ် မနောမယိဒ္ဓိ

ဉာဏ် တည်းဟူသော ဝိဇ္ဇာရှစ်ပါး ဉာဏ်တရားတို့နှင့် မချို့ ကုံလုံ ပြည့်စုံတော်မူခြင်း တည်းဟူသောဂုဏ်၊ ရူပါဝစရ စတုက္ကစျာန် ဤလေးတန်နှင့် သီလသံဝရ ဣန္ဒြိယဂုတ္တ ဘောဇနမတ္တညု ဇာဂရိယာနုယောဂ သဒ္ဓမ္မတရားခုနစ်ပါးလုံး ပေါင်းရုံးတကွ စရဏတရား ဆယ့်ငါးပါးနှင့် ပါးများကိုလုံ ပြည့်စုံတော်မူခြင်း တည်းဟူသောဂုဏ်၊ ဤသို့ ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

၄။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ လူတို့ဆိုညွန်း ခြောက်ခွန်းစကား ထို အပြားတွင် တရားကေန် ဟုတ်မှန်ကျိုးကြောင်း အပေါင်း လုဗိလ် မနာလိုသောစကား၊ တရားကေန် ဟုတ်မှန်း ကျိုး ကြောင်း အပေါင်းလုဗိလ် နာလိုသောစကား၊ ထင်ရှား ကောင်းမွန် ဤနှစ်တန်ကိုသာ အင်္ဂါရှစ်စုံ သံတော်ဂုဏ်နှင့် မွေးထုံပျံ့သင်း ရွှေခံတွင်းတော်မြတ်ဖြင့် ကျူးရင့်တော်မူခြင်း တည်းဟူသောဂုဏ်၊ ရွှေဘုံအမတ အောင်ဌာနသို့ ကြွတော် မူခြင်းတည်းဟူသောဂုဏ်၊ ဒီပင်္ကရာ မြတ်စွာကျူးနှိပ် ဗျာ- ဒိတ်တော်အရနှင့် လုံလမသွေ့ သချေလေးထပ် ကပ်တသိန်း လုံး ဖြည့်သုံးပါရမီ စုံညီကောင်းစွာ သမ္မာပဋိပတ် အကျင့် မြတ်ဖြင့် လူနတ်ပြဟ္မာ သတ္တဝါတို့အား ချမ်းသာစေမူ ပြု တော်မူလျက် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတည်းဟူသော အယူ နှစ်ပါး အတ္တကိလမထာနုယောဂ ကာမသုခလ္လိကာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါး ဤလေးပါးသို့ မလား မကပ် မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့်သာ ကောင်းမြတ်လှစွာ

ကြွလာတော်မူခြင်း တည်းဟူသောဂုဏ်၊ ဤသို့ ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ သုဂတော၊ **သုဂတ** မည်တော်မူ၏။

၅။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိ-နာ စ ကာရဏေန၊ ဤသို့ သတ္တလောက သင်္ခါရလောက ဩကာသလောက ကိလေသလောက ဘဝလောက ဣန္ဒြိယ လောကတည်းဟူသော လောက ၆-ပါးတို့ကို ပိုင်းခြားတိတိ မြင်သိတော်မူခြင်း တည်းဟူသော ဂုဏ်သကတ်ကြောင့်။ လောကဝိဒူ၊ **လောကဝိဒူ** မည်တော်မူ၏။

၆။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိ-နာ စ ကာရဏေန၊ ဤသို့ လူ နတ် ဗြဟ္မာ သတ္တဝါတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် မြင့်မြတ်တော်မူ သဗ္ဗညု အစစ် ဖြစ်တော်မူ၍ အယူသော့သွမ်း ကြမ်းတမ်းလှစွာ မိစ္ဆာမှောင်တိုက် အမိုက်မိုက်ကုန်သော လူယောကျ်ား နတ် ယောကျ်ား တိရစ္ဆာန်ယောကျ်ားတို့ကို တရားအမြိုက် တိုက် ကျွေးဆုံးမ ဩဝါဒ ပေးသဖြင့် ယဉ်ကျေးစေတော်မူခြင်း တည်းဟူသော ဂုဏ်သကတ်ကြောင့်။ အနုတ္တရော ပုရိသဒမ္မ-သာရထိ၊ **အနုတ္တရော ပုရိသဒမ္မသာရထိ** မည်တော်မူ၏။

၇။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိ-နာ စ ကာရဏေန၊ လူ နတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့ကို မကောင်းမြစ်တား ကောင်းရာတိုက်တွန်း ပြုသွန်းဆုံးမတော် မူခြင်းတည်းဟူသောဂုဏ်၊ တော်မှတ်, ခိုးသူ ရေမူခန်းပြတ် ကိုက်သတ်သားရဲ ခရီးခဲမှန် ဤလေးတန်မှ မဟာလှကဟူ လူခပင်းတို့ကို အကြွင်းမဲ့အောင် ထုတ်ဆောင်ကြည်နူး ကုန် သည်မှူးကဲ့သို့ ထူးကဲလှစွာ ဇာတိ ဇရာ ဗျာဓိ မရဏ စသည်

ခပ်ခရီးခဲမှ ဩသြင်လဲမသာ သတ္တဝါအလုံးကို သိမ်းရုံးလွှယ်ကူ ပြည်နိဗ္ဗူသို့ ထုတ်ယူဆောင်ပို့တော်မူခြင်း တည်းဟူသောဂုဏ်၊ ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ သတ္တာ ဒေဝမနုဿာနံ၊ **သတ္တာဒေဝမနုဿာန** မည်တော်မူ၏။

ဂ။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိ-နာ ၁ စ ကာရဏေန၊ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂသစ္စာအားဖြင့် လေးပါးကုန်သော သစ္စာတရားတို့ကို လေးပါးမဂ်ဉာဏ် ချိန်မာနဘဏ်ဖြင့် ဖောက်ပြန်မရှိ သိနိုင်တော်မူခြင်း တည်းဟူ ဂုဏ်၊ နတ်လူ ဗြဟ္မာ သတ္တဝါတို့ ဖြစ်လာပုံယင် ခန္ဓာအစဉ်၌ ကပ်ယှဉ်တကျာ အဝိဇ္ဇာဟု နှစ်ဖြာ ဝဋ်မြစ် တရားညစ်ကို နှုတ်ပစ်ပယ်ရှားတော်မူခြင်းတည်းဟူသောဂုဏ်၊ ဤသို့ပေါင်း အပ် ဂုဏ်သကတ်ကြောင့်။ ဗုဒ္ဓေါ၊ **ဗုဒ္ဓ** မည်တော်မူ၏။

၉။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိ-နာ ၁ စ ကာရဏေန၊ ဒါနသီလ စသည်မလပ် တရားမြတ်တို့၏ အထွတ်အထိပ်သို့ စိတ်တော်လွန်မြောက် ရောက်တော်မူခြင်း တည်းဟူသောဂုဏ်၊ ရာဂ ဒေါသ မောဟဟူပြီး သူလျှောင်ကြီး တို့ကို ဖျက်ဆီးတော်မူခြင်းတည်းဟူသောဂုဏ်၊ ကိုယ်တော်ကို တမူ အနန္တမူခန့်မယှဉ်း ဖန်ဆင်းနိုင်ခြင်း စသည်တို့၌ အစိုးရ တော်မူခြင်း**ရှ**စ်ပါးဟု ဆိုအပ်သော **ဣဿရိယ** တန်းခိုးတော်၊ မဂ်ဖိုလ်ရှစ်သွယ် လေးဆယ်ဝိမုတ် လောကုတ္တရာ တရားတည်း ဟူသော **ဓမ္မ**တန်းခိုးတော်၊ လောကသုံးပါး၌ ထင်ရှား ကျော် ကြားတော်မူခြင်းတည်းဟူသော **ယသ**တန်းခိုးတော်၊ သုံးဆယ့် နှစ်ဖြာ လက္ခဏာတော်ကြီးတသွယ် ရှစ်ဆယ်ကုန်သော လက္ခဏာတော်ငယ်တို့ဖြင့် သပ္ပါယ်တော်မူခြင်း အသရေတော်

တည်း ဟူသော **သိရိတန်းခိုးတော်**, အတ္တပရ ဟိတနှစ်ပါး ပါးများမောက်မို အလိုတော်ရှိတိုင်း အလိုင်းတကြိး ပြီးစေ နိုင်ခြင်းတည်း ဟူသော **ကာမတန်းခိုးတော်**, လူသုံးပါးတို့၏ ညွှတ်တွားရှိသေရာ ဆရာအဖြစ်ကို စင်စစ်မသွေ ပြီးစေနိုင်ခြင်း သမ္မာဝါယာမ တည်းဟူသော **ပယတ္တတန်းခိုးတော်** ထင်ပေါ် ကျော်ဟိုး တန်းခိုးခြောက်စုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံ တော်မူခြင်းတည်း ဟူသောဂုဏ်၊ ပရမတ်ပညတ် နှစ်ရပ်သော တရားအစွမ်းကို ခွဲခြမ်းဝေဘန်တော်မူခြင်းတည်းဟူသောဂုဏ်၊ လောကီ လောကုတ် ဥတ္တရိမနုဿဓမ္မကို လုံ့လမစဲ မှိဝဲတော် မူခြင်း တည်းဟူသောဂုဏ်၊ သံသရာခရီး ယှဉ်မှီးသွားကြောင်း မကောင်းမကော်ေသာ တဏှာဇောကို နှစ်နှောဖန်ဖန် ပျို့အန် သွန်ထွေး၍ ဘေးမရှိမှန် နိဗ္ဗာန်ပြည်နန်းသို့ ကြွမြန်းတော်မူ ခြင်း တည်းဟူသောဂုဏ်၊ ဤသို့ ပေါင်းအပ် ဂုဏ်သကတ် ကြောင့်။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။

ဣတိ ဣမေဟိ နဝဂုဏေဟိ၊ ဤသို့ပိုင်းခြား ကိုးပါးသရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့်။ တိလောကေ၊ လူနတ်ဗြဟ္မာ သုံးဖြာ သောလောက၌။ အတုလံ၊ ချိန်တပဲမှန် မာနဘဏ်[၁] နှင့် ပုံစံ တမူ တူသောပညာဖြင့် နှိုင်းရှည့် တုဘက်အပ်သော သူလည်း မဟုတ်, နှိုင်းရှည့်တုဘက်အပ်သော သူလည်း ရှိတော်မမူထ သော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဒွါရသုံးလီ စုံညီမြတ်နိုး ရှိခိုး ပါ၏ အရှင်ဘုရား။

ဗုဒ္ဓဂုဏ်တော် ၉-ပါး ဘုရားရှိခိုး ပြီး၏။

---

၁။ မာနဘဏ်=မာနဘဏ္ဍ=ချိန်၊ ချိန်ခွင်။

## တရားဂုဏ်တော် ၆-ပါး ဘုရားရှိခိုး

**၁**။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယော ဓမ္မော၊ အကြင် ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ်တရားတော်မြတ်ကို။ သွာက္ခာတော၊ အတ္ထပဒခြောက်ပါး ဗျဉ္ဇနပဒခြောက်ပါး **အာဒိကလျာဏ** မဇ္ဈေကလျာဏ ပရိယောသာနကလျာဏ တည်းဟူသော ကလျာဏသုံးပါးနှင့်တကွ ငါးပါးသော လက္ခဏာဂုဏ် ပြည့်စုံတော်မူသည်ဖြစ်၍ ဖြူနစ်ရောင်လင်း ခရုသင်းသဖွယ် စင်ကြယ်သောအကျင့်မြတ်ကို ပြအပ်ထူးဆန်း ဂုဏ်အစွမ်းဖြင့် ရှင်လန်းသာမော ဟောတော်မူအပ်၏။ သော ဓမ္မော၊ ထို ပရိယတ် တရားတော်သည်။ သွာက္ခာတော၊ **သွာက္ခာတ** မည်တော်မူ၏။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယော ဓမ္မော၊ အကြင် မဂ်လေးပါး တရားတော်ကို။ သွာက္ခာတော၊ ကာမသုခလ္လိကာနုယောဂ အတ္တကိလမထာနုယောဂ ပါပသမုတ် အယုတ်တရား ဤနှစ်ပါးသို့ မလားမကပ် မဇ္ဈိမပဋိပတ် ကျင့်မြတ်ထူးဆန်း ဂုဏ်အစွမ်းဖြင့် ခွဲခြမ်းနစ်နော ဟောတော်မူအပ်၏။ သော ဓမ္မော၊ ထိုမဂ်လေးပါးတရားတော်သည်။ သွာက္ခာတော၊ **သွာက္ခာတ** မည်တော်မူ၏။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယော ဓမ္မော၊ အကြင် ဖိုလ်လေးပါးတရားတော်ကို။ သွာက္ခာတော၊ ကိလေသာဟူ ရန်သူခပ်သိမ်း ငြိမ်းလေပြီးဟု ကျူးချီးသာမော ဟောတော်မူအပ်၏။ သော ဓမ္မော၊ ထိုဖိုလ်လေးပါးတရားတော်သည်။ သွာက္ခာတော၊ **သွာက္ခာတ** မည်တော်မူ၏။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယော ဓမ္မော၊ အကြင် နိဗ္ဗာန်ထင်ရှား မြတ်တရားကို။ သွာက္ခာတော၊ အမြဲမသေ့ မသေမပြောင်း ပုန်းအောင်းမှိုခိုရာအစစ် ဂုဏ်အနှစ်ဖြင့် ဖွင့်လှစ်သာမော ဟောတော်မူအပ်၏။ သော ဓမ္မော၊ ထိုနိဗ္ဗာန် ထင်ရှား မြတ်တရားသည်။ သွာက္ခာတော၊ **သွာက္ခာတ** မည်တော်မူ၏။

၂။ ယော ဓမ္မော၊ အကြင် မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ထင်ရှား ကိုးပါးသော တရားတော်ကို။ သန္ဒိဋ္ဌိကော၊ ဖလဌာန်မည်ဆို ဖိုလ်ပုဂ္ဂိုလ်တို့သည် ဤသို့ဖော်ထုတ် လောကုတ်တရား ထိုကိုးပါးမှ တပါးယုံကြည် ထောက်တည်စရာ မရှိပါဟု ပစ္စဝေက္ခဏာမှန်း ဉာဏ်အစွမ်းဖြင့် ခွဲခြမ်းမြဲခိုင် ကိုယ်တိုင်နှစ်နှော သဘောမလပ် ရှုမြင်အပ်၏။ သော ဓမ္မော၊ ထိုလောကုတ်တရား မြတ်ကိုးပါးသည်၊ သန္ဒိဋ္ဌိကော၊ **သန္ဒိဋ္ဌိက** မည်တော်မူ၏။

၃။ ယော ဓမ္မော၊ အကြင်မဂ်လေးပါး တရားတော်သည်။ အကာလိကော၊ မိမိ၏ အနန္တရ၌ နိသံသမျိုး ဖိုလ်အကျိုးကို ကွန့်ဖြိုးမနှေး ပေးပေတတ်၏။ သော ဓမ္မော၊ ထိုမဂ်လေးပါး တရားတော်သည်။ အကာလိကော၊ **အကာလိက** မည်တော် မူ၏။

၄။ ယော ဓမ္မော၊ အကြင်လောကုတ်ကိုးပါး မြတ်တရား သည်။ ဧဟိပဿိကော၊ ပဏ္ဏာကမှလာ မြကျောက်ဖြာ၌ ကောင်းစွာတင်ထား ပတ္တမြားကဲ့သို့၎င်း, ဆီးနှင်းမြူတိမ် သူရိန်မိုးခိုး မှောင်မျိုးမသန်း လပြည့်ဝန်းကဲ့သို့၎င်း, ညစ်ကြေး မတင် ဖြူစင်သန့်ရှင်း၍ ခပင်းများစွာ လူဗိုလ်ပါကို လာလှည့်

ရှုလှည့်ဟူသော အစီအရင်ကို လျင်စွာအမှန် ခံတော်မူထိုက်၏။ သော ဓမ္မော၊ ထိုကိုးပါးသရုပ် လောကုတ်ထင်ရှား မြတ်တရားသည်။ ဧဟိပဿိကော၊ **ဧဟိပဿိက** မည်တော်မူ၏။

၅။ ယော ဓမ္မော၊ အကြင်လောကုတ်ကိုးပါး မြတ်တရားသည်။ ဩပနေယျိကော၊ ဘာဝနာခန်း ဉာဏ်အစွမ်းဖြင့် စီးဖြန်းမဆိတ် စိတ်၌မလပ် ကပ်၍မကင်း ယူဆောင်ခြင်းကို အပ်နှင်းသိမ်းပိုက် ထိုက်တော်မူ၏။ သော ဓမ္မော၊ ထိုကိုးပါးသရုပ် လောကုတ်ထင်ရှား မြတ်တရားသည်။ ဩပနေယျိကော၊ **ဩပနေယျိက** မည်တော်မူ၏။

၆။ ယော ဓမ္မော၊ အကြင် လောကုတ်ကိုးပါး မြတ်တရားကို။ ဝိညူဟိ၊ ဥဂ္ဃဋိတညူပုဂ္ဂိုလ် ဝိပဉ္စိတညူပုဂ္ဂိုလ် နေယျပုဂ္ဂိုလ် တို့သည်။ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ စိတ်နှလုံး၌ ယူကြုံးပိုက်ဖြား ကောင်းစွာထား၍ ခံစားမလပ် ရှုမှတ်အပ်၏။ သော ဓမ္မော၊ ထို ကိုးပါးသရုပ် လောကုတ်ထင်ရှား မြတ်တရားသည်။ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ **ပစ္စတ္တံ ဝေဒိတဗ္ဗ** မည်တော်မူ၏။

ဣတိ ဣမေဟိ ဆဟိ ဂုဏေဟိ၊ ဤသို့ပိုင်းခြား ခြောက်ပါး သရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့်။ တိလောကေ၊ လူနတ်ဗြဟ္မာ သုံးဖြာသော လောက၌။ အတုလံ၊ ချိန်တပ်မှန် မာနဘဏ်နှင့် ပုံစံတမူ တူသောပညာဖြင့် နှိုင်းရှည့်တုဘက်အပ်သော တရား လည်းမဟုတ်, နှိုင်းရှည့်တုဘက်အပ်သော တရားလည်းရှိတော် မမူထသော။ တံ ဓမ္မံ၊ ထို တရားတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဒွါရသုံးလီ စုံညီမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

တရားဂုဏ်တော် ၆-ပါး ဘုရားရှိခိုး ပြီး၏။

## သံဃဂုဏ်တော် ၉-ပါး ဘုရားရှိခိုး

၁။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝက-သံဃော၊ အကြင်တပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ သုပ္ပဋိပန္နော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်မြွက်ဖော် တရားတော်အား ဘင့်လျော်မှီကပ် အကျင့်မြတ်ကို မလပ်ခြေ်လဲကျင့်ယူဆဲလည်း ဖြစ်တော်မူ၏၊ ဖြစ်စင်ကွန့်ဖြိုး ဖိုလ်အကျိုးလည်း ရှိတော်မူ၏။ သေ ဧသော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ သုပ္ပဋိပန္နော၊ **သုပ္ပဋိပန္န** မည်တော်မူ၏။

၂။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝကသံဃော၊ အကြင်တပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ ဥဇုပ္ပဋိ-ပန္နော၊ သုံးဖြာဒွါရ ယင်းမူလ၌ ပါပညစ်ကျုံ ကာယကံနှင့် ဝစီကံမနော ကံသဘောကို ဆေးကြောပယ်လှပ်၍ ဖြောင့်မတ်သော အကျင့်ကိုလည်း ကျင့်တော်မူတတ်၏။ သေ ဧသော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ ဥဇုပ္ပဋိပန္နော၊ **ဥဇုပ္ပဋိပန္န** မည်တော်မူ၏။

၃။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝက-သံဃော၊ အကြင် တပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အကျိုး ကွန့်ဖြိုးစေကြောင်း ကောင်းမြတ်လှစွာ ဝိပဿနာဘူတ အနုဓမ္မကို တစမလပ် ကျင့်တော်မူတတ်၏။ သေ ဧသော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ ဉာယပ္ပဋိ-ပန္နော၊ **ဉာယပ္ပဋိပန္န** မည်တော်မူ၏။

၄။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝက-သံဃော၊ အကြင် တပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ သာမီစိပ္ပဋိပန္နော၊ လူ နတ် ပြဟ္မာ သတ္တဝါတို့၏ ကောင်းစွာနှစ်ခြိုက် ရိုသေထိုက်အောင် ကျင့်ဆောင်တော်မူတတ်၏။ သော ဧသော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ သာမီစိပ္ပဋိပန္နော၊ **သာမီ-စိပ္ပဋိပန္န** မည်တော်မူ၏။

၅။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယဒိဒံ ယာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင် လေးယောက်ကန်သော ယောကျ်ားအစုံတို့သည်။အဋ္ဌ ပုရိသပုဂ္ဂလာ၊ယောကျ်ားပုဂ္ဂိုလ်ရှစ်ယောက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သော ဧသော သာဝက-သံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ အာဟုနေယျော၊ အဝေးမှဆောင်ယူ၍ ပူဇော်လှူအပ် ပစ္စည်းရပ်ကို မလပ်သိမ်းပိုက် ခံယူထိုက်သည်၏ အဖြစ်ကြောင့်။ အာဟုနေယျော၊ **အာဟုနေယျ** မည်တော်မူ၏။

၆။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သော ဧသော သာဝက သံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ ပါဟုနေယျော၊ စတုဒိသာရပ်မျက်နှာမှ ရောက်လာရောက်လု အာဂန္တုအား ရည်မှတ်သား၍ ထားအပ်ကြည်ဖြူ များအလှူကို ခံယူသိမ်းပိုက် ထိုက်တော်မူသည်၏ အဖြစ်ကြောင့်။ ပါဟုနေယျော၊ **ပါဟုနေယျ** မည်တော်မူ၏။

၇။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သော ဧသော သာဝ-ကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ ဒက္ခိဏေယျော၊ ရည်မှတ်ကြည်ဖြူ ပေးအလှူကို

ခံယူသိမ်းပိုက် ထိုက်တော်မူသည်၏ အဖြစ်ကြောင့်။ ဒက္ခိ-ဏေယျော၊ ဒက္ခိဏေယျ မည်တော်မူ၏။

၇။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ ယော သာဝ-ကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ အဉ္ဇလိကရဏီယော၊ လက်အုပ်စုံမိုး ရှိခိုးဝပ်စင်း ရိုသေခြင်းကို မယွင်းစေနိ ခံတော်မူထိုက်သည်၏ အဖြစ်ကြောင့်။ အဉ္ဇလိကရဏီယော၊ အဉ္ဇလိကရဏီယ မည်တော်မူ၏။

၉။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ ယော သာဝ-ကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ လောကဿ၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း၏။ အနုတ္တရံ ပုညက္ခေတ္တံ၊ သဒ္ဓါစေ့မျိုး စိုက်ပျိုးပစ်ချရာ လယ်ယာမြေကောင်းသဖွယ် အကယ်စင်စစ် ဖြစ်တော်မူသည်၏ အဖြစ်ကြောင့်။ အနုတ္တရံ ပုညက္ခေတ္တံ၊ အနုတ္တရံ ပုညက္ခေတ္တမည်တော်မူ၏။ ဣတိ ဣမေဟိ နဝဟိ ဂုဏေဟိ၊ ဤသို့ ပိုင်းခြား ကိုးပါးသရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့်။ တိလောကေ၊ လူနတ်ဗြဟ္မာ သုံးဖြာသောလောက၌။ အတုလံ၊ ချိန်တပဲမှန် မာနဘဏ်နှင့် ပုံစံတမူ တူသောပညာဖြင့် နှိုင်းရှည့်တုဘက်အပ်သောသူလည်း မဟုတ်၊ နှိုင်းရှည့်တုဘက်အပ်သောသူလည်း ရှိတော်မမူထသော။ တံ အရိယသံဃံ၊ ထိုအရိယာသံဃာတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဒွါရသုံးလီ စုံညီမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား [၁]။

သံဃာဂုဏ်တော် ၉-ပါး ဘုရားရှိခိုး ပြီး၏။

---

၁။ ကျယ်ပြန့်စွာ ကျက်မှတ်လိုသူများအတွက် အင်ဖိုရ်ဆရာတော်ကြီးရေးသည့် ဂုဏ်တော်ဖွင့်များကို ဖော်ပြလိုက်ရပါသည်။

## အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး၏
## ဂုဏ်တော်ဖွင့် ရှင်းလင်းချက်

**သတိပြုရန်။** ။ဤ ' ' ကော်မာအတွင်းရှိ စကားရပ်သည် အုဂ်ဖိုရ်ဆရာတော်ကြီး၏ ဂုဏ်တော်ဖွင့် စာသားဖြစ်၍ ကျန်စကားရပ်သည် ရှင်းချက်မှတ်ဖွယ် ဖြစ်သည်။

## အရဟံဂုဏ်တော်၌ ရှင်းချက်

'ဝါသနာ၊ ဗျာကတ မိုက်၊ ဒုစရိုက်နှင့်တကွ၊ သံကိလိဋ္ဌ၊ ပါပညစ်ထေး ကင်းဝေးတော်မူခြင်း။'

ဤစကား၌ ဗျာကတ၊ မိုက်၊ ဒုစရိုက်ဟူသော စကားရပ်သည် ဒွန်ပုဒ်ဖြစ်သည်၊ဒွန်ပုဒ်၏ ရှေ့၌ရှိသော ဝါသနာပုဒ်သည် ဒွန်ပုဒ်တိုင်းလိုက်၍ ယှဉ်ရမည် ဖြစ်ရကား (၁) အဗျာကတ ဝါသနာ၊(၂)မိုက်ဝါသနာ၊ (၃) ဒုစရိုက်ဝါသနာတို့ဖြစ်သည်။ ဤဂုဏ်တော်ပိုဒ်၌လင်္ကာဖြစ်၍အဗျာကတမှာ(အ)ကြေလျက် မောဟ-ကို (မိုက်) ဟု ဆိုသည့်အပြင် ဒုစရိတ-ပုဒ်ကို (ဒုစရိုက်)ဟု ဆိုသည်။

အနည်းငယ် ချဲ့ဆိုပါမည်၊ အဗျာကတဝါသနာသည် ကုသိုလ်အကုသိုလ် မဟုတ်သော ဝါသနာကို ရည်ညွှန်း၍ဆို၏။

ထို့ကြောင့် —

န ဗျာကတာတိ၊ အဗျာကတာ၊ ကုသလာကုသလ-ဘာဝေန အကထိတာတိ အတ္ထော။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ ဗျာကတာ၊ ကုသိုလ် အကုသိုလ်အဖြစ်အားဖြင့် ဟောကြားအပ်သော တရားတို့သည်။ န ဟောန္တိ၊ မဟုတ်ကုန်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ အဗျာကတာ၊ အဗျာကတ မည်ကုန်၏။ ကုသလာကုသလဘာဝေန၊ ကုသိုလ်အကုသိုလ် အဖြစ်အားဖြင့်။ အကထိတာ၊ မဟောကြားအပ်ကုန်သော တရားတို့သည်။ အဗျာကတာ၊ အဗျာကတ မည်ကုန်၏။ ဣတိအတ္ထော၊ ဤ အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဟူ၍ ဣစ္ဆာသယပုံနှိပ်တိုက်ရိုက် ပြည်မူ နိသျ၊ ပ-တွဲ၊ နှာ-၂၇၀၊ အဋ္ဌသာလိနီ အဋ္ဌကထာ တိကမာတိကာပဒအဖွင့် နှာ-၈၁ ၌ လာသည်။

မိုက်ဝါသနာကို မျက်မှောက်၌ ကံမရှိသောဝါသနာကို ရည်ညွှန်း၍ ဆို၏။

ထို့ကြောင့်—

ကုသလာကုသလကမ္မေသု ဝိပရီတဝုတ္တိယာ သဘာ-
ဝဂ္ဂဟဏာဘာဝေန ဝါ ကေမ္ပိ ကမ္မံ တေဿ ပစ္စက္ခံ နတ္ထိ၊
သယံ ဝါ ကဿစိ ကမ္မဿ ပစ္စက္ခကရဏံ နာမ န ဟော-
တီတိ အပစ္စက္ခကမ္မံ။

ကုသလာကုသလကမ္မေသု၊ ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော ကံတို့၌။ ဝိပရီတဝုတ္တိယာ ဝါ၊ ဖောက်ပြန်သော အားဖြင့် ဖြစ်ခြင်းကြောင့်ရင်း။ သဘာဝဂ္ဂဟဏာဘာဝေန ဝါ၊ သဘောကိုယူခြင်း၏ မရှိခြင်းကြောင့်ရင်း။ တေဿ မောဟဿ၊ ထိုမောဟသည်။ ဝါ၊ အား။ ပစ္စက္ခံ၊ မျက်မှောက်ပြုသော။ ကေမ္ပိ၊ တခုမျှလည်းဖြစ်သော။ ကမ္မံ၊ ကံသည်။ နတ္ထိ၊ မရှိ။

ဉာတိတသ္မာ၊ ထို့ကြောင့်။ အပစ္စက္ခကမ္မံ၊ အပစ္စက္ခကမ္မမည်၏။ အပ္ပစ္စက္ခကမ္မံ၊ ကုသိုလ်အကုသိုလ်တို့တွင် မျက်မှောက် ပြုအပ်သော တစုံတခုသော ကံမရှိသော မောဟ။ ဝါ၊ ကား။ သယံ၊ မိမိသည်။ ကဿစိ၊ တစုံတခုသော။ ကမ္မဿ၊ ကံကို။ ပစ္စက္ခကရဏံ နာမ၊ မျက်မှောက်ပြုနိုင်သောမည်သည်။ န ဟောတိ၊ မဖြစ်။ ဉာတိတသ္မာ၊ ထို့ကြောင့်။ အပ္ပစ္စက္ခကမ္မံ၊ အပစ္စက္ခကံ မည်၏။ အပ္ပစ္စက္ခကမ္မံ၊ တစုံတခုသော ကံမျှ မျက်မှောက်မပြုနိုင်သော မောဟ။ (ဝိကပ်နှစ်ပါးကား သဘောအရ အတူတူပင်)ဟူ၍ ပြည်မူနိသျ တ-တွဲ နှာ-၂ဂ၊ အဋ္ဌသာလိနီအဋ္ဌကထာ၊ အကုသလပဒဘာဇနီယ အဖွင့် နှာ-၂၉၆ ၌ လာသည်။

ဒုစရိုက် ဝါသနာ၌ ဒု-သည် ဤနေရာ၌ နှစ်ခုသချာ ဟော၍ စရိုက်သည် အကျင့်ကိုဟောသည်၊သို့ဖြစ်၍ နှစ်ခုသော အကျင့်ဟု ဆိုလိုသည်။ မှန်၏၊ကိုယ်၏အမူအရာအကျင့်,နှုတ်၏ အမူအရာအကျင့်ဖြစ်၏။

ထို့ကြောင့်—

တံ ကာယဝစီပယောဂဟေတုဘူတံ သန္တာယ ဝုတ္တံ၊

ကာယဝစီပယောဂဟေတုဘူတံ၊ ကိုယ်၏ပယောဂ နှုတ်၏ ပယောဂ၏အကြောင်းဖြစ်၍ဖြစ်သော။တံ ဝါသနံ၊ ထိုဝါသနာကို။ သန္ဓာယ၊ ရည်ညွှန်း၍။ ဝုတ္တံ၊ ဆိုအပ်၏ဟူ၍ အဘိဓာန် ဋီကာ နှာ-၂ဂ၃ ၌ လာသည်။

ထိုဝါသနာသုံးမျိုးကို စဉ်းစားဆင်ခြင်သော် ရဟန္တာအရှင်မြတ်တို့သည် ခီဏာပုရာဏံ နဝ နတ္ထိ သမ္ဘဝံ-ဟု ရတနသုတ်တော်၌ ဟောတော်မူသည့်အတိုင်း အဟောင်းကံကုန်၍ အသစ်ကံမရှိ

ရကား သက်တော်ထင်းရှား ရှိသော ရဟန္တာအရှင်မြတ်တို့၏ ဝါသနာအားလျော်စွာ ကိုယ်အမူအရာနှုတ်အမူအရာ(ဒုစရိုက်) သည် ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ် (အဗျာကတ) မျက်မှောက်၌လည်း ကံမထိုက် (မိုက်)နိုင်ပါ၊ ဆက်၍ ဆိုပါဦးမည်။ ဤဝါသနာအရာဝယ် မူလပဏ္ဏာသ အဋ္ဌကထာ စူဠသစ္စကသုတ် မဟာသစ္စကသုတ်တို့၌ လာသော ဝါသနာကို ကိလေသက္ခယာဝဟာဝါသနာ=ကိလေသာ ကုန်ခန်းခြင်းကို ဆောင်ရွက်နိုင်သောဝါသနာဟု ဆရာတို့ မိန့်ကုန်၏၊ထို့ကြောင့် ဤ သစ္စကသုတ်တို့၌ လာသော ဝါသနာကို ယခုပြဆိုခဲ့ပြီးသော ဝါသနာသုံးမျိုးတို့နှင့် ရောယှက်၍မယူရ၊ တသီးတခြားသာ ယူရမည်။

'သံကိလိဋ္ဌ ပါပညစ်ထေး'၌ သံကိလိဋ္ဌကို နှိပ်စက်တတ် ပူပန်စေတတ်သောဟု နောက်ပါပအား အထူးပြု (ဝိသေသန ဖြစ်)သည်ကို ရည်ညွှန်း၍ ဆိုသည်။

ထို့ကြောင့် —

သံကိလေသေတီတိ သံကိလေသော၊ ဝိဗာဓတိ ဥပတာပေတိ စာတိ အတ္ထော၊ သံကိလေသေန သမန္နာ-ဂတာတိ သံကိလိဋ္ဌာ။

ယော သဘာဝေါ၊အကြင်သဘောတရားသည်။သံကိလေ-သေတိ၊ နှိပ်စက်တတ်၏။ ဝါ၊ ပူပန်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော သဘာဝေါ၊ ထို သဘောတရားသည်။ သံကိလေသော၊ သံကိလေသ မည်၏။ ဝိဗာဓတိ၊ နှိပ်စက် တတ်၏။ စ၊ တနည်းကား။ ဥပတာပေတိ၊ ပူပန်စေတတ်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ သံကိလေသေတိ ဟူသော

ပုဒ်၏ အနက်တည်း။ ယေ ဓမ္မာ၊ အကြင် တရားတို့သည်။ သံကိလေသေန၊ ပူပန်စေတတ်နှိပ်စက်တတ်သော သံကိလေသ တရားနှင့်။ သမန္နာဂတာ၊ ဘက်ပြစ်ကုန်၏။ ဉာတိတသ္မာ၊ ထို ကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ သံကိလိဋ္ဌာ၊ သံကိလိဋ္ဌ မည်ကုန်၏။ ဟူ၍ ပြည်မူနိသျ ပ-တွဲ နှာ-၂ဂဂ၊ အဋ္ဌသာလိနီ-အဋ္ဌကထာ တိကမာတိကာပဒအဖွင့် နှာ-ဂ၅ ၌ လာသည်။

'ပါပ'ကို အကုသိုလ်ကံလမ်းကြောင်း (အကုသလကမ္မ-ပထ)ဆယ်ပါးကို ရည်ညွှန်း၍ ဆို၏။

ထို့ကြောင့်—

ပါပေါတိ အကုသလကမ္မပထသင်္ခါတေန ဒသဝိဓေန ပါပေန သမန္နာဂတော။

ပါပေါတိ၊ ပါပ-ဟူသည်ကား။ အကုသလကမ္မပထသင်္ခါ-တေန၊ အကုသိုလ်ကံလမ်းကြောင်းဟု ဆိုအပ်သော။ ဒသဝိ-ဓေန၊ ဆယ်ပါးအပြားရှိသော။ ပါပေန၊ အကုသိုလ်အညစ် အကြေးနှင့်။ သမန္နာဂတော၊ ပြည့်စုံသော၊ ၏။ ဟူ၍ ပုဂ္ဂလ-ပညတ္တိအဋ္ဌကထာ စတုက္ကနိဒ္ဒေသအဖွင့် နှာ-၇၂ ၌လာသည်။

ဝေးဟူသော စကားရပ်သည် အတိုင်းအတာ နိုင်းယှဉ် ချက်ကို မပြမူ၍ ဝေးကွာခြင်း အဓိပ္ပါယ် သာမန်ကိုပြသည် ဖြစ်ရကား အလွန်ဝေးသည်ဖြစ်၍ ဝေးသောအဝေးဟု အတိ-ရေကတ္တအနက်ကို ယူသင့်၏။

မှန်၏၊ ပါရာဇိကဏ် အဋ္ဌကထာ ဝေရဉ္စကဏ္ဍ၌ အရဟံ ဟူသော ကာရိယ၏ကာရီဖြစ်သော အာရကာ-ပုဒ်ကို ဖွင့်ရာ တွင် သုဝိဒူရဝိဒူရေ-ဟု ဖွင့်ခဲ့ရာ ဤအဖွင့်ကို စောင်းငဲ့၍ ဝေး

ဟူသော ကာရန်စကားရပ်ကို အထူးပြုလျက် ထည့်သွင်းဟန် တူ၏၊ သုဝိဒူရဝိဒူရသည် အလွန်ဝေးသည်ဖြစ်၍ ဝေးသော အဝေး၊ ဝါ၊ အလွန့်အလွန်ဝေးဟု အဓိပ္ပါယ်ထွက်၏။ ဤ အဝေးဟူရာ၌ အရပ်ဒေသအားဖြင့် အဝေးမျိုးမဟုတ်၊ အ ကြွင်းမဲ့ ပယ်ထားသဖြင့် ဝေးသောအဝေး ဖြစ်၏။

ထင်ရှားစေပါမည်၊ အခြားရဟန္တာ အရှင်မြတ်များသည် လည်း မဂ်ဖြင့် အကြွင်းမဲ့ပယ်ထားပြီး ဖြစ်သောကြောင့် ဝေးသင့်သည်မဟုတ်ပါလားဟု မေးဘွယ်ရှိ၏။ မှန်၏၊ အခြား ရဟန္တာအရှင်မြတ်များ၏ အကြွင်းမဲ့ပယ်ရာ၌ ဝါသနာကျန်ရစ် သေးသောကြောင့် အလွန်ဝေးသည်ဟု မဆိုလိုသော၊ ဗုဒ္ဓရှင် တော်မြတ်ကား ဝါသနာပါ မကျန်အောင် ပယ်တော်မူသော ကြောင့် အလွန့်အလွန် ဝေးသည်ဟု ဆိုထိုက်ပေသည်။

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်၏ အဝေးဟူသော ဂုဏ်တော် သည် အခြားရဟန္တာအရှင်မြတ်တို့နှင့် မဆက်ဆံသော ဂုဏ် တော်ဖြစ်ရလေသည်။

ဖော်ပြခဲ့ပြီးသော စကားရပ်များကို စုစည်း၍အကျဉ်းချုပ် ဖော်ပြရသော် ကုသိုလ်အကုသိုလ်မဟုတ် (အဗျာကတ) မျက် မှောက်၌ ကံမရှိ (မိုက်) သော ကိုယ်အမူအရာ နှုတ်အမူအရာ (ဒုစရိုက်) နှင့်တကွ နိုပ်စက်တတ် ပူပန်စေတတ်သော အကု သိုလ်ကံ လမ်းကြောင်း ဆယ်မျိုးတို့၏ အညစ်အကြေးတို့မှ ကင်းဝေးတော်မူခြင်း-ဟူသော အဓိပ္ပါယ် ဖြစ်၏။

'တဏှောင့်ငါးရာ ကိလေသာဟူ' ၌ တဏှောင့်ငါးရာ ကိလေသာ ဟူသည် စိတ် စေတသိက် ဖြစ်သော နာမ် ၅၃, နိပ္ဖန္နရုပ် ၁၈, လက္ခဏာရုပ် ၄-တို့ကို ပေါင်း၍ရသော ၇၅-ပါး

အာသ အတွင်းအပြင်ဟု ဆိုအပ်သော သန္တာန် ၂-ပါးနှင့် မြှောက် ၁၅၀-ဖြစ်၏၊ ယင်းကို ကိလေသာ ဆယ်ပါးနှင့်မြှောက် ၁၅၀၀-ဖြစ်၏။ ထို့ကြောင့် 'ခုနစ်ဆယ့်ငါး၊ ရုပ်နာမ်ထားမှု၊ နှစ်ပါးဆယ်ထွေ၊ မြှောက်ပွါးရေသော်၊ ကိလေသာစက်၊ သုံးထောင်ဝက်ကို'ဟူ၍ ကိုးခန်းပျို့၌ စပ်ဆိုတော်မူ၏။

'ထူးသောအလျူ'၌ ထူးသော အလျူဟူသည် ဋီကာကျော်၌ သဂြိုဟ်၏ အဘိဝါဒီယပုဒ်တွင် အဘိပုဒ်ဟာစိပ်ကို ဝိသေသတော=အထူးအားဖြင့်ဟု ဖွင့်ပြပြီးနောက် ဝိသေသတောကို ဘယလာဘ ကုလစာရာဒိပိရဟောန သက္ကစ္စံ အာဒရေန=ဘေး လာဘ် အမျိုးအကျင့် စသည်မှ ကင်းသော ရိုသေစွာဟု ထပ်ဆင့်ဖွင့်ပြရာ ဘေး လာဘ် အမျိုးအကျင့် စသည်မှကင်းခြင်းသည် အထူးဖြစ်ခြင်း ရိုသေခြင်း ဖြစ်၍ ထူးသောအလျူကို ခံတော်မူထိုက်သည်ဟု မှတ်ယူရာ၏။

## သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၌ ရှင်းချက်

'ဝါသနာနှင့်တကွ'၌ ပုလင်းအိုးဝယ်၊ သေရက်လှယ်သော်၊ မပြယ်နံ့တောင်း၊ အငွေ့လှောင်းသို့၊ လွဲပြောင်းခန္ဓာ၊ တဖြစ်မှာလျှင်၊ မကွာစဉ်ဆိုက်၊ အမြဲလိုက်၍၊ ရှေ့၌လေ့လာ၊ ဝါသနာဖြင့်'—ဘုရိဒတ်ဇာတ်ပေါင်းပျို့အပိုဒ် ၅၃-နှင့် အညီယူ။

## ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်၌ ရှင်းချက်

'စတုက္ကစျာန် ဤလေးတန်နှင့်'၌ သဂြိုဟ်၌ ပဉ္စကနည်းပြ၏၊ ဤဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်၌ စတုက္ကနည်းဖြစ်၍ ရူပါဝစရစျာန်လေးပါးအပေါင်းကိုယူ။

'သဒ္ဓမ္မတရားခုနစ်ပါးလုံး'၌ သဒ္ဓမ္မ သူတော်ကောင်းတရား ခုနစ်ပါးမှာ သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ သတိ၊ ပညာဖြစ်၏၊ သူတော်ကောင်းဥစ္စာ ခုနစ်ပါးမှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဖြစ်၍ ဤ သဒ္ဓမ္မတရားခေါ် သူတော်ကောင်းဥစ္စာ ခုနစ်ပါးကို မယူရ၊တသီးတခြားသာယူ။

## လောကဝိဒူဂုဏ်တော်၌ ရှင်းချက်

ကိလေသလောက ဘဝလောက ဣန္ဒြိယလောကကို နေ့တွင် ပါဠိတော်၌ ဟောတော်မူ၏။ အကြွင်းအကျန် မရှိရအောင် တိုက်ရိုက်ဖော်ဆောင်၍ ပူဇော်သည်။

## သတ္ထာဒေဝမနုဿာနံဂုဏ်တော်၌ ရှင်းချက်

'ခရီးခဲမှန်၊ ဤလေးတန်မှ'၌ ပါရာဇိကကဏ္ဍ အဋ္ဌကထာ၊ ဝေရဉ္စကဏ္ဍ နှာ-၉၃-၌ စောရ=ခိုးသူဓားပြ၊ ဝါဠ=သားရဲ တိရစ္ဆာန်၊ ဒုဗ္ဘိက္ခ=ငတ်မွတ်ခေါင်းပါးခြင်း၊ နိရုဒက=ရေမရှိခြင်း ဟု ၄-ပါး လာ၏။

ဤလေးပါး၌ အမနုဿ=လူမဟုတ် တစ္ဆေ သရဲ သဘက် ဘီလူး စသည်ကို ထည့်လျက် ဇာတ်အဋ္ဌကထာ ပ-တွဲ အပဏ္ဏက-ဇာတ် နှာ-၁၁၅-တွင်(၅)ပါးလာ၏။

ထို လေးပါး၌ပင် မရု=ကျွန်းမြေ (ဖုံ) သောင်ပြင် (သဲ) ကို ထည့်လျက် အဋ္ဌသာလိနီ အဋ္ဌကထာ အကုသလပဒဘာဇနီယ အဖွင့် နှာ-၂၉၅-တွင် (၅) ပါး လာ၏။

## ဗုဒ္ဓဂုဏ်တော်၌ ရှင်းချက်

‘နှစ်ဖြာဝဋ်မြစ်၊ တရားညစ်ကို နုတ်ပစ်ပယ်ရှား’ ၌ ဗုဒ္ဓဟူသော ပုဒ်ကို ဒွိသဒ္ဒူပပဒ ဉ–ရှေးရှိသော ဓရဓာတ်ကြံ၍ ဒွေ မမ္မေ ဥဒ္ဓရတီတိ ဗုဒ္ဓေါ ဟုပြုလျက် ဒွိကို ဗပြု၊ ဥဒ္ဓနှင့် သန္ဓိစပ်၍ ပူဇော်သည်။

## အတုလဂုဏ်တော်၌ ရှင်းချက်

‘အတုလံ ချိန်တပဲမှန်၊ မာနဘဏ်နှင့်၊ ပုံစံတမူ၊ တူသော ပညာဖြင့်’ ၌ အတုလသဒ္ဒါ၏ သမ္မိတ တဒ္ဓိတ်ပုဒ်ဖြင့် ပူဇော်သည်၊ တုလာယ သမ္မိတော တုလော၊ ပညာဖြင့် နှိုင်းရှည့်တုဘက်အပ်သောသူ ရစေ၊ ‘နှိုင်းရှည့် တုဘက်အပ်သောသူလည်း မဟုတ်’ ကား အတုလသဒ္ဒါ တပ္ပုရိသ်သမာသ်ပုဒ်ဖြင့် ပူဇော်သည်၊ န တုလော အတုလောပြု။ ‘နှိုင်းရှည့်တုဘက်အပ်သောသူလည်း ရှိတော်မမူသော’ ကား–အတုလ သဒ္ဒါ ဗဟု-ဗ္ဗီဟိ သမာသ်ပုဒ်ဖြင့် ပူဇော်သည်၊ နတ္ထိ တုလော ယဿာတိ အတုလောပြု။

## သွာက္ခာတဂုဏ်တော်၌ ရှင်းချက်

‘ဗျဉ္ဇနပဒခြောက်ပါး’=အက္ခရာ၊ ပဒ၊ ဗျဉ္ဇန၊ အာကာရ၊ နိရုတ္တိ၊ နိဒ္ဒေသ ဖြစ်၏။ ‘အတ္ထပဒခြောက်ပါး’=သံကာသန၊ ပကာသန၊ ဝိဝရဏ၊ ဝိဘဇန၊ ဥတ္တာနီကမ္မ၊ ပညတ္တိ ဖြစ်၏။ ဤနှစ်ပါး၏ အကျယ်ကို အဘိဓမ္မာ အောက် (၆) ကျမ်းအမွှန်း၌ကြည့်။ ‘အာဒိကလျာဏ၊ မဇ္ဈေကလျာဏ၊ ပရိယောသာန-ကလျာဏ’=အစ၏ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊

အဆုံး၏ကောင်းခြင်း၊ ဤ သုံးပါး၏ အကျယ်ကို ပုဂ္ဂလပညတ္တိ အဋ္ဌကထာ၊ တိကနိဒ္ဒေသဝဏ္ဏနာ နှာ ၆၃-ဆင္ဌမှူဒ္ဓ ကြည့်။

## ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်၌ ရှင်းချက်

'ဥဂ္ဃဋိတညူပုဂ္ဂိုလ် ဝိပဉ္စိတညူပုဂ္ဂိုလ် နေယျပုဂ္ဂိုလ်'= တခွန်းတပါဒမျှဖြင့် လွယ်လွယ်ကူကူ သိသောသူ, ချဲ့ထွင် ပြော ဆိုကာမျှဖြင့် သိသောသူ, ညွှန်ပြပုံပြင်ကာမျှဖြင့် သိသောသူ၊ ဤ သုံးပါး၏ အကျယ်ကိုလည်း ပုဂ္ဂလပညတ္တိ အဋ္ဌကထာ၊ စတုက္ကနိဒ္ဒေသဝဏ္ဏနာ၊ နှာ ၇၃-ဆင္ဌမှူဒ္ဓ ကြည့်။

## အနုတ္တရံ ပုညက္ခေတ္တဂုဏ်တော်၌ ရှင်းချက်

'လယ်ယာ မြေကောင်းသဖွယ် အကယ်စင်စစ် ဖြစ်တော် မူသည်၏ အဖြစ်ကြောင့်'၌ ခိပခေတ်၊ တ-ပစ္စည်းဖြင့်ပြီးသော ခေတ္တံပုဒ်အရ ကြဲချအပ်သော မျိုးစေ့ရ၍ ခိတ္တသဒ္ဒါပုဗ္ဗ တာခေတ် အ-ပစ္စည်းဖြင့် ပြီးသော ခေတ္တံပုဒ်အရ ဖွံ့ဖြိုး တိုးတက်သော ကောက်ပဲသီးနှံမြေကိုရ၏၊ ဤအလို ယာနှင့် လျော်သည့် လယ်ယာဟူသော ပေါရာဏ စကားသည် လယ် ကွင်းကျယ်ကို ခေါ်၏၊ ဤအလို ယာနှင့်လျော်သည့် 'သဖွယ်' သည် သဒိသူပစာရ ဖြစ်၍ အတူဟူသော အဓိပ္ပါယ် ဖြစ်၏။ 'အကယ်စင်စစ်' သည် 'လေးပါးအပါယ် အိမ်သဖွယ်လျှင် အကယ်စင်စစ် နေရာဖြစ်သော'ဟူသော ဘူရိဒတ်ဇာတ်ပေါင်း ပျို့ အပိုဒ် ၂၇-နှင့် အညီ တကယ်အမှန် ဧကန်စင်စစ် ဖြစ် သည်၊ အပိုမဟုတ်ဟု ဆိုလိုသည်။

ဤ ဖော်ပြခဲ့ပြီးသော စကားအစဉ်ကား အပဒါန်ပါဠိ တော်၊ စာမျက်နှာ ၇-ဝယ်—

# ဘုရားရှင်၌ ကြည်ညိုရကျိုး

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

မြတ်စွာဘုရားတို့သည် အံ့ဩချီးမွမ်း၍ မကုန်နိုင်၊ ဗုဒ္ဓမြတ်စွာ၏ဂုဏ်တော်တို့သည် အံ့ဩချီးမွမ်း၍ မကုန်နိုင်၊ အံ့ဩချီးမွမ်း၍ မကုန်နိုင်သော ဗုဒ္ဓမြတ်စွာ၊ ဗုဒ္ဓမြတ်စွာ၏ဂုဏ်တော်၌ ကြည်ညိုကုန်သော သူတို့အား အံ့ဩချီးမွမ်း၍ မကုန်နိုင်သော အကျိုးရှိသည်——

ဟူ၍ လာရှိသည်နှင့်အညီ တစုံတယောက်သော သူမှ အကျိုးကို ပိုင် ခြားခြင်းငှါ မစွမ်းနိုင်သော အကျိုးကျေးဇူး ရှိသော ရတနာ ၃-ပါးဂုဏ်တော်ဖွင့် မှတ်သားဘွယ် ဖြစ်ပေသည်။

ဤ ဧဝံ အစိန္တိယာ-စသော စကားရပ်၌ ဒုတိယပိဋ်တွင် လာရှိသော ဗုဒ္ဓဓမ္မာ ပုဒ်ကို အပဒါန် အဋ္ဌကထာ (ပ-တွဲ နှာ-၁၂၇·၈) ဆရာက ပရိယတ်နှင့်တကွ မဂ်လေးတန် ဖိုလ် လေးတန် နိဗ္ဗာန် ဟူသော တရားတော်ဆယ်ပါးကို ဖွင့်ဆို တော်မူသော်လည်း သာရတ္ထ ဒီပနီဋီကာ (ပ-တွဲ) ဆရာက ဆဋ္ဌမူ၊ နှာ-၁၇၅-၌ ထို ဒုတိယပိဋ် ဗုဒ္ဓဓမ္မာပုဒ်ကို ဗုဒ္ဓဓမ္မာတိ ဗုဒ္ဓဂုဏာဟူ၍ ဂုဏ်တော်ကိုသာ ဖွင့်ဆိုသည်နှင့်အညီ ဘာသာ ပြန်ခဲ့ပေသည်။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော် သက္ကသံယုတ် ဓဇဂ္ဂသုတ် (ပရိတ်ကြီးပါဠိတော် ဓဇဂ္ဂသုတ်တော်) ၂၂၁-၌လည်း မမေဝ အနုဿရေယျာထ = ငါဘုရားကို အောက်မေ့ကြ ဟူ၍ရှင်း၊

ဓမ္မံ အနုဿရေယျာထ=တရားကို အောက်မေ့ကြဟူ၍၎င်း၊ သံဃံ အနုဿရေယျာထ = သံဃာတော်ကို အောက်မေ့ကြဟူ၍၎င်း ဟောတော်မူပြီးလျှင် မမေဝ=ငါ့ကိုအရ အရဟံ အစရှိသော ကိုးပါးသောဂုဏ်တော်, ဓမ္မံ=တရားတော်ကိုအရ သွာက္ခာတအစရှိသော ခြောက်ပါးသောဂုဏ်တော်, သံဃံ= သံဃာတော်ကိုအရ သုပ္ပဋိပန္နအစရှိသော ကိုးပါးသော ဂုဏ်တော်၊ ဤဂုဏ်တော်အပေါင်းတို့ကို ဟောတော်မူခဲ့ရာ ထို ဂုဏ်တော်များကို လေ့လာပွါးများပါမူ ကြုံတောင့်ကြုံခဲ ကြုံကြိုက်ခဲ့သော လူ့ဘဝနှင့် သာသနာခေတ် ဆုံကြုံလာသည် အားလျော်စွာ အံ့ဩချီးမွမ်း၍ မကုန်နိုင်သော အကျိုးများ ရရှိမည်အပြင် ဗုဒ္ဓမြတ်စွာအစစ်အမှန်,တရားတော်အစစ်အမှန်, သံဃာတော်အစစ်အမှန်တို့ကို အမြဲတန်းဖူးမြင်ရ၍ ဦးတင် ကြည်ညိုရသည် ဖြစ်ပေမည်သာလျှင်တည်း။

## စွန့်ခြင်းကြီးငါးပါး

ယခုဆက်လက်၍ စွန့်ခြင်းကြီးငါးပါးကို ဖော်ပြပါမည်၊ မြတ်စွာဘုရားအနေဖြင့် သဗ္ဗညုတဉာဏ်ကို ရယူနိုင်ရေးအတွက် အဘယ်မျှလောက် ပေးဆပ်ခဲ့ရသည်ကို သိရှိ၍ အကြည်ညို ပွါးနိုင်စေရန် ဖြစ်ပါ၏။

စွန့်ခြင်းကြီးငါးပါးတို့မှာ အောက်ပါ အတိုင်းဖြစ်၏။

(၁) ဇီဝိတပရိစ္စာဂ = အသက်ကိုစွန့်လှူပြီး ပါရမီစစ် ယူပုံ၊ မိမိ၏ ရုပ် နာမ် ကိုယ်ကို စွန့်လွှတ်ခြင်းပြု၍ ဒါနပါရမီကို ဖြည့်ခြင်း၊ ဘူရိဒတ်ဇာတ်၊ သခ်ပါလ ဇာတ်တို့ကို ရှုပါ။

(၂) အင်္ဂပရိစ္စာဂ = မျက်လုံးကိုထုတ်၍ လှူဒါန်းပြီး ပါရမီစစ်ယူပုံ၊ သိဝိမင်းဘဝက မျက်လုံးတော်ကို လှူဒါန်းခဲ့သည်။

(၃) ဘရိယပရိစ္စာဂ=မိမိအသက်ပေးအပ်ပြီး ချစ်မြတ်နိုးလှတဲ့ မယားကို စွန့်လွှတ်လှူဒါန်းပြီး ပါရမီစစ်ယူပုံ။

(၄) ပုတ္တပရိစ္စာဂ = ချစ်လို့မဝနိုင်တဲ့ သားသမီးတို့ကို စွန့်လှူဒါန်းပြီး ပါရမီစစ်ယူပုံ၊ ဝေဿန္တရာမင်းဘဝက ဝင်္ကဘာတောင်၌ ဇာလီမင်းသားနှင့် ကဏှာဇိန်မင်းသမီးကို စွန့်လှူလေသည်။

(၅) ဓနပရိစ္စာဂ = မိမိပိုင်သက်ရှိသက်မဲ့ စည်းစိမ်ဥစ္စာရတနာတို့တို စွန့်လွှတ်လှူဒါန်းပြီး ပါရမီစစ်ယူပုံ။

ဤစွန့်ခြင်းကြီးငါးပါး ပါရမီငါးမျိုးကား ဒါနပါရမီမှ ဖျာထွက်လာသော ပါရမီဖြစ်သည်။

ယင်းပါရမီများကို ပုရိသသီဟ ပုရိသအာဇာနည် ပုရိသုတ္တမ ယောကျ်ားထူး ယောကျ်ားမြတ်တို့သာလျှင် ပြုကျင့်နိုင်ကြလေသည်။

## ပါရမီ ၁၀-ပါး

**၁-ဒါနပါရမီ။** ။ဗုဒ္ဓအလောင်းတော်မြတ်သည် ထိုထို ဘဝ ပါရမီဖြည့်စဉ်အခါက လူဘဝ ဒုယျောဓနမာဂဓမင်းဘဝမှ နဂါးဘဝ သခ်ပါလ နဂါးမင်း ဖြစ်စေကြောင်း ဆုတောင်းမိ၍ ယူကြုံးမရ အမှားကို နောင်တရ၍

သီလကျင့်သုံးရာတွင် မိမိကိုယ်ကို စွန့်ခြင်းသည် ဒါနပါရမီကို ဖြည့်သည်မည်လေသည်။

**၂-သီလပါရမီ။** ။မိမိကို နှိပ်စက်ကြကုန်သော လုလင်ငယ် တဆယ့်ခြောက်ယောက်တို့ကို နဂါးဆိပ် အငွေ့လွှတ်ပါက ပြာအဖြစ် ရောက်စေနိုင်သော်လည်း သီလကို အပျက်မခံ ဒေါသမာန်ကို ဖယ်ရှား အဒေါသမေတ္တာပွါးကာ သည်းခံပြီး နေနိုင်ခြင်းသည် သီလပါရမီဖြည့်သည် မည်လေ သည်။

**၃-နေက္ခမ္မပါရမီ။** ။အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ပယ်စွန့်၍ နဂါးပြည်မှ လူ့ပြည်သို့ လာခဲ့ပြီး ဥပုသ်သီတင်း ဆောက်တည်ခြင်းဖြစ်တဲ့ ရဟန်း တရားကို အားထုတ်ပြုလုပ်ခြင်းသည် နေက္ခမ္မပါရမီကို ဖြည့် သည်မည်လေသည်။

**၄-ပညာပါရမီ။** ။နဂါးမ တွေ့နှင့် ပျော်မွေ့နေခြင်းသည် မသင့်လျော်သောအမှု ဖြစ်သည်၊ အာရုံ ငါးပါး ကာမဂုဏ်တရားတို့၏ ကင်းလွတ်ရာ နေပါမှသာ သင့် လျော်သောအမှုဖြစ်သည်ဟု ဉာဏ်၌ပေါ်လာခြင်းသည် ပညာ ပါရမီကို ဖြည့်သည်မည်လေသည်။

**၅-ဝီရိယပါရမီ။** ။လုလင်များ နှိပ်စက်ညှဉ်းဆဲခြင်းကို ကြိုး စားသည်းခံမြဲ သည်းခံနေခြင်းသည် ဝီရိယပါရမီကို ဖြည့်သည်မည်လေသည်။

**၆-ခန္တီပါရမီ။** ။လုလင်များ၏ ထုရိုက်ညှဉ်းဆဲနှိပ်စက်ခြင်း တို့ကို မေတ္တာမပျက်စေဘဲ ဇွဲလုံ့လကြီးကြီး ဖြင့် သည်းခံနေခြင်းသည် ခန္တီပါရမီကို ဖြည့်သည် မည်လေ သည်။

**၇-သစ္စာပါရမီ။** ။အကျင့်မှန်ကို ကျင့်သုံးဆောက်တည်နိုင် ခြင်းသည် သစ္စာပါရမီကို ဖြည့်သည် မည်သည်။

**၈-မေတ္တာပါရမီ။** ။အမျက်ဒေါသကို ဖယ်ရှားပြီး အဒေါသ တရားကို မပြတ်ပွါးများနေနိုင်ခြင်းသည် မေတ္တာပါရမီကို ဖြည့်သည်မည်လေသည်။

**၉-အဓိဋ္ဌာန်ပါရမီ။** ။လုလင်များက အမျိုးမျိုးနှိပ်စက်ကြ ရာ၌ ငါ၏ သီလကို မဖျက်ပြီ ဟု ဇွဲကြီးကြီးဖြင့် ဆောက်တည်ခြင်းသည် အဓိဋ္ဌာန်ပါရမီကို ဖြည့်သည်မည်လေသည်။

**၁၀-ဥပေက္ခာပါရမီ။** ။လုလင်များ နှိပ်စက်ခံရသော ဆင်းရဲ ဝေဒနာကို လျစ်လျူရှုခြင်းသည် ဥပေက္ခာပါရမီကို ဖြည့်သည်မည်လေသည်[၁]။

ဤပါရမီဆယ်ပါးတို့တွင် ဒါနပါရမီတခုဖြင့်သာ မာရ်နတ် ၏ရန်ကို ဖြိုဖျက်ချေမှုန်းလိုက်ခြင်း ဖြစ်သည်၊ ကျန်သီလပါရမီ စသည်တို့ဖြင့် တိုက်ဖျက်ရန် စိတ်မျှပင် မကူးရသေးပေ၊ ဒါန ပါရမီသည်လည်း ဝေဿန္တရာမင်းကြီးဘဝက ဒါနပါရမီမျှသာ

---

၁။ ဇာတ်အဋ္ဌကထာ၊ ပဌမတွဲ၊ နှာ ၁၇၂။ အပဒါန်အဋ္ဌကထာ ပ-တွဲ၊ နှာ-၅၆။

ဖြစ်၏၊ ဘုရိဒတ်နဂါး သခ်ပါလနဂါးမင်းစသော ဘ၀တွေက အသက်ကိုပေးလှူခဲ့တဲ့ ဇီဝိတပရိစ္စာဂအလှူစသည်တို့ မပါရှိသေးပေ၊ ကျွန်ုပ်တို့ဘ၀သည် သစ္စာရှိမှု၌ တည်၍ ကြီးပွါးခြင်း ကိုယ်စိတ်ချမ်းသာခြင်း ဘုန်းညွန့် ကံညွန့် ပညာဉာဏ်ရောင် အညွန့်တို့ တိုးတက်ခြင်း ရန်ကိုအောင်မြင်နိုင်ခြင်း ကပ်ကို ကျော်လွှန်နိုင်ခြင်း အန္တရာယ်ဆယ်ပါး ဒဏ်ဆယ်ပါးတို့ကို ဖယ်ရှားနိုင်ခြင်းစသော ကာယ စိတ္တသုခ မင်္ဂလာရှိမှုတို့ကို ဖြစ်စေနိုင်ကြလေသည်။

ဗုဒ္ဓကိုယ်တော်တိုင်က သစ္စာလက်နက် မေတ္တာလက်နက် တို့ဖြင့် တိုက်ဖျက်ပုံနမူနာကို ကျင့်သုံးပြခဲ့ရာ ကျွန်ုပ်တို့သည် လည်း သစ္စာမေတ္တာလက်နက်ဖြင့်သာ တိုက်ဖျက်ကြရပေမည်၊ ဤသည်လျှင် ဗုဒ္ဓအလောင်းတော်မြတ်၏ ဒါနအရင်းခံ၍ သစ္စာကာရမဟာဗျူဟာခင်းကာ အလွန်တရာအကြီးမားဆုံး ရန်သူဖြစ်တဲ့ မာရ်နတ်၏ ရန်အသွယ်သွယ် အန္တရာယ်အ၀၀ တို့ကို 'ဒါနပြုခဲ့တာဟာ အမှန်ဖြစ်ပါတယ်ဆိုတဲ့' သစ္စာ လက်နက်နဲ့ လွယ်လွယ်ကလေး ထိုင်ရာမထ တိုက်စစ်ဆင်နွှဲပြ လိုက်ခြင်းပင် ဖြစ်သည်၊ဒါနပါရမီဖြင့် ရန်ကို ဖယ်ရှားသုတ်သင် ရှင်းလင်းနိုင်ပုံကို အမြွက်မျှ ပြပုံအခန်း အဆုံးသတ် ရပ်လိုက် ရပါပြီ။ (ဒုတိယတွဲတွင် ဒါနပါရမီခန်း ဆက်လက်ဖော်ပြပါ မည်၊ စောင့်မြော်ရှုကြည့်ကြပါကုန်။)

## သီလ ပါရမီ

**သီလတန်းဆာ။** ။ဤလူ့ဘ၀၌ အဆင်းတန်းဆာအမျိုးမျိုး တို့ကို မိန်းမ ယောကျ်ားတို့သည် အမြဲ

ဆင်ယင်ကြကုန်၏၊ ထိုသို့ ဆင်ယင်ကြကုန်သော တန်းဆာ အပေါင်းတို့တွင် ကိုယ်ကျင့်သီလတည်းဟူသော တန်းဆာနှင့် တူသော တန်းဆာမည်သည် မရှိပေ။

**သီလပန်း။** ။မဉ္ဇူသကနတ်ပန်း ကက္ကရူနတ်ပန်း အာသာဝတီ နွယ်နီနတ်ပန်း ဝဋ္ဋသကနတ်ပန်း အစရှိသော ပန်းအမျိုးမျိုးတို့ထက် သီလတည်းဟူသောပန်းသည် အမြင့်မြတ်ဆုံး ပန်းဖြစ်၏၊ သီလနှင့်တူသော ပန်းမည်သည် မရှိပေ။

**သီလနံ့သာ။** ။စန္ဒကူး တောင်ဇလပ် အကျော် စံပယ် နွားမြစ်ရင်း နံ့သာ စသည်တို့ထက် သီလတည်းဟူသော နံ့သာသည် သာလွန်မြင့်မြတ်၏၊ သီလနှင့် တူသော နံ့သာမည်သည် မရှိပေ။

**သီလရေကြည်။** ။အရှေ့ အနောက် တောင် မြောက်ဖွဲ့ချုပ် သမုဒ်လေးထွေ လေးစင်းသော ရေဖြင့် အာရုံငါးပါး ကာမဂုဏ်ကိလေသာ အညစ်အကြေးများကို ဆေးကြော၍ မစင်ကြယ်နိုင်ပေ၊ အကျင့်သီလတည်းဟူသော ရေကြည်ရေအေးဖြင့် ဆေးကြော သုတ်သင် ရှင်းလင်းမှပင် ကိုယ်တွင်းကိလေသာ စင်ကြယ်နိုင်ပါသည်။ ကာမဂုဏ်ကိလေသာဟူသော အညစ်အကြေးကို ဆေးလျှော်ကြောင်းဖြစ်သော သီလနှင့်တူသော ရေမည်သည် မရှိပေ။

**သီလလေ။** ။သံယောဇဉ်သမုဒယ တွယ်တာမှုတွေကြောင့် ပူပန်ခြင်း သောက, ပြင်းပြပူဆွေးခြင်း ပရိဒေဝစသည်တို့ကို ပယ်ဖျောက်နိုင်သော ကိုယ်ကျင့်တရားကား သီလပင်တည်း။ ဤသီလတည်းဟူသောလေသည် စိုးရိမ်ခြင်း

ပူပန်ခြင်းတို့ကို ငြိမ်းစေနိုင်သော လေပင် ဖြစ်သည်။ သီလနှင့်တမူ တူသော လေမည်သည် မရှိနိုင်ပေ။

**သီလလှေကား။** ။အနိမ့်မှ အမြင့်သို့ တက်ရာ တက်ရောက်ကြောင်း စောင်းတန်းလှေကားတို့တွင် သီလတည်းဟူသော စောင်းတန်းလှေကားသည် အမြတ်ဆုံးပင် ဖြစ်၏။ ဤသီလတည်းဟူသော စောင်းတန်းလှေကားသည် လူ့ ရပ် နတ်ထံ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို တက်နိုင်စေကြောင်း စောင်းတန်းလှေကား အမှန်ပင် ဖြစ်ပေသည်။

**သီလတံခါး။** ။နိဗ္ဗာန် ရွှေနန်း လှမ်းတက် ခိုလှုံလိုသူတိုင်း သီလတည်းဟူသော တံခါးကို ဖွင့်၍ လှမ်းတက်ခိုလှုံ ဝင်ခဲ့ကြရပေမည်။ သီလနှင့်တမူ တူသော နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်သို့ ဝင်နိုင်ကြောင်း တံခါးမည်သည် မရှိနိုင်ပေ။

မဥ္ဇူသကနတ်ပန်း စပယ် ခေါင်ရမ်း နှင်းပန်း သရဖီမွှေးကြည် ကံ့ကော် အကျော် အမော်ပန်းတို့၏ အနံ့သည် လေတင် လေညာမှ အကြေ လေအောက်သို့သာ စုန်၍ အနံ့ ဖြာနိုင်ပေသည်၊ လေကြေ လေအောက်မှ လေတင် လေညာသို့ အနံ့မဖြာနိုင်ပါ[၁]။

သို့ဖြစ်ပါ၍ ခေတ်သစ်မောင်မယ် ပျိုမျစ်နုနယ်သူတို့သည် သီလတည်းဟူသောပန်းကို ပန်ဆင်ပေးကြဘို့ အလွန်လိုအပ်

---

၁။ ဝိသုဒ္ဓိ၊ ၁၊ ပ-တွဲ၊ နှာ-၁၀။ ဓမ္မပဒ၊ ၁၊ ပ-တွဲ နှာ-၂၆၇။ ထေရ၊ ၁၊ ဒု-တွဲ၊ နှာ-၂၁ဂ-၉။

ပါသည်၊ အလိုဆန္ဒ ခဏပြည့်စုံလိုသူတိုင်း သီလကို ကျင့်သုံးဆောက်တည်ပေးကြပါ၊ ဗုဒ္ဓရှင်တော်ဘုရားကလည်း ချစ်သားတို့ ချစ်သမီးတို့ သီလရှိသောသူသည် အလိုဆန္ဒတောင့်တသမျှ ပြည့်စုံနိုင်သည်၊ အဘယ့်ကြောင့် ပြည့်စုံရသနည်း၊ သီလစင်ကြယ်သောကြောင့် ပြည့်စုံရသည်ဟု ဟောတော်မူခဲ့ပေသည်[၁]။

ထို့ပြင် ယူဇနာ တရာတိုင်တိုင် ပျံ့နှံ့ ကြိုင်လှိုင်သော ပင်လယ်ကသစ်ပန်း၏ ရနံ့ကဲ့သို့ ကိုယ်ကျင့်သီလတည်းဟူသော ရနံ့သည်လည်း မွှေးပျံ့သင်းကြိုင်နိုင်လေသည်၊ ယူဇနာတရာတွင်း လေညာ လေအောက်မကျန် ပျံ့နှံ့စေနိုင်တဲ့ သီလရနံ့ကို ဆောင်ထားဘို့ လိုအပ်လှပါသည်၊ သီလရှိသူကို မလိုမုန်းထား အမျက်ပွါးသော သူများက မသတ်ဖြတ်နိုင်ပါ၊ မှတ်သားဘွယ်ရာ သီလဝမင်းထုံးကို ရှုကြပါ။

## ဗိမ္ဗိသာရမင်းကြီး၏ သားတော်
## သီလဝမင်း၏ သီလဂုဏ်စွမ်းရည်[၂]

အဇာတသတ်မင်းသည် ဖခင် ဗိမ္ဗိသာရမင်းကြီးကိုသာ သတ်သည်မဟုတ်၊ အဖေတူ မအေကွဲ သီလဝမင်းကိုလည်း သတ်ရန် အမျိုးမျိုး ကြိုးစားခဲ့၏၊ အဇာတသတ်သည် မင်းပြု၍ သက်ဦးဆံပိုင် ဖြစ်နေချိန်တွင် အမုန်ယစ်သော ဆင်ကို သေရည်အရက် တိုက်ကာ ၎င်း ဆင်ကျောပေါ်တွင် သီလဝမင်းသားကလေးကိုတင်စေပြီး သေစေရန်ကြံစည်၏၊ သို့သော်

---

၁။ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၄၉၁။

၂။ ထေရာဋ္ဌ၊ ဒု-တွဲ၊ နှာ-၂၁၈-၂၂၃။

သီလရှိသူ မင်းသားကို သတ်ကြောင်း လုံ့လ မအောင်မြင်ပါ၊ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်ဘုရားက အရှင်မဟာမောဂ္ဂလ္လာန်ကို ဆင်နှင့်တကွ သီလဝ မင်းသားငယ်ကို တန်ခိုးဖြင့် ဆောင်ယူစေကာ သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ချီးမြှင့်တော်မူပြီး မာဂဓတိုင်းမှ ကောသလတိုင်းသို့ ပို့ဆောင်၍ ထားတော်မူလေသည်။

အာဃာတပြင်းထန်တဲ့ အဇာတသတ်သည် လူယုံ လူသတ်ယောကျ်ား ပဉ္စမ်တပ်သားကို စေလွှတ်ပြီး ကောသလတိုင်းသို့ လိုက်၍ သတ်စေလေသည်၊ အရှင်သီလဝရဟန္တာအရှင်မြတ်နှင့် တွေ့ရသော သူလျှိုလူသတ်ယောကျ်ားများသည် မထေရ်၏ တရားစကားကို ကြားနာရ၍ သတိသံဝေဂ ရရှိကြကာ ရဟန်းပြုကြလေသည်။ ဤကား သီလဝမထေရ်၏ သီလဂုဏ်စွမ်းရည်ပင် ဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက ယခုလို မိန့်တော်မူသည်—

၁။ ဤလောက၌ သီလသည် မိမိကို မှီဝဲသောသူသို့ အလုံးစုံသော စည်းစိမ်ချမ်းသာကို ညွှတ်စေတတ်၏၊ ရစေတတ်၏[၁]။

၂။ ပတ်ဝန်းကျင် ရဟန်းရှင်လူ နတ် ဗြဟ္မာအပေါင်းတို့၏ နှစ်သက် ရှင်လန်း ချီးမွမ်းခြင်းကို ခံယူလိုသူ၊ နတ်ပြည်မှာ နတ်သမီး ငါးရာစီ တထောင်စီ ဝိုင်းယာ ရံ၍ ကာမဂုဏ်ချမ်းသာ ခံစားလိုသူ၊ နှစ်သက်မြတ်နိုးစရာ အာရုံငါးဖြာတို့ကို ရယူခံစားလိုသူတို့သည် သီလကျင့်ဝတ်ကိုသာ ကျင့်ပါ၊ ပစ္စုပ္ပန်၌ ပညာရှိတို့ ချီးမွမ်းခံရခြင်း၊

---

၁။ ထေရ၊ဋ္ဌ၊ ဒု-တွဲ၊ နှာ-၂၁၈။

နှစ်သက်မြတ်နိုးဘွယ် စည်းစိမ်ခံစားရခြင်း၊ တမလွန်၌ နတ်စည်းစိမ်ခံစားရခြင်း ဤ ချမ်းသာသုံးမျိုးတို့ကို မလွဲတမ်း ရနိုင်ပါတယ်တဲ့ ၁ ။

ထို့ပြင် သီလသည် အလုံးစုံသော ကုသိုလ်တရားတို့၏ အစလည်း မည်၏။ သီလသည် တုဘက် ယှဉ်ဘက် ပြိုင်ဘက်ကင်းသော အားမာန်လည်း မည်၏၊ သီလသည် ကြီးမားမြင့်မြတ်သော တန်းခိုးဂုဏ်နှင့် ပြည့်စုံသော အောင်မြင်ကြောင်း အောင်တပ်ဦးစီး စစ်သေနာပတိဗိုလ်ချုပ်ကြီးလည်း ဖြစ်၏ ။ သို့ပါ၍ ခေတ်သစ်တိုင်းပြည်၏ အညွန့်အဖူးကလေးများ ဖြစ်ကြတဲ့ ရွှေ့ဆောင်လူငယ် နုနယ်ဖွင့်ထွား သတို့သား သတို့သမီးကလေးများ သီလအားကို ဖြည့်စွမ်းကြပါလို့ တိုက်တွန်းလိုက်ရပေသည်။

(ဒုတိယတွဲ ပြုစုသောအခါ အကျယ်ကို ရေးသားပါအံ့။)

**ဗုဒ္ဓရှင်ချစ် ရတနာစစ်ကား အနှစ်သာရ လွန်ပြည့်ဝ**

(၁) ဗုဒ္ဓ ဟူသော ရတနာသည် ဆန်းကြယ် ဖြူးဖြောင့် တောင့်တသော အကျိုးကို ပေးစွမ်းနိုင်ခြင်း။

(၂) ဤလူ့ပြည်၌ရှင်း၊ နဂါး ဂဠုန် ကုမ္ဘန် ယက္ခ ဂန္ဓဗ္ဗ ပြည်၌ရှင်း၊ နတ်ပြည် ဗြဟ္မာပြည်တို့၌ရှင်း အလုံးစုံ သောသူတို့၏ စိတ်နှလုံးကို ယူကြုံး နှစ်သက်စေနိုင် သော မနောမယ ဇောတိရသ ဝေရောစန မသာရ

---

၁။ ထေရ၊ ဋ္ဌ၊ ဒု-တွဲ၊ နှာ-၂၁၀-၉။

ဂလ်စသော ရတနာအမျိုးမျိုးတို့သည် ရှိကြကုန်၏။ ထိုရတနာတို့သည် တန်ဘိုးများစွာ ထိုက်ကြကုန်၏၊ ယင်းရတနာတို့ထက် ဗုဒ္ဓ ဓမ္မ သံဃ ရတနာတို့က တန်ဘိုးများစွာ သာလွန်၍ထိုက်ကြခြင်း။

(၃) တုဘက် ယှဉ်ဘက် ပြိုင်ဘက်လည်း ကင်းတော်မူခြင်း။

(၄) ကမ္ဘာကုဋေ လွန်လေများစွာ ကုန်ဆုံးပါသော်လည်း ဖူးတွေ့နိုင်ဘို့ရာ အလွန်တရာ ခက်ခဲလှခြင်း။

(၅) လူဖျင်း လူညံ့ လူနုံမသင်း လူ့ဂုဏ် အလျှင်းမရှိကြတဲ့ လူ့ဗာလ လူ့ပြိတ္တာ လူအန္ဓ လူပါပတွေနှင့် လားလားမှမထိုက်၊ လူ့ဥ္တထင်ပေါ် နတ်ဥ္ဘကျော်သည် လူမဟော် လူပဏ္ဍိတ် အရိတ်ပြအကောင်ထင် ပညာရှင်အမော်၊ သူတော်စင် သူတော်မှန် လူကောင်းတို့နှင့်သာထိုက်တန်ခြင်းတို့ကြောင့်“ဗုဒ္ဓရှင်ချစ်ရတနာ စစ်ကား အနှစ်သာရ လွန်ပြည့်ဝ”ဟူ၍ အကြောင်းပြ အဦးအစဥ္ဘ ထုတ်ဖော် ပြသခဲ့ခြင်းပင် ဖြစ်သည်။ ဤဆိုလတ္တံ့သည်ကား သာဓကတည်း။

စိတ္တီကတံ မဟဂ္ဃဉ္စ၊ အတုလံ ဒုလ္လဘဒဿနံ။
အနောမသတ္တပရိဘောဂံ၊ ရတနံ တေန ဝုစ္စတိ ၁။

ဤသို့ ဗုဒ္ဓဟူသော အမည်ပညတ်သည် မင်္ဂလိ ဂေါသာလ ပုရာဏကဿပ သိဥ္စည်းစသော ဗုဒ္ဓအတုအယောင်တို့နှင့် ဗုဒ္ဓ

၁။ သုတ်မဟာဝါ အဋ္ဌကထာ၊ နှာ-၃၅ စသည် ရှု။

အံ့မည်ခံချင်းတူသော်လည်း ဘုန်းကံမှာ မယှဉ်သာအောင် ကွာခြားလှ၏။

ယူဇနာပေါင်း သုံးရာကျယ်သော ကာသိကရာဇ်တိုင်း၊ တဆယ့်နှစ်ယူဇနာကျယ်သော ဗာရာဏသီပြည်အနီး ဣသိ-ပတနမိဂဒါဝုန် မြဲယျာဉ်၌ ဓမ္မစကြာတရားဟောကြားတော်မူသည်၏အဆုံး၌ ပဉ္စဝဂ္ဂီငါးဦးနှင့် ဗြဟ္မာဘုံနှစ်ဆယ်မှ ဗြဟ္မာပေါင်း တဆယ့်ရှစ်ကုဋေတို့ကို ဝင့်သုံးပါးမှ လွတ်မြောက်နိုင်မှုအောင်ဆုကြီးကို ပေးတော်မူနိုင်သော သဃမ္ဘူညာဏ်ထက်မမှစက်တော်သည် နှစ်သက်ရှင်ပြုံး အံ့မဆုံးရသော ဓမ္မဘုန်းတော်ပင်တည်း။

ဤ ဘုန်းတော်မျိုးသည် အတုအယောင် ဗုဒ္ဓတွေထဲမှာ ဘယ်ဗုဒ္ဓမှာမှ မရှိနိုင်ပေ၊ မျက်တွေ့ထင်ထင် တွေ့မြင် သိမြင်ရခြင်းလည်း မရှိနိုင်ပေ၊ တပြား တပိုင်မျှ မတန်သော ရွှေး မျက်နှာမည်းကလေးနှင့် ဇမ္ဗူရာဇ်ရွှေစ ချိန်တွယ်ခြင်းကိုခံရ၍ အလွန်ရှက်လှစွာ ငိုရရှာသော ဇမ္ဗူရာဇ်ရွှေစပမာ မနိုင်းချိန်သင့်သည်သာ ဖြစ်ခဲ့ရာ၏။

အင်္ဂါရဟော န မေ ဒုက္ခံ၊ န ဒုက္ခံ လောဟတာဋ္ဌနေ။
ကေမေဝ ဗဟုဒုက္ခံ၊ ဂုဉ္ဇာယ သမတုလျနေ။

မေ၊ ငါရွှေအား။ အင်္ဂါရဟော၊ လုံတွင်း၌ထည့်၍ အရေပျော်အောင် မီးပြင်းတိုက်ခြင်းကြောင့်။ န ဒုက္ခံ၊ မဆင်းရဲခဲ့ပါ။ လောဟတာဋ္ဌနေ၊ ပေပေါ်မှာတင်၍ တူနှင့်ထုခြင်းကြောင့်။ န ဒုက္ခံ၊ မဆင်းရဲခဲ့ပါ။ မေ၊ ငါရွှေအား။ ကေမေဝ၊ တခုတည်းသာလျှင် ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲခြင်းသည်ကား။ ဂုဉ္ဇာယ၊ တန်ဘိုး လုံးဝမရှိသော ရွှေးမျက်နှာမည်းကလေးနှင့်။

သမတုလျနေ၊ ချိန်ခွင်တွင်ထည့်၍ အလေးချိန် တူမျှ၏ မတူမျှ ၏ဟု နှိုင်းချိန်ရာ၌။ ဗဟုဒုက္ခ၊ များစွာ ဆင်းရဲရပေတော့၏။

ဤ ရွှေ ရက်လို ငိုသည့်ဂါထာ စကားအလာ ပုံပမာပင် ကျွန်ုပ်တို့၏ ဗုဒ္ဓရှင်ပင်ဘုရားတည်း ဟူသော ဇမ္ဗူရာဇ်ရွှေစင် ရတနာတော်ကို အမှန်မြတ်ဆုံး ရတနာအစစ် အဖြစ်ဖြင့် အမြဲ ယုံကြည်ကာ ကိုးကွယ်ပူဇော်ကြဘို့ အရေးကြီးလှ၏။ရှေးမျက် နှာမည်းနှင့်တူတဲ့ ဗုဒ္ဓအတုအယောင်မျိုးကို ကိုးကွယ်မိသူတွေ က ဗုဒ္ဓရတနာစစ်ကို ပစ်ပယ်စကား ပြောကြားကြသည်ကို နားမယောင်သင့်ပေ။

ဗုဒ္ဓ၏ ယောကျ်ားထူး ယောကျ်ားမြတ်တို့၌သာ ဘုန်းကံ အားလျော်စွာ ရရှိနိုင်သော သုံးဆယ့်နှစ်ပါးကုန်သော မဟာ ပုရိသလက္ခဏာတော်မြတ်, ရှစ်ဆယ်ကုန်သော လက္ခဏာတော် ငယ်မြတ်တို့မှာလည်း အထူးအံ့သြဘွယ်တည်း။

ဗုဒ္ဓ၏ ရူပကာယ တကိုယ်လုံး ရွှင်ပြုံးသပွါယ် စမွယ် တော်မူရန် ဂန္ဓကုဋိတိုက်အတွင်း၌ မွှေးကြိုင်လှစွာသော နံ့သာ အတိ ထုံအပ်သော ပြဟ္မာမင်း၏ ဗိမာန်ကဲ့သို့ အမြဲ မွှေးပျံ့ ကြိုင်လှိုင်နေသည်မှာလည်း အံ့သြစရာပေတည်း။

ဗုဒ္ဓ၏ ရူပကာယတော်သည် ဟရိတ ပြဟ္မာမင်းကဲ့သို့ တင့် တယ်တော်မူသည်၊ ပြဟ္မာဘုံနှစ်ဆယ်ရှိ ပြဟ္မာပေါင်းများစွာ၏ အလယ်ဝယ် ဟရိတပြဟ္မာမင်းသည် တင့်တယ်စွာ စမွယ်နေဘိ သကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ တင့်တယ်တော်မူသည်မှာ လည်း ရင်သတ်ရှုမော အံ့သြစရာပေတည်း။

မိုးကောင်းကင်တပြင်လုံး အုပ်ဖုံးယှက်သန်းလျက်နေသော တခဲနက်သော တိမ်တိုက်မှ ထွက်ပေါ်လာသော လပြည့်ဝန်း ပမာ ဗုဒ္ဓမြတ်စွာ၏ အလွန်တင့်တယ်တော် မူသည်မှာလည်း အံ့ဩစရာပေတည်း။

ပဏ္ဍုရသီ တိထိ ရက်စေ့ တဆယ့်ငါးရက်ပြည့်သော လပြည့်ဝန်းပေါင်း ထောင်သောင်းများစွာ အကြားထဲမှ ရဲရဲရင့်ရင့် တင့်တင့်တယ်တယ် ဝင့်ထယ်စွာပေါ် ထွက်လာသောနေလုလင်ကြီးပမာ ဗုဒ္ဓမြတ်စွာဘုရား၏ တင့်တယ်တော်မူသည်မှာလည်း အလွန်တရာ အံ့ဩစရာပေတည်း။

ဗုဒ္ဓ၌ ပရိသတ်ရှစ်ဖြာ ဗိုလ်ပါများစွာအလယ်၌ တင့်တယ်လှစွာ ကေသရာခြင်္သေ့မင်းကဲ့သို့ ရွှံရှားလွတ်ကင်း ရဲရင့်ခြင်းစတုဝေသာရဇ္ဇ ဉာဏ်တော် ရှိတော်မူသည်မှာလည်း နတ်လူ ပြဟ္မာ ရှုမငြီးစရာ အံ့ဩဘွယ်ရာပေတည်း။

ဗုဒ္ဓ၌ လူနတ် ပြဟ္မာ သတ္တဝါတို့၏ ဣန္ဒြေ အနု အရင့်ကို မြော်လင့်မကင်း သိမြင်ခြင်းဂုဏ်မြတ် ဉာဏ်တော်ခတ်၊

လူနတ်ပြဟ္မာ သတ္တဝါတို့၏ အလိုစရိုက်ကို ထိုက်သည်အားလျော်စွာ သိမြင်တော်မူခြင်းဂုဏ်မြတ် ဉာဏ်တော်ခတ်၊

ရေအစုံ မီးအစုံ အစရှိကုန်သော တန်းခိုး ပြာဋိဟာတို့ကို ဖြစ်စေနိုင်စွမ်းရှိခြင်းဂုဏ်မြတ် ဉာဏ်တော်ခတ်၊

ပစ္စေကဗုဒ္ဓါသာဝကတို့နှင့်မတန် မဆက်ဆံသော မဟာကရုဏာသမာပတ်ဂုဏ်မြတ် ဉာဏ်တော်ခတ်၊

သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်အားဖြင့် ငါးပါး ဉေယျဓမ်တရားငါးပါးတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူခြင်းတည်းဟူသော သဗ္ဗညုတဂုဏ်မြတ် ဉာဏ်တော်ဓာတ်။

ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာတို့မှ ပိတ်ပင်နိုင်စွမ်းမရှိ အသိမြင့်မြတ် ဉာဏ်တော်ဓာတ်၊

ဤဉာဏ်တော်ဓာတ် ခြောက်ဆူတို့မှာလည်း ဇမ္ဗူမဆံ့ တအံ့တသြ ရှုမောဘွယ်ရာပေတည်း။

ထိုပြင် ဗုဒ္ဓသည် အကြောင်းဟုတ်သည်မဟုတ်သည်၌ရင်း၊

ကိလေသမာရ်ရဲ့ ဘေးရန်ခပင်း ကုန်ခန်းခြင်း၌ရင်း၊

ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးတို့ကို ပိုင်းခြား ဝေဘန်ခြင်း၌ရင်း၊

စက္ခုစသော ဓာတ်အပေါင်းတို့၏ အထူးထူး အပြားပြားသောအကြောင်း၌ရင်း၊

လူနတ်ဗြဟ္မာသတ္တဝါတို့၏ လိုရာစွဲငြိ ရှိသမျှ အဓိမုတ္တိ၌ရင်း၊

လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ရှိသော အဖြစ်၌ရင်း၊

ရှေးရှေးကုန်သောဘဝတို့၌ ဖြစ်ကြကုန်သောသတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာအစဉ်တို့၌ရင်း၊

ဈာန် ဝိမောက္ခတရား အပေါင်းတို့၏ ညစ်နွမ်းကြောင်း သံကိလေသ, ဖြူစင်ကြောင်း ဝေါဒါန, သမာပတ်မှ ထမြောက်ကြောင်း ဝုဋ္ဌာနတို့၌ရင်း၊

လူ နတ် ပြဟ္မာ သတ္တဝါတို့၏ စုတိခြင်း ပဋိသန္ဓေနေရခြင်း နှစ်ပါး၌၎င်း၊

လူနတ်ပြဟ္မာသတ္တဝါတို့၏ ကုသိုလ်ကံ အကုသိုလ်ကံအကျိုး နှစ်ပါးတို့ကို ပိုင်းခြားခြင်း၌၎င်း—

မဖောက်မပြန် ကေန်မယွင်း သိမြင်တော်မူခြင်း ဟူသော ဤဆယ်ပါးကုန်သော ဉာဏ်တော်မြတ် ရှိတော်မူခြင်းကလည်း အံ့ဩမဆုံးဘွယ်ရာပေတည်း။

ဤကဲ့သို့သော ဗုဒ္ဓရှင်တော်မြတ်ကြီး၏ ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ အစရှိသည်တို့ကို ချီးကျူး နက်လေး ကောင်းချီးပေး၍ ရေးသားစီကုံး ပါသော်လည်း ကုန်ဆုံးဘွယ်ရာမရှိနိုင်တော့ပါ။ ဤကိုရည်၍ မင်းဆက်ရာဇဝင် လင်္ကာကြီးတွင် "စိန္တကျော်သူဟူ၍၎င်း၊ ရွှေတောင်ရာဇကျော် ထင်"ဟူ၍၎င်း ဘွဲ့တံဆိပ်ရ ဆရာကြီး ဦးဩကိုယ်တိုင် ဖွဲ့ဆိုခဲ့ သည်မှာ—

"ချီးမြှောက်ဖွယ်မှု အစုစုကို မေရုစုတ်တန် ပေရွက်ခံဝယ် ယဉ်လျှံထွေထွေ သမုဒ်ရေဖြင့် မြေကိုန္ဒီးဖျော် ရေးလှည့် သော်လည်း ပုဂ္ဂိုလ်ကျော်ဂုဏ် တိမှာကုန်အံ့"

ဟူ၍ ဖွဲ့စပ်စီကုံးခဲ့လေရာထင့်။

တဆင့်ပွါးလူး ချီးကျူးရေးသား ရပြန်ပါသော် ဤသစ္စာ- ကာရမဟာဗျူဟာကျမ်းကို ပြုစုသော သိရီသဟမ္ပတိမထေရ် အား ဆေက=အလိမ္မာတန်းဆာဂုဏ်, ဝေဒ=ပညာတန်းဆာ ဂုဏ်, သဗ္ဗဂုဏပဒါလကဂုဏ်များစွာကို ဆင်ယင်ပေးသနား တော်မူခဲ့ပါသော ကျေးဇူးရှင် အရှင်ဘဒ္ဒန္တ သုဘာသိတ၊

အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားက ထိုမင်းဆက်ရာဇဝင် အပိုဒ်ကိုရှုပြီး သမ္ဘာဝနာ ရစနာဂါထာကို ဖွဲ့ဆိုတော်မူခဲ့လေသည်။

သိနေရုံ လေခနိံ ကတွာ၊ တထာကာသဉ္စ ပေါတ္ထကံ။
စတုဏ္ဏဝဇလေနေဝ၊ လောလေတွာ သကလံ မဟိံ။
လိခန္တောပိ သိလောကေန၊ န ခိယေ တာဒိနော ဂုဏာ။

သိနေရုံ၊ ရွှေငွေမြဖလ် လေးတန်ရောင်စို ဗဟိုရ်များထီး မြင်းမိုရ်တောင်ကြီးကို။ လေခနိံ ကတွာ၊ ဆေးမင်တန်စုတ် ဖောင်တိန်လုပ်၍။ တထာ၊ ထိုမှတပါး။ အာကာသဉ္စ၊ ကောင်းကင်ပြင် အားလုံးကိုလည်း။ ပေါတ္ထကံ ကတွာ၊ ပေရွက်တံထွာ ပမာပုံတု လွှာပုံပြု၍။ သကလံ မဟိံ၊ အလုံးစုံသော မဟာပထဝီမြေကြီးကို။ စတုဏ္ဏဝဇလေနေဝ၊ အရှေ့အနောက် တောင်မြောက်ဖွဲ့ချုပ် သမုဒ်လေးထွေ လေးစင်းသောရေဖြင့်။ လောလေတွာ၊ မင်ခဲတရထည် နှီးကာရောလှော်က် မွှေကာနှောက်၍။ သိလောကေန၊ ဥတ္တာ–စရှိ ဥက္ကတိဆံး ဂါထာ အားလုံးဖြင့်။ လိခန္တောပိ၊ ထွေထွေစိတ်ကူး ဉာဏ်ကွန့်မြူး၍ ချီးကျူးနက်လေး ရေးသားစီကုံးပါသော်လည်း။ တာဒိနော၊ ထိုသို့သဘောရှိသော သုံးလူ့ထိပ်တင် ဘုရားရှင်တည်းဟူသော အာဇာနည်မူး ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီး၏။ ဂုဏာ၊ များမြတ်ပြည့်စုံ ကျေးဇူးဂုဏ်တို့သည်။ န ခိယေ–န ခိယေယျုံ၊ လက်ပန်းခတ်တီး အံ့ချီးဖွံ့ဖွံ့ မကုန်ဆုံးနိုင်သည်သာလျှင်တည်း။

ဗုဒ္ဓ၏ ဉာဏ်တော်အသိသည် ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာတို့၏ အသိနှင့်မျှ နှိုင်းယှဉ်စရာမရှိ၊ အသိကြီးသိမြင်တော်မူ၏၊ လူနတ်ဗြဟ္မာ ဝေနေယျသတ္တဝါတို့၏ နှလုံးသားထဲကို မယ်န

စွဲဘိသကဲ့သို့ သိတော်မူနိုင်စွမ်းရှိ၏၊ ဝေနေယျသတ္တဝါတို့၏ အာရုံကို အစွဲကြီးစွဲ အငြိကြီးငြိ အထိကြီးထိအောင်လည်း ရွှေညာဏ်တော်ရှင်ဗုဒ္ဓ မြင်သိတော်မူ၏။

ထို့ကြောင့် "ဗုဒ္ဓရှင်ချစ် ရတနာစစ်ကား အနှစ်သာရ လွန်ပြည့်ဝ"ဟု ထိပ်ခေါင်းစီးမှာ တပ်ဆင် ပူဇော်လိုက်ရပါ သတည်း။

## ဘုရားရှင်၏ သက်တော်စသည်ဖြင့် သစ္စာပြု ဆုတောင်း

ဗုဒ္ဓ၏ သက်တော်၊ ရောင်ခြည်တော်၊ ပစ္စည်းလေးဖြာ ရတနာတော်၊ လက္ခဏာတော်ကြီး, ငယ်၊ ညာဏ်တော်မြတ်တို့ ဖြင့် သစ္စာပြုကာ ဆုပန်ဆင်ကြပါကုန်။ (ချမ်းသာစစ်တို့ကို ရယူလိုသူတိုင်း အမြဲရွတ်ပါ)

ဗုဒ္ဓါနံ—

စတုပစ္စယဇီဝိတေ၊ အန္တရာယော န သက္ကတိ။
အနုဗျဉ္ဇန ပဘာယံ၊ ညာဏေ ကာတုံ စ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ လာဘာဝဇုနံ။
ဟောတု မေ အာယုဝဇုနံ၊ ဟောတု မေ ကာယဝဇုနံ။
ဟောတု မေ တေဇဝဇုနံ၊ ဟောတု မေ ညာဏဝဇုနံ။

ဝိပဿီ စသော ဘုရားရှင် ခုနစ်ဆူတို့၏ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး၏ရင်း၊ ရုပ်သက်တော်, ထူးမြတ်တင့်မွန် ဂုဏ်ပေါင်းရုံသော နာမ်သက်တော်၏ရင်း၊ ရူပကာယ မဟာပုရိသ လက္ခဏာတော်ကြီး သုံးဆယ်နှစ်ပါး, လက္ခဏာငယ်တော် ရှစ်ဆယ်၏ရင်း၊ မဟာပုရိသလက္ခဏာ တော်မြတ်မှ ထွက်ပေါ် ကွန့်မြူးတော်မူသော နီလ ပီတ

လောဟိတ ဩဒါတ ပဘာဿရ မဉ္ဇိဋ္ဌ ရောင်ခြည်တော် ခြောက်ပါး၏ရင်း၊ တမိုးအောက်ဝယ် တယောက်တည်းသာ ရရှိနိုင်ပါသော သဗ္ဗညုတဉာဏ်တော်၏ရင်း အန္တရာယ်ဆယ်ပါးတို့ကို တစုံတယောက်သော သူသည် ပြုခြင်းငှါ မတတ်နိုင်။

ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာတော်စကားကြောင့် အကျွန်ုပ်အား လာဘ်ဘုန်း ဖွံ့ဖြိုး တိုးပွါးပါစေသတည်း။ အသက်ရှည်ဂုဏ် ပြည့်စုံ ဖွံ့ဖြိုး တိုးပွါးပါစေသတည်း။ ဝဏ္ဏဒသက ဆင်းလှရှယ်မျိုး ဆင့်ဆင့်တိုးပါစေသတည်း။ ဘုန်းကံ ဖွံ့ဖြိုး ဘုန်းရှိန်တိုး၍ ဘုန်းမိုး ရွာကာ သွန်းဖျန်းနိုင်ပါစေသတည်း။ ဉာဏ်ဂုဏ်လွန့်ဖြိုး ဉာဏ်ရောင်တိုး၍ ဉာဏ်မိုးစွေကာ ရွာသွန်းနိုင်ပါစေသတည်း။

(ယုံကြည်အားထား ရွတ်သူများ ဘုရားမလိမ့်မည်။)

## စေတလုံးပိုင်အောင် သစ္စာပြု ဆုတောင်း

ဗုဒ္ဓ၏ဉာဏ်တော် စသည်ဖြင့် သစ္စာပြု၍ စေတလုံးပိုင် စေ မင်္ဂလာပိုင်ဖြစ်စေရန် ဆုပန်ဆင်ကြရမည်၊ အမှန်ပင် ပန်ဆင်သည့် အတိုင်း ဖြစ်စေရမည်။

ဗုဒ္ဓါနံ—

စတုပစ္စယ ဇီဝိတော၊ အန္တရာယော န သက္ကတိ။
အနုဗျဉ္ဇန ပဘာယံ၊ ဉာဏော ကာတုံ စ ကေနစိ။

တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေ တံ လောကနာယကံ။
တေန သစ္စေန ပုညေန၊ ဟောတု မေ လာဘဝဍ္ဎနံ။

ဟောတု မေ အာယုဝစုနံ့။ ဟောတု မေ ကာယဝစုနံ့။
ဟောတု မေ ဉာဏဝစုနံ့၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ ဘောဂဝစုနံ့။

ဗုဒ္ဓါနံ၊ ဝိပဿီ စသော ဘုရားခုနစ်ဆူတို့အား။ စတုပစ္စယ ဇီဝိတေ–စတုပစ္စယ ဇီဝိတာဿ၊ အမြဲပင့်ဖိတ် ရည်စူးထားအပ်သော ဆွမ်း စသော ပစ္စည်းလေးပါးတော်, အသက်တော်၏ ငှင်း။ အနုဗျဥ္ဇန ပဘာယံ–အနုဗျဥ္ဇန ပဘာယ၊ လက္ခဏာတော်ကြီးငယ်နှင့် ၎င်းတို့မှထွက်ပေါ်လာသော ရောင်ခြည်တော်၏ငှင်း။ ဉာဏေ–ဉာဏဿ၊ သဗ္ဗညုတဉာဏ်တော်၏ငှင်း။ အန္တရာယော၊ အန္တရာယ်ဆယ်ပါးကို။ ကေနစိ၊တစုံတယောက်သော သူသည်။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကတိ၊ မတတ်နိုင်။

တဒေဝ ဝစနံ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊ အမှန်အစစ် ဖြစ်တော်မူ၏။ လောကနာယကံ၊ လူသုံးပါးတို့၏ရှေ့သွား ဦးစီး ခေါင်းဆောင်ကြီးတဆူ ဖြစ်တော်မူသော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ–ဝန္ဒာမိ၊ ရိုသေမြတ်နိုး ရှိခိုးပါ၏။

တေန သစ္စေန၊ ထိုမှန်ကန်သော သစ္စာစကားကြောင့်။ တေန ပုညေန၊ ထိုရှိခိုးရသော ကုသိုလ်အစု မြတ်ကောင်းမှုကြောင့်။ မေ၊ အကျွန်ုပ်အား။ လာဘဝစုနံ၊ လာဘ်အမျိုးမျိုးတို့၏ တိုးပွါးခြင်းသည်။ ဟောတု၊ ဖြစ်မြဲဖြစ်ပေ ဖြစ်ညွှန့်ဝေ၍ ဖြစ်စေဖြစ်စေ ဖြစ်ပေါ်ပါစေသတည်း။ အာယုဝစုနံ၊ အသက်ရှည်ဂုဏ် ပြည့်စုံတိုးပွါးခြင်းသည်။ ဟောတု၊ တည်း။ ကာယဝစုနံ၊ သုံးဆယ်ဝင်စ ဝဏ္ဏဒသက ဆင်းရောင်လှ၍ ကာယဖွံ့ဖြိုး တိုးပွါးခြင်းသည်။ ဟောတု၊ တည်း။တေဇဝစုနံ၊အတိတ်

ပစ္စုပ္ပန် နှစ်တန်ကံမျိုး ဘုန်းညွန့်တိုးခြင်းသည်။ ဟောတုံ၊ တည်း။ ဉာဏဝစ္စုန့်၊ ဇဝနတိက္ခ ဂမ္ဘီရနှင့်နိပုဏဉာဏ်မျိုး လွန့်လွန့် တိုးခြင်းသည်။ ဟောတုံ၊ တည်း။ ဘောဂဝစ္စုန့်၊ မဏိဇောတိ စရှိမျှားစွာ ရတနာမျိုး လွန်တိုးပွါးခြင်းသည်။ ဟောတုံ၊ တည်း။ ဇယမင်္ဂလံ၊ ဆောင်ရွက်ရာရာ မင်္ဂလာအောင်မှု အောင် ဇေယျတု အောင်ဆုဖွံ့ ဖြိုး ဆင့်ဆင့်တိုးခြင်းသည်။ ဟောတုံ၊ ဖြစ်မြဲဖြစ်ပေ ဖြစ်ညွန့်ဝေ၍ ဖြစ်စေဖြစ်စေ ဖြစ်ပေါ်ပါစေ သတည်း။

**မှာထားချက်။** ။(မွန်မြတ်သန့်ရှင်းသော စိတ်စေတနာထား၊ အားကိုးရွတ်၊ အကျိုးပေး မလွတ်စေရ၊ နှင်လားဟဲ့လောကမံ ငါဟဲ့တဲ့ယောကျ်ားမွန် ငါဟဲ့တဲ့မိန်းမမွန် ဂုဏ်ခံကာ ငွတ်ကြဲလျှင် မလွတ်ဘဲ ရရှိစေရမည်ပင်။)

## မိမိတို့၏ ကိုယ်ပိုင်ဉာဏ်အား, ဘုန်းကံအား, ရလာဘ်အား တိုးပွါးကြောင်း သစ္စာပြုဆုတောင်း

(၁) ဗုဒ္ဓါနံ့ အစိန္တေယျ ဉာဏာသမ္ဗန္ဓဗလသာ၊
(၂) ဗုဒ္ဓါနံ့ အပ္ပမေယျ ဉာဏာသမ္ဗန္ဓဗလသာ၊
(၃) ဗုဒ္ဓါနံ့ သဗ္ဗညုတညာဏာနုဘာဝသာ၊
(၄) ဗုဒ္ဓါနံ့ မဂ္ဂဖလ ဉာဏာနုဘာဝသာ၊
(၅) ဗုဒ္ဓါနံ့ စတုသစ္စ ဉာဏာနုဘာဝသာ၊
(၆) ဗုဒ္ဓါနံ့ စတုဝေသာရဇ္ဇဉာဏာနုဘာဝသာ၊
(၇) ဗုဒ္ဓါနံ့ ဆအသာဓာရဏ ဉာဏာနုဘာဝသာ၊
(၈) ဗုဒ္ဓါနံ့ ဆဠဘိညာနုဘာဝသာ၊

(၉) ဗုဒ္ဓါနံ အဌသမာပတ္တာနုဘာဝသာ၊
(၁၀) ဗုဒ္ဓါနံ နဝလောကုတ္တရဓမ္မာနုဘာဝသာ၊
(၁၁) ဗုဒ္ဓါနံ စတုရာသီတိသဟဿဓမ္မက္ခန္ဓာနုဘာဝသာ၊
(၁၂) ဗုဒ္ဓါနံ အဌအရိယသာဝကသာ နု သတ္တာ ကေနစိ
အန္တရာယော ကာတုံ။

တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဉာဏဝဍ္ဎနံ။
ဟောတု မေ တေဇဝဍ္ဎနံ၊ ဟောတု မေ လာဘဝဍ္ဎနံ။
ဟောတု မေ ပညဝဍ္ဎနံ၊ ဟောတု မေ ယသဝဍ္ဎနံ။

၁။ ဝိပဿီစသော ဘုရားရှင်တို့၏ အစိန္တေယျဉာဏ်တော်နှင့် ပြည့်စုံသော အားတော်အား၊
၂။ အပ္ပမေယျဉာဏ်တော်နှင့် ပြည့်စုံသောအားတော်အား၊
၃။ သဗ္ဗညုတဉာဏ်တော်ဓာတ် တန်းခိုးတော်မြတ်အား၊
၄။ မဂ်ဖိုလ်အမွန် အလွန်မြင့်မြတ် ဉာဏ်ဓာတ် တန်းခိုးတော် အား၊
၅။ သစ္စာလေးပါးဉာဏ်ဓာတ် တန်းခိုးတော်မြတ်အား၊
၆။ စတုဝေသာရဇ္ဇဉာဏ်ဓာတ် တန်းခိုးတော်မြတ်အား၊
၇။ ဆအသာဓာရဏဉာဏ်ဓာတ် တန်းခိုးတော်မြတ်အား၊
၈။ အဘိညာဥ်ခြောက်ပါးဓာတ် တန်းခိုးတော်မြတ်အား၊
၉။ သမာပတ်ရှစ်ပါးဓာတ် တန်းခိုးတော်မြတ်အား၊
၁၀။ လောကုတ္တရာတရားကိုးပါးဓာတ် တန်းခိုးတော်မြတ်အား၊
၁၁။ ရှစ်သောင်းလေးထောင်ကုန်သော ဓမ္မက္ခန္ဓာဓာတ် တန်း ခိုးတော်မြတ်အား၊

၁၂။ အရှင်သာရိပုတ္တရာစသော ရှစ်ပါးကုန်သော အရိယာ
သံဃာတော်မြတ်အား တစိုက်ယောက်သော ရန်သူသည်
အန္တရာယ်ဆယ်ပါးကို ပြုခြင်းငှါ မတတ်နိုင်စကောင်းပါ။

ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားတော် အာနုဘော်တော်ကြောင့် အကျွန်ုပ်အား ဇဝနဉာဏ်, တိက္ခဉာဏ်, ဂမ္ဘီရဉာဏ်, နိပုဏဉာဏ်, ဇာတိဿရဉာဏ် အမျိုးမျိုးတို့၏ တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။ ဘုန်းတန်းခိုးတို့၏ တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။ သစ်သစ်ဆန်းဆန်း ရှမခန်းဘွယ် တင့်တယ်လှစွာ လာဘ်လာဘတိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။ အသဒိသ ဒါနမြတ်မျိုး ဆင့်ဆင့်တိုးခြင်းသည် ဖြစ်ပါစေသတည်း။ ကြောက် ချစ် ရှိသေ သည်းခံ ပေလျက် ကောင်းစေနှုလုံး ရှင်ပြုံးခြွေရံ အမြန်ပြည့်ဖြိုး တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။

## ကျေးဇူးရှင် မိခင်အတွက် ဆုတောင်းရန်

ဗုဒ္ဓါနံ နိဗ္ဗာနပါပကံ မဂ္ဂဖလညာဏဂ္ဂံ မာတုဿ ဉာဏဂ္ဂေ နိစ္စံ ဌာတု။

ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်သို့ ရောက်စေနိုင်သော။ မဂ္ဂဖလ ဉာဏဂ္ဂံ၊ မဂ်ဖိုလ်အမှန် အလွန်မြင့်မြတ်သမာပတ်ဉာဏ်ခတ်သည်။ မာတုဿ၊ ကျေးဇူးများပေ မွေးမေမေ၏။ ဝါ၊ မာတုဿ၊ သားကိုမြတ်နိုး အချစ်ဖြိုးဝေ မွေးမေမေ၏။ ဉာဏဂ္ဂေ၊ အာရုံငါးဖြာ ပယ်ခွါချေဖျက် ဉာဏ်စဉ်ထက်၌။ နိစ္စံ၊ အမြဲ။ ဌာတု-တိဋ္ဌတု၊ ကိန်းဝပ်တန့်နားတည်နေတော်မူပါစေသတည်း။

## ကျေးဇူးရှင် ဖခင်အတွက် ဆုတောင်းရန်

ဗုဒ္ဓါနံ နိဗ္ဗာနပါပကံ မဂ္ဂဖလညာဏဂ္ဂံ ပိတုဿ ဉာဏဂ္ဂေ နိစ္စံ ဌာတု။

ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်သို့ ရောက်စေနိုင်သော။ မဂ္ဂဖလညာဏဂ္ဂံ၊ မဂ်ဖိုလ်အမွန် အလွန်မြင့်မြတ်သမာပတ်ဉာဏ်ဓာတ်သည်။ ပိတုဿ၊ ကျေးဇူးများပေ မွေးဖေဖေ၏။ ဝါ၊ ပိတုဿ၊ သားကိုစောင့်ရှောက် ချမ်းသာမြောက်အောင် ချီးမြှောက်တတ်စေ မွေးဖေဖေ၏။ ဉာဏဂ္ဂေ၊ အာရုံငါးဖြာ ပယ်ခွါချေဖျက် ဉာဏ်စဉ်ထက်၌။ နိစ္စံ၊ အမြဲ။ ဌာတု-တိဋ္ဌတု၊ ကိန်းဝပ် တန့်နား တည်နေတော် မူပါစေသတည်း။

မာတုပေါသကသုတ္တန်[၁]၌ သားတော်ရဟန်းက မိဘနှစ်ပါးကို တအိမ် တဇွန်း တစလောင်း တယောက်ချို လှူဒါန်းသော သားလုံးမြင်းခေါင်းဖြင့် စုဆောင်း၍ ရအပ်သောဆွမ်းကို ဦးဦးဖျားဖျား မိဘနှစ်ပါးကို လုပ်ကျွေးသည့်ထုံးသာဓကကိုရှုသော် ယနေ့ ခေတ်လူငယ်များသည် မိဘနှစ်ပါး၏ ဂုဏ်ကျေးဇူးကို ထိန်မြှူးကြရန်မသင့်၊ အထူးသဖြင့်ကျေးဇူးဆပ်သင့် ဆပ်ထိုက် ဆပ်အပ်၏၊ ဆပ်လိုသော အမျိုးကောင်းသားသမီးများသည် ပြဆိုပြီး ကျေးဇူးဆပ်နည်းဖြင့် ဆပ်ကြပါမူ ဇမ္ဗူတလူ ဘုန်းကံကြီးသူ ဖြစ်ရမည်၊ ဤကျေးဇူးဆပ်နည်းသည် ရှေးအခါက သူတော်စဉ်များ ကျေးဇူးဆပ်နည်းမျိုးနှင့် မတူ တမူထူးခြားလှတဲ့ ကျေးဇူးဆပ်နည်းမျိုး ဖြစ်၏။

---

၁။ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ နှာ-၁၇၃။

ဤကျမ်းပြုသူသည် မယ်တော် ခမည်းတော် အဖိုးတော် အဖွားတော် ဆရာရှင်မထေရ်တော်တို့ကို ကျေးဇူးတုန့်ပြန်ရန် တွေးဆပြီး ဤသို့ အကြံဖြစ်ပေါ်လာပါသဖြင့် စိစဉ်ရေးသားကာ ညွှန်ပြလိုက်ရခြင်းပင် ဖြစ်သည်။ ပညာရှင်များ အနေဖြင့် အပြစ်ဒေါသ တွေ့မြင်ခြင်း ရှိပါက အမှန်အကန်ဖြစ်အောင် နှုးညံ့ပြောပြောင်းလှသော နှလုံးသားဖြင့် လိုတိုးပိုလျှော့ ကြည့်ရှုပြင်ဆင်နိုင်ကြပါစေသတည်း။

## ဗုဒ္ဓ၏ အံ့ဘွယ်တဆယ့်ရှစ်ပါးဖြင့် သစ္စာပြု၍ အံ့ဘွယ်ဂုဏ်ရရှိမှု ဆုပန်ရန်

ဗုဒ္ဓါနံ အဋ္ဌာရသ အဗ္ဘုတ အစ္ဆရိယဂုဏာသာ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ အဗ္ဘုတ အစ္ဆရိယဂုဏာဝဍ္ဎနံ။

ဘုရားရှင်တို့၏ များစွာသောလူနတ် ရင်သတ်ရှုမောတဆယ့်ရှစ်ရပ်သော အံ့သြဘွယ်ဂုဏ်တော်မြတ်အား တစုံတယောက်သောသူသည် အန္တရာယ်ဆယ်ပါးတို့ကို ပြုလုပ်ခြင်းငှါ မတတ်နိုင်စကောင်းပါ။

ဤ သို့ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား ရင်သတ်ရှုမော အံ့သြဘွယ် ဂုဏ်အရပ်ရပ်တို့သည် အမြဲမပြတ် အထပ်ထပ် တိုးပွါးပါစေသတည်း။

ဤဆုထူးကို နေ့စဉ် မိမိသက်စေ့ ရွတ်ဖတ်သရဇ္ဈာယ်သောသူအား မိမိတို့ တောင့်တသမျှ ပြုကြကုန်သော ဂုဏ်အရပ်ရပ်

တို့သည် အဆင့်ဆင့်တိုး၍ ဘဝတန်ဘိုး အကျိုးဖြစ်ထွန်းလာသည်ကို ခံစားရပါလိမ့်မည်၊ (မြတ်သော ကိုယ်ကျင့်တရားကိုမူ ကြည်ကြည်ဖြူဖြူ ရန့်တလူလူ မွေးကြိုင်သင်းပျံ့စေနိုင်အောင် ခံယူကျင့်သုံး အားဖြည့်ထားရပါလိမ့်မည်။)

## အံ့ဘွယ်တဆယ့်ရှစ်ပါး အဓိပ္ပါယ်[၁]

၁။ ဗုဒ္ဓ၏ ရွှေကိုယ်တော်မြတ်၌ အမြဲဝတ်ရုံတော်မူသော သင်္ကန်းတော်၏ ညစ်နွမ်းခြင်းမရှိ ပကတိစင်ကြယ်သန့်ရှင်းတော်မူခြင်း တည်းဟူသော အံ့ဘွယ်တပါး။

၂။ လေးဆယ့်ငါးဝါ ရှည်ကြာစွာသော နှစ်လရက်တို့ကာလပတ်လုံး နိဗ္ဗာန်သို့ ကြွမြန်းသည်တိုင်အောင် အနေ့ာ်မာသောင်ယံဦး၌ လက်နှစ်သစ်ခန့် ဖြတ်သန့်တော်မူခြင်း, ဆံတော်ကြွင်းနဂိုအတိုင်း ရှည်တိုမရှိခြင်း တည်းဟူသော အံ့ဘွယ်တပါး။

၃။ သင်္ကန်းတော်အစုံကို ဝတ်ရုံတင့်တယ် စမ္ပယ်တော်မူသည်ရှိသော် ရွှေကိုယ်တော်မှ လက်လေးသစ်ခန့်ခွာသန့်တော်မူခြင်း တည်းဟူသော အံ့ဘွယ်တပါး။

၄။ ဆွမ်းဘုဉ်းပေးတော်မူပြီးသောအခါ လက်တော်နှင့်သပိတ်တော်နှစ်ပါးကို ပိုင်းခြားပြုပြင် သုတ်သင်ဆေးကြောသည်ရှိသော် လက်တော်ကို ရည်သန်၍ဆေးကြောသုတ်သင်ပါက သပိတ်တော်ပါစင်ကြယ်သန့်ရှင်းခြင်း, သပိတ်တော်ကို ရည်သန်၍ ဆေး

---

၁။ ရတနာပိဋကကျမ်း၊ နှာ ၇၈-၌ ရှု။

ကြောသုတ်သင်ပါက လက်တော်ပါ စင်ကြယ် သန့်ရှင်းခြင်းတည်းဟူသော အံ့ဘွယ်တပါး။

၅။ မုံညင်းစေ့ပမာ သေးငယ်လှစွာသော ကြုတ်အတွင်းသို့ ဝပ်ဆင်းစမွယ် တင့်တယ်တော်မူနိုင်ခြင်းတည်းဟူသော အံ့ဘွယ်တပါး။

၆။ ရောင်ခြည်တော် ခြောက်ပါးကို အရပ်ဆယ်မျက်နှာအားလုံး၌ အဆုံးတိုင် ဖုံးအုပ်စေနိုင်ခြင်း တည်းဟူသော အံ့ဘွယ်တပါး။

၇။ လူနတ်ပြဟ္မာ သတ္တဝါတို့၏အကြိုက် စရိုက်နှင့်လျော်ညီစွာ နာနာရုပ်ထူးဆန်း အခန်းခန်းကို သိန်းသန်းမက ဖန်ဆင်း၍ ပြနိုင်ခြင်းတည်းဟူသော အံ့ဘွယ်တပါး။

၈။ ဇာတိခေတ် အာဏာခေတ် ဝိသယခေတ်အတွင်း၌ အလင်းရောင်တခါ အမိုက်မှောင်တလှည့် ဖြစ်စေနိုင်ခြင်းတည်းဟူသော အံ့ဘွယ်တပါး။

၉။ ရွှေကိုယ်တော် ရူပကာယကို အလိုတော်ရှိတိုင်း ရပ်ဆိုင်းမသေ့ ကြီးစေတော်မူနိုင်ခြင်း တည်းဟူသော အံ့ဘွယ်တပါး။

၁၀။ တသောင်းတိုက် စကြဝဠာအားလုံး စုရုံးများစွာ တရားနာသူ နတ်လူအပေါင်းတို့အား တရားတော်သံကို ဟုတ်မှန်စွာထင်ရှား ကြားစေနိုင်ခြင်းတည်းဟူသော အံ့ဘွယ်တပါး။

၁၁။ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၏ အလိုဆန္ဒရှိရာ တို့ကို တတ်အပ်ကြောင်း ရွှေဉာဏ်တော်ဖြင့် သိမြင်တော်မူခြင်းတည်းဟူသော အံ့ဘွယ်တပါး။

၁၂။ ဝေနေယျများစွာ သတ္တဝါတို့အား သားတော်ရာဟုလာကဲ့သို့ သနားခြင်းကြောင့် သမာပတ်ဝင်စားတော်မူခြင်း တည်းဟူသော မဟာကရုဏာဉာဏ်တော်မြတ်ဟု ဆိုအပ်သော အံ့ဘွယ်တပါး။

၁၃။ ဝေနေယျများစွာ သတ္တဝါတို့၏ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်နိုင်ခြင်းကို အမှန်သိတော်မူခြင်းတည်းဟူသောအံ့ဘွယ်တပါး။

၁၄-၁၈။ သဗ္ဗညု, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်တည်းဟူသော ငြေ ယျဓမ်တရား ငါးပါးတို့ကို ပိုင်းခြား ထင်ထင်သိမြင်တော်မူခြင်းတည်းဟူသော အံ့ဘွယ် ငါးပါး၊ ဤသည်တို့ကား ရှေးအံ့ဘွယ် တဆယ့် ရှစ်ပါးတို့တည်း။

ဤအံ့ဘွယ် တဆယ့်ရှစ်ပါးသည် အုဂ်ဖိုရ်ဆရာတော်ဘုရား ရေးသားတော်မူသော ဂုဏ်တော်ဖွင့် ဘုရားရှိခိုး၌ ထင်ရှားရှိပါသည်။ နောက်တနည်း အံ့ဘွယ်တဆယ့်ရှစ်ပါးအဖြစ် ပရိတ်ကြီးဋီကာ နှာ-၇၉၊ ဇိနာလင်္ကာရဋီကာ နှာ ၂၁၉-စသည်တို့၌ လာရှိ၏။

## ရဲရင့်ဉာဏ် ၄-ပါးဖြင့် သစ္စာပြုဆုတောင်း

ဗုဒ္ဓ၏ စတုဝေသာရဇ္ဇ ဉာဏ်တော်မြတ်ဖြင့် သစ္စာပြုကာ ဆုပန်ဆင်ကြပါက ဉာဏ်ထက်မြက်မည်။

ဗုဒ္ဓါနံ စတုဝေသာရဇ္ဇညာဏာဿ န သက္ကာ ကေနစိ
အန္တရာယော ကာတုံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဉာဏာဝဍ္ဎနံ။

ဘုရားရှင်တို့၏ ပရိသတ်ရှစ်ဖြာ ဗိုလ်ပါများစွာအလယ်၌ တင့်တယ်လှစွာ ကေသရာ ခြင်္သေ့မင်းကဲ့သို့ ရှုံ့ရှားလွတ်ကင်း ရဲရင့်ခြင်းတည်းဟူသော စတုဝေသာရဇ္ဇဉာဏ်တော်မြတ်အား တစုံတယောက်သောသူသည် ဒေါသပဟာရ စောဒနာဖြင့် ပြစ်ရှာနှိမ်နင်း စွပ်စွဲ ဖျက်ဆီးခြင်းငှါ, အန္တရာယ်များစွာတို့ကို ပြုလုပ်ခြင်းငှါ မတတ်နိုင်စကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့် အကျွန်ုပ်အား လောကုတ် လောကီ နှစ်လီ အကျိုး ရှင်လန်း ဖြိုးမည့် ဉာဏ်ပညာအမျိုးမျိုးတို့ တိုးပွါးခြင်းသည် ဖြစ်ပေါ် ပါစေသတည်း။

ဉာဏ်ပညာ ထက်မြက်လိုသော ကျောင်းတော်သူ ကျောင်း တော်သားတိုင်း မဆိုင်းမတွ ရွတ်ဖတ်သရဇ္ဈာယ်ပေးကြပါ၊ ကမ္ဘာ့ပညာရှိများက ချီးကျူးနက်လေး ကောင်းချီးပေး ခြင်းကိုခံယူနိုင်မည့် ဗမာ့သားကောင်းရတနာ သမီးကောင်း ရတနာများ ဖြစ်စေနိုင်ပါလိမ့်မည်။ (ကိုယ်ကျင့်တရား များ များရှိဘို့လည်းလိုသည်၊မိဝတ် ဘဝတ် ဆရာဝတ်များ လူမှုရေး လူစည်းကမ်းများ ကျေပွန်ကျိုးနွံဘို့လဲ လိုပေသည်၊ သို့မှသာ ထင်ရှားနိုင်ပေမည်)။

## စတုဝေသာရဇ္ဇဉာဏ်တော် ၄-ပါး

၁။ သမ္ဗုဒ္ဓေယျ ဉာဏ်တော်၊
၂။ ခီဏာသဝ ဉာဏ်တော်၊
၃။ နိယျာနိက ဉာဏ်တော်၊
၄။ အန္တရာယိကဓမ္မ ဉာဏ်တော်[၁]၊

## အသာဓာရဏဉာဏ်တော် ၆-ပါးဖြင့် သစ္စာပြု ဆုတောင်း

ဗုဒ္ဓ၏ ဆအသာဓာရဏ ဉာဏ်တော်မြတ်ဖြင့် သစ္စာပြုကာ ဆုပန်ဆင်ကြပါက ပညာဉာဏ် ထက်မြက်ထူးချွန်နိုင်ပါသည်။

ဗုဒ္ဓါနံ ဆအသာဓာရဏဉာဏာသာ န သက္ကာ ကေနစိ
အန္တရာယော ကာတုံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဉာဏဝဍ္ဎနံ။

ဘုရားရှင်တို့၏ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှမှ မရနိုင် မသိနိုင် မရှိနိုင်သည့် ခြောက်ပါးကုန်သော ဉာဏ်တော်မြတ်အား တစုံတယောက်သော သူသည် အန္တရာယ် ဆယ်ပါးကို ပြုလုပ်ခြင်းငှါ မတတ်နိုင်စကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာ စကားကြောင့် အကျွန်ုပ်အား ကမ္ဘာ့ အလယ်ဝယ် တင့်တင့် တယ်တယ် ဝင့်ကြွယ်ပြည့်ဖြိုး ဉာဏ်ရောင်တိုးပွါးခြင်းသည် မယွင်းမသွေ ဖြစ်ပေါ်ပါစေသတည်း။

---

၁။ မူလပဏ္ဏာသပါဠိတော်၊ နှာ-၁၀၃။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ပ-တွဲ၊ နှာ-၃၁၅။ သီလက္ခန်ဋီကာသစ်၊ ပ-တွဲ၊ နှာ-၂၀၀။

**ဆအသာဓာရဏဉာဏ်တော် ၆–ပါး**

၁။ ဣန္ဒြိယပရောပရိယတ္တဉာဏ်တော်၊

၂။ အာသယာနုသယဉာဏ်တော်၊

၃။ ယမကပါဋိဟာရိယဉာဏ်တော်၊

၄။ မဟာကရုဏာသမာပတ်ဉာဏ်တော်၊

၅။ သဗ္ဗညုတဉာဏ်တော်၊

၆။ အနာဝရဏဉာဏ်တော်[၁]။

**ဒသဗလဉာဏ်တော်ဖြင့် သစ္စာပြု ဆုတောင်း**

ဗုဒ္ဓ၏ ဒသဗလဉာဏ်တော်မြတ်ဖြင့် သစ္စာပြုပြီး ဆုတောင်းကြပါက ဉာဏ်ပညာ တိုးတက်ထက်မြက်မည်။

ဗုဒ္ဓါနံ ဒသဗလဉာဏာသ နှ သက္ကာ
ကေနစိ အန္တရာယော ကာတုံ၊
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဉာဏဝဍ္ဎနံ။

ဘုရားရှင်တို့၏ အားတော်ဆယ်ရပ် ဉာဏ်တော်မြတ်အား တစုံတယောက်သောသူသည် အန္တရာယ်ဆယ်ပါးကို ပြုခြင်းငှါ မတတ်နိုင်စကောင်းပါ။

ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာဂုဏ်တော် အာနုဘော်တော်ကြောင့် အကျွန်ုပ်အား ကာယဉာဏ ဗလဆယ်မျိုး တိုးပွါးခြင်းသည် ဖြစ်ပါစေသတည်း။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ နှာ-၅၊ ၁၂၈။

ဤလူ့ဘုံ၌ ကာယစွမ်းအား ဉာဏစွမ်းအား ကြီးပွါးတိုးတက်စေလိုသူတိုင်း (ကျောင်းတော်သူ ကျောင်းတော်သားတိုင်း) အတိုင်းမသိသော ဉာဏ်တော်ပိုင်ရှင် ရှင်ပင်ဘုရားမြတ်ကို အထပ်ထပ် အခါခါ ရှိခိုး၍ မိမိအတွက် ဉာဏ်ပညာတိုးတက်ခစကြောင်း ဆုမွန်တောင်းကြပါက ဤဘဝမှာလည်း ကာယစွမ်းအား ဉာဏစွမ်းအား စွမ်းပကား တိုးတက်မည်၊ နိဗ္ဗာန်မရမီ ဘဝသံသရာ အလီလီမှာလည်း ရှင်ကြည်အေးမြ ဘေးမခသော ဉာဏ်ပညာကို ရရှိကြမည်ဖြစ်၏။ လူရည်ချွန် ဖြစ်ဆဲ ဖြစ်ပြီး ရှေ့ဆောင်လူငယ်တေဇလူငယ်မောင်မယ်တို့တတွေ စေ့ရေ စေ့ရေ ရွတ်ဖတ် ဆုတောင်းကြပါလေ၊ လျင်မြန်သော ဇဝနဉာဏ်, ထက်မြက်သော တိက္ခဉာဏ်, နက်နဲသော ဂမ္ဘီရဉာဏ်, သိမ်မွေ့သော နိပုဏဉာဏ်စသော ဉာဏ်ရည်မွန် ဉာဏ်ရည်ချွန် ဖြစ်စေနိုင်သည်။

## ဒသဗလဉာဏ်တော် ၁၀-ပါး

၁။ ဌာနာဋ္ဌာနကောသလ္လဉာဏ်တော်၊

၂။ ကိလေသက္ခယဉာဏ်တော်၊

၃။ ကမ္မပရိစ္ဆေဒဉာဏ်တော်၊

၄။ နာနာဓာတုဉာဏ်တော်၊

၅။ အဓိမုတ္တိဉာဏ်တော်၊

၆။ ဣန္ဒြိယပရောပရိယတ္တဉာဏ်တော်၊

၇။ ခန္ဓသန္တတိဉာဏ်တော်၊

၈။ ဝေါဒါနာဒိဉာဏ်တော်၊

၉။ စုတူပပါတဉာဏ်တော်၊

၁၀။ ကမ္မဝိပါကန္တရဉာဏ်တော်[၁]။

(အမှာ) ဤ ဉာဏ်တော်များ၏ အဓိပ္ပါယ် အကျယ်ကို ရတနာပီတိကျမ်း နှာ-၇၅-၈-မှာ ကြည့်ကြပါ၊ အံ့ဘွယ်တဆယ့် ရှစ်ပါးတို့ကိုလည်း ဖော်ပြထားပါသည်။

**အရှင်မဟာမိတ္တမထေရ်၏ သစ္စာလက်နက် ထက်မြက်ပုံ**

အဟံ ယတော ပဗ္ဗဇိတော၊ တတော ပဋ္ဌာယ န မယာ လောဘသဟဂတေန စိတ္တေန ဣန္ဒြိယာနိ ဘိန္ဒိတွာ ဝိသဘာဂရူပံ ဩလောကိတပုဗ္ဗံ၊ ဣမိနာ သစ္စဝစနေန မာတုယာ မေ ဖာသု ဟောတု။

(ဝိသုဒ္ဓိမဂ် ပ-တွဲ၊ နှာ-၃၈ စတုပါရိသုဒ္ဓိသမ္ပါဒနဝိဓိ)

သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း) မဟာဂါမရွာကြီးမှာ သမီးကြီးနှင့် သားငယ်နှစ်ယောက်သာ ရှိသော အဖွား၏ ရင်သား၌ နို့အိုင်းနာရောဂါသည် ပြင်းပြစွာ ဖြစ်ပေါ်လျက် ရှိ၏၊ အနာ၏ နှင်ကျင်ကိုက်ခဲခြင်းမှာ အလွန်နာလွန်းလှသဖြင့် အလူးအလဲ ဝေဒနာကို ခံစားနေရရှာသည်။

သမီးနှင့်သားမှာ ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ ရဟန်း ပြုကြသဖြင့် သမီးဘိက္ခုနီမကို မှာကြားပြီးလျှင် သမီးတော် မယ်တော်၏ ရောဂါမှာ မသက်သာဘဲ ရှိလှသည်၊ သို့ဖြစ်၍ သမီး မောင်ငယ် အရှင်မဟာမိတ္တမထေရ်ထံသို့ သွားပြီး လျှောက်ထားပါလေ။ သင့်မောင်တော်သည် စောရကမဟာ-

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ တ-တွဲ၊ နှာ-၂၈၃။ ဝိဘင်းပါဠိတော်၊ နှာ-၃၄၈။

ဝိဟာရကျောင်း၌ သီတင်းသုံးလျက် ရှိသည်၊ အနာသက်သာသော ဆေးဝါးဖြင့် ကုသပေးဘို့ လျှောက်ထားပါချေ-ဟု မှာကြားပြီး စေလွှတ်လိုက်၏။

အမတော် ဘိက္ခုနီမသည် စောရကမဟာဝိဟာရနေ မောင်တော်မဟာမိတ္တမထေရ်ကို အကြောင်းစုံ လျှောက်ထားသောအခါ အမတော် မောင်တော်မှာ ဘာဆေးဘာဝါးမှ မတတ်မြောက်ပါ၊ ဒါပေမဲ့ ကိုယ်တွင်း ကိုယ်ပ ရောဂါ အနာတိုင်းမှာ သင့်လျော်လှပါသော သစ္စာတော်ဆေးကို ယူသွားပါချေ၊ မယ်တော်ကြီးကို ခြေဆုပ်လက်နယ် ပြုစုကာသာ ဤသစ္စာတည်းဟူသောဆေးဖြင့် ကုစားပါချေလော့ ဟု ပြောပြကာ အောက်ပါ သစ္စာကာရမဟာဗျူဟာ ဆေးကျော်ဖြင့် မြတ်မယ်တော်အနာကို တိုက်ဖျက်ချေမှုန်းခြင်းကို ပြုရှာပါသည်။

## သစ္စာဆေးကြီး

အရှင်မဟာမိတ္တမထေရ်၏ သစ္စာကာရမဟာဗျူဟာ-မဟာဆေးကျော်မှာ—

**သစ္စာပြုပုံ။** ။ငါသည် သာသနာ့ဝန်ထမ်း ရဟန်းဘဝရောက်သည့်အခါန်ကစ၍ မိန်းမများ အဆင်းကို မက်မော တွယ်တာ တဏှာစိတ်ဖြင့် မကြည့်ရှုစဘူးပါ၊ ဤကဲ့သို့ ဟုတ်မှန်သော သစ္စာစကားတော် အာနုဘော်တော်ကြောင့် အကျွန်ုပ်၏မယ်တော်ရို့၌ ပေါ်ပေါက်ကျရောက်နေသော နို့အိုင်းနာ(ဆိပ်အိုင်းနာ)သည် ပိန်းကြာဖက်အပြင်မှာ

ရေမတင် လျှောကျဘိသကဲ့သို့ ပျောက်ကင်းချမ်းသာပါစေ သတည်း-ဟု သစ္စာပြုရှာတယ်။

သစ္စာစကားအဆုံး၌ မဟာဂါမရွာမှာ ဝေဒနာခံစားနေရရှာတဲ့ မယ်တော်ကြီး၏ နို့ဝေဒနာမှာ ကင်းစင်ကွာ၍ နဂိုမူလ အသားကောင်းနို့အတိုင်း တည်ရှိနေရှာပါတယ်။

သမီးကြီး ဘိက္ခုနီမ ပြန်ရောက်လာသောအခါ မယ်တော့်မှာ ဘာအနာ ဘာရောဂါမှ မရှိတော့ဘဲ ပကတိ အကောင်းအတိုင်း တွေ့ရပါတယ်။

**သမီး။** ။မယ်တော့်ရောဂါအနာ ဘယ်မှာမှ မတွေ့ရတော့ပါလား မြတ်မယ်တော်။

**မယ်တော်။** ။သမီးကြီး ပြန်မရောက်မီမှာပင် နာကျင်ခြင်း၊ ကိုက်ခဲခြင်း၊ ပြည်ယိုခြင်း၊ သွေးထွက်ခြင်း အလျှင်းမရှိ၊ ပကတိအတိုင်း ပျောက်ကင်းသွားပေပြီ သမီးကြီး။

**သမီး။** ။မယ်တော့်သားက သူ့မှာ ဘယ်ဆေးဝါးမှ မရှိပါ၊ ဆေးကုတတ်တဲ့ ပညာလည်း သူမတတ်မြောက်ပါ၊ သူ၏ကုန္ဒိယဂုတ္တသီလတည်းဟူသော ဆေးတော် သစ္စာကာရမဟာဗျူဟာ သစ္စာစကားဖြင့် ကုသလိုက်ပါအံ့-ဟု ပြောဆိုကာ ဖော်ပြပါ သစ္စာတော်အတိုင်း သစ္စာပြုပြီး ပြန်စေပါတယ် မယ်တော်လို့ ပြောပြတဲ့အခါ။

**မယ်တော်။** ။ယခုလို အခါမှာသာ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိခဲ့ပါမူ ငါ့သားကဲ့သို့သော သားထူး

သားမြတ်၏ မြတ်သော ဦးခေါင်းကို ရွှေပွတ်
လုံးသဖွယ် တင့်တယ်မြင့်မြတ်တော်မူလှသော
ရွှေလက်တော်ဖြင့် အဘယ်မှာလျှင် မသုံး
သပ်ဘဲ နေတော်မူပါအံ့နည်းဟု အဖွားအို
မယ်တော်က ကြုံးဝါးရှာသတဲ့။

ဤဝတ္ထု ဤအခန်း ဤဆန်းကြယ်မှု၌ အဓိက ဇာတ်ဆောင်ကား အရှင်မဟာမိတ္တမထေရ်မြတ်ပင် ဖြစ်သည်၊ တဖန် အရှင်မြတ်၏ ပညတ်-ပရမတ် နှစ်ရပ်သော အကြောင်းခံကို စစ်ဆေး ကြည့်ရှုသောအခါ အရှင်မဟာမိတ္တ မထေရ်မြတ်၏ စိတ်ဓာတ် ပရမတ်ပင် ဖြစ်၏၊ အရှင်မြတ်သည် သူ၏ပရမတ် စိတ်ဓာတ်ဖြင့် ဣန္ဒြိယဂုတ္တသံဝရသီလတော်မြတ်ကို ပညာဉာဏ် သမာဓိကွန် စသည်ဖြင့် ကြံ့ကြံ့ခံကာ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားနိုင်ခြင်းပင် ဖြစ်သည်။

အရှင်မြတ်သည် အရှင့်စက္ခုန္ဒြေကို ထမ်းပိုးတပြန် လေးတောင်မျှသာ ရှုတော်မူရရှာသည် ဖြစ်၍ တော၌နေသော မျောက်ငယ်ပမာ ဂဏာမငြိမ် မျက်စိကို ဟိုဟိုဒီဒီမကြည့်၊ သမင်ငယ်များ ရန်သူပေါ်လာမည့် ဘေးများကို တွေးတောစိုးရိမ် မတည်ငြိမ်သော မျက်လုံးတို့ဖြင့် အရပ်ရှစ်မျက်နှာကို ထိတ်လန့်သော အမူအရာဖြင့် မကြည့်၊ မိဘသားချင်း ကွေကွင်း ပျောက်ကွယ်နေသော သားငယ် သမီးငယ် ပမာ ကြောက်လန့်စိုးရိမ်လှသော အမူအရာဖြင့် ပတ်ဝန်းကျင်ကို ပြူးနေသော မျက်လုံးဖြင့် ကြည့်တတ်သော အမူအရာမျိုး လည်း လုံးဝ မရှိပါ။

ငါသည် ဗုဒ္ဓမြတ်စွာ သာသနာတော်မှာနေကာ သာသနာ့ အမွေခံနေတဲ့ ရဟန်းတော်တပါးသာ ဖြစ်သည်၊ ဂိဟိသုခ ခံစားနေတဲ့ လူဝတ်ကြောင် လူသားမဟုတ်ပေ၊ ဥတ္တမပုရိသ ယောကျ်ားထူး ယောကျ်ားမြတ်သာ ဖြစ်ပါချေသည်ဟူသော သမာဓိကွန် ရင့်သန်လှသော သတိစေတ်သည်လည်း အရှင် မြတ်၌ အလိုအလျော့မရှိ အချိန်ပြည့် အမှုထမ်းနေပေသည်၊ ပုဂ္ဂလဝိသိဋ္ဌ ဆန္ဒတော်မှာလည်း အဟောဝတ အံ့ဩဘွယ် ရာသာ ဖြစ်ပါချေတော့၏။

ထို့ကြောင့် ကြီးကြီးငယ်ငယ် ရှယ်ရှယ်လတ်လတ် ဘယ် ပုဂ္ဂိုလ်မဆို ကိုယ်ကျင့်တရား အပြည့်အဝရှိကြမှုလည်း လူ့ ဘဝ၌ အလွန်အရေးကြီးလှသော လူမှုရေးတရပ်ပင် ဖြစ်၏၊ ချမ်းသာချင်ရင် သီလကိုထိန်းပါ၊ မထိန်းလိုသူမှန်သမျှ ဆင်းရဲ နှင့် ရင်ဆိုင်ကြရမည်သာ၊ ဤကျမ်း၌ သီလကို ချီးကျူးနက် လေး ကောင်းချီးပေးကာ ရေးသားဖော်ပြထားပါသည်။

အသေးစိတ် မကျော်မလွှားပါဘဲ ရှုစားဆင်ခြင်ကြပါ၊ ငါ့မှာ ဘာ လိုအပ်နေသလဲ ဒါနဘဲလား၊ သီလဘဲလား၊ ဘာဝနာဘဲလား စသည်ဖြင့် စဉ်းစား တွေးတောကြည့်ကြပါ၊ လိုအပ်တာကို ဖြည့်ပေးရပါလိမ့်မည်။

အာရုံကို ကြံတတ် သိတတ်တဲ့ ပရမတ်စိတ်သည် သမာ ဓိကွန် ရင့်သန်သောစိတ်ဖြစ်ဘို့ဘဲ အရေးကြီး၏။ သမာ- ဓိကွန် မရင့်သန်သေးသမျှ အလိုဆန္ဒ မပြည့်ဝနိုင်ပေ၊ အလို ဆန္ဒ မဆိုင်းခဏ ပြည့်စေဆိုတဲ့ စေတလုံးပိုင် ဖြစ်နိုင်ရေး မလွယ်ကူလှသေးပါ၊ ကာယိကသုခ စေတသိကသုခ ရရှိကြဘို့ မလွယ်ကူလှသေးပါ၊ အဟောအစ္ဆရိယ ခေါ်-အံ့ဩဘွယ်ရာ

မဖြစ်ပေါ်နိုင်သေးပါ၊ ဘာ့ကြောင့် မဖြစ်ပေါ်ရတာလဲ၊ မိမိ ရုပ်နာမ် မသန့်ရှင်းသေးလို့ မဖြစ်ပေါ်သေးတာဘဲလို့ ဖြေရမှာပေါ့။

**အောင်မြင်ရေးနည်းလမ်း ၃-ချက်**

၁။ မကောင်းသော ကြံစည်ခြင်း။

၂။ မကောင်းသော ပြောဆိုခြင်း။

၃။ မကောင်းသော အမှုကို ပြုလုပ်ခြင်း။

ဤသုံးချက် မိမိကိုယ်မှ မထွက်ခွါ မရှင်းလင်းသေး၍သာ အလိုဆန္ဒ တောင့်တရာရာ မပြည့်စုံသေးတာပါဘဲ၊ ဤးသုံးချက် မိမိရုပ်နာမ်မှ ထွက်ခွါဖယ်ရှား ရွေ့လျား ပျောက်ကွယ်သွားသောအခါမှာ—

၁။ ကောင်းသော ကြံစည်ခြင်း။

၂။ ကောင်းသော ပြောဆိုခြင်း။

၃။ ကောင်းသော အမှုကို ပြုလုပ်ခြင်း။

ဤသုံးချက် မိမိကိုယ်မှာ မြဲစွဲစွာ တည်ရှိနေတဲ့ အခါဘဲ မှတ်ရမည်၊ ထိုအခါ အလိုဆန္ဒ မဆိုင်းခဏပြည့်မည်၊ တောင့်တသမျှ မဆိုင်းခဏ ရရှိမည်၊ ကြံစည်သမျှ မဆိုင်းခဏ အောင်မြင်မည်။

ရွှေဆောင်လူငယ်, တေဇလူငယ်, လမ်းစဉ်လူငယ်များဖြစ်ကြတဲ့ ဗမာ့သားကောင်း သမီးကောင်းရတနာ အညွန့်အဖူးကလေးများသည်ရင်း၊ မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား

အပေါင်းတို့သည်၎င်း၊ တိုင်းပြည်၏ တာဝန်ထမ်း ပုဂ္ဂိုလ်တို့ သည်၎င်း သန့်ရှင်းမွန်မြတ်သော ဇွဲ လုံ့လ ဝီရိယရှိကြပြီး သစ္စာကာရမဟာဗျူဟာလက်နက်ထူးဖြင့် အောင်ပွဲ အမျိုး မျိုးတို့ကို အလွယ်တကူ ဆွတ်ခူး၍ အောင်ပန်းဆင်ယှဉ်နိုင်စေ ကြောင်း ဆုမွန်ကောင်း တောင်းရင်း မေတ္တာတရား ပွါးများ လိုက်ရပေတော့သည်။

ထို့အပြင် ယခု အချိန်အခါဝယ် အများလူရှင် အမြန် ပြုပြင်ကြစေရေးမှာ သူတပါး ပျက်စီးစေလိုသော စိတ်အကြံ အစည်မျိုး, သူ့သားမယား မျက်ရည်ယို ငိုပွဲဆင်တာ မြင်ရ ပါမှ ကိုယ့်သားမယား ဝမ်းခါးလှုပရေးတို့ကို ရှေးရှုကြံစည် နေကြတဲ့ စိတ်ယုတ် စိတ်ပုပ် သေးနုပ်သိမ်ဖျင်းလှတဲ့ စိတ်မျိုး ကို မမွေးကြဘို့ လိုအပ်လှပေသည်။

သူ့မယားငို မျက်ရည်ယိုမှ ကိုယ့်မယားလှ ဝမ်းဝကြဟု ဆိုထမယှင်း လူ့ခပင်းတို့ မှုခင်းစိုးစိ ဖြစ်သည်ရှိသော် ဝိုင်းဘိအုံကာ မီးလောင်ရာဝယ် မိစ္ဆာငှက်ခါး မှောင့်သော လားသို့ ချောက်ချားလူ့မွေ မညှပ်စေနှင့်——

ဟူသော မဃဒေဝလင်္ကာသစ် နှာ-၃၀၅၊ ပုဒ်-၃၇၃-၌ ဖွဲ့ဆို ဆုံးမ ဩဝါဒပေးခဲ့သည်ကို ရှုသော် အလွန်တရာ စိုးရွံ့ ထိတ်လန့်စရာကောင်းလှတဲ့ ဤအချိန်အခါမျိုးမှာ ပြုပြင်သင့် ရာရာကို ပြုပြင်သွားကြဘို့ ကောင်းလှပါပြီ၊ ယနေ့ခေတ် ယနေ့အချိန် ယနေ့အခါ လူလေ လူယုတ် ခင်ပွန်းယုတ်တွေ များပြားလာကြ၏၊ ဘယ်သူသေသေ ငတေမာရင် ပြီးစတမ်း ဘဲဟော့လို့ မကြံဆအပ် မပြုလုပ်အပ်ပေ၊ ဆိတ်ကို ကျားသစ်

နှိပ်စက်သကဲ့သို့ နိုင်ထက်စီးနင်း ပြုလုပ်ချင်သူတွေ ပေါများလာကြ၏။ ထို့ကြောင့်—

ဆိတ်နှင့်သစ်နှယ်၊ နှိပ်စက်ကျယ်လျက်၊ မဘွယ်နိုင်ထက်၊
ဗလက္ကာရ၊ အဓမ္မမျိုး၊ မဆိုးမပွေ၊ မလျှပ်စေနှင့်—

ဟု ဆက်လက်၍ မဃဒေဝလင်္ကာသစ် နှာ-၃၀၅၊ ပုဒ်-၃၇၃-အမစ္စောဝါဒခဏ်း၌ ဩဝါဒပေးပြန်သည်။

တဖန် 'အာဏာနား ပါဏာမြှောင်'ဆိုသကဲ့သို့ မင်း အာဏာကို မြှောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးနေသူတွေလည်း တနေ့တခြား များပြားလာပြန်၏။

သို့ကလို ခိုးသားတန္တ ဓားပြ မုဒိမ်း အမှုအမျိုးမျိုး, မင်းဆွေမင်းမျိုး မင်းအာဏာကိုး၍ လွှမ်းမိုးအာဏာ မင်းမျက်နှာနှင့် ပမာမခန့် လူသားအချင်းချင်း ထိတ်လန့်အောင် ချောက်လှန့်တွန်းထိုး စိတ်ဆိုးမာန်ထွက် နှိပ်စက်ကြသူတွေကလည်း တနေ့တခြား ပေါများလာကြသဖြင့် မင်းနှင့်ပြည်သူ ပြည်သူနှင့်မင်း လက်လက်ချင်းယှက်တွဲရန်သူမှန်သမျှကို တိုက်ပွဲဆင်လျက် အမြန်ဆုံး ချေဖျက်နိုင်ကြစေရန် စေတနာထက်သန်စွာဖြင့် ဤသစ္စာကာရမဟာဗျူဟာ လက်နက်မှန်ရတနာကို အမြဲကိုင်တွယ်ကာ တိုက်ပွဲဆင်နွှဲကြပါကုန်စို့။

## တန်းခိုးကြီးရန် သစ္စာပြုဆုတောင်း

ဘုန်းတန်းခိုးကြီးလိုသူတိုင်း ဤဂါထာများကို ရွတ်၍ သစ္စာပြု ဆုတောင်းပေးကြပါ အမှန်ကေန် အကျိုးပေးပါလိမ့်မည်။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။
ဧသာနိသံသော ဓမ္မေ သုစိဏ္ဏေ၊
န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ[၁]။

တရားသည် တရားကိုကျင့်သောသူကို စင်စစ် စောင့်၏။ ကောင်းစွာ ကျင့်အပ်သောတရားသည် ချမ်းသာသုံးပါးကို ရွက်ဆောင်၏။ ဤသည်ကား ကောင်းစွာကျင့်အပ်သော တရား၏ အကျိုးတည်း၊ တရားကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်သည် အဆင်းရဲကြီး ဆင်းရဲလှသော ဒုဂ္ဂတိဘဝသို့ မလား မရောက်နိုင်။

ဧတေန သစ္စဝဇ္ဇေန ဇေယျော သုခီ ဘဝန္တု မေ။

ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားတော် အာနုဘော်ကြောင့် အကျွန်ုပ်အား ရန်အပေါင်းကို အောင်မြင်၍ ချမ်းသာခြင်းတို့သည် ဖြစ်စေကုန်သတည်း။ ဤကဲ့သို့လည်း သစ္စာပြု ဆုတောင်းပေးကြပါကုန်။

ထို့ပြင် ဗုဒ္ဓ ဓမ္မ သံဃာသည် အပ္ပမေယျဂုဏ်ထူး အပြည့်အဝရှိ၍၊ သို့ဖြစ်၍ သစ္စာပြုသူသည် သဒ္ဒါဓိကပုဂ္ဂိုလ်ဖြစ်ခဲ့ပါက (စိတ္တသူကြွယ် သူကြွယ်ကတော်တို့လို ပုဂ္ဂိုလ်မျိုးကို ယူပါ) ပြည့်လျှံပြီး ယိုစီးလျှံကြအောင်ပင် အကျိုးပေးနိုင်ပါသည်။

ပရိမိတ္တဇာလသုတ် ပါဠိတော်လာအပိုဒ်ဖြင့် သစ္စာပြု ဆုပန်ဆင်ပုံကို ပြပေအံ့။

---

၁။ ထေရဂါထာပါဠိတော်၊ နှာ-၂၇၂။ ဇာတကပါဠိတော်၊ ပ-တွဲ၊ နှာ-၂၁၅။

## သစ္စာပြု ဆုပန်

အပ္ပမေယျော ဗုဒ္ဓေါ၊ အပ္ပမေယျော ဓမ္မော၊
အပ္ပမေယျော သံဃော၊ဘယသန္တံ မဟာမောဂ္ဂလ္လာနံ၊
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ။

ဘုရားရှင်၏ ဂုဏ်တော်သည် အတိုင်းမသိ, တရားတော်၏ ဂုဏ်တော်သည် အတိုင်းမသိ, သံဃာတော်၏ ဂုဏ်တော်သည် အတိုင်းမသိ, ဘေးငြိမ်းခြင်းကို ပြုတော်မူတတ်သော အရှင်မဟာမောဂ္ဂလ္လာန်၏ ဂုဏ်တော်သည် အတိုင်းမသိ၊ ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားတော် အာနုဘော်တော်ကြောင့် အကျွန်ုပ်အား အောင်မြင်ခြင်းမင်္ဂလာသည် ဖြစ်ပါစေသတည်း။

ဝတ္ထုတ္တယ-ခေါ် ဗုဒ္ဓ ဓမ္မ သံဃာ့ ရတနာတော်တို့တွင် ဗုဒ္ဓဂုဏ်တော်ရတနာကို ရှေ့ပညာရှိ သူတော်ကောင်း အချို့တို့က တြိစက္က၊စတုစက္က၊ဆစက္က၊ သတ္တစက္က၊ အဋ္ဌစက္က၊ နဝစက္က စသည် ဉာဏ်ကစားရ၍ ကိုးစားအားထားကာ မဟာလက်နက်ထူး တရပ်ပမာ မြတ်မြတ်နိုးနိုး ကိုယ်းကွယ်ပူဇော်သွားကြလေသည်။

စာရေးသူ ဖော်ထုတ်၍ ပြသအံ့သော သဗ္ဗသိဒ္ဓိဗုဒ္ဓဂုဏ်တော်စက်သည် မဟိဒ္ဓိဝိပဿနာကျမ်း၊ လောကီဝိဇ္ဇာမိုရ်လမ်း လောကီအင်္ဂုတ္တိုရ်မန္တန်ကျမ်း၊ မှော်၊ အင်း၊ မန္တရား၊ ဆေးဝါး အကာ ဂါထာ မန္တန်ကျမ်း စသည်တို့၌ မပါရှိသေးပေ၊ ဆရာတဦးလျှင် တပည့်တဦးကိုသာ သင်ပေးခဲ့သောနည်းဖြစ်ပေသည်၊ ထိုနည်းကို ဤသစ္စာကာရ မဟာဗျူဟာကျမ်း၌ တထွာပြလျှင် တတောင်မြင် ပညာရှင်တို့အတွက် အမြွက်မျှသာ ဖော်ပြလိုက်ပါအံ့။

လက်တွေ့သုံးတတ်သူတို့အဘို့ မုန်းစရာ လန့်စရာ ကြောက်ရွံ့စိုးရိမ်စရာ မဟုတ်သည့်အဖြစ်ကို တွေ့ရှိ သိမြင်ရမည့်အပြင် အလွန် ခင်တွယ်စရာ စွဲမက်စရာ မြတ်မြတ်နိုးနိုး ကိုးကွယ်ချင်စရာဖြစ်၍ အရသာထူး နတ်သုဒ္ဓါအညွန့်အဖူးကို သုံးဆောင်ခံစားရသည့်ပမာ များစွာ ကိုယ်စိတ်ချမ်းသာမှုတို့ကို ရရှိခံစားရပါလိမ့်မည်။

ထို့အပြင် ဤဂုဏ်တော်စက်ပန်းသည် လောကီချမ်းသာလမ်းကိုသာ ဆွတ်ခူးဆင်မြန်းစေနိုင်ကြသည်မဟုတ်ပါဘဲ မဂ်-ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာလမ်းကိုပါ ဖြောင့်ဖြောင့်ဖြူးဖြူး ဆွတ်ခူးပန်ဆင်စေနိုင်ကြမည်ဖြစ်၏။

မဟာဂန္ဓာရီ ယောဂီသည် မဂ်ဖိုလ်နိဗ္ဗာန်လမ်းကို ရည်မှန်းလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်မြန်းနိုင်မည့် နည်းလမ်းစပေါ်လာနိုင်ပါသည်၊ လောကီလမ်းကို ရည်မှန်းခဲ့ပါလျှင် လူနတ်ချမ်းသာကို ရနိုင်ပါမည်၊ လူဝိဇ္ဇာဓိုရ် နတ်ဝိဇ္ဇာဓိုရ် ထိုထိုသောလောကီချမ်းသာတို့ကိုလည်း ရည်မှန်းချက်အတိုင်း ဇွဲ သတ္တိလုံ့လဝီရိယရှိသူတို့အဘို့ ရစေနိုင်မည်ဖြစ်ပါသည်။

ယခုလို ဆိုတ်ကပ်ခေတ်ထဲမှာ ကြုံတောင့်ကြုံခဲ ကောင်းမွန်မြင့်မြတ်လှတဲ့ ရတနာစစ် အမြုတေရသာနှစ်တို့ကို တွေ့မြင်ကြားသိ ထိတွေ့နေကြရန် အလွန် လိုအပ်လျက် ရှိပါသည်၊ ကောင်းကင်လက်လှမ်း ဖွေစုစမ်းသည့်ပမာ တည်ရာမရှိ မှီရာမသိနိုင်တဲ့ ထွင်လုံး ဆင်လုံး လမ်းအမိုက်တို့ကို အရမ်း အလိုက်မမှားစေရန် သတိတမန် ဉာဏ်မြေကတုတ် ပညာစွမ်းကို ချွန်းနှယ်အုပ်ပြီး မိမိတို့၏ အဆင်ခြင်ဉာဏ်ကို အမြင်မှန်ရ၍ အံဝင်ဂွင်ကျဖြစ်အောင်လည်း တိုင်းထွာ နှိုင်းဆတတ်ကြဘို့လည်း

လိုအပ်လှ၏၊ တဖက်စွန်းရောက်မည့် နည်းလမ်းသစ် အညစ်အစုတ် အကြံယုတ်များကိုလည်း သတိကြီးကြီးထားရှိကာ ရှောင်ရှားကြရပေမည်။

နေသို့ရှေးရှု ပွင့်လေ့ရှိသော သူရိယာဝဋ္ဋပန်းကဲ့သို့ သန္တိသုခဓာတ်အစစ် အနှစ်အပြည့်အဝ ကေန်ကေရှိသော ဝိမုတ္တိဉာဏဒဿနပန်းကို ဆင်မြန်းမိဘို့ လိုအပ်လှ၏၊ ဝိမုတ္တိဉာဏဒဿနပန်းသည် နိဗ္ဗာန်သို့သာ ရှေးရှု ပွင့်လေ့ရှိသည်၊ ထိုဝိမုတ္တိဉာဏဒဿန မဟာပန်းမြတ်ကို သဒ္ဓါအထပ်ထပ် လွှမ်း၍ ဆင်မြန်းပန်ဆင်နိုင်ကြပါစေဟု ဆုမွန်ကောင်းကို တောင်းလိုက်ရပေသည်။

ယခုအချိန်အခါ အသက်တမ်းပင် တိုတောင်းစေကာမူ မဟာဓနေ ပေါများကြဘို့အတွက် အသက်ကို ပမာမထားကြဘဲ အစားဆင်းရဲ အသွားဆင်းရဲ အနေဆင်းရဲစွာနှင့်ပင် ခရီးပြင်းထွက်ကြကာ ချမ်းသာသုခတို့ကို မရမနေ ရှာဖွေနေကြသူတွေ အလွန်များပြားလှသည်ကိုမူ ဤစာရှုသူ ရှင်လူရဟန်းများ သိရှိကြပြီးဖြစ်ပါ၍ အထူးရေးသားတင်ပြနေဘို့ မလိုတော့ပါ၊ အမှန်တရားကိုတွေ့ရ၍ ကြိုးစားအားထုတ်ပါက ကေန်အမှန်ပင် အကျိုးတရား ခံစားရမည်ပင်။

ဤ သစ္စာကာရ မဟာဗျူဟာကျမ်း၌ ပတ္တမြားမှန်ကူ သယမ္ဘူထွတ်ထား ဗုဒ္ဓရှင်တော်မြတ်ဘုရားအား မိမိ၏ဇာတာကို မြှင့်ရန်အတွက် မဟာဇာတာတော် ရွှေသက်န်းကပ်လှူရန် နည်းလမ်းများ, ဇာတာတော် ရတနာဒီပံ ဆီးမီးကပ်လှူရန် နည်းလမ်းများကိုလည်း အမြွက်မျှ ဖော်ပြလိုက်ပါသည်။

## သဗ္ဗသိဒ္ဓိ ဗုဒ္ဓဂုဏ်တော်စက်မြတ်









## သဗ္ဗသိဒ္ဓိ ဗုဒ္ဓဇာတာတော်စက် မြတ်



ဗုဒ္ဓ မြတ်စွာ အောင်စကြာ ဇာတာတော်စက်ပေါ်ထွက်ပြီ

(အထက်ပါပုံ၌ ဝဲဘက်မီးတိုင်တွင် အထက်ဆုံး ၆-ဂဏန်းအောက်ရှိ သာကို ဿာ-ဟု ပြင်ဖတ်ပါ။)

## သဗ္ဗသိဒ္ဓိ ဗုဒ္ဓဂုဏ်တော်စက်မြတ်နှင့် သဗ္ဗသိဒ္ဓိဗုဒ္ဓဇာတာတော်စက်မြတ်

ဤ ဗုဒ္ဓဂုဏ်တော်စက်၊ ဗုဒ္ဓဇာတာတော်စက်များသည် "သဗ္ဗသိဒ္ဓိ"အလုံးစုံ ကြံစည်သမျှ ခဏချက်ခြင်း ပြီးစီးအောင်မြင်စေနိုင်ခြင်း၊ "သဗ္ဗိစ္ဆိတ"အလုံးစုံ လိုအင်ဆန္ဒ တခဏနှင့် ပြည့်စုံစေနိုင်ခြင်း၊ "သဗ္ဗလဒ္ဓိ" အလုံးစုံသော ဘုန်းတန်းခိုးတို့ကို တစတစ တိုးတက်စေနိုင်ခြင်းစသော အနန္တဂုဏ်အပေါင်းတို့၏ စုဝေးစည်းရုံးရာဖြစ်သည့်အပြင် သိဒ္ဓိဘုရင်ဆိုရလောက်အောင် ဂုဏ်မြောက်လှပါသည်။

အဘိဓမ္မာခုနစ်ကျမ်းတို့တွင် အခက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကို ဗုဒ္ဓ၏ သဗ္ဗညုတရွှေဉာဏ်တော် သုံးသပ်ကွန့်မြူးရသောအခါ ဉာဏ်တော်သိဒ္ဓိ အပြည့်အဝ ရှင်လန်းကာရှိဘိသကဲ့သို့ ကျွန်ုပ်တို့သည်လည်း အတုလ ဗုဒ္ဓအဆူဆူ ပူဇော်ကြရာ၌ "သဗ္ဗသိဒ္ဓိ" ဗုဒ္ဓဂုဏ်တော်စက်မြတ်နှင့် "သဗ္ဗသိဒ္ဓိ" ဗုဒ္ဓဇာတာတော် စက်မြတ်တို့ကို ညွှတ်ရှိုးကြည်နူး ထူးထူးမြတ်မြတ် အထပ်ထပ် ပူဇော်ကြရသောအခါ ဖရဏာပီတိ ဂွမ်းဆီထိသွင် အကြည်ဓာတ်ဝင်သည်မှာ ဤမြေပြင်ကိုပင် မမြင်မသိ မထိသည့်အလား အကြည်ညိုဓာတ် များလှပါတော့၏။

ရှိန်း-ဆာယာ-အဟန့်-စည်းတားအကာ-ခေ-လာဘ-ယသ-သိဒ္ဓိ စရှိများစွာ လောကီနယ်ပယ် ချမ်းသာအမျိုးမျိုးတို့ကို အကျိုးပေးရုံမျှသာမက မိမိဘဝ၏ အဆင့်အတန်းနှင့် အမြင့်စခန်း မြော်မှန်းတိုင်း ပေါက်ရောက်နိုင်စွမ်း ရှိသည်ကိုလည်း

ဤသစ္စာကာရမဟာဗျူဟာကျမ်း ဗုဒ္ဓဝင်အကျဉ်းတွင် မာရ်နတ်ရန်ကို အောင်မြင်မှု၌ ရှုကြည့်သော် သိနိုင်ကောင်းပါပြီ၊ အသုံးပြုပုံ အသုံးပြုနည်းနှင့် အာနိသင်တို့ကို သစ္စာကာရ မဟာဗျူဟာ ဒုတိယတွဲ ထွက်ပေါ်လာသည့်အခါ စောင့်မျှော်ရှုစားကြပါကုန်။

## ဉာဏ်ပညာထက်မြက်ပြန့်ပြောစေရန် နည်းလမ်း

ကျောင်းသူ ကျောင်းသားလေးများ အတွက် (အဘို့) ဉာဏ်ပညာထက်မြက်စေရန် အလိုရှိသော်——

၁။ ဝိပဿိ သမ္မာသမ္ဗုဒ္ဓဿ ဉာဏဝိပ္ဖါရ တေဇ ဂုဏာသမ္ပန္နံ မေတ္တာသမံ သီသဂ္ဂေ မေ နိစ္စံ ဌာတု။

၂။ ဝိပဿိ သမ္မာသမ္ဗုဒ္ဓဿ ဉာဏဝိပ္ဖါရ တေဇ ဂုဏာသမ္ပန္နံ မေတ္တာသမံ ဟဒယာဗ္ဘေ မေ နိစ္စံ ဌာတု။

ဤသို့ သက်စေ့ရွတ်ပေးရမည် ရွတ်၍ပင့်ထားကြပါ။

**၁—မြန်မာလိုပင့်ရန်။** ။ဝိပဿိ အမည်တော်ရှိသော မြတ်စွာဘုရား၏ ဉာဏ်တော်ပြန့်ပြောသော တန်းခိုးတော်ဂုဏ်နှင့် ပြည့်စုံတော်မူသော မေတ္တာတော်တည်းဟူသော ဆေးသည် ဘုရားတပည့်တော်၏ မြတ်သောဦးခေါင်းရတနာထက်၌ အမြဲတစေ ကိန်းဝပ် တန့်နား တည်နေတော်မူပါစေသတည်း။

၂—ဝိပဿိ အမည်တော်ရှိသော (ပ) ဆေးသည် ဘုရားတပည့်တော်၏ နူးညံ့သန့်ရှင်း နှလုံးသား၏အတွင်း၌ အမြဲတစေ ကိန်းဝပ် တန့်နား တည်နေတော်မူပါစေသတည်း။

ဤကဲ့သို့ ပင့်ထားသော ကျောင်းသူကျောင်းသား တိုင်းပြည်၏ အညွန့်အဖူးကလေးများမှာ—

၁။ ဘုန်းသက် ကံသက် ပညာဉာဏ်ရောင်သက် တိုးတက်စေနိုင်ခြင်း၊

၂။ အဆင်းအရောင် တောက်ပြောင်ဝင်းလက် နှစ်သက်စဖွယ် တင့်တယ်လှပစေနိုင်ခြင်း၊

၃။ ကိုယ်ကျန်းမာ စိတ်ချမ်းသာကြလျက် တသက်သက်ချမ်းသာအရပ်ရပ် မပြတ်တိုးတက်စေနိုင်ခြင်း၊

၄။ လက်ရုံးရည် နှလုံးရည်ခေါ် ကာယဗလ ဉာဏဗလ တိုးတက်ပွါးစေနိုင်ခြင်း—

အကျိုးတို့ကို အမှန်မသွေ ရရှိခံစားနိုင်လေသည်။

**မိမိအတွက် ဗုဒ္ဓမေတ္တာတော်ဆေးကို**
**ဦးခေါင်းပေါ်၌ ပင့်ထားကြရန်**

၁။ ဝိပဿိသမ္မာသမ္ဗုဒ္ဓဿ သိရိပဝရတေဇဂုဏာသမ္ပန္နံ
မေတ္တောသဓံ သီသဂ္ဂေ မေ နိစ္စံ ဌာတု။

သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဝိပဿီအမည်တော်ရှိသော မြတ်စွာဘုရား၏ အသရေဓာတ် မြတ်သော တန်းခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မေတ္တာတော်တည်းဟူသော ဆေးသည် အကျွန်ုပ်၏ ဦးခေါင်းရတနာ မြတ်အင်္ဂါထက်၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

## မိမိအတွက် ဗုဒ္ဓတန်းခိုးတော်ဆေးကို ဦးခေါင်းထက်၌ ပင့်ထားကြရန်

၂။ ဝိပဿိ သမ္မာသမ္ဗုဒ္ဓဿ သဗ္ဗသိဒ္ဓိသုခါဝဟံ တေ-
ဇောသမံ သီသဂ္ဂေ မေ နိစ္စံ ဌာတု။

သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဝိပဿီအမည်တော်ရှိသော မြတ်စွာဘုရား၏ အလုံးစုံသောသိဒ္ဓိကို ပြီးစေနိုင်၍ ချမ်းသာဘောင်သို့ပို့ဆောင်နိုင်သော တန်းခိုးတော်တည်းဟူသောဆေးသည် အကျွန်ုပ်၏ ဦးခေါင်းရတနာ မြတ်အင်္ဂါထက်၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

အညွှန်း။ ။သီသဂ္ဂေ-ပုဒ်နေရာမှာ ဟဒယဂ္ဂေ-ပုဒ်ကိုလဲလှယ်ပြီး ရွတ်ပေးရန်သာ လို၏။ မေ-ပုဒ်နေရာမှာ တေ-ပုဒ်ကို လဲလှယ်ပါ။ ဟဒယဂ္ဂေ၊ နှုးညွှံသန့်ရှင်း နှလုံးသား၏အတွင်း၌ဟူ၍ အနက်ဖြည့်ပါလေ။ တေ၊ မွေးသမိခင် ကျေးဇူးရှင်၏ (မွေးသဖခင် ကျေးဇူးရှင်၏) (ဆရာသခင် ကျေးဇူးရှင်၏)စသည် လဲလှယ်ပြီး-ထည့်သွင်း ရွတ်ပေးဘို့ရန် ညွှန်ပြပါသည်။ ကိုယ့်ချစ်သူအတွက် ရည်ညွှန်းပြီး ဆုတောင်းပေးနိုင်ပါသည်၊တန်ဘိုးထိုက်လှသော ဆုတောင်းနည်းဖြစ်ပါ၍ ကိုယ်တွေ့ဖြစ်အောင် စမ်းသပ်ပွါးများ ဆုတောင်းကြည့်ကြပါ။

## ဗုဒ္ဓမေတ္တာတော်ဆေးကို မိဘများ၏ ဦးခေါင်းထက်၌ပင့်ကာ ဆုတောင်းပေးရန်

၃။ ဝိပဿိ သမ္မာသမ္ဗုဒ္ဓဿ သိရိပဝရတေဇဂုဏာသမ္ပန္နံ
မေတ္တာသမံ သီသဂ္ဂေ တေ နိစ္စံ ဌာတု။

သစ္စာလေးပါး။ပ။ ဆေးသည် မွေးသဖခင်ကျေးဇူးရှင်၏ (မွေးသမိခင် ကျေးဇူးရှင်၏၊ ဆရာသခင် ကျေးဇူးရှင်၏) ဦးခေါင်းရတနာ မြတ်အင်္ဂါထက်၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း-စသည် လဲ လှယ်၍ ထည့်သွင်း ရွတ်ဆို ဆုတောင်းကြကာ ကျေးဇူး ဆပ်နိုင်ပါသည်။

ဤကျေးဇူးဆပ်နည်းသည် အလွန်မွန်မြတ်၍ တန်းခိုးအနှ ရှိလှပါသည်။ မိမိတို့၏ ဘုန်းညွန့် ကံညွန့် ပညာဉာဏ်ရောင် အညွန့်တို့သည် ကမ္ဘာပေါ်တွင် တလွန်လွန် တလူလူ တိုးတက် ဖွံ့ဖြိုးလိုသူတိုင်း နှုတ်မရှိ စေတနာမတွန့်ကြပါဘဲ အမြဲ ရွတ်ဆိုကာ ဆုတောင်းကြပါက ဤဘဝမှာပင် ဘုန်းရှင် ကံရှင် ဖြစ်နိုင်ပါသည်။

## ဗုဒ္ဓတန်းခိုးတော်ဆေးကို မိဘများ၏ ဦးခေါင်းထက်၌ပင့်ကာ ဆုတောင်းပေးရန်

၄။ ဝိပဿိ သမ္မာသမ္ဗုဒ္ဓဿ သဗ္ဗသိဒ္ဓိသုခါဝဟံ တေ-
ဇောသဓံ သီသဂ္ဂေ တေ နိစ္စံ ဌာတု။

သစ္စာလေးပါး။ပ။ မြတ်စွာဘုရား၏ အလုံးစုံသော သိဒ္ဓိ ချမ်းသာကို ဆောင်တတ်သော တန်းခိုးတော်တည်းဟူသော ဆေးသည် သားကိုမြတ်နိုးတတ်သောမိခင်၏ သားကို စောင့် ရှောက်တတ်သော ဖခင်၏ ဦးခေါင်းရတနာ မြတ်အင်္ဂါထက် ၌။ပ။သတည်း။

ဤသို့ ဆုတောင်း၍ ကျေးဇူးဆပ်ခြင်းသည် မွန်မြတ် သန့်ရှင်းလှသော ကျေးဇူး ပေးဆပ်ခြင်းဖြစ်၍ နှစ်နှစ် သက်

သက် မြတ်မြတ်နိုးနိုး အားကြိုးမာန်တက် လက်နက်ကောင်း ကြီးတခုပမာ အားကိုးသမှုပြုကာ ရွတ်ဖတ် ဆုတောင်းကြ ပါကုန်၊ ရွတ်ဖတ်ဆုတောင်း များလာလျှင် အမှန်ပင် အကျိုး ခံစားကြရပါလိမ့်မည်။

## အနန္တဝိဇယ သမ္ဗုဒ္ဓ ဂါထာကျော်ဖြင့် ရှိခိုး သစ္စာပြု ဆုတောင်း

အာယုဝဍ္ဍန ဆေးထူးဆေးမြတ်တို့ကို မှီဝဲရသကဲ့သို့ ဘုန်း သက် ကံသက် ပညာဉာဏ်ရောင်အသက် တိုးတက်စေနိုင်သော အနန္တ ဝိဇယ သမ္ဗုဒ္ဓ အာယုဝဍ္ဍန ဂါထာကျော်များဖြင့် ဆုတောင်းဆုယူ ပြုလုပ်ကြပါကုန်၊ အမှန် အကျိုးပေးပါ လိမ့်မည်။

၁။ ဇိနော အဘိဇ္ဇကာယောပိ၊ နတ္ထိ လောဟိတသူစနံ။
တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေ တံ လောကနာယကံ။

တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဍနံ၊ ဟောတု မေ တေဇဝဍ္ဍနံ။

ငါးမာရ်အောင်မြင် ဘုရားရှင်သည် မပျက်မစီးနိုင်သော ကိုယ်တော်ရှိသည်လည်း ဖြစ်၏၊ သွေးတော်ယိုထွက်ခြင်းသည် လည်း မရှိ၊ ထိုစကားသည်လျှင် ဟုတ်မှန်တိုင်းဆိုသောစကား တော်တည်း။ လူနတ်ဗြဟ္မာအပေါင်းတို့ကို နိဗ္ဗာန်သို့ ပို့ဆောင် တော်မူတတ်သော ထိုမြတ်စွာဘုရားကို အကျွန်ုပ်သည် ရှိခိုး ပါ၏။

ထို ဟုတ်မှန်တိုင်းဆိုသော သစ္စာစကားကြောင့်၎င်း၊ ထို ရှိခိုးပူဇော်ရသော ကုသိုလ်ကောင်းမှု စေတနာစုကြောင့်၎င်း၊

အကျွန်ုပ်အား အောင်မြင်ခြင်းမင်္ဂလာသည်၎င်း၊ ရုပ်သက်နာမ်သက် မပျက်ကွန့်မြူး တိုးပွါးခြင်းသည်၎င်း၊ ဘုန်းကံအမျိုးမျိုး တိုးပွါးခြင်းသည်၎င်း စင်စစ်မသွေ ဖြစ်ပါစေသတည်း။ (သတ္တိရှိရှိနှင့်ကြိုးစားရွတ်၍ ဆုပန်ဆင်ကြပါကုန်။)

ပြည့်ဝန်ထမ်းများ အားထားအပ်သော ဂါထာတော်တည်း။

၂။ တိဏ္ဌေယျ နန္တဝဿမ္ပိ၊ ဇယုဿဝေါ သမာပန္နော။
တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေ တံ လောကနာယကံ။

တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ ဉာဏဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

စစ်သည်များပြား မာရ်ငါးပါးတို့ကို ဖယ်ရှားသုတ်သင် အောင်ပွဲဆင်လျက် ရှိတော်မူသော မြတ်စွာဘုရားသည် သမာပတ်အကျော် ဝင်စားတော်မူ၍ စမွယ်တော်မူသည် ရှိသော် အဆုံးမရှိသော နှစ်ကာလပတ်လုံးလည်း တည်တော်မူရာ၏၊ ထိုစကားသည်သာလျှင် မှန်တိုင်းဆိုသော စကားတော်တည်း၊ လူသုံးပါးအပေါင်းကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ထိုမြတ်စွာဘုရားကို အကျွန်ုပ်သည် ရှိခိုးပါ၏။

ထို ဟုတ်မှန်တိုင်းဆိုသော သစ္စာစကားကြောင့်၎င်း၊ ထို ရှိခိုးခြင်း ကုသိုလ်စေတနာစုကြောင့်၎င်း၊ အကျွန်ုပ်အား အောင်မြင်ခြင်း မင်္ဂလာသည်၎င်း၊ ဉာဏ်ပညာ အမျိုးမျိုး တိုးပွါးခြင်းသည်၎င်း၊ ချမ်းသာအမျိုးမျိုး တိုးပွါးခြင်းသည်၎င်း စင်စစ်မသွေ ဖြစ်ပေါ်ပါစေသတည်း။ (တည်ကြည်သော ယုံကြည်ခြင်းဖြင့် ဇွဲကောင်းကောင်းနှင့် ရွတ်၍ ဆုတောင်းကြပါကုန်။)

၃။ ဗုဒ္ဓါနံ ဇီဝိတဿ သဗ္ဗညုတညာဏဿ မဟာလာဘဿ
န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊

တဒေဝ ဝစနံ သစ္စံ၊ ဝဇ္ဇေ တံ လောကနာယကံ။
တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ ကိတ္တိဝဍ္ဎနံ၊ ဟောတု မေ လာဘဝဍ္ဎနံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ ဉာဏဝဍ္ဎနံ။

ဝိပဿီအစရှိတော်မူသော ဘုရားရှင် ခုနစ်ဆူ အပေါင်းတို့၏ ရုပ်ဇီဝိတိန္ဒြေတော်အားရင်း၊ နာမ်ဇီဝိတိန္ဒြေတော်အားရင်း၊ သဗ္ဗညုတဉ္ဉာဏ်တော်အားရင်း၊ ကြီးကျယ်မြင့်မြတ်တော်မူလှသော ရတနာလာဘ်တော်အားရင်း တစုံတယောက်သောသူသည် ဆယ်ပါးကုန်သော အန္တရာယ်တို့ကို ပြုလုပ်ခြင်းငှါ မတတ်နိုင်စကောင်းပါ၊ ထိုစကားသည်လျှင် ဟုတ်မှန်တိုင်းဆိုသော စကားတော်တည်း။ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ထိုသုံးလူထွတ်ထား မြတ်စွာဘုရားကို အကျွန်ုပ်သည် ရိုသေမြတ်နိုး ရှိခိုးပါ၏။

ထိုဟုတ်မှန်တိုင်းဆိုသော သစ္စာစကားကြောင့်ရင်း၊ ထိုရှိခိုးခြင်း ကုသိုလ်စေတနာစကြောင့်ရင်း၊ အကျွန်ုပ်အားအောင်မြင်ခြင်းမင်္ဂလာသည်ရင်း၊ ထင်ပေါ်လွန့်စိုး ကျော်စောခြင်းအမျိုးမျိုး တိုးပွါးခြင်းသည်ရင်း၊ သက်ရှိ သက်မဲ့ လာဘ်လာဘ ရတနာအမျိုးမျိုး တိုးတက်ခြင်းသည်ရင်း၊ ရုပ်သက်နာမ်သက် အညွန့် တလွန့်လွန့် တိုးပွါးခြင်းသည်ရင်း၊ ဉာဏ်ရည်ဉာဏ်သွေး တဖြေးဖြေး ဖွံ့ဖြိုး တိုးပွါးခြင်းသည်ရင်း အမှန်မသွေ ဖြစ်ပေါ်ပါစေသတည်း။ (မတုန်မလှုပ်သော ယုံကြည်

ချက်ဖြင့် ကြိုးကြိုးစားစား အားထား၍ ရွတ်ဆို ဆုတောင်းကြပါကုန်၊ အမှန်ပင် အကျိုးခံစားရမည်။)

၄။ ဌပေတွာ ပဉ္စအတ္တာဿ၊ နေကဘာဝေ န ဿာတနံ။
တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေ တံ လောကနာယကံ။

တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ ပုညဝဍ္ဎနံ။

ဟောတု မေ သတိဝဍ္ဎနံ၊ ဟောတု မေ ဂတိဝဍ္ဎနံ။
ဟောတု မေ မိတိဝဍ္ဎနံ၊ ဟောတု မေ ယသဝဍ္ဎနံ။

ငါးကြိမ်မျှသော ဘဝတို့ကို ချန်ထား၍ များစွာသော ဘဝ၌ ရန်သူဒေဝဒတ်၏ သတ်ဖြတ်ရခြင်းသည် မရှိနိုင်ခဲ့ပေ၊ ထိုစကားသည်ပင်လျှင် ဟုတ်မှန်ဘိုင်းဆိုသော စကားတော်တည်း၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ထိုသုံးလူထွတ်ထား မြတ်စွာဘုရားကို အကျွန်ုပ်သည် ရှိသေမြတ်နိုး ရှိခိုးပါ၏။

ထို ဟုတ်မှန်တိုင်းဆိုသော သစ္စာစကားကြောင့်၎င်း၊ ထိုသို့ ရှိသေမြတ်နိုး ရှိခိုးရသော ကုသိုလ်ကောင်းမှုစေတနာစုကြောင့်၎င်း၊ အကျွန်ုပ်အား အောင်မြင်ခြင်းမင်္ဂလာသည်၎င်း၊ အသက်ရှည်ခြင်းသည်၎င်း၊ ကောင်းမှုအမျိုးမျိုး တိုးပွါးခြင်းသည်၎င်း၊ အမှန်သတိတိုးပွါးခြင်းသည်၎င်း၊ တောင့်တသေချာ အလိုရှိအပ်သော သုဂတိတိုးပွါးခြင်းသည်၎င်း၊ မြင့်မြတ်တည်ကြည်မှု တိုးပွါးခြင်းသည်၎င်း၊ သန့်သန့်ရှင်းရှင်း ခပင်းရံရွေ စေ့ရေစေ့ရေ တိုးပွါးခြင်းသည်၎င်း စင်စစ်မသွေ ဖြစ်ပေါ်ပါစေသတည်း။

အမှာ။ ။ဤ ဘဒ္ဒကမ္ဘာမှာ စတုတ္ထမြောက် ပွင့်ပေါ်တော်မူပြီးသော ဂေါတမအနွယ်တော်မှ ပေါက်ဖွားတော်မူလာသော ဂေါတမအမည်တော်ရှိသော မြတ်စွာဘုရားသာသနာနောက်ပိုင်း၌ နှစ်ဆယ်(၂၀)ရာစုနှစ်ပိုင်းတွင် သတိချွတ်ယွင်းသူတွေ ကတိမတည်ကြည်သူတွေ စိတ်ဓာတ်ခံ့ရှည်တည်ကြည်ခြင်းမရှိသူတွေ အခြေအရံကောင်း မရှိသူတွေ ရောဂါပြောထူ ချူချာသူတွေ ကောင်းမှုကုသိုလ် ခေါင်းပါးသူတွေ ကြံစည်သမျှ လုပ်ကိုင်သမျှ ဆောင်ရွက်သမျှ အောင်မြင်မှုမရရှိသူတွေ ဤ အနန္တ ဝိဇယ သမ္ဗသိဒ္ဓိ ဂါထာတော် အကျော်အမော်တို့ကို အချိန်မကုန်စေဘဲ အမြဲရွတ်ပေးကြပါက ကျေးဇူးခံစားရမည်မှာ သေချာလှပါသည်။

**ဝတ္ထုတ္တယသိဒ္ဓိကျော်ဂါထာဖြင့် သစ္စာပြု ဆုတောင်း**

ထို့ပြင် ဝတ္ထုတ္တယသိဒ္ဓိကျော် ဂါထာတော်ဖြင့် သိဒ္ဓိအမျိုးမျိုး တိုးပွါးစေကြောင်း သစ္စာပြု ဆုတောင်းကြရန် ဖြစ်သည်။

၅။ ဗုဒ္ဓေါ ဓမ္မော မဟာသိဒ္ဓိ၊ သိဒ္ဓိ သံဃော မဟုတ္တရော။
တေန သစ္စေန တေဇေန၊ ဟောတု မေ သိဒ္ဓိဝဍ္ဎနံ။

မြတ်ကုန်သော ရတနာတို့ထက် မြတ်တော်မူကုန်သော ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင် ရဟန္တာတို့သည် လောကီလောကုတ် မယုတ်အကျိုး သိဒ္ဓိအမျိုးမျိုးကို ပြီးစေနိုင်ကုန်၏၊ မြတ်ကုန်သော ရတနာတို့ထက် မြတ်တော်မူကုန်သော တရားရတနာတို့သည် အလုံးစုံသော ကောင်းကျိုး သိဒ္ဓိအမျိုးမျိုးကို ပြီးစေနိုင်ကုန်၏၊ မြတ်ကုန်သော ရတနာတို့ထက် မြတ်တော်မူကုန်သော အရိယာသံဃာ

ပရမတ္ထသံဃာတော်တို့သည် အလုံးစုံသော ကောင်းကျိုးသိဒ္ဓိ အမျိုးမျိုးတို့ကို ပြီးစေနိုင်ကုန်၏။

ထိုသို့ မှန်ကန်သော သစ္စာစကားကြောင့် ထိုသို့ မှန်ကန်သော တန်းခိုးတော်ကြောင့် အကျွန်ုပ်အား သိဒ္ဓိအမျိုးမျိုး တိုးပွါးခြင်းသည် မယွင်းမသွေ ဖြစ်ပါစေသတည်း။

**အမှာ။** ။ဤလောကနေသူ လူထဲကလူတို့သည် ဘယ်ပညာ ဘယ်အတတ် ဘယ်ကိစ္စ ဘယ်အလုပ် ဘယ်ခရီး ဘယ်လမ်း ဘယ်စည်းစိမ် ဘယ်ချမ်းသာ စသည်များစွာ အမျိုးမျိုး အဖုံဖုံ အ၁၀၀ ဆောင်ရွက်စရာ လုပ်ကိုင်စရာ ရှိရှိ သမျှတို့ကို တစမကျန် ပြီးစီးအောင်မြင်စေရန်ကား ကိုယ်ကျင့် တရားရှိရန်နှင့် ဇွဲလုံ့လရှိမှု ရဲရင့်မှု တည်ကြည်မှု ဖြောင့်မှန်မှု နှုတ်ချိုသာယာ ကောင်းမွန်စွာဆိုမှု ရိုသေကိုင်းရှိုင်းမှုတို့နှင့် ပြည့်စုံဘို့ လိုအပ်လှပေသည်။

## ကြီးပွါးကြောင်း လက္ခဏာ

ဆိုလိုရင်းကတော့ အောက်ပါ ကြီးပွါးကြောင်း သိဒ္ဓိ လက္ခဏာနှင့် ပြည့်စုံရမည်။

၁။ ကိုယ်ကျင့်တရား ရှိရမည်။

၂။ ဖြောင့်မတ်တည်ကြည် မှန်ကန်ရမည်။

၃။ ရိုသေကိုင်းရှိုင်းမှု ရှိရမည်။

၄။ နှုတ်ချိုသာ၍ ပြေပြစ်သောစကား ရှိရမည်။

၅။ ထကြွလုံ့လ ရှိရမည်။

၆။ မျှတသော စေတနာနှင့် ကိုယ်တွေ့လုပ်ကိုင် ပြသနိုင်ရမည်။

၇။ သည်းခံခြင်းဂုဏ်ထူး ရှိရမည်။

ဤ လက္ခဏာများနှင့် ပြည့်စုံရမည်ဟု ဆိုလိုပေသည်။

အထူးကား ဤ လက္ခဏာနှင့် ပြည့်စုံရှိသာ မကဘဲ ဝတ္ထုတ္တယသိဒ္ဓိကျော် ဂါထာတော်ကို အမြဲရွတ်ပေးမည် ဆိုပါက 'စင်စစ်ဟုတ်ရာ မဟုတ်ရာကို ယုတ္တာယုတ္တိ လေးပါးညှိ၍, တစိမမှား ကျင့်ရစ်ညားက ငါ့သား ငါ့နယ် နိုင်ငံကျယ်လိမ့် ဆိုတဲ့အတိုင်း ကမ္ဘာမှာ ထင်ရှားစေနိုင်တဲ့ သိဒ္ဓိရှင်တဦး ဖြစ်နိုင်ပေလိမ့်မည်။ သို့ဖြစ်၍ ဘုန်းကံ တင့်တယ်လာလေလေ ကိုယ်ကျင့်တရားမြင့်အောင် အားထုတ်ရလေလေပင်ဂျ။

'နှလုံးသားဖြူစင် လူရာဝင်၏' ဆိုသကဲ့သို့ ဗမာ့သားကောင်း ရတနာ သမီးကောင်းရတနာ ဖြစ်ကြတဲ့ တေဇလူငယ် ရှေ့ဆောင်လူငယ် လမ်းစဉ်လူငယ် မောင်မယ်တို့သည် မိမိဘဝ လှသည်ထက် လှအောင် ဆောင်ရွက်သွားနိုင်ရန်သာ ဖြစ်ပေသတည်း။

ဤ သစ္စာကာရမဟာဗျူဟာကျမ်းကို လူငယ် လူရွယ်ပိုင်းကိုသာ ရည်ရွယ်သည် မဟုတ်ပါ၊ လူတန်းစားမရွေး အလွှာအသီးသီး မခွဲခြားမကန့်သတ်ပါ၊ အမိမြန်မာနိုင်ငံတော်ကြီးကို အားထားခိုမှီးနေကြကုန်သော လူ့အဆင့်အတန်း မှီသူတိုင်း ရွတ်ဖတ်သရဇ္ဈာယ်နိုင်ကြပါစေရန် ရည်သန်ပြီးပါမှ စေတနာအပြည့်ဖြင့် ရေးသားခြင်းသာ ဖြစ်ပါ၍ မေတ္တာစသော ဗြဟ္မစိုရ်တရား ရှေ့ထားပွါးများကြကာ "သစ္စာကာရမဟာ

ဗျူဟာ” ခင်းလျက် ကပ်သုံးပါးတို့ကို တိုက်ဖျက်ချေမှုန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပေသတည်း။

## မိဘအား ဆုတောင်းပြီး ကျေးဇူးဆပ်ရန်

သားချစ် သမီးချစ်များက ဖေဖေ မေမေအတွက်
နေ့စဉ် ဆုတောင်းပြီး ကျေးဇူးဆပ်ကြရန်မှာ—

ဗုဒ္ဓဿ မဟာကရုဏာသမ္မာယောဂံ မေတ္တောသမံ
ဟာဒယန္တေ တေ နိစ္စံ ဌာတု။

ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား၏။ မဟာကရုဏာသမ္မာယောဂံ၊ ကြီးမားမြင့်မြတ်တော်မူလှသော သနားခြင်းနှင့် ကောင်းစွာယှဉ်သော။ မေတ္တောသမံ၊ မေတ္တာတော်တည်း ဟူသော ဆေးသည်။ တေ၊ အနန္တဂုဏ်ထူး ကျေးဇူးများပေ မွေးမေမေ၏။ (ဝါ) မွေးဖေဖေ၏။ ဟာဒယန္တေ၊ နူးညံ့သန့်ရှင်း နှလုံးသား၏ အတွင်း၌။ နိစ္စံ၊ အမြဲတစေ အစဉ်ထာဝရ။ ဌာတု-တိဋ္ဌတု၊ ကိန်းဝပ်တန့်နား တည်နေတော် မူပါစေသတည်း။

ဗုဒ္ဓဿ မဟာကရုဏာသမ္မာယောဂံ မေတ္တောသမံ
သီသဂ္ဂေ တေ နိစ္စံ ဌာတု။

ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား၏။ မဟာကရုဏာသမ္မာယောဂံ၊ ကြီးမား မြင့်မြတ်တော်မူလှသော သနားခြင်းနှင့် ကောင်းစွာယှဉ်သော။ မေတ္တောသမံ၊ မေတ္တာတော်

တည်းဟူသော ဆေးသည်။ တော၊ ကျေးဇူးကြီးလှ မွေးမိဘ၏။ သီသင်္ဂေ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါ၌။ နိစ္စံ၊ အမြဲတစေ အစဉ်ထာဝရ။ ဌာတု-တိဋ္ဌတု၊ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

**အမှာ။** ။အဂ္ဂ–သဒ္ဒါ၏ အစ, အဘို အစု, အစွန် အဖျား, ရှေ့, အမြတ် အနက် တို့တွင် အမြတ်ကို ရည်ရွယ်သည်။ (အာဒိကောဋ္ဌာသ ကောဋ္ဌီသု၊ ပုရတောဂ္ဂံ ဝရေ တိသု။ ပိုဒ်-၈၄၃၊ မျက်နှာ-၃၀၀ အဘိဓာန်နိသျသစ်)။

ဤကဲ့သို့ သားသမီးများက ကျေးဇူးပေးဆပ်ကြခြင်းသည် မိဘများအား ကျေးဇူးပေးဆပ်ခြင်း အပေါင်းတို့တွင် အလွန်မွန်မြတ် သန့်ရှင်းလှသော ပေးဆပ်ခြင်းမျိုးပင် ဖြစ်၏၊ နေ့စဉ် နေ့စဉ် အချိန်ရှိတဲ့ အခါတိုင်း အခါတိုင်း မေမေ ဖေဖေတို့ကို ချစ်မြတ်နိုးတဲ့စိတ်, သနားလှတဲ့စိတ်, ကျွေးမွေးချင်, ယုယချင်တဲ့ စိတ် စေတနာတွေ ဖြစ်ပေါ်လာတိုင်း ရွတ်ဆိုဆုတောင်းပေးကြပါ၊ ကျေးဇူးပေးဆပ်သော သားရတနာ သမီးရတနာတိုင်း အသက်ထင်ရှား တည်ရှိနေသော ဤဘဝ မှာပင်—

၁။ အသက်တမ်း ချမ်းမြေ့သာယာ ရှည်ကြာစေခြင်း၊

၂။ ရှုသူ မြင်သူ ကြည်ဖြူဆင့်ပွါး မေတ္တာများချင်စရာ အဆင်းလက္ခဏာ လှပစေခြင်း၊

၃။ ဆင်းရဲမနှော ချမ်းသာခြင်းသဘော သက်သက်သာ ဖြစ်ပေါ်လာစေခြင်း၊

၄။ ကာယစွမ်းအားဗလ, ဉာဏစွမ်းအားဗလ အကျိုးနှစ်မျိုး ကမ္ဘာမှာ ထင်ရှားအောင် တိုးပွါးလာစေခြင်း—

အကျိုးထူးများကို ရရှိခံစားကြရပေမည်၊ သို့ပါ၍ ဤနည်းကောင်း တရပ်ကို အမြဲမပြတ် ရွတ်ဖတ် ဆုတောင်းပေးကြပါလေ။

## မိဘဘိုးဘွားအတွက် ဆုတောင်း

သားချစ် သမီးချစ် မြေးချစ်များက ဖေဖေ မေမေ ဖိုးဖိုး ဖွားဖွားတို့အတွက် နေ့စဉ်ဆုတောင်း ကျေးဇူးဆပ်ကြရန်မှာ—

ဗုဒ္ဓဿ မဟာကရုဏာ သမ္မာယောဂံ မေတ္တောသဓံ ဟာဒယန္တေ တေ နိစ္စံ ဌာတု။

ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော မြတ်စွာဘုရား၏။ မဟာကရုဏာ-သမ္မာယောဂံ၊ ကြီးမားမြင့်မြတ်တော်မူလှသော သနားခြင်းနှင့် ကောင်းစွာယှဉ်သော။ မေတ္တောသဓံ၊ မေတ္တာတော်တည်းဟူသော ဆေးသည်။ တေ၊ အနန္တဂုဏ်ထူး ကျေးဇူးများပေ "မွေးမေမေ၏"။ (ဝါ) "မွေးဖေဖေ၏"။ ဟာဒယန္တေ၊ နှုးညွှံ့သန့်ရှင်း နှလုံးသား၏အတွင်း၌။ နိစ္စံ၊ အမြဲတစေ အစဉ်ထာဝရ။ ဌာတု-တိဋ္ဌတု၊ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

သားချစ် သမီးချစ် မြေးချစ်ရတနာများက ဝိပဿနာတရား ပွါးများအားထုတ်လျက်ရှိသော ကျေးဇူးရှင် မိခင်ဖွားဖွားအတွက် ဆုတောင်းရန်မှာ—

ဗုဒ္ဓါနံ နိဗ္ဗာနပါပကံ မဂ္ဂဖလညာဏဂ္ဂံ[၁]
မာတုသာ ဉာဏဂ္ဂေ[၂] နိစ္စံ ဌာတု။

ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်သို့ရောက်စေနိုင်သော။ မဂ္ဂဖလညာဏဂ္ဂံ၊ မဂ်ဖိုလ်အမွန် အလွန်မြင့်မြတ်သမာပတ်ဉာဏ်စဉ်ခေတ်သည်။ မာတုသာ၊ အနန္တဂုဏ်ထူးကျေးဇူးများပေ မွေးမေမေ၏။ (ဝါ) မာတုသာ၊ သားကိုမြတ်နိုးအချစ်ဖြိုးပေ မွေးမေမေ၏။ ဉာဏဂ္ဂေ၊ အာရုံငါးဖြာ ပယ်ခွါခြေချ ဉာဏ်စဉ်အဦး အစ၌။ နိစ္စံ၊ အမြဲတစေ အစဉ်သာဝရ။ ဌာတု-တိဋ္ဌတု၊ ကိန်းဝပ် တန့်နား တည်နေတော်မူပါစေသတည်း။

သားချစ် သမီးချစ် မြေးချစ် ရတနာများက ဝိပဿနာတရား ပွါးများအားထုတ်လျက်ရှိသော ကျေးဇူးရှင်ဖခင်ဖိုးဖိုးအတွက် ဆုတောင်းကြရန်မှာ—

ဗုဒ္ဓါနံ နိဗ္ဗာနပါပကံ မဂ္ဂဖလညာဏဂ္ဂံ[၁]
ပိတုသာ ဉာဏဂ္ဂေ[၂] နိစ္စံ ဌာတု။

---

၁။ မဂ္ဂဖလညာဏဂ္ဂံ၌ အဂ္ဂသဒ္ဒါကို အမြတ်ဟောဟု မှတ်၊ လိင်သုံးပါးနှင့် ယှဉ်သည်။

၂။ ဉာဏဂ္ဂေ-၌ အဂ္ဂသဒ္ဒါကို အဦး၊ အစ ဟောဟု မှတ်၊ ပုလ္လိင် ဖြစ်သည်။

အာဒိကောဋ္ဌာသ ကောဋီသု၊ ပုရတောဂ္ဂံ ဝရေ တိသု။
(အဘိဓာန်ဆဋ္ဌမူ နှာ ၁၀၃၊ အနေကတ္ထဝဂ် ပိုဒ် ၈၄၃-ကိုရှု။)

ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ နိဗ္ဗာနပါပကာံ၊ နိဗ္ဗာန်သို့ ရောက်စေနိုင်သော။ မဂ္ဂဖလဉာဏဂ္ဂံ၊ မဂ်ဖိုလ်အမွန် အလွန်မြင့်မြတ်သမာပတ်ဉာဏ်စဉ်ခေတ်သည်။ ပိတုဿ၊ အနန္တဂုဏ်ထူး ကျေးဇူးများပေ မွေးဖေဖေ၏။ (ဝါ)ပိတုဿ၊ သားကိုစောင့်ရှောက် ချမ်းသာမြောက်အောင် ချီးမြှောက်တစေ မွေး ဖေဖေ၏။ ဉာဏဂ္ဂံ၊ အာရုံငါးဖြာ ပယ်ခွါချွေချ ဉာဏ်စဉ်အဦးအထွဋ်။ နိစ္စံ၊ အမြဲတစေ အစဉ်ထာဝရ။ ဌာတု-တိဋ္ဌတု၊ ကိန်းဝပ်တန့်နား တည်နေတော်မူပါစေသတည်း။

## ကျေးဇူးရှင် မိဘနှစ်ပါးအတွက် ဆုတောင်းရန်

သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုရားရှင်ခုနစ်ဆူအပေါင်းတို့၏ အသရေမြတ် မြတ်သောတန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မေတ္တာတော် တည်းဟူသော ဆေးသည် အနန္တဂုဏ်ထူး ကျေးဇူးများပေ “မွေးမေမေ၏”၊ မွေးဖေဖေ၏” နူးညံ့သန့်ရှင်း နှလုံးသား၏ အတွင်း၌ အမြဲတစေ အစဉ်ထာဝရ ကိန်းဝပ်တန့်နား တည် နေတော်မူပါစေသတည်း

သိရိသဟမ္ပတိမထေရ်
ပြဟ္မနိမ္မိတာရုံဆရာတော်
၂၆–၆–၇၅

## ဗုဒ္ဓ၏ သစ္စာလက်နက် ထက်မြက်အစဉ် စွမ်းအင်တရပ်

ဗုဒ္ဓဘာသာဝင် ရှင်လူ ရဟန်းတို့၏ ပြောရိုးပြောစဉ် မှတ်ရိုးမှတ်စဉ်ဖြစ်သော သစ္စာအနက် ၁၆-ချက်ဟူသည် ဒုက္ခသစ္စာ၌ လေးနက်၊ သမုဒယသစ္စာ၌ လေးနက် နိရောဓသစ္စာ၌ လေးနက်၊ မဂ္ဂသစ္စာ၌ လေးနက် ဖြစ်သည်၊ ထိုအနက်တို့တွင်——

ဒုက္ခသစ္စာ၌ သဘာဝအားဖြင့် တနက်၊ သမုဒယ, မဂ္ဂ, နိရောဓသစ္စာတို့မှ ထောက်၍ သုံးနက်၊ ပေါင်း လေးနက်။ ထို့ကြောင့် ဒုက္ခသစ္စာ၌ **သ-မ-နိ-ဟူ၍** ဆိုအပ်၏။

သမုဒယသစ္စာ၌ သဘာဝအားဖြင့် တနက်၊ ဒုက္ခ,နိရောဓ, မဂ္ဂသစ္စာတို့မှ ထောက်၍ သုံးနက်၊ ပေါင်း လေးနက်။ ထို့ကြောင့် သမုဒယသစ္စာ၌ **ဒု-နိ-မ-ဟူ၍** ဆိုအပ်၏။

နိရောဓသစ္စာ၌ သဘာဝအားဖြင့် တနက်၊ သမုဒယ, မဂ္ဂ, ဒုက္ခသစ္စာတို့မှ ထောက်၍ သုံးနက်၊ ပေါင်း လေးနက်။ ထို့ကြောင့် မဂ္ဂသစ္စာ၌ **သ-မ-ဒု-ဟူ၍** ဆိုအပ်၏။

မဂ္ဂသစ္စာ၌ သဘာဝအားဖြင့် တနက်၊ သမုဒယ, နိရောဓ, ဒုက္ခသစ္စာတို့မှ ထောက်၍ သုံးနက်၊ ပေါင်း လေးနက်။ ထို့ကြောင့် မဂ္ဂသစ္စာ၌ **သ-နိ-ဒု-ဟူ၍** ဆိုအပ်၏။

ထိုသစ္စာအနက် ၁၆-ချက် မှတ်ဘွယ်အကျယ်ကို အဘိဓမ္မာပိဋကတ်ဆိုင်ရာ **သမ္မောဟဝိနောဒနီ ဋီကာ** သမုစ္စည်းပိုင်း အပိုဒ်-၄၆၊ နှာ-၂၉၆ အဆုံးနှင့်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပန်းတောင်းဆရာတော်ဘုရားကြီး၏ **ဝိပဿနာဉာဏတန္တိဋီကာကျမ်း** နှာ ၂၂၇-မှစ၍ ၂၃၂-အထိ ကြည့်ရှုပါ။

ဤသစ္စာလေးပါး၌ တပါးသည် တပါးနှင့် အပြန်အလှန် ထောက်၍ သိအပ်သော အနက်၏တည်ရာ သစ္စာများကို ရေတွက်သော် **သ** မ-နိ၊ ဒု-နိ မ၊ **သ**-မ-ဒု၊ **သ**-နိ-ဒု-ဟူ၍ ၁၂-လုံး ရှိသည်၊ ၎င်း ၁၂-လုံ သော အက္ခရာကို ၁၂-ကွက်အင်း၌ သွတ်သွင်းကာ သစ္စာလေးပါးအင်းဟူ၍ ရှေးပညာရှိဆရာကြီးများ အသုံးပြုကြပေသည်၊ မှန်၏။

၁၂၄၇-ခုနှစ်၊ တန်ခူးလဆန်း ၂-ရက်၊ သောကြာနေ့ နေ့လည် စက်နာရီ ၂-ချက်တီး အချိန်တွင် ဥပါသကာ တယောက်သည် မိမိ၏ ဇနီးနှင့်တကွ ရောက်လာ၍ ယခု အခေါ် ဟင်္သာတခရိုင် မြောက်ပိုင်းနယ်၊ လက်ပံလှကျေးရွာ လက်ပံလှကျောင်း၌ တောရဆောက်တည်၍ သီတင်းသုံး နေတော်မူသော **ဒွါရဝါဒီ အရှင်ဥက္ကံသမာလာ**အား သစ်နက်ရေကို ဆက်ကပ်လှူဒါန်းလေသည်။

၁၂၄၈-ခုနှစ်၊ တန်ခူးလဆန်း ၂-ရက်၊ သောကြာနေ့၌ လည်း ထိုဥပါသကာ ဇနီးမောင်နှံတို့သည်ပင်လျှင် သီလရှင် တပါးနှင့် လာရောက်၍ သစ်နက်သွေး, သစ်နက်ရိုးတို့ကို ဆက်ကပ်လှူဒါန်းကြပြန်သည်။

ဤဒါယကာသည်ပင်လျှင်——

အရှင်ဘုရား၊ အစဥ်အားဖြင့်၊ ထင်ရှားပျော်မွေ့ကာ၊ သတိပြုလိုက်၊ ညှိကာကြိုက်၍၊ ရိယာပိုက် ဆော်ကြွေ့လျက်၊ ညွှော်ငွေ့ကင်းပုန်း၊ သီတင်းသုံးသော၊ ကြည်းရုံးတနက်၊ ဤကုန်းထက်ဝယ်၊ မပျက်မဆုံး၊ တသက်လုံးပင်၊ ဖက်မနွှန်း ညီးပြောင်အောင်၊ မီးမလောင်ပါတတ်၊ ဂါထာမြတ် မန္တန်ကို၊

ကြုံညာဏ်တော် ချိညှိ၍၊ လိုရှိတော်မူလျှင်လည်း၊ လူတွင် ကြွပြောင်၊ တရားဆောင်တဲ့၊ ဘုရားနေ့ာင်တော် ဟောမှတ်၍၊ ဖော်လောက တြိသတ်ဝယ်၊ အရိမဂ်ရပ်ကွက်ဟု၊ ပိဋကတ် မှတ်ချက်မှာ၊ တ-နိပါတ် ဇာတ်ထွက်အောင်၊ ကပ်ဆက်လှူလို ကြောင်းနှင့်၊ လျှောက်တောင်း ပန်ထွာလေသော်ဟု—

ပဋ္ဌမမြောက် ဒွါရဝါဒီ သာသနာပိုင် **အင်္ဂပူ ဆရာတော်ဘုရားကြီး**၏ သစ်နက်ရေ မော်ကွန်းနှင့်အညီ ဤမော်ကွန်း၌ လာရှိသော မိးမလောင်နိုင်သော ဂါထာမန္တန်ကို စုံစမ်းရှာဖွေရာ သိမှီသူဆရာမြတ်များက ထို သစ္စာလေးပါးအင်းကိုပင် ဆက်ကပ် လှူဒါန်းလော ည်ဟု မိန့်တော်မူခဲ့ကြပေသည်။ ထို သစ္စာလေးပါးအင်းသည် စုံစမ်းရှာဖွေသူ၏ သိရှိရသလောက် ဆိုလျှင် အင်းသွားပုံမှာ မြ ်းသွားဖြစ်၍ အထွက်အင်း အဝင် အင်းဟု နှစ်မျိုးရှိသည်၊ ရှင်းလင်းလွယ်ကူစေရန် ပုံစံထုတ်၍ ပြပါအံ့။

အထွက်

| | | | |
|---|---|---|---|
| | ၁၂ | ၅ | |
| ၂ | ၇ | ၄ | ၁၁ |
| ၉ | ၁၀ | ၁ | ၈ |
| | ၃ | ၆ | |

အဝင်

| | | | |
|---|---|---|---|
| | ၁ | ၄ | |
| ၁၁ | ၆ | ၅ | ၂ |
| ၈ | ၃ | ၁၂ | ၉ |
| | ၁၀ | ၇ | |

— သစ္စာလေးပါးအင်း

ရှေးပညာရှိ အင်းဆရာကြီးများသည် ကိုယ်၌ ရောဂါဝေဒနာဥပယောဂစသည်များ တည်ရှိနေပါက အထွက်အင်းများကို သုံး၍ ကိုယ်၌ ကြီးပွါးမှု ချမ်းသာကြွယ်ဝမှု တိုးတက်မှု စသည်များကို အလိုရှိပါက အဝင်အင်းကို သုံးကြလေသည် အားလျော်စွာ ဤ သစ္စာလေးပါးအင်း၌ ညာဏ်စေစား၍သာ သုံးကြရသည်၊ မှန်၏။ သစ္စာလေးပါးတို့မည်သည်မှာ နိဗ္ဗာန်အထိ အကျိုးပေးနိုင်သည်ကို ဗုဒ္ဓဘာသာဝင်တိုင်း သိကြ၏။

သစ္စာလေးပါးကို သိလတ္တံ့သော ပစ္ဆိမဘဝိကသားမှန်ပါက သစ္စာလေးပါးကို မသိသေးသမျှ မရသေးသမျှ ဘယ်အန္တရာယ်နှင့်မှ အသက် မသေနိုင်ပါ၊ သံကိစ္စသာမဏေ၏ အမိဝမ်း၌ရင်း, မွေးဖွားစအရွယ် မီးကျီးစု၌ရင်း အန္တရာယ် မကျရောက်ခြင်းကိုရင်း၊ အရှင်ဗာကုလမထေရ်မြတ်၏ ငါးကြီးဝမ်းမှ ပေါ်ထွက်လာခြင်းကိုရင်း ဤသို့စသည်ဖြင့် ယောက်ဆ၍ သိပါ။

ဤမျှ တန်ခိုးအာနိသင် ထက်လှသော သစ္စာလေးပါးတရား၏ အကျိုးကို ကုန်ဆုံးအောင် မည်သူရေးပြ, ဟောပြနိုင်ပါအံ့နည်း၊ မည်သူမျှ ရေးပြ, ဟောပြနိုင်မည် မဟုတ်ပါ၊ သို့ဖြစ်၍ မိမိတို့၏ ညာဏ်စေစားချက်ဖြင့်သာ အသုံးပြုရာ၏။

ဤနေရာ၌ ဂါထာမန္တန်နှင့် စပ်ယှဉ်လာခဲ့ရာ ရွတ်ဖတ်မှု၊ ပြုပြင်စီရင်မှု စသည်များကို အနည်းငယ် ထည့်သွင်း ဖော်ပြရေးသားပါမည်၊ ၁၁၉၉-ခုနှစ်အထိ ယနံမော် ဆရာတော်ရေးသားသော သီလဝိသောဓနီကျမ်း နှာ-၉၆ ၌ ပရိတ္တံ ကရောထ-ဆိုလျှင် အရံအတားကို ပြုပါ၊ စေရာရောက်သည်၊ မရွတ်အပ်။ ပရိတ္တံ ဘဏာထ ဆိုမှကား အရံအတား ဖြစ်သော

တရားကို ဟောပါ ဟူသောကြောင့် ရှတ်အပ်၏ ဟူသော ဝိနည်းတော်၌ ရှိလေပြီးသည်ဟု လာရှိသည်။

ဤ၌ အရံအတားစကားသည် ပါဠိပျက်စကားဖြင့် အကာအကွယ် အစောင့်အရှောက် ဖြစ်သည်။ ထိုအကာအကွယ် အစောင့်အရှောက်သည် ဂါထာမန္တန်, အင်း, အိုင်, လက်ဖွဲ့ စသည်ဖြင့် အမျိုးမျိုး အစားစားရှိ၏၊ ထို အတတ်ပညာကို တိရစ္ဆာနဝိဇ္ဇာဟု ဆိုကြကာ အချို့ဆရာတော်များက ပစ်ပယ်ကြ၏။ ရဟန်းတော် ဘိက္ခုများနှင့်လည်း ဆက်စပ်သော ဘိက္ခုနီမများအား ပညတ်သောသိက္ခာပုဒ် ၂-ပါးမှာ—

ယာ ပန ဘိက္ခုနီ တိရစ္ဆာနဝိဇ္ဇံ ပရိယာပုဏေယျ၊ ပါစိတ္တိယံ။

ယာ ပန ဘိက္ခုနီ၊ အကြင်ရဟန်းမိန်းမသည်။ တိရစ္ဆာန-ဝိဇ္ဇံ၊ သုဂတိလမ်း နိဗ္ဗာန်လမ်း၏ ကန့်လန့်ဖီလာ ဖြစ်သော အတတ်ကို။ ပရိယာပုဏေယျ၊ သင်ယူအံ့။ တဿာ ဘိက္ခုနိယာ၊ ထို ရဟန်းမိန်းမအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။

ယာ ပန ဘိက္ခုနီ တိရစ္ဆာနဝိဇ္ဇံ ဝါစေယျ၊ ပါစိတ္တိယံ။

ယာ ပန ဘိက္ခုနီ၊ အကြင်ရဟန်းမိန်းမသည်။ တိရစ္ဆာန-ဝိဇ္ဇံ၊ သုဂတိလမ်း နိဗ္ဗာန်လမ်း၏ ကန့်လန့် ဖီလာ ဖြစ်သော အတတ်ကို။ ဝါစေယျ၊ ပို့ချငြားအံ့။ တဿာ ဘိက္ခုနိယာ၊ ထို ရဟန်းမိန်းမအား။ ပါစိတ္တိယံ၊ ပါစိတ် အာပတ်သည်။ ဟောတိ၊ ဖြစ်၏။

ဟူ၍ ဖြစ်သည်။ ထိုသိက္ခာပုဒ် ၂-ခု၏ အဓိပ္ပါယ် ထင်ရှားစိမ့်သောငှါ အရှင်ဇနကာဘိဝံသရေးသားသော ပါတိမောက်ဘာသာဋီကာ သုဒ္ဓပါစိတ် စိတ္တာဂါရဝဂ်၊နှာ ၄၆၃-မှ ထုတ်နုတ်၍ ဖော်ပြပါအံ့။

**နဝမ–ဒသမ။** ။တိရစ္ဆာနသဒ္ဒါသည် "ဖီလာ = ကန့်လန့်" ဟူသော အနက်ကို ဟော၏။ဖီလာကန့်လန့်ဟူသည်လည်း ပိတ်ဆို့ထားခြင်း တားဆီးထားခြင်းတည်း။ သုဂတိလမ်း နိဗ္ဗာန်လမ်းများကို ကန့်လန့် ဖီလာ ပြုလျက် တားဆီးတတ်သော (ထိုအတတ်ကိုတတ်၍ အသုံးချလျှင် မုချ အပါယ် ရောက်ရမည် ဖြစ်သော) အတတ်များကို "တိရစ္ဆာန ဝိဇ္ဇာ"ဟု ခေါ်သည်။ ထို့ကြောင့် အဋ္ဌကထာတို့၌ ပဋိပက္ခဘူတကရံ၊ သုတပါးကို ညှဉ်းပန်းနှိပ်စက်မှုပြုတတ်သော။ ဝိဇ္ဇာ၊ အတတ်ကို ဟု ဖွင့်သည်။

**တိရစ္ဆာနဝိဇ္ဇာများ။** ။ဤသိက္ခာပုဒ်၌လာသော မသင်မချကောင်းသည့် တိရစ္ဆာန ဝိဇ္ဇာများကား ဟတ္ထိသိပ္ပ-ဆင်စီးအတတ်၊ အဿသိပ္ပ-မြင်းစီးအတတ်၊ ရထသိပ္ပ-ရထားစီးအတတ်၊ဓနုသိပ္ပ-လေးပစ်အတတ်၊ထရုသိပ္ပ-(ထရုသဒ္ဒါသည် သန်လျက်စသော ဓားတို့၏အရိုးကို ဟော၏။ ထရုသိပ္ပ-ကို နိဿယ၌ "ဓားဆောက်ချတ်အတတ်"ဟု အနက်ပေး၏။ရန်သူလာလျှင် အလွယ်တကူအသုံးပြုနိုင်ရန် ဓားအိမ်မှ ဓားရိုးချွတ်နည်းပြ အတတ်ဟု ဆိုလိုဟန် တူသည်။ "ဓားရိုးကိုင်နည်းအတတ်"ဟု ဆိုလျှင်လည်း သင့်မည်ထင်၏)။ ဤပြအပ်ခဲ့သောအတတ်များသည် သူတပါးကို သတ်ဖြတ်ညှဉ်းဆဲရာ

စစ်တိုက်သည့်အခါ ရန်ဖြစ်သည့်အခါတို့၌ အသုံးပြုသော အတတ်များတည်းဟု ဖော်ပြထားသည်။

**မန္တန်များ။** ။ထို့ပြင် အာထဗ္ဗနမန္တ=အာထဗ္ဗနဝေဒကျမ်း အဆို အတိုင်း စီရင်အပ်သော သူတပါးကို သတ်ကြောင်း မန္တန်၊ ခိလနမန္တ=ရန်သူသေအောင် သစ်သား နှစ် တံသင်း(စို့)ကို မန်းမှုတ်၍ မြေ၌ စိုက်ရသောမန္တန်၊ ဝသီ ကရဏမန္တ=မိမိအလိုသို့လိုက်ပါအောင် ပြုတတ်သော လက်ဖွဲ့ ပိယဆေး စသည်ကို စီရင်ကြောင်းမန္တန်။ (ဝသီ=မိမိ အလို အတိုင်း "ချစ်စေလိုလျှင် ချစ်ခင်လာအောင်" ကရဏ= ပြုကြောင်းမန္တန်)၊သောသာပနမန္တ=ရန်သူ၏အသွေးအသား ခြောက်ခန်းသွားအောင် အခြောက်တိုက်သေအောင် ပြုသော မန္တန်၊ဤပြခဲ့သော မန္တန်များသည် တိရစ္ဆာနဝိဇ္ဇာများတည်း။

**အလားတူ အတတ်များ။** ။ဤ ပြအပ်ခဲ့ပြီးသော အတတ် ပညာများ အပြင် ဂဒ္ဒပ္ပယောဂ (ဂဒ=အဆိပ်၊ ပယောဂ=ဆေးဖော်စပ်ခြင်း၊ သူတပါးကို အဆိပ်ခပ်၍ သတ်ဘို့ရန် အဆိပ်ဆေး စီရင်နည်း) စသော အတတ်များကို ဤသိက္ခာပုဒ်တို့ဖြင့် တားမြစ် အပ်သော တိရစ္ဆာနဝိဇ္ဇာဟု မှတ်ပါ၊ ဤသို့ သူတပါးကို နှိပ်စက်ကြောင်း အတတ်များကို သင်လည်း မသင်အပ်၊ ချလည်း မချအပ်၊ သင်လျှင် ချလျှင် ဘိက္ခုနီတို့မှာ ပါစိတ်အာပတ်သင့်၍ ဘိက္ခု တို့မှာ ဒုက္ကဋ်အာပတ်ဟု ခုဒ္ဒကဝတ္ထုခန္ဓက မှာ မိန့်တော်မူ၏။

ဆက်ဦးအံ့–ဤဝိနည်း၌ တားမြစ်အပ်သော တိရစ္ဆာန ဝိဇ္ဇာများကို သင်ရို ချရိုမျှ မအပ်၊ ဗြဟ္မဇာလသုတ် မဟာသီလ

ခန်း စသည်တို့၌လာသော သုတပါးကို နှိပ်စက်ကြောင်း မဟုတ်သော တိရစ္ဆာနဝိဇ္ဇာများကား သင်ရုံ ချရုံ တတ်ထား ရုံမျှဖြင့် အပြစ်မရှိပါ၊ ထိုတိရစ္ဆာန ဝိဇ္ဇာများကို သင်ယူ တတ်မြောက်ပြီးနောက် လူတို့ကို ကူညီ ဟောပြောကာ မိစ္ဆာဇီဝ အမှုကို ပြုမှသာ ဝိနည်းအပြစ် သုတ္တန်အပြစ်ရှိသည် ဟု မှတ်ပါ။

ယင်ရှားစေအံ့–ဗြဟ္မဇာလသုတ် မဟာသီလခန်းစသည်၌ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေန ဇီဝိတံ ကပ္ပေန္တိ=တိရစ္ဆာန ဝိဇ္ဇာဖြင့် မိစ္ဆာဇီဝမှုကို ပြုကြသည်ဟု အပြစ်တင်တော်မူသည်၊ တတ်ရုံ သင်ရုံ သင်ခြင်းပို့ချခြင်းကိုကား အပြစ်တင်တော်မမူ။

ထို့ကြောင့် မဟာသီလ၌ နက္ခတ်အတတ်, ဆေးအတတ်, မန္တန်အတတ်, ဂဏန်းသင်္ချာ အတတ်တို့ကို ပြတော်မူသော် လည်း ဝိနည်းဆိုင်ရာဝယ် အာရည်ကာပတ်၌ နက္ခတ်များကို နားလည်စေရမည်ဟုရင်း၊ ဂိလာနပစ္စယ (သူနာပြု) ရဟန်း တို့ ဆေးစပ်တတ်ရမည်ဟုရင်း၊ ဤတိရစ္ဆာနဝိဇ္ဇာ သိက္ခာပုဒ် တို့၏ အနာပတ္တိဝါရ၌ စာရေးအတတ် ဓာရဏကျမ်း ဘီလူး မြွေများကိုတားဆီးကြောင်း မန္တန်များကိုသင်လျှင် အနာပတ္တိ ဟုရင်း မိန့်တော်မူသည်။ (ဓာရဏကျမ်းဟူသည် ထိုကျမ်းကို အစီအရင်အတိုင်းပြုလုပ်က အခြားကျမ်းဂန် အတတ်များကို မှတ်သား ဆောင်ရွက်နိုင်သည်ဟု ဆိုသောကျမ်းတည်း။ ယခု အခါ ပိဋကတ်မှော်များနှင့် တူဟန်ရှိသည်။

**ဂဏန်း။** ။တစ်တလီတစ် စသော ဂဏန်းသင်္ချာကိုပင် တချို့က မချကောင်း မသင်ကောင်းဟု ယူကြသော်လည်း နော ကေ နော၊ နဝဒွေး အသင်္ခဒသ စသော ၉-ကြောင်း

လက်ာများကိုကား ရှေးရှေးဝိနည်းဓိုရ် ဘုန်းတော်ကြီးများပင် သင်ပြ ပို့ချပေးခဲ့ကြပေသည်။ ဆန်းကျမ်းလာ သင်္ချာတို့ကို လည်း အများပင် သင်ယူပို့ချနေကြ၏၊ ပဋ္ဌာန်းသင်္ချာဝါရဠ္ဌိ မူလဋ္ဌကာဆရာသည် သင်္ချာအရာဝယ် တကယ်တတ်ကျွမ်း တော်မူကြောင်း ထင်ရှားပေသည်။

တချို့ဝါဒ။ ။အချို့ကား ပါဠိဘာသာမှတပါး အခြားဘာသာ သာဟူသမျှကို တိရစ္ဆာနဝိဇ္ဇာဟု အထင်မှား ကြ၏၊ သူတို့ ထင်မှားတိုင်းမှန်လျှင် မိမိတို့ မြန်မာဘာသာ (စကား စာပေများ) လည်း ပါဠိဘာသာ မဟုတ်ရကား တိရစ္ဆာနဝိဇ္ဇာတွင် ပါဝင်ရချေ တော့မည်။ စင်စစ်ကား ဤသိက္ခာပုဒ်လာ တိရစ္ဆာနဝိဇ္ဇာသည် ဘာသာစကား စာပေ များမဟုတ်၊ မည်သည့်ဘာသာဖြင့် ဆိုဆို ရေးရေး ဆင် အတတ်စသည်မှန်လျှင် တိရစ္ဆာနဝိဇ္ဇာချည်းပင်တည်း။ ထိုသို့ သူတပါးကို နှိပ်စက်ကြောင်း မဟုတ်သော အကျိုးရှိသော အတတ်မှန်လျှင် ပါဠိ, မြန်မာ, အင်္ဂလိပ်, ဟိန္ဒီ, သက္ကတ စသည် တို့တွင် မည်သည့် ဘာသာဖြင့်ဆိုဆို မည်သည့်အက္ခရာဖြင့် ရေးရေး သင်ကောင်း ချကောင်း တတ်ကောင်းသည်သာ။

ဝမ်းနည်းဘွယ်။ ။ဂဏန်းသင်္ချာ, အင်္ဂလိပ်စာတို့ကို မသင် ကောင်း မချကောင်းဟု ရှေးခုလတ် ဆရာ အချို့၏ ဝါဒကြောင့် ရဟန်းတော်များ၏ လက်အောက်ဝယ် စာသင်မည့်သူ အလွန်နည်းပါးသွားသည်ကို ယခုခေတ်၌ ပြန်၍ အကြွေးဆပ်နေရသည်မှာ ဝမ်းနည်းဘွယ် ကောင်းလှပါသည် ဟူ၍ တိတိကျကျ မိမိ ရရ ရေးသား ဖော်ပြခဲ့ဘူးလေသည်။

သို့ဖြစ်၍ မိစ္ဆာဇီဝမှုမဟုတ်ဘဲ အရှိအတားအစောင့်အရှောက်သာဖြစ်လျှင် အာပတ် (အပြစ်) မသင့်ပါ၊ တတ်သင့်တတ်ထိုက်၍ ပို့ချ သင်ပြမှု ပြုလုပ်ကောင်းပါသည်၊ ဤသမ္မာသတိ (ကောင်းသော အောက်မေ့ခြင်း နှလုံးသွင်းခြင်း) ဖြင့် သစ္စာလေးပါးအင်းကို ရှေးဆရာမြတ်ကြီးများ အပြစ်မမြင်ဘဲ အသုံးပြုခဲ့ကြသည်ကို တွေ့ဘူး မြင်ဘူးပါသည်၊ ထို့ကြောင့် ဖော်ပြခဲ့ပြီးသော သစ္စာလေးပါးအင်းကို ယုံကြည်စွာ အသုံးပြုအပ်ပေသည်။

## သစ္စာ အမျိုးမျိုး

ဤ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂဟူသော လေးပါးကို **အရိယသစ္စာ**ဟု ခေါ်၏၊ နိဗ္ဗာန်ကို **ပရမတ္ထသစ္စာ** ဟု ခေါ်၏၊ မုသား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းကို **ဝိရတိသစ္စာ**ဟု ခေါ်၏၊ အမှန်အတိုင်း နှုတ်ဖြင့်ဆိုသောစကားကို **ဝစီသစ္စာ**ဟု **ခေါ်၏**၊ ပရိတ်ကြီးပါဠိတော်၌ ဧတေန သစ္စေန အရ သစ္စာကား ဝစီသစ္စာပင် ဖြစ်၏။

## သစ္စာဟူက အမှန်ဆိုခြင်းသာ

ဤသစ္စာသည် သဘာဝဓမ္မတခုဖြစ်သောကြောင့် အမှန်ကိုဆိုခြင်းသာ ပဓာနဖြစ်၍ ကောင်းသောအရာ အချက်အလက်ကိုဆိုမှ မဟုတ်ဘဲ အဖြစ်အပျက် အမှန်ဖြစ်ပါက မကောင်းသော အရာကိုပင် ဆိုသော်လည်း တန်းခိုးအစွမ်းရှိပါသည်။

ကဏှာဒီပါယနဇာတ်၌ မဏ္ဍဗျသူကြွယ် ဇနီးမောင်နှံတို့သည် ကဏှာဒီပါယန ရသေ့ထံသို့ အဖူးအမြော် ရောက်ကြစဉ် တွင်း ထဲသို့ ဂျင်နိုက်ယူသော ယညဒတ္တမည်သောသားကလေး မြွေ ကိုက်ခံရ၍ သစ္စာဆိုကြ၏။ ရသေ့က ငါသည် ရသေ့အကျင့်၌ ခုနစ်ရက်မျှသာ ပျော်မွေ့ခဲ့၏။ သည်နောက် အနှစ်ငါးဆယ် ကျော်မျှမပျော်မွေ့ဘဲ ကျင့်နေရသည်၊ဤသစ္စာကြောင့် ယည- ဒတ္တ ချမ်းသာပါစေ၊ အဆိပ်ကျကာ အသက်ရှင်ပါစေဟု ဆို၏၊ အဆိပ်သည် ရင်သားအထိ ကျဆင်းခဲ့၏၊ထိုနောက် ကလေး၏ ဖခင်က ငါသည် ပေးလှူမှုကို မနှစ်သက်၊ သူများကဲ့ရဲ့မည် ကြောင့် မပေးလိုဘဲ ပေးလှူနေရသည်၊ ဤသစ္စာစကား ကြောင့် အဆိပ်ကျပါစေ ဟု ဆို၏။ အဆိပ်ကား ခါးအထိ ကျဆင်းခဲ့၏၊ ထိုနောက် မိခင်က ငါသည် ချစ်သားကို ရန်မူ သောမြွေနှင့် သင်ချစ်သား၏ ဖခင်အပေါ်၌ မချစ်သည်မှာ အတူတူပင်၊ ဤသစ္စာကြောင့် အဆိပ်ကျပါစေ ဟု ဆို၏၊ ထိုအခါ အဆိပ်မှာ လုံးဝကင်းသွားခဲ့၏။

ထိုနည်းတူစွာ မိဘနှစ်ပါး၏ သစ္စာတန်းခိုး နတ်သမီး၏ သစ္စာတန်းခိုးတို့ကြောင့် အလောင်းတော် သုဝဏ္ဏသာမမှာ အဆိပ်ပြေကာ မြားဒဏ်ရာအနာပင် မထင်ဘဲ ပကတိအတိုင်း ကျန်းမာချမ်းသာခဲ့ရခြင်း, ငုံးမင်း၏ သစ္စာတန်းခိုးကြောင့် မီးကင်းသွားခဲ့ရခြင်း, အင်္ဂုလိမာလ မထေရ်၏ သစ္စာတန်းခိုး ကြောင့် မိခင်မှာ ကျန်းမာခြင်းပြည့်စုံလျက် ကိုယ်ဝန်လွယ်ကူ စွာ မွေးဖွားနိုင်ခဲ့ခြင်း စသည်တို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ ဂုဏ် တော်၊ ဗုဒ္ဓမြတ်စွာ၏ တရားတော်မြတ်ပါး၏ ဂုဏ်တော်၊ ဗုဒ္ဓမြတ်စွာ၏ တပည့်သား သာဝက အရိယာ သံဃာတော်၏ ..

ကိုးပါးသော ဂုဏ်တော်တို့မှာ စင်စစ်ကေန် မှန်သောအချက်ဖြစ်၍ ထို အချက် အလက်တို့ဖြင့်သာ သစ္စာပြုခြင်းမှာ အန္တရာယ်ကင်း၍ ချမ်းသာခြင်းစသော အကျိုး မပြီးစေဘဲ မရှိနိုင်ရာ ကေန် ပြီးပြည့်စုံနိုင်ရာသတည်း။

**အရှင်သုတေသက ထေရ်**

သာသနာ့ဘဝသစ် ကျမ်းပြု ဆရာတော်

သုတေသီကျောင်း အလယ်တောရတိုက်

ဘောင်ဒရီလမ်း၊ ရန်ကုန်မြို့။

၃၀-၆-၇၅။

# နိဂုံး ဆုတောင်း

ငါတလုံးထုတ် ငါဟုသမုတ်အပ်သော ငါသည် ထိုဤယခု ပြုစုရင့်သန် ကောင်းမှုကံကြောင့် ဤဘဝမှ အစပြု၍ ဘဝတိုင်း ဘဝတိုင်း သဗ္ဗညုတ ဉာဏ်တော်၏ ကြောင်းဟိတ်ပကတူ ထောက်ကူပစ္စည်း သုံးနည်းစရိယ စာဂငါးရပ် သူပ,ပရမတ် သုံးရပ်ဆယ်လီ အမျှသုံးဆယ်အညီ ပါရမီတို့ကို လွယ်လင့်ဆွတ်ခူး ဆည်းပူးဖြည့်ကျင့်၍ ဘုရားအဆူဆူ သယမ္ဘူတို့၏ အထံ၌ မြဲမြံခတ်နှိပ် နိယတဗျာဒိတ် အသဒိသတံဆိပ် အဘိသိက်ပေး မြွက်ကြွေး ဆတ်ဆတ် ရအပ်သော ဘုရားဗျာဒိတ် ရှိသည်ဖြစ်၍သာလျှင် ပညာဓိက ဉာဏပုဗ္ဗင်္ဂမ ဝိဇ္ဇာဗလဖြစ်တော်မူသော ဘုရားသည် ဖြစ်ရပါလိုသောဝ်။

ငါတလုံးထုတ် ငါဟုသမုတ်အပ်သော ငါသည် ဘဝတိုင်း ဘဝတိုင်း ချမ်းသာကင်းကွယ် အပါယ်ဘုံတို့၌ရင်း၊ မိတ်တု မိတ်ယုတ် မိတ်စစ်မဟုတ် မိတ္တပတိရူပ် စက်ဆုပ်အံ့ဟူ ရန်သူ မိတ်ဆွေ အပေါင်းတို့နှင့် သောင်းပြောင်းမသွေ တူနေပေါင်းသင်း ရောပြွမ်းခြင်း ရှိသည်၏ အဖြစ်တို့၌ရင်း၊ လူသာမည အစရှိသော အဖြစ်၌ရင်း၊ ကိုယ်နှုတ်နှလုံး ဆုံးမသွန်သင် ယဉ်ကျေးခြင်း မရှိကုန်သောသူတို့၏ အဖြစ်၌ရင်း၊ ဘုရားအစ ရှိကုန်သော မုနိထိုထိုတို့ ပြစ်ဆိုရှုတ်ချခံရသသူ မသူတော်တို့၏ အဖြစ်၌ရင်း တရံတဆစ်မျှ မဖြစ်ရပါလိုသောဝ်။

ငါတလုံးထုတ် ငါဟုသမုတ်အပ်သော ငါသည် ဘဝတိုင်း ဘဝတိုင်း တရာ့တပါး အမျိုးသားတို့၏ ဦးဖျားညွှတ်ရိုက် ရိုသေခြင်းငှါ ခံယူထိုက်သော မြတ်သော အမျိုးတို့၌ ဥက္ကဋ္ဌ တိဟိတ် ပဋိသန္ဓေစိတ်အားဖြင့်ရင်း၊ တိဟိတ်ဥက္ကဋ္ဌ ယောကျ်ား မြတ် ပုဂ္ဂိုလ်ထူးသည်ရင်း၊ မိစ္ဆာကင်းကွာ သမ္မာဉာဏ်အသိ

ရှိသောသူ၏ အဖြစ်သည်ရင်း၊ အလီနစိတ္တ တက်ကြွစွန့်စွန့် လွှန့်လွှန့်ကဲကဲ ကွန့်ကွန့်ဝဲလျက် ဝံ့ရဲသောစိတ်ရှိခြင်းသည်ရင်း၊ ရတနာသုံး အမြတ်ဆုံး၌ နှလုံးရိုကျိုး ကွန့်ကွန့်ဖြိုးလျက် မြတ်နိုးကြည်ညိုခြင်းရှိသည်ရင်း ကေန်စင်စစ် ဖြစ်ရပါလိုသော်။

ငါတလုံးထုတ် ငါဟုသမုတ်အပ်သော ငါသည် ဘဝတိုင်း ဘဝတိုင်း ဉာဏသမ္ပတ္တိ, အာယုသမ္ပတ္တိ, ဗလသမ္ပတ္တိ, ဝဏ္ဏသမ္ပတ္တိ, ဣဒ္ဓိသမ္ပတ္တိ, သဒ္ဓါသမ္ပတ္တိ, သီလသမ္ပတ္တိ, ကာယစိတ္တသုခသမ္ပတ္တိ, စျာနသမ္ပတ္တိ, ဓနသမ္ပတ္တိ, စာဂသမ္ပတ္တိတို့နှင့် မလပ်ကုံလုံ ပြည့်စုံခြင်းသည်ရင်း၊ သူ၏ ကျေးဇူးကို အထူးသိတတ်ခြင်းသည်ရင်း ကေန်မလွဲ အမြဲဖြစ်ရပါလိုသော်။

ငါတလုံးထုတ် ငါဟုသမုတ်အပ်သော ငါသည် ဘဝတိုင်း ဘဝတိုင်း တရုတ်ပါး အမျိုးသားတို့၏ စကားဘာသာ အက္ခရာအရေးအသားတို့ကိုရင်း၊ လုံးစုံပိုင်းခြား အတတ်များတို့ကိုရင်း၊ သူတပါးတို့ သင်ကြားမဆို အလိုလိုသာလျှင် အထူးအချွန် အလွန်အကဲအားဖြင့် ပိုင်းခြားတိတိ သိမြင်နိုင်ခြင်းသည်ရင်း၊ ရွှရွှတွတ်တွတ် ရွတ်ဆိုပြောဆို နိုင်ခြင်းသည်ရင်း၊ လှပပီပြင် လျင်စွာမနှေး ရေးသားနိုင်ခြင်းသည်ရင်း၊ တကြိမ် တရံ ကြုံကာမျှဖြင့် ကိစ္စပြီးမြောက် အောင်မြင်လောက်အောင် တတ်မြောက်ဆောင်ရွက်နိုင်ခြင်းသည်ရင်း ကေန်စင်စစ် ဖြစ်ရပါလိုသော်။

ဤတွင် သစ္စာကာရ မဟာဗျူဟာကျမ်း ပထမတွဲ ပြီး၏။

**သိရီသဟာမ္ပတိမထေရ်**

ပြဟ္မနိမ္မိတာရုံ ကျောင်းတိုက်

ရန်ကုန်မြို့။

ပ-မ-သ-စ—၆၆၂—၂-၁၀-၇၉—၃၀၀၀။ (၁)

## မြဟ္မနိမ္မိတာရုံဆရာတော်

အရှင် သီရိသဟမ္မတိမထေရ်

ရေးသားပြုစုသည့် ကျမ်းများ

၁။ ရတနာပိတိကျမ်း

၂။ သစ္စာကာရမဟာဗျူဟာကျမ်း

၃။ အတုလမုနိရာဇောဝါဒကျမ်း (ပြုစုဆဲ)

---

## ဤကျမ်းစာအုပ် ရနိုင်သောဌာန

ပြဟ္မနိမ္မိတာရုံကျောင်း

အမှတ် ၂၀၊ ဝင်ဒါမီယာလမ်း၊ ရန်ကုန်မြို့။

---

ဒေါ်တင်ထွေးယဉ်

သီရိရတနာပိဋကတ်ဆိုင်

အမှတ် ၅၀၊ ရွှေတိဂုံဘုရားကြီး တောင်ဘက်ဈေးရုံတော်

ရန်ကုန်မြို့။